


2000

# စစ်ကိုင်း ဦးဘိုးသင်း

# ေမဲကျွန်

[ ၁၉၅၄ ခု စာပေဗိမာန်ဆုရဝတ္ထု ]

[ စတုတ္ထအကြိမ် ]

"....ကျွန်ုပ် ရေးသော ဝတ္ထုများမှာ အများအားဖြင့် ခေတ်ပြင် ဝတ္ထုတို့သာ ဖြစ်နေ၍...."

[ စစ်ကိုင် ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၊ စာ(၅၁၄).... မှ။]

"မြန်မာ ကာလီဒါသ အဖြစ် ထင်ရှားသော ပညာရှိ ငမဲကျွန်အကြောင်း ဝတ္ထု။ .... ပညာရှိတို့ ကျင့်ဖွယ်၊ အတုယူဖွယ်၊ ရှောင်ဖွယ်များ အများအပြား ပါ၏။ တရားစီရင်ထုံးများနှင့် ပုံပြင်များလည်း ပါဝင်သည်။"

[ မလိခ၏ မြန်မာစာပေ အဘိဓာန်(၁)၊ စာ (၂၇၆).... မှ။]

"စစ်ကိုင်း ဦးဘိုးသင်း၏ ဝတ္ထုများသည် လူတို့၏ အဖြစ်အပျက် (သမိုင်းနောက်ခံနှင့် လက်ရှိ လူမှုဘဝ နောက်ခံများ)၊ လူတို့၏ စရိုက်အထွေထွေနှင့် ဆန်းကြယ်ထူးခြားသော အတွေးစိတ်ကူးများကြောင့် .... ထင်ရှားခဲ့(သည်)။ ...."

[ လေးကိုတင်၏ 'စစ်ကိုင်းဦးဘိုးသင်း'၊ ရောဝတီရုပ်ပုံလွှာ။
ရန်ံသစ်(စက်တင်ဘာ ၂၀၀၉)။ စာ(၉၈).... မှ။]

# စစ်ကိုင်း ဦးဘိုးသင်း [ ၁၈၉၀–၁၉၇၃ ]

သရက်ခရိုင် မင်းတုန်းမြို့ မြို့သစ်ကုန်းရပ် အရှေ့ပိုင်း တံတားဦးထိပ် အိမ်၌ အဖ ပရမတ်ဆရာ ဦးဘိုးသာ(ပိန်းတန်းဖိနပ်ထောင် ဆရာ)၊ အမိ ဒေါ်ရွှေဆိတ်တို့က ၁၈၉၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက် ကြာသပတေးနေ့ နံနက်(၄)နာရီတွင် မွေးဖွားသည်။ မွေးချင်း သုံးယောက်တွင် ဒုတိယမြောက် သားဖြစ်၍ အမည်ရင်း ဦးဘိုးသင်း ဖြစ်၏။

ခုနစ်နှစ်သားတွင် ပေပင်ကျောင်း ခေါ် ဘုန်းကြီးကျောင်း၌ ပထမတန်း ဝင်ရောက်ဖြေဆိုရာ ပထမရပြီး ပညာအုပ်၏ ဆုငွေ ၃ ကျပ် ရသည်။ ထိုကျောင်းတွင် အတန်းတိုင်း၌ ထူးချွန်စွာ အောင်မြင်ပြီး သတ္တမတန်း၌ သရက်မြို့နယ်မှာ ပထမစွဲခဲ့သည်။ ထို့နောက် မန္တလေး ဆရာ အတတ်သင် နော်မန်ကျောင်းတွင် ပညာဆည်းပူးရာ ဆရာဖြစ်သင် အောင်ခဲ့သည်။

ခုနစ်တန်း အောင်ပြီးသည်မှ ကိုရင်ဝတ်သည်အထိ ပေပင်ကျောင်းတွင် ပထမတန်းမှ စတုတ္ထတန်းအထိ စာသင်ပေးသည်။ ဆရာဖြစ် အောင်ပြီးနောက် မြစ်ကြီးနားမြို့ မြန်မာ–အင်္ဂလိပ်နှစ်ဘာသာသင်ကျောင်းတွင် ကျောင်းဆရာအဖြစ် စတင် အမှုထမ်းသည်။ ဗန်းမော်တွင် ကျောင်းဆရာ၊ ခေတ္တပညာအုပ်၊ တစ်ဖန် ကျောင်းဆရာလုပ်ရာမှ နုတ်ထွက်ခဲ့ပြီးနောက် ရန်ကုန် ကူးသန်းရောင်းဝယ်ရေးသတင်းစာ လက်ထောက်အယ်ဒီတာ လုပ်ပြန်သည်။ ထိုစဉ် ပညာမင်းကြီးက ခေါ်ယူပြီး မကွေးမြို့၌ ကျောင်းဆရာအဖြစ် ခန့်ထားသည်။ ထိုမှ တောင်သာ 'အေ'နယ် ဒုတိယပညာအုပ် ဖြစ်လာသည်။ ထိုစဉ်ပင် 'ပညာမဏ္ဍိုင်' သတင်းစာကို တစ်လ တစ်ကြိမ် ဦးစီးထုတ်သည်။ တောင်သာ၊ စစ်ကိုင်း၊ မော်လိုက်၊ ထားဝယ်တို့တွင် ခေတ္တပညာအုပ် လုပ်ခဲ့သည်။ မလွတ်လပ်ဟု ယူ၍ အလုပ်ထွက်ပြီး စာရေးဆရာဘဝသို့ ကူးပြန်သည်။ တစ်ဖန် မြစ်ကြီးနား ပညာအုပ်အဖြစ် ဂျပန်ဝင်စထိ အမှုထမ်းပြီးနောက် အငြိမ်းစားယူခဲ့သည်။

နော်မန်ကျောင်း ဒုတိယနှစ်တွင်ပင် တစ်ပဲ၊ ခြောက်ပြားတန် ဇာတ်စာအုပ်များ စတင်ရေးသည်။ မန္တလေးတိုင်း သတင်းစာသို့ သတင်းရေးပို့သည်။ ကျောင်းဆရာ ဖြစ်လာသောအခါ သူရိယ၊ ကူးသန်းရောင်းဝယ်ရေး စသည့် သတင်းစာများတွင် လည်းကောင်း၊ သူရိယ၊ ပညာအလင်း စသည့် မဂ္ဂဇင်းများတွင် လည်းကောင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသည်။ 'မိန်းမတို့အတွက်'၊ 'ယောကျ်ားတို့အတွက်'၊ 'ကျောင်းသားတို့အတွက်' စာအုပ်များကို သူရိယတိုက်မှ ထုတ်ခဲ့သည်။ 'သားသမီးများ ကြီးပွားရေးလက်စွဲကျမ်း' ကို ပြုစုသည်။ ကျောင်းသားများအတွက် 'မင်္ဂလသုတ်အကျယ်ကျမ်း'၊ 'လောကသာရ အဖြေ'၊ 'စိန္တကျော်သူ အဖြေ'၊ 'ကျည်းကန်ကိုရင်ကြီး မေတ္တာစာအဖြေ'၊ 'ဘလ္လာတိယပျို့အဖြေ'၊ 'မူလတန်းသဒ္ဒါ'၊ 'မြန်မာသဒ္ဒါ ပထမတွဲ၊ ဒုတိယတွဲ' ရေးခဲ့သည်။ ကျောင်းသုံး ပြဋ္ဌာန်းအဖြစ် တိုင်းရင်းသားဘာသာ ကျောင်းများအတွက် 'ကိုးသိန်းမောင်'၊ 'ဦးအောင်စေရ'၊ 'စလေမင်းခွေး'၊ အင်္ဂလိပ်ကျောင်းများအတွက် 'ခရီးသည်ကြီး'၊ 'ခေတ်သစ်မောင်'၊ အမျိုးသားကျောင်းများအတွက် 'တို့တိုင်းပြည်'တို့ကို ရေးသည်။ 'ပင်လယ်ပျော် သီသီ'၊ 'တို့ပြည်'၊ 'ဖာတစ်လုံး ခေါင်းကျား' တို့မှာ ကျောင်းစာကြည့်တိုက်သုံး ဖြစ်လာသည်။ ဝတ္ထုနှင့် ကျမ်းစာအုပ် ၉၀ ကျော်နှင့် မထုတ်ဖြစ်ခဲ့သည့် စာအုပ် ၂၀ ကျော် ပြုစုခဲ့သည်။ ထုတ်ဝေပြီး စာအုပ်များအနက် **ဖာတစ်လုံး ခေါင်းကျား**(၁၉၃၈)သည် အစောပိုင်း ထင်ရှားသော ဝတ္ထုဖြစ်သည်။ ရုပ်ရှင်အဖြစ်ပါ အောင်မြင်ခဲ့သည်။ **မေကျွန်**ဝတ္ထုသည် ၁၉၅၄ ခု စာပေဗိမာန်ဆု ရရှိသည်။ **သူ့အမြင်နှင့် သူ့အတွေး** (၁၀–တွဲ)[၁၉၆၅–၆၆]သည် သိမှတ်ဖွယ်ရာ၊ ဆင်ခြင်စဉ်းစားဖွယ်ရာ အများ ပါဝင်သောကြောင့် တစ်မူထူးခြားသည်။ **စစ်ကိုင်းဦးဘိုးသင်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ** (၁၉၇၉)သည်ကား မိမိ၏ ပျော်ကွက်၊ ညံ့ကွက်များကို ပွင့်လင်းရိုးသားစွာ တင်ပြထားသည့် အတ္ထုပ္ပတ္တိထူးပင် ဖြစ်သည်။ 'ရွှေချိုးဖြူ' ကလောင်ခွဲကိုလည်း အသုံးပြုသည်။ ၁၀ ဒီဇင်ဘာ ၁၉၇၃ တွင် ကွယ်လွန်သည်။

ရာပြည့်စာအုပ် ၂၉၁

စစ်ကိုင်း ဦးဘိုးသင်း

# ငမဲကျွန်

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁- ၇၁၀၁၀၃(ဆိုင်)

စာမူ ခွင့်ပြုချက်အမှတ် [၅၀၁ ၁၀၀ ၀၈ ၀၉]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၀၁ ၂၂၆ ၀၉ ၀၉]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၅၄) သွေးသောက်တိုက်
ဒုတိယအကြိမ် – (၁၉၆၄) စန္ဒာဝင်းစာအုပ်တိုက်
တတိယအကြိမ် – (၁၉၇၀) စန္ဒာဝင်းစာအုပ်တိုက်
စတုတ္ထအကြိမ် – (၂၀၀၉) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၅၀၀]

(အောက်တိုဘာ ၂၀၀၉)

❑

ထုတ်ဝေသူနှင့် ပုံနှိပ်သူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁] နှင့် ရာပြည့်အော့ဖ်ဆက် [၀၅၉၀၁]၊
၂၄၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်

အေဇက်

❑

မျက်နှာဖုံး ပန်းချီ

လင်းဝဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး

၂၀၀၀ ကျပ်

"ထုတ်ဝေသည့်စာအုပ် ကက်တလောက် အညွှန်း" (CIP)

၈၉၅ . ၈၃

ဘိုးသင်း၊ ဦး၊ စစ်ကိုင်း
ငမဲကျွန် / စစ်ကိုင်းဦးဘိုးသင်း။
– ရန်ကုန်၊
ရာပြည့်စာပေ၊ ၄– ကြိမ်၊ ၂၀၀၉။
၂၄၄ စာ၊ ၁၃ x ၂၀ . ၇ စင်တီ။
(၁) ငမဲကျွန်

# မာတိကာ


| | | |
|---|---|---|
| - | စာရေးသူ၏ နိဒါန်း | ၉ |
| | ငမဲကျွန်ဝတ္ထု၏ အချီး | ၁၁ |
| ၁။ | ဒိသာပါမောက္ခ ဆရာကြီးနှင့် ငမဲ | ၁၃ |
| ၂။ | ပညာရှိ စာတတ်ကို အလိုရှိသော သူဌေးကြီး | ၂၄ |
| | - သူခိုးတရားထုံး | ၂၈ |
| | - မေထုန်သူခိုး | ၃၂ |
| | - မေထုန်လုယက်မှု (၁) | ၃၄ |
| | - မေထုန်လုယက်မှု (၂) | ၃၆ |
| | - မောင်မဲနှင့် မယ်ကျေးဥ | ၃၉ |
| ၃။ | မောင်မဲနှင့် ပရဗိုဇ်မ မနုစာရီ | ၄၂ |
| ၄။ | ပညာရှိတို့၏ အကြီးအမှူး | ၅၉ |
| | - သူဌေးသား | ၆၂ |
| | - ငမဲကျွန်နှင့် ပြည့်ရှင်မင်း | ၇၃ |
| | - ရွှေ နှင့် သံ | ၇၆ |
| | - သူဌေးသားနှင့် အဆိပ် | ၈၀ |
| | - မယားကြီး၊ မယားငယ် အမွေမှု | ၈၇ |
| | - မင်းရွှေမြနှင့် လှထိပ်ပန်း | ၉၁ |
| | - ယုတ်မာမှု | ၁၀၁ |
| | - ငမဲကျွန် ထွက်ပြေးရခြင်း | ၁၁၅ |
| | - အိမ်ထောင် နှင်းအပ်ရေးတရား | ၁၄၀ |
| | - အကြွေးပေးလိုမှု တရား | ၁၄၅ |
| | - အခွန်တော်ပေးလိုမှု တရား | ၁၄၆ |

- နိုးမှုး ကျော်စွာနှင့် သူဌေး ဦးချမ်းသာ ၁၄၉
- လင်လုတရား ၁၅၄
- ရွှေခဲနှင့် စောဖုံးနွယ် ၁၆၀
- မေကျွန် တရားစီရင်ခြင်း ၁၈၄

၅။ စုန်း၊ ကဝေ၊ တစ္ဆေ အတတ်တို့နှင့် ပညာရှိကို
သတ်သော ပညာများ ၁၈၈
- စုန်း၊ ကဝေ၊ တစ္ဆေ၊ ဘုတ် သရဲသဘက်၊ ဖုတ်တို့ ပြဿနာ ၁၈၈
- ပညာရှိကို သတ်သော ပညာရှင် ၁၉၆
- ကာမဂုဏ်နှင့် ပတ်သက်က တရားရှင် ရှိသလော ၂၀၁
- မည်သို့သောသူ၌ ပညိန္ဒြေဓာတ် (ပညာအကြည်ဓာတ်)
သည် ကိန်းအောင်းနိုင်သနည်း ၂၀၇
- ဇမ္ဗူဒိပ်၌ ဘုရားပွင့်တော်မူမည်ဟု
ကြွေးကြော်နေသည့်အတိုင်း မှန်မည်လော ၂၀၉
- လှုပ်ရှားသော ကြာဖူး ၂၁၃
- ရေကန် လည်ခြင်း ၂၁၆
- မင်းကြီးနှင့် ဝိဇ္ဇာ ၂၁၉
- လှူဝံမနှင့် မင်းသား ၂၂၈

၆။ ပညာရှိနှင့် ပြည့်တန်ဆာမများ ၂၃၄

# စာရေးသူ၏ နိဒါန်း

ငမဲကျွန် ဝတ္ထုတော်ကြီးသည် မြန်မာပြည်၌ အလွန် ကျော်ကြားခဲ့၍ ရှေးအလွန်ကျသော တော်သုံးဝတ္ထုကြီးဖြစ်သဖြင့် ရှေးရှေးပညာရှိကြီးတို့၏ လက်သုံးဖြစ်လျက်၊ မြန်မာကာလီဒါသ ဟုပင် ပုဂံခေတ်၌ ခေါ်ဆိုကြဟန် ရှိချေပြီ။

ဤဝတ္ထုသည် မဇ္ဈိမဒေသ၌ ဂေါတမ မြတ်စွာဘုရားသခင် ပွင့်တော်မမူမီ ရှေးကျသောခေတ်ကပင် ပေါ်ပေါက်လာဟန် ရှိပေသည်။ ထိုဝတ္ထုသည် မြန်မာတို့၏ ကျိုးကြောင်းပြ ထွန်းကားသောခေတ်က ပေါ်ပေါက်လာသဖြင့် ပညာရှိ ဖြစ်လိုသူများအတွက် မှတ်သားဖွယ်၊ အတုယူဖွယ်၊ ကျင့်ဆောင်ဖွယ်တို့ မြောက်မြားစွာ ပါရှိ၍ သရေခေတ္တရာမတိုင်မီ သုနာပရန္တတိုင်းကြီး ကောင်းစားစဉ်အခါ ယခုခေတ်၌ စကု၊ လယ်ကိုင်းတို့ တည်ရာဒေသ ဖြစ်သော ခရိုင်အတွင်းရှိ တက္ကသိုလ်ဗိမာန်ခေတ်ကြီးက အကြောင်းပြသည့် ဝတ္ထုဟောင်းကြီး ဖြစ်လေသည်။

ထိုဝတ္ထုဟောင်းကြီးသည် ဖာတစ်လုံးခေါင်းကျားစသော ဝတ္ထုဟောင်းများကဲ့သို့ မြန်မာပြည် အလယ်ပိုင်းက ပေါ်ပေါက်လာရှိပေသည်။ ကျွန်ုပ်တို့သည် ၁၃ နှစ် အရွယ်က သတ္တမတန်းကို အောင်မြင်ပြီး၍ စာကြည့်ဝါသနာကို ပါသည့်အလျောက် စာတိုပေစများကို ရှာဖွေဖတ်ကြည့်သောအခါ မင်းတုန်းမြို့ ပေပင်ကျောင်း စာတိုက်ဟောင်းတစ်ခုတွင် ခြစားလျက်ရှိသည့် ပေတိုပေစများ၌ ငမဲကျွန် ဝတ္ထုကြီးကို ဖတ်ဖူးခဲ့သော်လည်း စာပေလိုက်စားသော အရွယ်သို့ ရောက်သောအခါ ထိုဝတ္ထုသည် ပြည့်ပြည့်စုံစုံ စက်တင်ပုံရိုက်၍ မပေါ်မထွက်သည်သာမက ငမဲကျွန် ဝတ္ထုတော်ကြီးကို တိမ်မြုပ်စေလျက် ထိုဝတ္ထုပါ ပုံတိုပတ်စ အချို့တို့ကိုပင် အိန္ဒိယ ကာလီဒါသ ဝတ္ထုတွင် ထည့်သွင်း၍ မြန်မာကာလီဒါသလည်း မဟုတ်၊ အိန္ဒိယ ကာလီဒါသ ဝတ္ထုလည်း မဟုတ်ဘဲ စာပြောဆရာတို့ အလေးပြုကာ ပြောဆိုနေသည်ကို ကြားခဲ့ရလေသည်။

**ရာပြည့်စာအုပ်တိုက်**

ယခုခေတ်မှာကား မြန်မာတိုင်းရင်းသားတို့သည် သခင်ဂုဏ်အင်္ဂါနှင့် အညီ စာပေလိုက်စားလာကြ၍ အချို့က အမြင်ကျယ်ပြီးလျှင် ပညာရှိကြီးအဖြစ်ဖြင့် ခေတ်ကို တန်ဆာဆင်လိုကြသောကြောင့် မြန်မာ ကာလီဒါသခေါ် ငမဲကျွန် ဝတ္ထုတော်ကြီးကို ခေတ်၏ တောက်ပခြင်း၊ လူမျိုး၏ ကောင်းစားခြင်းတို့နှင့် လျော်ညီလေအောင် ပြုပြင်ဖန်တီးရေးသားရန် ကျွန်ုပ်၏ တပည့်ပေါင်းများစွာ တို့က တောင်းပန်ကြသည့်အားလျော်စွာ အင်္ဂလိပ်များ မြန်မာပြည်ကြီးက ထွက်မပြေးမီ ကလေးတွင် ပေါ်ရာဇာစကားတို့ကို ကင်းနိုင်သမျှ ကင်းအောင် ကြိုးစား၍ ငမဲကျွန် ဝတ္ထုတော်ကြီးကို ရေးလိုက်ပါသည်။

# ငမဲကျွန် ဝတ္ထု၏ အချီး

ငမဲကျွန် ဝတ္ထုကို ဖတ်နာလိုသော သုတေသီအပေါင်းတို့က မည်သည့်စာအုပ်ဆိုင်မှာမျှ ရှာ၍မရသောကြောင့် ထပ်မံပုံနှိပ်ရန် တောင်းဆိုကြသည်မှာ သုံးနှစ်ကျော်ကျော်ပင် ရှိခဲ့ပါပြီ။ ကျွန်ုပ်သည်လည်း သွေးသောက်က ရိုက်မည်လားဟု စောင့်စားလာခဲ့သည်မှာ နှစ်နှစ် ကျော်လွန်လာခဲ့ပေပြီ။ ထို့ကြောင့် စန္ဒာဝင်း ပုံနှိပ်နှင့် စာအုပ်ဖြန့်ချိရေးမှ ပုံနှိပ်ရန် ပြောကြားလိုက်ပါသည်။

ထိုသို့ ပုံရိုက်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ် စာဖတ်ပရိသတ်အား သိစေလိုသည်မှာ ဤသို့ပင် ဖြစ်ပါသည်။

ငမဲကျွန် ဝတ္ထုကို မည်သည့် နိုင်ငံခြားစာပေမှ ကျွန်ုပ် ဘာသာပြန်၍ ရေးခြင်း မဟုတ်။ တစ်စုံတစ်ခုသော ပေမူ၊ ပုရပိုက်မူကို ပြင်ဆင် တည်းဖြတ်၍ ရေးခြင်းလည်း မဟုတ်။ ကျွန်ုပ် ငယ်စဉ်တောင်ကျေးတွင် ကျွန်ုပ်၏အဖေနှင့် အရီးသည် ကျွန်ုပ်အား ပုံဝတ္ထု ပြောသောအခါက အကြောင်းများကို မှတ်သားမိခဲ့ခြင်းတို့နှင့် ကျွန်ုပ် စာသင်ကြားရာ မင်းတုန်းမြို့ ပေပင်ကျောင်း၌ ငါးတန်းအောင်ပြီး၍ ကျောင်းပိတ်စဉ်တွင် ကျောင်းမှ စာတိုက်ထဲက ပေအိုပေဟောင်းများကို ရှာဖွေဖတ်ကြည့်ရာ ခြစားထားသဖြင့် ခြစား ပေတစ်ခု၏ တစ်ပိုင်းတစ်စတွင် ဖတ်ကြည့်၍ မှတ်သားထားမိခြင်းတို့ကို စီစဉ်ပြီးသော် ခေတ်နှင့်လျော်ကန်အောင် ရေးသားခြင်းမျှသာလျှင် ဖြစ်ချေသည်။

စင်စစ်သော်ကား ငမဲကျွန် ဝတ္ထုကြီးသည် သုနာပရန္တတိုင်း ကောင်းစားစဉ်က ဖြစ်ပျက်ခဲ့သော အကြောင်းတစ်ခု သော်လည်းကောင်း၊ ထိုခေတ်က လူများ နှစ်သက်သော ပုံဝတ္ထုကြီးတစ်ခု သော်လည်းကောင်း ဖြစ်တန်ရာပေသည်။

ရာပြည့်စာအုပ်တိုက်

ကျွန်ုပ် စီစဉ်ရေးသားဘိသကဲ့သို့ ဝတ္ထုကြီးသည် မည်သည့် ပေမူ စာမူ ဟူ၍ ကျွန်ုပ် ရေးသားသော ငမဲကျွန် ဝတ္ထုမှတစ်ပါး မရှိချေ။ ကျွန်ုပ် ရေးသားသော ငမဲကျွန် ဝတ္ထုသည် ကျွန်ုပ် မှတ်သားထားသော မှတ်ဉာဏ်၏ တစ်ကဏ္ဍမျှသာ ဖြစ်ကြောင်းကို သိသင့်ကြစေလိုပါသည်ခလို ...။

**စစ်ကိုင်း ဦးဘိုးသင်း**
**မင်းတုန်းမြို့သား စာတိ**

# အခန်း [ ၁ ]

# ဒိသာပါမောက္ခ ဆရာကြီးနှင့် ငမဲ

မဇ္ဈိမဒေသ၌ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ ရာစုခေတ်လောက်က စကုလယ်ကိုင်း ရပ်ကြီးသည် သုနာပရန္တတိုင်းကြီး၏ တက္ကသိုလ်ပြည်ကြီး ဖြစ်၍ ဒိသာပါမောက္ခ ဆရာကြီး နေထိုင်ရာ မြို့ကြီး ဖြစ်၏။ ထိုဒိသာပါမောက္ခ ဆရာကြီးထံ၌ တိုင်းအစုံစုံ ပြည်အဝဝတို့မှ မင်းသား၊ သူဌေးသား၊ သူကြွယ်သား၊ သူဆင်းရဲ သားသမီးတို့မှ စ၍ ပညာရင်နို့ကို လာရောက်သောက်စို့ ခိုလှုံကြသဖြင့် ထိုဆရာကြီးမှာ တပည့်ငါးရာ ခြံရံကာ ရှိလေကုန်၏။

ငမဲသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီး၏ တပည့်ငါးရာတို့အနက် အထင်အရှားဆုံး ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ငမဲ၏အသားသည် အလွန်မည်း၍ နက်လုမတတ် ပြောင်လက်ကာ ရှိ၏။ အရပ်မှာ ငါးတောင်ရှည်၍ အလွန်ဝိုင်းသော ဦးခေါင်း၊ အလွန်ကျယ်ပြန့်သော နဖူး၊ ကားလျက်ရှိသော နား၊ ကျယ်ပြန့်သော ရင်အုပ်၊ သေးသော ခါး၊ ဖြူ၍ ဖြောင့်စင်းသော ခြေလက်၊ ဖယောင်းတိုင်များကို ထောင်ထားဘိသကဲ့သို့သော လက်ချောင်းများနှင့် ဖုထစ်သော အဆစ်အမြက်တို့ ကင်းလျက် ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက် ရှိလေ၏။

ငမဲသည် ထိုကဲ့သို့သော ခွန်အားဗလနှင့် ပြည့်စုံ၍ မျက်နှာထားမှာ ကြည်လင်၏။ ပါးစပ်မှာ စကားပြောလိုက်တော့မလို၊ ခေါ်လိုက်တော့မလိုတို့ ဖြစ်လျက် ရယ်ရွှင်ဖွယ် ဒဏ္ဍာရီ၊ ပုံတို၊ ရှေးစကားများနှင့် ချစ်နှစ်သက်ဖွယ်သော စကားတို့ကို ဆိုလေ့ရှိတတ်ခြင်းကြောင့် တက္ကသိုလ်ကျောင်းတော်သား အပေါင်းတို့သည် ၎င်းအား ကြောက်ရွံ့ခြင်းဖြင့် မရှိသေကြဘဲ၊ ချစ်ခင်ခြင်းဖြင့် ပေါင်းသင်းဆက်ဆံလေ့ရှိကြသည်အတိုင်း တက္ကသိုလ်ကျောင်းသားတို့၏ အပေါ်တွင် များစွာ ထင်ရှားလျက် ရှိ၏။

ငမဲသည် စကားပြော အလွန် ယဉ်ကျေးသိမ်မွေ့၍၊ ရယ်ရွှင်ဖွယ် ပုံတို စကားထာများကို စီစဉ်လျက် ဆုံးမစကားကို ပြောတတ်ခြင်းနှင့် ကိုယ်လက် အမူအရာမှာလည်း အလွန် ယဉ်ကျေးသိမ်မွေ့သောကြောင့် အပေါင်းအဖော် တို့သည် အလွန် ချစ်ခင်ကြကုန်၏။ ငမဲမှာ ထို့ထက် ထူးကဲသော ဂုဏ်သည်ကား ဆရာ့အပေါ်၌ ဝတ္တရားကို မလစ်လပ်ရအောင် စောင့်ရှောက်ပြုစုခြင်းနှင့် ဆရာ သင်ပေးသော တစ်ဆယ့်ရှစ်ရပ် အတတ်တို့နှင့် ဘုတ်အတတ်၊ ဖုတ်အတတ်၊ ယန္တရားအတတ်တို့ကို အကြားအမြင်ဖြင့်ပင် အလုံးစုံ တတ်သိကျွမ်းကျင်၍ စာပေပညာများကို အာဂုံ ရမိ၊ ပိုက်မိ၊ ဆောင်မိသဖြင့် အာဂလူ ဖြစ်နေဘိ၏။ ထို့ကြောင့် ဆရာကြီးသည်လည်း တပည့်အပေါင်းတို့တွင် ငမဲကို အာရုံအပြု ဆုံးနှင့် အနှစ်သက်ဆုံးလောက်ပင် ဖြစ်၏။

ငမဲသည် တက္ကသိုလ်ကျောင်းတော်ကြီး၌ ပညာရပ်များကို သင်ကြား၍ သုံးနှစ် သုံးဝါ ရှိလတ်သော်၊ ဆရာကြီးသည် ၎င်း၏တပည့်ကို ခေါ်၍ ဤသို့ မိန့်ဆိုလေ၏။

'ငါ့တပည့်၊ မင်းဟာ ငါ့ကျောင်းတော်၌ သုံးနှစ်သုံးဝါ ပြည့်လို့ ပြန်ချိန် တော်ပြီ။ မင်းဟာ လူ့သျှတ္တရ၊ ကောင်းကင်သျှတ္တရ၊ ဘုတ်သျှတ္တရ၊ ဖုတ်သျှတ္တရ၊ ဓမ္မသတ် အစရှိတဲ့ ပညာအမျိုးမျိုးကို ကြားရုံ မြင်ရုံမျှနှင့်ပင် အကြောင်းအကျိုးကို ဆင်ခြင်ပြီး လိုက်စားလို့ ဒိုးကဲ့သို့ မွေ့နေနိုင်ပြီ။ ဒါပေမဲ့ စာ၌မူကား မင်းအား က၊ စ၊ တ၊ ပ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ တို့ထက် တတ်အောင် ငါ သင်မပေးနိုင်။ မင်းကလည်း သည့်ထက်ပိုပြီး အလိုမရှိလို့ ငါ သင်ကြားခြင်းဟာ မင်းအပေါ်မှာ ကောင်းကင်တွင် စိတ်ကူးနှင့် မှတ်သားထားတဲ့ အထိမ်းအမှတ်လိုသာ ဖြစ်နေ တယ်။ ဒါကြောင့် မင်းဟာ စာကိုစားနေတဲ့ ပိုးနှင့်မျှသာတူလို့ မင်းအတွက် ငါ အင်မတန် ဝမ်းနည်းပါတယ်'

ငမဲသည် ထိုစကားကြောင့် တုံ့ဆိုလိုသော သဘောနှင့် ဆရာမျက်နှာကို အနည်းငယ် မော့်ကြည့်ပြီးနောက် ခေါင်းကိုငုံ့၍ ခပ်မဆိတ်နေလေရာ ...

ဆရာကြီးသည် 'တပည့်ချစ် ဆင်ခြေတုံ့ပြီး ပြန်ဆိုလိုသလား၊ ငါ လက်ခံပါတယ်' ဟု ဆိုကာလ၊ ငမဲလည်း ဤသို့လျှင် လေးမြတ်စွာနှင့် ဆို လေ၏။

'ကျေးဇူးတော်ရှင် မြတ်ဆရာ၊ ဆရာ့ မိန့်စကားတို့သည် များစွာ သင့်မြတ်လှပါသည်။ သို့သော် ဆိုရေးရှိက၊ ဆိုသင့်အပ်ပေ၊ ဆိုဆင့်ချေ၍ တပည့်ချစ်သည် တိုးလျှိုးကာ အကြောင်းကို တင်ဆက်ပါမည်။ ဇမ္ဗူဒိပ်၌ မြတ်စွာဘုရား ပွင့်တော်မူလတ္တံ့ဟု ကောလာဟလ ဖြစ်နေသည့်အတိုင်း ပွင့်တော်

မူသောအခါ စာကို ရေးတတ် ဖတ်တတ်သော သူများအားသာ ကယ်ချွတ်တော်မူပါအံ့လော။ စာတတ်သော သူများသာလျှင် နိဗ္ဗာန်တရားမြတ်ကို သိ၍ နိဗ္ဗာန်အရသာကို ခံစားရပါအံ့လော။ ပွင့်တော်မူကုန်ပြီးသော အဆူဆူသော မြတ်စွာဘုရားတို့သည် စာတတ်သော သူများအားသာ အမြိုက်အရသာထူး ဖြစ်သော နိဗ္ဗာန်ဆုမြတ်ကို သနားတော်မူပါသလော'

'အင်း ... သျှတ္တရ သဘောအရ ငါ့တပည့်က ဆိုပေသကိုး'

'မြတ်လှသော ဆရာ၊ ထွန်းလင်းသော လောကဌ် စာမည်သည်ကို ကောင်းစွာ ကျွမ်းကျင်အောင် လူတို့သည် သင်အပ်၏။ လေ့လာလိုက်စားအပ်ပါ၏။ အချိန်ရတိုင်း စာနှင့် ပျော်မွေ့ရာ၏။ ဘာကြောင့်လဲ၊ စာကို ကောင်းစွာတတ်သိမှသာ လူတို့တွင် အနှစ်အစစ် ဖြစ်သည့် ကျိုးကြောင်းပြပညာ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ သင်္ချာကျမ်း၊ လူမှုရေးရာကျမ်း၊ ဘုတ်ကျမ်း၊ ဖုတ်ကျမ်း၊ ဂန္ဓာရီကျမ်း၊ သျှတ္တရကျမ်း အမျိုးမျိုး စသည်တို့ကို တတ်ရစိမ့်သောငှာ သင်ကြားနိုင်စွမ်းဖြစ်သဖြင့် စာကို ကောင်းစွာ တတ်မြောက်အောင် သင်ကြားရပါသည်။ တပည့်ငမဲ လူ့သံခဲမှာမူကား ပညာအရပ်ရပ်ကို တစ်ဖက်ကမ်းခပ်၍ အကြားအမြင်အားဖြင့် လည်းကောင်း၊ နှုတ်တိုက်သင်ကြားမှုကို ခံယူရခြင်းဖြင့် လည်းကောင်း၊ ကဝိအမော် အကျော် အဖြစ်နှင့် တတ်မြောက်နေပါပြီ။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားမှတစ်ပါး သုနာပရန္တတိုင်း၊ အဝင်တိတိုင်းတို့တွင် တုဘက်မဲ့၊ ပြိုင်နိူင်းမဲ့ ဖြစ်ချေပြီ။ ဘာကြောင့် အချိုးမညီ တုတ်ချောင်းတို့ကို စီ၍ချထားသော အဓိပ္ပာယ် အက္ခရာမျိုးဖြင့် တပည့်ချစ်အပေါ်ဌ် တစ်စုံတစ်ရာ အကျိုးထူးပါအံ့နည်း။ ထို့ကြောင့် ကျွန်တော့် အပေါ်ဌ် ကောက်ကောက်ကွေ့ကွေ့ လုံးလုံးဝိုင်းဝိုင်းသော စာများအတွက် ဆရာမြတ်သည် ဝမ်းမနည်းသင့်ပါ။ တပည့်ငမဲ လူ့ရွှေခဲသည် လောကအလုံးကို လက်ဝယ်ပိုက်ကျုံး၍ ကဝိတစ်ဆူ၊ ပညာရှိသူတို့၏ သရဖူအဖြစ်နှင့် ထင်ရှားမြင့်မြင့် တင့်ထက်တင့်ပြီးသော် ဆရာမြတ်၏ ကျေးဇူးတော်၊ ဂုဏ်တော်ကို ကျော်ကြားထင်လင်းစေပါမည်။ ကျေးဇူးတော်ရှင် မြတ်ဆရာ'

'ချစ်အပ်လို့ ချစ်ရတဲ့ ငါ့တပည့်၊ တုတ်ချောင်းတို့ကို စီပြီးချထားတဲ့ အက္ခရာ စာလုံးတို့အတွက် ငါနှင့် သင့်အကြားမှာ ခက်ခဲသော ပြဿနာကို ဖြစ်စေပြီး စကားတွန့်ဖွယ်၊ ကွန့်ဖွယ် မရှိ။ လောကဓာတ်ခုံဌ် သင့်ကပွဲကို သင်ကပြမှုဖြင့် စီရင်ဆုံးဖြတ်ပေလိမ့်မယ်။ ငါဟာ ငါ့ဝတ္တရားနှင့်အညီ ပြန်တော့မည်ဖြစ်တဲ့ တပည့်အပေါ်မှာ ဆုံးမကာ လွှတ်လိုက်ရမယ့် ဝတ္တရားရှိလို့ သည်ဝတ္တရားကို ငါ ပြုလိုက်ဦးမယ်။

'သင်ဟာ လောကကို ငါ ကျော်ခိုင်းသွားပြီးတဲ့နောက် ပညာရှိတစ်ဆူ ပါရဂူမြောက် တစ်ဖက်ကမ်းခပ်လောက်အောင် ကပွဲဆင်ပြီး ထွန်းတောက်မယ့် ဉာဏ်ကြီးရှင် ဖြစ်မှာကို ငါ သိတယ်။ ဒါပေမဲ့ ရန်ငါးပါး လွတ်ကင်းတဲ့ လမင်းလို ထွန်းတောက်ရမယ် မဟုတ်။ တော်သလင်းလအခါ တက်နေတဲ့ မိုးတိမ်တို့ကို ထွင်းဖောက်ပြီး တောက်ထွန်းရတဲ့ နေရောင်လို ထွန်းတောက် ရလိမ့်မယ်လို့ ငါ ဆိုတယ်။ ဒါ့ကြောင့် သင် လျှောက်ရအံ့ဖြစ်တဲ့ ခရီးအတွက် သင့်မှာ ရှိနေတဲ့ အပြစ်တို့ကို ငါ ညွှန်ပြမယ်။ မင်း နားတင်'

ထိုအခါ ငမဲသည် မိမိသည် တက္ကသိုလ် ကျောင်းတော်ကြီး၌ နေသမျှ ကာလပတ်လုံး တစိုးတစိမျှ ပြစ်မှုကို ကျူးလွန်မိသည်ဟု မမြင် မထင်။ ဆရာ့ အပေါ်၌လည်း စိုးစဉ်းမျှသော ဆန့်ကျင်ဘက် အမှုတို့ကို ပြုမိသည်လည်း မမြင် မထင်။ ထို့ကြောင့် အလွန်ဝမ်းနည်းသော မျက်နှာဖြင့် မျက်တောင်မှုမခတ် နိုင်ဘဲ ဆရာကို တွေဝေငေးစိုက်ကာ ကြည့်နေမိ၏။

ဆရာလည်း ပြုံး၍ ဤသို့ မိန့်ပြန်၏။

'ငါ့တပည့်၊ မင်းက အပြစ်မဲ့သူများ ဒဏ်ခံရတဲ့ မျက်နှာမျိုးနှင့် ငါ့ကို ကြည့်နေပေတယ်။ မင်းကိုယ်ကိုမင်း အပြစ်ရှိတယ်လို့ မင်း မထင်မမြင်မိဘူး။ သည်သဘောမျိုးဟာ မင်း တစ်ယောက်တည်းမှာသာ မဟုတ်ဘူး၊ လောကမှာရှိတဲ့ လူအားလုံးလောက်ပင် ဖြစ်ပေတယ်။ ဒါ့ကြောင့် သတ္တဝါများစွာဟာ ကိုယ့်ရဲ့ အစွမ်း အင်အားနှင့်အညီ လုနေကြလို့ အမိုက်မှောင်ကြီးရဲ့ မျက်လှည့်ပြရာကို ခံရပြီး၊ သံသရာ ဝန်ကြီးကို တပြောင်းပြန်ပြန် လူးလဲကာ အမှတ်မထင် ခံနေ ကြရရှာတယ်။ ဒါ့ကြောင့် ကိုယ်စိတ်နှစ်ပါးရဲ့ ဆင်းရဲခြင်းကို အမျိုးမျိုး အဖုံဖုံ တွေ့ကြရတယ်။ အကြင်သူတစ်ယောက်ဟာ ငါ့မှာ သည်သို့သည်လို၊ သည်မျိုး အပြစ်ရှိတယ်ဟု သိရင် သည်သိခြင်းကြောင့် ငြိမ်းချမ်းရာအား ထင်ရှားပြနေတဲ့ အလင်းရောင်ကို မြင်ရခြင်း ဖြစ်နိုင်ပေတယ်။ လောက၌ ချမ်းသာရန် အကြောင်း ရင်း လမ်းစကို တွေ့ရသူလည်း ဖြစ်ပေတယ်။ ငါ့တပည့်၊ လောကမှာ လူဆိုတဲ့ သတ္တဝါဟာ အပြစ်များ ကိုယ်စီကိုယ်ငနှင့် လိမ်းကျံ ပျော်မွေ့နေကြတယ်။ ဒါလည်း ဓမ္မတာပဲ။ သည်အပြစ်မှာလည်း လောက ကောင်းစားရေးကို ဖျက်ဆီး နေတဲ့ အပြစ်များလည်း ရှိကြတယ်။ ဒါ့ကြောင့် လောကသည် လူအများ၏ စံစားစရာ ဘုံဗိမာန် ဖြစ်ပေမဲ့ သည်အပြစ်ကြောင့် ဆင်းရဲခံရရန် ဘုံလည်း ဖြစ်ရတယ်။ အပြစ်များဟာလည်း တစ်ဦးနှင့်တစ်ဦး မတူတာသာ များကြ တယ်။ လောကဇာတ်ခုံ၌ ကပွဲကြီးမှာ ကိုယ်ရဲ့ လေးလံတဲ့၊ နက်နဲတဲ့ ပြစ်မှုများကို သိမြင်တတ်ခြင်းပင် လောကမှာ ကောင်းစားရေး လမ်းကြောင်းကို ဖုံးအုပ်နေတဲ့

မြက်သစ်ပင်၊ အမှိုက်သရိုက်တို့ကို ထင်ထင်ရှားရှား သိမြင်ရာ ရောက်ပေတယ်။ လောကမှာ အပြစ်ဆိုတဲ့ ချုံနွယ်သစ်ပင်၊ အမှိုက်သရိုက်တို့ကို ခုတ်ထွင်ရှင်းလင်းနိုင်မှသာ လောကရဲ့ သာယာအေးမြခြင်း၊ ကောင်းစားခြင်း မင်္ဂလာတို့ကို ရနိုင်ပေလိမ့်မယ်။ ချစ်တပည့်မောင်မဲ၊ သင့်မှာ ဆိုးညစ် ကြောက်မက်ဖွယ်ကောင်းလှတဲ့ အပြစ်ကြီး ရှိနေတယ်။ သည်အပြစ်ကို မင်း မမြင်၊ ငါသာလျှင် မြင်မိလို့ သင့်မှုကား သည်အပြစ်ကို အလွန်ကောင်းမွန်မြင့်မြတ်တဲ့ သဘောလို့ ထင်နေပေပြီတကား’

ငမဲသည် ထိုစကားကို နားတင်ရလတ်သော် အလွန် တုန်လှုပ်ခြင်း ဖြစ်၏။ မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာ၏။ ခေါင်းငိုက်စိုက်ကျလျက် ရှိနေ၏။

‘တပည့်ချစ်၊ သင့်အပြစ်ဟာ အင်မတန်ကြီးတယ်။ လူသာမန်တို့ကတော့ အပြစ်ဟု မဆို၊ ကောင်းမြတ်တဲ့ ကျင့်ဝတ္တရားလို့ ထောက်ခံကြပေလိမ့်မယ်။ သည်အပြစ်ကား သင်ဟာ လူလားမြောက်စက စပြီး သင့်ဘဝမှာ ကောင်းစားခြင်းကို လိုလားလို့ “မိန်းမများနှင့် အကျွမ်းတဝင် ပေါင်းသင်း ဆက်ဆံမည်ကို ထား၍ မေးထူး ခေါ်ကြားမျှပင် စကားပြောဆိုခြင်း၊ ကြည့်ခြင်းတို့ကို ပြုလေ့မရှိခြင်း” တို့ပင် ဖြစ်ပေတယ်။ ဒါကို မင်းဟာ လောကီဝတ်၌ မှီတင်းနေထိုင်ဆက်ဆံမည်ဖြစ်လို့ ငါသည် အပြစ်ဆို၏။ ထိုအပြစ်ကို သင် ဆေးကြောနိုင်မှသာ မြူစင်သော ရွှေလမင်းနှင့် တူပြီး အသရေစုပေါင်းကာ ကောင်းစားရပေလိမ့်မယ်’

ထိုအခါ ငမဲသည် ပြုံး၍ ဤသို့ တင်ချေဘိ၏။ ‘ဒိဗ္ဗအတတ်မျိုးကို ဒိုးကဲ့သို့ မွေနိုင်တော်မူသော ကျေးဇူးရှင်မြတ်ဆရာ၊ လောက၌ မိန်းမများဖြင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံမှု မရှိခြင်းသည် အပြစ်ပါလော၊ မေးထူး ခေါ်ကြားမျှပင် စကားပြောဆိုလေ့ မရှိခြင်းသည် အပြစ်ပါလော၊ မိန်းမများကို ကြည့်လေ့မရှိခြင်းသည် အပြစ်ပါလော။ လူတို့၏ သျှတ္တရ၌ လွန်၍ တတ်တော်မူသော ဆရာတော်၊ မိန်းမတို့သည် သတ္တဝါ တောတောင်ရေမြေတို့၏ တည်ရာ မြေကြီးနှင့်တူ၍ ဓာတ်သဘောအရ အမြဲဆွဲနေသော အဆွဲဓာတ် ဖြစ်ပေ၏။ ယောကျ်ားတို့သည် အဖိုဓာတ် ဖြစ်၍ အလိုက်ဓာတ် ဖြစ်၏။ ထိုကြောင့် မိန်းမတို့သည် သူတော်ကောင်းတို့၏ အဆိပ်ဖြစ်၍ တရား၏ရန်သူ မဟုတ်ပါသလော။ မြေကြီးသည် ခပ်သိမ်းသော မြူတို့ကို ၎င်း၏အဆွဲဓာတ်ဖြင့် ကျရောက် ကပ်ငြိစေဘိသကဲ့သို့ မိန်းမတို့သည် လောကီဈာန်ရှင်တို့ကို အဆင်းအားဖြင့် လည်းကောင်း၊ အသံအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ အင်္ဂါကြီးငယ်ကို လှုပ်ရှားကာ ပြခြင်းဖြင့် လည်းကောင်း၊ မိန်းမတည်းဟူသော အဖြစ်ကို ပြ၍ လည်းကောင်း၊ အတွေ့အားဖြင့် လည်းကောင်း ဆွဲငင်၍ ရုတ်တရက်

ချနိုင်သည် မဟုတ်ပါလော။ ထိုမိန်းမတို့တွင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော မိန်းမချော၊ မိန်းမလှတို့သည် သူတော်ကောင်းတို့အတွက် သာ၍ဆိုးသော အဆိပ်ပင် မဟုတ်ပါလော။ မိန်းမတို့သည် ပညာရှိတို့ကို ကန်းအောင်၊ အ,အောင်၊ ထိုင်းမှိုင်းအောင် ဆွဲငင်နိုင်၍ နတ်သမီးတမျှသော လှပသော မိန်းမတို့သည် ပညာရှိတို့ကို သာ၍ နှိပ်စက်နိုင်သော ဇော်ဂနီမ၊ ကဝေမများ ဖြစ်စေပြီးလျှင် လောက၏ အလင်းကို ရုတ်တရက် တစ်ချက်တည်း မှောင်မိုက်စေနိုင်သည်ဟု ဆရာတော် သင်ပြသော သျှတ္တရသည် အတိအလင်း ဆိုထားသည် မဟုတ်ပါလော။ မိန်းမတို့သည် တိုင်းကြီးပြည်ကြီးတို့ကို အလိုရှိသလို ဖျက်ဆီးနိုင်၏။ စကြဝတေး မန္ဓတ်မင်းတို့၏ အကျင့်တရားကိုလည်း မှောက်မှားအောင် တတ်နိုင်၏ဟု ဆရာ သင်ပြသော သျှတ္တရသည် နည်းပရိယာယ် အမျိုးမျိုး၊ ပုံအမျိုးမျိုးတို့ဖြင့် လူတို့အား အလင်းရောင်ခြည်ကို ဆောင်ခဲ့ချေပြီ။ သို့လင့်ကစား "မိန်းမတို့နှင့် အကျွမ်းတဝင် မပေါင်းသင်းခြင်း၊ မေးထူး ခေါ်ကြားမျှပင် စကားမဆိုခြင်း၊ မကြည့်ခြင်း" တို့ကို တပည့်၏အပေါ်၌ ဆရာတော်သည် အပြစ်ဆိုချေပြီ။ ၎င်းတို့ကို တပည့်ချစ်သည် အပြစ်မထင်နိုင်ပါ တကား'

'အင်း ... ငါကား အပြစ်ဆိုမြဲတိုင်း ဆိုတယ်'

'မြတ်ဆရာတော်၊ မိန်းမတို့နှင့်ကင်းသော စပ်ယှဉ်မှု ရှိခြင်းကို ဆရာတော်သည် ကျွန်တော့်အပေါ်၌ အပြစ်တင်ဆိုလျက် ရှိ၏။ တပည့်ချစ် ကျွန်တော်သည် ထိုအပြစ်ကို အင်္ဂဝိဇ္ဇာ၌ အကုန်အစင် မတတ်သေး၊ မသိမမြင်သေး၍လား မသိ၊ အရာမထင် အရိပ်အမြွက်မျှပင်လည်း နားမလည်နိုင်ပါ။ အပြစ်ရှိကြောင်းကို တပည့်ချစ်အား သနားသဖြင့် လင်းပြတော်မူပါဦး ဆရာတော်'

'တပည့်ချစ် နားထောင်၊ လောက၌ အကျိုးကို လိုလားတောင့်တသော ယောကျ်ားတို့သည် မိန်းမတို့ကို အပြစ်ဆို၍ ဖဲကြဉ်ကြကုန်၏။ ထိုအပြုအမူတို့ကို ကောင်း၏ဟုပင် ငါဆရာသည် ဆို၏။ သို့သော် သေရည်ကို မသောက်ဖူးသောသူသည် သေရည်ကို စနစ်ကျနစွာ သောက်မိသည်က စ၍ ပျက်စီးသည့် တိုင်အောင် သေရည်သည် ၎င်း၏ အရသာ အထူးကဲဆုံး၊ စည်းစိမ်အရှိဆုံးသောဖျော်ရည် ဖြစ်နေတတ်ချေ၏။ ကျားသည် လူ့အသားကို မြည်းမိသည်ကစ၍ လူကိုမြင်လျှင် ငမ်းငမ်းတငင်နှင့် စားချင်သောအာသာကို အသက်သေဆုံးရသည်တိုင်အောင် မဖြတ်နိုင် ဖြစ်နေတတ်၏။ သင်သည် မိန်းမတို့ကို အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံခြင်း မရှိ၊ မေးထူးခေါ်ကြား စကားမျှလည်း မပြော၊ ကြည့်လည်း မကြည့်။ သင်ကဲ့သို့ပင် ကောင်းစားမှုကို အလိုရှိခြင်း၊ သံသရာဘေးကို ကြောက်ခြင်းရှိသော သူတို့သည်လည်း ပြုကြကုန်၏။ ထို့

ကြောင့် သင်နှင့်တကွသော ထိုသူတို့သည် မိန်းမတို့၏ သဘာဝကို မသိကြကုန်။ မိန်းမတို့၏ အနှစ်သာရ တည်းဟူသော အပြစ်ကို နားမလည်ကြကုန်။ သင်နှင့်အတူ ထိုသူတို့သည် မိန်းမတို့ကား အဆိပ်တစ်မျိုးဟု စွဲမှတ်၍ မနှစ်သက်သဖြင့် ရှောင်ကြဉ်ကြကုန်၏။ စင်စစ်သော်ကား နှစ်သက်စွဲလမ်း တပ်မက်လျက် ထိုနှစ်သက်စွဲလမ်း တပ်မက်ခြင်း၏ အပြစ်ကို မြင်သိပြီးမှ ရှောင်ကြဉ်ခြင်းသည် သာလျှင် သူတော်ကောင်းတို့၏ ကျင့်ဝတ္တရားကောင်းတို့နှင့် အတွေ့ကို ရှောင်နိုင်ခြင်းဖြင့် တည်နိုင်ရာ၏။

'တစ်ဖန် ဆိုဦးမည်၊ နားထောင်။ မိန်းမတို့၏ အဆင်းကို သင် စဉ်းစားလော့။ သင်သည် မိန်းမတို့နှင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံကာ မရှိခြင်းကြောင့် မိန်းမတို့၏ အပေါ်၌ ချစ်ဖွယ်ရာသော၊ နှစ်သက်စရာသော၊ စုံမက်စရာသော၊ မြတ်နိုးဖွယ်ရာသော မျက်ခုံးနှင့် ကော့သော မျက်တောင်၊ လုံးဝိုင်းတောက်ပကြည်လင်လျက်ရှိသည့် မျက်လုံး၊ မပြုံးတပြုံး မစို့တစို့တို့ဖြင့် မို့မို့ကလေးနှင့်နေသော ပါးအို့၊ ပြုံးလိုက်တော့ မလိုလို၊ ရယ်လိုက်တော့မလိုလို၊ ပြောလိုက်တော့မလိုလို၊ ဆိုလိုက်တော့မလိုလို မျက်နှာပေး အမူပါလျက် ခရာမလို၊ တာမလို၊ ဘာမလိုနှင့် နဂိုအားနှင့် ချစ်ဖွယ်ရာသော ပါးစပ်ကလေး၊ မဟာဆန်၍ ဗျာပါဆံနှစ်ဖက်တို့၏အလယ်၌ ကြာဟန်ခြယ်လျက် ကုန်းမြင့်ရိုးကလေးသဖွယ် တင့်တယ်သော နှာတံကလေးတို့အားဖြင့် ဖြစ်ပေါ်နေသော ပလီမူ၊ တာမူ၊ ခရာမူ၊ ဗျာပါမူတို့နှင့် အလိုရှိသမျှ ခြယ်လှယ်နိုင်သော ရတ်တရက်ဉာဏ်စွမ်း ပရိယာယ်မှုဖြင့် ထူးထွေသော စကားအသွယ်သွယ်၊ လှည့်ပတ် (မာယာ) ကာ ခြယ်လှယ်ခြင်းအမျိုးတို့ကို သင်သည် အသို့လျှင် နားလည်၍ အသို့လျှင် အပြစ်တွေ့တတ်ပါအံ့နည်း။ မိန်းမတို့၏စိတ်သည် တည်တံ့ဖြောင့်စင်းရိုး မှတ်၍ ၎င်း၏ သဘောအလျောက် ပေါ်ပေါက်သော အဆွဲဓာတ်ကို ရုပ်သိမ်းထားစေကာမူ ၎င်း၏ လျှပ်စစ်ရောင်ကို လွှတ်၍ အမြဲတစေ ဆွဲငင်ကာ ရှိနေသည်ကို သင်ကဲ့သို့သော လူတို့သည် အသို့လျှင် နားလည်လျက် အသို့လျှင် အပြစ်တွေ့တတ်ပါအံ့နည်း။

'တပည့်ချစ်၊ ယောကျာ်းများ မြင်လျှင် ဘဝင်တွင် တုန်ဟည်းသွားမခန်းဖြစ်အောင် အရေအရောင် လွှတ်နေသော မို့မို့ဖောင်းဖောင်း ပြောင်းပြောင်းအိအိကြွကြွကလေး ဖြစ်ဘိသည့် ကစီရည်အိတ် ဖြစ်သော နှစ်စုံသောဂုဏ်ရည်၊ သေးငယ်သော ခါး၊ ကြွားကြွားရွရွ ကြွ၍ကြွ၍ နိမ့်တုံတစ်ဖက် မြင့်တစ်ဖက်နှင့်နှစ်သက်စချင့်နိုး ပြည့်ဖြိုးစိုပြည် ဝကာပလီလျက် သွားလျှင်၊ လာလျှင် က,သကဲ့သို့ ရှိနေသော တင်ပါး၊ မဆူမပိန် မနိမ့်မမြင့် တင့်ရုံသင့်၍ လုံးပေါက်ကိုယ်ညီအချိုးအစား ကျနပြေပြစ်သဖြင့် မိန်းမမြတ် ပီသသော ခြေလက်အစုံ လက္ခဏာ

ဘာဝ အာရုံတို့နှင့် ယောကျ်ားများ၏ စိတ်နှလုံးကို ညွတ်နူးတိမ်းယိမ်း မှောက်မှားလေအောင် သွေးဆောင်ဆွဲငင်နေလျက် သဘာဝအားဖြင့် ဖြစ်သည့် ရုပ်လက္ခဏာ ဓာတ်မှ ထွက်ပေါ်လာသော ဖြားယောင်းမှု၊ ပလီမှု၊ တာမှု၊ ခရာမှု၊ လှည့်ပတ်မှု ပရိယာယ် အဝဝတို့ကို မိန်းမတို့နှင့် ကင်းရှင်းနေသော ယောကျ်ားတို့သည် အသို့လျှင် နားလည်ခြင်းဖြင့် ကြောက်ရွံ့တတ်ပါအံ့နည်း။

'နားထောင်ဦး တပည့်၊ မင်းဟာ မိန်းမများနှင့် တစိုးတစိမျှပင် မေးထူးခေါ်ကြား မရှိဖူးလို့ မင်းစိတ်ကို သန့်ရှင်းစင်ကြယ်တယ်လို့ အားမကိုးသာ။ အနက်ပေါ်တွင် ချေးညှော်မတင်သော်လည်း ဖြူစင်တဲ့ အဝတ်ပေါ်မှာ အပ်ဖျားမျှ အနက်ပြောက်ကလေးဟာ အင်မတန် ထင်ရှားတတ်တယ်။ မင်းဟာ မိန်းမများနှင့် ကင်းရှင်းစွာ နေထိုင်မှုကြောင့် မိန်းမများရဲ့ သာယာတဲ့အသံမှ ကူးစက်လာမယ့် ချစ်ဖွယ်ရာ ပေါ်ပေါက်လာတတ်တဲ့ အရုပ်အဆင်းကို မသိမမြင်နိုင်ရှာလေ။ လှပတဲ့ ရုပ်သဏ္ဌာန်မှ ကူးစက်လာမယ့် စွဲမက်စရာ ဖြစ်ပေါ်လာတဲ့ အသံကိုလည်း မသိ မမြင်နိုင်ရှာလေ။ မိန်းမတို့၏ သာယာတဲ့အသံနှင့် မုန်းခြင်းကို ပြခြင်း၊ ချစ်ခြင်းကို ပြခြင်း၊ မနာလိုခြင်းကို ပြခြင်း၊ မနှစ်မြို့ဖွယ်ကို ပြခြင်း၊ ငြူစူခြင်းကို ပြခြင်း၊ သဘောညီညွတ်မှုကို ပြခြင်း အစရှိတဲ့ ပရိယာယ် ထူးထူးထွေထွေ စကား (ဝေဝုစ်) များကို သိမြင်နားလည်နိုင်လိမ့်မယ် မဟုတ်ပေ။ တစ်ခါတစ်ရံ စိတ်ဆိုးလို့ ဖြစ်ဖြစ်၊ စိတ်မဆိုးဘဲနှင့် ဖြစ်ဖြစ် ကြမ်းတမ်းတဲ့အသံကို ပြတတ်တယ်။ သည်အသံဖြင့် ချစ်ခြင်း၊ မုန်းခြင်း၊ အကျိုးမဲ့စေခြင်း၊ အကျိုးကို လိုလားခြင်း၊ မနာလိုခြင်း၊ မနှစ်မြို့ခြင်း၊ ငြူစူခြင်း၊ ဝန်တိုခြင်း၊ ပိတ်ပင်ခြင်း၊ သဒ္ဒါခြင်း၊ သထာခြင်း၊ ကြင်နာခြင်း၊ ရက်စက်ခြင်း၊ သဘောညီညွတ်ခြင်း စသည်တို့ကို ပရိယာယ်မှု၊ လှည့်ပတ်မှု၊ ဖြားယောင်းမှုတို့ဖြင့် ပြကျင့်တတ်တယ်။ သည်လို ပြကျင့်မှုမျိုးများကို မိန်းမများနှင့် အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံခြင်း မပြုတတ်တဲ့ သင်ဟာ ဘယ်လိုသိရှိ နားလည်နိုင်ပါ့မလဲ။

'ငါ့တပည့်၊ သင်သည် မိန်းမများကို ဝေးစွာ ရှောင်ကြဉ်ဘိ၏။ အထူးသဖြင့်လည်း ရှောင်ကြဉ်ဘိ၏။ ထို့ကြောင့် မိန်းမတို့၏ အရုပ်အဆင်းအားဖြင့် ဖြစ်ပေါ်တတ်သော အကျိုးအပြစ်၊ အသံအားဖြင့် ဖြစ်ပေါ်တတ်သော အကျိုးအပြစ်၊ အရပ်အနိမ့်အမြင့်ဖြင့် ဖြစ်ပေါ်တတ်သော အကျိုးအပြစ်၊ ကျယ်လောင်သောအသံ, စူးရှသောအသံ, မပွင့်တပွင့်သောအသံ, ပြကတေ့သော အသံတို့ဖြင့် မာယာနှောင်ဖွဲ့ခြင်းကြောင့် ဖြစ်ပေါ်တတ်သော အကျိုးအပြစ်၊ ရဲရဲကြည့်ခြင်း, မရဲတရဲကြည့်ခြင်း, မကြည့်ချင်ယောင်ပြုနေခြင်း, မျက်စောင်းနှင့် ကြည့်ခြင်း, မျက်လုံးကို ကစားလျက်ဖြစ်စေ လှန်လျက်ဖြစ်စေ ပြုး၍ မကြည့်ဟန်နှင့်

ကြည့်ခြင်းတို့မှ ဖြစ်ပေါ်တတ်သော အကျိုးအပြစ်၊ ၎င်းတို့၏ လျှို့ဝှက်အပ်ရာ လက္ခဏာ ဘာဝရုပ်တို့၏ အဆွဲဓာတ်သဘော, ၎င်းတို့ကို လှစ်ပြခြင်း, လစ်ခြင်း, ပေါ်ခြင်းတို့ကြောင့် သဘာဝအလျောက် ပေါ်ပေါက်လာရသည့် အဆွဲဓာတ်ကြောင့် ပေါ်ပေါက်လာရသော အကျိုးအပြစ် စသည်တို့ကို ထင်မြင်နိုင်စိမ့်သောငှာ၊ လျစ်လျူပြုစိမ့်သောငှာ စွမ်းနိုင်ကောင်းလိမ့်မည် မဟုတ်ပေ။

'နားထောင်ဦး တပည့်ချစ်၊ မိန်းမမည်သည် များသောအားဖြင့် ယောကျ်ားများထက် ဆန်းကြယ်နိုင်သည် အားလျော်စွာ ၎င်းတို့၏ ပရိယာယ်၊ မာယာ၊ အပလိန်း အဝဝတို့နှင့် ဆန်း၍ဆန်း၍ ဆန်း၍ မရိုးနိုင်လှသော ဝေဝုစ် စသည်တို့ဖြင့် ၎င်းတို့၏ အာသာတမဏ္ဍကို ထက်သော ရတ်တရက်ဉာဏ်နှင့် သုံးခြင်းအားဖြင့် ဆန်းကြယ်လျက် ရှိ၏။ ထိုသဘောအားဖြင့် ဤမိန်းမများသည် ယောကျ်ားများကို အခါခပ်သိမ်းလောက်ပင် ငွေဝယ်ကျွန်ကဲ့သို့ အသုံးချနိုင်ကြ၏။ စကြဝတေး၊ မန္တတ်မင်းတို့ကို မူ၍လည်း ခြေရင်းအလုပ်အကျွေးကျွန်ကဲ့သို့ ပြုမူနိုင်၏။ အရုပ်ဆိုးသည်၊ အကျည်းတန်သည်၊ အကျင့်တန်သည်၊ လှပသည်၊ လိမ္မာသည် ဟူ၍ ခြွင်းချက်မရှိဘဲ များသောအားဖြင့် မိန်းမများသည် ယောကျ်ားများကို ၎င်းတို့၏ အလိုသို့ ပါစေနိုင်၏။ လျှို့ဝှက်အပ်သည်တို့ကို ပေါ်ပွင့်စေခြင်းဖြင့် ယောကျ်ားများအား ယုတ်မာသော အမှုကို ပြုကျင့်ရဲစေ၏။ သားနှင့် မိဘကို ကွဲစေနိုင်၏။ ညီအစ်ကိုချင်းကိုလည်း ရန်သူဖြစ်စေနိုင်၏။ ချစ်သောမိတ်ဆွေနှင့်လည်း မုန်းစေတတ်၏။ ထို့ကြောင့် မိန်းမများနှင့် မရင်းနှီးသော ယောကျ်ားများသည် မိန်းမများ၏ တိုက်ရိုက် ကျော့ကွင်း၊ သွယ်ဝိုက်သော ကျော့ကွင်း, ထောင်ချောက်၊ သဘာဝအားဖြင့် ဖြစ်ပေါ်လာသော ကျော့ကွင်း, ထောင်ချောက်၊ အမှတ်မထင် ဖြစ်ပေါ်နေသည့် ကျော့ကွင်း, ထောင်ချောက်တို့မှ အသို့လျှင် လွတ်နိုင်ပါအံ့နည်း။ ယင်းသို့ ဖြစ်ရကား မိန်းမများနှင့် မဆက်ဆံ၊ မနီးရင်းဖူးသော သူသည် မိန်းမများနှင့် တစ်ရံတစ်ဆစ်မျှ မတွေ့မြင် မသိအပ်ရာချေ။ မိန်းမများ၏ အသံ၊ မိန်းမများ၏ ရုပ်လက္ခဏာ၊ မိန်းမများ၏ လျှို့ဝှက်အပ်ရာတို့ကို တစ်ရံ တစ်ဆစ် တစ်ခဏကလေးမျှပင် မကြားအပ်၊ မမြင်အပ်ရာချေ။ သင်သည် ထိုကဲ့သို့ ဖြစ်ရာသတတ်လော။

'တပည့်ချစ်၊ ငါ ထပ်မံ၍ ချဲ့ပြောဦးအံ့။ မိန်းမများ၏ အပြင်အပ အပြုအမူအားဖြင့် အတွင်းသဘောကို သိနိုင်ခဲလှ၏။ သို့သော် သိနိုင်သရွေ့ သိသော ယောကျ်ားတို့သည် မိမိ၏ သိခြင်းနှင့်အညီ မိန်းမတို့ကို အုပ်စိုးနိုင်တတ်၏။ ထို့ကြောင့် အတွင်းသဘောကို စေ့ငတိုင်းထွာနိုင်ရန် အပြင်ပ၏ အပြုအပြင်တည်းဟူသော အင်္ဂဝိဇ္ဇာကို တတ်သိကျွမ်းကျင် နားလည်ရန် လိုသည့်အတိုင်း

မိန်းမများနှင့် အကျွမ်းတဝင် မဆက်ဆံဖူးသော သူသည် ထိုကိစ္စ၌ ကန်းသော ယောကျ်ားဖြစ်ချေ၏ တကား။

'မိန်းမတို့၏ ပြကတေ့သော အသံ၊ မြင့်သောအသံ၊ နိမ့်သောအသံ၊ ပြကတေ့သော ကြည့်ခြင်း၊ စီးစောင်းကြည့်ခြင်း၊ စောင်းချိတ်၍ကြည့်ခြင်း၊ မျက်မှောင်ကြုတ်၍ ကြည့်ခြင်း၊ မကြည့်ဘဲ သိမ်လုပ်နေခြင်း၊ မျက်လွှာချ၍ နေခြင်း၊ မကြည့်တကြည့် ကြည့်ခြင်း၊ ပြုံးခြင်း၊ ဣန္ဒြေလုပ်ခြင်း၊ စိတ်ဆိုးသော အမူအရာပြခြင်း၊ စိတ်ကောက်ဟန်ပြုနေခြင်း၊ စိတ်ကောက်ခြင်း၊ ကျယ်စွာပြု၍ ပြောခြင်း၊ အသံသေး အသံသြောင် ပြု၍ပြောခြင်း၊ ဝေါက်ငမ်းခြင်း၊ ကျယ်လောင်စွာ ရယ်မောခြင်း၊ မပွင့်တပွင့် ပြောခြင်း၊ အတွင်းသားကို မမြင်ရအောင် ကျပ်တည်းစွာ ဖုံးထားခြင်း၊ မြင်အောင်ပြခြင်း၊ မမြင့်တမြင်ရှိအောင် ဝတ်ခြင်း စသော လှည့်ပတ်မှု အပေါင်းတို့သည် ကျယ်ပြန့်သောအဓိပ္ပာယ် ထွက်လျက် ရှိ၏။ လွန်သော အနက်ရှိ၏။ ထိုအနက် အဓိပ္ပာယ်ကို သိသော ယောကျ်ားတို့သည်သာလျှင် မိန်းမတို့၏ သျှုတ္တရပညာ၌ ကဝိတစ်ဆူ ဖြစ်နိုင်ရန် လမ်းစကို တွေ့မြင်သူ ဖြစ်ရာ၏။ ထို့ကြောင့် သင်၏ မိန်းမများအပေါ်၌ အပြုအမူသည် အပြစ်ကြီးစွာ ရှိသည်။ "လောက၌ မသိဘဲနှင့် ရှောင်ကြဉ်နေခြင်းထက် သိ၍ ခြိုးခြံစွာ ကျင့်သုံး ရှောင်ကြဉ် ဆောက်တည်နေခြင်း" သည်သာလျှင် မြဲသော၊ တည်တံ့သော၊ တည်ကြည်သော ပညာရှိ သုခမိန် ဖြစ်ရန် လမ်းဝကို ရောက်သူ ဖြစ်ချေသည်။ ထို့ကြောင့် သင့်အပြစ်သည် နောင်ကို သင့်တွင် ဒဏ်ကို မဖြစ်စေရန် သတိ အမြဲပြုပါလေ'

ငမဲသည် ထိုဆုံးမစကားများကို ပြုံး၍ ဤသို့သော ပုံစကားဖြင့် အသနား ခံလေသည်။

'ရှေးသရောအခါ တကောင်းပြည် နဂါးနိုင် မင်းကြီးတွင် ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော တိမ်ညွန့်စားမျိုး မြင်းကြီးတစ်စီး ရှိပါသည်။ ထို မြင်းကြီးကို မင်းကြီးသည် တစ်စီးတည်း ဇောင်းနှင့်ထားသဖြင့် အလွန် စိတ် သဘော ကောင်းပါသည်။ စိတ်နှလုံး နူးညံ့သိမ်မွေ့၍ မြင်းတော်ခံစကားကို လိမ္မာစွာနှင့် နားထောင်၏။ တစ်နေ့သ၌ မြင်းတော်ခံသည် ထိုမြင်းကြီးကိုဆွဲ၍ လေသန့် ယူပြီးလျှင် အညောင်းပြေစေရာ မြို့ထိပ်၌ သားတစ်ကောင်နှင့် ပြေးလွှား မြူးထူးနေသော မြင်းမတစ်ကောင်ကို မြင်လေရာ တိမ်ညွန့်စားမျိုး မြင်းကြီးသည် မြင်းတော်ခံလက်မှ ရုန်းထွက်၍ မြင်းမနောက်သို့ တန်းတန်းမတ်မတ် လိုက် ပြီးလျှင် ခုန်ပေါက် မြူးထူးပြေးလွှား ပျော်ပါးပါသဖြင့် မြင်းတော်ခံသည် ထို မြင်းကို သိမ်းသွင်း၍ ဆုံးမခြင်းငှာ မတတ်နိုင်ဘဲ လွှတ်ထားရပါသည်။

'ထိုမြင်းကြီးသည်လည်း မြင်းမများနှင့် ပျော်မွေ့မြူးထူး၍ အပူမိရောဂါရပြီးသော် ကျိုးနာနေသောအခါမှ မြင်းဇောင်းသို့ ပြန်လည်သတိရပါသည်။

'ဆရာတော်၊ လောကဋ္ဌလည်း ထို့အတူ ဖြစ်သတတ်ပါတည်း'

'အင်း ... ဆင်ခြေမှုနှင့် ကျွမ်းကျင်တဲ့သူရဲ့ စိတ်နှလုံးကို ဖျောင်းဖျဖို့ ခဲယဉ်းလှပါတကား' ဟု ဒိသာပါမောက္ခ ဆရာကြီးသည် မိန့်တော်မူပြီးလျှင် ခပ်မဆိတ် နေလေ၏။

ငမဲသည် ၎င်း၏ဆရာတော် ဆုံးမချက်ကို ဝေဖန်ခြင်း မရှိဘဲ၊ ဆရာကို ကန်တော့၍ တက္ကသိုလ်ပြည်မှ ပြန်လေသည်။

# အခန်း [ ၂ ]

## ပညာရှိ စာတတ်ကို အလိုရှိသော သူဌေးကြီး

ငမဲသည် မိမိ၏ ချက်မြှုပ်အရပ်၌ ငယ်ကတည်းကပင် မိဘ မရှိသဖြင့် သိမ်သိမ် ငယ်ငယ်နှင့် နေခဲ့ရ၏။ ဆွေမျိုးသားချင်း ထောက်ထောက်ခံခံ မရှိခြင်းဖြင့်လည်း ၎င်းသည် ထိုအရပ်၌ လူစာရင်းတွင် အပါအဝင် မဟုတ်သော သူတစ်ယောက် ဖြစ်ခဲ့၏။ ယခုအခါ၌လည်း ငမဲ၏ ချက်မြှုပ်အရပ်တွင် ငမဲသည် မည်သည့် နည်းနှင့်မျှ လုပ်ကိုင်နေထိုင်ရန် မသင့်လျော်သောကြောင့် စကုမြို့သို့ သွားရောက် လေ၏။ ထိုအရပ်၌လည်း သူဌေး၊ သူကြွယ်၊ သူကောင်းများထံ၌ ကိုယ်ကို နှိမ့်ရင်းကာ သူရင်းငှားလုပ်၍ ရာကြဲ အသက်မွေးရန်မှတစ်ပါး အခြားအလုပ် အကိုင်ကို မတွေ့ရသဖြင့် ရသေ့တစ်ပါးထံတွင် ကပ်ပါးအဖြစ်နှင့် နေရရှာလေ၏။

မောင်မဲမှာ တက္ကသိုလ်ပြည်မှ ပြန်လာ၍ အတတ်မျိုးကို ဒိုးကဲ့သို့ မွေ နိုင်သော ပညာရှင် ဖြစ်ခဲ့သော်လည်း တစ်စုံတစ်ခုသော အတတ်နှင့် ထင်ပေါ် ကျော်ကြားရန် ဝေးလျက် အသက်မွေးဝမ်းကျောင်းအဖို့ပင် အတော်ခဲယဉ်းကာ ဖြစ်နေပေ၏။ အမြင်ကျဉ်းသော သူတို့၏ခေတ်၌ မင်းက မမြှောက်လျှင် မမြောက် နိုင်၊ မင်းက မချီးမြှင့်လျှင် မမြင့်နိုင်၊ တော်မကောက်က မပေါ်ပေါက်နိုင်၊ မင်း သုံးက စားမတုံးပင် ထက်သည် ဆိုစကားတို့ကို ငမဲသည် ကိုယ်တွေ့ တွေ့ရ ချေပြီ ဖြစ်ခြင်းကြောင့် မင်းမှီကပ်ပါး မင်းခစား လုပ်ရရန်မှာလည်း ပညာရှိဖြစ်လျက် စာမတတ်၍ အခက်ကြုံနေရရှာ၏။ ကိုယ်ကိုနှိမ့်ရင်း၍ လက်ရုံးအားကိုး မင်းမှုထမ်း ပြုလုပ်ရရန်မှာလည်း လုံးလုံး ဝါသနာမရှိ ဖြစ်နေပြန်၏။

တစ်နေ့သ၌ မောင်မဲသည် စည်ကားလှစွာသော အိမ်ဈေးတန်းသို့ အခွင့် အခါ သင့်က မိမိ၏ ပညာစွမ်းကို ပြလိုသော သဘောနှင့် လှည့်လည်ကာ သွားနေ၏။ ထိုအခါ မြို့စိုးထံ၌ မပြီးမပြတ်နိုင်သည့် တရားတစ်ထုံးရှိကြောင်းကို

ကြားသိရ၍ မြို့စိုး တရားစီရင်အံ့သော အချိန်ကို မှတ်ပြီးသော် တရားရုံးသို့ သွားရောက်လေ၏။

မြို့စိုးသည် တရားရုံး၌ တရားလို၊ တရားခံ သက်သေစုံညီတို့နှင့် တရားစီရင်ရန် စဉ်းစားနေသည်တွင် သူဌေး သူကြွယ် သူကောင်း စသော လူကြီး လူကောင်း များစွာတို့ပါ တရားကို နားထောင်ကာ နေကြကုန်၏။ မြို့စိုးမှာ ထိုတရားကို မည်သို့မျှ စီရင်ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ဘဲ ရှိနေ၏။

တရားကား ဤသို့တည်း။ ။ အချိန်အရွယ်ရှိ မိန်းမ နှစ်ယောက်တို့သည် သုံးလသားခန့်ရှိ ပုခက်တွင်း သားသူငယ်ကို သူ့သား၊ ငါ့သား လုသော အမှု ဖြစ်ချေသည်။ တရားလို၏သား ဖြစ်ကြောင်းကို သက်သေ အစုံအလင်နှင့် အခိုင်အမာပြုကာ ပြဆို၏။ တရားခံကလည်း ထိုနည်းတူပင် ပြဆိုခုခံ၏။ ထိုနေ့ကား ထိုတရားကို အပြီး စီရင်ရမည့်နေ့ ဖြစ်သဖြင့် မြို့စိုးသည် နဖူးမှ ချွေးဒီးဒီးကျကာ ရှိနေ၏။

မောင်မဲသည်ကား "ယနေ့သည် ငါ့အခွင့်အရေး တင့်မည့်နေ့ ပေတည်း" ဟု အောက်မေ့လျက် ပရိသတ်အလယ်သို့ တိုးဝင်ပြီး မြို့စိုး၏ရှေ့တွင် "ပညာ ရဲရင့် ပွဲလယ်တင့်" ဆိုစကားနှင့်အညီ ရဲရင့်တည်ကြည်စွာ ရပ်၏။

'အမောင်၊ အကြောင်း ဘယ်လို ရှိပါသလဲ'

'မြို့စားမင်း မပြီးမပြတ်နိုင်တဲ့ တရားတစ်ထုံးအတွက် ဘယ်လို ဆုံးဖြတ်မလဲလို့ နားထောင်ရန် လာပါတယ်။ တရားဆိုတာဟာ မမှန်မကန် ဆုံးဖြတ်မိက မတရား နိုင်ထက်စီးနင်း ဖြစ်နေလို့ ဆုံးဖြတ်တဲ့ တရားသူကြီးဟာ ပြည်ကို ပူလောင်ချစ်ကျွမ်းစေတဲ့အပြင် အပါယ်ငရဲမှာလည်း ကျက်ရပါတယ်။ သည်တရားကို ဘယ်လို ဆုံးဖြတ်ပါမလဲ'

'အမောင်၊ ငါကား မဆုံးဖြတ်နိုင်လို့ ရက်သတ္တ နှစ်ပတ် ကြာသွားပြီ။ တရားလိုမဟာ သူ့သားကို မွေးလို့ မီးထွက်တဲ့အခါ သားငယ်အား ပုခက်နှင့် သိပ်ထားရာမှ ပျောက်သွားတာကို တရားခံထံမှာ ယခု တွေ့ရပါတယ်။ သူ့သားငယ် နဖူးတည့်တည့်မှာ မှဲ့ရှင်တစ်လုံး ပါပါတယ်ဟု သက်သေများနှင့်တကွ ပြဆိုပါတယ်။ ဝမ်းဆွဲ၊ အရပ်အသိ အားလုံးကပင် ၎င်း၏သား မှန်ကြောင်းကို တညီတည်း ထွက်ဆိုနေပါတယ်။ တရားခံမကလည်း သူ့ကိုယ်ဝန်ဆောင် နေရကတည်းက စ၍ မွေးဖွားရသည်အထိ အရပ်လူကြီး၊ ဝမ်းဆွဲတို့နှင့် သက်သေတင်ပြကာ ခုခံသည့်အတိုင်း သက်သေများကလည်း တညီတည်း မှန်ကန်ကြောင်းကို ထွက်ဆိုကြပါတယ်။ သင်းတို့အရပ်ဟာလည်း တစ်မြို့တည်းဖြစ်လို့

တစ်ပြင်နှင့်တစ်ပြင်သာ ခြားနားပါတယ်။ အတော်ခက်နေတဲ့ သားလုတရား ဖြစ်နေချေပြီ အမောင်'

'သည်လိုဆိုရင် သည်တရားကို ကျွန်တော့်အား လွှဲပါ'

'ကောင်းလှပြီ အမောင်' ဆို၍ မြို့စိုးသည် ထိုတရားကို တရားခွင်နှင့်တကွ မောင်မဲအား အပ်လေ၏။

*

မောင်မဲသည် ထိုတရားကို လက်ခံ၍ တရားလို၊ တရားခံတို့ကို ကျနစွာ စစ်ဆေးပြီးနောက် ကလေးငယ်၏ သွင်ပြင်လက္ခဏာကို ကြည့်ပြီးလျှင် "သည်ကလေးဟာ သင်တို့ရဲ့သား မဟုတ်တန်ရာ၊ သားလုတယ်လို့လည်း မကြံစကောင်း" ဟု စဉ်းစား၍ တရားလိုမအား ဤသို့ မေးစစ်လေ၏။

'မယ်မင်းရဲ့ ခင်ပွန်းသည်ဟာ ဘယ်လို အလုပ်အကိုင်နှင့် အိမ်ထောင်ကို ပြုစုသလဲ'

'အရှင်၊ ကျွန်တော်မရဲ့ ခင်ပွန်းသည်ဟာ ပန်းပဲအမှုဖြင့် အိမ်ထောင်ကို ပြုစုပါတယ်'

'ကောင်းပြီ' ဆို၍ မောင်မဲသည် တစ်ဖန် တရားခံမအား စစ်မေးမြန်း၏။

'မယ်မင်းရဲ့ ခင်ပွန်းသည်ဟာ ဘယ်လို အလုပ်အကိုင်နှင့် ....'

'အရှင်၊ ကျွန်မရဲ့ ခင်ပွန်းသည်ကား ယာလုပ်မှုဖြင့် အသက်မွေးပါတယ်'

'အင်း ...' ဟု မောင်မဲသည် စဉ်းစားလျက် မင်းချင်းတို့၏ ကတော်များကို ခေါ်ပြီးသော် တရားလိုမ၊ တရားခံမတို့၏ ဝမ်းရေနှင့် သူငယ်အိမ်တံခါးစောင့်၊ ခလုတ်၊ ရင်သားတို့ကို ကြည့်ရှုစစ်ဆေးစေ၍ ၎င်းတို့၏ တွေ့ရှိရချက်ကို မှတ်သားပြီးနောက် ဤသို့ စီရင်လေ၏။

'တရားလို၊ တရားခံ နှစ်ဦးတို့သည် ထိုကလေးကို မိမိတို့ ကိုယ်တိုင် မွေးဖွားရသည်ဟု သက်သေစုံညီနှင့် အနိုင်အမာ ထွက်ဆိုကြသည်။ "လုခေတ်" တွင် သက်သေကို ဂုဏ်နှင့်ငွေ ရှိပါက လိုသလောက် ရနိုင်ပေသည်။ မယ်မင်းတို့၏ ရှေ့ဆောင်များ စီစဉ်ချက်အရ သက်သေများ၏ ထွက်ဆိုချက်ကို အထောက်အထားပြု၍ စီရင်ရမည်ဆိုသော် လောကကို ဖျက်ဆီးရာရောက်၍ သဘာဝ တရားသူကြီးက လက်သင့်ခံနိုင်ဖွယ် မရှိချေ။ မယ်မင်းတို့ နှစ်ဦးစလုံးကို စစ်ဆေးကြည့်ရာ မယ်မင်းတို့၏ ရင်သားသည် ကလေးမွေးဖွားသော မိန်းမများကဲ့သို့ တင်းမာခြင်း မရှိ။ ကစီရည်လည်း အစအနမျှပင် မရှိ။ ဝမ်းသားမှာလည်း မပြတ်တောက်ဘဲ လိပ်ခုံးသဏ္ဍာန်ကဲ့သို့ ကြည့်မငြီးနိုင်ခြင်းမှ မချွတ်ယွင်းသေးချေ။ သူငယ်အိမ်စောင့်တံခါး၏ ခလုတ်မှာလည်း ကွဲပြတ်ခြင်း မရှိ။ ပြကတေ့အတိုင်း

လှလှကလေးပင် သွေးရည်တက်လျက် ရှိသေးသည်။ ထို့ကြောင့် ထိုကလေး သည် မယ်မင်းတို့နှစ်ဦးမှ မွေးဖွားသောကလေး မဟုတ်ချေ။

'ဤကလေးကား ကျယ်ပြန့်သော နဖူးပြင် ရှိ၏။ ထူးကဲသော အသိ ဉာဏ်တို့ ကိန်းဝပ်နိုင်ရာ အရစ်အရစ်နှင့်သော နဖူးလည်း ရှိ၏။ ပေါ်သောနှာတံ ရှိ၏။ တင့်တယ်ပြတ်သားသော နဖူးရေဒွေးရေလည်း ရှိ၏။ မိလက္ခုများအား နှီးရင်းသောသူများ၏ အဆက်အနွယ် မဟုတ်သဖြင့် အဆစ်အလက် ပြေပြစ် ၏။ ခြေသားလက်သား နူးညံ့၍ ခြေရေးလက်ရေးတွင် ထီးရိုးစိုက်လျက် ပါ၏။ အငိုအရယ်လည်း နည်း၏။ ခြေဖဏာသည် ဘဝါဘဝက ဓာတ်ခံသဘောကို ပြ၏။ လက္ခဏာ နဖူးရေဒွေးရေတို့သည် မျိုးစေ့တည်းဟူသော ဖခင်၏အနွယ်ကို ထင်ရှားပြသခြင်း ဖြစ်၏။ ကျန်းမာထွားကျိုင်းခြင်း တည်းဟူသော သားငယ်၏ အပရုပ်သည် မျိုးစေ့ တည်းဟူသော ဖခင်နှင့် မြေတည်းဟူသော မိခင်ကို ထင်ရှားစွာ ပြသနေခြင်း ဖြစ်၏။

'ထိုသဘောများကြောင့် တရားလို၊ တရားခံမတို့၏သား မဟုတ်နိုင်ချေ။ ၎င်းတို့ချင်းကား အဆက်အသွယ် ရှိ၏။ တရားခံမ၏ ယောကျ်ားသည်ကား ပုဆိန်တို့ အလို့ငှာ ပန်းပဲဖိုသို့ သွားရာ သားတစ်ယောက်အား အမှိုက်စွန့်ရာတွင် ကောက်ရကြောင်းကို ပြောမိသည် ဖြစ်၏။ ပန်းပဲဖိုသည် ဇနီးခင်ပွန်းမှာ ပစ္စည်း ရှိလျက် သားသမီး မရှိသဖြင့် သားသမီး လိုနေရာတွင် တရားခံ၏ ခင်ပွန်းဖြင့် ထိုသတင်းကို ရခြင်းကြောင့် ငွေအားနှင့် ချီပြီးသော် ငွေလိုသူများကို နောက်ပါ ပြုလျက် ထိုသားငယ်ကိုလုကြောင်း ထင်ရှား၏။ တရားခံမကလည်း သားသမီး လိုနေရာတွင် သားတစ်ယောက်ကို ကောက်ရ၍ ငွေကို အားကိုးပြုပြီးသော် ငွေငတ်သူများကို အဖော်ပြုလျက် ထိုသားငယ်အတွက် ခံ၍ လုကြောင်း ထင်ရှား၏။ စင်စစ် ထိုသူငယ်သည် သာယာသော အတွေ့ကို လွန်၍ နှစ်သက် နေသဖြင့် ဂုဏ်မြင့်သူ၊ အမျိုးမြတ်သူဟု ပညတ်ထားသည့် ယောကျ်ားတစ်ဦးနှင့် သင့်၍ သန္ဓေရကာ မွေးဖွားသော ပြည့်တန်ဆာမ၏ သားလျှင်ကတည်း။

'ဟယ် ... ညစ်ညမ်းသော မိန်းမများ၊ ငါကဲ့သို့သော သျှတ္တရ ပညာရှင်ကို မလှည့်စားနိုင်ရာ၊ မှန်ရာကို ပြန်တင်' ဟု ပရိသတ်အလယ်တွင် အာလုပ်သံ ပါပါနှင့် မိန့်လေ၏။

တရားလို၊ တရားခံတို့လည်း ဟုတ်မှန်သည့်အတိုင်း ဝန်ခံကာ လျှောက် တင်ကြရ၍ မောင်မဲသည် ဤသို့ ဆုံးဖြတ်ပေးလေ၏။

'ထိုကလေးသည် ထိုသူများနှင့် မတန်ချေ။ မိလက္ခုဘဝဖြင့် မထိုက်။ ထို့ကြောင့် ကောက်ရသူ မိန်းမအား ဘုရင့်ဘဏ္ဍာတော်မှ အသက်ဖိုး သုံးပိဿာ

အသပြာကို ဆုအဖြစ်နှင့် ချီးမြှင့်ပြီးလျှင်၊ မြို့စိုးသည် ဤမြို့၌ အစိုးရ ဖြစ်ချေသောကြောင့် ဤကလေးကို မွေးမြူ၍ အသက်အရွယ်ကြီးက တက္ကသိုလ်သို့ ပို့ရမည်။ သို့မဟုတ် ထိုက်တန်သူတစ်ယောက်အား ထို့အတူ ပြုမူဆောင်ရွက်ရန် မြို့စိုးက လွှဲအပ်ရမည်'

ပရိသတ်တို့သည် နက်နဲလေစွဟု ကောင်းချီးထောမနာ ပြုကြပြီးလျှင် သူဌေး၊ သူကြွယ်များသည် မောင်မဲအား တရားပူဇော်မှုဖြင့် များစွာသော အသပြာ ကြေးငွေတို့နှင့် ပူဇော်ကြလေ၏။

## သူခိုးတရားထုံး

ပေါက်လွှတ်သည် အလွန် ထင်ရှားကျော်ကြားသော သူခိုးကြီး ဖြစ်၏။ တစ်နေ့သ၌ ၎င်းကို ဖမ်းမိ၍ ဒဏ်ထားပြီးသော် နောင်ကို ပြစ်မှုမကျူးလွန်ပါ ဟု ကတိကိုပြုစေလျက် အသက်ဘေးမှ ချမ်းသာပေးလေ၏။

ထိုသူခိုး၏ မယားကား အလွန် လိမ္မာ၏။ သဘောထား မြင့်မြတ်၏။ "မိသက်ပို" အမည်ရှိ၏။ မိသက်ပိုသည် ခင်ပွန်းသည်၏ ရှေးက ကျေးဇူးကို ထောက်မြော်လျက် ကောင်းမွန်စွာ ယုယုယယနှင့် ကျွေးမွေးပြုစု၏။ ခင်ပွန်းသည်၏ ရိုက်ပုတ်ခြင်း၊ ဆဲဆိုညှဉ်းပန်းခြင်းတို့ကို ပမာဏမပြုဘဲ မုန့်ရောင်း၍ မယားကောင်းတို့၏ ပြုစုရာသော ဝတ္တရားနှင့်အညီ မလစ်လပ်စေမှုခြင်းဖြင့် လုပ်ကိုင်နေထိုင်၏။ ၎င်းတို့ အလုပ်ကြီး၊ အကိုင်ကြီး ထင်ရှားစွာ မရှိဘဲ ရွှေတွဲလွဲ၊ ငွေတွဲလွဲနှင့် ချမ်းသာလာသဖြင့် ထိုလင်မယားနှစ်ယောက်ကို ဖမ်းပြီးလျှင် အရပ်သားတို့သည် သင်းတို့လင်မယား နှစ်ယောက်သည် ရှေးက ခိုး၍ရသော ပစ္စည်းများကို ကဲ့ဝှက်ထားရာမှ ယူငင်သုံးစွဲခြင်းကို သော်လည်းကောင်း၊ မထင်မရှားပြုကာ ယခု ခိုးဝှက်နေခြင်းဖြင့် ရွှေငွေချမ်းသာနေသည်ဟု လည်းကောင်း စွပ်စွဲကြကုန်လျက် တရားရုံးသို့ ပို့လေ၏။ မြို့စိုးလည်း အောက်ပါ ထွက်ချက်ဖြင့် တရားမစီရင်သာ ဖြစ်နေလေ၏။

'ကျွန်တော်၊ ကျွန်မတို့သည် ရှေးအခါက သူခိုးအဖြစ်နှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ် နေထိုင်ခဲ့သည်။ အရှင်မြို့စားမင်း ဒဏ်ထားကဲမြစ်သည့် အချိန်ကစ၍ ကျွန်တော်မသည် အသက်ကိုစွန့်၍၊ အရှက်ကိုစွန့်၍ သံသရာဘေးကို မကြောက်မရွံ့နိုင်ဘဲ ခိုးဝှက် ကျွေးမွေးလာခဲ့သော ခင်ပွန်းသည်အား မယားကောင်းတို့၏ ကျင့်ဝတ်ကောင်းနှင့်အညီ ကျင့်သုံးလျက် မုန့်လုပ်ရောင်းကာ ကျွေးမွေးပါသည်။ ဤသခင်ယောက်ျား၏ တစ်ခါတစ်ရံ စိတ်အလိုအတိုင်း မကျ၍ ဆဲဆိုခြင်း၊ ရိုက်ပုတ်ခြင်း၊ မြည်တွန်တောက်တီးခြင်းတို့ကို ဆုံးမသည်

ဟုပင် သဘောထားလျက် ချစ်ခင်ကြင်နာယုယစွာနှင့် လုပ်ကိုင် ကျွေးမွေးသမှု ပြုနေပါသည်။ အရွယ်ရောက် သားနစ်ယောက်သည်လည်း ကျွန်တော်မ၏ နူးညံ့သိမ်မွေ့ ယဉ်ကျေးစွာ ကဲမြစ်မှုဖြင့် ညီသည် အစ်ကိုအား တော်လှန်ခြင်း မပြု။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နှုတ်လှန်မထိုး၊ မကြည်သာသော အပြု အမူကို မပြ။ အစ်ကိုက ညီငယ်အား ဒေါသအားဖြင့် တစ်ကြိမ် တစ်ခါမျှ စကားကိုပင်လျှင် မပြော။ ချစ်ခင်ကြင်နာ ယုယစွာဖြင့် ကျွန်တော်မ၏ ဆိုဆုံးမ ခြင်းနှင့် အညီ ပြောဟောကာ ဆုံးမနေထိုင်ပါသည်။ တစ်ဦးအပေါ်၌ တစ်ဦး ယဉ်ကျေးသည့် အမူအရာကိုသာ ပြကြပါသည်။ ထိုသားနစ်ယောက်သည် အစဉ်သဖြင့် ကျွန်တော်မ၏ အလုပ်ကို ငြိုငြင်တွန့်တိုခြင်း မရှိဘဲ ကူညီလုပ်ကိုင် ဆောင်ရွက်ပါသည်။ ၎င်းတို့သည် မိဘနစ်ပါးတို့ကို ရေချိုးရေချမ်း ကမ်းလှမ်း လျက် အစဉ် စိတ်ချမ်းသာအောင် ကျင့်ကြံနေထိုင်ကြပါသည်။

'အခါတစ်ပါး၌ အင်အားချည့်နဲ့သော အဘိုးအို တစ်ယောက်သည် အိမ်ရှေ့သို့ ရောက်လာ၍ တည်းခိုရန် ပြောဆိုပါသည်။ ထိုအခါ ညီဖြစ်သူက "အဘိုး၊ ကျွန်တော်များ အိမ်ဟာ ကျဉ်းကျပ်လှပါတယ်။ တည်းခိုခြင်းကို လက်ခံနိုင်ဖို့ မမြင်ပါ" ဟု တောင်းပန်သည်ကို အစ်ကိုက ကြားသိရရာ 'ငါ့ညီ၊ ဘယ်လို ဆိုလိုက်ပါသလဲ။ မစွမ်းမသန်လည်း ဖြစ်တယ်၊ သက်ကြီးရွယ်ရင့် အဘိုးအိုလည်း ဖြစ်တယ်။ ငါ့ညီလိုသာ တောင်းပန်နေရင် ဆင်းရဲသူဟာ ဘယ်မှာ ကိုးကွယ်ရာ ရပါတော့မလဲ။ ဆင်ခြေကို အများပင် ပြောဆိုတတ် တယ်။ ကာကွယ်ရန် အကြောင်းကိုလည်း ယုတ္တိတန်တန်နှင့် ပြောဆိုတတ်ကြ တယ်။ ဒုက္ခိတကို လက်သင့်မခံလိုခြင်းဟာ လူ့စရိုက်မှာ အမွန်မြတ်တစ်ခု ဖြစ်နေတာကို ငါ့ညီ သတိပြုသင့်တယ်။ ဆင်ခြေနှင့် အကြောင်းတို့ဟာ ငြင်းပယ် ခြင်းနှင့် ကိုယ့်အတွက် လဲခြင်းမျှသာ ဖြစ်တယ် ဆိုတာကို တို့ညီအစ်ကို စဉ်းစားကြရလိမ့်မယ်။ သည်ဒုက္ခိတအတွက် တို့ညီအစ်ကိုဟာ လူမက မွေးတဲ့လူ ဆိုရင် (လုမဟုတ်ရင်) တာဝန်ယူသင့်လို့ နေရာဖယ်ပေးပြီးသော် ဝတ်ကြီး ဝတ်ငယ်ကို ပြုသင့်ပေတယ်။ ငါတို့ စားစရာကို လျှော့စားပြီး ကျွေးမွေးသင့်ပေ တယ်။ တည်းခိုရန် ပင့်ဖိတ်ပါ ငါ့ညီ" ဟု ဆိုသဖြင့် ညီငယ်သည် ထိုအဘိုးအိုကို ပင့်ဖိတ်၍ ညီအစ်ကိုနစ်ယောက်သည် ဝတ်ကြီးဝတ်ငယ်ကို ပြုစုကြပါသည်။

'သို့နှင့်ပင် သုံးရက်မြောက်သောနေ့ သန်းခေါင်အချိန်တွင် ထိုအဘိုးအို သည် ကျွန်တော်မတို့ကို နှိုး၍ ဤပြာထုပ်ကို ပေးသွားပါသည်။ ထိုပြာနှင့် ခဲကို ရွှေလုပ်၍လည်း ပြသွားပါသည်။ ထိုအခါကစပြီး ကျွန်တော်မတို့သည်

ချမ်းသာလာပါသည်။ ဤပြာသည်ပင်လျှင် ကျွန်တော်မတို့၏ အသက်မွေးဝမ်းကျောင်း တော်မှန်သောသက်သေ ဖြစ်ပါသည်'

ထိုအခါ မြို့စိုးသည် ခဲကိုပြာနှင့် ရွှေလုပ်ကြည့်ခြင်းဖြင့် လည်းကောင်း၊ ရွှေလုပ်ပြစေခြင်းဖြင့် လည်းကောင်း အကြောင်းမလှသဖြင့် လီဆယ်စကားမျှသာ ဖြစ်တန်သည်ဟု အောက်မေ့ကာ တရားမစီရင်သာ ဖြစ်နေ၍ မောင်မဲအား လွှဲအပ်လေ၏။ မောင်မဲလည်း ဤသို့လျှင် သာဓကဆောင်၍ စီရင်လေ၏။

အခါတစ်ပါး၌ မဟာမြိုင်တောအုပ်တွင် မုဆိုးတစ်ယောက်နှင့် သီတင်းသည်တစ်ဦးသည်တွေ့၍ သစ်ပင်ရိပ်တွင် သီတင်းသည်သည် မုဆိုးအား တရားဟောပြောကာ နေ၏။ ထိုအခိုက်အတန့်၌ ရသေ့တစ်ပါးသည် ရောက်လာ၍ မုဆိုးအား 'အချင်း ဤပြဒါးပြာဖြင့် အိမ်ထောင်ဝတ်ကို ပြုလော့' ဟု ပေး၏။ ထိုအခါ မုဆိုးသည် ရှင်ရသေ့၏ မျက်နှာကိုကြည့်၍ 'အရှင်သူတော်မြတ်၊ ကျွန်တော်ကား သူ့အသက်ကို သတ်၍ သားမယားအား ကျွေးမွေးနေသော သူယုတ်မာပါတည်း။ ဤသူကား သီတင်းသည် သူတော်ကောင်း တရားရှင်ပါတည်း။ အရှင်သည် သူတော်ကောင်းအား ပြဒါးပြာကို မပေးဘဲ ကျွန်တော့်အား ပေးမှားချေပြီ။ ကျွန်တော့်ထံ၌ သည်ပြဒါးပြာသည် တည်မည် မဟုတ်ပါ' ဟု ဆို၏။

ရှင်ရသေ့လည်း ဤသို့ ဆို၏။ 'ဟယ် မုဆိုးသား၊ သင်ကား လုပ်ဇာတ်တရားကိုသာ မြင်ပြီး သဘာဝအားဖြင့် အမြတ်တရားကို မသိချေ။ သည်သူဟာ သီတင်းသည် ဖြစ်ကြောင်းကို ငါ သိတယ်။ သူတော်ကောင်း ဟုလည်း ငါ ဆိုတယ်။ သို့သော် သူယုတ်မာ ဖြစ်ရာရပေတယ်။ အကြောင်းက သည်လို ကလား မုဆိုးသား။ ဘုရင့် စားတော်ပွဲမှာ မစင်ကလေး နည်းနည်းကျပေမယ့် အဖိုးမတန် ယုတ်ညံ့ရမယ် မဟုတ်လား။ ကျင်ကြီးကျင်ငယ်တို့နှင့် လောင်းပြီး စိုက်ပျိုးတဲ့ ဟင်းသီးပင်ရဲ့ အသီးအနံ့တို့မှာကား အင်မတန် အဖိုးတန်တယ် မဟုတ်လား။

'အမောင် မုဆိုးသား၊ ထို့အတူပင် ဤသီတင်းသည်သည် ရှေးအခါက သူကြွယ် ဖြစ်၏။ သူ၏မိန်းမသည် သူ့အား သိကြားမင်းကိုကဲ့သို့ ရိုသေကျိုးနွံစွာ ခစား၏။ သူကြွယ်ပေပဲကိုး။ သူ၏ သားသမီးများသည် သူ့အား မဟောသရ နတ်မင်းကြီးကို ကဲ့သို့ ကြောက်ရွံ့ ရိုသေကြကုန်၏။ ငွေမျက်နှာပေကိုး။ ယခုသော်ကား ကံအကြောင်းသည် ပြောင်းလဲလာသဖြင့် သူကြွယ်သည် ဆင်းရဲဘိ၏။ သူ၏မယားသည် သူနှင့် တစ်တောင်ကွာ အိပ်၏။ မျက်နှာရှစ်ခေါက်ချိုးနှင့် ကြည့်၏။ စိတ်ဆင်းရဲအောင် ဆူပူ၏။ သူ၏ သားသမီးများသည် သူ့ကို မရိုမသေ၊ အချင်းချင်း ရန်ဖြစ်လျက် ရှိကြ၏။ အိမ်ကို ပူလောင်ဆူပွက်စေကြ၏။

ထို့ကြောင့် ၎င်းသည် အေးချမ်းစွာ နေရပါစေတော့ဟု သီတင်းသည် ပြုံးနေ၏။ တစ်ခါတစ်ခါ ဝိဇ္ဇာနှင့် တွေ့လိုပါသည်ဟုလည်း ပြန်လည်ချမ်းသာပြီးသော မယားနှင့် သားသမီးတို့တွင် မျက်နှာပြုလို၍ တောင့်တနေ၏။ သို့သော် ဝိဇ္ဇာသည်၊ ဝိဇ္ဇာ၏ အတတ်သည် သူနှင့်ကား တန်၍ သူ့အိမ်ထောင်နှင့်ကား မတန်ပေ။ သူသည် ပြဒါးပြာကို ရလျှင် သူ့အိမ်ထောင်အား သူ လုပ်ကျွေးပေလိမ့်မည်။ ထို့ကြောင့် သီတင်းသည်အား ငါသည် ပြဒါးပြာကို မပေး။

'သင့်မှာကား သင့်အိမ်ရှင်မသည် သင့်အား ကောင်းစွာ ယုယလုပ်ကျွေး၏။ ကျွန်နှင့်တူသော မယားအဖြစ်နှင့် တည်၏။ ပြည့်တန်ဆာမကဲ့သို့ သင့်အား ကာမဂုဏ် မွေ့လျော်မှုဖြင့် ထောက်ပံ့၏။ သားသမီးတို့သည် တောမှ သင့်မှာ အမဲပါလာသည် ဖြစ်စေ၊ မပါလာသည် ဖြစ်စေ လောကွတ်ပျူငှာ ချစ်ခင်ဖွယ်ရာတို့နှင့် သင့်ကို ခရီးဦး ကြိုဆိုကြပေသည်။ ရသမျှနှင့် တင်းတိမ်ရောင့်ရဲကြ၍ သင့်ကို ချမ်းသာစေသည်။ ကိုယ်စီကိုယ်င တတ်အားသရွေ့ အလုပ်ခွင်သို့ ဝင်ကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာနှင့် လုပ်ကိုင် ရှာကြံ စားသောက်ကြသည်။ မလောင်င၍ လည်းကောင်း၊ ဝါသနာကြောင့် လည်းကောင်း သင် မုဆိုး ဖြစ်ရသည်။ ထို့ကြောင့် သင် ယုတ်စေဦး၊ သင့်အိမ်ထောင်ကား မြတ်သည်။ ထို့ကြောင့် သင့်အိမ်ထောင်အဖို့ သင့်အား ပြဒါးပြာကို ငါ ပေး၍ သီတင်းသည်၏ အိမ်ထောင်အဖို့ သီတင်းသည်အား ပြဒါးပြာကို ငါ မပေးသာ' ဟု ပြောဆိုကာ ရှင်ရသေ့သည် ဖဲခွာသွားလေသည်။

မုဆိုးသားလည်း ပြဒါးပြာတစ်ဝက်ကို သီတင်းသည်အား ပေးလိုက်၍ တောမှ အသီးသီး ပြန်ကြကုန်၏။ ၎င်းတို့သည် အိမ်သို့ အသီးသီး ပြန်ရောက်ကြသောအခါ သီတင်းသည်သည် အားရဝမ်းသာနှင့် ၎င်း၏ အိမ်ရှင်မအား ပြဒါးပြာကို ပေးရန် ယူရာ ပြဒါးပြာသည် ၎င်းတို့၏ ရှေ့တွင်ပင် လေထဲ၌ လွင့်ပါသွားပြီးသော် မုဆိုး၏လက်သို့ ပြန်ရောက်သွားလေ၏။ မုဆိုးသားလည်း မုဆိုး၏အလုပ်ကို စွန့်လွှတ်လိုက်လေသည်။

မြို့စားကြီး၊ ဤသာဓကကို ထောက်ဆ၍ မယားကောင်းနှင့်တည်သော အိမ်သည် သားကောင်း သမီးကောင်းတို့နှင့် တည်တတ်၍ ဂြိုဟ်စီးဇာတာဟာ အမြဲ ကောင်းပြီးလျှင် နတ်သိကြားများ၊ သိဒ္ဓိမြောက် ဝိဇ္ဇာဓိုရ်များတို့၏ အကြောင်းဆိုက်၍ အာရုံစူးစိုက်ခြင်းနှင့် ကြုံကြိုက်ခဲ့သော် အမ,အစကို ခံရတတ်သည်။ ယုံမှားဖွယ် မရှိရာ။

ထို့ကြောင့် သူခိုးကတော်၏ ခြေလွှာစကားသည် မှန်ချေသည်ဟု စီရင်လျက်၊ သည်ပစ္စည်းများသည် ငါ့အိမ်ထောင်ဖို့ဟု ဆို၍ ခဲကို ငပေါက်လွှတ်အား

ရွှေလုပ်ပြစေရာ ရွှေအစစ် ဆယ်လှော်ခုတ် ဖြစ်နေသည့်အတိုင်း ဘုရင်မင်းမြတ် ထံ၌ သူကြွယ်အရာကို တောင်းခံကာ ငပေါက်လွတ်အား ပေးသင့်သည်ဟု ဆုံးဖြတ်လေသည်။

## မေထုန်သူခိုး

မြို့စိုးသည် မောင်မဲ၏ တရားဆုံးဖြတ်မှုကို မိမိနှင့်တကွ လူခပ်သိမ်းတို့ပါ ကျေနပ် နှစ်သက်ကြ၍ မောင်မဲအား ပူဇော်မှုကို ပြုပြီးလျှင် ခက်ခဲနက်နဲသော အမှုများအတွက် တရားစီရင်ရန် လွှဲအပ်လေ၏။

အခါတစ်ပါး၌ အရွယ်အဆင်းနှင့် ပြည့်စုံသော သူကောင်းသမီးတစ် ယောက်နှင့် ထင်းထမ်းသမား တစ်ယောက်၏ မေထုန်လုယက်ယူမှု၌ မောင်မဲသည် အမှုသည်များနှင့် သက်သေများကို စစ်ဆေး၍ ဤသို့ စီရင်ဆုံးဖြတ်လေ၏။

တရားလိုမကို စစ်ဆေးရာ ချင်းသည် တရားခံကို မသိပါဟု ငြင်းဆို၏။ ၎င်း၏အိမ်ထက်တွင် အထိန်း၊ အချီ၊ အယုအယတို့နှင့် နေပါလျက် ထင်းထမ်း ယောကျ်ား ကျက်စားရာ ဆိတ်ကွယ်ရာသော အရပ်သို့ ထင်းထမ်းယောကျ်ားက ခေါ်ငင်သဖြင့် သွားရောက်မိပါသည်ဟုလည်း ထွက်ဆိုသည်။ အမြီးအမောက် မတည့်၍ မှန်ရာကို ထွက်ဆိုလော့ဟု မေးမြန်းသောအခါ အိမ်ထက်တွင် နေရာမှ ပျင်းရိငြီးငွေ့သောကြောင့် တစ်ကိုယ်တည်း အိမ်ထက်မှ ဆင်းပြီးလျှင် တော ခရီးသို့ အပျင်းပြေ ထွက်သွားပါသည်ဟု ထွက်ဆိုပြန်၏။

မယ်မင်းအား ဗလက္ကာရ ပြုလုပ်သောအခါ အဘယ်ကြောင့် မဟာစ်အော် သနည်းဟု မေးရာ၊ ထင်းထမ်းယောကျ်ားတွင် ဓားလက်နက် စွဲကိုင်ထားသဖြင့် အသက်ဘေးကို ကြောက်လန့်၍ မဟာစ်အော်ပါဟု ထွက်ဆို၏။

တစ်ဖန် နောက်မှ အဘယ်ကြောင့် အော်ပြန်ပါသနည်းဟု စစ်ဆေးပြန်ရာ ထိုယောကျ်ားနှင့် မလှမ်းမကမ်းသို့ ရောက်၍ ဘေးလွတ်အောင် ပြေးခွင့်ရှိသည် နှင့် တစ်ပြိုင်နက် ဇနပုဒ်မှလူများကို မြင်တွေ့သောအခါ အော်ငင် တိုင်ကြား ပါသည်ဟု ထွက်ဆို၏။

သက်သေများကလည်း သွားရောက် ကယ်ဆယ်၍ ဖမ်းဆီးသောအခါ ထင်းထမ်းယောကျ်ားကို မိပါသည်။ ၎င်းကလည်း မှောက်မှားမိပါသည်ဟု ဝန်ခံ၍ ချည်နှောင် ဖမ်းဆီးလာခဲ့ကြပါသည်ဟု ထွက်ဆိုကြ၏။

တရားခံကို စစ်မေးသောအခါ ၎င်းသည် မောပန်းလှစွာနှင့် ပခုံးထက်မှ ထင်းကိုချ၍ သစ်ပင်ရိပ်တွင် အမောအပန်းဖြေနေစဉ် အမည်မသိသော လုံမငယ် သည် လှပစွာ ဖြီးလိမ်းပြင်သလျက် ပြုံးကြည်သော မျက်နှာနှင့် သူ၏ရှေ့သို့

ရောက်လာကြောင်းကို ထွက်ဆို၏။ တရားလိုမသည် ၎င်း၏လုပမှုတွင် ရင်သားကို မပေါ့တပေါ် ပြထားသည့်ပြင် ကျပ်တည်းစွာ လျှို့ဝှက်အပ်သော ဘာဝရပ်ကို မြင်စေပါသည်။ ထို့ကြောင့် ကျွန်တော်သည် စိတ်ကို မချုပ်တည်းနိုင်သဖြင့် တရားနှင့် ဆန့်ကျင်ဘက် ပြုမိပါသည်။ လုံမငယ်ကား ငြင်းဆန်ခြင်း မပြု၊ သဘောတူညီ ပြုတိပြည်တည်ပြုလျက် အထမြောက်အောင် လုံ့လထုတ်ကာ ကူညီပါသည့်ပြင် နောက်ဆုံး၌ တောင်းပန်၍ လွတ်ရပါသည်ဟု တရားခံသည် ရိုးသားစွာ တိတိလင်းလင်း ထွက်ဆိုလေသည်။

တရားခံသည် တစ်ဖန် ဆက်လက် ထွက်ဆိုပြန်သည်မှာ 'လုံမငယ်သည် ချစ်ဖွယ်ရာ မျက်နှာချိုသွေးလျက် လူချင်းခွဲသွား၍ တစ်ခေါ်လောက် အကွာမှာ ကယ်တော်မူပါ ဟု ဟစ်အော်သံကို ကြားရပါသည်။ ထိုအခါ ကျွန်တော်သည် လုံမငယ်၌ ဘေးတွေ့သည်ထင်၍ ဓားကိုထမ်းပြီးလျှင် ကယ်ဆယ်ရန် သွားရောက်ပါသည်။ ထိုသို့သော အခိုက်အတန့်တွင် ဇနပုဒ်သားတို့သည် ကျွန်တော့်ကို ဝိုင်းဝန်းဖမ်းဆီး၍ တရားစီရင်ရာသို့ ပို့ပါသည်'

မောင်မဲသည် ဤသို့လျှင် ကောက်ချက်ချ၍ စီရင်ဆုံးဖြတ်လေ၏။

'တရားလိုနှင့် သက်သေတို့၏ ထွက်ဆိုချက်၊ တရားခံ၏ ထွက်ဆိုချက်တို့ကို ကောက်ယူစိစစ်ရပါမူ တရားလိုသည် ဥတုအလျောက် သဘာဝအတိုင်း ၎င်း၏ ထကြွလှုပ်ရှားလာသော စိတ်ကို အလိုလိုက်၍ အိမ်ထက်မှ အဖော်မပါဘဲ ဆိတ်ငြိမ်ရာ တောအရပ်သို့ ချဉ်းကပ်ကြောင်း ထင်ရှား၏။ ထိုသို့ ချဉ်းကပ်၍ ဓာတ်၏ သဘာဝအလျောက် တရားခံယောကျ်ား၏စိတ်ကို တုန်လှုပ်ချောက်ချား မှောက်မှားအောင် ဖြားယောင်း သွေးဆောင်ခြင်းကြောင့် တရားခံသည် မှားယွင်းမိကြောင်း ထင်ရှားသည်။

'တစ်ဖန် တရားလိုမသည် ဆန္ဒပြည့်ဝပြီးနောက် စိတ်လည်လာ၍ လူများနှင့် နီးစပ် တွေ့မြင်လာသောအခါ ၎င်း၏ ယုတ်ညံ့မှုကို သိမြင်ကြချေပြီဟု ၎င်း၏ဂုဏ်သရေကို ဆည်တင်လိုသည့် သဘောနှင့် တွေဝေလျက် အရှက်သဘောကို နားမလည်ဘဲ မိုက်မိုက်ရမ်းရမ်း ဟစ်အော်ပြန်ပေသည်။ တရားခံလည်း ရိုးဖြောင့်သောစိတ်နှင့် လာရောက်မိခြင်းကြောင့် အဖမ်းခံရလေသည်။ တရားခံသည် ရိုးသားသည့်အတိုင်း ၎င်း၏အပြစ် အများ၏ရှေ့တွင်ပင် ဝန်ခံခဲ့ပေသည်။

'ထို့ကြောင့် တရားလိုမသည် ကျပန်းမိန်းမမျိုးတွင် အယုတ်မများကဲ့သို့ စိတ်၏အလိုသို့ လိုက်မိသောကြောင့် တရားခံအား မကောင်းမှုကို ကျူးလွန်မိအောင် သွေးဆောင်ဖြားယောင်းရာ ရောက်ချေသည်။ ယင်းသို့ဖြစ်၍ တရားလိုမသည် တရားခံအား လျော်ကြေးငွေ အသပြာတစ်ရာ ပေးစေ။

'တရားခံမှာကား ယောကျ်ားဖြစ်လျက် ယောကျ်ား၏ဝတ်ကို မထိန်းသိမ်းမူ၍ အုပ်ထိန်းခြင်း နှစ်ဆယ့်ငါးပါးတွင် တစ်ပါးပါးက အခွင့်မပြုဘဲနှင့် မိန်းမတစ်ဦး၏ ဆွဲငင်ခြင်းဓာတ်ကို လိုက်မှားမိသည် အားလျော်စွာ ယုတ်သော ယောကျ်ားအဖြစ်ဖြင့် အားနည်းသော အမျိုးသမီးတစ်ယောက်ကို စောင့်ရှောက်ရန် ဝတ္တရားပျက်ကွက်ရုံမျှမက အပျိုဟူသောဂုဏ်ကို ဆုံးရှုံးပျက်စီးစေရာ ရောက်ခြင်းကြောင့် လုံမငယ်၏ အုပ်ထိန်းသူများအား အသပြာတစ်ရာ လျော်ကြေးပေးစေ'

**[မှတ်ချက်။ ။ ငမဲသည် ထိုသို့သော သဘောကို စက်ဆုပ်သောသူ ဖြစ်ရာတွင် မိန်းမများကို ရှုံမှုန်းသဖြင့် ဤသို့ စီရင်ဟန် တူပေသည်။]**

## မေထုန်လုယက်မှု (၁)

သားသမီးနှစ်ယောက် ရပြီးသော မိညက်ထွေးသည် မိမိ၏ယောကျ်ားက သေရည်သောက်စား ယစ်မူးပြီးသော် မေထုန်မှုကို လုယက်ယူပါသည်ဟု တရားစွဲဆိုသဖြင့် မြို့စိုးသည် မောင်မဲအား ထိုတရားကို လွှဲအပ်ရလေ၏။

**စစ်ဆေးထွက်ဆိုချက်။**

တရားလိုမသည် 'မိမိအား ခင်ပွန်းသည်က လုပ်ကိုင်ကျွေးမွေးသော်လည်း သောက်စားမူးယစ်ပြီးသော် ခဏခဏ ရမ်းကားပါသည်။ ယခုလည်း မိမိက လုံးဝသဘောမတူဘဲ နိုင်ထက်စီးနင်းပြုလျက် ကိုယ်လက်နီးနှောခြင်းကို ပြုပါသည်' ဟု ထွက်ဆိုသည်။

တရားခံကလည်း ဤသို့ ထွက်ဆိုပေသည်။ 'ကျွန်တော်သည် လွှတိုက်အလုပ်ဖြင့် အိမ်ထောင်ပြုစု စောင့်ရှောက် ကျွေးမွေးပါသည်။ တစ်ခါတစ်ရံ ကျန်းမာခြင်းအလို့ငှာ သောက်စားမူးယစ်မိပါသည်။ မူးယစ်သော အခါမှာလည်း ရမ်းကားမိပါသည်။ တစ်နေ့သ၌ ကျွန်တော်သည် ဇနီးသည်သည် ၎င်း၏ ဝတ္တရားကို ချွတ်ယွင်းစေလျက် ဖြီးလိမ်းဆင်သဖွယ်မှအပပြုပြီးလျှင် ကျွန်တော့် အလိုကို မလိုက်လျောဘဲ ငြင်းဆန်နေပါသည်။ ထို့ကြောင့် ထိုသို့သော အမှုကို ကျူးလွန်မိပါသည်'

**စီရင်ချက်။**

မယားဖြစ်သူသည် မယားကောင်း၏ ဝတ္တရားမှ ချွတ်ယွင်းသည် မှန်၏။ လင်ဖြစ်သူသည်လည်း မိမိ၏ အိမ်ရှင်မအပေါ်၌ အိပ်ပျော်နေစဉ်အခါ ဖြစ်စေ၊

မမာမကျန်း ဖြစ်နေသည့်အခါ ဖြစ်စေ၊ သီတင်းသီလ စောင့်ထိန်းနေစဉ် အခါ ဖြစ်စေ၊ စိတ်နှလုံး မသာယာသည့်အခါ ဖြစ်စေ၊ နှုတ်ပိုက်ကိုယ်ဝန်ရှိသောအခါ ဖြစ်စေ၊ သဘောမတူ မကြည်ဖြူသော အခါ၌ဖြစ်စေ ကိုယ်လက်နီးနှောခြင်းကို ပြုမိချေက မှားသော ကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ) ပင် ဖြစ်ချေ၍၊ ယခုအမှုတွင် လင်ဖြစ်သူသည် မေထုန်လုယက်မှုကို ကျူးလွန်ရာ ရောက်ချေသည်။ ဇနီးဖြစ်သူသည် လင်အပေါ်၌ ကျင့်ရန် ဝတ္တရားမှ ပျက်ကွက်ခဲ့ချေသော် လင်ယောကျ်ားက အဝတ်တစ်ထည်၊ ကိုယ်တစ်ခုနှင့် နှင်ချတန်လျှင် နှင်ချရာ၏။ မေထုန်လုယက်မှုကို မည်သည့် အကြောင်းနှင့်မျှ မပြုအပ်ချေ။

အကြောင်းသော်ကား လူ့သျှတ္တရ၌ အိပ်ပျော်နေစဉ်အခါ နီးနှောမိသဖြင့် ပဋိသန္ဓေ စွဲကပ်ငြားအံ့။ ပဋိသန္ဓေမှ ကြီးပွားလာသော သားသည် အလွန်ထိုင်းမှိုင်း၍ ပညာသင်ကြား၍ မရ။ ဆိုဆုံးမ၍ မရ။ အတုမြင် အတတ်သင်ခြင်းဖြင့် သာမန် ခေတ္တမျှသာ ဖြစ်လျက် မစွဲမမြဲ ဖြစ်တတ်ပြီးလျှင် လူ့အဆင့်အတန်းမှ ယုတ်လျော့သော သားသမီး၊ မိဘ၏ ရန်သူဖြစ်သော သားသမီးတို့ကို ဖြစ်စေတတ်ချေသည်။ မကျန်းမမာ ဖြစ်သောအခါ၌ နီးနှောမိသဖြင့် သန္ဓေရှိငြားအံ့။ ရောဂါနှင့်တကွသော သားသမီးကို မွေးဖွားရတတ်သည်။ ထိုသို့သော သားသမီးတို့သည် အသက်မရှည်တတ်။ နှုတ်ပိုက်ကိုယ်ဝန် ရှိစဉ်အခါ မိခင်အား ဘေးဥပဒ်ကို ဖြစ်စေသည်။ ထိုသည့် သားသမီးတို့သည် အသိဉာဏ်မှ ကင်းကွာတတ်၍ ယုတ်မာသော လူမျိုးကို ဖြစ်စေတတ်ချေသည်။ သီတင်းသီလ စောင့်ထိန်းနေစဉ် အခါ၌မူကား တရားနှင့် ဖီလာဆန့်ကျင်ဘက် ပြုသောသူ၊ မကောင်းမှု၌ ရဲရင့်သောသူ၊ လူခြောက်၊ အရူပနှင့် အသညတ်ဘုံမှ လာသော သူတို့ကို မွေးဖွားရတတ်သည်။ တိရစ္ဆာန်မျိုးစေ့ ဖြစ်ရတတ်ချေသည်။ စိတ်နှလုံး မသာယာသည့် အခါ၌မူကား အသူရကာယ်နှင့်တူသော သားသမီး၊ လူတို့၏နောက်က အမြဲရှိနေရသော သားသမီး၊ ကြီးပွား ကောင်းစားမှု၌ ကျောပေးနေသော သားသမီးတို့ကို မွေးဖွားရတတ်ချေသည်။ နှုတ်ပိုက်ကိုယ်ဝန် ရှိသောအခါ နီးနှောမိသဖြင့်ကား ထိုသန္ဓေမှ ကြီးပြင်းသော သားသမီးတို့သည် ကိလေသာ ကာမဂုဏ်မှုတို့၌ လည်းကောင်း၊ မုန်စိတ်၌ လည်းကောင်း ငမ်းငင်းတငင လွန်၍ ဖြစ်တတ်၏။ ကိလေသာ ကာမဂုဏ်မှုတို့၌ မရောင့်ရဲကုန်၊ မုန်ယစ်မှု၌ မတင်းတိမ်ကုန်။ ပညာသင်၍ တတ်ခဲ၏။ ပျင်းရိပေါ့ဆတတ်၏။ ကုသိုလ်ကောင်းမှုတို့၌ ဝါသနာကင်းရှင်းတတ်၏။ အပျော်အပါး ကြူးတတ်၏။ သဘောမတူ မကြည်ဖြူဘဲနှင့် အဓမ္မမှုဖြင့် နီးနှောမိခြင်းကြောင့် သားသမီးရသော်ကား ဇာတိအားဖြင့် တိရစ္ဆာန်စိတ် ပါလာတတ်သည်။ ထိုသည့် သားသည် ခြေလက်အင်္ဂါ ချွတ်ယွင်း၍

မွေးဖွားတတ်ခြင်း၊ ဆွံ့ အ တတ်ခြင်း၊ သောင်းဖျင်း, တင်းမပြည့်ခြင်း၊ စိတ်မအောင်မြင်ခြင်းတို့ ဖြစ်တတ်ချေသည်။ ထိုသည့်သားသည် လူအဆင့်အတန်းမှ ယုတ်၍ ဆိုနိုင်ခက်ခဲ မှတ်မစွဲသောသား ဖြစ်တတ်ချေသည်။

ဆေး၊ ဥ၊ အစားအသောက် တစ်ခုခုကို ပျော်ပါးရာ၌ အားပေးစိမ့်သောငှာ သုံးစွဲသောသူ ဟူသမျှတို့၏ သားသည် ဦးနှောက်ပျက်တတ်သည်။ ယုတ်ကန်းတတ်သည်။ အကျင့်တန်တတ်သည်။ ကိလေသာ ကာမဂုဏ်မှု၌ အားကြီးတတ်သည်။ သေရည်အရက် မူး၍သော် လည်းကောင်း၊ သောက်၍သော် လည်းကောင်း နှီးနှောမိသဖြင့် ရသော သားသည် အင်္ဂါချို့တဲ့ ချို့ယွင်းလာတတ်သည့်ပြင် ဇာတိအားဖြင့် ဦးနှောက် ပျက်လာတတ်ခြင်း၊ တိရစ္ဆာန်သွေးပါလာတတ်ခြင်း၊ အရူးမျိုးစေ့, သူယုတ်မာမျိုးစေ့တို့ ပါလာတတ်ခြင်းတို့ ဖြစ်တတ်ချေသည်။ ထိုသို့သော သားသည် ကြီးပြင်းလာသောအခါ အားအင်ချည့်နဲ့၍ ရောဂါအမျိုးမျိုးနှင့် ထူးဆန်းထွေလာ ဖြစ်တတ်ခြင်း၊ ရူးသွပ်သွပ် ရူးကြောင်ကြောင်၊ မူးပဲ မသိ၊ မေထုန်မှု၌ ငမ်းငမ်းတငင စသည်ဖြင့် ဖြစ်ရတတ်သည်ပြင် သေရည်၏ အင်အားအချို့နှင့်အညီ လူရူး စင်စစ်သော်လည်းကောင်း၊ ကုဋ္ဌနူနာစွဲကပ်သောသူသော် လည်းကောင်း နှောပက ဒေသ ရပ်ကွက်တို့၌ ဖြစ်ရတတ်ချေသည်။

ထို့ကြောင့် ၎င်းအမှုတွင် ခင်ပွန်းသည်၌ အပြစ်ရှိ၍ တန်းမှာ ကျရောက်စေ။ အိမ်ရှင်မနှင့် ပြတ်စဲမည် ဆိုသော်လည်းကောင်း၊ အိမ်ရှင်မက သဘောကျေနပ်သော အခါမှာသော် လည်းကောင်း ထိုသူသည် တန်းမှ လွတ်စေ။

## မေထုန်လုယက်မှု (၂)

စကုမြို့မ တောင်မဗျုဂုံး သူကြွယ်သမီး အိမ်ပြေနှင့် တောတွင်းသား။

**အမှုသွား။ ။**

အိမ်ပြေသည် အထိန်းအယတို့၏ ပင့်ချီသွေးဆောင်မှုဖြင့် ရေကန်တွင်သွားရောက် ရေကစား၍ ချမ်းလတ်သော် သစ်ပင်ကြီးတစ်ပင် အနီး၌ နေပူစာလှုံနေ၏။ အတန်ကြာသော် အထိန်းအယတို့သည် ဆူဆူညံညံနှင့် 'ငါတို့သခင်မကို တောတွင်းသားတစ်ယောက် ဗလက္ကာရမှုဖြင့် မုဒိမ်းပြုကျင့်နေပါပြီ၊ ဖမ်းကြပါ' ဟု အော်ကြ၍ လူတစ်စုသည် ဖမ်းပြီးသော် မြို့စိုးထံ တရားစီရင်ရန် ပို့လေ၏။

မြို့စိုးလည်း ထိုအမှုကို မောင်မဲအား လွှဲအပ်ရပြန်လေ၏။

**အထိန်းအယတို့ တညီတည်း ထွက်ဆိုချက်။ ။**

'တောတွင်းသားသည် ရတ်တရက် လာရောက်ပြီးသော် ဗလက္ကာရမှုကို ပြုလျက် သခင်မကို မုဒိမ်းပြုကျင့်ပါသည်'

အိမ်ပြေ့ကို စစ်ဆေးရာမှ တစ်စုံတစ်ရာ မထွက်ဆိုဘဲ တရှုပ်ရှုပ်နှင့် ငို၍သာ နေလေ၏။

တရားခံ တောတွင်းသားကား ဤသို့ ထွက်ဆို၏။ 'ကျွန်တော်မျိုးသည် ခရီးသည်အဖြစ် လာရာ ရင်သားမဖုံးဘဲ နေပူစာ လှုံနေသည့် မိန်းမချော၊ မိန်းမလှ တစ်ယောက်ကို တွေ့ရသဖြင့် စိတ်ကို မချုပ်တည်းနိုင်သောကြောင့် ကျူးလွန်မိပါသည်။ အထမြောက်၍ သုံးကြိမ်ပင် ကျူးလွန်မိပါသည်'

အိမ်ပြေ့ကား တစ်စုံတစ်ရာမျှ မဖြေဘဲ ငိုကာသာ နေ၏။

မောင်မဲကား ထိုတရားကို ချက်ချင်း မစီရင်သာဟု သုံးရက် အချိန် ထားပြီးသော် ရွှေ့ဆိုင်းလိုက်လေ၏။

မောင်မဲသည် ရက်ချိန်းစေ့သောနေ့၌ စီရင်ချက် ချမှတ်လေ၏။

'တောတွင်းသားသည် အလွန် ယုတ်မာ ရိုင်းစိုင်း၍ မိမိနှင့် မတူမတန် သည့် အမျိုးသမီးတစ်ယောက်ကို အပျိုရည် ပျက်စေသည်ပြင် ဂုဏ်ကိုလည်း ထိပါးပျက်စီးစေသည်။ သတို့သမီးမှာ သူ၏ဘဝတွင် နာမည်နာလျက် အညွန့် တုံးရရှာချေပြီ။ ထို့ကြောင့် တရားခံ တောတွင်းသားသည် အိမ်ပြေ့အား လျော် ကြေးငွေ အခွက်တစ်ဆယ် ပေးစေ၊ မပေးနိုင်က သေဒဏ်ကို ခံစေ'

ထိုအခါ လုလင်ပျို တစ်ယောက်သည် ချက်ချင်းရောက်လာ၍ တော တွင်းသား တရားခံအား လျော်ကြေးငွေ ပေးဆောင်ရန် ငွေအခွက်တစ်ဆယ်ကို ပေးလေ၏။

မောင်မဲသည် ငွေလာပေးသော လုလင်ကို ချက်ချင်း ဖမ်းချုပ်စေပြီးနောက် တရားခံ တောတွင်းသား၏ အမည်၊ နေရပ်၊ မိဘအမည်တို့ကို မေး၍ မြို့စိုးအား မှတ်ယူထားစေကာ တောတွင်းသားကို တစ်ဖန် ခေါ်ယူခဲ့စေ၍ ငွေလာပေးသော လုလင်အား ဤသို့ စစ်ဆေးလေ၏။

'ဟေ့ လုလင်၊ မှန်ရာကို အစစ်ခံ၊ ငမဲကို လိမ်လို့ မရ၊ လူ့လောက အရှုပ် လုပ်ဇာတ်အမျိုးမျိုးကို ငါ အကုန် သိပြီး ဖြစ်တယ်။ မင်း မှန်ရာကို ထွက်ဆိုမလား'

'ထွက်ဆို လျှောက်ထားပါမည်'

'တောတွင်းသားရဲ့ နာမည် နေရပ် မိဘတို့အမည်ကို ပြောစမ်း'

ထိုလုလင်ကား မပြောနိုင်ဘဲ ငိုင်၍နေ၏။ သို့သော် ထပ်ခါထပ်ခါ

စစ်မေးသဖြင့်၊ ထိုလုလင်သည် ပေါက်တတ်ကရ ပြောသဖြင့် မှားလေ၏။ မောင်မဲကား ဤသို့ စစ်ဆေးပြန်၏။

'အမောင်လုလင် မုသား ကို ထပ်ပြီး မဆိုနှင့်တော့။ မုသားကို တရားရုံးမှာ သုံးရင် သေဒဏ်အထိပေးဖို့ ရာဇသတ် ပြုထားပြီ။ မင်း ထွက်ဆိုသမျှဟာ အမှားချည်းပဲ။ မင်းက တောတွင်းသားကို မသိ၊ တောတွင်းသားကလည်း မင်းကို မသိ။ သည်ငွေအား ဘယ်သူက မင်းကို အပေးခိုင်းသလဲ။

'အာဏာသားများ၊ အိမ်ပြေ့ရဲ့ အထိန်းအယများကို ဖမ်း၍ ခေါ်ဆောင်ခဲ့ကြ'

အိမ်ပြေ့၏ အထိန်းအယတို့သည် တရားခွင်သို့ ရောက်လာကြသောအခါ ထိုငွေ လာပေးသော လုလင်သည် တုန်တခိုက်ခိုက်နှင့် နေလေ၏။

'ကိုင်း ... အမောင်လုလင် မှန်ရာကို လျှောက်ထား'

'ကျွန်တော့်အား မြောက်နိဂုံးသူကြွယ်သား ကိုကြဲလှိုင်က ငွေနှင့်လွှတ်၍ လာရောက်ပို့ရပါတယ် ပညာရှိမင်း'

'ဟဲ့ ... အာဏာသားများ၊ မြောက်နိဂုံး သူကြွယ်သား ကြဲလှိုင်ကို ချက်ချင်းဖမ်း၍ အမြန်ယူဆောင်ခဲ့ကြ'

မောင်ကြဲလှိုင် တရားခွင်သို့ ရောက်သောအခါ ဤသို့ စစ်ဆေးလေ၏။

'ဟဲ့ အထိန်းအယများ၊ ကြဲလှိုင်နှင့် အိမ်ပြေ့ ဘယ်လို အဆက်အသွယ်ရှိခဲ့ဖူးသလဲ၊ မှန်ရာကို ထွက်ကြ'

'ကိုကြဲလှိုင်နှင့် သခင်မ မအိမ်ပြေ့ကို ထိမ်းမြားမည်ဟု ကြောင်းလမ်းထားပါသည်။ ထိုသို့ကြောင်းလမ်းရာ၌ အချုပ်အချယ်စကားမှာ သခင်မ မအိမ်ပြေ့သည် ကြောင်းလမ်းပြီးသည့် အချိန်ကစ၍ တောင်းရမ်းသည့်နေ့အထိ အတောအတွင်းမှာ တစိုးတစိ အပျိုရည်ပျက်အောင်၊ ဂုဏ်ပျက်အောင် အစွန်းအငြိ မရှိပါက လယ်ယာမိုးမြေ ပယ်တစ်ထောင်၊ ဒိုင်ငွေခွက်တစ်ထောင် တင်ပြီးသော် မြောက်နိဂုံး သူကြွယ့်သား မောင်ကြဲလှိုင်က ငါးလအတွင်း တောင်းရမ်းယူစေ။ အပျိုရည်ပျက်ပြီး ဂုဏ်ပျက်သွားပါက လယ်ယာမိုးမြေ ပယ်တစ်ထောင်၊ ဒိုင်ငွေခွက်တစ်ထောင်တို့ကို အိမ်ပြေ့က ကြဲလှိုင်အား လျော်စေဟု အချုပ်အချယ်စကားရှိပါသည်' ဟု တညီတည်း ထွက်ဆိုကြကုန်၏။

'အထိန်းအယများ၊ မယ်မင်းတို့အား သူကြွယ့်သားက ဘယ်လို သွန်သင်ပြီး တံစိုးပေးသလဲ၊ မှန်ရာကို တင်'

'ကျွန်တော်မျိုးမတို့အား ကိုကြဲလှိုင်က အသပြာ တစ်ဆယ်စီ ပေး၍ ဤနေ့ ဤအချိန် ရေကစားရန် သခင်မကို ပင့်ချီခဲ့။ သခင်မ နေပူစာလှုံသော

အခါ တောတွင်းသားတစ်ယောက် ရောက်လာလိမ့်မည်။ ထိုအခါ သခင်မအား မုဒိမ်းကျင့်နေပါသည်ဟု တစ်ပြိုင်တည်း အော်ကြဟု သွန်သင်သည်အတိုင်း အော်မိကြပါသည်။ အမှန် မဟုတ်ကြောင်းပါ ပညာရှိမင်း'ဟု အထိန်းအယတို့သည် တညီတည်း ထွက်ကြကုန်၏။

'ဟယ် တောတွင်းသား၊ မှန်ရာကို တင်'

'ကျွန်တော်မျိုးအား ကိုကြံလှိုင်က အသပြာတစ်ရာ ပေး၍ ရေးက ထွက်ဆိုသွားကြသည်အတိုင်း ဆောင်ရွက်ပါ ဆိုသောကြောင့် ဆောင်ရွက်မိပါသည်။ အမှန် မဟုတ်ကြောင်းပါ ပညာရှိမင်း'

မောင်ကြံလှိုင်လည်း ဟုတ်မှန်သည်အတိုင်း ဖြောင့်ဆို ဝန်ခံရလေ၏။

မောင်မဲသည် ဤသို့ စီရင်ဆုံးဖြတ်လေ၏။

'မြောက်နိဂုံး သူကြွယ်သား မောင်ကြံလှိုင်သည် နာမည်နှင့်အညီ ၎င်း၏ ရုပ်ရည်၊ ဂုဏ်သိက္ခာတို့နှင့် မှျား၍ ဂုဏ်သရေရှိ အမျိုးသမီး တစ်ဦးထံမှ သိက်တူးသော သိက်ဆရာတစ်မျိုး ဖြစ်သည်။ ထိုသို့ သိက်တူးခဲ့ခြင်းလည်း များတန်ရာ ပေသည်။ ယခုမှသာ အိမ်ပြေ့ကို ကံကောင်း ထောက်မနိုင်စိမ့်သောငှာ မောင်ကြံလှိုင်သည် ဖြောင့်ဆို ဝန်ခံရပေပြီ။ ထို့ကြောင့် မောင်ကြံလှိုင်သည် အမျိုးသမီးတစ်ယောက် အပေါ်၌ ယုတ်ညံ့၊ ရိုင်းစိုင်းစွာ ကြံစည်မှုကြောင့် အိမ်ပြေ့အား လယ်ယာမိုးမြေ ပယ်နှစ်ထောင်၊ ဒိုင်ငွေ အခွက်သုံးထောင် ပေးလျော်စေ။

'တောတွင်းသားသည် သင့် မသင့်၊ လျော် မလျော်ကို မစိစစ်ဘဲ ငွေကို သာလျှင် အကြောင်းရင်းထား၍ သူယုတ်မာ၏ လက်နက်ကောင်း ဖြစ်နေခြင်းကြောင့် ကျောငါးချက်၊ ရင်ငါးချက် ဒဏ်ခံစေ။ အထိန်းအယတို့မှာကား မိမိတို့၏ အရှင်သခင့် ကျေးဇူးသစ္စာကို မထောက်၊ ငွေနှင့်ဖိက အိတာတ်ကြသဖြင့် မယ်အိမ်ပြေ့ ကျေနပ်သည်တိုင်အောင် ဒဏ်ခတ်စေ။ မယ်အိမ်ပြေ့၏ ကြေးကျွန်လည်း မယ်အိမ်ပြေ့ အလိုရှိသည့် နေ့သို့တိုင်အောင် ဖြစ်ကြစေ'

**[မယ်အိမ်ပြေ့ကား သဘောထား ကြီးမြင့်သော အမျိုးသမီး ဖြစ်၍ အထိန်းအယတို့အား အပြစ်ဒဏ်မှ လွတ်စေလျက် ကြေးကျွန်အဖြစ်မှ ကျေးကျွန်အဖြစ်သို့ ချမ်းသာခွင့်ပေးလေသည်။]**

### မောင်မဲနှင့် မယ်ကျေးဥ

ကျေးဥ၏ဖခင် သူဌေးကြီးသည် စာပေတတ်မြောက်သော ပညာရှိကို အလွန်အလိုရှိ တောင့်တနေရာ မောင်မဲ၏ ပညာရှိ၍ ပွဲလယ်တင့်သည်ကို အထူး

နှစ်သက် စွဲမက်သည်နှင့် အညီ ၎င်း၏ သမီးအား ဤသို့လျှင် စေ့စပ်စကားကို ကြားလေ၏။

'သမီးချစ်၊ ငါကား အိုမင်းမစွမ်း ရှိချေပြီ။ နောက်ထောက်ကျောခံ သားဟူ၍လည်း မရှိ။ သမီးချစ်အတွက် ငါ မျက်နှာလွှဲသွားသောအခါ စာပေတတ် ပညာရှိကို ရှာနေသည်မှာ တွေ့ရချေပြီ။ ထိုသူကား မြို့စိုး မဆုံးဖြတ်နိုင်သည့် တရားကိုပင် လွယ်လင့်တကူနှင့် ဆုံးဖြတ်နိုင်၍ ပွဲတိုင်း၌ အလွန်တင့်လျက် ရဲရင့်သော ပညာရှိ မောင်မဲ ဆိုသူ ဖြစ်ချေသည်။ "ပညာရဲရင့်-ပွဲလယ်တင့်" ဆိုစကားနှင့် ညီညွတ်ပါပေသည်။ ထိုသူနှင့် ငါ့သမီးချစ်ကို ဆောင်နှင်းလိုပါတယ်'

'ဘဘ၏ စကားကို ကျွန်မ ပယ်ရှားခြင်း မဟုတ်ပါ။ စဉ်းစားတော်မူရန်မှာ လောက၌ စကားသည် စကားမျှသာ ဖြစ်၍ စကားတတ်တိုင်း စာမတတ်ပါ။ စာသည်လည်း စာမျှသာ ဖြစ်၍ စာတတ်တိုင်းလည်း ပညာရှိ မဟုတ်ပါ။ ပညာမှာလည်း ပညာမျှသာ ဖြစ်၍ လက်တွေ့ သင်ကြားခြင်းဖြင့် ရသောပညာ၊ နှုတ်တိုက်အာဂုံ သင်ကြားခြင်းဖြင့် ရသောပညာ၊ အကြားအမြင်ဖြင့် ရသောပညာ၊ ထိုးထွင်းခြင်းဖြင့် ရသောပညာ ဟူ၍ ရှိနေခြင်းကြောင့် ပညာတတ်တိုင်းလည်း စာတတ် မဖြစ်နိုင်ပါ။ သို့သော် ပညာရပ် များစွာတို့ကို ပေ၌ လည်းကောင်း၊ ပုရပိုက်၌ လည်းကောင်း တင်ထားခဲ့ခြင်း များ၍ စာတတ်သည် ပညာရှိဖြစ်နိုင်တတ်ပါသည်။ ဘဘ၏ အမိန့်သံအရ ကိုမဲသည် ပညာတတ်ဖြစ်သည်ကို မငြင်းမဆိုပါ။ သို့သော် စာတတ် ဟုတ် မဟုတ်ကိုကား ထောက်လှမ်းရန် သင့်သေးသည်ဟု ကျွန်မ ထင်ပါသည်ရှင့်'

'ချစ်သမီး၊ ဘယ်လို ဆိုလိုက်သလဲ၊ မောင်မဲအပေါ်၌ တစ်စုံတစ်ရာ ထောက်လှမ်း စုံစမ်းဖို့ မလို။ ခုနစ်မူး၊ ရှစ်မူး ရွှေကို ရောင်းသူသာလျှင် မှတ်တင်ခံပေသည်။ ဇမ္ဗူရစ် အစစ်ကို ပေးသော ဝိဇ္ဇာသည်ကား သူ့ရွှေကို မှတ်တင်ခံခြင်းဖြင့် သူ့ဂုဏ်သရေကို ထိခိုက်ခံလိမ့်မည် မဟုတ်ပေ။ စမ်းသပ်ခြင်းကို ခံလိုသောသူ၊ ခံမည့်သူ၊ ပြိုင်ပွဲဝင်ရန် ငမ်းငမ်းတက် လိုလားသူတို့သည် ၎င်းတို့၏ အကျိုးကို ပိုမိုလိုလားသူဟု ဆိုချင်လျှင် ဆိုထိုက်ခွင့် ရှိပေသည်။ ယခုသော်ကား ငါတို့၏အကျိုးကို လိုလားသဖြင့် ထိုသူအား ငါတို့ မစုံစမ်းထိုက်၊ မထောက်လှမ်းထိုက်။ တရားသဘင်ကပင် တော်တင်မြှောက်၍ လက်တွေ့ သက်သေခံထားပေပြီ။ သမီးချစ်၊ အရည်မဆုံးသေးသော ရွှေကိုသာလျှင် ရွှေ့သဘာဝကို စုံစုံလင်လင် မသိသောသူသည် အရည်ကူးလျက် မှတ်တင်ကြည့်သင့်သည်။ ဇမ္ဗူရစ်ကို သိသောသူသည် ဆယ်လှော်ခုတ် နိတုံကို မြင်ရုံနှင့်ပင်

သိနေပြီ ဖြစ်သဖြင့် အသို့လျှင် မှတ်စွဲပေတော့အံ့နည်း။ ယခု မောင်မဲသည်ကား ဆယ်လှော်ခုတ်နှင့်မျှမက ဇမ္ဗူရစ် ဖြစ်နေသောကြောင့် မှတ်မတင်ချင်ပါနှင့် ငါ့သမီး'

ကျေးဥသည်ကား ခေတ်အလျောက် မခေလှပေ။ တစ်ဦးတည်းသော ပရိုဗိုဇ်၏ တပည့်မ ဖြစ်သဖြင့် ပညာဉာဏ်နှင့် ပြည့်ဝသော စာတတ်တစ်ဦး ဖြစ်ချေသည်။ သို့သော် ဖခင်၏စကားကို လိမ္မာခြင်းနှင့်အမျှ သဘောထား လှသဖြင့် နားထောင်ပြီးလျှင် မောင်မဲနှင့် ပုဆိုးတန်းတင် ခန်းဝင်အဖြစ်ကို သဘောတူလိုက်လေ၏။

မောင်မဲမှာလည်း အမှီသဟဲ လိုနေသော သူတစ်ယောက် ဖြစ်သည်နှင့် အညီ သူဌေးကြီးထံ၌ ယောက္ခမဟု သဘောမထားဘဲ ဖခင်သဖွယ် သဘော ထားပြီးလျှင် ဝတ္တရားများကို မချွတ်ယွင်းရအောင် ပြုမူနေထိုင်လေသည်။

# အခန်း [ ၃ ]

## မောင်မဲနှင့် ပရပိုဗ်မ မနုစာရိ

သူဌေးကြီးသည် သမက် မောင်မဲအား စာရင်းအင်းနှင့်တကွ ရှိပစ္စည်းများကို လွှဲအပ်၏။ မောင်မဲမှာကား စာမတတ်၍ မည်သည့်စာရင်းကိုမျှ နားမလည် သော်လည်း ဖြတ်ထိုးဉာဏ်၊ ရုတ်တရက်ဉာဏ်၊ ပရိယာယ်ဉာဏ်၊ ဝေဖန်တတ် သော ဉာဏ်တို့နှင့် မှတ်ဉာဏ် အထူးကောင်း၏။ ကြွေးများကို တောင်းရန် သွားရမည့်အခါ ဖြစ်စေ၊ မြေများမှ ထွက်သော အသီးအနှံတို့ကို သိမ်းရန် သွားရမည့်အခါ ဖြစ်စေ ၎င်းသည် ပရိယာယ်မှုဖြင့် အလုပ်များပြီးသော ထဲဝင် ပြင်ထွက်နှင့် တစ်စုံတစ်ခုကို ပြုလုပ်နေဟန်၊ လက်ဆောင်များကို စီရင်နေဟန် တို့ဖြင့် အချိန်ကုန်စေလျက် ကျေးဥအားသာ မည်သူ့ထံ၌ ငွေရရန် မည်မျှ ရှိသည်။ မည်သည့်မြေက စပါးမည်မျှ၊ နှမ်းမည်မျှ၊ ဝါမည်မျှ ရရမည်ဟု စသည်ဖြင့် စာရင်းကို ကြည့်စေ၍ တပည့်ငတေအား ထန်းဖူးရွက်နှင့် မှတ်သား ထားစေပြီးသော် အလုပ်လုပ်လေ့ ရှိ၏။

ကြွေးချေးခြင်း၊ မြေရောင်းဝယ်ခြင်း၊ အိမ်တိုင်ရာရောက် ကြွေးလာဆပ် ခြင်း၊ အများ ကိစ္စကြီးငယ်ရှိ၍ စာရေးမှတ်ရခြင်း ရှိသော အခါတို့၌လည်း ကျေးဥအားသာ ရေးမှတ်စေသဖြင့် ကျေးဥမှာ အိမ်မှုဝန်တာ၊ လင့်ဝန်တာတို့ အပြင် စာရင်းရေးမှတ်ခြင်း အလုပ်ကိုပါ လုပ်ရသောကြောင့် ဤသို့ စဉ်းစား ဆင်ခြင်မိလေ၏။

ကိုမဲဟာ လူလာတိုင်း မထတမ်း စကားကို ဖောင်လှအောင် ပုံတိုပတ်စ ကျိုးကြောင်းပြ အမျိုးမျိုးတို့နှင့် ပြောဟောနိုင်တာကို ချီးမွမ်းစရာပါပဲ။ သူမတူ စွမ်းလုပါပေတယ်။ စာကိုတော့ တစ်ရုံတစ်ဆစ်မျှ ဖတ်တာမမြင်။ စာရေးခြင်း

ကိုတော့ ဝေလာဝေးပေ့။ ငါ့အဘထင်တိုင်း ကျမ်းပြုခြင်းကိုတော့ စိတ်ကူးမျှပင် ရှိပုံ မပေါ်။

ထိုသို့ ဆင်ခြင်မိသဖြင့် ညှော့ရှင်းသောအချိန်တွင် ဤသို့ နှီးနှောလေ၏။

'ကိုဟာ စကားကိုသာ ပုံတွေ ပတ်တွေနှင့် ပြောတတ်လှတာကိုတော့ အံ့မဆုံးပါ။ စာဖတ်ခြင်း၊ ကျမ်းရေးခြင်း တို့ကိုတော့ မမြင်ရပါ။ ကျွန်မတို့ အိမ်မှာလည်း ရှေးဟောင်း စာပေဝတ္ထု ကျမ်းဂန်ပေါင်းများစွာ ရှိပါတယ်။ ညှော့သည်ရှင်းတဲ့ အခါမှာများ ကျွန်မတို့ ကြားအောင် ဖတ်ပြစမ်းပါရှင်'

'ဩော် ... စာဆိုတာဟာ အကြောင်းအကျိုး သဘာဝ ဝတ္တုကို နားမလည်တဲ့သူ၊ ပညာမဲ့တဲ့သူ၊ အင်္ဂဝိဇ္ဇာကို နားမလည်တဲ့ သူများသာ ဖတ်ရတာပါ။ ကျုပ်တို့လို ပွဲတိုင်းကျော် ပညာရှိအမော် များမှာတော့ အသွေးနှင့် အပွေးကို မြင်လျှင် အသွင်နှင့် အပင်ကို သိပြီးသား ဖြစ်လေတော့ စာဖတ်ဖို့ လိုမယ် မထင်ပါ မယ်ကျေးရယ်'

'ကျွန်မ အတွက်ပါရှင်'

'ဩော် သည်လိုလား'

'ဟုတ်ပါတယ်ရှင်'

မောင်မဲသည်ကား ပရိယာယ် ဉာဏ်များသောသူ ဖြစ်၍ ကျေးဥအား စာတတ်အဖြစ်နှင့် လီဆယ်လိုသဖြင့် ထမင်းပွဲပြင်သော အချိန်ကျလျှင် 'ဆရာ မိဘများနှင့် ကျေးဇူးရှင်များကို ကန်တော့ပါသည်။ ငါ့အလိုအတိုင်း ပြည့်စုံစေသတည်း' ဟူ၍ ထပ်ကာထပ်ကာ ကျမ်းဦးပဏာမအချီးကို ရွတ်နေစဉ် 'ရှင့် ထမင်းပွဲ ပြင်ပြီးပါပြီ' ဟု ဇနီးသည်က ဆိုသောအခါ 'လူရှင်းလို့ စာပုလွေကိုလည်း ကိုင်ရော ထမင်းပွဲလည်း ပြင်ရော်ကိုးကွယ်' ဆိုကာ ထ လာ၏။ ကျေးဥကား ပြုံး၍သာ နေ၏။

ဤနည်း၊ ထိုနည်း၊ ၎င်းနည်းတို့ဖြင့် မောင်မဲသည် နည်းအမျိုးမျိုးကို သုံး၍ စာတတ်ကြီးအဟန် ဆောင်လာခဲ့ရာ ကျေးဥတွင် ကလေးတစ်ယောက် ရရှိလာချေပြီ။ ထိုအခါမှ မောင်မဲမှာ သာ၍ စာဖတ်ရန် အခွင့်ကောင်း ကြုံလာလေ၏။ အကြောင်းသော်ကား ကလေးကို အနားမှာထား၍ 'မဏ္ဍပ်တွင်း၊ ချင်းနှင့် လုံပျံ၊ လုံပျံနှင့် ချင်း၊ မဏ္ဍပ်တွင်း' ဟု အထပ်ထပ် ရွတ်ဖတ်ပြီးမှ ကလေးကို ငိုအောင် ပြုပြီးသော် 'တယ်ခက်တဲ့ ကလေးပါပဲ၊ စာကိုမှ ကောင်းကောင်း မဖတ်ရ' ဟု ညည်းညူကာ ကလေးကို ချော့နေလေ၏။ စာဖတ်ရွတ်တိုင်းမှာလည်း ထိုစာပိုဒ်ထက် ပို၍ တိုးမဆိုနိုင်ချေ။ ကလေး အိပ်နေသော

အခါများ၌လည်း ထိုကဲ့သို့ အခါခါ ရွတ်ပြီးသော် ကလေးကို နိုးအောင်ပြုလျက် ကလေးအား အပြစ်ချကာ သိပ်ခြင်းဖြင့် အချိန်ကုန်စေလေ၏။

မောင်မဲသည် မည်ကဲ့သို့ပင် ပရိယာယ်ပြုစေကာမူ သားတစ်ယောက် ရသောအခါ ကျေးဥသည် မိမိခင်ပွန်းသည်ကား စာကို အလျှင်းမတတ်ကြောင်း သိရ၍ တစ်နေ့သော် ပေါ်ရမည်ဟု ကြံစည်နေလေ၏။

မောင်မဲလည်း ငါကား ယုတ်မာလေစွ။ လောက၌ မပြည့်စုံဘဲနှင့်၊ မသိဘဲနှင့် ဟန်ဆောင် အယောင်ဆောင်၍ လီဆယ်ကာနေရခြင်းသည် ပင်ပန်းကြီး လှလေ၏ တကားဟု တွေးတောနောင်တရလျက် စာရင်းများကို တပည့် ငပေ၊ ငတေတို့နှင့် ရှင်းနေသော ကျေးဥ၏ မနီးမဝေးက 'ခေါင်းတွင်းပြည့်လည်း၊ မဲ့တည်းမျက်စိ၊ လက်တုံးတိနှင့်၊ လက်ရုံးအတက်၊ စန့်မထွက်သည်၊ လူ့ပြည် မကျယ်၊ ရှိလေဖွယ်တည်း' ဟု မသက်မသာ ဂါထာကို ဆိုလျက် ကလေးကို အခါခါ ပုခက်လွှဲကာ ရှိနေလေ၏။

ကျေးဥသည် သာယာကြေကွဲဖွယ်သော မောင်မဲ၏ ပုခက်လွှဲသံကို ကြားမိသဖြင့် နလုံးကို ရိုက်ခတ်မိသော်လည်း ထိုဂါထာ၏ အနက်ကို မဆင်ခြင်မိ၊ ခါတိုင်းကဲ့သို့ ရိုးရိုးတန်းတန်းနှင့် ပုခက်လွှဲနေသည်ဟုပင် အောက်မေ့ဘိ၏။

**[ထိုဂါထာ၏ အဓိပ္ပာယ်ကား စာတိပဋိသန္ဓေအားဖြင့် ဦးခေါင်း၌ ပညာ ပြည့်ပြည့်စုံစုံ ရှိငြားသော်လည်း မျက်စိနှင့်တူသော၊ လက်နှင့်တူသော စာအတတ်ကို မတတ်ကျွမ်းခဲ့သော် စာပေးစာယူ အဆက်အသွယ်အားဖြင့် အကျိုးအကြောင်းကို မပြောကြားနိုင်။ သူတစ်ပါးက ဆက်သွယ်လာလျှင်လည်း လက်မခံနိုင်ခြင်းတို့ကြောင့် အညွန့်အစ တုံးလျက်ရှိခြင်း၊ ကျွမ်းပြခြင်း ငှာလည်း မတတ်နိုင်၍ တိလျက်နေခြင်းတို့ကြောင့် လက်မရှိ၊ လက်တုံးတိသကဲ့သို့ ဖြစ်နေသဖြင့် ယောကျ်ားတို့၏ ဘုန်းဟု ဆိုအပ်သော လက်ရုံးမှ အညွန့်အတက်သည် စန့်ထွက်နိုင်ခြင်း မရှိသောကြောင့် လူ့ပြည်မှာ အလွန်လျှင် အနေကျဉ်းကျပ် လေဘိသည်။ ကျယ်ပြန့်အောင် မတတ်နိုင်စွတကား။ လူ့လောကကို ကျယ်ဝန်းအောင် မပြုနိုင်လေတော့တကား။]**

အခါတစ်ပါး၌ မောင်မဲသည် ကြွေးတောင်းသွားရာ ကျေးဥသည် သည်ခါသော် ကိုမဲ စာမတတ်ကြောင်း ထင်ရှားအောင် ဆောင်ရွက်တော့မည်ဟု ထန်းဖူးရွက်တွင် မဟုတ်မဟတ်သော စာလုံးများနှင့် အရေးအခြစ်တို့ကို ပြုကာ ထားနှင့်လေ၏။

မောင်မဲသည် ပြန်ရောက်လာသောအခါ ကျေးဥသည် မျက်ရည် စက်လက် နှင့် 'ကိုမဲရယ်၊ ကိုယ့်မိခင်ကြီး ကံဆိုးလှချည်ရဲ့။ သားကြီးတစ်ယောက် လူတန်း မြောက်ပြီး ကောင်းစားတဲ့အခါ သားရှိရာသို့ အလာမှာ ခရီးပန်းရှာလို့ သေမင်းရဲ့ ပခုံးထမ်းရာသို့ ပါသွားရှာသတဲ့ ကိုမဲရယ်' ဟု ပြောကာ ပြောကာနှင့် မိမိ

ရေးထားသည့် ထန်းဖူးရွက်ကို လူတစ်ယောက် လာရောက် ပေးသွားပါသည် ဟု ကမ်းလှမ်းလိုက်လေ၏။

မောင်မဲသည် 'ငါ့ကို ဘယ်လို လူမျိုးက လာပြီး လှောင်ပါလိမ့်မလဲ၊ ငါ့မှာ အမေ မရှိ။ ဒါပေမဲ့ ပုဒ်ပါဠိဆိုက်အောင်တော့ ပြုရဦးတော့မှာပဲ' ဟု 'ငှက်ပျောငယ်တဲ့ပိန်တာ၊ ဖျဉ်တစ်ထွာနှင့် ပုရပိုက်ကယ်မှ မပါ၊ သွားရရှာလေရယ်–အမေရယ် ... ဟယ် ဟယ် ...' ဟု ကျူကျူချကာ ငိုလိုက်လေ၏။

ထိုကဲ့သို့ မောင်မဲသည် ဝမ်းနည်းလှစွာသော အဟန်နှင့် သည်းထန်စွာ ငိုနေလတ်သော် ကျေးဥသည် ပြုံး၍ 'ရှင့် ... ရှင့်မယ်တော်ကြီး တကယ်ဆုံးတာ မဟုတ်ပါဘူးရှင်။ ကျွန်မက ချစ်လွန်းလို့ ပျင်းပျင်းရှိတာနှင့် ကျီစားကာ နောက်ထားတာပါရှင်' ဆိုကာ ချစ်ဖွယ်ရာရာ မူပါပါနှင့် ပြောဆိုသောအခါ 'ဟင်း' ဟု မောင်မဲသည် ဟင်းရှည်ကြီးနှင့် သက်ပြင်းချ၍ စကားကိုတစ်ခွန်းမျှ မပြောဆိုတော့ဘဲ အခန်းထဲသို့ ဝင်သွားပြီးသော် အိပ်ရာထက်တွင် စောင်နှင့် ခေါင်းမွှန်းခြုံကာ အိပ်နေလေ၏။

ကျေးဥလည်း မောင်မဲ ရှက်သွားကြောင်းကိုသိ၍ ကလေးငယ်ကိုချီလျက် မောင်မဲ ရှိရာသို့ လိုက်ပြီးသော် 'ရှင် သိပ်ကို ဝမ်းနည်းတတ်တာကိုး၊ ကျွန်မ အလကား နောက်ထားတာပါရှင်။ အလိုလေး စကားမပြော တုဏှိဘောနှင့် စောင်ကို ခေါင်းမွှန်းခြုံပြီး လုပ်နေလိုက်တာ။ ထ ပါဦး ရှင်ကြီးရယ်။ ခါတိုင်းလို ကျေးရယ် မောလိုက်တာ၊ ယပ်ခတ်ပေးစမ်းပါဦးလို့ ပြောပါဦး တော်ကြီးရယ်။ ကျွန်မ မန်ကျည်းဖျော်ရည် ဖျော်ထားပါတယ်၊ သောက်ပါဦး ရှင်ကြီးရယ်။ ဟော လူကလေးက ဖေဖေတဲ့ ... မောင့်ဖေဖေ မေမေ့ကို နောက်ရမလားလို့ စိတ်ကောက်နေသတဲ့။ မောင့်ဖေဖေကို နမ်းလိုက်စမ်းပါ' ဟု တီတီတာတာနှင့် ပြောနေလေ၏။

သားကလေးကား မောင်မဲ၏ မျက်နှာနားတွင် ပွတ်သီးပွတ်သပ်နှင့် ကစားနေလေ၏။

မောင်မဲကား ကျေးဥ၏ စကားကို မကြားနိုင်တော့ပြီ။ အနား၌ စောင်ကို ဖွင့်ကာ ဆွဲလိုက်ကာနှင့်၊ ဘာကိုမျှ နားမလည်ဘဲ ပြုံးကာ ရယ်ကာနှင့် ကစားနေလျက် ခြုံထားသော စောင်ကို ဖွင့်၍ မောင်မဲ၏ ရင်ဘတ်ကို ပုတ်ခတ်လိုက်၊ နဖူးကို နမ်းလိုက်နှင့် ကစားနေသော သားကလေးကို မကြည့်ရက်နိုင်ဘဲ ဆို့တစ်သော အသက်ရှူခြင်းဖြင့် အိပ်ရာထက်တွင် မှောက်ကာအိပ်ပြီးသော် တစ်စုံတစ်ရာကို စဉ်းစားဘိသကဲ့သို့ ရှိနေလေ၏။

မောင်မဲသည် ထိုအချိန်က စ၍ အိပ်ရာက မထတော့ချေ။ ညစာထမင်းကို

မစား၊ ကျေးဥနှင့်လည်း စကားမပြော၊ အိပ်ရာထက်တွင်သာ တွေဝေကာနေ၏။ ညအချိန် အိပ်ရာထက်၌လည်း ကျေးဥသည် ကလေးကို အပါး၌ သိပ်ပြီးနောက် လင်သည်အား ယုယစွာ နှိပ်နယ်ပေး၏။ ပီပြင် ကျစ်လျစ် သာယာသော စကားတို့နှင့် ဤသို့ ဆိုပြန်၏။

'ရှင့် ... ကျွန်မက ချစ်လွန်းလို့ ကစားမိတာပါ၊ စိတ်ဆိုးသလားရှင်။ ကျွန်မကို မသနားဘဲ ဗွေယူတော့မှာလား။ ကျွန်မ ရှိခိုးပြီး တောင်းပန်ဝန်ချပါမယ်။ စိတ်ကျေနပ်ပါ ရှင်ကြီးရယ်။ မိကျေး ရမ်းမိပါတယ်။ မိကျေးဥကို သနားပါဦးရှင်'

ထိုကဲ့သို့ တီတီတာတာနှင့် ပြောပါသော်လည်း မောင်မဲသည် သစ်တုံးကျောက်တိုင်ကဲ့သို့သာ မလှုပ်မရှားဘဲ အိပ်ရာထက်တွင် ဝမ်းလျားမှောက်ကာ အိပ်နေ၏။ ကျေးဥလည်း အိပ်ရာထက်၌ မောင်မဲ၏အပါးသို့တိုး၍ မိန်းမတို့၏ သဘာဝကျော့ကွင်းနှင့် ကျော့ကာ မြတ်နိုးနှစ်သက်စရာသော အပြုအမူကို ပြုလျက် ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် နှဲ့ကာ အိပ်သော်လည်း မောင်မဲသည် ကြောက်လန့်တုန်လှုပ်ခြင်းဖြင့် ပူဆွေးနေသော သူကဲ့သို့သာ စည်းစိမ်၌ မသာယာဘဲ မလှုပ်မရှားကာ နေတော့၏။ ကျေးဥလည်း နောက်ဆုံး၌ 'ကျွန်မရဲ့အသက်၊ မိကျေး သည် ကိုယ့်ကို အားကိုး၍ အသက်ကိုနှင်းပြီးလျှင် ခြေရင်းတွင် ဝတ်ကြီးဝတ်ငယ်ကို မလွတ်ရအောင် ပြုပါသည်။ ကျွန်နှင့်တူသော မယားအဖြစ်နှင့်လည်း တည်ပါသည်။ ကျွန်မ၏အပြစ်ကို ကျွန်မ ဝန်ချတောင်းပန်ပါပြီ။ ကျွန်မအား သနားသဖြင့် ကျေလည်တော်မူပြီးလျှင် စကားကိုဆိုတော်မူပါ။ ခါတိုင်းကဲ့သို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် မျက်နှာကမ်းလှမ်း ချစ်ရွှေပန်းကို ထိုးစိုက်ဆင်မြန်းတော်မူပါ' ဆို၍ ငိုယိုကာ နေသော်လည်း မောင်မဲသည် စကားကို မတုံ့၊ ကိုယ်ကို ယုံ့လျက် စက်ရာထက်မှာ မသက်မသာနှင့် တစ်စုံတစ်ခုကို တွေးဆကာနေသဖြင့် ကျေးဥလည်း ညဥ့်နက်လွန်းသော် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

မောင်မဲသည် နံနက်မိုးမသောက်မီ အိပ်ရာမှ ထ ၍ မှိန့်မှိန့်သော ပါးပြင်နှစ်သွယ်၌ မျက်ရည်ကြောင်းတို့ထင်လျက် သားငယ်ကိုဖက်ကာ အိပ်နေသည့် ကျေးဥကို မြင်လတ်သော် တံတွေးတို့သည် ခြောက်ကပ်လာ၏။ အာခံတွင်းသည် ပူလောင်လာ၏။ ရင်တွင်း၌ ဆို့တစ်လာ၏။ ဖြူဖြူဖွေးဖွေးကြီး ဖြစ်သော သားကလေး ချစ်စရာကို ကြည့်မဝနိုင်ဘဲ အားရအောင် နမ်းရှုပ်လေ၏။ ထို သားကလေး၏ မိခင် လုံးကြီးပေါက်လှ ဖြစ်၍ အပြစ်မျိုးကင်းစင်သော ကျေးဥကို ပိပိရိရိ အိပ်နေသည် အားလျော်စွာ ကြည့်၍ မျက်လုံးတို့သည် တစ်ခါတည်း

ပြာသွား၏။ လောကသည် မှောင်အတိ ကျနေသကဲ့သို့ ဖြစ်လာ၏။ မိမိ၏ အဖြစ်ကို ယူကျုံးမရ ချုံးချကာ ငိုလိုက်ချင်၏။ သို့သော် သင့်မှာ စာမတတ်၍ မျက်စိနှင့် လက်တို့ မရှိ။ ထို့ကြောင့် သင့်လက်ရုံးမှာ အတက် မရှိ။ ထိုကြောင့် သင့်မှာ ဘုန်းမရှိဟု ဖြစ်ပေါ်လာ၏။ "ခေါင်းတွင်းပြည့်လည်း၊ မဲ့တည်းမျက်စိ၊ လက်တုံးတိနှင့်၊ လက်ရုံးအတက်၊ စန့်မထွက်သည်၊ လူ့ပြည်မကျယ်၊ ရှိလေဖွယ် တည်း" ဟူသော ဂါထာသည် အစဉ်အစိုက် ပေါ်လာပြန်သဖြင့် ချစ်ဖွယ်ရာ သော သားကလေးသည် မျက်စိအောက်မှ ပျောက်သွားတော့၏။ စုံမက် နှစ်သက် ဖွယ်ရာသော ကျေးဥသည် မျက်စိထဲ၌ ရှင်းလင်းသွားတော့၏။

မောင်မဲသည် အရှက်ဒဏ်ကြောင့် သံယောဇဉ်ကြိုးကို ဖြတ်တောက်ပြီး သော် နေအရှဏ်ကိုယူ၍ အိမ်ထက်မှ ဆင်းသွားလေ၏။ မြတ်သော အိမ်ရှင်မ ကျေးဥသည် အိပ်ရာထက်မှ ထကာလ မောင်မဲကို မမြင်မတွေ့ရတော့ပေ။ အိမ်တွင်း အိမ်ပြင် တောင်မြောက်လေးပါးတို့၌ ကြည့်သော်လည်း မောင်မဲ၏ အရိပ်အခြည်ကိုမျှပင် မတွေ့ရတော့ဘဲ ဝလင်းခန်းမြင်သာရာ၌ ထိုးစိုက်ထားခဲ့ သော ထန်းဖူးရွက်ကိုသာ တွေ့ရ၍ ကောက်ယူကြည့်ကာလ ပ၊ စ၊ က၊ သ၊ ရ၊ တ၊ ဝ ဟူသော အက္ခရာကို တွေ့ရလေ၏။

ကျေးဥသည် ထိုအက္ခရာ ကြည့်၍ ဤသို့ ဆင်ခြင်မိ၏။ ဪ ကိုမဲ၊ ရှင်သည် စာမတတ် ဟူ၍ ရှက်ခြင်းကြောင့် သားနှင့် မယားကို စွန့်ထားခဲ့ပြီး သော် တော် တတ်သော အက္ခရာမျှနှင့်သာ ကျွန်မကို မှာကြားခဲ့ချေပြီတကား။ ရှင်၏ အက္ခရာအားဖြင့် ကျွန်မ သဘောကို နားလည်ပါပြီ။

ရှင်သည် ခေတ်၏ယဉ်ကျေးမှုတွင် **စ**၍ပြုပြင်သော တိုးတက်ယဉ်ကျေး မှု၏ အစဖြစ်သော စာသည် ရှင်၌ ကင်း**ပ**လေ၍ ရှင်၏ ပညာရင်နို့ကို လောက**က**၌ ထင်လင်းစွာ မပြ**သ**နိုင်ဟု ရှင် ဆိုလိုဘိ၏။ တစ်နည်းအားဖြင့် ကပွဲသဘင် တည်းဟူသော လောက၌ ရှင်သည် **က**၍ပြနိုင်ခြင်းမှ ကင်း**ပ**လေပြီဟု မှာထား ခဲ့ချေပြီ။ ရှင်၏ ပ၊ စ၊ က၊ သ အက္ခရာလေးလုံးသည် ကျွန်မ ချုံးချ၍ ငိုရလေ အောင် အဓိပ္ပာယ်ဆောင်နေလေပြီတကား။ အို အရှင်၊ အရှင့်အား စာမတတ် ကြောင်းကို ထင်ရှားစေရုံမျှသာ ကျွန်မ ကမျှော်မိပါသည်။ အရှင့်ကို မေတ္တာ ယွင်းသွေ၊ ကြင်နာခြင်း မရှိလေသောကြောင့် အရှက်ရအောင် ကျွန်မ မမိုက်ပါ တကား။ အရှင်သည် အရှက်လွန်၍ ကျွန်မနှင့် သားကလေး လူမမည်ကို စွန့်ခွာ သွားရက်ချေပြီတကား။ ရှင်၏ **ရ** ဟူသော အက္ခရာဖြင့် ပညာရှိတို့၏ အဆီ အနှစ် ကျန်ခဲ့သည်ကို မ**ရ**၊ ကိုယ်၏ ပညာကိုလည်း ပေးခွင့်မ**ရ**ဟု ပ အသံ အစချီခြင်းဖြင့် ထင်ရှားစွာ သိရပါပြီ။ ထိုမှတစ်ပါးလည်း တစ်ဦးနှင့်တစ်ဦး

ဆက်သွယ်မ**ရ**၊ မိမိစီးပွားကိုလည်း မှတ်သားခွင့်မ**ရ**၊ ရဖွယ်ရာသော စီးပွား အမွေအနှစ် အမှတ်အသားကိုလည်း မျက်စိမမြင်၍ တောင်းခံမရဟု ရှင်၏ **ပ** အစချီသော အက္ခရာဖြင့် ရှင် ဆိုလေပြီတကား။ ထို့ကြောင့် တ၊ ဝ ဟူသော အက္ခရာနှင့် အရှင်သည် စာမတတ်ခဲ့သည်ကို **တ**၍ **တ**၍ နောင်**တ**ဖြစ်ပြီးသော် ခေါင်းရှိသလို မျက်စိလည်း ရှိပေသည်ဟု ပြည့်**ဝ**အောင် စာကို လိုက်စားခြင်း ဖြင့်သာ သားအမိနှစ်ယောက်ကို **ဝ**ကွက်ကာ ချန်ထားခဲ့ပြီဟု အရှင် မှာခဲ့ သည်ကို ကျွန်မ သိရပါပြီ။

ရက်စက်လှချည်ရဲ့ ကိုမဲ။ အရှင်၏ ပ၊ စ၊ က၊ သ၊ ရ၊ တ၊ ဝ ဟူသော ခုနစ်လုံးသော အက္ခရာကို ကျွန်မသည် ပ–စ–က–သ–ရ–တ–ဝ ဟူ၍ ယဉ် ကျေးမှု၏ အစစ်အစဖြစ်သော စာမှကင်းပလျက် လော**က** **က**ပွဲတွင် ဝင်ရောက် ပြ**သ**ခြင်းမှ ကင်း**ပ**လေပြီ။ သို့သော် အလိုရှိသမျှကို ပြည့်ပြည့်**ဝဝ**နှင့် **က**တိုင်း ရသော အကြင်ငါသည် ထိုစာကို အ**ပ**ပြုခြင်းဖြင့် သူဌေး ဟူသော စည်းစိမ်နှင့် တင့်တယ်ခြင်းကို ရပေပြီ။ **တ** တိုင်း ပြည့်**ဝ**ပါပြီဟု အရှင့်သားအား ပ၊ စ၊ က၊ သ၊ ရ၊ တ၊ ဝ ဟူ၍ မတောင်းပန်လိုက်ရသည်မှာ ကျွန်မအပူကို ဘယ်သူ ကူညီ၍ ငြိမ်းသော်လည်း ကျွန်မမှာ အေးကွက် တစ်ရက်မျှ ပေါ်နိုင်ဖို့ မရှိပါ တကားဟု ရင်ခွင်ထက်ရှိ သားကလေးကို နမ်းကာ၊ ရှုပ်ကာနှင့် ငိုပွဲဆင်လျက် ကျန်ရစ်ခဲ့ရှာလေသည်။

မောင်မဲသည် ချစ်ဖွယ်ရာဖြစ်၍၊ ချစ်လှစွာသော သားနှင့် မယားကို စွန့်ခွာခဲ့လျက် တပင်ရှားရှား ခြေဦးလှည့်ရာ ခရီးသင့်လေ၍ မန်းချောင်းသို့ ရောက်လေ၏။ မန်းချောင်းရေကား မှန်ကဲ့သို့ ကြည်၏။ သီတာအိုင်မှ ရေကဲ့သို့ အေး၏။ ချောင်းထဲတွင် သွားလာနေသော ရေသားတို့ကို ပြကတေ့အတိုင်း မြင်ရ၏။ ထိုရေကို သောက်ချိုး၍၊ ချောင်းကမ်းပါးရှိ သစ်သီးတို့ကို စား၍၊ လေပြည်လေအေးတို့၏ အရသာကို ခံယူ၍ ဤသို့ ကြံဆမိလာ၏။

ငါ့ဆရာသည် ငါ့အား စာမတတ်ခြင်းကို အပြစ်ဆို၏။ ငါသည် ဆင်ခြေ လဲမှု၌ ကျွမ်းကျင်၍ ချေပခဲ့၏။ စာမတတ်ခြင်း၏ အပြစ်ကို ရှေးဦးစွာ ငါ တွေ့ရပေပြီ။ ထိုသို့ တွေ့ရသည်နှင့်အညီ ငါသည် ကန်တော့ပါ၏ဟု ဆရာ ရှိရာ ဦးတိုက်ကာ ကန်တော့လေ၏။

ထို့နောက် မောင်မဲသည် ဤသို့ တွေးဆပြန်၏။ ငါ့ဆရာသည် ငါ့အား မှားသော ဆုံးမမှုကို ပြု၏။ ထိုဆုံးမမှုကား မိန်းမတို့၏ သဘာဝ အဆွဲဓာတ်၊ အငင်ဓာတ် အမျိုးမျိုးကိုပြလျက် ငါ့အပေါ်၌ ပြင်းထန်စွာ အပြစ်ဆို၏။ ၎င်းကား မှား၏။ လွဲ၏။ ငါသည် စကုမြို့မ၌ အလုတွင် အတုမရှိသော ကျေးဥနှင့်

သားကလေး ရွှေတုံးရွှေခဲကို စွန့်ခွာကာ လာခဲ့ပြီ။ ငါ့ကို အလွန်လှ၍ အလွန်ချိုသော ကျေးဥ မဆွဲနိုင်၊ မငင်နိုင်။ သူ၏ ဘာမဆိုသည် ငါ့ကို ဘယ်လိုမျှ မဆွဲနိုင်၊ မငင်နိုင်။ ငါ၏ သည်းခံနိုင်စွမ်းသော ပြတ်တတ်သော စိတ်ဓာတ်ကို ငါ့ဆရာသည် မသိ။ ငါ၏ စွမ်းရည်ကိုလည်း မသိ။ ငါလိုယောက်ျား ငါ တစ်ယောက်သာ ရှိသည်ကို ငါ့ဆရာသည် မသိဟု ဆရာ့အပေါ်၌ ပြစ်မှားလျက် သည်ဇမ္ဗူတွင် ကာမဂုဏ်ရမ္မက်ကို အတွေ့အားဖြင့် စွန့်ခွာရက်စက်နိုင်သူကား ငါတစ်ယောက်သာဟု လက်ပမ်းပေါက်ခတ်ကာ ကြုံးဝါးခြင်းဖြင့် ချောင်းညာ၏ သဘာဝအရသာကို ခံယူနေလေ၏။

'ငါ၏သားချစ်၊ သင့်အား ငါသည် ခုနစ်ဘဝတိုင်တိုင် ဝမ်းတွင်လွယ်၍ မွေးပြီးနောက် လူတန်းမြင့် ချီးမြှောက်ခဲ့သော ထိုဘဝက သင်၏မိခင် ဖြစ်သည်။ သင်သည် တောလှည့်စားတိုင်း တောင်မြောက်လေးပါးကို အာရုံမျှားလျက် သတိမလစ်ငြားလေနှင့်။ ရေစီးလာရာ ချောင်းအညာသို့ သဲသောင် သာယာကို ရှေးရှုကာသာ နေငြားလော့။ ဘာကြောင့် သင်၏စိတ်ကို ထွေပြား လွင့်ပါးစေသနည်း' ဟူသော အလွန် သာယာသည့် အသံသည် တောရပ်တောင်စွယ်တို့ အတွင်းမှ ချိုအေးစွာ ထွက်ပေါ်လာလေ၏။

'အလို တောရိပ်ပျိုပျို၊ တောင်ရိပ်စိုစို၊ ဆိပ်ကမ်းသာသည့်၊ ရေညိုညိုမှာ၊ ချိုကာအေးမြ၊ သာယာလှလျက်၊ ကရဝိက်ကြိုးကြာ၊ အသံမဟာတို့ထက်၊ အဆတက်ကာ အလွန်နှစ်မြို့ဖွယ်ရာဖြစ်သည့် အသံပါတကား။ မွန်မြတ်လှသော စကားနှင့် ငါ၏ သားချစ်ဟု မည်သူကများ လှည့်စားကာ ဆိုလိုက်ပါဘိသနည်း။ နားဝင်စိမ့်ဖြန်း ကြက်သီးသမ်းအောင် တောင်တန်းတစ်လျှောက် ပေါ်ပေါက်ကာ လာချေပြီ။ တောင်မြောက် ဘယ်ကဘယ်ဝယ်၊ ဘယ်လိုဒေသ၊ ဘယ်ဌာနက၊ ဘယ်အနေမျှနှင့် မိန့်ဟကာ ဆိုလိုက်ပါဘိသနည်း' ဟု မောင်မဲသည် တစ်ယောက်တည်း ညည်းဆိုလျက် ချောင်းညာသို့ မျှော်စိုက်ကာ နေလေ၏။

'ငါ့သား၊ မင်းမေးတာကို ငါ ဖြေဖို့မလို။ မင်းအကျိုးစီးပွားကို လိုလျှင် မင်း သတိပြုလော့။ ချောင်းညာမှ ပန်းကလပ်တစ်ခု မင်းထံ မျောလာပေလိမ့်မယ်။ သည်ပန်းကလပ်ဟာ မင်းရှေ့မှာရပ်ပြီး တစ်ဖန် ချောင်းညာသို့ ဆန်တက်သွားလိမ့်မယ်။ မင်းဟာ ပန်းကလပ်နောက်သို့ မျက်ခြည်မပြတ်ဘဲ တန်းတန်း မတ်မတ် လိုက်သွားပေလော့။ မင်း အလိုရှိနေတဲ့ စာကို မကြာမတင် တတ်မြောက်ကောင်း တတ်မြောက်ပေသတတ်' ဟု ပီပြင်လေးနက်စွာ လူကို မမြင် မထင်နိုင်ပါဘဲလျက် စကားဆိုနေသဖြင့် မောင်မဲလည်း တစ်ဖန် ဤသို့ တမ်းတ ပြန်၏။

'ဘ၀အဆက်ဆက်က မြတ်မယ်တော်။ မယ်တော်ကား လူလား၊ နတ်လား၊ နဂါးလားဟု ခြားခြားနားနား သိပါရစေ။ မယ်မယ်၏ အသံတော်သည် တုန္နိုင်းမဲ့ကင်း၍ သာယာခြင်းမက သာယာလှပါသောကြောင့် နတ်မယ်လျှဟု ကျွန်တော် ယူဆမိပါသည်။ မယ်တော်သည် မှော်ဆရာ၊ အင်းဆရာ၊ ဗေဒင်ဆရာတို့ အထွတ်အမြတ်ထား၍ ယုံမှတ်စွဲလမ်းကာ တမ်းတစွဲလမ်းနေသည့် သူရဿတီ ဒေဝီမယ်လျှ နတ်နွယ်မပါလား။ ကျွန်တော့်အားကို သနားတော်မူသောအားဖြင့် ကိုယ်တိုင်ထင်ရှား မလှည့်စားဘဲ ရုပ်ဆင်းအားကို ပြတော်မူပါ။ သားဖျင်းလူမွဲ ကျွန်တော် ငမဲသည် ဦးထိပ်ထက် လက်စုံနွှဲပြီးသော် မယ်တော်အား ပူဇော်ပသခွင့်ကို ပြုတော်မူပါ မွေးသမိခင် ကျေးဇူးရှင်ဘုရား'

'ငမဲ၊ နင့်လျှာကို အတန်လီးဖြတ်ပစ်ရင် နင်ဟာ နည်းနည်းတော့ အဖိုးတန်မှာပဲ။ ငါ့ကိုယ်ကို မည်သူ့အားမျှ ထင်ရှားစွာပြရန် မလို၊ ပြလည်း မပြသင့်။ မည်သူ ဆိုတဲ့ စကားတွင် သင်လည်း ပါတာကို သတိပြု။ ငါဟာ သင်တို့ မှိန်မှိန်တောင့်တပြီး အချည်းနှီး ပူဇော်ပသနေလျက် စိတ်အားဖြင့်သာရှိတဲ့ သူရဿတီနတ်ဒေဝီ မဟုတ်။ ငါဟာ သင့်ခုနစ်ဆက် ဖြစ်ခဲ့တဲ့ ဘ၀က မယ်တော်ရင်းဟောင်းမျှသာ ဖြစ်လို့ ယခု ကောင်းသော မနုစာရီ တရားရှင် ဖြစ်သည်။ တန်ခိုးအားဖြင့် စိတ်ကိုပိုင်နိုင်လို့ သင်တို့ အလွန် ကိုးစားအားထားတဲ့ ဝိဇ္ဇာတို့ထက် လွန်သော တန်ခိုးရှင်၊ ဈာန်ရှင် စာရီဖြစ်တယ်။ သင်ဟာ စကားပိုပြီး မဆိုနှင့်။ စာကို တတ်ချင်လျှင် ငါ ညွှန်ကြားသည်သို့သာ လိုက်လာခဲ့လော့။ သင် တတ်ထားတဲ့ က၊ စ၊ တ၊ ပ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ စာလုံးများကို နှလုံးသွင်း ဂရုစိုက်လေ'

မောင်မဲသည် ထိုစကားရပ်တို့ကြောင့် ချောင်းညာကို မျှော်တမ်းကာ ကြည့်နေရာ မကြာမတင်မီပင် ပန်းကလပ်ကလေးတစ်ခုသည် မျောလာ၏။ ထိုကလပ်သည် ၎င်း၏ရှေ့၌ ချာချာလည်၍ ရပ်တည်နေ၏။ ထိုပန်းကလပ်ပေါ်ရှိ သဲမှုန်အပြင်ပေါ်၌ ငမဲ တတ်ထားသည့် ဆယ်လုံးသော အက္ခရာတို့သည် ဌာန်ကို အကြောင်းပြုကာ ပေါ်နေ၏။

မောင်မဲသည် ၎င်းကို စိုက်၍ကြည့်နေစဉ် ပန်းကလပ်သည် ချောင်းညာသို့ ဆန်သွားသဖြင့် ၎င်း၏နောက်သို့ လိုက်ပါသွားရာ က+ဟ=ခ၊ က+ခ=ဂ၊ ဂ+ဟ=ဃ ဟူသော စာတို့၏ ရင်းမြစ်မူလသည် ပေါ်လာ၍ က၊ ခ၊ ဂ၊ ဃ ဟူသော စာလေးလုံးကို လေ့ကျင့်နေစဉ် ခဏ၌ (င) ဟူသော နှာခေါင်းသံစာကို ထင်ရှားစွာ တတ်သိနားလည် မြင်မိလာလေ၏။ ထိုနည်းတူ စ+ဟ=ဆ၊ စ+ဆ=ဇ၊ ဇ+ဟ=ဈ တို့ ဖြစ်ကြောင်းနှင့်တကွ အခြားစာလုံးတို့ ဖြစ်စဉ်၊ ဗျည်းနှင့်အသံတွဲပုံ၊ ဠဝဂ် ဖြစ်ပေါ်ပုံ၊ ဗျည်းချင်းယှဉ်ကပ်၍ အသံနှင့် ပူးတွဲသုံးစွဲပုံ

စသည်တို့ကို တစ်စတစ်စနှင့် သုံးရက်ရှိသောအခါ အကြွင်းမဲ့ တတ်သိလာလေ၏။ လမ်းခရီး၌လည်း ချိုမြိန်သော သစ်သီးတို့ကို စား၍ ညအချိန်ကျတိုင်း ဝါးရုံပင်ထက်တွင် လင့်ဖွဲ့ကာ အိပ်ပြီးလျှင် စာကို သုံးသပ် ဆင်ခြင်ကာသာ စွဲမြဲနေလေ၏။ ထိုကဲ့သို့လျှင် မောင်မဲသည် စာတတ်လာသောအခါ ပန်းကလပ်သည် ပျောက်ကွယ်သွားလေ၏။

**[မောင်မဲအား မနုစာရီ၏ စာသင်ကြားပုံနှင့် သင်ပုန်းကြီးဖြစ်စဉ် သင်ကြားပုံတို့ကို အကျယ် မရေးတော့ပြီ။]**

ပန်းကလပ်သည် ပျောက်ကွယ်သွားလတ်သော် မောင်မဲသည် မိမိတတ်ပြီးသော စာကို ဆင်ခြင်သုံးသပ်၍ အလိုရှိသလို အသုံးပြုနိုင်ကြောင်း သိရ၏။ စာနှင့်ပညာကို တွဲ၍ သုံးစွဲနိုင်လာပြီ ဖြစ်ခြင်းကြောင့်လည်း မိမိသည် ပညာရှိ မည်လာကြောင်းကို ထင်မြင်လာ၏။ ထို့ကြောင့် မယ်တော်ဟောင်း မနုစာရီအား ပူဇော်ပသခြင်းငှာ အလိုရှိရာတွင် ပန်းကလပ်သည် ပျောက်ကွယ်သွား၍ စာရီ၏ အသံလည်း တိတ်သွားလေ၏။

မောင်မဲသည် ဤသို့ ဆင်ခြင်မိ၏။ ဤဆိပ်တွင် ပန်းကလပ်သည် ကွယ်ပျောက်သွားချေပြီ။ ဆိပ်ကမ်းသည် အလွန် သာယာ၏။ သဲရှပ်ရှပ်အပြင် ပုလဲလုံး၊ ရွှဲလုံးတို့ကဲ့သို့သော ကျောက်လုံးကျောက်ခဲတို့နှင့် အလွန် နှစ်မြို့ဖွယ်ရှိ၏။ ကုန်းသို့ တက်ရာသော ခြေရာသည် ထင်၏။ ထိုခြေရာသည် အခွက်မဲ့ သကဲ့သို့သော ဖဝါးဖြင့် ချနင်းထားရာ ဖြစ်၍ တောင့်တပူပန်ခြင်းနှင့် အလိုရမ္မက်တို့ကို သတ်ဖြတ်ခြင်း ပြုနေသည့် မြတ်သော ယောဂါဝစရ ဈာန်ရ ပရဗိုဇ်မတို့၏ခြေရာ ဖြစ်၏။ ထိုခြေရာနောက်သို့ အစဉ်တစိုက် လိုက်သည်ရှိသော် ငါ၏ မိခင်ဟောင်းကို သော်လည်းကောင်း၊ တစ်ပါးသော သူမြတ်ကို သော်လည်းကောင်း တွေ့တန်ရာပေသည်။

ထိုခဏ၌ ဆိတ်ညံနေသော တောအုပ်ကြီးအတွင်းမှ ဤသို့သော အသံသာသည် ဖြစ်ပေါ်လာ၏။ 'ချစ်သား၊ ထွေထူးရာရာကို မကြံနှင့်။ သင်ကား ကဝိအမော်အကျော် ဖြစ်နိုင်တဲ့ ပညာရှိ ဖြစ်ပြီ။ သက်သာပြည်ကြီးဟာလည်း ပညာရှိတို့ ခိုလှုံရာ၊ ပညာရှိတို့ ထင်ပေါ်ကျော်စောရာ ပြည်မကြီး ဖြစ်နေတယ်။ သက်သာပြည်ကြီးသို့ သွားပေတော့'

မောင်မဲကား ထိုစကားကြောင့် သာ၍ ကြည်ညိုလေးမြတ်ခြင်း ဖြစ်လျက် ရေဆိပ်မှ တက်သွားရာ ခြေရာသို့ အစဉ်လိုက်သွားလေ၏။ 'သင် ချစ်သားပြန်လော့၊ သင်နှင့် ဤရိပ်သခ်မ်းသည် မတန်' ဟု အသံသည်သာလျှင် ထွက်ပေါ်နေလေ၏။

မောင်မဲကား ခြေရာနောက်သို့ တစိုက်စိုက် သွားလေရာ ငှက်ပျော၊ မာလကာ၊ သျှိသျှား၊ ကနစိုး စသော စားကောင်းသောက်ဖွယ် အသီးအပင်တို့ ခြံရံနေသော ပရိဝုဏ်နှင့် အလွန်သာယာအေးမြသော ကျောင်းသခ်မ်းငယ်ကို တွေ့ရလေ၏။ ထိုကျောင်းသခ်မ်း၏ စကြံဦး၌ နီသော အဆင်းနှင့် မြေညီညီ သည် ပြောင်လျက် ရှိ၏။ ကျောင်းသခ်မ်းအတွင်း တစ်စုံတစ်ယောက်သော သူကိုမျှ မတွေ့ရဘဲ တံခါးကို အတွင်းမှ ပိတ်ထားလေ၏။ ထိုအခါ မောင်မဲ သည် ဤသို့ တမ်းတ၏။

'အို ... ခုနစ်ဆက်သော ဘဝက မြတ်မယ်တော်၊ မယ်တော်သည် ကြည်လင် သနားသောစိတ်နှင့် ပြသသွန်သင်၍ ကျေးဇူးတော်ဂုဏ်သည် တုနှိုင်းမဲ့ ဖြစ်ချေတော့ပြီ။ ထိုကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူလှသည့် ငမဲ၏ ဦးထိပ်ပန်း အရှင် မြတ်မယ်သခင်၊ တပေါင်းနွေဆန်း ရွက်သစ်လန်း၍ ညွန့်ပန်းသိုက်မြိုက် ခါတော်ကြိုက်တွင် ပျော်ရွှင်ပိုက်ကြည်နှော ငှက်ဥဩ၏ ရွှင်ပြောသာယာ ချိုအေး လှစွာသော အသံထက် သာယာခြင်းမက သာယာလှလျက် ထပ်လောင်း ထပ် လောင်း ဂုဏ်ကိုပေါင်းလည်း ပေါင်း၍မပြည့် အသံတော်ရှိသည့် မွေးမိစစ်သွင် ကျေးဇူးရှင် မယ်တော်မြတ်၏ တင့်ပရောင်ဝါ အဖြာဖြာသော မင်္ဂလာနှင့် မြတ်လှစွာသော ရွှေမျက်နှာတော်ကို သားမောင်ငမဲ မျက်နှာမွဲသည် ဆကဲလီလီ သဒ္ဒါရည်ဖြင့် ကြည်ညိုပန်ထွာ ဦးတိုက်ကာနှင့် ရှိခိုးကာ ဖူးမြော်၍ ပူဇော်ခွင့် ပြုတော်မူပါ ကျေးဇူးလျာသခင် မြတ်မယ်တော်အရှင်'

'ဟယ် ... ငမိုက်သားငမဲ၊ နင်ကား ငါ့ကို ဖူးမြော်ခွင့်နှင့်မတန်၊ မြို့ပြ ပြည်ရွာသို့ ပြန်တော့။ နင်နှင့် ငါ့သခ်မ်းသည် မရာ။ ငါ အခွင့်မပြုဘဲနှင့် ကျော်မှား လာခဲ့သည်ကို သားဟောင်းမို့ ငါ အပြစ်မပြု၊ မည်သို့မျှ မမှုဘဲ လိုက်လျောပြီး ရှုခဲ့ပြီ။ သို့သော် နင် ယခု ပြန်တော့'

'မြတ်မယ်သခင်၊ တုနှိုင်းမဲ့ဖွယ်သော ဂုဏ်ငါးပါးတွင် တစ်ပါး ပါဝင် သည့်အလျောက် ခုနစ်ဆက်သော ဘဝတို့၌ အမိကောင်းတည်းဟူသော ဂုဏ်ရည် မြတ်ဖြင့် သွန်သင်ပြသ ဩဝါဒ ပေးခဲ့သည့်အတိုင်း ယခု သားလှမျက်ရွှဲ ကျွန်တော်ငမဲမှာ ပညာတွင် တုမရှိ လူ့ကဝိ ဖြစ်နေရပါတော့ပြီ။ ထို့ကြောင့် မိခင်မြတ်တည်းဟူသောဂုဏ်၊ ဆရာသခင် ကျေးဇူးရှင် တည်းဟူသော ဂုဏ်တို့ကို ကြည်ညိုသဒ္ဒါ လေးစားစွာဖြင့် သားငမဲသည် ပူဇော်ခြင်းကို ပြုပါရစေ။ မွေးသည့် မိခင် ကျေးဇူးရှင်သည် ကိုယ်ထင်ပြ၍ သား၏ အတွေ့ကို ခွင့်ပြုတော်မူပါ။ မိခင်မြတ်သည် သား ပူဇော်ဖူးမြော်ခွင့်ကို မပြု၊ အမှုကို မထားခဲ့သော် သား ကျွန်တော်ငမဲသည် သေတန်လျှင်သေ၊ ကျေတန်လျှင်ကျေ၊ ဤရိပ်သခ်မ်းက

မပြန်ဘဲ နေပါတော့အံ့။ အားခဲကာ ဖူးမြော်ခွင့် တောင်းသည်ကို နှစ်လိုကာ စိတ်ထားနှင့် ကိုယ်ထင်ရှား ပြတော်မူပါ မွေးမိသခင် သူတော်စင်ဘုရား'

ငမဲသည် ထိုကဲ့သို့ ဖွတ်တရွတ် တောင်းပန်သော်လည်း ကျောင်းသင်္ခမ်းတွင်းမှ တစ်စုံတစ်ရာသော အသံသည် ထွက်ပေါ်မလာဘဲ တိတ်ဆိတ်ကာ နေပြီးမှ တောငှက် တောင်ငှက် အပေါင်းတို့သည် တစ်ပြိုင်တည်း ကြွေးကြော်ကြကုန်၏။ ထိုကြွေးကြော်ခြင်းဖြင့် ငမဲ၏စိတ်တွင် တုန်လှုပ်ခြင်း ဖြစ်လာ၏။ ထို့နောက် တောကြီးအလုံးသည် ပဲ့တင်ဟည်းလျက် တစ်ခဲနက်သော အသံကြီးသည် တုန်၍ ဖြစ်ပေါ်လာ၏။ ထိုအသံကြောင့် ငမဲသည် ကြောက်ရွံ့ခြင်း ပြင်းစွာ ဖြစ်ပေါ်လာစဉ်ပင် ခြသေ့်ဟောက်သံ၊ ကျားဟိန်းသံ၊ ဆင်အော်သံ တို့သည် ဆက်ကာဆက်ကာ ပေါ်လာပြီးလျှင် ချက်ချင်းပင် ၎င်းကို ကိုက်သတ်ဆွဲခါမည် ကဲ့သို့ ထင်မြင်လာ၏။ ငမဲသည် ထိုသို့သော အခြင်းအရာဖြင့် အလွန်တုန်လှုပ်လျက် မယ်တော်အား ရှိသေစွာ ကန်တော့၍ ဤသို့တမ်းတကာ ကျောင်းသင်္ခမ်းဝက ထွက်ခွာခဲ့ရရှာလေသည်။

'သြော် လောကသည် ငါ့ကို ကျောပေးနေသည်တကား။ ခုနစ်ဆက်သော ဘဝက အမိဟောင်းသည်ပင်လျှင် စာကို ကောင်းစွာသင်ကြားပေးပြီးမှ ငါ ပူဇော်ရရန် အမြင်အတွေ့ မခံ။ ငါ့ဘဝသည် အလွန်ခေမာလေစွတကား။ အို … မြတ်မယ်တော်၊ တပသီဝလေ့ ပျော်ကာမွေ့လျက် ကသိဏ်းအာရုံ ဈာန်နှင့်သာ ထုံပြီးလျှင် တောကြီးတစ်ခွင် မြိုင်လယ်တွင်းမှာ တန်ခိုးရှင်အဖြစ်နှင့် မွေ့လျော်တော်မူလျက် တစ်ကိုယ်တော်ထီး ပျော်ပျော်ကြီး နေရစ်တော်မူတော့ဖျား'

မောင်မဲသည် ထိုသို့ တမ်းတ၍ ကျောင်းသင်္ခမ်းဝမှ မယ်တော်ဟောင်းကို မှန်းဆကာ ကန်တော့ခဲ့လျက် ဤသို့ ကြံဆမိ၏။ ငါသည် ငါ့မယ်တော်ဟောင်းကို မမြင်မတွေ့ရဘဲနှင့် မပြန်ထိုက်။ မယ်တော်သည် ဤရေဆိပ်သာသို့ ရေသုံးသပ်ရန် မုချ ကြွလာသတတ်။ ထိုအခါ ငါသည် ဖူးမြော်ရသတတ်။ ထိုသို့ အောက်မေ့ပြီးသော် ထိုတောအုပ်မှ ထွက်သွား၍ သုံးရက်မြောက်၌ ပြန်လာပြီးသော် ရေဆိပ်အနီး၌ တည်းအုံပြုကာ ဘေးကင်းရာကို ပြုလျက် နေလေ၏။

မနုစာရီလည်း ငမဲသည် ပြန်လေတော့ပြီဟု ငမဲအပေါ်၌ တစ်စုံတစ်ရာမျှ အာရုံမပြုတော့ဘဲ သတိကင်းရှင်းကာ လွှတ်ထားလိုက်ချေပြီ။ ထို့နောက် ငါးရက်မြောက်သောနေ့ နေသာသာအချိန်တွင် ရေဆိပ်သို့ ရေသုံးသပ်ရန် မနုစာရီသည် ဆင်းလာသည်။ ငမဲလည်း ပုန်းလျှိုးနေရာ တည်းအုံအတွင်းမှ ပရဗိုဇ်မ အသွင်နှင့် မနုစာရီကို မြင်ရလတ်သော် အလွန် ကြည်ညိုလေ၏။ မနုစာရီ

မျက်နှာသည် လပြည့်ဝန်းကဲ့သို့ ကြည်ကြည်လင်လင် ရွှမ်းရွှမ်းတင့်လျက် ရွှေစင်ကို သွန်းလုပ်ထားသော ရုပ်လုံးကဲ့သို့လျှင် ဖြစ်၏။

မနုစာရီသည် ဆိတ်ငြိမ်၍ သာယာသော တောအုပ်အတွင်းရှိ သာယာတင့်တယ်သော ရေဆိပ်၌ အဝတ်ကိုချွတ်၍ ရေသုံးသပ်လေ၏။ ထိုအခါ မောင်မဲသည် တငေးငိုက်ငိုက် ဖြစ်လာအောင် မိန်းမတို့၏ ကြန်အင်လက္ခဏာသည် သဘာဝအလျောက် ဆွဲငင်ကာ ရှိနေ၍၊ မောင်မဲမှာ သတိတရား အားလုံးကို တပ်မက်ခြင်းသည် ဆို့ပိတ်ဖုံးလိုက်၍ အလိုက်ဓာတ်သည် တစ်ဟုန်တည်း တက်ကြွလာပြီးသော် ကိလေသာ ကာမဓာတ်သည် တဖျပ်ဖျပ်နှင့် ကွန့်မြူးလာလေ၏။ မျက်စိအစုံသည် မနုစာရီသို့ မတိမ်းမလွဲဘဲ အာရုံစိုက်ကာ ညွတ်နေ၏။ မနုစာရီလည်း ငမဲရှိရာသို့ ကျောခိုင်းလျက် ရေသုံးသပ်သည်တွင် ရွှေခိုင်အထုကဲ့သို့ ဖြစ်လျက် တင်းတင်းလုလုနှင့် ကြွ၍ကြွ၍နေသော တင်သားအစုံသည် တောရေးတောင်ရေးဖြင့် ခြယ်လှယ်လျက် ကိလေသာဓာတ်နှင့် တရစပ် အားပေးကာ ရှိနေသော ငမဲ၏အာရုံကို ချိတ်ဆွဲငင် သုတ်နေသကဲ့သို့ ဖြစ်လေ၏။ ထိုမှတစ်ဖန် ငမဲ ဘက်သို့ ရှေ့တူရူပြုလျက် ရှိပြန်သောအခါ ပဒုမ္မနီဥက္ကဋ္ဌ (ဆန်းပန်းအမြင့်) မိန်းမလှအလျောက် ခါးသေး ရင်မောက်လျက် မိန်းမမြတ်တို့၏ ဂုဏ်အင်္ဂါ အသရေမြောက်သော စုံ့စုံ့ပြည့်တင်း ဆယ်လှော်ခုတ် ရွှေအဆင်းကဲ့သို့ ကြီးထွား စိုအိသော ပတာမြတ်အစုံဖြင့် လည်းကောင်း၊ နက်သော ချက်ရှိလျက် မိန်းမမြတ် မိန်းမလှတို့၏ နိမိတ်အင်္ဂါဖြင့် အရေးမထင် အကြားမမြင် မိုင်မို့၍နေသော ဗွေနိမိတ်အင်ဖြင့် လည်းကောင်း၊ ငှက်ပျောလုံး ပမာကဲ့သို့ အရင်းကြီး၍ အဖျား သေးသွယ် တင့်တယ်မျိုးမက တင့်တယ်လှသော ပေါင်, ခြေ, လက် တို့ဖြင့် လည်းကောင်း သဘာဝအားဖြင့် ဆွဲငင်နေသဖြင့် မောင်မဲသည် ရတ်ခြည်းပင် မှောင်ကျကာ ရှိနေပေတော့၏။

မောင်မဲကား ယောကျ်ားမြတ်၊ ယောကျ်ားကောင်းတို့၏ သတိတရားမှ ကင်းချေတော့ပြီ။ ကျားသည် မိမိအစာ ဖြစ်သော ဒရယ်ကို ရတ်တရက် ထ၍ ဖမ်းဘိသကဲ့သို့ ပုန်းအောင်းရာ ပိုးအုံအတွင်းမှ ချက်တစ်ဖြုတ် ထွက်ခဲ့ပြီးသော် မနုစာရီ၏လက်ကို ဆွဲကိုင်လျက် ဤသို့လျှင် ပြည်တည်တည်စကားကို ဆိုဘိ၏။

'ပြုံးချိုလှလှ ကောင်းကင် လ ကဲ့သို့ တင့်ပသော မျက်နှာနှင့် ကြည့်အားမရ၊ ကြည့်လို့မဝနိုင်သည့် အို အဘယ်နမ၊ တောကြီးအရှင် လှဘုရင်သည် မိန်းမမြတ် လက္ခဏာ ဆန်းပန်းအမြင့် ပီသစွာနှင့် တင့်တင့်တင်းတင်း၊ ပြည့်ပြည့် ဝင်းဝင်း၊ ကြီးကြီးရှင်းရှင်း ရှိလျက် ကြည့်၍မငြီး ချီး၍မကုန် ရွှေတည်သီးကြီး အစုံဖြင့် လည်းကောင်း၊ မိန်းမမြတ်၏ ဗွေကြော၊ ပိပိရိရိရှိသော နိမိတ်

လက္ခဏာဖြင့် လည်းကောင်း၊ အပြစ်ကင်းစင်ကာရှိသော ကြန်အင်လက္ခဏာတို့နှင့် ရှေးရည်အတိသာ လွှမ်းထားကာ ရှိနေသကဲ့သို့ ဖြစ်သည့် ကိုယ်လက်ခြေတို့ လည်းကောင်း၊ တောကြီးအလယ်၌ ပုရဗိုဇ်အနွယ်ဖြင့် အဘယ်သို့လျှင် တင့်တယ်နိုင်ပါအံ့နည်း။ လောကသားတို့၌ ကာမဂုဏ် သရဖူဟု ဆိုနေသော အမွေ့ရသာမြတ်သည် နှိုင်းယှဉ်ဘက်ကင်း၊ ဥပမာ ထင်လင်းစွာ ပြနိုင်ဖို့ မရှိပါတကား။ ထို အမွေ့အရသာ တွေ့ကောင်းလှာကို အလိုရှိသလို ပျော်ပါးလျက် လောက ကပွဲတွင် ပါဝင်ပြီးသော် အဘယ်ကြောင့် အားပါးရရ မကစားသင့်ပါသလဲ။ အဘယ်နမ၏ ကောင်းခြင်း အဖြာဖြာကို အိမ်ထောင်မှုဇာတ်ခုံ၌ ဒြပ်စုံနွဲပြီးလျှင် ကပွဲကြီး ဝင်စမ်းပါ အဘယ်နမ'

ထိုခဏ၌ မနစာရီသည် တင်းမာခက်ထန်သော မျက်နှာသို့ ပြောင်း၍ ရန်းဖယ်သော်လည်း မလွတ်နိုင်ဘဲ နဲ့ကောတွင် မိနေသော ငှက်ကဲ့သို့ ဖြစ်နေပြီးနောက် သတိကိုဖြစ်စေလျက် အသုဘ ဘာဝနာကိုပေါ်စေ၍ ခဏနောက်၌ ကသိုဏ်းပရိကံကို ဆင်ခြင်လေ၏။ မနစာရီသည် သုံးသပ်မြဲဖြစ်သော ကသိုဏ်းပရိကံဖြင့် အာရုံနိမိတ်ကို ရသောအခါ ရုတ်ခြည်း ကောင်းကင်သို့ ပျံတက်လျက် နတ်ဘီလူးအသွင်ကို ယူပြီးလျှင် ဤသို့ ကြိမ်းမောင်းလေသည်။

'ဟယ် ... သူယုတ်၊ နင်ကား အတုမရှိ မိုက်မဲဘိ၏။ ငါသည် နင်၏ ခုနစ်ဆက်သော ဘဝက မိခင်ဖြစ်ခဲ့၏။ ယခုလည်း ငါသည် သံသရာ အဆက်ဆက်က သားတည်းဟူသော ငြိတွယ်မိသည့် သဘောကြောင့် ဒိသာပါမောက္ခ ဆရာမှ သင့်အား တတ်အောင် မသင်နိုင်သည့် စာကို ဆရာမကြီး အဖြစ်နှင့် တတ်အောင်သင်ပေး၍ လက်ရုံးအတက်နှင့် မျက်လုံးကို တပ်ဆင်ပေးသည့် ကျေးဇူးရှင် ဖြစ်ချေသည်။ ထိုသို့သော ကျေးဇူးရှင်ကို မေထုန်မှုဖြင့် ပြစ်မှားကျူးလွန်ရန် ကြံစည် အားထုတ်ခြင်းဖြင့် စော်ကား၏။ နင့်ထက် ယုတ်မာသော့သွမ်းသော သူသည် လောက၌ မရှိတော့ပြီ။ လောက၌ ပညာရှိသူသည် မိုက်ရာ၌ သူတကာထက် လွန်၏ဟု ဆိုသော စကားကို ငါ လက်တွေ့ဖြစ်ချေပြီ။

'နင့်ထက် ယုတ်ညံ့စဉ်းလဲသော ကျွန်တို့၏ အခွင့်သာသလို ကြံစည်မျိုးနှင့် ကြံစည်၏။ ထို့ကြောင့် နင်သည် အသက်တည်စေလိုသော် ယနေ့က စ၍ ငမဲ အမည်မှ "ငမဲကျွန်" အမည်သို့ နင့်နာမည်ကို ပြောင်း၍ တည်စေလော့။ ထိုအမည်နှင့် ကင်း၍ ထင်ရှားသော အချိန်တွင် နင်သည် မိခင်ဟောင်း ဆရာမကို ပြစ်မှားသောကြောင့် ပြည့်တန်ဆာမတို့ သတ်၍ သေရလတ္တံ့.'

ထိုသို့ ကျိန်ဆိုပြီးနောက် မနစာရီသည် ကောင်းကင်၌ ကွယ်ပျောက်သွားလေ၏။

ငမဲသည် ထိုအခါမှ နောင်တရ၍ ငိုကြွေးလျက် မယ်တော်ဟောင်းအား ရည်မှန်းကာ ကန်တော့ပြီးလျှင် ဤသို့ စိတ်တွင် ပေါ်ပေါက်လာ၏။

ငါ့ကို ငါ့ဆရာ ဒိသာပါမောက္ခ ဆရာကြီးသည် မိန်းမတို့၏ အဆွဲအငင် ဓာတ်နှင့် အကြောင်းပြုပြီးသော် ငါ့ကို ဆုံးမ၏။ ငါသည် ဆရာကိုပင် မှားသည်ဟု ဆင်ခြေပြုကာ စော်ကားခဲ့၏။ ငါ၏ဇနီး မယ်ကျေးသည် လင့်ဝတ္တရားၝ ကျွန်မကဲ့သို့ ပြုကျင့်၍ မေထုန်မှု၌ ရှက်ကြောက်ခြင်းဖြင့် နမကဲ့သို့ လျှို့ဝှက် ခြေသောကြောင့် ယောကျာ်းတို့၏ တည်ကြည်မှုကို ပျက်စီးစေသော မိန်းမတို့၏ ကြန်အင်လက္ခဏာ အဆွဲအငင်ဓာတ် အာရုံတို့ကို ငါသည် မထင်မြင်မိချေ။ ငါသည် ကိလေသာ ကာမဂုဏ်၌ လွန်မြောက်သော ယောကျာ်းဟု လက်ပမ်း ပေါက်ခတ်ကာ ကြိမ်းဝါးဘိခဲ့၏။ ယခု ငါ မှောက်မှား၏။ ငါသည် အချည်းနှီး သော ယောကျာ်းပါတကား။ မိန်းမတို့၏ ပတာနစ်ငုံ အလှသည် ယောကျာ်း တို့၏ မျက်စိကို စုံကန်းစေလျက် မုန်ဓာတ်သည် ငမ်းငမ်းတငင် ပေါ်ပေါက် လာခြင်းဖြင့် တရား ဟူသော အကြည်ဓာတ်မှ ကင်းစေဘိ၏တကား။ ထိုပတာ အစုံကို မယ်ကျေးသည် စုံပိတ်၍ လျှို့ဝှက်ထားသဖြင့် ထိုသည်၏ ရမ္မက်သည် ငါ၌ အပြစ်ဖြစ်စေရန် အထူးအဆန်းသဖွယ် အလှပန်းကြီး ဖြစ်ချေတော့တကား။

မိန်းမတို့၏ ဗလာကင်း၍ ကြော့ရှင်းသော ကိုယ်ဟန်နှင့် ဗွေလက္ခဏာ ပေါင်တံ ခြေလက်၊ တင်ပါးအစုံသည် သဘာဝအားဖြင့် လှုပ်ရှားကာ အမြဲ ဆွဲငင်ကာ ရှိချေသောကြောင့် မမြင်မတွေ့ရဖူးသော ယောကျာ်းတို့၏စိတ်ကို ရှူးချာနောက်စေလျက် ဖောက်ပြားစေတော့ပြီ။ ထိုလက်နက်ကြီးကို ကျေးဥသည် အသုံးမပြုခဲ့။ ရှက်ကြောက်ခြင်းသဘောနှင့် လူမှုကို ရောခြင်းကြောင့် ငါသည် ၎င်းတို့၏ သဘာဝအာနိသင် တန်ခိုးကို မသိခဲ့။ ထိုအတူပင်လျှင် အသံ၊ အရုပ်၊ အဆင်း၊ ဗွေ၊ ကြန်အင်၊ လက္ခဏာတို့သည်လည်း တန်ခိုးကြီးလေဘိတကား။

ငါသည် လူ့သျှုတ္တရ၌ ကောင်းစွာတတ်သိသည်ဟု တံခွန်ပြုကာ ထောင် လွှားခဲ့သည်။ လူ့သျှုတ္တရ၌ အတွေ့သဘောအားဖြင့် ငါ မမြင်၊ မသိ၊ မတတ်သော အကြောင်းချင်းတတို့သည် များစွာ ရှိချေပြီတကား။ လောကကို တည်မြဲစေ သော ဖိဓာတ်၊ မ ဓာတ်၊ နှစ်ပါးတို့တွင် အဆွဲဓာတ်၊ အငင်ဓာတ်၊ အလိုက်ဓာတ်၊ အငင်ဓာတ်တို့သည် ကြောက်စရာကောင်းအောင် စွမ်းဆောင်လေစွတကား။ အငင်ဓာတ်ဖြင့် လွန်ကဲရာဖြစ်သော မိန်းမတို့၏ မျက်လုံး၊ ပါးစပ် အသံတို့သည် ပြကတေ့သော သဘောနှင့်ပင် သော့ခတ် ပိတ်ဆို့ထားသော ယောကျာ်းတို့၏ ကိလေသာ သေတ္တာကို လွယ်လင့်တကူနှင့် ဖွင့်လှစ်နိုင်၍ မိန်းမတို့နှင့် ရောပြွမ်း ခြင်းဖြင့် မပေါင်းသင်းသော ယောကျာ်းတို့သည် မိန်းမတို့၏ မျက်စိ၊ ပါးစပ်၊

အသံတို့၏ ဆွဲငင်လိုက်သောဒဏ်ကို မခံနိုင်ဘဲ ရူးချာနောက်ပြီးလျှင် မှောက်မှား ရမည်တကား။ မိန်းမတို့၏ အမျိုးမျိုး ဆင်သ ခြယ်လှယ်ထားခြင်း၊ ပြကတေ့ အားဖြင့် ရှိခြင်း၊ ဖန်တီးထားခြင်း၊ ကိုယ်လုံးကိုယ်ပေါက် စသည်တို့သည် သဘာဝအားဖြင့်လျှင် ယောကျ်ားတို့၏ ကိလေသာစိတ်ကို စန့်ထွက်လာအောင် ငင်နေသော ကာမစိတ်တို့ပင် ဖြစ်ချေ၍ မမြင်စဖူး မြင်ခဲ့သော် ရူးချာနောက်၍ မှောက်မှားရမည် တကား။

မိန်းမတို့၌ အယုတ်၊ အလတ်၊ အမြတ်တို့ကို ပြသော ကစီအိမ် လက္ခဏာ သည် ယောကျ်ားတို့ ကစားစရာ မုန်စိတ်နှင့်ယှဉ်၍ မက်စရာတို့ မဟုတ်ဘဲ ၎င်းတို့၏ အင်အားကို မဆုတ်ယုတ်စေရန် သိုလှောင်ထားသော ကစီရည် အစာအိမ်၊ သန္ဓေတည်စွဲနိုင်ရန် ဩဇာဓာတ်ကို အားပေးနေသော ကစီရည်အိမ် ကလေးကို သန္ဓေစွဲတည်စက စ၍ ကျွေးမွေးထောက်ပံ့ရာဖြစ်သော ကစီရည်အိမ် တို့သာ တကားဟု အောက်မေ့နိုင်သည့် သူသည်သာလျှင် လူဆိုသော ယောကျ်ား အစစ်ပါ တကား။

ရင်ခါးတို့ဖြင့် မိန်းမလေးမျိုးတို့၏ လက္ခဏာအရေးကို ခွဲခြားကာ ပြနေ ခြင်းဖြင့် တည်ရှိသော တင်ပါးဆုံသည် သားတို့၏ ကျန်းမာစွာ ခိုလှုံနိုင်ရာ သူငယ်အိမ်၏ အခြေအနေနှင့် သုတ်ဓာတ်၏ အားပေးရာ အင်အားကို ပြသည့် နိမိတ်လက္ခဏာသာပါ တကားဟု မအောက်မေ့နိုင်သော ယောကျ်ားသည် တိရစ္ဆာန်ထီးမျှပါတကား။ မိန်းမတို့၏ ဗျည်းအမျိုးမျိုး အသွင်အပြင်သည်ကား သားကောင်း၊ သားမြတ်၊ သားယုတ်တို့၏ မည်သည့်သန္ဓေမျိုး တည်ထိုက်ရာ၊ ကျန်းမာစွာ မွေးဖွားနိုင်ရာတို့ကို ဖြစ်စေသော သူငယ်အိမ်၏ အခြေအနေနှင့် တံခါးပေါက်ကို ပြခြင်းမျှသာပါတကားဟု မအောက်မေ့ဘဲ ပျော်ရွှင်မြူးထူး အလေလိုက်ကာ ကြူးစရာဟု တပ်မက်ခြင်းသည် စကားဆိုတတ်သော တိရစ္ဆာန် မျှသာပါ တကား။

ငါသည် ကိလေသာကို ဖြတ်တောက်ရန် ကြိုးစားနေသော ယောဂါဝစရ ပုဂ္ဂိုလ်တို့ကဲ့သို့ မိန်းမတို့ကို မတပ်မက်ရအောင် အပြစ်အမျိုးမျိုးတင်၍ ရှုတ်ချ ခဲ့ပြီ။ ယုတ်ညံ့သည်ဟု ဆိုခဲ့ပြီ။ စင်စစ်အားဖြင့် မိန်းမတို့၏ ယုတ်ခြင်း၊ မြတ်ခြင်း နှင့် ယောကျ်ားတို့အတွက် မသက်ဆိုင်ချေ။ ယောကျ်ားတို့အတွက် ယောကျ်ား သာလျှင် သက်ဆိုင်ရမည်။ ပမာဆိုသော် မီးသည် ပူ၏။ ဘယ်သူ့ကို ပူသနည်း။ သွား၍ ထိသောသူနှင့် မရှောင်သောသူကို ပူစေသည်။

မိန်းမတို့သည် သဘာဝအားဖြင့် ၎င်းတို့၏ အရုပ်၊ အဆင်း၊ အသံ လက္ခဏာ ကြီးငယ်တို့ဖြင့် ဆွဲငင်လျက်ရှိ၏။ ဆွဲငင်ခြင်းသည် ဆွဲငင်ခြင်းမျှသာ

ဖြစ်၏။ ယောကျ်ားတို့သည် လိုက်၊ ငင်လျက် ရှိ၏။ လိုက်ခြင်း၊ ငင်ခြင်းတို့ကို မတားဆီး မပိတ်ဆို့နိုင်သော ယောကျ်ားတို့သည် အယုတ်တရား နယ်ပယ်သို့ လွန်ကြူးရာ ရောက်ချေ၏။ မိန်းမတို့သည် ၎င်းတို့၏ ထက်သော အဆင်း၊ အသံ၊ အနံ့၊ လက္ခဏာကြီးငယ်တို့ဖြင့် ယောကျ်ားတို့ကို အတင်းအဓမ္မ မဆွဲငင်နိုင်။ ယောကျ်ားတို့ကို အဓမ္မမှုဖြင့် မနှိပ်စက်နိုင်။ သဘောမမျှသော ယောကျ်ားကို မနှစ်သက်နိုင်။ သဘောမမျှနိုင်၊ အလိုမတူနိုင်။ မလိုက်လျောသော ယောကျ်ားတို့ကိုလည်း ၎င်း၏ ဆွဲငင်ခြင်းသည် ဘာမျှ မတတ်နိုင်။ ယောကျ်ားတို့သာလျှင် မိန်းမတို့ကို လိုက်ငင်ခြင်းဖြင့် မိမိအလိုသို့ ပါစေ၏။ အဓမ္မမှုဖြင့် နှိပ်စက်နိုင်၏။ မုန်ထသောအားဖြင့် မည်သို့သော မိန်းမကိုမဆို လိုက်ငင်၏။ မလိုက်လျောသော မိန်းမတို့ကိုလည်း အတင်းအဓမ္မ လိုက်လျောအောင် ပြုကျင့်တတ်၏။ ယောကျ်ားတို့၏ စိတ်သည် တရားနှင့် မသိမ်းဆည်းခဲ့သော်၊ လောကီတရားနှင့် မအုပ်ချုပ်ခဲ့သော် မိန်းမတို့၏ စိတ်ကို အတားအဆီး မရှိဘဲ မရွေးချယ်မူ၍ ဟပ်ချေ၏။ ယောကျ်ားတို့၏ အလိုက်စိတ်၊ အငင်စိတ်တို့သည် တရားတွင် မသက်အောင်းခဲ့သော် ခွေးလေ၊ ခွေးတော်နှင့် တူသည်လျှင် သတည်း။

ငါသည် တွင်းဆုံးကျ မိုက်မဲသောအမှုကို ကျူးလွန်မိသည်။ ဆိတ်ငြိမ်ရာ အရပ်တွင် မိန်းမတစ်ယောက်ထက် ငါသည် မကောင်းမှု၌ သာ၍ ရဲရင့်စွာ ပြုကျင့်၏။ အကယ်၍သာ မယ်တော် မနုစာရီသည် လောကီဈာန် အဘိညာဉ် ကို မရခဲ့သော် ငါရော သူပါ လောက၏ လူအဖြစ်မှ မဆုံးရှုံးပြီလော။ ငါ့ဆရာ သည် ငါ့အကြောင်းကို ဤသို့မြင်၍ ငါ့ကို အပြစ်ဆိုကာ ဆုံးမလေသည်။ ငါသည် ဆရာကိုပင် အပြစ်ဆိုခဲ့သည်။ ငါလွန်၍ မိုက်လေတော့တကား။ ဤနေ့ကစ၍ ဤအမှုနှင့် ငါသည် မိန်းမတို့၏ အပေါ်တွင် အပြစ်ကို မရှုတော့ဘဲ နိုင့်ထက် စီးနင်း ပြုနိုင်သော ယောကျ်ားတို့၏ ဘဝကိုသာလျှင် သုံးသပ်ရန်၊ မြစ်တားရန် လိုချေပြီ တကား။

ထိုကဲ့သို့လျှင် ငမဲသည် ဆင်ခြင်တုံတရား အမျိုးမျိုး ပြုပြီးသော် မယ်တော်ဟောင်းဆရာကို မှန်းဆကာ မျက်ရည်စီးယိုနှင့် အလီလီ ကန်တော့ ခဲ့ပြီးလျှင် ထိုတောအုပ်မှ ဖဲခဲ့လေသည်။

# အခန်း [ ၄ ]

## ပညာရှိတို့၏ အကြီးအမှူး

ငမဲကျွန်သည် တန့်ကြီးတောင်ထိပ်ကို အမှီပြု၍ မိလက္ခုတို့၏ အထောက်အပံ့ကို ယူလျက် နေထိုင်ပြီးသော် လူ့သျှုတ္တရကျမ်းကို စီရင်၏။ ထိုကျမ်းကို လခွဲနှင့် စီရင်ပြုစုပြီးနောက် နေလနက္ခတ်တာရာတို့ကို ပြသော အာကာသသျှုတ္တရကျမ်း၊ ကမ္ဘာ့အကြောင်းကိုပြသော ကျမ်းတို့ကို ပြုလေ၏။

ထိုကျမ်းများနှင့်တကွ ငမဲကျွန် ဆရာကြီး ပြုစုသော ကျမ်းပေါင်းများစွာတို့ကို မြန်မာပြည်သို့ ပထမအကြိမ် ဘုရားရှင် လက်ထက်တော်က ဝင်ရောက်လာသော ဗုဒ္ဓဘာသာသည် တိမ်ကောလာရာ၊ ထိုဘာသာ၏ သာသနာထမ်းဖြစ်သော အရည်းတို့သည် လက်ရှိ ထားလျက် လေ့လာ အသုံးပြုနေကြ၏။ သုနာပရန္တတိုင်း၌ ထိုကျမ်းတို့သည် အထူးထင်ရှားကာ မြန်မာပြည် အရပ်ရပ်သို့လည်း ပျံ့နှံ့ကာ နေ၏။

ရှင်မဟာဗုဒ္ဓဃောသ ယူလာသော ဗုဒ္ဓဘာသာသည် မြန်မာပြည်သို့ ရှင်အရဟံအားဖြင့် ဒုတိယအကြိမ် ဝင်ရောက်လာသောအခါ အရည်းတို့၏ အယူဝါဒကို သုတ်သင်ရာတွင် အရည်းတို့ လေ့လာလိုက်စား သုံးစွဲသော စာပေကျမ်းဂန်ပေါင်း များစွာကို မီးရှို့ဖျက်ဆီးသဖြင့် ငမဲကျွန် စီရင်သည့် ကျမ်းပေါင်း များစွာသည်လည်း ပါဝင်ပျက်စီးရလေ၏။ ထိုကျမ်းပေါင်းများစွာသည် သရေခေတ္တရာ ခေတ်တွင် အထူး ထင်ရှား၍ သရေခေတ္တရာ ပြည်ကြီးသည် ဘုန်းမီးနေလ ဖြစ်ခဲ့၏။ ပုဂံခေတ် အနော်ရထာမင်း လက်ထက်တော်က စ၍ တစ်စိတ်တစ်ဒေသ ကြွင်းကျန်ရစ်ခဲ့သော ငမဲကျွန် စီရင်သည့် အာကာသသျှုတ္တရကျမ်း၊ လိလာဝတီကျမ်း၊ အခြား ဆေးကျမ်း၊ ဗေဒင်ကျမ်း စသော ကျမ်းများ

တို့ကို မင်းဘေးဒဏ်မှ လွတ်ကင်းရစိမ့်သောငှာ မာဂဓ ဘာသာနှင့် ပြန်ဆို ရေးသား စီကုံးထားပြီးလျှင် မဇ္ဈိမမှ ယူလာသော ကျမ်းများဟု တင်စားရေးသား ကြရသည် ဟူ၍ များစွာသော ရှေးပညာရှိတို့သည် ယူဆ ပြောဆိုကြကုန်၏။ (ယခုခေတ်မှာပင်လည်း မဟာဆွေ ရေးသားသော ဝတ္ထုတစ်ခုကို အင်္ဂလိပ်စာနှင့် ဘာသာပြန်၍ အင်္ဂလိပ်ဆရာကြီးတစ်ယောက် ရေးသည်ဟု ဖော်ပြထားပါလျှင် ထိုဝတ္ထုသည် အလွန်ကောင်းသည်ဟု အင်္ဂလိပ်စာတတ် ဗမာတို့ နှစ်နှစ်ကာကာ ချီးပကြပေလိမ့်မည်)။ သို့ရာတွင် မဇ္ဈိမဒေသ၌ လိလာဝတီ ကျမ်းကဲ့သို့သော ကျမ်းရင်း ရှိ မရှိ စိစစ်ဖို့ လိုချေသည်။

နက္ခတ်တာရာပြင်ရှိ ရုပ်ပုံတို့မှာလည်း မြန်မာပြည် အလုံးကို အင်္ဂလိပ်တို့ သိမ်းပိုက်မိသောအခါမှ ရေးနိုင်သဖြင့် အင်္ဂလိပ်လူမျိုး ကလိန်စီရေး နက္ခတ် ပုံများတွင် မူရင်းအတိုင်း မြန်မာရုပ်များသာလျှင် ဖြစ်ချေသည်။ ၎င်းကို လိုက်စား သော သူတိုင်း သိနိုင်ပေသည်။ လူ့သျှုတ္တရကျမ်းမှာလည်း မဇ္ဈိမရှိ ကျမ်းတို့မှာ လူတို့၏ ကာမဂုဏ်နှင့် ယှဉ်စပ်သည်ကိုသာ အထူး ဖော်ပြထား၍ ငမဲကျွန် ပြုစုစီရင်ထားသော လူ့သျှုတ္တရကျမ်းမှာ လူတို့၏ ကျင့်စဉ်၊ ဝတ္တရားကောင်းတို့ သည် များစွာ ပါဝင်သည်ဟု အယူရှိကြသည့်ပြင် အင်းဝခေတ်သို့ ရောက်သော အခါ ထိုကျမ်းများသည် မဇ္ဈိမမှ ဝင်လာသော ကျမ်းများနှင့် ရောနှောလျက် နေသည်ဟုလည်း ယူဆကြပြန်လေသည်။

ငမဲကျွန်သည် တန့်ကြီးတောင်ထိပ် ရိပ်သခ်မ်း၌ပင် ဗေဒင်ကျမ်း၊ သချာ ကျမ်း၊ လူနာကု ဗိန္ဓောကျမ်း၊ ဘေဒင်ကျမ်း၊ လူနာကု ဓာတ်ကျမ်းတို့ကို စီရင် သည်ဟု ငမဲကျွန်ဝတ္ထုတွင် ဖော်ပြထား၍ ဗေဒင်ကျမ်းမှာ အာတပွနအတတ်တို့ ပါလျက် အလွန် ထင်ပေါ်ကျော်စောသော ကျမ်းဖြစ်သဖြင့် လူပြုစားနည်း စသော စုန်းကဝေ အတတ်နှင့် အောက်လမ်း မှော်အတတ်လည်း ပါဝင်ခြင်းတို့ ကြောင့် အနော်ရထာမင်း လက်ထက်တော်တွင် သုတ်သင်ရာ၌ ပါသွားသည်ဟု ဆိုကြ၏။ ထို့ကြောင့် ထိုကျမ်း၏ အရိပ်အငွေ့သာလျှင် ကြွင်းကျန်ရသည် အတိုင်း သရဖူ ကိုးစောင်တွဲ၊ အင်္ဂဝိဇ္ဇာ အဟောစာတမ်း တွက်ချက်နည်းတို့သည် ထိုကျမ်းကြီးမှ ကျန်ရစ်ခဲ့သော အမွေအနှစ်ဖြစ်ဟန် တူချေသည်။ ထိုနည်းတူ လူနာကု ဗိန္ဓောကျမ်း၊ ဓာတ်ကျမ်းတို့မှာလည်း ဖျောက်ဖျက်ခြင်းကို ခံရ၍ တစ်စိတ်တစ်ဒေသသာ ကြွင်းကျန်နိုင်ခဲ့သည့်အတိုင်း ဗိန္ဓောကျမ်း အစအနကို ရှေးက တောင်သာဆရာများသည် ဆရာအစဉ်အဆက် လေ့လာခဲ့ကြ၍ မင်းတုန်း မင်းကြီး ရွှေလက်ထက်တော်၌ တောင်သာမြို့ ဆရာမှို့ကြီးသည် ဂုဏ်မြောက် အောင် "အဘိဓမ္မာဓာတ်ကျမ်း" အမည်ပေးလျက် ဆေးကျမ်းကို ပြုစုလေ၏။

ထိုအဘိဓမ္မာ ဓာတ်ကျမ်းသည်ပင်လျှင် ကမ္ဘာပေါ်တွင် ကုထုံးကုနည်း၊ ဆေးဖော်စပ်နည်းနှင့်တကွ မနှိုင်းယှဉ်သာအောင် ဖြစ်နေလေ၏။ ပုပ္ပားနယ်နှင့် တောင်သာနယ်မှာပင် ဓာတ်ကျမ်းမှာလည်း တစ်စိတ်တစ်ဒေသ ကျန်ရစ်ခဲ့၍ အလွန်ကျော်စောသော လူနာကု ဓာတ်ဆရာကြီးတို့သည် ၎င်းနယ်မှပင် ပေါ်ထွက်ခဲ့ဖူး၏။ ထိုဓာတ်ကျမ်းမှခွဲ၍ အနာပေါက်ကျမ်းသည်လည်း တောင်သာနယ်မှာပင် ဆရာအစဉ်အလိုက် လိုက်စားလျက် ရှိကြ၏။

ငမဲကျွန် ပြုစုထားခဲ့သော ဗိန္ဒောကျမ်းရင်း၊ ဓာတ်ကျမ်းရင်းတို့မှာ အလွန် ကျယ်ပြန့်လျက် ရှိသော်လည်း အနောက်နိုင်ငံမှ မဂဒရေး ဆေးကျမ်းတို့သည် တံခွန်ထူလျက် ဝင်ရောက်လာခြင်းကြောင့် တစ်စွန်းတစ်စ ကျန်ရစ်ခဲ့သော ထိုကျမ်းဟောင်းတို့ပင်လျှင် တိမ်ကောပပျောက်ချေပြီဟု ဆိုရဘနန်းဖြစ်ချေသည်။ သို့သော် မြန်မာဆေးဆရာတို့၏ ဆေးဝါးဖော်စပ်နည်း၊ ကုသနည်း၊ ဓာတ်ပေးနည်းတို့သည် ရှေးအစဉ်အလာ အတိုင်းသာ များနေသေး၍ အိန္ဒိယမှလာသော ကုထုံးနှင့် များစွာ ဆန့်ကျင်သော အချက်တို့ကိုလည်း တွေ့ရပေမည်။ "ရာသီမပိုင် ဆေးမကိုင်နှင့်" ဆိုသော စကားသည် ထိုမြန်မာဆေးကျမ်းဟောင်းကို မှီ၍ ဖြစ်ပေါ်လာချေသည်။ ဓာတ်ကျမ်းကို အမှီထားခြင်းဖြင့်လည်း "လုပ်ရတ်လမ်းကို (အင်္ဂရတ်လမ်းကို) မပိုင်လျှင် သူနာခန်းကို မစမ်းလေနှင့်" ဟုလည်း မြန်မာ ဆေးပညာရှိကြီးတို့ ဆုံးမခဲ့ကြပေသည်။

သို့မှတစ်ပါး ပုဂံခေတ်က ရောက်ပေါက်လာသော အနောက်နိုင်ငံသားများသည် မြန်မာလူနာကုကျမ်းများကို ရနိုင်သလောက် ကူးယူသွားကြ၍ ၎င်းတို့၏ ကျမ်းရင်းများတွင် ထည့်သွင်းထားကြဟန် တူလေသည်။ (အကျယ်မချဲ့တော့ပြီ။) ဘေဒင်ကျမ်းမှာလည်း ငမဲကျွန် ပြုစုသော ကျမ်းသည် လူတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကောင်းအဆိုးနှင့်တကွ ကာကွယ်နည်း တို့ကိုသာ စီရင်ထား၍ အိန္ဒိယ ဘေဒင်ကျမ်းများမှာမူကား (ဘေဒင်ကျမ်းနှင့် ဗေဒင်ကျမ်းသည် တစ်မျိုးစီ ဖြစ်သည်။) သုံးပုံ ပြုလုပ်ထားလျက် ကိုးကွယ်ရသော ဘာသာတရားသဖွယ် ပြုစုထားချေသည်။ ဇာတာပုံအားဖြင့် ဖွဲ့စည်း၍ တွက်ချက်ဟောပြောခြင်းသည် မြန်မာတို့၌သာ ယနေ့တိုင် ကြီးကျယ်ခမ်းနားလျက် မြန်မာတို့ထံမှ ဥရောပတိုက်သို့ ကူးစက်သွားဟန် ရှိချေသည်။ ပုဂံခေတ်၌ အနောက်နိုင်ငံမှ ရောက်ပေါက်လာသူတို့သည် "ငမဲကျွန် ဝတ္ထုတော်ကြီး" ကိုပင် ပြဆိုခဲ့သော အရည်အချင်းတို့ကြောင့် မြန်မာ ကာလီဒါသ ဟုပင် ခေါ်ဆိုကြဟန် ရှိချေသည်။

**သူဌေးသား**

တစ်နေ့သ၌ ငမဲကျွန်သည် မြစ်ဆိပ်မှ ရေချိုး၍ တက်လာရာ လမ်းကိုမျှ မြင်ဟန် မရှိဘဲ ကမ္ဘူးရှုံးထိုးနှင့် လာသော လူတစ်ယောက်ကို တွေ့ရသဖြင့် လက်ကို ဖမ်းဆွဲပြီးသော် 'ဟေ့ သူငယ်၊ မင်း ဘာကြောင့် မြစ်ထဲသို့ဆင်းပြီး သေရမလဲ' ဟု မေး၏။ ထိုသူကား ငမဲကျွန် ဆရာကြီးကို တွေဝေကာ စိုက်ကြည့်၍ နေ၏။

'မင်း ငါ့ကို အဖြေမပေးဘဲ ဘာကြောင့် ကြည့်နေရသလဲ။ တန့်ကြီး တောင်ထိပ် ရိပ်သခ်မ်း၌ ငမဲကျွန် ဆရာကြီးရယ်လို့ ကျော်ကြားနေတာကို မင်း မသိဘူးလား။ မင်း အဖြေမပေးရင် ငါ ပြောပြမယ်။ မင်း သူဌေးသား မဟုတ်လား'

'ဟုတ်ပါ ခင်ဗျာ၊ ဘာကြောင့် သူဌေးသားလို့ ကျွန်တော့်ကို ဆိုနိုင်ပါသလဲ ခင်ဗျာ'

'အင်း ... မင်း မေးသင့်တယ်။ မင်းဟာ အဝတ်၌ ကျစ်လျစ် ယဉ်ကျေး သပ်ရပ်တယ်၊ အသွားအလာ သိမ်မွေ့နူးညံ့တယ်၊ ရုပ်လက္ခဏာ အသွင်အပြင် ပြေပြစ်တယ်။ ဒါ့ကြောင့် မင်းကို ငါ သူဌေးသားလို့ ဆိုတယ်။ သို့သော် ယခု မင်း သူဌေး မဟုတ်၊ စီးပွားပျက်လို့ သေမယ်လို့ လာတာကို ငါ သိရတယ်'

'ဟုတ်ပါတယ် ဆရာ၊ ဘာကြောင့် သိနိုင်ပါသလဲ'

'အင်း မင်း လာတာဟာ ဘယ်လိုလာသလဲ'

'ကျွန်တော် လာခဲ့ခြင်းဟာ ခေါင်းထဲမှာ သွေးရောက်ပြီး လာလမ်းကို တောင် မမြင်တော့ပါ။ ကျွန်တော်ဟာ လောကထဲမှာ အပိုပဲလို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့် ရေထဲဆင်းပြီး သေဖို့ လာတာ အမှန်ပါပဲ။ ကျွန်တော့် စိတ်ဟာ တစ်စင်းတည်း ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဘာကိုမျှ မမြင်ဘဲ ဆရာ ကြီးကို ကျွန်တော် တိုးမိမည် ကြံပါတယ်'

'ဒါကြောင့် မင်းအကြောင်းကို ငါ တပ်ရာကျ သိရတာပေါ့။ မင်း သေလို့ ဘာအကျိုးထူးမှာလဲ။ ငါ့ရိပ်သခ်မ်းကို လိုက်ခဲ့'

*

သူဌေးသားသည် ငမဲ၏ ရိပ်သခ်မ်း၌ ၎င်း၏ စီးပွားပျက်ကြောင်းကို ဤသို့ အစီရင်ခံလေ၏။

'ကျွန်တော့်ဖခင်သည် သက်သာပြည်ကြီးမှ ဘုရင်မင်းမြတ်က ချီးမြှင့် မြှောက်စား၍ "ရတနာ့အရှင်" ဘွဲ့တံဆိပ်ကို ပေးထားခြင်းခံရသော တောင်ပြင် သူဌေးကြီး ဖြစ်ပါသည်။ ဖခင်သည် အရိပ်အရာ လွှဲသွားသောအခါ ဤသို့သော စကားကြီး လေးခွန်းကို မှာထားခဲ့ပါသည်။ (၁) ယောင် သုံးယောင်ကို ရှောင်ရ

မည်။ (၂) တစ်ရွာတွင် တစ်ကျီ ဆောက်ရမည်။ (၃) အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ခင်း၍ ပိုက အရပ်ကို ဝေငှရမည်။ (၄) ခေါင်းတစ်ရာသားကို များစွာ စားရမည်'

'အင်း ... အင်မတန် အဖိုးတန်တဲ့ စကားများပါလား။ မင်း ဘယ်လို ကျင့်ကြံသလဲ'

'ကျွန်တော်ကား ယောင် သုံးယောင်ကို ရှောင်ရမည် ဆိုခြင်းကြောင့် ကွမ်းသီးလုံးခန့် ပမာဏျှသာရှိသည့် သျှောင် (ယောင်) ငုတ်တုတ်နှင့် အဘိုးကြီးများ၊ သျှောင် (ယောင်) ကြီးဖွေဖြစ်သော သူများ၊ သျှောင် (ယောင်) ငုတ်တုတ်နှင့် ကလေးသူငယ်များတို့ကို အမြဲ ရှောင်ကြဉ်နေခဲ့ပါသည်'

'ဟာ လူ့နှယ် တက်တက်စင် လွဲကုန်ပါပကော။ သည်သျှောင်ထုံးများကို ဆိုလိုတာ မဟုတ်ဘူး။ ယောင်သုံးယောင် ဆိုတာဟာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် မည်မည်ရရ မရှိဘဲ မင်းယောင်၊ စိုးယောင်၊ သူဌေးယောင်၊ ကုန်သည်ပွဲစားယောင် ပြုလုပ်နေတဲ့ လူရှုပ်၊ လူပွေ၊ လူလိမ်၊ လူကောက်၊ အသောက်သမား၊ လောင်းကစားသမားများ။ ပညာရှိယောင်၊ တိုင်းပြည်အကျိုး ဆောင် ယောင်ဆောင်နေပြီး နောက်လိုက်စုဆောင်းကာ ကိုယ့်ဂုဏ်ကို မပေါ် ပေါ်အောင် ပြုလုပ်နေတဲ့၊ ငွေဝင်သည့် အလုပ်အကိုင်မရှိတဲ့ အတတ်ပညာမဲ့များ၊ သူတော်ကောင်းယောင် ဆောင်ပြီး လောကီကိုယ်ကျိုးကို ရှာနေတဲ့ သူယုတ်မာများ၊ သူပျက်များ၊ သူဖျက်များ၊ ထိုယောင်သုံးယောင်များဟာသာ သူတစ်ပါး အပေါ်မှာ လှီးစား၊ ဖြတ်စား လုပ်နေတယ်။ ဒါကြောင့် ထိုသုံးယောင်ကို ရှောင်လို့ မင်းအဖေ မှာထားတာကွယ့်။ နောက်တစ်ချက် ဆိုစမ်းပါဦးကွယ်'

'တစ်ရွာ တစ်ကျီဆောက်ရမည်ဟု မှာထားချက်အရ ရွာတိုင်းစေ့လောက် အောင် ကျီများကို ဆောက်ပါတယ်။ တချို့ ပျက်စီး၊ တချို့ကို လူများက ဖျက် ....'

'တန်တန် မင်းဟာက တလွဲချည်းပဲကိုး။ လူဆိုတာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် ရှိရတယ်ကွ။ ဒါမှလည်း ရှိတဲ့ စည်းစိမ်ဟာ တည်တံ့နိုင်တယ်။ ရသင့်တဲ့ စည်းစိမ်ချမ်းသာကိုလည်း ရနိုင်တယ်။ မိမိ ဆင်းရဲရင်လည်း ကူမ မယ့်သူ ရှိနိုင်တယ်။ အလုပ်အကိုင် အကြံအစည်တို့မှာလည်း ဆက်သွယ်လုပ် ကိုင်ဖို့ လွယ်ကူနိုင်တယ်။ အဲဒါကြောင့် ရွာတိုင်းမှာ ကျီဆောက်ခိုင်းတာ မဟုတ် ဘူး။ ရွာတိုင်းလောက်မှာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် ရှိရမယ် ဆိုတာကွယ့်။ အဲဒါကြောင့် တစ်ရွာမှာ အနည်းဆုံး ကျီနဲ့တူတဲ့ ဥစ္စာရှင်၊ ပညာရှင်၊ ဉာဏ်ရှင်၊

အတတ်ရှင်၊ သူတော်ကောင်းတို့ကို မိတ်ဆွေဖွဲ့ထားရမယ်ကွယ့်။ တယ်စင်းတဲ့ လူကို။ ကိုင်း ... နောက်တစ်ခု ဆိုပါဦး'

'အိမ်နောက်ဖေးတွင် ... ဝေရမည် ဆိုသောကြောင့် အိမ်နောက်ဖေး၌ ကုန်အမျိုးမျိုးကို တည်ခင်းရောင်းချပါသည်။ ဝယ်မည့်သူ မရှိ၍ ပျက်စီးဆုံးရှုံး ကုန်ပါသည်'

'တကယ့်မောင်ပဲ၊ မင်းအဘ မှာတာဟာ သည်လိုဈေးဆိုင်မျိုး မဟုတ်ဘူးကွယ့်။ သင့်အိမ်နောက်ဖေးမှာ ရာသီလိုက် ဟင်းသီးဟင်းရွက်ခင်းများ၊ အချိန်မရွေး ရနိုင်တဲ့ ဟင်းသီးဟင်းရွက်ပင်များ၊ စားကောင်းသောက်ဖွယ် အသီး အပင်များကို စိုက်ပျိုးပြီး စားမကုန်က အရပ်ကို ဝေငှပါ၊ များလွန်းက ရောင်းချ စားလေ ဆိုတာကွယ့်။ ကိုင်း နောက်တစ်ချက် ကျန်တော့တယ်၊ ဆိုဦး'

'ခေါင်းတစ်ရာသားကို စားရမည် ဆိုသောကြောင့် ကျွဲခေါင်း၊ နွားခေါင်း၊ ဆိတ်ခေါင်း ...'

'တော် ... တော် ... တော် .. ဒါကို မဆိုဘူးကွယ့်။ ငါးကလေးသေးသေးနှင့် ပုစွန်ဆိတ်တို့မှာ ခေါင်းသေးသေးကလေးတွ ရှိလို့ အဲသည် ငါးကလေးများနှင့် ပုစွန်ဆိတ်ကလေးများကို ဝယ်စားရင် ခေါင်းများများပါတာနှင့် ခေါင်းတစ်ရာသားလို့ ခေါ်တယ်ကွယ့်'

*

'ကျွန်တော် သည်ဘဝမှာ မိဘရဲ့ စည်းစိမ်ရိုက်ရာကို ရနိုင်ပါဦးမလား ခင်ဗျာ'

'အမောင်၊ လောကကို အခါခပ်သိမ်း ပြုပြင်လို့ ရနိုင်တာ များတယ်။ ဌေးသူကိုလည်း မွဲအောင် ပြုပြင်နိုင်တယ်။ မွဲသူကိုလည်း ဌေးအောင် ပြုပြင်နိုင်တယ်။ လောကမှာ ကောင်းတဲ့ ကျင့်ဝတ္တရားနဲ့ ပြည့်စုံသူဟာ ထိုကျင့်ဝတ် တည်နေသမျှ ကာလပတ်လုံး ကံကောင်းသူ ဖြစ်ရတယ်။ ကံကောင်းသူဟာ အမြဲ ကောင်းစားနိုင်တယ်။ ချမ်းသာ ကောင်းစားမှုကိုသာ ရှေးရှုနေတဲ့ ဇာတ်ပွဲကြီးမှာ လောဘ ရှေးရှုလျက် ဆုတောင်းသူ ခံတွင်းဟာ အပုပ်နံ့လှိုင်ပြီး သဒ္ဓါစိတ် ရှိတဲ့သူရဲ့ ခြေထောက်ဟာ မွှေးကြိုင်လျက် ရှိတယ်။ လောဘကြီးသူကို ပတ်ဝန်းကျင်က မကြည့်မမြင်လိုဘဲ၊ တန်သလောက်ထက် လျှော့ပြီး အလိုရှိသူကိုကား မ,စ ချီးမြှင့်လိုသူ ပေါများတတ်တယ်။ အခနည်းနည်းသာ တောင်းခံတတ်တဲ့ လက်ခစားဟာ အများအစား ရတတ်ပြီး၊ အမြတ်နည်းနည်းသာ ယူတဲ့ ဈေးသည်ဟာ များစွာ မြတ်စွန်းနိုင်တယ်။ သံကိုသာလျှင် သံလိုက်က ဆွဲသည် မဟုတ်၊ ရွှေ ငွေ တို့ကိုလည်း ရွှေလိုက် ငွေလိုက်တို့က အမြဲ ဆွဲနေတယ်။

ရွှေလိုက် ငွေလိုက်ဟာ ဘာလဲ။ သူတကာကောင်းကျိုးကို ရှေးရှုပြီး အလုပ်နှင့် လက်နှင့် မြဲတာ၊ အရမ်း မသုံးမဖြုန်းတာ၊ လောကသုံးပစ္စည်း အရာဝတ္ထုပေါ်များအောင် ဆောင်ရွက်တာတို့ ဖြစ်လို့ ငွေအချိန်အတွယ် များခြင်းထက်ငါ ပြောတာဟာ ချမ်းသာကြွယ်ဝရေးမှာ ဝင်လာမစဲ တသဲသဲ ဖြစ်နိုင်တယ်။ အဲဒါကို မှတ်သားပြီး ကျင့်သုံးနေထိုင်ရင် မင်းဟာ လေးလအတွင်းမှာ မင်းသုံးတဲ့ သူဌေး ဖြစ်လာပေလိမ့်မယ် မှတ်ထားလေ။

'အမောင် နားထောင်ဦး၊ သင်သည် ကောင်းကျိုးကို လိုလားသော် ကောင်းစွာ မှတ်သား၍ လိုက်နာလေ။ လောကမှာ အသည်းကြောင်သောသူ၊ အသည်းနက်သောသူ၊ အသည်းမည်းသောသူ၊ အသည်းပြောက်ကျားရှိသောသူ၊ အသည်းတစ်ပိုင်း ဖြူသောသူ၊ အသည်းလုံးလုံး ဖြူသောသူ ဟူ၍ ရှိနေသည်။ ထိုအသည်း၏ သည်းခြေရည်ကို မှီ၍ဖြစ်ရသော ခန္ဓာကိုယ်အလုံးကို ဆောင်သည့် သွေးများ၏ အနှစ်သည် ခြင်ဆီဦးနှောက်တို့ ဖြစ်သဖြင့် ၎င်းတို့နှင့် အညီ စိတ်သည် ဖြစ်ပျက်တတ်ချေသည်။ ထို့ကြောင့် လူတို့၏ သည်းခြေကို ရှေ့ပိုင်းဦးနှောက်၏ အထပ်ထပ် အမှတ်အသား ဖြစ်ရာတည်ရာ နဖူးပြင်ကို မြင်ခြင်းဖြင့် သိရာချေသည်။ အမောင့်နဖူးကို ဆင်ခြင်ရသော် အလွန်တင်းလျက် ခြောက်မွဲသောကြောင့် နက်သောသည်းခြေ ရှိသူဖြစ်၍ ဉာဏ်ပညာ မရှိချေ။ ဇွတ်တရွတ် ပြုကျင့်တတ်လျက် မိုက်မဲသောအမှုကို တွင်းဆုံးကျ မဆုတ်မနစ် ပြုဝံ့သောသူ ဖြစ်ချေသည်။ သို့လင့်ကစား သင်သည် လောက၌ သူယုတ်မာ ဖြစ်ရမည်၊ သူတစ်ပါး ပျက်စီးမှု၌ များးစွာ အသုံးကျသူ ဖြစ်ရမည်ဟု မဆိုသာချေ။ အကြောင်းသော်ကား သန္ဓေ (ဇာတိ) စိတ်ကို မျက်မှောက်အဖြစ်အပျက် (ပဝတ္တိ) သည် အမြဲ ပြုပြင်နိုင်ချေသည်။ သန္ဓေစိတ်သည်ကား မိဘနှစ်ပါး၏ သားသူငယ် ပဋိသန္ဓေ စလျက်တည်စဉ်က စပြီးလျှင် မွေးဖွားသည်တိုင်အောင် မိဘနှစ်ပါးကြောင့်၊ မိခင်ကြောင့်တို့ဖြင့် စွဲ၍ ဖြစ်ချေသည်။ မျက်မှောက် အဖြစ်အပျက်သည် လောက၌ ကျင့်သုံး ဆောက်တည်ဖွယ်ရာသော အကျင့် ဖြစ်ချေသည်။ သင် ပဋိသန္ဓေ ကိန်းအောင်းမည့်ညတွင် သင်၏ ဖခင်နှင့် မိခင်သည် ရန်သူ သူဌေးတစ်ယောက်ကို ပြည့်ရှင်မင်းထံ၌ ကုန်းချော၍ စည်းစိမ်နှင့်တကွ ကွပ်မျက်လိုက်ခြင်းကြောင့် ဝမ်းအသာဆုံးဖြင့် အဓိကပြုပြီးလျှင် ပျော်ပါး ရွှင်မြူးနေသောအခါ ဖြစ်သည်။ ထို့ကြောင့် သင်သည် ယုတ်မာမှုကို ပြုလွယ်သည့်သဘော အတိမ်အနက်မသိသည့် နက်သောအသည်းရှိသူ ဖြစ်ချေသည်။

'အမောင်၊ သို့လင့်ကစား သင်သည် အသည်းဖြူ မဖြစ်နိုင်တုံလော၊ ဖြစ်နိုင်၏။ မျက်မှောက်အဖြစ်အပျက်အားဖြင့် ကျင့်ဝတ္တရားကောင်းရှိသောသူ

အားလုံးသည် အသည်းဖြူ ဖြစ်နိုင်၏။ ကိုယ်ကျင့်ဝတ္တရားကောင်းကား ကောက်ကျစ် စဉ်းလဲခြင်းဖြင့် မဟုတ်မမှန် ပြောဆိုကျင့်ကြံခြင်း မပြုရ။ စကားကျယ်လောင် အမျှင်မပြတ်ပြု၍ ငါ့စကားနွားရ သဘောနှင့် စကားမများရ၊ သတိထား၍ အမြဲလုပ်ကိုင် ကြံစည်ပြောဆို ပြုမူရမည်။ ကြောက်ရွံ့တွန့်တိုခြင်း မရှိရ။ အမှုတစ်ခုကို စဉ်းစားပြီးမှ လုပ်သင့် လုပ်အပ်လျှင် လုပ်ကိုင်ရမည်။ စဉ်းစားဆင်ခြင် စေ့ငုတိုင်းထွာနိုင်သော ဉာဏ်ပညာကိုရအောင် အကြားအမြင်ကို အမြဲပင် သုံးသပ်ဝေဖန် ဆောင်ရွက်တတ်ရမည်။ လုပ်ကိုင်ဆောင်ရွက်မိလျှင် နောက်မဆုတ်ရ၊ လောဘမကြီးရ၊ သူတစ်ပါးအပေါ်၌ အပြစ်မလိုရ၊ ကိုယ်နှင့်ချိန်၍ ရက်ရောရမည်။ သဒ္ဓါစိတ်မြဲရမည်။ သူတစ်ပါးအကျိုးကို အမြဲလိုလားသယ်ပိုးဆောင်ရွက်ရမည်။ မိမိ ပြုဖွယ်သော၊ ပြုသော အမှုတို့၌ သူတစ်ပါးက ဖြားယောင်းသွေးဆောင်၍ မပျက်စေရ။ သူတစ်ပါးက လှည့်စားခြင်းဖြင့် ကတိစကားကို မဖျက်ရ။ ထိုကျင့်ဝတ္တရားတို့နှင့် မဖောက်မပြန် ညီညွတ်သောသူ၏ အသည်းသည် မည်းနက်လျက်နှင့်ပင် အလွန် ဖြူဆွတ်သည့် အသည်းဟု လူ့သျှုတ္တရအရ ငါ ဆိုသည်။ ဥပမာသော်ကား ထုံးသည် ဖြူ၏။ နန္ဒင်းနှင့်တွေ့သော်ကား ရွှေရောင် ဖြစ်၏။ လောကကြီးသည် ဤကဲ့သို့တည်း။ သင်သည် ဤသျှုတ္တရသဘောကို မှတ်၍ သင့်ဒေသရင်းသို့ ပြန်လေလော့'

သူဌေးသားသည် ငမဲကျွန်ထံက ဖဲခွဲ၍ ခရီးဆက်လက်သွားလေရာ၊ သက်သာပြည်သို့ လာနေသော နွားဝန်တင်ငါးရာနှင့် တွေ့လေ၏။ ထိုအခါ နွားဝန်တင် သူရင်းငှားများကို ကြီးကြပ်ရသော စာရင်းကိုင်သည် ကွယ်လွန်၍ ကုန်သည်ကြီးသည် စာရင်းကိုင် လိုနေသဖြင့် သူဌေးသား သူဆင်းရဲအား ဤအလုပ်ကို လုပ်ပါလော့ ဆို၍ အခမည်မျှ လိုပါသနည်းဟု မေး၏။ သူဌေးသားလည်း ကျွန်တော်၏ အရည်အချင်းသည် အခ ဖြစ်၍ အရည်အချင်းကို ကြည့်ပါလော့ဟု ဆို၏။ ဤနည်းဖြင့် သူဌေးသားသည် အလုပ်ကို ကျိုးနွံစွာ လုပ်ကိုင်၍ သက်သာပြည်သို့ ရောက်သွား၏။

ကုန်သည်ကြီးလည်း သက်သာပြည်သို့ ရောက်သောအခါ အလွန်ကျေးဇူးတင်၍ သူဌေးသားအား မိမိတွင်ပါသော ကုန်၏ ၄ ပုံ ၁ ပုံကို ပေးသည့်ပြင် သူဌေးသားသည် ပွဲစားပြုကာ ရောင်းဝယ်ပေးသဖြင့် ကုန်သည်ငယ် ဖြစ်လာ၏။ ၎င်းသည် အရင်းအနှီး တတ်နိုင်လာသောအခါ ကျောက်ပုတီးများကို လုပ်ကိုင်ကာ ငမဲကျွန် ဆရာကြီး၏ ဩဝါဒအတိုင်း ဆက်ဆံရောင်းဝယ် လုပ်ကိုင်ခြင်းကြောင့် လေးလရာသီသို့ ရောက်လျှင်ပင် တင့်ကောင်းတင့်တယ်နှင့် ဖြစ်လာပြန်၏။

တစ်နေ့သ၌ သူဌေးသားသည် မိမိ၏အလုပ်ကိုပိတ်၍ အိပ်တော့မည် အပြုတွင် မထင်မရှားသော သူတစ်ယောက်သည် လာရောက်ပြီးသော် တည်းခို ပါရစေဟု အခွင့်တောင်း၏။ သူဌေးသားလည်း တည်းခိုခွင့်ပြု၍ အိမ်ရှင်၏ ဝတ္တရားအတိုင်း အစားအသောက်ကို ကောင်းစွာ ထောက်ပံ့ခြင်း၊ အိပ်ရာနေရာ ကောင်းတို့နှင့် ပြုစုခြင်းတို့ကို ပြု၏။ ထိုဧည့်သည်သည် လူခြေတိတ်သောအခါ သူဌေးသားနှင့် ဤသို့ နီးနှောပြောဆို၏။

'ကျွန်တော်တို့အကျိုးကို ဆောင်ရွက်ပေးတော်မူပါ'

'တတ်နိုင်က ဆောင်ရွက်ပါမယ်'

'မတတ်နိုင်တာကို ကျွန်တော် မတောင်းပန်ပါ'

'တတ်နိုင်စေကာမူ ရာဇဝတ်တော်နှင့် မကင်းဘဲ တရားနှင့် တိမ်းယိမ်း နေပါမူ မိတ်ဆွေ့အလိုကို မကူညီနိုင်ပါ'

'သည်လို မသင့်မတော်တာ မဟုတ်ပါဘူး၊ တရားနှင့်တိမ်းပြီး လောကဝတ် ဓမ္မဝတ်တို့ကို မလုပ်ဝံ့ပါ။ မိတ်ဆွေဟာ သဘောဖြူအူစင်း ဖြစ်ခြင်းကြောင့် ကူညီပြီး အကျိုးဆောင်ပေးပါလို့ တောင်းပန်ပါတယ်'

'သည်လိုဖြင့် ကောင်းပါတယ်။ တတ်နိုင်က ကူညီဆောင်ရွက်ပေးပါ မယ်'

'ကျွန်တော် အစီရင်ခံပါ့မယ်။ တကယ်လို့ ကျွန်တော် လတ်တလော သေဆုံးသွားခဲ့ပါရင် မည်သူကပင် လာရောက်သွေးဆောင် ဖျက်ဆီးသော်လည်း မပျက်စီးဘဲ မြေတွင် မြှုပ်ဖြစ်အောင် မြှုပ်ပါ။ အိမ်မှာ တစ်မောင်းထက်ပိုပြီး မထားပါနှင့်'

'အလို မိတ်ဆွေ ဘာတွေကို ပြောနေသလဲ။ ဘာကြောင့် လတ်တလော သေရမှာလဲ။ အသည်းထိတ်စရာ၊ မင်္ဂလာမဲ့ မဆိုပါနှင့်'

'ဟုတ်ရိုးလားဗျာ၊ မင်္ဂလာရှောင် မသာဆောင် ဆိုတဲ့စကား အရှိသားကပဲ။ အသည်းထိတ်စရာ မဟုတ်ပါ။ သေခြင်းဟာ ရောဂါရိုးဖြစ်လို့ အထူး တွေးတော ကြောက်ရွံ့ဖို့ မရှိတဲ့အပြင် မည်သူမဆို ဆန့်တဲ့လက်ကို မကွေးခင်၊ ကွေးတဲ့ လက်ကို မဆန့်ခင် သေရတတ်တယ်လို့ ဆိုစကား ရှိအထားသားပဲ။ ဒါကြောင့် မလိုလည်း လိုလည်း တကယ်လို့ တွေ့ကြုံခဲ့သော်လို့ မှာထားရတာပါ'

'ဒါဖြင့် ကောင်းပါပြီဗျာ'

ထိုသို့ပြောဆိုပြီး ခဏ၌ပင် ထိုဧည့်သည် ရုတ်တရက် ခြေလက် တဆန့် ငင်ငင် ဖြစ်ပြီးလျှင် လဲကျကာ မိန်းမောပြီး ခဏ၌ သေဆုံးသွားလေ၏။

'ရော ... ဘယ့်နှယ်ပါလိမ့်မလဲ၊ အင်မတန် ထူးဆန်းလှပါကလား၊

အတော်ပင် အံ့သြစရာပါတကား' ထိုကဲ့သို့ သူဌေးသားသည် ရေရှတ်မြည်တမ်း၍ တပည့်များနှင့် အိမ်နီးချင်းများကို ခေါ်ငင်ကာ အကြောင်းကို ပြောပြလေ၏။ ၎င်းတို့ကလည်း မှာသွားသည့်အတိုင်း ပြုသင့်ကြောင်းကို စုံညီပြောဆိုသဖြင့် ထိုအလောင်းကို ပုဆိုးဖြူနှင့် ထုပ်စည်းပတ်ရစ်ပြီးသော် မီးရှူးမီးတိုင်များ၊ တူးရွင်းများတို့ကို ကိုင်စွဲကြကုန်လျက် ကြက်သံတိတ် အရပ်သို့ သူသေကို မြေမြှုပ်ရန် သွားရောက်ကြကုန်၏။

သူဌေးသားနှင့်တကွ လူတစ်စုသည် တွင်းတူးကြပြီးနောက် သူသေကို မြှုပ်တော့မည် ပြုသောအခါ၊ သချိုင်းတစ်ခုလုံးသည် ထိန်ဝင်းလာသဖြင့် လက်တွင် စွဲကိုင်ထားသော ဓားများ၊ တူးရွင်းများတို့ကို ကျပ်တည်းစွာ စွဲကိုင်ထားကြလျက် အထိတ်တလန့်နှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။ ထိုအလင်းရောင် အတွင်းမှလည်း အလွန်ချောလှသော မိန်းကလေး တစ်ယောက်သည် ဘယက်တန်ဆာ ဒွါဒရာတို့ကို ဝတ်ဆင်ပြီးသော် သူသေမြှုပ်အံ့သောသူများ၏ အထံသို့ ရောက်လာ၏။ ထိုသူအားလုံးလည်း အံ့အားသင့်စွာနှင့် ၎င်းကို ကြည့်နေကြကုန်၏။

'ရှင်တို့ ဘာလုပ်နေကြပါသလဲရှင်'

'သူသေကို မြှုပ်မယ် ကြံနေတာပါ'

'အလိုလေး ... ခက်ကုန်ပြီ။ သနားစရာ တွေ့ကုန်ကြပြီ။ ကျွန်မနှင့်သာ မတွေ့ရရင် ရှင်တို့အားလုံး ပျက်စီးကြရတော့မှာပါကလား။ နတ်သိကြားများ ကူညီကယ်ဆယ်ကြပါဦးရှင်။ ရှင်တို့ ဘေးတွေ့ကြတော့မလို့။ ရှင်တို့ကို ကျွန်မ သနားလှပါတယ်။ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး လာကြသကိုး'

'ဟော့ ... သူငယ်မ၊ ဘာတွေကိုများ မင်း လာပြီး လျှာရှည်နေသလဲ'

'သြော် ရှင်တို့ သည်အလောင်းကို မမြှုပ်ကြပါနဲ့။ မြှုပ်ရင် ဘေးကြီး တွေ့ကြရလိမ့်မယ်။ သည်လိုပဲ ထားခဲ့ကြပြီး ပြန်သွားကြပါရှင်'

'မင်း တော်တော့ကို ကိုးလိုးကန့်လန့်နှင့် လာပြီး ရှုပ်တယ်။ ကိုင်း ... မ ကြဗျာ၊ မြှုပ်ကြရအောင်'

'အလို ... အလို တကယ့် လူများပါကလား။ အတော့်ကို ဇွတ်တရွတ် နိုင်ကြပါကလား။ ရှင်တို့ရဲ့ အကျိုးရှင့်။ တစ်ဆိတ်ကလေး သည်းခံကြပါဦးရှင်။ ရှင်တို့စဉ်းစားဖို့ ကျွန်မ တစ်ခု အစီရင်ခံပါရစေဦး။ ရှင်တို့ သည်အလောင်းကို မြှုပ်လို့ ဘယ်လို ကျေးဇူးများ ထွန်းထွန်းကားကား ရကြမှာလဲ'

'သြော် ဘာကျေးဇူး ရှိရမှာလဲ။ ဒါပေမဲ့ သဘာဝကိုး အမိရဲ့။ မြှုပ်ပါ့ မယ်လို့ ကတိကိုလည်း ပေးခဲ့တယ်'

'ကတိတည်တိုင်း လူလို့ မဆိုသာဘူးရှင့်။ ကတိ ဆိုတာကို အကောင်း အဆိုး၊ အယုတ်အမြတ် ဝေဖန်ပြီး တည်သင့်မှ တည်ရတယ်ရှင့်။ ကတိပြုမိတိုင်း လိုက်နာနေရင် လူလိမ် လူညာ ကိုယ်ကျိုးရှာသမားတို့ရဲ့ စက်ကွင်းထဲမှာ ရှင်တို့ရဲ့အသက်ကို ဖက်နှင့်ထုပ်ပြီး အပ်နှံထားတာနှင့် အတူတူပဲရှင့်။ လူဆိုတာ ကိုယ့်ကျိုးကိုယ့်စီးပွား တစ်စုံတစ်ရာမျှ မရှိဘဲနှင့် ဘာမှ မလုပ်အပ်ဘူးတဲ့ ရှင့်။ လုပ်ရင် သူ့နောက်လိုက်၊ သူ့နင်းခံခဲ့တဲ့ရှင့်။ ယခု ရှင်တို့ ပြုလုပ်နေတဲ့ အမှုဟာ ဘယ်လိုများ အကျိုးရှိတယ်လို့ နည်းနည်းကလေး ပြကြစမ်းပါရှင်'

'သြော် တော်တော့ကို လျှာရှည်ပြီး လှည့်နိုင်သကိုး။ ဘာအကျိုးရှိရမှာလဲ။ လူ့သဘောကို လုပ်ရတာကွယ့်။ ကတိတည်တာလည်း ဖြစ်တယ်'

'သည်လိုနှင့်ပဲရှင်၊ ကျွန်မ အသနားခံတာကိုများ အရေးမလုပ်တာ အံ့သြပါတယ်ရှင်။ ကိုစေရ၊ ကိုစေရ၊ ရှင့်ကို ကျွန်မ ချစ်လွန်းလို့၊ သနားလွန်းလို့၊ ရေစက်ကြီးလွန်းလို့ ရှင့်အကျိုးကို လိုပြီး လာရောက်ကာ အသနားခံတာပါရှင်'

'တော်တော့ကို ပလီစိ ပလီစာ တီတာတာ ပြောတတ်တဲ့ မိန်းကလေးပါကလား။ စကားများတယ်ကွယ် မြှုပ်ကြရအောင်၊ ကိုင်း ... မ ကြပါ'

'အလိုလေး တကယ့် လူစုပါကလား။ တစ်ဆိတ်ကလေး နားထောင်ကြစမ်းပါဦးရှင်။ ကျွန်မ ရှင်းပြပါရစေ။ သည်သူဟာ ရှင်တို့ရဲ့ သူဌေးသား ကိုစေရရဲ့ ဖခင့် ရန်သူကြီးသား မောင်ရိန်ဝေ ဆိုသူပါပဲ။ ရိန်ဝေ ရိန်ဝေ မင်းအင်မတန် ဆိုးလှပါကလား၊ ရမ်းလှပါကလား၊ ရန်ငြိုးကြီးလှပါကလား။ ဘာကြောင့် သည်လောက်တောင် လူတွေကို လှည့်စားပြီး မှောက်မှားအောင် ရမ်းနေပါသလဲ။ ရိန်ဝေဟာ ဆေးဝိဇ္ဇာအတတ်ကို လိုက်ပြီး ပထမ သူ့ကိုယ်သူ သေအောင် ပြုလုပ်တယ်။ သူ့ကိုမြေမြှုပ်ပြီး အပြန်မှာ သချိုင်းက ထ ပြီး သည်လူများကို လိုက်လံသတ်ဖြတ်ကာ အသည်းနှလုံးကိုယူ၊ အဲသည် အသည်းနှလုံးတွေကို စုပြီး ဆေးကြိတ်ပါတယ်။ သည်လို နှစ်ကြိမ်တိုင်တိုင် လုပ်ပြီးပြီရှင့်။ ယခုအကြိမ်ဟာ နောက်ဆုံးပါပဲရှင်။ သည် နောက်ဆုံးအကြိမ်မှာ သူ့အဘရဲ့ ရန်သူ့သားကို လက်စားတုံ့ပြီး၊ ရှင်တို့အားလုံးရဲ့ အသည်းနှလုံးတို့ကို ရောပြီး ဆေးကြိတ်ကာ သူ့ရဲ့ ဝိဇ္ဇာလမ်းကို ဆုံးခန်းတိုင်ရောက်အောင် စီမံမလို့ရှင့်။ ဒါကြောင့် သည်အလောင်းကို ရှင်တို့ မီးရှို့ပစ်ပါ။ မပစ်လို့ရှိရင်လည်း သည်အတိုင်း ထားခဲ့ပြီး ပြန်ကြပါ။ ရှင်တို့ကို သနားလွန်းလို့ပါ။ ဘာမှ မသိကြပေပဲကိုရှင့်'

စေရမှတစ်ပါး လူအားလုံးတို့သည် ထိုမိန်းကလေးကို ငိုင်၍ ကြည့်နေကြကုန်၏။

**ရာပြည့်စာအုပ်တိုက်**

'ကိုင်းဗျာ၊ သူ ဘာပဲပြောပြော မကောင်းရင် သူ့အပြစ်ပေါ့။ ကိုယ့်ဝတ္တရားကို ကိုယ်မဆောင်ရွက်ရင် လောကမှာ အချည်းနှီးသောသူ၊ လူ့ခွေးမြီးကောက် ဖြစ်ရတတ်တယ်။ ကိုင်း မြုပ်ကြစို့ဗျာ'

'အို ... အို ... အို တစ်ဆိတ်ကလေးရှင့်၊ ကျွန်မ နောက်ဆုံး အစီရင်ခံပါရစေ။ ရှင်တို့ သည်အလောင်းကို ပစ်ထားခဲ့ရင် ရှင်တို့အား ကျွန်မ ရွှေတစ်ပိဿာစီ ပေးမယ်။ ရှင်တို့ မြုပ်ပြီး ပြန်ကြရင် လမ်းမှာ သေကြရမယ်။ ကိုင်း ဘယ်ဟာကို ရှင်တို့ ကြိုက်ကြပါသလဲရှင်'

'ဟေ့ မလိုဘူးကွယ်၊ မြုပ်ကြရအောင် အလောင်းကို မ ကြပါ' ဟု စေရသည် ဆိုသော်လည်း ၎င်း၏ တပည့်များနှင့် အပေါင်းအဖော်တို့ကား 'ရွှေကိုသာ ပေးလော့' ဟု ဆိုကာ ထိုမိန်းကလေးငယ် ပေးသော ရွှေတို့ကို ယူ၍ စေရကို တစ်ယောက်တည်း ချန်ထားလျက် ပြန်ကြကုန်၏။ စေရကား ၎င်းတို့ကို အံ့အားသင့်စွာနှင့် ကြည့်၍ ကျန်ရစ်ခဲ့ရလေ၏။

'မောင် ... မောင်ဟာ တယ် ခေါင်းမာပါကလား။ ကျွန်မကို ရှင် မချစ်ဘူးလား။ ကျွန်မလို လှတဲ့ မိန်းကလေးကိုများ ရှင် မချစ်ဘူးလား'

'ခက်နေပါပြီ၊ မင်း လှသလား၊ လှရင်ကော လှတာနှင့် ချစ်တာဟာ ဘာဆိုင်သလဲ၊ မင်း ပြန်သွား။ ငါ့မျက်နှာကို ကြည့်စမ်း၊ သက်သာပြည်ကြီးမှာ ငမဲကျွန် ဆရာကြီးရဲ့ တပည့် စေရဟာ တစ်စေရတည်း ရှိတယ်။ ငါ့ကတိကို မဖျက်နိုင်၊ လူ့ဝတ္တရားကို တွေ့နေရင် မလုပ်ဘဲ ငါ မနေနိုင်။ ကတိသစ္စာနှင့် ဝတ္တရားကို တွေ့ရင် ဆောင်ရွက်ခြင်းဟာ လူလုပ်ရေးကို ပြနေတဲ့ ကျင့်ဝတ်သိက္ခာရင်း ဆိုတာကို ငမဲကျွန် ဆရာကြီးက လက်ထောက်ပြလို့ ငါ နားလည်ခဲ့ပြီ။ မင်း ဖယ်ရှားပါ။ အသက်ကို မငဲ့ကွက်ဘဲ ဝတ္တရားကိုတော့ ငါ ဆောင်ရွက်မှာပဲ။ မင်း ငါ့ကို နောက်ထပ် စကားမပြောနှင့်တော့၊ ပြန်သွား'

ထိုအခါ အလင်းရောင်သည် ရှေးကထက် တိုးတက်ကာ လင်းလာ၍ ထိုမိန်းကလေးသည် ၎င်း၏ အဝတ်တို့ကို ချွတ်လိုက်ပြီးလျှင် 'ကိုစေရရဲ့၊ ရှင်က ကျွန်မကို ဘီလူးမများ ထင်နေသလားရှင့်။ ကျွန်မဟာ ဝိဇ္ဇာများကို နှိမ်နင်းနိုင်တဲ့ အင်းဝိဇ္ဇာမပါ ရှင့်။ ရှင့်နှင့် ဟို ဘဝါဘဝက မေတ္တာကြည်ဖြူ အချစ်ကို ယူခဲ့ကြပြီး နှစ်ကိုယ်တူမွေ့ကာ စက်ခဲ့ကြတဲ့ ကြင်ဖက် လင်ရင်း မှန်ခဲ့လို့ အခွင့်အခါအလျောက် လာရောက်ပြီး ကယ်ဆယ်ရတာပါရှင်။ နည်းနည်းကလေး ဂရုပြုပြီး အရေးလုပ်စမ်းပါဦး ကိုစေရရယ်'

'ဟင်း ... နင့်အဝတ်ကို တုံးလုံးချွတ်ကာ ပြစားပေမယ့် ငါ့မှာတော့ ရိုးနေပြီ ကောင်မရေ့။ နင့်တစ်ကိုယ်လုံးဟာ တောင်ပေါ်က အဝတ်မဝတ်တဲ့

အရိုင်းတောင်သူမကလေးတွေရဲ့ ကိုယ်လုံးကိုယ်ပေါက်လောက် မလှသေးဘူး။ လက်စသတ်တော့ ဝိဇ္ဇာမကိုး။ ဝိဇ္ဇာမကပေမယ့် ပြည်ကြီးပျော်ဘွယ်ရပ်က ဟာကလေးတွေလို ပြုံးချိုချိုနှင့် ကိုယ်ကို ဗလာကျင်းပြီး ယောကျ်ားတစ်ယောက်ကို ကမြင်းထိုး (ဂမြင်းထိုး) ဖြစ်အောင် ကြံဆောင်တတ်သားပါကလား။ ဝိဇ္ဇာမကြောင့် သူတစ်ပါး ကောင်းစားမှာကို ဝန်တိုတာ ထင်ပါရဲ့။ မင်းတို့ ဝိဇ္ဇာဓလေ့ဟာ သည်လိုပဲလား။ တန်ပါကွယ်' ဆိုကာ စေရသည် သူသေအလောင်းကို ပိုးယူလာရာ 'မောင် ... မောင် ... ကျွန်မရဲ့စကားကို အပှတ် အရေးမလုပ်တော့ဘူးနော်' ဆိုကာ ထိုမိန်းကလေးသည် စေရ၏လက်ကို ဆွဲမည်ပြုသောအခါ 'ဝိဇ္ဇာ ပခြုပ်သည်မ၊ သည်တစ်ခါတော့ သိရောပေါ့၊ ဖယ်ရင်ဖယ်၊ မဖယ်ရင် နင် သေပေတော့' ဆိုကာ တူးရွင်းကို ကောက်ယူ၍ နဖူးကို ထိုးလိုက်မည်ပြုသောအခါ ထိုဝိဇ္ဇာမသည် ရုတ်တရက် ပျောက်ကွယ်သွားလေ၏။

ထိုခဏ၌ မှောင်ကြီး ကြီးစွာကျလာ၍ သုသာန်တစ်ခုလုံးသည် မြေကြီးငလျင် ပဲ့တင်ထပ်မျှလောက် တုန်လှုပ်လျက် ကြောက်မက်ဖွယ်သော အသံကြီးသည် ပေါ်လာလေ၏။

စေရကား ဤကား နာနာဘာဝ (ထွေထွေထူးထူးအဖြစ်) တို့၏ အနှောင့်အယှက်တည်း။ ဘာမျှ အစစ်မဟုတ်။ ငါ့အား ငါ၏ဆရာ ငမဲကျွန်သည် ညွှန်ပြ၍ ယောကျ်ားမြတ်တို့ ဖြစ်ရန် ကျင့်စဉ်ကိုပြခဲ့ပြီ။ ဘာကြောင့် ယောကျ်ားမြတ်ရဲ့ ဘဝကို ဆုံးရှုံးရမလဲ။ သည်တိုက်ပွဲမှာ ငါ အောင်ရမည်။ ယောကျ်ားမြတ်၌ ကံဇာတာ ဘယ်တော့မှ မညှိ။ ယောကျ်ားမြတ်ကို ဘယ်ဝိဇ္ဇာ ဘယ်နတ်သိကြားမှ မနှိပ်စက်နိုင်။ လေ၌ မြူဝတ္ထု အစုအပေါင်း (ကလာပ်) ရှိသော်လည်း နာနာဘာဝတို့၏ ဖန်ဆင်းမှုတို့၌ မြူဝတ္ထု အစုအပေါင်းသည် မရှိနိုင်ဟု ငါ၏ ဆရာကြီးသည် သင်ကြားပြသခဲ့ချေပြီ။ အနည်းငယ်မျှ ကြောက်ရွံ့တွန့်တိုဖွယ် မရှိထိုက်ဟု အောက်မေ့ကာ လူသေအလောင်းကို တွင်းထဲသို့ ချမြှုပ်၍ မြေမြှုပ်နေစဉ်၊ အလွန်ထိန်လင်းသော အလင်းရောင်ကြီးသည် ထိုးဝင်လာပြီး ခဏ၌ သံခမောက်ဆောင်း ဘီလူးကြီး တစ်ကောင်သည် လက်ရှစ်ဖက်၌ လှံတံ၊ ဓား၊ လက်နက် အစုံအစေ့ ကိုင်၍ ဆင်စီးကာ အတင်းပြေးဝင်လာပြီးသော်–

'ဟေ့ ... လူသား၊ နင့်အလုပ်ကို ရပ်လော့၊ မရပ်ရင် နင့်ကို သတ်ရလိမ့်မယ်၊ ငါ့ဓားဟာ နင့်ကို အပိုင်းပိုင်း ပြတ်စေလိမ့်မယ်၊ ရပ်ဟဲ့' ဟု ကြောက်စရာကောင်းသော အသံဆိုးဝါးကြီးနှင့် ဆို၏။ စိမ်းသောမျက်နှာ၊ မီးလုံးကဲ့သို့ တောက်ပသော မျက်လုံး၊ နီထွေးသော ပါးစပ်ကြီးကို ဟလျက် ဖွေးဖွေးဖြူသော

အစွယ်ကြီးတို့ကို ပြကာ ထိုဘီလူးကြီးသည် စေရအနီးသို့ တစ်ဟုန်းတည်း ချဉ်းကပ်လာ၏။

စေရကား ၎င်းကို ဂရုမစိုက်ဘဲ သူသေကို တွင်းထဲသို့ချ၍ ငန်းပြားဖြင့် မြေကိုရက်ချကာ ဖို့နေ၏။ ဘီလူးကြီးသည် အသံကုန်ဟစ်၍ နောက်မှ အော်သဖြင့် ပုံတင်ဟည်းကာ မြေကြီးကပင် ဆူပွက်လာသည်ဟု ထင်ရ၏။ စေရသည် နောက်သို့လှည့်ကာ ပြုံးလျက် 'ဟယ် ယုတ်မာညစ်ညမ်း သော့သွမ်းတဲ့ သတ္တဝါ၊ လက်နက်ချင်း ပြိုင်ဝံ့ရဲ့လား၊ နင့်လက်ရှစ်ချောင်းဟာ အကျိုး၊ နင့်လက်နက်ဟာ အမိုက်' ဆိုကာ ငန်းပြားနှင့် ဘီလူးကို ချိန်ရွယ်ကာ ထိုးလိုက်ရာ တံစူးဝါးသဖွယ် ဖြစ်နေသော ငန်းပြား၏ ဘေးဒဏ်ကို မခံနိုင်သဖြင့် ဘီလူးကြီးသည် ပျောက်ကွယ်သွားရလေ၏။

စေရလည်း သူသေကို ကောင်းမွန်စွာ မြှုပ်နှံ၍ 'အောင်ပြီ အောင်ပြီ' ဥဒါန်းကျူးလျက် ငန်းပြားကို သူသေမြှုပ်ရာ ခေါင်းရင်းတွင် စိုက်ထားခဲ့ပြီး သော် နံနက် အရုဏ်ပေါ်လာပြီအတိုင်း ပြန်ခဲ့လေ၏။

(ယခင်က ဝိဇ္ဇာမ ပေးလိုက်သော ရွှေတို့သည် သင်္ချိုင်းမှ ပြန်သွားသော သူများမှာ အိမ်သို့ ရောက်ကာလ ရွှံ့များ ဖြစ်နေလေ၏။)

စေရသည် မိမိ လုပ်ကိုင်မြဲအလုပ်ကို လုပ်ကိုင်နေပြီး ခုနစ်ရက်စေ့သော ညဥ့် ယခင်က သေသည်ဆိုသော သူသည် ရောက်လာပြန်၏။

"အလို ... သည်အကောင် တစ္ဆေဖြစ်ပြီး လာပြန်ပြီလား၊ ဘယ်လိုပါလိမ့်မလဲ" ဟု တွေးတောကာ စိန်းစိန်းကြည့်နေ၏။

'ခင်ဗျားကျေးဇူး ကြီးလှပါတယ်၊ ဒါကြောင့် မိတ်ဆွေထံ လာပါတယ်'

'နေပါဦး၊ ခင်ဗျားက တစ္ဆေလား'

ထိုသူကား ပြုံး၍ 'မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော် ဆေးအတတ်နှင့် ဝိဇ္ဇာဓိုရ်ယောကျ်ား ဖြစ်ပါပြီ။ မိတ်ဆွေ စွမ်းရည်သတ္တိကြောင့် ကျွန်တော့်ကိစ္စ အောင်မြင်လို့ ကျေးဇူးဆပ်ဖို့ လာပါတယ် မိတ်ဆွေ။ အလိုရှိတာကို အမိန့်ရှိပါ' ဟု ဆိုလေ၏။

'ဘာကို အလိုရှိတယ်လို့ နားညီစရာမို့ မပြောလိုပါ။ တောင်းလည်း မတောင်းလို။ လောဘ ဆိုတာဟာ စကြဝဠာနှင့် အမျှပါ။ လူ့အလိုကို ဝိဇ္ဇာ မဆိုထားနှင့်၊ သိကြားတောင် မတတ်နိုင်ပါ။ မိတ်ဆွေတာဝန်ကို မိတ်ဆွေပဲ သိပါတယ်။ မိတ်ဆွေကိစ္စ အောင်မြင်လို့ ကျွန်တော်ပါ ဝမ်းသာရတာဟာ မိတ်ဆွေက ကျွန်တော့်ကို ကျေးဇူးဆပ်ခြင်းပါပဲ။ တိုက်လိုက်ရတာတွေ ခုတောင် မြင်ယောင်ကြားယောင် ဖြစ်နေသေးတယ်'

ထိုအခါ ဝိဇ္ဇာသည် ရုတ်တရက် ပျောက်ကွယ်သွားပြီးနောက် ခဲများစွာကို ယူဆောင်ခဲ့ပြီးလျှင် ကြီးစွာသော ဒယ်အိုးကြီးနှင့် ကျိုထား၏။ ခဲရည်တို့သည် ဆူပွက်လာသောအခါ ဆေးတောင်ဝှေးနှင့် ထိုးကာလ ရွှေ ဖြစ်လေ၏။ ထိုရွှေကို စေရအား ပေးပြီးနောက် ဆေးသုံးလုံးကို ခုနစ်ရက်မှာ တစ်လုံးကျစီ စားပါ။ ရန်သူမျိုးငါးပါး၏ ဘေးရန်နှင့် ရောဂါတို့ကို ကာကွယ်နိုင်ပါသည်ဟု မှာပြီးသော် ပေးလေ၏။

'မိတ်ဆွေ၊ ပြည့်နေတဲ့အိုးကို ထပ်ပြီး ရေလောင်းသကိုး'

'မိတ်ဆွေကောင်း ခြသေ့်ဆီသည် သိင်္ဂီ ရွှေခွက်နှင့်သာ တန်ဘိသကဲ့သို့ လောက၌ ကောင်းစားခြင်း မည်သည် လူမဟုတ်သော လူသူတော်ကောင်း ပညာရှိများနှင့်သာ၊ အစစ်အမှန် အားဖြင့်သာ ထိုက်တန်ပေသည်။ လူများ၊ သူယုတ်မာများတို့နှင့် ပညာမဲ့တို့၏ ကောင်းစားခြင်းသည် လောကကို နှိပ်စက်ရာ၊ လောကကို ဖျက်ဆီးရာ ရောက်ပါသည်။ ထို့ကြောင့် လူများ၊ သူယုတ်မာများ၊ ပညာမဲ့များတို့အား မ,စ,ခြင်းသည် လောကကို ပျက်စီးစေရာ၊ နှိပ်စက်ရာ၊ ကျိန်ဆဲရာ ရောက်ပါသည်။ မိတ်ဆွေသည် ကျွန်တော်တို့၏လောကတွင် အတုမဲ့ လောက်သော ပညာရှိသူကို ဆည်းကပ်မိခဲ့သဖြင့် တောထဲက သစ်သားသည် မှန်ကင်း ဖြစ်ရဘိသကဲ့သို့ ယခု ပညာရှိ သူတော်ကောင်း လူဖြစ်ချေပြီ။ ထို့ကြောင့် မိတ်ဆွေနှင့် ပေါင်းဖက်ပြီး အကြောင်းဆက်ဖို့ ကျွန်တော် ရောက်လာခဲ့ရပါသည်'

လောက၌ ကျင့်ဝတ်သိက္ခာကောင်းနှင့် ပြည့်စုံသော ပညာရှိ လူသည် (လူမဟုတ်သော သူသည်) အမျိုးမျိုးသော စည်းစိမ်ကောင်းတို့နှင့် ထိုက်တန်၍ ထိုသူတို့သည် အစဉ် ကံဇာတာကောင်းပေသည်။

"သြော် ပညာရှိများ၏ ဂုဏ်ကျေးဇူးသည် ကြီးမြတ်လှပါပေ၏တကား" ဟု မှန်းဆ၍ ငမဲကျွန်ကို စေရသည် ရှိခိုးနေစဉ် 'မိတ်ဆွေ ကျွန်တော်ကား တောတွင်း တရားဆောက်တည်၍ အေးချမ်းစွာ နေတော့မည်' ဆိုကာ ဝိဇ္ဇာသည် တစ်ခဏချင်းဖြင့် ကွယ်ပျောက်သွားလေသည်။

## ငမဲကျွန်နှင့် ပြည့်ရှင်မင်း

စေရသည် ဝိဇ္ဇာ ပေးသော ရွှေအိုးအား ၎င်းတို့သည် ငါ လုပ်ကိုင်ရသော ပစ္စည်း မဟုတ်၊ ငါ့မှာ ငွေဝင်သောအလုပ် ရှိသည်၊ ထိုရွှေတို့သည် ငါ့မှာ အပိုဖြစ်၍ ငါနှင့် ငါလုပ်ရသောပစ္စည်း မဟုတ်သဖြင့် မထိုက်တန်ဟု ဘုရင်မင်းမြတ်ထံ ငမဲကျွန် ဆရာကြီးနှင့် တွေ့သည်က စပြီးသော် သံတော်ဦးတင်ပြီးလျှင် ထိုရွှေများကို ဆက်သလေ၏။

ဘုရင်မင်းမြတ်သည် လက်မခံဘဲ စေရအား ပြန်၍ အပ်နှင်းပြီးသော် မြောက်နိဂုံး သူဌေးကြီး၏သမီးနှင့် ပွဲတက်ကြင်ရာ အဖြစ်ဖြင့် ဘုရင်ကိုယ်တော်တိုင် လက်ထပ်ပေးပြီးနောက် စေရ၏ဖခင် ဂုဏ်ထူးအတိုင်း "ရတနာ့ရှင်" ဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားလေ၏။

ပြည့်ရှင်မင်းသည်ကား ပညာရှိ သုခမိန်ကို အလွန် လိုလားနှစ်သက်သူ ဖြစ်၍ ရတနာ့ရှင်သူဌေးကို အဖော်ပြုလျက် မြင်းတစ်စီးစီနှင့် မှူးမတ်ဗိုလ်ပါ အခြံအရံတို့ မပါဘဲ ငမဲကျွန် ရှိရာ တန့်ကြီးတောင်းသို့ ချက်ချင်း သွားရောက်တော်မူလေ၏။ ငမဲကျွန်သည်လည်း အင်္ဂဝိဇ္ဇာကျမ်းကို ဖြည့်စွက်၍ ပြင်ဆင်ပြီးနောက် ဤသို့ နိဂုံးချုပ်သော အခါနှင့် ကြုံကြိုက်လေ၏။

"ပညာရှိနှင့် သူတော်ကောင်းကို မည်သည့် အင်္ဂဝိဇ္ဇာမှ ဟောပြောခြင်းငှာ မသင့်။ ဘေဒင်အတတ်သည် လည်းကောင်း၊ ဗေဒင်အတတ် လည်းကောင်း သာမန်မျှသော လူ့တို့၏ အတွက်သာလျှင်ကတည်း။ လူ့သာမန်မှာလည်း မင်းဖြစ်၍ လည်းကောင်း၊ သူဌေးဖြစ်၍ လည်းကောင်း၊ ပုရဗိုဇ်ဖြစ်၍ လည်းကောင်း လူ့သာမန် အဖြစ်မှ မကင်းရာ။ ပညာရှိ သူတော်ကောင်းတို့သာလျှင် လူ့သာမန်အဖြစ်မှ လွတ်မြောက်နိုင်တတ်ချေ၏။ မိုက်သောသူနှင့် သူယုတ်မာကို မည်သည့်ဗေဒဆရာ၊ ဘေဒဆရာတို့ကမျှ အကောင်း မဟောသင့်ချေ။ ပညာရှိ သူတော်ကောင်းနှင့် ရှေးဦးစွာ မှိဝဲဆည်းကပ်မိသော သူတို့သည် မကောင်းသောနိမိတ်ကို ကောင်းသောနိမိတ် ဖြစ်စေနိုင်လေ၏တကား။ လောကကို ထိုနိမိတ်တို့သည်လည်း အုပ်စိုးမှုတွင် ပါဝင်သတည်း။"

ပြည့်ရှင်မင်းနှင့် ရွှေသူဌေးသည် ငမဲကျွန်ထံသို့ ရောက်လတ်သော် ပြည့်ရှင်မင်းသည် သူဌေးကို ရှေ့ထား၍ ဝင်ရောက်ရာ ငမဲကျွန်သည် ဤသူကား မည်သူ၊ ဤသူကား မည်သူဟု သိသဖြင့် "အရဟင်" ဟူသော ဂါထာကိုချီ၍ ရွှေသူဌေး၏နောက်မှ ပါလာသော အရှင်မင်းကြီးအား 'အရှင်မင်းကြီး၊ ဤ မြင့်မြတ်သောနေရာသို့ ကြွတော်မူပါ၊ ဤမည်သော အသီးတို့ကို ပွဲတော် တည်ပါ' ဟု ဧည့်သည်ဝတ်ကို ပြုလေ၏။

'သုခမိန်၊ ငါ့ကျွန်နောက်က တည်နေသော ငါ့အား ဘာကြောင့် ဘုရင် မင်းမြတ်လို့ သိဘိသလဲ'

'အရှင်မင်းကြီး၊ ယဉ်ကျေးသော လူ့ကပ္ပဲ၌ ဘုရင်မင်းမြတ်နှင့် ကျေးတော်မျိုး ကျွန်တော်မျိုးတို့၏ အနေအထား မျက်နှာလက္ခဏ္ဍေတို့သည် အလွန် ကွာခြားဘိ၏။ ဆင်ရှေ့ကသွားသော ခွေးသည် ဟန်တချို့ချိုနှင့် ရှိသော်လည်း ဘုရင့်ရှေ့တော်က ရောက်နေသော လမ်းပြလက်ဆောင်သည် ဘုရင့်အကဲကို

အမြဲ လေးစားရသဖြင့် ဣန္ဒြေမလုံ ဖြစ်ဘိ၏။ မင်းမာန်ရှိ၍ ငြိမ်သက်သော ဣန္ဒြေမျက်ခြည်နှင့် သူတစ်ပါးအား အစဉ် ပြဘိ၏။ သူတစ်ထူး၏ အပေါ်၌ အလွန် ရဲရင့်စွာ ကြည့်၏။ ထို့ကြောင့် အရှင်မင်းကြီးကို ဘုရင်မင်းမြတ်ဟု သိပါ၏။ အရှင်မင်းကြီးသည်လည်း ကျယ်ပြန့်နူးညံ့သော နဖူးတော်နှင့် ချွန်သော နှာခေါင်းတော်၊ ကျစ်လျစ်သော ပါးစပ်၊ ကြည်လင်သော မျက်နှာတော်ကို ပြနေခြင်းဖြင့် ပညာရှိကို အလွန်နှစ်သက်သော မင်းဟု သိပါ၏။ ကြွလာတော်မူရင်း အကြောင်းကို မိန့်တော်မူလျှင် ဦးထိပ်ထက် ပန်ရွက်ရပါမည်'

'သုခမိန် .. သုခမိန်ဟာ တန့်ကြီး (တန့်ကြည့်) တောင်ထိပ်၌ ရှေးဘိုးတော်တို့၏ လက်ထက်တော်မှ ဆုတ်ယုတ်နေတဲ့ သျှတ္တရကျမ်း၊ ကမ္ဘာဖြစ်ပျက်ပုံကျမ်း၊ သချ်ာကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်နှင့် ဘေဒင်ကျမ်းစသည်တို့ကို ပြုစုနေတယ်လို့ သည်သူဌေးအားဖြင့် ငါ သိရတယ်။ သည်သူဌေးဟာလည်း သုခမိန်ရဲ့ အဆုံးအမကြောင့် ကောင်းစားရတယ်လို့ ငါ သိရတယ်။ ဒါ့ကြောင့် သုခမိန်နှင့်တကွ သုခမိန် စီရင်နေတဲ့ ကျမ်းတို့ကို ငါ အလိုရှိလို့ ရုတ်ခြည်း လာရောက်ရခြင်း ဖြစ်တယ် သုခမိန်'

'အရှင်မင်းကြီး မိန့်တော်မူချက်သည် သင့်မြတ်တော်မူပါသည်။ သုခမိန်တည်းဟူသော ကျွန်တော့်ကို သိမ်းယူတော်မူရန်ကား လွယ်ကူ၍ ကျမ်းဂန်တိုင်းသည် အတိုင်းမသိ အဖိုးတန်၍ ၎င်းတို့ကို သိမ်းယူတော်မူရန်ကား မလွယ်ကူပါ တကား'

'သင်ဆိုတိုင်း မှန်တယ် သုခမိန်၊ ကျမ်းပြုတာဟာ ငှက်ပျော၊ ဥသျှစ်၊ သရက်၊ ပိန္နဲ စသော အသီးအပင်တို့မည်သည် သတ္တဝါတို့အတွက် သီးရသလို သတ္တဝါ အများအတွက် ဖြစ်တယ်။ ဒါ့ကြောင့် လူများရဲ့ကျင့်ဝတ်ဟာ ငါးပါးဖြစ်နေတာနှင့် ကျမ်းဂန်တစ်ရပ်ကို ရွှေငါးပိဿာစီ ပူဇော်ပသပြီး သိမ်းယူမယ်လို့ ငါ လာရောက်တယ်'

'အရှင်မင်းကြီး၏ အမိန့်တော်သည် သင့်မြတ်တော်မူပါသည်။ သို့သော် ကျွန်တော်နှင့် ကျွန်တော့်အိမ်ထောင်ကား သုံးမကုန်နိုင်သော ဥစ္စာရှင် ဖြစ်၍ ဤရွှေတို့ဖြင့် နှစ်သက်တင်းတိမ်ဖွယ် မဟုတ်တုံ။ ထို့ကြောင့် ကျမ်းဂန်တို့ကို ပူဇော်သော သဘောဖြင့် ကြီးကျယ်စွာ အခမ်းအနားပြု၍ သိမ်းယူတော်မူပါလော့'

'အင်း သင်ဆိုတိုင်း လျော်ကန်တယ်။ သို့သော် သက်သာပြည့်ရှင် သမုတိရွှေမှောက်မင်းကြီးဟာ နွတ်က သာသလို စာ၏တန်ဖိုးကို မသိ၊ ကျမ်းဂန်၏ဂုဏ်ကို မသိ၊ အင်မတန် စဉ်းလဲတဲ့ ဘုရင်ဟု နောင် ဥဒါန်းအစဉ်ဖြစ်ကာ

ပညာရှိ ဆိတ်သုဉ်းမည်ကို စိုးရိမ်ကြောင့်ကြလို့ ကြီးကျယ်တဲ့ အခမ်းအနားနှင့် တကွ ရွှေချိန်တို့ဖြင့် ပူဇော်ပြီး သိမ်းယူမယ် သုခမိန်'

*

သမုတိရွှေမှောက်မင်းကြီးသည် ငမဲကျွန်နှင့်တကွ ကျမ်းဂန်များကို ကြီးကျယ်စွာသော အခမ်းအနားပြု၍ နေပြည်တော်သို့ သိမ်းယူတော်မူပြီးလျှင် ကျမ်းပြု ပညာရှိကြီး အဖြစ်နှင့် အထူးသဖြင့် ချီးမြှင့်မြှောက်စားတော်မူ၏။ ထိုအခါ သက်သာပြည်ကြီးမှာလည်း ကဝိထိပ်ဦး၊ ပါရဂူမှန်ကင်း၊ ကောကန၊ ပညာတံခွန် ဘွဲ့တံဆိပ်နှင့် ပညာရှိကြီး လေးဦးသည် ရှိနေနှင့်၏။ ထိုပညာရှိ တို့သည် ငမဲကျွန်အား အထူးပြုကာ မင်းကြီး မြှောက်စားသည် ဟူ၍ ဝန်တို မနာလိုဘဲ ငြူစူကြသဖြင့် ငမဲကျွန်အား တန်ခိုးနိမ့်စေသောငှာ နှိမ့်ချဖို့ရန် အခွင့် အရေးကို ကြံစည်အားထုတ်ကာ ရှိနေကြကုန်၏။

## ရွှေ နှင့် သံ

ထိုသို့သော အခိုက်အတန့်၌ သုဝဏ္ဏဘုမ္မိတိုင်းမှ သင်္ဘောတစ်စင်းသည် "ထောက်ရှာ" မည်သော သင်္ဘောဆိပ်သို့ ရောက်လာ၍ ကုန်သည်ကြီးတို့သည် သမုတိရွှေမှောက်မင်းကြီးထံ အခစား ဝင်ရောက်ကြလျက် သက်သာပြည်၌ ရှိသော သံတို့ကို မိမိတို့တွင်ပါသော ရွှေနှင့်အတူ ပြုပြီးလျှင် လဲလှယ်ပါမည့် အကြောင်းနှင့် လျှောက်ထားကြလေ၏။ ထိုအခါ ကဝိထိပ်ဦး စသော ပညာရှိ လေးဦးတို့သည် သဘောတူညီကြသဖြင့် နိုင်ငံတော်၌ သံများကို မင်းမိန့်ဖြင့် ရနိုင်သလောက် စုဆောင်းစေလေ၏။ လုပ်ကိုင်ခြင်းကိုလည်း ပြုစေ၏။ တိုင်းသူ ပြည်သားတို့သည်လည်း အလွန် ဝမ်းမြောက်ကြကုန်၏။

ငမဲကျွန်သည်ကား မင်းကြီးထံသို့ အခစားဝင်၍ သံများကို အဘယ် ကြောင့် စုဆောင်းတော်မူပါသနည်းဟု လျှောက်၏။ မင်းကြီးလည်း အကြောင်း ကို မိန့်တော်မူလေလျှင် ငမဲကျွန်လည်း 'အရှင်မင်းကြီး၊ ဤအပြုအမူကား မသင့်၊ ကျွန်တော် ကန့်ကွက်ပါသည်' ဟု လျှောက်တင်လေ၏။

ထိုအခါ ကဝိထိပ်ဦး စသော ပညာရှိလေးဦးတို့သည် ပြက်ရယ်ပြုကြ လျက် 'ရူးမိုက်သဖြင့် ရွှေနှင့် သံကို နမ်းချင်းပြု၍ လဲရာတွင် သံရှင်က မလဲ ထိုက်ဟု ခုခံနေခြင်းထက် နှမ်းခြင်းမည်သည် ရှိသေး၏လော' ဟု ငမဲကျွန်ကို နှိမ်ချပြောဆိုကြကုန်၏။ မင်းကြီးလည်း ညိုသော မျက်နှာနှင့် ငမဲကျွန်ကို ကြည့်နေဘိ၏။

ငမဲကျွန်လည်း ဤသို့လျှင် ပြတ်သားစွာ မင်းရင်ပြင်တွင် စကားဆို၏။

'အရှင်မင်းကြီး၊ လောက၌ အသုံးဝင်ခြင်းကိုထက် အသုံးမဝင်ခြင်းကို နှစ်သက်သောသူသည် ရူးမိုက်ခြင်း၊ အသုံးဝင်ခြင်းကို မသိမူ၍ အတင့်အတယ် အပြေအပြစ် အလှအပကိုသာ စွဲလမ်းတပ်မက်သောသူသည် ရူးမိုက်ခြင်းနှင့်မျှ မက ယုတ်ညံ့ခြင်း ဖြစ်၍ အလွန့်အလွန် စက်ဆုပ်ဖွယ် ဖြစ်ချေ၏။ လောက၌ အသုံးဝင်ခြင်းသည်ကား နေရာဌာန အခွင့်အခါအလျောက် ဖြစ်၏။ မိုး နွေ ဟူ၍ သီးခြား မရှိ။ အရွက်တို့သည် ခိုတောင်လဲ ဖြစ်လျက် သစ်ခေါက် ဝါးခေါက် ကင်းရှင်းသော သစ်တောကြီး၏ အလယ်၌ ထမင်းချက်အိုးသောငှာ ကြိုးစားအားထုတ်သော ခရီးသွားတွင် ဇမ္ဗူရစ် ရွှေစင်တစ်ပိဿာသည် ထင်း တစ်ချောင်းလောက်မျှ အဖိုးမတန်ချေ။ သမုဒ္ဒရာ အလယ်ကောင်၌ ရွှေ, ငွေ, စိန်, ကျောက် စသော ကာမဂုဏ် ယစ်မူးသူတို့၏ ရတနာများသည် ရေချိုတစ်ခွက် လောက်မျှ အဖိုးမတန်ချေ။ ထိုနည်းအတူပင် နေရာနှင့်နေရာ အခါကာလကို မကြည့်ဘဲ အစဉ်သဖြင့် လူမိုက်လူကန်းသည်သာလျှင် ရွှေသည် သံထက် အဖိုး တန်သည်ဟု စွဲမက်ကုန်ပြီ။ ထိုသို့ နေရာနှင့်နေရာ အချိန်အခါကို သိသော သူတို့၏ လှည့်စားခြင်းဖြင့် သံထက် ရွှေသည် အဖိုးတန်သည်ဟု လူမိုက်၊ လူဖျင်း၊ လူညံ့တို့သည် လိုက်လျောရချေသည်။ ရွှေသည် လူတို့၌ ဝတ်စားဆင်ယင်ရန်မှ တစ်ပါး မည်ကဲ့သို့ အသုံးဝင်သည်ဟု ဤသဘော၌ မည်သူ သိဘိသနည်း။ ထုတ်ဖော် ပြောဆိုနိုင်ပါသနည်း။ ထို့ကြောင့် သက်သာပြည်ကြီးမှ သံများကို ရနိုင်သလောက် သိမ်း၍ ရွှေနှင့် လဲလှယ်ထိုက်သည်ဟု မည်သူသည် ဝင်၍ စောဒက ပြုနိုင်သနည်း'

ထိုအခါ ပညာ့တံခွန်ဘွဲ့ရ ပညာရှိကြီးသည် မတ်တတ်ရပ်၍ "ငါပ အင်ညာရဟိ" ဟူသော ဂါထာကို သုံးကြိမ်ရွတ်လျက် ဤသို့ ဆို၏။ 'မင်း မျိုးမတ် ဗိုလ်ပါများ၊ ငါမှတစ်ပါး လောက၏ အကြောင်း အဆိုးအကောင်း သဘာဝတ္တ၌ သိသော ပညာရှိသည် မရှိကုန်။ လောက၌ လူတို့သည် ရလျှင် မြတ်နိုးတနာပြု၍ သုံးစွဲသောကြောင့် နှစ်သက်ဖွယ် ဖြစ်သဖြင့် ရတနာဟု အလေးအမြတ် ပြုထားရာ၌ ရွှေသည် အပါအဝင် ဖြစ်သဖြင့် ရွှေကို တိရစ္ဆာန်မှ တစ်ပါး လူတိုင်း တောင့်တနှစ်လိုကြကုန်၏။ သို့စဉ်လျက် လူမိုက် လူကန်း တို့သည် ရွှေ၏ သဘာဝတ္တကို နားမလည်ကြသဖြင့် သံနှင့် နမ်းချင်းပြု၍ လဲလှယ်လို၏။ ထိုလဲလှယ်ခြင်းကို လက်မခံသောသူသည် လဲလှယ်သောသူထက် သာ၍ မိုက်မဲရာကျချေသည်။ ထို့ကြောင့် နိုင်ငံတော်မှ သံများအားလုံးကို ရွှေ များနှင့် လဲလှယ်ယူသင့်ကြသည် မဟုတ်ပါလား၊ အို ... ဗိုလ်ထုများ' ဟု ငမဲကျွန်ကို နှိမ့်၍ ဆို၏။

ငမဲကျွန်ကား ထိုပညာရှိကို မနှိမ်လို။ ထိုသူ၏ စကားကိုလည်း မချေပလို။ သို့သော် သဘောကို ဤသို့ ဆိုလေ၏။

'ဗိုလ်ထုများ၊ မမှားကြစေလင့်။ လူတို့သည် သံနှင့်သာလျှင် ဓား စသော လူတို့၏ လက်နက် အသုံးအဆောင်တို့ကို ယခုခေတ်တွင် ပြုလုပ်ကြရ၏။ ရွှေနှင့်ကား လုပ်၍မဖြစ်ချေ။ ရွှေလှံ၊ ရွှေဓား ဆိုရာ၌ပင် သံနှင့်ကင်း၍ မဖြစ်။ သံသည်သာလျှင် အမျိုးလေးပါးမရွေး နေ့စဉ် လူတို့၏ အသုံးကိုခံလျက် အကျိုးစီးပွားကို ဆောင်ကာရှိ၏။ ဤခေတ်သည် သံမရှိသည်ရှိသော် လောကသည် တိတ်ဆိတ်သွားရာ၏။ တိုးတက်ခြင်းသည် ရပ်စဲသွားရာ၏။ ရွှေသည် လူက မြတ်နိုးတနာပြု၍ တန်ဖိုးထားသဖြင့် တန်ဖိုးရှိ၏။ ထိုတန်ဖိုးကို ဖောက်ပြန်သော တန်ဖိုးဟု ဆို၏။ သံသည်ကား သဘာဝအားဖြင့် တန်ဖိုးရှိလာ၏။ ထိုတန်ဖိုးကို လူတို့ လျစ်လျူမပြုနိုင်ချေ။ သံကို လူတိုင်း မီးခိုအားထားရာ ရနိုင်သကဲ့သို့ ရွှေကို မရနိုင်ချေ။ ထို့ကြောင့် ဘိုးဘွား အစုအစဉ်အားဖြင့် သံသေက တစ်ပြည်ဝသည် ဆိုကြကုန်၏။ လုပ်ရတ်ပညာရှိတို့သည် ပြဒါးသေ၊ သံသေဓာတ်လုံးတို့ဖြင့် ထွက်ရပ်လမ်းကို ဖန်တီးကြကုန်၏။ ရွှေသေဓာတ်လုံး ဟူ၍ ဖန်တီးစရာ မဖြစ်နိုင်ပေ။ ဗိုလ်ထုများ၊ ထို့ကြောင့် အခွင့်အခါအလျောက် သံသည် မဖောက်မပြန်သောအားဖြင့် ရွှေထက် အဖိုးတန်လေဘိ၏ တကား။ အဘယ်ပညာရှိသည် အဘယ်သို့သောပြာ၊ အဘယ်သို့သော ဆေးတောင်ဝှေးနှင့် သံကို ဖြစ်အောင် လုပ်နိုင်ဘိသနည်း။ သံသေဓာတ်လုံး၊ ပြဒါးသေဓာတ်လုံးတို့ဖြင့် သတ္တုများကို ပြာကျစေ၍ ရွှေကို လည်းကောင်း၊ ငွေကို လည်းကောင်း ပြုလုပ်နိုင်ကြကုန်၏။ လူတို့ နေ့စဉ်သုံးသော သံသည်ကား တွင်းမှသာလျှင် ထွက်နိုင်ပေသည်။ သံလက်ဝတ်လက်စား ဆင်မြန်းထားသူများကို စုန်း၊ နတ်၊ ပယောဂ, တစ္ဆေ စသည်တို့သည် မမှီ မကပ်နိုင်ဟုပင် အောက်လမ်းဆရာတို့ အယူရှိကြသေးသည်။ ရွှေလိုချင်သူ ခဲကို ယူ၍ လာခဲ့လော့၊ လူ့တန်ဖိုးကို ကြည့်၍ ကျွန်ုပ် ရွှေလုပ်ပေးမည်။ သို့သော် ရွှေများစွာသည် အရာဝတ္ထုချင်း လဲလှယ်ရာ၌ လည်းကောင်း၊ လက်ဝတ်လက်စား ဆင်ယင်ရာ၌ လည်းကောင်း လူတို့ အသုံးမပြုလျှင် ထိုလူတို့၌ လုံးဝ တန်ဖိုးမရှိတော့ပေ။ တန်ဖိုးရှိအောင် လည်း မပြုပြင်နိုင်ကြတော့ပေ။ လူတို့ သုံးစွဲနေရသော၊ မသုံးဘဲနေ၍ မဖြစ်သော သံမှို, ဓား, လှံ, သံချောင်းတို့ လုပ်ရန် သံကိုကား တွင်း၊ ကျင်းက ထွက်မှသာ ရနိုင်သည် ဖြစ်၍ လုပ်နိုင်သူရှိက ပေါ်ထွက်ကြစေ'

သဘာဝသည် တိတ်ဆိတ်လျက်ရှိ၍ တစ်ခါတစ်ခါ ယင်ကောင်ပျံဝဲသံ၊ အိမ်မြှောင်စုတ်ထိုးသံမျှလောက်သာ အသံထွက်ပေါ်နေတော့၏။

'ဗိုလ်ထုများ၊ ယခုအခါ၌ သုဝဏ္ဏဘုမ္မိတိုင်းသည် ဘာဖြစ်နေသည်ဟု မည်သူ သိသနည်း။ သာဂလပြည်မှ လာရောက်၍ သံဟူသမျှကို ပုလဲနှင့် လဲယူသွားသဖြင့် ယခု မိုးကျတော့မည်၊ ထွန်သွားချွန်ရန်မျှပင် ဓား မရှိကြ တော့ပေ။ ဟင်းသီးသင်ရန်၊ ထင်းခုတ်ရန် ဓားမျှပင် မရှိတော့။ ဤတိုင်းပြည် ပျက်ရတော့မည်။ သာဂလပြည့်ရှင် ဘုရင်သည် သုဝဏ္ဏဘုမ္မိတိုင်းကို သိမ်းယူဖို့ သဘော်များ ပြင်နေပြီ။ ထို့ကြောင့် နိုင်ငံတော်၌ ရှိသမျှ သံဟောင်းများမှ ထက်ဝက်ကိုသာ သိမ်းယူ၍ သံတစ်လေးကို ရွှေနှစ်လေး ပြုကာ လဲရမည်။ ကိုင်း ငြင်းဆိုကြပါဦးဗျာ၊ ဗိုလ်ထု ... သက်သာပြည်ကြီး မပျက်စီးစေနှင့်'

*

ထိုသဘာပြီးငြိမ်း၍ တစ်နေ့သောအခါ ပညာရှိလေးဦးသည် ငမဲကျွန် အိမ်သို့ သွားရောက်ကြ၍ ငမဲကျွန်သည် "ဖရိုးလေး" ဆိုကာ နှုတ်ဆက်နှင့်၏။ ပညာရှိလေးဦးသည် "ပရည့်ပါစေ" ဟု နှုတ်ခွန်းတုံ့ဆက်ပြီးသော် ပေးအပ်သော ဧည့်သည်တို့၏နေရာတွင် နေကြကုန်၏။ ငမဲကျွန်ကား ၎င်းတို့သည် အဘယ် ကြောင့် လာရောက်ကြောင်းကို သိသော်လည်း စကားကို စတင်မဆိုဘဲ ၎င်းတို့၏ အကဲကို ကြည့်နေလေ၏။ ပညာရှိတို့လည်း မိမိတို့ လိုဘကို ရုတ်တရက် စကား မဆိုသေးဘဲ အိမ်တွင်းရေးရာတို့ကိုသာ မိတ်ဆွေဖွဲ့ခြင်း အဖြစ်ဖြင့် အာလာပသလ္လာပ စကားတို့ကို ပြောဆိုနေကြကုန်၏။

ထိုခဏ၌ မကျေးဥသည် အသားမကင်းသော နေ့လယ်စာမုန့်ကို တည် ကျွေး၏။ (ကျေးဥအား ခေါ်ယူခြင်းကို ဝတ္ထုလေးမည်စိုး၍ မရေးတော့ပါ) ပညာရှိတို့လည်း တင်းမတိမ်နိုင်ဘဲ အလွန် မြိန်မြိန်ရှက်ရှက် စားသောက်ကြ ကုန်၏။

'သုခမိန်၊ သည်မုန့်ပဲသရေစာတို့ဟာ အင်မတန် အရသာရှိလှပါကလား။ တစ်ကိုယ်လုံး စိမ့်ဖြန်းပြီး စားလို့ တင်းတိမ်အားရခြင်း မရှိလှပါ' ဟု ပညာရှိ လေးဦးသည် အသီးသီး ပြောဆိုနေကြကုန်၏။

'သည်အစားအစာများဟာ အင်မတန် ထူးကဲပါတယ်။ ခုနစ်ရက်မှ တစ်ကြိမ်သာ စားအပ်ပါတယ်။ လူတို့ကိုယ်မှာ ကျန်းမာနိုင်ရန် ရွှေဓာတ်ဟာ ဆောင်ပြီး၊ အသက် မြင့်ရှည်နိုင်ရန် သံဓာတ်အား ဆောင်နေပါတယ်။ နဝရတ် ကိုးပါးဓာတ်ဟာ တန်ခိုးအစဉ်အတိုင်း လူတို့ရဲ့ သိဒ္ဓိကို ဆောင်နေပါတယ်။ သည်အစားအစာထဲမှာ ရွှေဓာတ်နှင့် သံဓာတ်ကို ဖြစ်စေနိုင်တဲ့ ရွှေပြာနှင့်သံပြာ အနည်းငယ်စီ ပါပါတယ်'

'ကျွန်တော်တို့အား သည်ပြာများကို မပြည့်စေအပ်ပါသလော'

'အလိုရှိက ရနိုင်ပါတယ်' ဆို၍ ငမဲကျွန်သည် ပညာရှိလေးဦးအား ရွှေပြာနှင့်သံပြာ ငါးမူးသားစီ လက်ဆောင်ပြုပြီးလျှင် ဤသို့ ပြောဆို၏။

'ရွှေပြာ တစ်ရွေးသားကို ပျားရည်တစ်ပိဿာမှာ ဖြစ်စေ၊ ထောပတ်နှစ်ပိဿာမှာ ဖြစ်စေ ၃ ရက် စိမ်ထားပြီးနောက် တစ်နေ့တစ်ဇွန်းခန့်စီ စားပါက ရောဂါကင်းတတ်ပါတယ်။ ခဲကို ဖြစ်စေ၊ ကြေးကို ဖြစ်စေ တစ်ပိဿာလောက် ကျိုပြီး ကွမ်းရိုး သုံးတို့လောက်နှင့် မွှေက ရွှေ ခုနစ်ဆယ့်ငါးကျပ်သားလောက် ဖြစ်တတ်ပါတယ်။ သံပြာကိုလည်း ရွှေပြာလိုပင် အသုံးပြုနိုင်ပါတယ်။ သံပြာနှင့် ဖော်စပ်ထားတဲ့ ဆေးကို မှီဝဲပါက အသက်ရှည်တတ်သော်လည်း လူမျိုးစေ့ဆုံးတတ်ပါတယ်။ မုချလို့တော့ ကျွန်တော် ဝန်မခံပါဘူး။ ပြာ၊ ခဲ၊ ကြေးတို့ စစ် မစစ်လည်း ရှိပေသေးတယ်'

'ပညာရှိမင်း၊ သည်သဘာဝရဲ့ တန်ခိုးကို အရိပ်အမြွက် သိပါရစေ' ဟု ပညာရှိလေးဦးက တောင်းပန်သဖြင့် ငမဲကျွန်လည်း ဤသို့လျှင် အရိပ်အမြွက် ပြောပြလေ၏။

'ပြဒါးသေ ဓာတ်လုံးဖြင့် ရွှေနှင့် အခြားသတ္တုတို့ကို ပြာချလို့ရတဲ့ ပြာဟာ အသက်ရှည်စေတတ်ပြီး ရွှေ၊ ငွေ ဖြစ်စေတတ်တယ်။ ဒါကြောင့် ပြဒါးသေက တစ်ဆွေဝလို့ ဆိုကြပါတယ်။ သို့သော် သံသေဓာတ်လုံးနှင့် သတ္တုကို ပြာချထားပြီး သည်ပြာနှင့် လုပ်ထားတဲ့ ရွှေ ဘော် ကြေး စသည်တို့ကို ပြဒါးသေ ဓာတ်လုံးနှင့် ပြာချလို့ မကျပါ။ သံသေဓာတ်လုံးဟာလည်း ဓာတ်လုံးရဲ့ တန်ခိုးနှင့်အညီ ဒါကြောင့် သံသေက တစ်ပြည်ဝလို့ ဆိုကြပါတယ်'

ပညာရှိကြီးတို့လည်း လုပ်ရတ်လမ်းကို စီစဉ်ပါဟု တောင်းပန်ကြရာ ငမဲကျွန် ဆရာကြီးသည် သုတ၊ မလွတ်၊ ဘင်၊ နာ၊ ဒန်၊ ဂျုတ်၊ ဘော်၊ သံ၊ သွပ်ဟု အစချီပြီးလျှင် ရေးရန် စီမံထားပြီးပါပြီဟု ပြောဆိုလေ၏။

ပညာရှိလေးဦးလည်း ထိုအခါကစ၍ ငမဲကျွန်၏ သဘောထားကြီးမြင့်မှုကြောင့် ပညာရှိတို့၏ အကြီးအမှူး အဖြစ်နှင့် တည်ရစေလေ၏။

## သူဌေးသားနှင့် အဆိပ်

သုနာပရန္တတိုင်း သက်သာပြည်ကြီး၌ "ပညာရှိ" ဆိုသော စကားသည် အလွန်ထင်ရှား၍ ဓာတတ် ပညာရှိကို အလွန် နှစ်သက်ကြကုန်၏။ အခါ တစ်ပါး၌ တောင်နိဂုံး သူဌေးသား မောင်ရွှေသားနှင့် အရှေ့မဇ္ဈမဂုံးသူဌေးသမီး မယ်သူ့ရှင်တို့ကို ထိမ်းမြားလက်ထပ်ရန် မိဘတို့သည် သဘောတူညီကြသော်လည်း မိသူ့ရှင်မှာ စာပေပညာတတ် ယောကျ်ားကို အလိုရှိတောင့်တနေရာတွင် သူဌေးသား

မောင်ရွှေသားမှာ စာမတတ်မြောက်သောကြောင့် ငြင်းပယ်၍ တဝိုဝို တတောင်းပန်ပန်နှင့် နေငြားသော်လည်း နောက်ဆုံး၌ မိဘတို့၏ စကားကို မလွန်ဆန်သာသဖြင့် မိသူ့ရှင်သည် မောင်ရွှေသားနှင့် ထိမ်းမြား လက်ထပ်လိုက်ရ၏။

ထိုသို့ လက်ထပ်ပြီး၍ ခုနစ်ရက်မြောက်သောအခါ မောင်ရွှေသားနှင့် မယ်သူ့ရှင်သည် အပေါင်းအသင်း မိတ်ဆွေသဟာယတို့ကိုဖိတ်၍ ပျော်ပါးစွာ ဥယျာဉ်ကစားခြင်း အမှုကို ပြုကြ၏။ ထိုသို့ ပျော်ပါးကစားကြ၍ နံနက်ထမင်း စားပြီးတစ်ခဏ၌ မောင်ရွှေသားသည် ရုတ်ခြည်း သေဆုံးသွားသဖြင့် မောင်ရွှေသား၏ မိဘများသည် ထိုသေရခြင်း၌ မသင်္ကာသောကြောင့် ဆေးသမားများထံ ပြသရာ ဆေးသမားကျော် အားလုံးတို့က အဆိပ်ကို စားမိသောကြောင့်ဟု တညီတည်း ဆိုကြကုန်၏။ ထို့ကြောင့် မယ်သူ့ရှင်သည် အဆိပ်ခတ်သူ တရားခံ ဖြစ်နေ၍ လွှတ်တော်တရာရုံး၌ တရားစွဲခံရရာ တရားရုံးတော်က သူသတ်မိန်းမ၊ မိန်းမယုတ် အဖြစ်ဖြင့် သေဒဏ်ခံစေဟု မယ်သူ့ရှင်အပေါ်၌ စီရင်ချက် ချမှတ်လေ၏။

ထိုအခါ မယ်သူ့ရှင် မိဘများသည် လွှတ်တော်မှ စီရင်ချက်ကို မကျေနပ်၍ ဘုရင်မင်းမြတ် အမှူးရှိသော ပညာရှိအဖွဲ့သို့ အယူခံဝင်ရောက်ရာ ပညာရှိ အသီးသီးတို့သည် အောက်ပါအတိုင်း ကောက်ချက်ချကြကုန်၏။

ကဝိထိပ်ဦး– 'တရားခံမ၏ အယူခံဝင်ချက်ကို စဉ်းစားရလျှင် သင်းသည် သေသူ ငရွှေသားနှင့် ထိမ်းမြားလက်ထပ်ခြင်း မပြုမီကပင် မချစ်ခင် မနှစ်သက်သည့်အတွက် ရန်ဘက်သဖွယ် ဖြစ်ခဲ့သည်။ ၎င်းကိုလည်း တရားခံမသည် မငြင်းမကွယ်နိုင်။ သေသူနှင့် မိသူ့ရှင်သည်လည်း မသေမီခဏ၌ ယှဉ်ပြိုင်ကာ အတူစားသောက်ခြင်း ပြုသည့်ပြင် ချင်း၏ကိုယ်တိုင် ရေခွက်နှင့် ရေတိုက်ကြောင်းကို ချင်းသည် ဝန်ခံလေသည်။ ထိုအဆိပ်ကို မိသူ့ရှင်မှတစ်ပါး မည်သူမျှ ခတ်ဖို့ မရှိနိုင်ချေ။ ထိုကြောင့် လွှတ်တော်တရားသူကြီးများ၏ စီရင်ချက်ကို ဤပညာရှိအဖွဲ့က တစ်စုံတစ်ရာမျှ စွက်ဖက်ရန် မလိုကြောင်း။'

ပါရဂူ့မှန်ကင်း– 'တရားခံ မိသူ့ရှင်သည် ချစ်ယောင်၊ ခင်ယောင်၊ ကြင်နာယောင်နှင့် ပရိယာယ်ဟန်ဆောင်ကာ လီဆယ်၍ သေသူ ငရွှေသားကို ဥယျာဉ်ကစားသွားရန် ပူဆာကြောင်းကို ချင်းကပင် ထွက်ဆို ဝန်ခံထားလေသည်။ ဘာကြောင့် သင်းသည် ပူဆာရသလဲ။ အဆိပ်ကျွေးကာ သတ်ဖို့ရန် အခွင့်အရေးရဖို့ အကြောင်းပင် မဟုတ်လော။ မချစ်မနှစ်သက်သော သူနှင့် ထိမ်းမြားခြင်းကို ခံယူရသော မိန်းမသည် မြွေဆိုးအား နေ့စဉ် အစာခွံ့နေရဘိသကဲ့သို့ အမြဲတုန်လှုပ်ကာ စိတ်မချမ်းမြေ့နိုင်သဖြင့် မိသူ့ရှင်၏ ရန်သူအကြီး

ဆုံးသည် သင်းယောကျ်ား ငရွှေသားပင် ဖြစ်ချေသည်။ ထို့ကြောင့် လွှတ်တော် တရားသူကြီးများ၏ စီရင်ဆုံးဖြတ်ချက်ကို ရွှေနန်းတော် ပညာရှိအဖွဲ့က တစ်စုံ တစ်ရာ ပြင်ဆင်ရန် အကြောင်းမမြင်ကြောင်း'

ကော်ကန– 'မိန်းမတို့သည် ချစ်သော ယောကျ်ားကို လင်လုပ်ရလျက် လည်း တစ်ရံတစ်ဆစ် စိတ်သဘောမတွေ့မှုဖြင့် အပြစ်ပြုကာ သေရာ သေ ကြောင်းကို ကြံစည်တတ်တုံလျက်၊ မချစ်ခင် မနှစ်သက်သော ယောကျ်ားနှင့် ပေါင်းဖက်ရသော မိသူ့ရှင်သည် ချင်း၏ယောကျ်ားအား အဆိပ်ကျွေးသတ်သည် ဟူသော လွှတ်တော်တရားသူကြီးတို့က ဆုံးဖြတ်ချက်ကို အနည်းငယ်မျှပင် ယုံမှားဖွယ် မထိုက်။ ထိုအမှု၌ မည်သူမျှပင် မငြင်းကွယ်သာအောင် ထင်ရှား သော သက်သေမှာ မိသူ့ရှင်သည် ချင်း မချစ်ခင် မကြင်နာသော ချင်း၏လင် အား ပရိယာယ်မာယာနှောလျက် ငါးကြော်မှ အရိုးများကို ထွင်ပေးသည်၊ ကြက် ပေါင်ကြော်မှ အသားများကို ဖဲ့ကာပေးနေသည်၊ တစ်ခါတစ်ခါ ချစ်ဖွယ်ရာသော အမူအရာဖြင့် ပြုံးကာရွှင်ကာ ပြောင်လှောင်ကာနှင့် ထမင်းခွံ့ပေးသည်၊ ရေကို ကိုယ်တိုင် ခပ်၍တိုက်သည်။ ထိုမြင်ပြင်းကတ်စရာသော ချင်း၏ အပြုအမူ များသည် ချင်း၏လင်ကို ချစ်ခင်၍ မဟုတ်။ ပရိယာယ်မှုဖြင့် အယုံသွင်းကာ လှည့်စားခြင်းမျှသာ ဖြစ်သည်။ ဤမျှလောက် ယုတ်မာသောသူကို ပညာရှိ အဖွဲ့က သနားညှာတာဖို့ လုံးဝ မရှိ။ အယူခံလွှာကို ပယ်ရှားဖို့ရန်သာ ရှိကြောင်း'

ပညာ့တံခွန်– 'လောက၌ မိန်းမတို့သည် မကောင်းမှုနှင့် အပြစ်တို့ကို မကြောက်တတ်။ ရတ်တရက်ဉာဏ်ဖြင့် စဉ်းလဲစဉ်းစားမှုတို့ကို ပြုတတ်၏။ မည်သို့သောမိန်းမကို သူတော်ကောင်း စိတ်သဘောနှင့် မြင့်မြတ်သည်ဟု ဆိုဝံ့ မည်နည်း။ ဤစကားသည် မှန်စွ။ ခပ်သိမ်းသော မြစ်တို့သည် ကောက်ကွေ့ သကဲ့သို့ မိန်းမတို့သည် ဖြောင့်ခြင်းမရှိ။ ဆိတ်ငြိမ်ရာ၊ လျှို့ဝှက်ရာ၊ မိမိအလိုသို့ ပါရာကိုရလျှင် မကောင်းမှုကို ပြုမြဲပင် ဖြစ်၏။ ထို့ကြောင့် သူ့ရှင်သည် မိန်းမ ဖြစ်ခြင်းကြောင့် ထိုအမှုကို ပြု၏။ သို့သော် တရားရုံးမည်သည် တရားခံကို ငဲ့ညှာရာ၏။ တရားမှုကို အလိုရှိသူသည် တရားခံကို အမြဲ ကြင်နာထောက်ထား ရာ၏။ သေသူမှာ တစ်ယောက်တည်း ဖြစ်၏။ တရားခံသည် နောက်ထပ် အိမ်ထောင်ပြုလျှင် ဤကဲ့သို့ သူပေါင်းများစွာကို မွေးနိုင်ချေသည်။ ထိုသို့ မွေးဖွားခြင်းဖြင့် နိုင်ငံတော်အင်အားကို ဖြည့်တင်းနိုင်ရာ၏။ ထို့ကြောင့် တရားခံ သည် နောက်ထပ် အိမ်ထောင်ပြုမည်ဆိုလျှင် ထိုရာဇဝတ်ဘေးက ချမ်းသာခွင့် ပေးသင့်ပါကြောင်း'

ရာပြည့်စာအုပ်တိုက်

ပညာရှိ ငမဲကျွန် သုခမိန်ကား တရားခံ မယ်သူ့ရှင်ကို စစ်မေးလိုသေး သည် ဆို၍ မယ်သူ့ရှင်ကို ဘုရင့်ရှေ့တော်မှောက် ပညာရှိအလယ်သို့ သွင်းရ လေ၏။ ထိုအခါ မယ်သူ့ရှင်သည် ချစ်ဖွယ်ရာသော အမူအရာကို ပြုလျက် ပြုံးပြုံးကြည်ကြည် ပျော်ပျော်ရွှင်ရွှင် ရှိနေ၏။ ထိုထူးဆန်းသော အမူကြီးကို နားထောင်နေသော ပရိသတ်တို့သည် သူ့ရှင်၏ အမူအရာကို မြင်လတ်သော် ဒေါသဖြစ်ကြကုန်လျက် 'ဟယ် သူသတ်မ၊ ပညာရှိများကို မာယာပြုကာ လှည့်စားဦးတော့မလား။ မတော်မှောက်မှား သူ့အား လူက ချမ်းသာပေးသော် လည်း သဘာဝကမူကား ခေါင်းကို မိုးကြိုး ရှစ်စိတ်ခွဲပေလိမ့်မည်' ဟု တီးတိုး ဆိုကြကုန်၏။ ငမဲကျွန်လည်း ဤသို့ စစ်မေးလေ၏။

'အမိငယ်၊ သင့်လင်ကို သင် မသတ်ဘူး မဟုတ်လား'

("ဟယ်" ဟု သဘာသည် အသံဖြစ်လျက် သုခမိန် တံစိုးယူပြီဟု တွေး တောကြကုန်၏။)

'မသတ်ပါ ဘုရား'

'လက်ထပ်တဲ့နေ့ရဲ့ ညဦးအဖို့၌ သင့်စိတ်ဟာ ဘယ်လို ရှိနေသလဲ'

'ကိုရွှေသားကို အလွန်မုန်းပါတယ်။ ချက်ချင်း သူ သေသွားတာကို မြင်လိုပါတယ်။ သူ သေတာကို ကြားလိုပါတယ်။ လောကမှာ သေမင်းဟာ သူ့ထက် ကြောက်စရာ ကောင်းလိမ့်မယ်တောင် မထင်ပါ ဘုရား'

'နှစ်ရက် သုံးရက်မြောက်တဲ့အခါမှာ မင်းစိတ်ထဲမှာ ဘယ်လို ရှိနေသလဲ'

(မယ်သူ့ရှင်သည် ရှက်ယို့ ယို့၍ နေလေ၏။)

'အမိငယ် မှန်တာကို အစစ်ခံပါ။ သဘာဝဓမ္မ၊ ဓမ္မတာ ဆိုတာဟာ လူတိုင်းမှာ ရှိတယ်။ ရှက်စရာ မဟုတ်။ တရားဟာ တရားတာ ဖြစ်ရမယ်'

'သည်လိုပါ ဘုရား၊ နှစ်ရက်မြောက်သော ည၌ လူသားကို ကြောက် လန့်လျက်နှင့် စားမိဖူးတဲ့ ကျားဟာ လူသားကိုသာ တောင့်တနေသလို လောက စည်းစိမ် ထိုအရသာကား ကာမဂုဏ်တို့တွင် ဘုရင်ဖြစ်နေပြီး ထူးကဲလှချည့်ရဲ့ လားလို့။ ငါတို့ရဲ့ ကပ္ပဲမှာ သည်လို ဗိမ်မျိုးကို ကိုရွှေသားမှတစ်ပါး ပေးနိုင်သူ မရှိတော့ဘူးထင်ကာ တောင့်တမိလာပါတယ်။ သည်အခါကစပြီး ကိုရွှေသားရဲ့ အပါးက မခွာလိုပါ။ ကိုရွှေသားကို မျက်စိထဲက မပျောက်နိုင်ပါ။ ကိုရွှေသား ဟာ ကျွန်တော်မရဲ့ လိုဘကို ဖြည့်စွမ်းပေးနိုင်တဲ့ သခင် ဖြစ်လာတာမို့ သူ့ သဘောကျ လိုက်နာပါတော့မယ်လို့ သဘော ပြောင်းလဲလာပါတယ် ဘုရား'

'အင်း ယခု အမိရဲ့ ခင်ပွန်းသည်ကို သနားသေးသလား၊ လွမ်းဆွတ် ကြေကွဲခြင်းများ ရှိသလား၊ ဘယ်လိုများ ရှိနေသေးသလဲ'

'အရှင် ပညာရှိမင်း၊ သေသောသူသည် သူ၏ ဝိပါကကြောင့် သေရ ရှာပြီ။ ကျန်ခဲ့တဲ့ မြူအဖွဲ့အစည်းဟာ ထင်းတုံးလောက်မှ အသုံးမကျလို့ မီးရှို့ ပစ်ရပါပြီ။ သည်သဘောတရားဟာ လောကရဲ့ ထုံးဓမ္မတာပင် ဖြစ်ပါတယ်။ သည်သဘောကို ဘယ်သူမှ မလွန်ဆန်သာနိုင်ပါ။ ကိုယ့်အကြောင်းကို ကိုယ် သယ်ပိုးပြီး လာခဲ့ရသူချည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မ မရှုးလို့၊ မကန်းလို့ မသနားပါ၊ ယူကျုံးမရ မရှိပါ၊ လွမ်းဆွတ်ကြေကွဲ တမ်းတခြင်းလည်း မရှိပါ။ လျစ်လျူရှုခြင်း သဘောမျှသာ ရှိပါတယ်'

'အင်း ... အမိငယ်၊ သင်ကား ရာဇဝတ်သား ဖြစ်ရလျက် သင့်မျက်နှာ ဟာ မင်းသားများ အလယ်မှာ ပန်းကုံးစွပ်အုံ့ ဖြစ်တဲ့ ပင်တိုင်စံ မင်းသမီးရဲ့ မျက်နှာလို ကျက်သရေပြည့်ဝပြီး တင့်တယ်ကာ ရှိလှပါကလား။ ချစ်သူရည်းစား နှင့် ထိမ်းမြားပြီးစကလေး ဖြစ်တဲ့ လုံမငယ်လို ပျော်ပါးရွှင်ပျခြင်းဖြင့် အဆွဲဓာတ်၊ အငင်ဓာတ်ဟာ ရွှင်လှချည်ရဲ့လား။ မင်း သေရတော့မယ်။ သေဘေးကို မကြောက် ဘူးလား'

'အရှင်၊ သေဘေးသည် လူတိုင်း၌ပင် ကပ်လျက် ရှိပါသည်။ ယခု ကျွန်မ ရာဇဝတ်သား ဖြစ်ရခြင်းသည် ကျွန်တော်မ၏ ဝိပါက အကြောင်းရင်းမျှသာ ဖြစ်ပါသည်။ သတ္တဝါတို့သည် ကြောင်းကျိုးတရားကို လွန်ဆန်နိုင်စတမ်း မဟုတ်ပါ။ ခေတ်၏ ဗရုတ်သုတ်ခ ကပွဲကြီးတွင် အမြှောင်မျောက်ထား၊ အငယ် ပွား၍၊ သက်ထားငယ်ကျွမ်းကို သတ်နေကြသော မိန်းမပေါင်း များစွာသည် "မိန်းမတို့သည် ဆိတ်ငြိမ်ရာအရပ်ကို ရသည်ရှိသော် မည်သို့သော မကောင်းမှုကို မဆို ပြုရဲသည်။ ပြုသည်၊ ပြုမြဲ ဓမ္မတာ" ဟု ယောကျ်ား သျှတ္တရကျမ်း ဆရာ တို့၏ စကားအရ မဆိတ်ဘဲ ရှိရပါမည်။ ၎င်းတို့သည် တရားခံမ အဖြစ်နှင့် ဘာကြောင့် တရားရုံးကို မရောက်ကြပါသလဲ။ ကျွန်တော်မ၏ အကြောင်းသည် ကျွန်တော်မ၏ အကျိုးအတွက် ပေါ်လာရသည့် အထောက်အပံ့မျှသာ ဖြစ်ပါ သည်။ ကျွန်တော်မသည် မချစ်မနှစ်သက်သူကို လက်စားတုံ့ရပြီးပြီဟု ဝမ်းသာ ခြင်းကြောင့် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင်နှင့် နေခြင်း မဟုတ်ပါ။ သံသရာရောဂါ ဖြစ်သော သေရခြင်းတရားကို ရှောင်ရှား၍ မရမှန်း သိခြင်း ကြောင့် ကြေကွဲဝမ်းနည်း ကြောက်လန့်ခြင်း မရှိရုံမျှသာ ဖြစ်ပါသည်။ သတ္တဝါ တိုင်းသည် ကြောင်းကျိုးတရားနှင့် မလွန်ဆန်သာ၍ ကျွန်မမှာ ဘဝက အကြောင်း နှင့် တိုက်ဆိုင်လာလျှင် သေခြင်းဆိုးဖြင့် မင်းဒဏ်ခံကာ သေရပါလိမ့်မည်။ မတိုက်ဆိုင်လျှင် တရားရုံးတော်က ဒဏ်ဖြင့် သေရလိမ့်မည် မဟုတ်ပါ။ လောက မှာ တရား သေသည်ဟု မရှိစကောင်းပါ ဘုရား'

'အင်း ... ဟုတ်လှလေစွ၊ သည်လိုဖြင့်ရင် သင် ဘာကြောင့် ပညာရှိသဘင်သို့ အယူခံဝင်ရသလဲ'

'ပညာရှိမင်း၊ သုနာပရန္တတိုင်း သက်သာပြည်ကြီးရှင် ဘုရင်မင်းမြတ်သည် ပညာရှိများကို ချစ်သည်၊ မြှောက်စားသည်။ ထို့ကြောင့် ပညာရှိ လွှမ်းမိုးသော တိုင်းပြည်ဟု တရားသော နေပြည်တော်တို့တွင် ထင်ရှားပါသည့်ပြင် မဇ္ဈိမဒေသကပင် ကျော်ကြားသည်ဟု ကြားဖူးပါသည်။ ထိုကဲ့သို့ ဖြစ်တုံလျက် သက်သာပြည်ကြီးတွင် ပညာရှိ ဆိတ်ခဲ့ချေပြီ၊ ကျော်ကြားခြင်းသည် အချည်းနှီးပါတကားဟု သမ္မာဒေဝ နတ်သဘင် အစည်းအဝေးတွင် ထင်ရှားတော့မည် ဖြစ်ခြင်းကြောင့် အယူခံဝင်ရခြင်း ဖြစ်ပါသည်'

'အင်း အတော်ဆိုတဲ့ စကားလှပါတကား။ လုံမငယ်၊ ပညာရှိများ အသီးသီးကောက်ချက်ချရာ၌ ပညာတံခွန်က သင်ဟာ နောက်ထပ် အိမ်ထောင်ပြုမယ်ဆိုရင် အပြစ်မဲ့ လွတ်သင့်တယ်လို့ ဆိုထားတယ်။ သင် နောက်ထပ် အိမ်ထောင်ပြုမယ်လို့ ကတိပြုနိုင်ပါ့မလား'

'မည်ကဲ့သို့ အမိန့်တော်ရှိပါသနည်း။ ထိုကတိသည် သေမင်းထက်ပင်ကြောက်စရာ ကောင်းလှပါသည်။ ကျွန်တော်မအား မင်းဒဏ်ထားလိုလျှင်ထားစေ၊ လွတ်လိုလျှင် လွတ်စေ၊ ထိုကတိကိုဖြင့် မပြုဝံ့ပါ။ ယခုတွေ့ရသော ဘေးသည် လင်က ပေါက်ပွားလာခြင်းဖြစ်၍ လင်သည် မယားအား တုနိုင်မဲ့ဖွယ်သော ဇိမ်ကို ပေးနိုင်သည်ထက် ဆင်းရဲမှုအား ပို၍ပေးနိုင်တတ်သည်ကိုကိုယ်တွေ့ကြုံရပြီကြောင့် အလွန် ကြောက်လန့်လှပါသဖြင့် ကျွန်တော်မသည်ကြေးမုံပြင် ကြည်ကြည်လင်လင်ကိုပင် မကြည့်ဝံ့အောင် လင်ဆိုက ကြောက်လန့် လှပါသည် ဘုရား'

'မယ်တော် မနုစာရီ' ဟု ဦးချကာ မနုစာရီကို ကန်တော့လျက် ငမဲကျွန်သည် 'အင်း ... အပြစ်မရှိ' ဟု ဆုံးဖြတ်ကာ ဆိတ်ဆိတ်နေလေ၏။

ထိုအခါ သဘာသည် ပျားပိတုန်းကို သောက်သုံးပျော်ပါးနေသော ပန်းရုံကို ရိုက်ပုတ်လိုက်ဘိသကဲ့သို့ တအုန်းအုန်း တရုန်းရုန်း တဝုန်းဝုန်း ဖြစ်နေ၍ မင်းလုလင်တို့သည် ရုတ်တရက် အုပ်ထိန်းထားရလေ၏။

ပြည့်ရှင်မင်းလည်း ငမဲကျွန်အား အလွန်ထင်ရှားသော ဤအမှု၌ အသို့လျှင် လျှို့ဝှက်နက်နဲခြင်းကိုပြု၍ အပြစ်မရှိဟု ဆုံးဖြတ်ပါဘိသနည်း ဟူ၍ အောက်မေ့လျက် 'သုခမိန်၊ သင်၏ ဆုံးဖြတ်မှုကို ထင်ထင်ရှားရှား ပြပါဦးလော့' ဆိုကာ မိန့်တော်မူလေ၏။

ထိုအခါ ငမဲကျွန်သည် ပညာရှိများ၊ မင်းမှုးမတ်များ၊ ပရိသတ်များ

တို့နှင့် မှုခင်း ဖြစ်ပွားရာသို့ သွားရောက်ပြီးလျှင် စစ်ဆေးမေးမြန်း ကြည့်ရှုပြီးသော် ဤသို့လျှင် ထင်ရှားခြင်းကို ဖြစ်စေ၏။

'မယ်တော် မနုစာရီ၊ အချင်းတို့ သတိပြုကြကုန်။ ဤထမင်းမြိန် ပျော်ပွဲစားရာအထက်၌ အရိပ်ပြုနေသော အင်ပင်ကြီးသည် ရှိ၏။ ထိုအင်ပင်ကြီး၏ အကိုင်းကြီးတွင် အခေါင်းရှိရမည်။ ထိုအခေါင်း၌ အိမ်မြှောင်မျိုးတို့ ဖြစ်စေ၊ အိမ်မြှောင် မျိုးခွ ဖြစ်စေ၊ တက်တူနီ ဖြစ်စေ၊ တောက်တဲ့နက် ဖြစ်စေ ရှိတန်ရာ၏။ ၎င်းတို့၏ ကိုယ်အပိုင်းအစ သော်လည်းကောင်း၊ သွေးသော်လည်းကောင်း အဆိပ် ဖြစ်၏။ ၎င်းတို့၏ ကိုယ်အပိုင်းအစ တစ်ခုခုသည် ကျလာလျှင် ထင်ရှားရာ၏။ ထို့ကြောင့် ကိုယ်အပိုင်းအစ တစ်ခုခုသည် မကျရောက်ပေ။ ၎င်းကိုစဉ်းစားလျှင် ၎င်းတို့၏ ချေးသော်လည်းကောင်း၊ ချေးစွန့်သောအခါ ထွက်လာသော အရည်ကြည် သော်လည်းကောင်း၊ ပါးစပ်မှ အရည်သော်လည်းကောင်း ကျတန်ရာ၏။ ထို ကျရှိသော တစ်ခုခုကို မောင်ရွှေသားသည် ထမင်းနှင့် ဖြစ်စေ၊ ရေနှင့် ဖြစ်စေ ရောနှောစားသောက်မိသဖြင့် အဆိပ်မိကာ သေဆုံးရရှာပေသည်'

ထိုသို့ ဖော်ပြပြီးသော် မင်းချင်းတို့ကိုခေါ်၍ သစ်ပင်ပေါ်သို့ တက်ကြည့်စေ၏။ သစ်ပင်၌ စိုထိုင်းသော အခေါင်းကို တောက်တဲ့နက် နှစ်ကောင်နှင့် တွေ့ရ၏။ ၎င်းတို့၏ ချေးများလည်း ရှိ၏။ ထိုချေးအနည်းငယ်ကို တုတ်နှင့် ကော်၍ ယူခဲ့စေ၏။ ထိုတောက်တဲ့နက် ချေးများနှင့် အစားအစာတို့ကို ရော၍ ခွေးများကို ကျွေးကြည့်ရာ ခွေးများသည် နမ်းပြီးလျှင် ဆတ်ဆတ်ချေ မစားဘဲ နေကုန်၏။ မင်းချင်းတို့လည်း ထိုအစာကို လွတ်ရာချထားရာ ကျီးတစ်ကောင်သည် လာ၍ သုတ်ယူစားသောက်ပြီး ခဏ၌ သေဆုံးရလေ၏။ ထိုအခါမှ မောင်ရွှေသားကို သေစေသော လက်သည်တရားခံသည် တောက်တဲ့နက် နှစ်ကောင်အနက် တစ်ကောင်ဖြစ်ကြောင်းကို ဗိုလ်လူအပေါင်းနှင့် ပညာရှိတို့သည် မြင်သိကြကုန်၏။

ထိုအခါမှ ငမဲကျွန်သည် ထိုတရားကို ထိုသို့ စီရင်ချက် ဖြစ်စေ၏။

'သူဌေးသား မောင်ရွှေသားအတွက် မယ်သူ့ရှင်သည် တရိုတသေပြု၍ သောက်ရန် ရေခွက်ကို ထားလေသည်။ ထိုရေခွက်သည် လန်နေရမည်။ ၎င်းအထဲသို့ တောက်တဲ့နက်မှ အညစ်အကြေးတစ်စက်သည် အမှတ်မထင် ကျနေလေသည်။ ၎င်းနှင့်ရေထည့်၍ မိမိလင်ကို မယ်သူ့ရှင်သည် တရိုတသေပြုကာ ကိုယ်တိုင် တိုက်မိလေသည်။ တိုက်ပြီးခဏ၌ မောင်ရွှေသားသည် မူးမိုက်ကာ သေဆုံးရလေသည်။ ထို့ကြောင့် မယ်သူ့ရှင်မှာ လုံးလုံးအပြစ်မရှိ ဖြစ်ကြောင်း၊

တရားခံ အစစ်များကား တောက်တဲ့အနက် နစ်ကောင်အနက် တစ်ကောင်၏ အညစ်အကြေး ဖြစ်ခြင်းကြောင့် မယ်သူ့ရှင်အပေါ်၌ လွှတ်တော်မှ စီရင်ချက်သည် ပျက်စေ။ မယ်သူ့ရှင်မှာ အပြစ်မရှိ၊ လွှတ်စေ'

ပြည့်ရှင်မင်းကြီးကလည်း နိုင်ငံတော်အဝန်း၌ စားသောက်ဖွယ်သော အစားအစာ ဟူသမျှတို့ကို ဖုံးအုပ်ထားရမည်။ ရေအိုး၊ နို့အိုး၊ ဟင်းအိုးများကို အမြဲ ဖုံးအုပ်၍ သောက်ရေခွက်နှင့် ဇွန်းများတို့ကို လုံခြုံစွာ ထားရမည်။ မထားက မင်းဒဏ်သင့်စေဟု အမိန့်တော် သတ်မှတ်သင့်ပါသည်။ မယ်သူ့ရှင်သည်ကား သာမန် အမျိုးသမီး မဟုတ်ချေ။ အရည်အသွေးနှင့် ပြည့်စုံသည့်ပြင် အသိဉာဏ်ပညာလည်းရှိ၍ ယခုအခါ၌ ကာမပိုင် ကင်းနေပြီ ဖြစ်ခြင်းကြောင့် တော်ထိုက်နေသည်အတိုင်း တော်ကောက်လိုက ကောက်ထိုက်ကြောင်း စီရင်လိုက်သတည်း။

## မယားကြီး၊ မယားငယ် အမွေမှု

ရွှေပန်းထိမ်သည် တစ်ယောက်သည် ဥစ္စာပစ္စည်း ဖြစ်ထွန်း၍ သားသမီးများစွာနှင့် ပြန့်ပြောလျက် နေထိုင်လေ၏။ ၎င်း၏မိန်းမ မယ်ကောင်းစံသည် စောင်းမာန်ကြီး၏၊ မာနလွန်၏၊ လင်ကို မထီမဲ့မြင် ပြုတတ်၏။ အသုံးအစွဲ၌ စည်းကမ်းမရှိ၊ လက်ဖွာ၍ မီးဖိုချောင်မလုံ ရှိ၏။ သားသမီးတို့သည် မိဘ၏ လုပ်ငန်းဆောင်တာ လူမှုရေးရာတို့၌ ကူညီဖော် မရကြချေ။ စည်းစိမ်ယစ်၍ နေကြကုန်၏။ ကြာလတ်သော် ဆက်ဆံသူ ပါးရှားလာသဖြင့် ရွှေပန်းထိမ်သည် ဥစ္စာကုန်ခန်းလျက် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်လာ၏။ ထိုအခါ ၎င်း၏ မယားသည် ၎င်းအား နေ့တိုင်းလောက်ပင် စိတ်မချမ်းသာမှုကို ပြု၏။ ဆူသံပူသံတို့သာ အိမ်၌ တညံညံ ထင်ရှား၏။ သားသမီးတို့သည်လည်း အုပ်ထိန်းမရသဖြင့် အသားရုံ၌ ဈေးခွေးတို့သည် ဝိုင်းအုံဆူညံစွာ ကိုက်ကြသကဲ့သို့ အချင်းချင်း ဆူညံသောင်းကျန်းကာ ရန်ဖြစ်ကြကုန်၏။ ရွှေပန်းထိမ်သည်ကား မိမိ၏အိမ်ကို တစပြင်ကဲ့သို့ ကြောက်လန့်လျက် အိမ်မှ ထွက်ခွာသွားလေ၏။

ရွှေပန်းထိမ်သည်သည် တစ်ခုသော မဈ္ဈျဂုံး၌ အိမ်ပုတ်ငယ်တစ်ခုသို့ ဝင်၍ အိမ်ရှင်ထံ၌ ခွင့်ပန်ပြီးသော် တည်းခိုလေ၏။ ထိုအိမ်ပုတ်ငယ်၏ အရှင်သည်ကား လက်လုပ်လက်စားအဖြစ်နှင့် အရပ်၏ အုပ်ထိန်းခြင်းသာလျှင် မကင်းသော မိမေယ် အမည်ရှိ မိန်းမပျိုငယ်တစ်ယောက် ဖြစ်၏။ ဧမယ်သည် လင်ကောင်း တစ်ယောက်ကို ရပါစေ၊ မိမိပင် လုပ်ကိုင်ကျွေးမွေးပါမည်ဟု ဆုတောင်းကာ ရှိ၏။ အကြောင်းသော်ကား ဧမယ်သည် ရပ်အဆင်း သနားကမား

ဖြစ်၍ သာယာချိုမြသော စကားကို ဆိုလေ့ဆိုထ ရှိ၏။ စိတ်သဘောကောင်း၍ နူးညံ့ သိမ်မွေ့၏။ ၎င်းကို လူပျိုလူရွယ် အပေါင်းတို့သည် ခေတ္တမယား အဖြစ်နှင့် ပျော်ပါးရန် ကြိုးစားကြ၏။ တစ်စုံတစ်ယောက်သော ယောကျ်ားနှင့် ယုတ်ပတ်ခြင်းကို ခံရရှာ၏။ ထိုကြောင့် ဧမယ်သည် အချိန်ရှိသလောက်ပင် စိတ်ညစ်နေရလေသည်။

ဧမယ်နှင့် ရွှေပန်းထိမ်သည်သည် သဘောတူပြုလျက် ညားကြကုန်၏။ ဧမယ်ကား အလွန် လိမ္မာ၏။ လင်ကောင်း၏ စိတ်သဘောကျ ပြုစုနေထိုင်၍ လက်လုပ်လက်စားပြုကာ မိမိ၏ လင်အား ကျွေး၏။ ဝတ်ကြီးဝတ်ငယ်တို့၌ လည်း မလစ်ဟင်းချေ။ ထိုပန်းထိမ်သည် မောင်ဘိုးမြကား ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတို့၌ ကောင်းစွာ နားလည်သည် ဖြစ်၍ ရတနာပွဲစား လုပ်ပြီးလျှင် ရောင်းဝယ်သဖြင့် တဖြည်းဖြည်း စီးပွားဖြစ်ထွန်းလာ၏။ ဧမယ်သည် လက်လုပ် လက်စားအမှုကို မလုပ်ရတော့ချေ။ ၎င်းတို့၌ သားတစ်ယောက်၊ သမီး တစ်ယောက် ထွန်းကားလာ၍ အရွယ်ရောက်သောအခါ စီးပွားဥစ္စာ များစွာ ဖြစ်ထွန်းလျက် ရှိသဖြင့် မောင်ဘိုးမြ၏ အထက် သားကြီးတို့သည် ခဏခဏ လာရောက် ယူငင်ကြ၏။ မောင်ဘိုးမြကလည်း ခဏခဏ မယားကြီးထံ သွား၍ မပြတ်မစဲ ထောက်ပံ့ခြင်းကို ပြု၏။

မောင်ဘိုးမြသည် ကွယ်လွန်သောအခါ ပစ္စည်းဥစ္စာ များစွာ ကျန်ရစ်ခဲ့၍ မယားကြီး ဖြစ်သူက ထိုပစ္စည်းများကို သူသာလျှင် ရယူပိုင်ဆိုင်သင့်သည်ဟု တရားရုံးတွင် လျှောက်ထားစွဲဆိုလတ်သော် တရားရုံးတော်က မိဧမယ်သည် မောင်ဘိုးမြနှင့် လူသိရှင်ကြား ပေါင်းသင်းဆက်ဆံနေ၍ သားတစ်ယောက်၊ သမီးတစ်ယောက် ရရှိသော်လည်း မိန်းမတို့မှာ အုပ်ထိန်းခြင်း နှစ်ဆယ့်ငါးပါး ရှိရာတွင် တစ်ပါးသော မည်သည့် အုပ်ထိန်းခြင်းကမျှ အခွင့်မပြုသဖြင့် လူ့သျှုတ္တရ သဘောအရ ဧမယ်သည် အပြောင်မယား၊ အပျော်မယားမျှသာ ဖြစ်ပြီးလျှင် ၎င်းတို့၏ သားသမီးတို့မှာလည်း အပြောင်မယား၊ အပျော်မယားတို့က ရသော သားသမီးတို့ ဖြစ်ခြင်းကြောင့် အမွေမရထိုက်၍ မောင်ဘိုးမြမှ ကျန်ရစ်ခဲ့သော ပစ္စည်းတို့ကို မယားကြီးက သိမ်းယူစေ၊ မိဧမယ်မှာ မယားကြီးက သဒ္ဓါသမျှသာ ရစေဟု စီရင်ချက် ချမှတ်လေ၏။

မိဧမယ်လည်း ထိုစီရင်ချက်ကို မကျေနပ်၍ ရုံးအသီးသီးမှာ တစ်ဆင့်စီ တက်၍ အယူခံသော်လည်း ရှုံးသဖြင့် နောက်ဆုံး၌ ဘုရင်မင်းမြတ် အမှူးရှိသော ပညာရှိများ၏ သာနာညီမျှ အဖွဲ့သို့ မိဧမယ်သည် အယူခံတက်ရောက်လေ၏။

ဘုရင်မင်းမြတ်၏ သာနာညီမျှ အဖွဲ့မှ ပညာရှိလေးဦးသည် ၎င်းအမှုကို ငမဲကျွန်အား လွှဲ၍ ငမဲကျွန်သည် ဤသို့ စီရင်ဆုံးဖြတ်လေ၏။

'မယ်တော် မနုစာရီ၊ သားတော်သည် တည့်မတ် တော်ဖြောင့်သော တရားနှင့် ပူဇော်အပ်ပါသတည်း။ မယ်တော်အား ရှိခိုးပါ၏။

'တရားလို တရားခံတို့၏ အမှုသွားကို တည်းဖြတ်ရသည် ရှိသော် မောင်ဘိုးမြနှင့် ချင်း၏မယားသည် အတူတကွ လုပ်ကိုင်စားသောက်နေရာ၊ မယားကြီး မိကောင်းစံသည် ပထမဦး ကာမဂုဏ်အားဖြင့် လိုသော ချစ်ခြင်းနှင့် မယားဝတ်ကို ညီစေခြင်းကြောင့် ပစ္စည်းဥစ္စာ ဖြစ်ထွန်းခဲ့၏။ နောင် သားသမီး ပွားများ၍ လင်၏ တွယ်တာချစ်ခင်မှုကြောင့် လင့်အပေါ်၌ ဝတ္တရားပေါ့လျော့လာ၏။ မထီမဲ့မြင် ပြုခြင်းတို့သည် တိုးတက်လာ၏။ ချင်း၏ စိတ်သဘောနှင့်အညီ သားယုတ်၊ သားညံ့၊ သမီးယုတ်၊ သမီးညံ့တို့သာ ထွန်းကားပြီးလျှင် ဆိုဆုံးမ၍ မရဘဲ မိဘတို့၏ ရန်သူသဖွယ် ဖြစ်လာကြ၏။ ဤအချက်၌ ယောကျ်ားသည် မျိုးစေ့၊ မိန်းမသည် မြေဖြစ်၏။ မျိုးစေ့ကောင်းပင် ဖြစ်စေကာမူ မြေမကောင်းက ဆုတ်ယုတ်ပျက်စီးရမြဲ ဓမ္မတာတည်း။

'လောကသဘာဝ၌ မယားကောင်း မယားလိမ္မာ မည်သည် ပစ္စည်းဥစ္စာ ပြန့်ပြော ကြွယ်ဝစေ၍ လင်ကို ဘုန်းကြီးစေ၏။ မယားယုတ် မယားညံ့ မည်သည်ကား ပစ္စည်းဥစ္စာကို ဆုတ်ယုတ် ပျက်ပြားစေတတ်၍ လင်ကို တန်ခိုးနှင့် တန်ဖိုး ညံ့စေ၏။ လူဘော်မဝင် ဖြစ်တတ်၏။ ကြံသော အကြံကိုလည်း မအောင်မမြင် ဖြစ်စေတတ်၏။ လင်ဆိုးကိုရသော မိန်းမပင် ဖြစ်စေကာမူ လိမ္မာ မြင့်မြတ်ပါက တဏှာ့ကျွန် ယောကျ်ားများသည် မယားဖြစ်သူ၏ ဖြားယောင်းရာသို့ ပါရမြဲဖြစ်ရာ ထိုအိမ်ထောင်သည် ကောင်းစားခြင်း၊ ဘုန်းကျက်သရေရှိခြင်းတို့နှင့် ပြည့်စုံရတတ်ချေ၏။ ယခု မောင်ဘိုးမြသည် သားကြီး၊ သမီးကြီးတို့နှင့် မယားကြီးကို စွန့်၍ အိမ်က ထွက်ပြေးရသည်ကို ထောက်သော် သင်း၏ မယားကြီးသည် သူသတ်နှင့်သော် လည်းကောင်း၊ ရန်သူနှင့်သော် လည်းကောင်း တူသော မယားပေတည်း။

'မောင်ဘိုးမြသည် မိမေယ်နှင့် တွေ့ရသောအခါ ရေတွေ့သော ကြာကဲ့သို့ပင် ပွင့်လန်းလာ၍ ပစ္စည်းဥစ္စာတို့သည် ကြွယ်ဝလာ၏။ ထိုစဉ်အခိုက်၌လည်း ဘိုးမြသည် မယားကြီးထံ သွားရောက်လျက် ကြေးငွေများကို မပြတ်ထောက်ပံ့၏။ ချင်း၏ မယားကြီးသည် ထိုအခိုက်၌ ကြေးငွေကိုလက်ခံ၍ လင်ကိုကား အရသိမ်းသွင်းခြင်း မပြု၊ ပစ္စည်းဥစ္စာ သက်သက်ကိုသာ မက်မောသော မယား ဖြစ်၏။ ချင်း၏အထက် သားကြီး၊ သမီးကြီးတို့လည်း မိမေယ်ထံ လာရောက်၍ ပစ္စည်းဥစ္စာများကို ခဏခဏယူသော်လည်း မိထွေးနှင့်အတူ တစ်နှစ်တစ်ခါနေ၍ ဖခင်၏ဝန်တာကို ကူညီဆောင်ရွက်ခြင်း မရှိကြသဖြင့် သူခိုးဓားပြတို့နှင့် တူသော သားသမီးများ ဖြစ်ကြ၏။

'ယခုအမှု၌ကား လင်လုမှု မဟုတ်၊ အမွေမှု ဖြစ်သောကြောင့် မိဇမယ်သည် ပြည့်တန်ဆာပင် ဖြစ်စေကာမူ အရင်းပစ္စည်း ပဲဝက်မျှ မပါ၊ ကိုယ်ထီးကပ္ပါးလာ အဖြစ်ဖြင့် တွေ့ရသော မောင်ဘိုးမြနှင့် ပေါင်းသင်းဆက်ဆံ၊ ဆိုးတူကောင်းဖက် လုပ်ကိုင်ခြင်းကြောင့် ကြွယ်ဝချမ်းသာခြင်း မှန်ပေသည်။ ထိုသို့ ကြွယ်ဝရာ၌ ကုန်ဖက်စပ်အားဖြင့် ကြွယ်ဝခြင်း မဟုတ်။ မိဇမယ်သည် မောင်ဘိုးမြကို ကာမဂုဏ်ဝတ်ဖြင့် ဖျော်ဖြေ၍ ချင်း၏လိမ္မာမှု၊ သဘောထားပြည့်ဝမှု၊ မြင့်မြတ်မှုတို့ကြောင့် ချမ်းသာကြွယ်ဝခြင်း ဖြစ်ချေသည်။ အောက်ရုံးများက အုပ်ထိန်းခြင်း နှစ်ဆယ့်ငါးပါးက အခွင့်မပြုဘဲနှင့် ပေါင်းသင်း ဆက်ဆံနေခြင်းကြောင့် အပျော်မယားဟု ကောက်ချက်ချထား၏။ သာမန်အားဖြင့် ငြင်းပယ်ဖို့မရှိ။ သို့သော် အပျော်မယား ဟူသည် နက္ခတ်ပွဲသဘင် ဆင်နွှဲရာ၌ ဖြစ်စေ၊ အခြားသော ပွဲလမ်းသဘင်တို့၌ ဖြစ်စေ ယောကျ်ားနှင့် မိန်းမတို့သည် ပျော်ရွှင်မှုကိုသာ ပဓာနထား၍ နီးရင်းဆက်ဆံမိကြ၏။ ထိုအခါ သားသမီး ရငြားအံ့၊ မျိုးစေ့ရှင်ကို အထည်အဝါ မပြသနိုင်ဘဲ ဘုံဘုံပြားပြား ဖြစ်နေသဖြင့် အပျော်မယားကရသော သားသမီး ဖြစ်ရ၏။ တစ်နည်းတုံအားဖြင့်လည်း မိန်းမများသည် ယောကျ်ားများကဲ့သို့ အရွေလိုက် ပျော်မြူးလို၏။ ပျော်မြူးခွင့် ရတိုင်းလည်း ပျော်မြူးတတ်၏။ ထိုအခါ၌ ရသော သားသည် လက်ညှိုး မည်မည်ရရထိုးပြရန် အဖ မရှိ၍ အပျော်မယားက ရသော သားသမီး ဖြစ်ချေ၏။ ယောကျ်ားသည် ပျော်ပါးလို၍ တစ်စုံတစ်ယောက်သော မိန်းမနှင့် အခွင့်သင့်၏။ ထိုအခါ သားသမီး ရ၏။ ထိုမိန်းမသည်လည်း မျက်နှာများ၍ သားသမီးကို အလိုမရှိ၊ ထိုသည်သားသည် အပျော်သား ဖြစ်၏။ အကြင်ယောကျ်ားနှင့် မိန်းမသည် တိတ်တိတ်ပုန်း အကြောင်းသင့်မြတ်နေကြ၏။ သို့သော် ၎င်းတို့ကို မိတ်လင်တွဲဟူ၍ မည်သူကမျှ တိတိလင်းလင်း မစွပ်စွဲဝံ့၊ ထိုမယားသည် အပျော်မယား ဖြစ်၏။ အပျော်မယားက မွေးသည့်အခါ အဖ ဟူ၍ ထင်ရှားစွာ မယိုးစွပ်ဝံ့၊ မယိုးစွပ်သာလျှင် အပျော်သား ဖြစ်၏။

'မိဇမယ်နှင့် ဤအမှုကား ထိုသဘောမှ ကင်းလွတ်နေ၏။ မိဇမယ်နှင့် မောင်ဘိုးမြသည် အတင့်အတယ် ပေါင်းသင်းဆက်ဆံနေ၍ အုပ်ထိန်းခြင်း ၂၅ ပါးတွင် အရပ်က သဘောတူ ခွင့်ပြုရာ ရောက်၏။ အကြောင်းသော်ကား မိဇမယ်၏လင် ဘယ်သူလဲဟု အရပ်ကို မေးချေသော် မောင်ဘိုးမြကို လက်ညှိုးထိုးပြမည် ဖြစ်၏။ အကယ်၍ သဘောမတူချေသော် အရပ်က ခဲ, အုတ်, တုတ်, ကျောက်တို့ဖြင့် ပေါက်ထုတ်ပြီးလျှင် နှင်ပစ်မည် ဖြစ်ချေ၏။ ထို့ကြောင့် အရပ်က မိဇမယ်နှင့် မောင်ဘိုးမြကို သဘောတူ အခွင့်ပြုရာ ရောက်ချေသည်။

'အကယ်၍ အောက်ရုံးများ၏ စီရင်ချက်အတိုင်း အပျော်မယားအစစ်ဖြစ်စေကာမူ မောင်ဘိုးမြကသာ မိဖမယ်ကို မယား ဟူ၍ အရေးအခွင့် မပေးပိုင်သာချေ။ မိဖမယ်ကမူကား မောင်ဘိုးမြကို အတူပေါင်းသင်းကာ တစ်အိမ်တည်းနေသူ ဖြစ်သဖြင့် လင်ဟူ၍ ပိုင်ဆိုင်သင့်၏။ အကြောင်းသော်ကား ယောကျ်ားတို့မှာ လူလားမြောက်သည် ရှိသော် အုပ်ထိန်းသူကင်း၍ မိမိကိုယ်ကို မိမိပိုင်လျက် ရှိခြင်းကြောင့်တည်း။ ထိုသို့လျှင် မောင်ဘိုးမြသည် မိဖမယ်က ပိုင်ဆိုင်သော လင်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ မိဖမယ်ကိုမှီ၍ မောင်ဘိုးမြမှာ ပစ္စည်းဥစ္စာဖြစ်ရ၍ လည်းကောင်း မိဖမယ်ထံ၌ မောင်ဘိုးမြက ကျန်ရစ်ခဲ့သော ပစ္စည်းအရပ်ရပ်တို့ကို မိဖမယ်နှင့်သာ သဘာဝအလျောက် သက်ဆိုင်လေသည်။ အောက်ရုံး အဆင့်ဆင့်များမှ စီရင်ချက်တို့သည် ပျက်စေ။ အထက် သားကြီး၊ သမီးကြီးတို့ကလည်း ထိုကြွယ်ဝချမ်းသာလာရာ၌ တစ်စုံတစ်ရာ ကူညီဖက်စပ်လုပ်ကိုင်သူများ မဟုတ်၊ ယူငင်သုံးစွဲသူများသာ ဖြစ်ခြင်းကြောင့် အမွေ သက်ဆိုင်ခြင်း မရှိချေ။ မိဖမယ် ပေးသော်ကား ပေးသမျှကို မိကောင်းစံသည် ရယူစေ'

ဖမယ်သည်ကား ထိုသို့ တရားနိုင်လတ်သော် သဘောထားပြည့်ဝသူဖြစ်၍ 'ကျွန်မမှာရှိသော ပစ္စည်းတို့သည် ကိုဘိုးမြ ရှာရသော ပစ္စည်းတို့လည်း ပါဝင်နေသဖြင့် ကိုဘိုးမြ၏ သားသမီး ဟူသမျှအား ထိုက်သက်စေရန် ကျွန်မစေတနာရင်း ရှိပါသည်။ ဆွေမျိုးတို့အားသည် အလွန် ကြီးမားပေ၍ နောင်ဆွေစဉ်မျိုးဆက် အချစ်မပျက်စေရန် ရှိပစ္စည်းများမှ ကိုဘိုးမြ၏ အထက်သားကြီး၊ သမီးကြီးများနှင့် မကောင်းစံအား အညီအမျှပင် ခွဲဝေပေးပါသည်' ဆိုကာ ပညာရှိတို့၏ ရှေ့တွင် ခွဲဝေပေးလေသတည်း။

## မင်းရွှေမြနှင့် လှထိပ်ပန်း

ငမဲကျွန် ဆရာကြီးသည် နံနက်ခင်း အာသရေကို ယူ၍ "တတိုင်းလျှလျှ ပြည့်ခလို၊ ငါ့စိတ်ဆန္ဒ ရှိ၍ဆို၊ ပါရမီထူး ဖြူးပြည့်ပို" ဟူသော ဂါထာကို ရွတ်လျက်အိမ်၏စင်္ကြံဦးတွင် လမ်းလျှောက်နေ၏။ ထိုခဏ၌ နန်းတော်ကြီးမှ ပျာရုပ်သည်ရောက်လာ၍ မင်းမိန့်အလျင်ရှိကြောင်းနှင့် ခေါ်ဆောင်သဖြင့် နန်းတော်ကြီးသို့ကသုတ်ကသက်နှင့် လိုက်ပါသွားရလေ၏။

ငမဲကျွန်သည် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ရောက်သောကာလဘုရင်မင်းမြတ်သည် မသာသော မျက်နှာနှင့် ဤသို့ မိန့်တော်မူ၏။ 'သုခမိန်၊ ယမန်ညကပင် ပရိမ္မနေပြည်တော်မှ သဝဏ်တော် ရောက်လာတယ်။ သားတော်သည်းလျှ မင်းရွှေမြနှင့် စုလျားရစ်ပတ် ရွှေနှစ်ပြားကို တသားတည်းထပ်ရန်

စီစဉ်ထားတဲ့ ပရိမ္မပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ ပင်တိုင်ပျော် သမီးတော် လှထိပ်ပန်းဟာ စက်ရာမှ မထနိုင်၊ တမှိုင်မှိုင်နှင့် ဘယ်လိုဝေဒနာ စွဲကပ်လာတယ်လို့ မသိ၊ ဟူးရားတတ်ကျွမ်း ဗိန္ဒောပြွမ်းသည့် ကျမ်းဆရာ သမားတော်တို့က ရသာယန ဆေးဝါးတို့နှင့် ကုစားသော်လည်း အရာမထင်၊ အဆောင်ထက် တွင်သာ ခွေလျောင်းလို့ ခန္ဓာပြောင်းရတော့မလို ဖြစ်နေရှာသတဲ့။ ကျွန်ုပ်ရဲ့ ပြည်မှာတော့ ပညာရှိစုံ လောကမှာ ကုံတာနှင့် ထောက်မ ကူညီပါလို့ တောင်းပန်ခြင်း ပြုရှာတယ်။ ဒါကြောင့် သုခမိန်အား သည်ဝေဒနာကို ကုစားဖို့ လွှဲအပ်ခြင်း ပြုပါတယ်'

ငမဲကျွန်လည်း အနည်းငယ် တွေဝေနေပြီးမှ နှစ်ရက်တာမျှ ခွင့်တောင်းပြီးလျှင် နန်းတော်မှပြန်ခဲ့၍ မင်းလမ်းခရီးတစ်လျှောက်၌ ဆင်ခြင်သော်လည်း တစ်စုံတစ်ရာမျှ မထင်နိုင်သဖြင့် အိမ်သို့ ရောက်လျှင်ရောက်ချင်း ကျေးဥကိုပင် အကြောင်းမကြားဘဲ စနည်းနာ ထွက်ခွာသွားလေ၏။

ငမဲကျွန်သည် အနောက်ပြင်ခရီးသို့ ရောက်သောအခါ အပျိုကညာတစ်ယောက်သည် ရတ်တရက်ရပ်၍ 'ပရည့်ပါစေ' ဟု စတင် နှုတ်ဆက်လေရာ၊ ၎င်းသည် ပြန်လည်နှုတ်မဆက်သာသဖြင့် 'ဟဲ့ လုံမငယ်၊ နင်ဟာ နှုတ်ဆက်ရိုး အစဉ်ဖြင့် "ဖရီးလေ" ဟု နှုတ်မဆက်ဘဲ ဘာကြောင့် "ပရည့်ပါစေ" ဆိုကာ နှုတ်ဆက်ရသလဲ၊ နင်၏ နှုတ်ခွန်းဆက်မင်္ဂလာဖြင့် ဆက်လက်ခရီးသွားဖို့ ငါ့မှာ မလိုတော့ပြီ။ ပြန်ပြီး နှုတ်ဆက်လော့' ဟု ဆိုလေ၏။

'အရှင်သုခမိန်၊ ပြန်၍ နှုတ်မဆက်လိုပါ။ ကျွန်တော်မ အမှန်ကို ဆိုပါတယ်။ အရှင်ဟာ စိတ်အလိုအတိုင်း ပြီးမြောက်နိုင်တဲ့ ပတ္တမြားကို ဆောင်ထားပြီး ကြောင်ကျောက်ကို လိုက်လံရှာဖွေနေသလို ဖြစ်နေပါတယ်။ ကာမသျှတ္တရကို ပြည့်တန်ဆာမတိုင်း နားမလည်ပါ။ ကာမသျှတ္တရကို ပြည့်ပြည့်စုံစုံ နားလည်တဲ့သူဟာ မိန်းမဥက္ကဋ္ဌ ပညာရှိ မိန်းမမြတ်၊ အရှင့်အိမ့်ရှင်ဇနီး ချစ်မငြိုးပင် ဖြစ်ပါတယ်။ ဘယ်ကို ခရီးထွက်စရာ လိုပါသေးသလဲ'

'ဟယ် လုံမငယ်၊ နင့်စကားဟာ အသားပါပြီး နက်နဲလှချည့်။ ငါဟာ ကာမသျှတ္တရကို သိလိုလို့ ခရီးထွက်လာတာကို နင် ဘာကြောင့် သိသလဲ'

'မှန်ပါတယ် အရှင်၊ အရှင်ဟာ မိန်းမတို့ရဲ့ ကာမစာတ်ကို သိချင်တာနှင့် လမ်းခရီးမှာ တွေ့တိုင်း တွေ့တိုင်း မိန်းမတို့၌ အမျိုးမျိုး စုံစမ်းနေဟန် ရှိပါတယ်။ ဒါပေမဲ့ အရိပ်အမြွက်မျှပင် မသိရလို့ ခရီးဆက်လက်ထွက်နေပါတယ်။ နောက်ဆုံး ပြည့်တန်ဆာမတို့နှင့် မိတ်ဖွဲ့ပြီး စုံစမ်းမယ်လို့ ပြည်ကြီးပျော်ဘွယ်ရပ်ခရီးဝကို ရောက်နေပါတယ်။ အရှင်လို ပညာရှိဟာ အခြားနည်းအားဖြင့် သည်

ခရီးဝကို မရောက်ကောင်းပါ။ သည်နေရာမှာ အရှင်ဟာ ကျွန်မကို တွေ့ရင်ပဲ ပြုံးချိုတဲ့ မျက်နှာနှင့် ကြည့်ပါတယ်။ ကွန့်မြူးသော စကားနှင့် နှုတ်ဆက်လို ပြုပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ မိန်းမစာတ်ဟာ မကွန့်မြူး။ ဘယ်နေရာမှာ နေတယ်၊ ဘယ်လိုနေတယ်လို့ အရှင်ဟာ မသိ။ ဒါကြောင့် အရှင်ဟာ ဆန္ဒမပြည့်ဝ၊ လိုရာကို မရ၊ တောင့်တတိုင်း မပြီး။ ခရီးဆက်ရင်လည်း အချည်းနှီးပင် ဖြစ်တန်ရာပါတယ်။ ဒါကြောင့် အိမ်တော်သို့ပြန်ပြီး အရှင့်သခင်မထံမှာသာ သင်တော်မူပါ'

'ဟယ် ကောင်မကလေး၊ ငါ့အိမ်ရှင်မဟာ တတ်ကျွမ်းသလား'

'အရှင်၊ အရှင်အား ကျွန်မ လျှောက်ထားပါအံ့။

'ကျွန်မသည် ယမန်အခါက ပန်းများကို လက်ဆောင်ပြု၍ အရှင်မထံ ဆုလာဘ်ကို လိုသောကြောင့် သွားရောက်ပါတယ်။ ထိုအခါ အရှင်မသည် ကျွန်မကို ခေါ်ပြီးလျှင် ဟယ် ... ကောင်မကလေး၊ ညည်းမှာ ဆုလာဘ်ဖြင့် ဘာအသုံးဝင်တော့မှာလဲ။ ညည်းဟာ ဖျော့တော့တဲ့အဆင်း ရှိတယ်။ ကိုယ်ရေနွမ်းခြောက်တယ်။ နိုးလည်း မနိုး၊ အိပ်လည်း မပျော်၊ ကြောက်မက်ဖွယ် အိပ်မက်တို့ကို ထင်ယောင်မြင်ယောင်နှင့် နေတယ်။ ညည်းမှာ လျှပ်စစ်ဓာတ် အားလျော့ပြီး အဆွဲအငင်ဓာတ် ကုန်လောက်ဘနန်း ဖြစ်နေပြီ။ နက်ဖြန် အသက်မရှိသတတ် ဆိုပါသည်။ ကျွန်မလည်း ထိတ်လန့်၍ အရှင်မ ကယ်ပါဟု ဆိုပါသည်။ ထိုအခါ အရှင်မသည် လျှပ်စစ်ဓာတ်အားကောင်းပြီး အလိုက်အငင်ဓာတ် ထက်နေတဲ့ လုလင်ပျိုတစ်ယောက်ကို ခေါ်ကာ ကျွန်မ၏ ဘယ်ဘက်လက်ဖျားကို ဆွဲယူဆုပ်ကိုင်စေပါသည်။

'ထိုအခါ ဖိုဓာတ်ကို မ ဓာတ်သည် ရုတ်တရက် ငင်လိုက်သဖြင့် တုန်လှုပ်ပြီးသော် မိန်းမတို့သဘာဝ၌ ဖိမ်သည် ထုံလာပါသည်။ ချက်ချင်း မည်ကဲ့သို့ ဖွေဖောက်သွားသည် မသိ၊ ထိုလုလင်ငယ်ကို ဖောက်ပြားသော သဘောနှင့် ကြည့်မိပါသည်။ ထိုအခါ အရှင်မသည် လုလင်ငယ်ကို မောင်းထုတ်လိုက်ပြီးသော် "ကောင်မကလေး၊ ငါနှင့် တွေ့လို့သာ နင် အသက်ချမ်းသာရာ ရတယ်" ဆိုကာ ဆုလာဘ်များစွာပေး၍ လွှတ်လိုက်ပါသည်။ "လောကရဲ့ တင့်တယ်ခြင်းနှင့် ကျန်းမာခြင်းကို လိုလို့ အနောက်နိုင်ငံများမှာ နက္ခတ်ပွဲသဘင်ပြုပြီး ပျော်ရွှင်မှုကို ဖန်တီးကျင်းပရတယ်" ဟု အရှင်မက မိန့်တော်မူပါသေးသည်။ ကျွန်မတို့ ပြည်ကြီးမှာလည်း လောကမှာ ကျန်းမာပြီး တင့်တောင့်တင့်တယ် ဖြစ်နိုင်စိမ့်သောငှာ ကာမဂုဏ်နှင့် ယှဉ်စပ်သော ပွဲသဘင်များကိုလည်း ကျင်းပပေးဖို့ သင့်တော်ပါသည် အရှင်'

'အေး ... အေး ... အေး ... နင် ငါ့ကျေးဇူးရှင်ပဲ' ဆို၍ မိန်းကလေးအား အသပြာ တစ်ဆယ်ကျပ် ဆုပေးပြီးသော် အိမ်သို့ ပြန်လေ၏။

ငမဲကျွန်သည် ကျေးဥအား ပရိမ္မပြည့်ရှင် ဘုရင်သမီး၏ ဝေဒနာကို ပြောပြပြီးသော် ကာမသျှတ္တရ သဘောကို မေးလေ၏။

ကျေးဥလည်း ရယ်၍ 'သုခမိန်ကြီး ထွက်လို့တော့ မပြေးနှင့်ဦးနော်၊ လူ့သျှတ္တရ ကျမ်းပြုဆရာကြီးရယ်လို့ ထင်ရှားနေပြီး ဘာမဟုတ်တဲ့ ကာမသျှတ္တရကို နားမလည်တာဟာ အံ့ဖွယ်သရဲ ရှိလှပါတယ်' ဟု ဆို၏။

'ရှင် နားစိုက်ပါ၊ မိန်းမတို့၌ ဆန်းပန်း၊ တက်ပန်း၊ သက်ပန်း၊ ဆုတ်ပန်းဟု မိန်းမ လေးမျိုး ရှိပါသည်။ ၎င်းကို သိနားလည်ရာသည်။ ထိုအမျိုးအစားကို လိုက်၍ နှာခေါင်း၊ မျက်စိ၊ ပါးစပ်၊ အသံ၊ အဆင်း၊ သွားလာပုံ၊ စကားပြောပုံ စသည်တို့သည် ဖြစ်ပေါ်လာ၏။ အယုတ်၊ အလတ်၊ အမြတ်၊ ဥက္ကဋ္ဌတို့ကို ဆံရင်း၊ ဆံစ၊ နဖူး၊ မျက်စိ၊ အသားအရေ စသည်တို့ဖြင့် ပြ၏။ ထို့နောက် ခါးနှင့်တင်ပါး၊ ရင်သားတို့ဖြင့် ပြ၏။ ထို့နောက် ခြေသလုံး၊ မြင်းခေါင်း၊ ပေါင်၊ ခြေကျင်းဝတ်၊ ဖနောင့်၊ ခြေမတို့ဖြင့် ပြ၏။ မိန်းမကိုယ် အားဖြင့်လည်း သာ၍ ထင်ရှားစွာ ခွဲခြားကာ ပြ၏။ မွေးဖွားသော ရက်အစဉ်ကို စွဲလျက် ဥတု၏ အချိန်အခါကို ရွေးချယ်ရာ၏။ လူတို့သည် မွေးသော တိရစ္ဆာန်များနှင့် မတူ၊ ဥတုအချိန်အခါကို နေ့တိုင်းတွင်ရ၏။ ထိုဥတု၏ အစဉ်အားဖြင့် လျှပ်စစ်ဓာတ်သည် လူ၏ကိုယ်တွင် နေရာရွေ့လျက် တည်၏။ ၎င်းကို ရွေးချယ်တတ်ရာ၏'

*

ငမဲကျွန်သည် မကျေးဥ ညွှန်ပြသော အချီးနှင့် အစကို အခြေခံပြု၍ ကာမသျှတ္တရကျမ်းကို နားလည်ပြီးသော် အိမ်ရှေ့မင်းသားနှင့် ခြွေရံသင်းပင်းတို့ကို ခေါ်ဆောင်၍ ပရိမ္မပြည်သို့ သွားရောက်လေ၏။

ငမဲကျွန်သည် ပရိမ္မပြည့်ရှင်မင်းထံ အခစားဝင်၍ အခွင့်တောင်းလျက် ပင်တိုင်စံမင်းသမီးကိုကြည့်ရာ ထိုမင်းသမီးသည် တက်ပန်းမျိုး ဖြစ်ကြောင်းနှင့် ဇာတာစန်းလဂ်ကို ကြည့်လျက် ၎င်း၏ ဥတုအချိန်ကို သိခဲ့ရလေ၏။

ပရိမ္မပြည့်ရှင် ဘုရင်မင်းမြတ်၏ သမီးတော် ပင်တိုင်ပျော် လှထိပ်ပန်းသည်ကား အလွန် အဆင်းလှ၏။ ရွှေသောအဆင်း ရှိသဖြင့် မိန်းမဥက္ကဋ္ဌအစားတွင် ပါဝင်ဟန်ရှိ၏။ ကြော့ကြော့ရှင်းရှင်းနှင့် ပင်တိုင်ခန်းမဆောင်တွင် လုပ်လုပ်လှဲ့လှဲ့ နွဲ့နွဲ့လျလျနှင့် နေ၏။ ထိုသို့သော မင်းသမီးကလေးသည် အချိန်အရွယ်ရောက်သည်က စ၍ ယောကျ်ားပျိုတို့၏ အသံကိုမျှပင် မကြားဖူးလောက်

အောင် ဖြစ်လျက်၊ မြင်ဖူးမည်ကား ဝေးဟန်ပင် ဖြစ်ချေသည်။ ထိုသို့သော မင်းသမီး၌ သက်သာပြည့်ရှင် ဘုရင်မင်းမြတ်၏ သားတော် အိမ်ရှေ့စံ မင်းရွှေမြနှင့် စုလျားရစ်ပတ်ရမည့် သတင်းသည် တဖြည်းဖြည်း ပျံ့သင်းပြီးသော် မင်းသမီး၏ ရွှေနားတော်သို့ ပေါက်ရောက်သွား၏။

ထိုအခါက စ၍ လှထိပ်ပန်းသည် မင်းရွှေမြကို အတွေးနှင့် ကြောက်ရွံ့ သလိုလို တွန့်ဖိုဖို ဖြစ်လာ၏။ သို့ရာတွင် အဆွဲဓာတ်သည် အလိုက်ဓာတ်ကို ငင်မြဲဓမ္မတာ ဖြစ်သည်အတိုင်း လှထိပ်ပန်း၏ ကာမဂုဏ်ဓာတ်သည် မမြင်ဖူး သော မင်းရွှေမြ၏ ဓာတ်ကို ရမ်းဆကာ ငင်ချင်သကဲ့သို့ ဖြစ်လာ၏။ သို့သော် သိန်ဂုဏ်ဒြပ်နှင့် သီတင်းအထပ်ထပ်၌ သီလမြဲလျက်ရှိသော လှထိပ်ပန်းသည် ထိုအကြောင်းနှင့် ပတ်သက်၍ ကိလေသာ ကာမဂုဏ်နှင့် ယှဉ်စပ်သောစကား၊ ယောကျ်ားတို့နှင့် ဆက်သွယ်သောစကား၊ သီချင်းတို့ကို တစ်ရံတစ်ဆစ်မျှ အစ မပြုဝံ့သော ရံရွှေတော် အပျိုတော်များအား သိန်သရေကိုဆည်လျက် အရိပ် အမြွက်မျှပင် မလှစ်ဟဘဲ ချုပ်တည်းခြင်းဖြင့် အတွေးနှင့်သာ လဟာပြင်တွင် ရုပ်ပုံရေးကာ ရှိနေ၏။

ဤနည်းဖြင့်လျှင် လှထိပ်ပန်းမှာ ညအချိန် စောင်းငြင်းပတ်သာ၊ တူရိယာ တို့၏ အသံထဲတွင် ထိုအာရုံသည် တစီးတစောင်း ချောင်းမြောင်းကာ ဝင်ရောက် လှုပ်ရှားလာဘိ၏။ အချိန်ကျ၍ ကြာချည်ချလျက် သလွန်ပေါ်တွင် စက်တော် ခေါ်သော်လည်း ရုတ်တရက် ပျော်တော်မူခြင်း မရှိဘဲ တလွန့်လွန့် တတွန့်တွန့် နှင့် အာရုံပြောင်း၍ စိတ်ညောင်းလျက် အိပ်မက်ယောင်လည်း ဖြစ်လာ၏။ ကောင်းစွာ စက်၍မပျော်လည်း ဖြစ်ဘိ၏။ သို့နှင့်ပင် အအိပ် အစား ပျက်စ ပြုပြီးသော် အာရုံ၏အကြိုက်ကို စိတ်လိုက်ကာ ပါနေရကား စားသောက်၍ မဝင်၊ အိပ်စက်၍မပျော်၊ နေသော်ကား မရွှင် ဖြစ်လျက် သမားဟူးရားတို့နှင့် ကုစားခြင်းငှာ မတတ်နိုင်သော ရောဂါကို ရသောကြောင့် လှထိပ်ပန်းသည် စက်ရာထက်၌ လဲလျောင်းကာ ရှိချေပြီ။ ရှေးအခါက လှလှဝဝ ကြွကြွကလေး သည် ယခုအခါ၌ ပိန်ခြောက်၍ ဖုတ်ဝင်နေသော သူနာကဲ့သို့ ဖြစ်၏။ သလွန်ထက် စက်ရာပေါ်တွင် တပြောင်းပြန်ပြန်နှင့် လဲလျောင်းကာ နေဘိ၏။ တစ်ခါတစ်ခါ ကြောင်နာကဲ့သို့ ညည်းသံကို ပြု၏။ အပျိုတော်တို့သည် အလိုက်ကိုကြည့်ကာ တိတ်ဆိတ်စွာ ခစားလျက် ရှိကြရသဖြင့် ခုံတင်ထားသော ကမ္မဋ္ဌာန်းကောင်၏ မတင့်တယ်မှုကို ရှု၍ နေကြရဘိသကဲ့သို့ ရှိကြကုန်၏။

ငမဲကျွန် ဆရာကြီးကား မင်းသားအား ဤနေ့ ဤအချိန်တွင် မင်းသမီး၏ အဆောင်တော်သို့ဝင်၍ ဤသို့နေ၊ ဤသို့ဆိုဟု မှာထားသွန်သင်၏။ မင်းသား

လည်း တံခါးမဲ့ စားမဲ့ အခွင့်ကို ဘုရင့်ထံမှ ရယူ၍ မင်းသမီး၏ ပင်တိုင်တော်သို့ ငမဲကျွန်ဆရာကြီး အခါပေးသောနေ့၏ အချိန်တွင် သွားရောက်လေရာ ရှေး အခါက အဆိုတော်၊ အသီတော်တို့နှင့် အလွန် သာယာ၍ ပျော်မြူးဖွယ်သော အဆောင်တော်သည် တိတ်ဆိတ်လျက် ကမ္ဘဋ္ဌာန်းရှုနေရာသော ဂူအတွင်းနှင့် တူနေဘိ၏။ ပြာသာဒ်ဖျားမှ ဆည်းလည်းတစ်လုံးကို လေပြည်ဖြတ်သဖြင့် ညောင်ရွက်ခတ်သံကလေး သာသာနှင့် ဆောင်တော်ဦးတွင် နားလျက် ငှက် တစ်ကောင်၏ ချိုအေးစွာ သီဆိုနေသည့် အသံမျှလောက်ကိုသာ ကြားရသဖြင့် မင်းသား၏ စိတ်နှလုံးသည် ပြင်းထန်စွာ တုန်လှုပ်ဘိ၏။ လှထိပ်ပန်း၏ မသက်မသာ ပင်ပန်းကြီးစွာနှင့် ရောဂါခံစားနေရသည်ကိုလည်း အလွန် သနား ဘိ၏။

မင်းသားလည်း ငင်းဆရာကြီး၏ သွန်သင်ချက်အတိုင်း မင်းသမီး၏ အပါးတွင် ထိုင်လျက် ချိုအေးသော အသံနှင့် ဤသို့ ဆို၏။

'အလှတွင် ထိပ်တင်လို့ ထင်ရှားပါတဲ့ အလှဘုရင်မကလေး နှမတော် မိမိ၊ မောင်ဘုရားဟာ သက်သာရွှေပြည်တော်မှ နှမတော်မိမိ ကျန်းမာတော် မမူသည်ကို ကြားရလို့ ခရီးပြင်း နှင်ခဲ့ပါတယ်။ မိမိကလေးကို မောင်ဘုရား ဘယ်လိုယုယပြီး ဘယ်ဆေးဘယ်ဝါးနှင့် ဘယ်လို ကုစားရပါ့မလဲ မိမိငယ်'

လှထိပ်ပန်းသည် မင်းသား၏ ချိုအေးသာယာသော အဖိုဓာတ်အသံကို ကြားရလတ်သော် ဘဝင်အတွင်း စိမ့်ဖြန်းကြည်လင်ကာ သွားလေ၏။ မင်းသား၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မင်းသား၏ဘက်သို့ မျက်နှာမူ၍ မျက်စိကို မပွင့်တပွင့်နှင့် ဖွင့်ကာ ကြည့်လိုက်ရာ၊ အလွန်လှပသော မင်းသားကို မြင်ရ သဖြင့် မိမိသည် စိတ်ရောက်တိုင်း ထင်မြင်မိနေခြင်းကြောင့် လည်းကောင်း၊ အိပ်မက် မက်ခြင်းကြောင့် လည်းကောင်း မြင်ယောင်လေသလောဟု တွေးဆကာ မျက်စိကို မှိတ်လိုက်ပြန်၏။ သို့သော် ထိုသာယာသော အသံသည် ထိုအချိန်၌ မင်းသမီး၏ ကာမဓာတ်သည် ဦးခေါင်းတွင် တည်ရှိနေသဖြင့် တစ်ကိုယ်လုံး တွင် စိမ့်ဖျန်းကာ ရှိနေဘိ၏။

'မိမိငယ်၊ မောင်ဘုရားဟာ သက်သာရွှေပြည်တော်မှာ မိမိကလေး ကျန်းမာတော်မမူတာကို ကြားရလို့ ကုသဖို့ရန် လာရောက်ပါတယ်။ မောင် ဘုရားက ပွေ့ပွေ့ပိုက်ပိုက်နှင့် ယုယုယယပြုကာ ကုစားခွင့်ကို ပြုတော်မူမယ် မဟုတ်လား မိမိငဲ့'

(လှထိပ်ပန်းသည် မျက်စိကို ဖွင့်တည့်၍) 'မောင်တော်ဟာ အိမ်ရှေ့စံ ကိုယ်တော် မင်းရွှေမြ ထင်ပါရဲ့'

'ဟုတ်ပါတယ် မိမိငဲ့'

'ကျေးဇူးတော် တင်လှပါတယ် မောင်ဘုရား၊ မိမိကလေး စကားများစွာ ပြောလိုပါတယ်နော်။ ဝေဒနာက ဖိလို့ မချိတာနှင့် မသိတတ်ရာ ရောက်ပြီး ညှော်ဝတ်တော်များ ချို့ငဲ့ပါရင် သည်းခံတော်မူလိမ့်မယ်လို့ အားကိုးမိပါတယ် မောင်တော်ဘုရား'

'မောင်ဘုရားက ရေကြည်တော်အေးအေးကို တိုက်ပေးတော်မူရင် လက်ခံ တော်မူမယ်ပနော်'

'မှန်လှပါ'

မင်းရွှေမြသည် လှထိပ်ပန်းကို အသာအယာ ပွေ့ထူ၍ ရေကြည်ရေအေး ကို ရွှေခွက်နှင့် တိုက်ပြီးလျှင် ဖေးမကာ ထားလေလျှင် အငင်ဓာတ်အားသည် ချက်ချင်းပင် လှထိပ်ပန်း၏ အငင်ဓာတ်အားကို အားပေးသဖြင့် လှထိပ်ပန်း၏ သွေးများသည် ကြွတက်လှုပ်ရှား တိုးတက်လာလေ၏။

'ရှိပါစေတော့ မောင်တော်ဘုရား၊ အားနားတော် မူလှပါတယ်၊ ဘုရား နမလေး အသာကွေးပြီး တွေ့ရတဲ့ ဘေးကို ခံစားပါတော့မယ်'

'အားနာဖွယ် မဟုတ်ပါ၊ မောင်ဘုရားဟာ မိမိကလေးရဲ့ ဝေဒနာတော်ကို မရှုဆိတ်နိုင်၊ မိမိကလေး မချိတရိနေတာကို မကြည့်ရက်နိုင်၊ မောင်ဘုရား၏ ရွှေလက်နှင့် ရင်ခွင်ထက်တွင် ပွေ့လျက် နှစ်သက်ကျေနပ်အောင် ထားပါမယ်။ စက်တော်မူလိုလျှင် မှေးတော်မူပါ။ ဆေးကလေး တစ်ခွက်ကိုတော့ သုံးတော် မူစေလိုပါတယ်'

'မှန်လှပါ'

မင်းသားသည် လှထိပ်ပန်းအား ရသာယနဆေး၌ သွပ်ပြာ သန်းခေါင်း ခန့်မျှကို ရော၍ ရွှေကလေးခန့်မျှ တိုက်လေ၏။ ထိုခဏ၌ မင်းသမီးသည် စက်တော်ခေါ်၍ ပျော်တော်မူသွားသဖြင့် မင်းသားသည် လှထိပ်ပန်းကို စက်ရာ တော်ပေါ်၌ ယုယစွာ သိပ်ထား၍ပြီးသော် အဆောင်တော်မှ ထွက်ခွာသွားတော် မူလေ၏။ လှထိပ်ပန်းသည် နှစ်ခြိုက်စွာ အိပ်ပျော်ရာမှ နိုးလာသောအခါ အားအင် ပြည့်တင်းလာလျက် မိမိ၏အတွေ့ကို အိပ်မက်ကဲ့သို့ ထင်ယောင်မြင်ယောင်နှင့် ရှိပြီးနောက် သတိကို ဖြစ်ပေါ်စေလေ၏။

'မမစာတို့၊ မမခါတို့'

'ဘုရား'

'သက်သာရွှေပြည်တော်မှ အိမ်ရှေ့စံ ကိုယ်တော်တိုင် လာပြီး ယုယု ယယနှင့် ဖေးမပြီး ကုသတော်မူတယ်နော်'

'ထားလေးသခင်မရဲ့၊ ဘယ်လောက် ယုယတယ်ဆိုတာ၊ ချစ်ရှာတယ်ဆိုတာတို့တော့ မလျှောက်ပါရစေနှင့်တော့ ဘုရား။ သခင်မကလေး စက်ရာတော်ပေါ်မှာ မသက်သာဘဲ ကွေးကွေးကလေး လဲ့နေရှာတော့ ထိန်းတော်မမူနိုင်ဘဲ အသရေတော် ရှိလှတဲ့ ရွှေမျက်နှာတော်ဟာ ငိုငိုမဲ့မဲ့နှင့် ...'

'သူကဖြင့် လွန် လွန်းပြီ၊ မ,ကဲ'

'ဘုရားကျွန်မ အကုန် မလျှောက်မတင်နိုင်လို့ပါ။ ထိပ်ထားကို ရွှေရင်ခွင်တော်ထဲ၌ ရွှေလက်တော်နှင့်နွဲ့ပြီး ချစ်မငြီးနိုင်လို့ ထင်ပါရဲ့။ ကသိုဏ်းရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ကြီးလို သခင်မရဲ့ ရွှေမျက်နှာတော်ကို စားတော့မလို ဝါးတော့မလိုဘဲ စိန်းစိန်းကြီး ကြည့်နေပြီး သိပ်ရှာတော်မူတယ်။ ခါခါကတောင် ဟောကြာ ယောဂီကြီးတဲ့'

'တကတဲ သူတို့ကဖြင့် လှောင်ဖို့ချည်းပဲ၊ ဟိုက တော်တော်ရယ်၊ သူတို့လှော်တာနှင့်ပဲ ချစ်ရချည်ရဲ့'

'မလှော်ဝံ့ပါဘုရား။ အိမ်ရှေ့စံ ကိုယ်တော်ကလေးရဲ့ အချစ် တစ်ဝက်တစ်ပျက်လောက်ကိုသာ သဘောတော်ကို ချင့်ပြီး လျှောက်ထားရခြင်းမျှသာ ဖြစ်ပါတယ်။ အကုန်လုံး မတင်ဝံ့သေးလို့ပါ ဘုရား'

'ဩော် ... မမခါရယ်၊ သက်သာပြည်ကြီးကတောင် ကြွလာတော်မူပြီး မေးရှာတော်မူတာကို ထိပ်ထားက သဘောမတူပေမယ့် ကြည်ဖြူပါတယ်၊ ဝမ်းသာပါတယ်၊ အားရပါတယ်လို့ ပြောရတော့မှာပေါ့။ ဒါထက် မောင်တော်တစ်ကိုယ်တော်တည်းပဲလား မမခါရဲ့'

'ပညာရှိတို့ရဲ့ အကြီးအမှူး ငမဲကျွန် ဆရာကြီးလည်း ပါပါတယ်ဘုရား'

'မောင်တော်ဘုရားတို့ကို ခမည်းတော်ဘုရားက ကျေပွန်အောင်မှ ဧည့်ခံတော်မူပါ့မလား၊ အထူးသဖြင့် အရေးထားပြီး စောင့်ရှောက်တော်မူပါ့မလား'

'ထားလေးဘုရား၊ သည်အရေးကို တွေးပြီး စိုးရိမ်ဖို့ မရှိပါ၊ ဧည့်ဝတ်တော်ကျေပွန်အောင် စောင့်ရှောက်တော်မူပါလိမ့်မယ် ဘုရား'

'လိမ့်မယ်နှင့် လှထိပ် အားမရပေါင်။ ဧည့်ဝတ်လျော့ပါးလို့ မောင်ဘုရားက စိတ်ခုသွားပြီး အလကား ကလေကဝတွေပါလို့ ထင်ကာ ပြန်ပါရင် လှထိပ်ကလေး ခမည်းတော် ကြားအောင် အော်အော်ပြီး သိပ်ကို ငိုမှာပဲ၊ မမတို့သွားကြည့်ကြပါ။ လိုတာရှိရင် လှထိပ် သိပါရစေနော်'

*

'မမခါ ပြန်လာပလား၊ မောင်ဘုရားတို့ ခေတ္တစံရာ တဲတော်ဟာ သာယာပါရဲ့လား၊ ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ်နှင့် ဖွယ်ဖွယ်ရာရာ ရှိပါရဲ့လား'

'ထိပ်ထားရဲ့၊ ညှော်ဝတ်တော်ကုံလို့ ဂုဏ်လှလှနှင့် တင့်ပြီး ဝင့်နေပါတယ် ဘုရား၊ အိမ်ရှေ့ကိုယ်တော်က မှာလိုက်ပါသေးတယ် ဘုရား'

'ဘယ်လိုလဲ မမစာ'

'ညနေပွဲတော်စာကို ဆရာကြီးကိုယ်တိုင် စီရင်ပြီး အိမ်ရှေ့စံကိုယ်တော်ကိုယ်တိုင် လာရောက်ကျွေးပါမယ်လို့ မှာတော်မူလိုက်ပါတယ် ဘုရား'

'ဩော် ထားလေးကို သိပ် ယုယတော်မူတယ်နော်'

'ဘုရားကျွန်မတို့တော့ ယနေ့ မျက်စိရတနာပုံ ဆိုက်ရတော့မှာပဲ။ ထိပ်ထား လူမမာကလေးကို ကိုယ်တော်ကလေးက ပွေ့ပြီး ရင်ခွင်ထက်မှာထား၊ ဘယ်လက်တော်နှင့် ပခုံးတော်ကလေးကိုကိုင်၊ ညာလက်တော်နှင့် ပွဲတော်စာ ခွံ့'

'မမခါ လွန်နေပြီနော်၊ လှထိပ် ရှက်ပါတယ်'

(ထိုနေ့ကား လှထိပ်ပန်း၏ ကာမဓာတ်သည် နားနှင့် မျက်စိမှာ တည်နေသဖြင့် ငမဲကျွန် ဆရာကြီး၏ အစီအရင်အရ လှံ့ဆော် ကုသလေရာ၊ ချက်ချင်းအားရှိလာ၍ ဝေဒနာမှာ သက်သာစ ဖြစ်လေ၏။) (ထိုဝေဒနာမျိုးသည် များစွာအကုရခက်၏။ အကြောင်းကို မသိလျှင် စုန်းဖမ်းသည်၊ နတ်တိုက်သည်၊ မိရိုးဖလာ ကိုင်သည် စသည်ဖြင့် အမှားမှား အယွင်းယွင်းနှင့် ကုသသဖြင့် လူနာဘေးတွေ့ရတတ်၏။ ယခုခေတ်၌ မျက်နှာကြီး သမီးများ၊ အိမ်တွင်းပုန်းများတို့၌ ထိုဝေဒနာမျိုး ဖြစ်တတ်၏။)

ညနေချိန်သော် မင်းရွှေမြသည် ပရိမ္မနန်းတွင်းသူ အပျိုတော်များကို နောက်ပါပြုလျက် လှထိပ်ပန်းထံ ဝင်ရောက်၍၊ လှထိပ်ပန်းကို ရင်ခွင်ထက်တွင်ထားကာ တွဲမှီစေခြင်းဖြင့် ယုယုယယနှင့် ပွဲတော်စာကို ကျွေးလေ၏။

ပွဲတော်စာကား ကစီရည်၊ သားပြုတ်ရည်၊ အသားကင်တို့ ဖြစ်၏။ ထိုပွဲတော်စာကို လှထိပ်ပန်းသည် လျှာပေါ်တင်မိရုံမျှနှင့်ပင် တစ်ကိုယ်လုံး စိမ့်ဖျန်းသွားကာ အားပြည့်လာ၍ ချက်ချင်းပင် ဝေဒနာလည်း ပျောက်ကင်းသွားပြီဟု ထင်လေ၏။ သို့သော် အရိုးပေါ်အရေတင် ပိန်ခြောက်မျှသာ ဖြစ်လျက်စိတ်အားဖြင့်သာ ကျန်းမာလာပေသေးသည်။ လှထိပ်ပန်းကာ စိတ်က ဆောင်လာသဖြင့် ပွဲတော်စာကို သုံးဆောင်ပြီးခဏ၌ စကားကို ဤသို့ ဆိုနိုင်လာ၏။

'ပွဲတော်စာဟာ အရသာ ထူးလှပါဘိ၊ အားမရနိုင်ပါ ဘုရား'

'မိမိငယ်၊ သည်မျှနှင့်ပင် သင့်ပါပြီ၊ ပွဲတော်စာ မသုံးသည်မှာ ကြာပြီမို့ အစာမကြေမှာ စိုးရိမ်ရပါတယ်'

'မှန်လှပါ၊ မောင်ဘုရားကို အားနာလှပါတယ်၊ ဘုရားနှမလေးမှာလည်း အားရှိလာပါပြီ၊ ရှေ့တော်ပါးက ခစားပြီး ကိုယ်တော်ဘုရား မျက်နှာတော်ကို ဖူးမြော်ကာ နေခွင့်ပြုတော်မူပါ ဘုရား'

လှထိပ်ပန်းသည် ဖုံပေါ်တွင် ရံရွှေတော်များ နောက်ပါးက မှီလျက် မင်းရွှေမြ၏ မျက်နှာကို တစိမ့်စိမ့် ကြည့်လျက် နေလေ၏။

'မောင်ဘုရားတော့ ခဏတာ ခွဲခွာလာခဲ့ရတဲ့ သက်သာရွှေပြည်တော်ကြီးကို လွမ်းဆွတ်တော် မူလှရော့မယ်။ သက်သာရွှေပြည်တော်ကြီး၌ အိမ်ရှေ့တော်တွင် အသီတော် အမှုတ်တော် ပျော်တော်ဆက်ကလေးတွေ၊ ကိုယ်လုပ်တော်ကညာကလေးတွေနှင့် ဖြေဖျော်ကာ ပျော်ပျော်ကြီး နေရတာတွေကို ခွဲခွာပြီး နမတော်ထံ ကုစားဖို့ လာရတာကို အားနာလို့မကုန်၊ ဘုရားနမက ဘယ်ပုံကျေးဇူးဆပ်ရမယ်လို့ စဉ်းစားလို့ပင် မဝနိုင်အောင် ရှိလှပါတယ် ဘုရား'

'မိမိငဲ့၊ မောင်ဘုရားဟာ မင်းပျိုမင်းလွင် ဆိုပေမယ့် ကျမ်းဂန် ဗဟုသုတနှင့်သာ ပျော်မွေ့ပါတယ်။ ပညာရှိများနှင့်သာ အကျွမ်းဝင်ပါတယ်။ စာပွဲသဘင်၊ မင်းပွဲသဘင်တို့နှင့်သာ အချိန်ကုန်လို့ ပျော်ပွဲကို တစ်ခါတစ်ရံ နွှဲသည့်အခါမှာလည်း ပညာရှိကြီးများရဲ့ ကျမ်းဂန်သက်သေ ပုံတိုပုံစ ဖြတ်ထုံးတို့ကိုသာ အမှုူးထားကာ ကျင်းပမိပါတယ်။ ခမည်းတော်နှင့် မယ်တော်မြတ်ဘုရားက မောင်ဘုရားအား ပရိမ္မပြည်ရှင် ဘထွေးတော်ရဲ့ ပင်တိုင်စံ သမီးတော်မြတ် မိမိနှင့် သဘောတော်ထပ်ပြီမို့ ရွှေနှစ်ချပ်ကို ဂဟေစပ်ကာ အပ်တော့မယ်လို့ အမိန့်တော်မြတ် ချမှတ်တဲ့အခါကစပြီး လောကမှ မိမိမှတစ်ပါး အခြားမိန်းမ မရှိ၊ မိမိကလေး ထင်တဲ့အတိုင်း ပျော်တော်ဆက်များရဲ့ နမှု၊ ညှုမှု၊ ပြုမှုကို ဝါသနာမပါ၊ လူပျိုတော်သား အမြောက်အမြားနှင့်သာ နမတော်ရဲ့ အမိန့်သံကို နားပန်ဖို့ စောင့်စားကာသာ နေရပါတယ် မိမိငယ်'

လှထိပ်ပန်းမှာ မိန်းမတို့ သဘာဝအတိုင်း လိုက်လျောကာ ညှု၍ မူလိုက်ခြင်းကြောင့် ခြောက်နေသော ကာမစာတ်ရည်သည် လျှမ်းတက်၍ ပြုံးပြုံး၊ ပြုံးပြုံးနှင့် မင်းရွှေမြကို မဝသော ကြည့်ခြင်းဖြင့် ကြည့်နေလေ၏။

*

နောက်တစ်နေ့တွင်လည်း မင်းရွှေမြသည် မင်းသမီးထံဝင်၍ ချစ်ဖွယ်ရာသော စကားတို့ဖြင့် ဤသို့ ကုစားပြန်၏။

'မိမိရဲ့ ကိုယ်ရေတော် ဘယ်လိုရှိပါသေးသလဲ၊ ညာလက်တော်ကို စမ်းသပ်ခွင့် ပြုတော်မူပါ'(ထိုနေ့အချိန်သည်ကား လှထိပ်ပန်း၏ မာန်ဓာတ်သည် ညာလက်၌ တည်လျက်ရှိ၏။) လှထိပ်ပန်းသည် ရှက်ယို့ယို့လျက် ပြုံးပြုံးလျှင် မိမိ၏ ညာလက်ကို လှမ်း၏။ မင်းသားလည်း သိမ်မွေ့စွာ ဆုပ်ကိုင်စမ်းသပ်ယောင် ပြုရာ၊ မင်းသမီး၏ တစ်ကိုယ်လုံးသည် အတွေ့ဓာတ်ဖြင့် ထုံလွှမ်းသွားလေရကား မျက်လွှာကို အောက်သို့ချလျက် လွှတ်လိုက်သော လက်ချောင်းကလေးများကို မမ ဘယ်လိုဖြစ်သွားသလဲဟု မေးသကဲ့သို့ ကြည့်နေလေ၏။

(အကျယ်ကို စာအုပ်လေးမည် စိုး၍ လည်းကောင်း၊ ပျင်း၍ လည်းကောင်း မရေးတော့ပါ။)

ပင်တိုင်စံ လှထိပ်ပန်းသည် သဘာဝနည်းအားဖြင့် ကုစားခြင်းကြောင့် ကောင်းစွာ ကျန်းမာလာသောအခါ အိမ်ရှေ့မင်းသားနှင့် ငမဲကျွန်သည် သက်သာပြည်ကြီးသို့ ပြန်ခဲ့၍ မကြာမမြင့်မီပင် အိမ်ရှေ့သားတော်နှင့် ပင်တိုင်စံ လှထိပ်ပန်းကို စုလျားရစ်ပတ် လက်ထပ်ခြင်းပြု၍ မင်းရွှေမြအား အိမ်ရှေ့မင်းသားအဖြစ်နှင့် ပရိမ္မပြည်တွင် ထားပြီးသော်၊ သက်သာပြည်ကြီး၌ သားတော်ငယ်မင်းဆွေကို အိမ်ရှေ့နှင်းလေ၏။

ငမဲကျွန် ဆရာကြီးကား "မိန်းမယောကျ်ား၊ လေးမျိုးထား၍၊ ပန်းသွားအစဉ်၊ ဆန်း တက် ကျ ဆုတ်၊ အယုတ်အမြတ်၊ နှိုင်းယှဉ်စပ်လျက်" အစရှိသော ကာမသျှတ္တရကျမ်းကို ပြုစုလေ၏။

## ယုတ်မာမှု

သက်သာပြည့်ရှင် ဘုရင်မင်းမြတ်၏ နန်းတော်တွင်း၌ ပရဗိုဇ် ရဟန်းတစ်ပါးကို ပင့်ပြီးလျှင် နန်းတွင်းသူ၊ နန်းတွင်းသား အများနှင့် ဘုရင်မင်းမြတ်သည် တရားနာ၏။ ထိုသို့ တရားနာရာ၌ မိဖုရားငယ်တစ်ပါးသည် မပါဝင်ဘဲ အဆောင်တော်တွင်သာ နေလျက် 'ထွီ၊ ရွံ့ရှာမုန်းတီးဖွယ် ..' ဟု ပင့်ချီသော မင်းလုလင်များကို ဆိုမြည်ကာသာ လွှတ်၏။ ထိုမိဖုရားငယ်ကို အရည်အသွေး ကောင်းသည့်ပြင် ပြုစုမှု၌ အလွန် လိမ္မာခြင်းကြောင့် မင်းကြီးသည် အထူးသဖြင့် နှစ်သက်စုံမက်၏။ လွန်ကဲ၍ မြတ်နိုးခြင်း၊ သဒ္ဓါခြင်းတို့ ရှိ၏။ ထိုရဟန်းကိုလည်း တောင်ဥယျာဉ်တွင် ယာယီတည်းကျောင်းပြု၍ မင်းကြီးသည် ကိုးကွယ်ထားလေ၏။

မင်းကြီးသည် မိဖုရားငယ်အား တရားနာစိမ့်သောငှာ မတတ်နိုင်၍ ငမဲကျွန်ထံ ဤသို့ စာရေးကာ စေ၏။

သုခမိန်။ ။ ရွံ့ရှာမုန်းတီး၊ အယူသီးကို၊ မြတ်နိုးတနာ၊ သဒ္ဓါပြည့်ဝ၊ တရားရအောင်၊ ဘယ်သူ ကြံဆောင်နိုင်ပါအံ့နည်း။

မြတ်နိုးနှစ်သက်၊ သည်မျက်ခွက်သည်၊ ချစ်လျက်နှင့် ဘယ်တွက် ငြင်းဆန်ပါဘိသနည်း။

တ–ရ–ဝ–ပ–မ ကား ဘယ်သို့နည်း။

(ငင်းအဓိပ္ပာယ်ကား ကာမဂုဏ် စည်းစိမ်ကို ဤသူသည် တောင့်တတိုင်းရ၏။ ရသဖြင့်လည်း ပြည့်ဝနှစ်သိမ့်ဘိ၏။ သို့စဉ်လျက် ဆုံးမမြစ်တားသော တရားတော်ကို အပပြုသည် ဘယ်သို့သော သဘောနည်း။)

ငမဲကျွန်လည်း အထက်ပါ အမေးကို ပြည့်ရှင်မင်းကြီး အထံတော်သို့ ချက်ချင်းပင် ဤသို့ လျှောက်တင်လေ၏။

ရွှလည်း မရွှ၊ မုန်းလည်း မမုန်း၊ ပန်းကုံးသောသွင်၊ စိတ်ကထင်၍၊ အယူမသီး၊ မီးချတိုင်းလျော့၊ ထိုရွှေပျော့မှာ၊ ချစ်ခင်ကြင်နာ၊ သဒ္ဒါလွန်ကဲ၊ ယှဉ်ဖက်နွဲလျက်၊ ဆထက်မြတ်နိုး၊ စေနာမိုးကို၊ ဖြိုးဖြိုးသွန်းချ၊ လွန်ဆက် သကာ၊ နေရာရကား၊ တစ်ပါးသူက၊ ညွှန်ဖျောင်းဖျရန်၊ မတန်ပါတကား။

မြတ်နိုးနှစ်သက်၊ သည်မျက်ခွက်သည်+ ချစ်လျက်ပါလည်း၊ မာယာ နှိုး၍၊ အပြီး ငြင်းဆန်ပါတော့သတည်း။

တ၊ ရ၊ မ၊ ဝ၊ ပ၊ (၎င်းအဓိပ္ပာယ်ကား အရှင်မင်းကြီး ကာမဂုဏ် စည်းစိမ်ကို တ တိုင်း ရ၏။ ထိုကြောင့် ရတိုင်း မဝ၊ ထိုသို့ မဝခြင်းကြောင့် ဆုံးမမြစ်တားသော တရားကို အပ ပြုဘိ၏။)

ပြည့်ရှင်မင်းကြီးကား ငမဲကျွန် ဖြေကြားလိုက်သော စာ၏အဓိပ္ပာယ်ကို ကောင်းစွာ မရှင်း၍ ငမဲကျွန်အား မျှော်လင့်နေစဉ် ငမဲကျွန်သည် မင်းကြီး အထံတော်သို့ အခစား ဝင်လာ၏။

'သုခမိန်၊ သုခမိန်ရဲ့ အဖြေကို သရုပ်ဖော်ပါဦး'

'အရှင်မင်းကြီး၊ ဤအမေးတော်ကား ခက်လှပါသည်။ ထိုအဓိပ္ပာယ်ကို ဖြေဆိုခြင်းဖြင့် အရှင်မင်းကြီးမှာ စိတ်မချမ်းမသာ ဖြစ်ရပါလိမ့်မည်။ တစ်စုံ တစ်ယောက်သော သူ၌လည်း ရာဇဝတ်တော်မကင်း တွေ့ရပါလိမ့်မည်။ အရှင် မင်းကြီးသည် စိတ်ထားတော်ကို အထူး ပြည့်ဝတော်မူစေ၍ သဘောတော် အထူး မြင့်မြတ်စေတော်မူမည် ဆိုမှသာ ဖြေဆိုနိုင်ပါအံ့'

'သင့်စကားကို ငါ အမြဲ နားထောင်တယ်။ သင့်စကားမှ ငါ လွန်ဆန်ခြင်း မပြုပါ'

'အရှင်မင်းကြီးသည် ဤပြဿနာကို မိဖုရားငယ်နှင့် စပ်လျဉ်း၍ မေး မြန်းခြင်း ဖြစ်ပါသည်။ မိဖုရားငယ်သည် တရားမနာဘဲ ဆောင်တော်တွင်း၌သာ နေဘိသည်။ ထိုသို့ နေခြင်းကား ထိုမိဖုရားငယ်သည် ပရဗိုဇ်ကို ရွံမုန်းခြင်း မရှိ၊ ထိုပရဗိုဇ်ကို အလွန် နှစ်သက်မြတ်နိုး၍ သဒ္ဒါ လွန်ပြီးလျှင် တဏှာ ကျွံ ခဲ့၏။ တရားသဘောသည် မိဖုရားငယ်နှင့် ပရဗိုဇ်မှာသာလျှင် တည်၍ တရား ဟောဖို့ရန် မလိုပါတကား။

'မိဖုရားငယ်သည် အရှင်မင်းကြီးကို ချစ်ခင်မြတ်နိုးသည် မှန်၏။ အရှင် မင်းကြီး၏ စကားကို မပယ်မလှန် မငြင်းဆန်လို။ သို့သော် အချစ်နှစ်မျက်နှာကို ရှက်စရာမို့ မကြည့်ရက်သဖြင့် မထွက်မလာပါ။ ငြင်းဆန်ခြင်း မဟုတ်ပါတကား။

'ကာမဂုဏ်စည်းစိမ်မည်သည် တလေ, ရလေ၊ ရလေ, ဝလေ မဟုတ်။ ရလေ မဝလေ ဖြစ်ချေ၏တကား။ ထိုသို့ မဝနိုင်သဖြင့် တရားတော်နှင့် အပ ဖြစ်ချေတော့၏ တကား'

'ဝတ္ထုကို ဆောင်ဦးလော့၊ သုခမိန်'

'အရှင်မင်းကြီးသည် မိဖုရားငယ်ကို ဆောင်၍ တောကစား သွား၏။ ထိုအခါ ဗိုလ်ပါတို့နှင့် ခွဲပြီးလျှင် မိဖုရားငယ်နှင့် ခင်ရိုးတန်းတစ်ခု အနီးရှိ စမ်းချောင်းတွင် ပျော်ပါး မွေ့လျော်ပြီးနောက် ပရဗိုဇ်၏ သခ်မ်းသို့ ဝင်၏။ မိဖုရားငယ်၌ကား ထိုနေ့တွင် ယောနိ၌ ဓာတ်ခိုက်နေသဖြင့် ပျော်ပါးခြင်းကို အလွန့်အလွန် နှစ်သက်၏။ ထိုနှစ်သက်ခြင်းဖြင့် တောင့်တခြင်း ပွားများ၍ ပျော်ပါးခြင်းကို စိတ်ဝင်စားကာ ဇွဲလမ်းလျက် ရှိ၏။

'ထိုအခိုက်အတန့်၌ ပရဗိုဇ်သည် တောကြီးအလယ်မှ ဈာန်နှင့် လာခဲ့၏။ ကျောင်းသခ်မ်းတွင် အရှင်မင်းကြီးနှင့် မိဖုရားငယ်ကို တွေ့၍ နှုတ်ခွန်းဆက်သ ပြီးသော် ပရဗိုဇ်တို့၏ ပြုဖွယ်သော အမှုကို ပြု၏။ အရှင်မင်းကြီးတို့လည်း ထိုအမှုကို ကူညီ၍ ပြု၏။ ထိုအခါ မိဖုရားငယ်မှာ လျော့ရဲသော အဝတ်တို့နှင့် ဖြစ်သဖြင့် ရင်သားတို့ကို ထွင်း၍ မြင်ရ၏။ ရင်သားတို့သည် တစ်စိတ်တစ်ဒေသ ပေါ်လွင်နေ၏။ ကိုယ်လုံးကိုယ်ပေါက်တို့သည် နူးညံ့ပျော့ပျောင်းသော အဝတ် ဖြင့် အစင်းအစင်းနှင့် အကွင်းအကွင်း ဖြစ်ဘိ။ ပရဗိုဇ်သည် ၎င်းတို့ကို အာရုံ တမ်းမိ၍ ငမ်းငမ်းတငင ဖြစ်နေသဖြင့် ဈာန်လျောကျ၏။ သို့ရာတွင် ၎င်းသည် ဝိဇ္ဇာခိုရ်မှ ပြုလုပ်သော ပရဗိုဇ် ဖြစ်၍ မထောင်းတာ။

'ဤနည်း ကြံကြိုက်နေသည်တွင် မင်းကြီးသည် သခ်မ်း၌ စက်တော် ခေါ်၍ ပျော်သွား၏။ ပရဗိုဇ်သည် နှစ်သက်ဖွယ် မြကျောက်နှင့် ပတ္တမြားနီကို ပြ၍ ဖြားယောင်း၏။ ထိုမြကျောက်ကား လုပ်ရတ်လမ်းဖြင့် စီမံထားရကား ဝတ်ထားသော် ကိုယ်လုံးခြုံလျက် ၎င်း၏အရောင်ဖြင့် လွှမ်းထားဘိ၏။ ပတ္တမြားနီ ကိုလည်း ထိုနည်းတူ စီရင်ထား၍ ဝတ်ဆင်ထားလျှင် နေကို ပွေ့ပိုက်ထား သကဲ့သို့ ဖြစ်၏။ ထိုရတနာတို့ဖြင့် မိဖုရားငယ်ကို ဖောက်ပြန်စေရန် အလွန် လွယ်ကူခြင်း ဖြစ်နေ၏။ ပရဗိုဇ်သည် ၎င်းတို့နှင့် လက်ဆောင်ဆက်၍ မိဖုရား ငယ်ကို စမ်းသပ်၏။ မိဖုရားငယ်သည် သမင်မငယ်၏ မျက်လုံးနှင့်တူသော ပြည့်သောမျက်နက် ရှိသည့် မျက်လုံးကို မျက်တောင်ကော့နှင့် ဟန်ချီလျက် မခို့တရို့နှင့် ကြည့်၏။ အသံ မပွင့်တပွင့်နှင့် မချိုမချဉ်ပြုကာ စကားဆို၏။ အတန်ကြာသော် ပြုံး၏။ ဣန္ဒြေဆည်လျက် အိပ်ပျော်နေသော မင်းကြီးကို လက်ညှိုးညွှန်ပြ၏။ ပရဗိုဇ်သည် မင်းကြီးကို အိပ်မွေ့ချခဲ့လျက် မိဖုရားငယ်နှင့်

တောအုပ်အတွင်းသို့ ဝင်သွား၏။ ခဏကြာသော် နှစ်ဦးသားသည် ပြုံးပြုံး ရွှင်ရွှင်နှင့် လက်တွဲကာ တောအုပ်အတွင်းမှ ထွက်လာ၏။ မိဖုရားငယ်သည် သခ်မ်းသို့ ရောက်ကာလ ပရဗိုဇ်ကို မျက်စောင်းထိုး၍ လက်နှင့် ပုတ်ချပြီးသော် မင်းကြီးနှင့် မနီးမဝေးတွင် ထိုင်နေ၏'

မင်းကြီးသည် ငမဲကျွန် လျှောက်တင်သည်ကို ပုံဝတ္ထု တစ်ခုကဲ့သို့ အင်း အဲ မလုပ်ဘဲ နားထောင်နေ၏။ ငမဲကျွန်လည်း ဆက်လက် လျှောက် တင်ပြန်၏။

'အရှင်မင်းကြီး၊ ပရဗိုဇ်သည် လုပ်ရတ်လမ်းဖြင့် စီမံထားသော မဟူရာ ကျောက် လက်စွပ်ကို လည်းကောင်း၊ ပတ္တမြားနီကို လည်းကောင်း အချစ် လက်ဆောင်ပြုကာ ပေး၏။ ၎င်းတို့၏ တန်ခိုးကား မဟူရာကျောက် လက်စွပ်ကို ဝတ်၍ စေလိုသော နေ့ကို မှောင်အတိ မိုက်စေနိုင်၏။ ဆီမီးရောင်တစ်ထောင်နှင့် လရောင်ကို မိုက်စေနိုင်၏။ ပတ္တမြားနီသည်ကား စေတတ်သည်ရှိသော် တော သုံးထောင်ကို မီးဟုန်းဟုန်း တောက်စေနိုင်၏။ ဧရာဝတီမြစ်ရေကို ပွက်ပွက် ဆူစေနိုင်၏။ မှောင်အတိ မိုက်နေသည်ကို ထိန်လင်းစေနိုင်၏။ မြသည်ကား စေတတ်လျှင် အတိုင်းမသိ တောက်နေသော မီးကို အေးစေနိုင်၏။ နေရောင် ခြည်ကို အေးစေနိုင်၏။ လကို ပြလျှင် ရေထွက်၏။ ၎င်းတို့သည် အလွန် ထက်မြက်သောတန်ခိုး ရှိကုန်၏။ ဤတန်ခိုးအားလုံးကို ပရဗိုဇ်သည် လည်း ကောင်း၊ ကျွန်တော်မှအပ တစ်စုံတစ်ယောက်သည် လည်းကောင်း မသိနိုင်၊ မစေနိုင်ချေ။ ကျွန်တော်ကား တက္ကသိုလ်ဆရာ့နည်းဖြင့် သိရ၏။

**[ထွက်ရပ်ပေါက် သံတတ်လုံးမှ မဟူရာ၊ ပတ္တမြား၊ မြ၊ စိန်တို့ လုပ်နည်းကို ဆုတ်ကပ် နှင့် မတန်ဟု ပညာရှိတို့သည် အစဉ် လျှို့ဝှက်ထားကြလေသည်။]**

'အရှင်မင်းကြီးသည် စက်ရာမှ နိုးလတ်သော် မိဖုရားငယ်သည် ရေချိုး ပြီး ဖြစ်၍ အရှင့်ကို ယပ်ခတ်ကာနေ၏။ ပရဗိုဇ်သည် သခ်မ်းတွင်းတွင် ကသိုဏ်း ဝန်းကို ထပ်၍ ပွားများနေ၏။ အရှင်မင်းကြီးကား ပရဗိုဇ်ကို ကြည်ညို၍ နေပြည်တော်သို့ ပင့်ပြီးလျှင် တောင်ဥယျာဉ်၌ ကျောင်းဆောက်ကာ ကိုးကွယ်၏။ လပြည့် လကွယ် ဥပုသ်နေ့တိုင်း တရားနာ၏။ မိဖုရားငယ်ကား တရားမနာ။ သို့သော် သူသည် ချစ်သော၊ မေတ္တာနွယ်ယှက်သော၊ စုံမက်သော ပရဗိုဇ်ထံသို့ ညဉ့်အချိန်တွင် ကူးလူးဆက်ဆံ မွေ့လျော် ပျော်ပါးဘိ၏။ ပြုံးကြည်ရွှင်ပျ ချိုလှသော မျက်နှာပေး အမူအရာတို့ဖြင့် ပရဗိုဇ်ကို ရင်ခွင်ထက်ကနေ၍ သဒ္ဓါ ကြည်ဖြူ စိတ်တူကိုယ်မျှ သဘောကျအောင် ကျင့်ဆောင် လုပ်ကျွေးဘိ၏။ ထို့ကြောင့် မိဖုရားငယ်သည် မာယာမှုကို မပြုမူ၍ တရားမနာပါသတည်း'

'ဟုတ်ပါ့မလား သုခမိန်'

'ညအချိန် အရှင်မင်းကြီးနှင့် ကျွန်တော် ချောင်းရင် သိရပါလိမ့်မယ်'

ထိုနေ့ည၌ ပြည့်ရှင်မင်းကြီးသည် မိဖုရားငယ်၏ အဆောင်တော်သို့ စောစောကူးရာ မိဖုရားငယ်သည် လိမ္မာခြင်းဖြင့် မင်းကြီး၏ ညစည်းစိမ်ကို မြိန်သထက် မြိန်အောင် ပြည့်စုံစေ၏။ အလွန်ယုယ ဖျော်ဖြေခြင်းကို ပြု၏။ အထူးသဖြင့် ချစ်ခင်နှစ်သက်ခြင်းကိုလည်း ပြ၏။ မင်းကြီးကား မိဖုရားငယ်ဟာ ငါ့ကို မေတ္တာမပျက်၊ ပြုမြဲဝတ်မှလည်း မချွတ်မယွင်း၊ သုခမိန် စကားဟာ သည်အချက်မှာ မှားလိမ့်မယ်။ သုခမိန် တင်လျှောက်တိုင်း အဖြစ်အပျက်ဟာ အားလုံး မမှန်တန်ရာ၊ မှန်ခဲ့လျှင် သူတစ်ပါးရဲ့ လျှို့ဝှက်ခြင်းကို သိနေလို့ သူ့ပညာဟာ အံ့မခန်းဖွယ်ပါတကားဟု တွေးတောချိန်ဆပြီးသော် မိဖုရားငယ် အဆောင်တော်က ပြန်ခဲ့လေရာ၊ အသင့် စောင့်နေသော ငမဲကျွန်နှင့် တွေ့ရလေ၏။

ငမဲကျွန်နှင့် ပြည့်ရှင်မင်းသည် လူခြေတိတ်လတ်သော် မိဖုရားငယ်၏ အဆောင်တော်သို့သွား၍ ချောင်းမြောင်းကာ ကြည့်နေ၏။ ထိုနေ့ကား လပြည့်ကျော် တစ်ရက်၊ နှစ်ရက်နေ့ ဖြစ်၍ လသည် အလွန် သာယာကြည်လင်စွာ တောက်ပနေသဖြင့် နန်းတော်ကြီးသို့ လရောင်ဟပ်သောကြောင့် အလွန် တင့်တယ်လျက် မင်းကြီး၏ နှလုံးတွင် ၎င်း၏စည်းစိမ်ကို အထူးသဖြင့် သာယာ နှစ်သက် စွဲလမ်းခုံမင်ကာ ရှိနေ၏။

မင်းကြီးနှင့် သုခမိန်သည် တစ်ခုသောအရိပ်မှ မိဖုရားငယ်၏ အကဲကို ခတ်နေသည်တွင် မိဖုရားငယ်သည် ရေချိုးအိမ်မှ ထွက်ခဲ့၍ ကိုယ်ကို ဗလာ ကျင်းပြီးသော် ကသယ်မှုန့်ဖြင့် တစ်ကိုယ်လုံးကို ထုံစေ၏။ ဆီမွှေးတို့ဖြင့် လက်ကတီးကြား၊ ပေါင်ကြား၊ ခြေလက်တို့၌ ထုံစေ၍ မိဖုရားငယ်၏ နန်း ဆောင်တစ်ခုလုံးသည် အမွှေးနံ့ဖြင့် ထုံကာ သင်းနေလေ၏။

မိဖုရားငယ်ကား မိမိ၏ ကိုယ်ကို အပြေအပြစ် ပြုပြီး၍ ယောကျ်ား တကာတို့ မြင်လျှင် တပ်မက်အောင် ဖန်တီးပြီးသော် လှပသော အဝတ်တို့ကို ဝတ်လေ၏။ မင်းကြီး၏ နှလုံးသည် တဖျပ်ဖျပ် တုန်လျက် ရှိ၍ လေသံနှင့် 'သုခမိန်၊ သင် ဘယ်သို့ ရှိသနည်း' ဟု မေးရာ သုခမိန်လည်း 'အရှင်မင်းကြီး၊ ကျွန်တော်ကား ကာမသျှတ္တရကို နားစွဲပြီးဖြစ်၍ မထူးတော့ပါ' ဟု ဆိုလေ၏။

မိဖုရားငယ်သည် ထိုခဏ၌ တံတင်းတစ်ခုကိုဖွင့်၍ ရှိသေစွာ သိမ်းထား သော ရွှေကြုတ်ကိုယူလျက် ၎င်း၏အထဲမှ မဟူရာလက်စွပ်ကို ဝတ်လိုက်လေ သော် ဆီမီးရောင်တို့ဖြင့် ထိန်လင်းနေသော ခန်းမကြီးသည် မှောင်အတိ

ဖြစ်သွား၏။ ထို့နောက် အခန်းထဲမှ ထွက်သွားသော ခြေသံကို ကြားရ၍ မင်းကြီးနှင့် ငမဲကျွန်သည် မယောင်မလည် လိုက်သွားရာ၊ မိဖုရားငယ်သည် အဆောင်ထက်မှ ဆင်းလျက် တောင်ဥယျာဉ်သို့ တန်းတန်းမတ်မတ် သွားလေ၏။ ၎င်းသွားရာ လမ်း၌ မှောင်အတိ မိုက်လျက် ရှိနေသဖြင့် မင်းကြီးသည် ကြက်သီးထကာ အလွန် အံ့ဩမိ၏။ ပြင်းစွာ တုန်လှုပ်မိ၏။ စိတ်တွင် ကယောင်ချောက်ချား ဖြစ်လာ၏။ ၎င်း၏ အသက်အန္တရာယ်ကိုပင် စိုးရိမ်မိလာလေ၏။

မိဖုရားငယ်သည် ဥယျာဉ်တွင်းသို့ ဝင်လတ်သော် မဟူရာလက်စွပ်ကို သိမ်း၍ ပတ္တမြားလက်စွပ်ကို ဆင်မြန်းလိုက်ရာ ဥယျာဉ်တစ်ခုလုံးသည် နံနက်လင်း ဆည်းဆာအချိန်ကဲ့သို့ စင်လင်းသွားလေ၏။ မိဖုရားငယ်သည် တစ်ကိုယ်တည်း ခပ်သုတ်သုတ် သွား၏။ မင်းကြီးကား ထူးဆန်းစွ တကားဟု အလွန် အံ့ဩမိ၏။ မိဖုရားငယ်သည် သခ်မ်းတည်းဝသို့ ရောက်လတ်သော် ပရဗိုဇ်သည် 'ချစ်စဖွယ်ရာ၊ နှစ်သက်ဖွယ်ရာသော အမှုကို ပြုတတ်၍ ကာမဂုဏ် အထုအားဖြင့် လိမ္မာစွာ ယုယတတ်ပါသည့် အလုကလေး၊ ငါသည် ချစ်ခြင်း၌ တင်းမတိမ်နိုင်သော သင်လုံမအား စောင့်စားကာ မျှော်ငြားရသဖြင့် ရှည်လျားသော လည်ပင်းကိုပင် ဖြစ်ရတော့မည်။ ငါသည် သင့်အား အချစ်ပွားလျက် ဆီးကြို နှုတ်ဆက်နှင့်ပါသည်' ဆိုကာ မိဖုရားငယ်၏ လက်ကိုဆွဲလျက် သခ်မ်းအတွင်းသို့ ခေါ်သွားလေ၏။

သခ်မ်းအတွင်း၌ကား လက်စွပ်ရောင်ဖြင့် ထိန်လျက်ရှိ၏။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး နမ်းရှုပ်ခြင်းပြုပြီးနောက် မိဖုရားငယ်သည် စင်းလုံးချော ရုပ်လုံးကလေးသဖွယ် ပေါ်လာလျက် ပရဗိုဇ်နှင့် နှစ်နှစ်ခြိုက်ခြိုက် စခန်းသွားနေလေ၏။

မင်းကြီးသည် ပုန်းကွယ်ကာ ချောင်းမြောင်း ကြည့်နေရာမှ သန်လျက်ဓားကို ထုတ်ပြီးသော် မိဖုရားငယ်နှင့် ပရဗိုဇ်ကို သတ်တော့မည်ပြုရာ သုခမိန်သည် ဟန့်တားလျက် 'အရှင်မင်းကြီး၊ ကနဦးက မည်ကဲ့သို့ ပဋိညာဉ် ရှိတော်မူပါသနည်း' ဟု လေသံနှင့် တောင်းပန်၍ မင်းကြီးသည် အမျက်တော်ကို ချုပ်တည်းလျက် ၎င်းတို့၏ စခန်းသွား ကပွဲကို ပွဲကြည့်သူ အနေနှင့်သာ ကြည့်နေလေ၏။

မိဖုရားငယ်သည် ရှိခိုးကာ၊ လက်ကာတောင်းပန်လျက် အမူပါပါနှင့် ခရာ၍ ခရာ၍ ပြောနေသဖြင့် ပရဗိုဇ်သည် တစ်စုံတစ်ခုသော ဆေးကို ကျွေးပြီး လျှင် မိဖုရားငယ်ကို ပြန်လွှတ်လိုက်ရာ မိဖုရားငယ်သည် လာသကဲ့သို့လျှင် ပြန်လေ၏။

မင်းကြီးနှင့် သုခမိန်သည် နန်းတွင်းသို့ ပြန်ဝင်သွား၏။ မင်းကြီးသည် အလွန် ဒေါသထွက်လျက် မျက်လုံးတော်နှစ်ဖက်သည် မီးကဲ့သို့ နီရဲစွာ တောက်ပလာ၏။ ပညာရှိ ဂုဏ်ရည်နှင့် အသရေတင့်သော မျက်နှာတော်သည် ရှန့်ကြမ်းလာ၍ 'သုခမိန်၊ သည်အကြောင်းကို သင်နှင့် ငါသာ သိပါစေ၊ ငါဟာ သည်သူယုတ်မာ နှစ်ကောင်ကို ယခုညချင်းပင် ပျောက်ဖျက်ပစ်ရမှ အေးတော့မယ်' ဟု ဆိုတော်မူ၏။

'သည်းခံတော်မူပါ ရေမြေ့ရှင်၊ ဤကား လောက ကပွဲ၏ ဇာတ်ရိုးကြီးမျှပင် ဖြစ်ပါတယ်။ ၎င်းကို အပြစ်ယူလျှင် ပရဗိုဇ်မှာ အပြစ်မရှိ၊ မိဖုရားငယ်မှာလည်း အပြစ်မရှိ၊ တရားခံအစစ်သည်ကား အရှင်မင်းကြီးသာလျှင်ကတည်း'

'သုခမိန် အသို့ ဆိုပါသနည်း'

'အရှင်မင်းကြီး နားသတော်မူပါလော့။ တိတ်ဆိတ် ငြိမ်ဆိတ်သော ညအဖို့သည် ကမ္မဋ္ဌာန်း၊ ဝိပဿနာ၊ ဘာဝနာ ပွားများ၍ ဈာန်အဘိညာဉ်တရားကိုသာလျှင် ထောက်ပံ့စေနိုင်သည် မဟုတ်။ ကိလေသာ ကာမဂုဏ်အာရုံတို့ကိုလည်း တက်ကြွလာအောင် ထောက်ပံ့အားပေးလျက် ရှိ၏။ ထို့ကြောင့် တိတ်ဆိတ်သော ည၌ ခန်းမလယ်တွင် နှစ်ယောက်ချင်း တွေ့ကြရသော အဘယ်သာမန်သော ပုထုဇဉ် ဖို မ တို့သည် အပူအပင်မှ ရပ်နားခဲ့သော် အဘယ်မှာလျှင် မမှောက်မှားဘဲ နေတုံအံ့နည်း။ ထို့အတူ စိမ်းလန်းတင့်တယ် ပန်းချုံတို့ဖြင့် နွယ်လျက်၊ ယှက်ကာ ယှက်ကာ ကိုင်းချင်းဖြာ၍ ဝေဆာသိုက်မြိုက် တင့်တယ်လှသော တောအုပ်အလယ်၌ တိတ်ဆိတ် ဆိတ်ညံလျက် ရှိ၏။ ထိုတိတ်ဆိတ်ဆိတ်ညံသော တောအတွင်းမှ အေးမြကြည်လင် တသွင်သွင်စီးနေသော စမ်းရေသည် သာယာသော ဆိပ်ကမ်းကို ပန်းနွယ်တို့ဖြင့် တန်ဆာဆင်ကာ တင့်မျိုးမက တင့်ကာ ရှိလှဘိ၏။ ထိုသို့သော တောအရေးသည် သမထ၊ ဝိပဿနာ၊ ဘာဝနာကို ပွားများ၍ ဈာန်အဘိညာဉ်ကိုသာလျှင် ဖြစ်စေနိုင်သည် မဟုတ်၊ အာရုံစွဲစိုက် စိတ်အကြိုက်ကို တိုက်ခိုက်မိက ကိလေသာ ကာမဂုဏ် အာရုံတို့သည် အပြုံလိုက် လွယ်လင့်တကူ ဝင်လာနိုင်စေ၏။ ဝင်လာသော ထိုအာရုံကို အလွန် ထက်သန် မြဲမြဲစေဘိ၏။ များသောအားဖြင့် ဘုံ၏စရိုက်၌ တိတ်ဆိတ်သော နေရာတွင် တစ်ကိုယ်တည်း နေသောသူကို ပျင်းရိခြင်းရောဂါ (အနာ) သည် စွဲကပ်မြဲပေတည်း။ ထိုအနာကို စွဲလမ်းခြင်း တည်းဟူသော စိတ်ဖြင့်သာလျှင် ကုစားရာ ဆေးဝါးပေတည်း။ ထိုစွဲလမ်းခြင်း စိတ်တို့တွင် ကသိုဏ်းစသော ဈာန်တရားကို ဖြစ်စေသည့် အာရုံတို့ထက် ကိလေသာ ရာဂ တည်းဟူသော စိတ်သည် အလွန် ထက်သန်ကာ အားရှိလျက် တည်ပေသည်'

'အင်း ... သုခမိန် ဆိုဦးလော့'

'အရှင်မင်းကြီးသည် တောကစားသွားရာ၌ မိဖုရားငယ်ကို လက်စွဲပြုကာ ခေါ်သွား၏။ တောကစားမှုနှင့် မိန်းမ မည်သည် မသက်ဆိုင်။ ဤကား ရှေးဦးစွာ သဘာဝ၏ အပြစ်တစ်ခုကို အရှင်မင်းကြီးသည် လွန်ကျူးမိ၏။ တောကြီး အလယ်ရှိ သာယာသော ဆိပ်ကမ်းနှင့် ချိုအေးသော စမ်းချောင်း၌ မိဖုရားနှင့် နှစ်ကိုယ်ချင်းဖြင့် လည်ချင်းတွဲလျက် နွဲ့ယှက်ကာ ပျော်ပါး ကစားခဲ့၏။ မိဖုရား ငယ်တွင်လည်း ဤနေ့၌ မ တည်းဟူသော သဘာဝဓာတ်သည် အကြောဆုံ၌ တည်နေ၍ ပျော်ပါးခြင်းကို မတင်းတိမ်၊ မြိန်လျက် မြိန်လျက် အထပ်ထပ်သာ အလိုရှိနေ၏။ ဤကား ဓိမ့်ရှင် မိန်းမတို့၏ သဘာဝ ဖြစ်၏။ ဤအမှုသည် မင်းကြီး၏ ဒုတိယအကြိမ် ထပ်မံကျူးလွန်သော အပြစ် ဖြစ်၏။

'အရှင်မင်းကြီးသည် မိဖုရားငယ်ကို ရဟန်းကျောင်းသို့ ခေါ်သွားပြန် သည်ကား တည်ကြက်မနှင့်တူသော မိဖုရားငယ်နှင့် တောကြက်ရိုင်းနှင့်တူသော ပရဗိုဇ်ကို မျှား၍ ထောင်ဖမ်းသည့်အလား သက်ရောက်နေ၏။ ထိုအခိုက်အတန့်၌ မိန်းမ၏ ဣန္ဒြေ, ကြီး, ငယ်၊ နိမိတ်လက္ခဏာတို့ကို မမြင်စဖူး၊ မတွေ့စဖူး၊ မကြုံစဖူး၊ မိန်းမအာရုံ မကူးလူး မဆက်ဆံဖူးသော ယောဂါဝစရ ပုဂ္ဂိုလ်ထူးနှင့် တွေ့ရ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဆိတ်ငြိမ်သည့် အရပ်၌ ကိလေသာစစ်ပွဲတွင် အမြဲ အလံလှဲရမည် ဖြစ်၏။ ခဏခြင်းဖြင့် လူ၏စိတ်မှာ ကြက်ဖ၊ ဘဲထီးတို့၏ စိတ်သည် ဝင်လာတတ်၏။ ကာမသျှတ္တရကို နားမစွဲသော ယောကျ်ားတို့၏ သဘာဝသည်လည်း ထိုသို့လျှင်ပင် ဖြစ်တတ်၏။ ထိုအကြောင်းကို လျှောက်ပါဦးအံ့။

'ဤပရဗိုဇ်သည် ရှေးအခါက သူဌေးသားဖြစ်၏။ လောကီကာမဂုဏ်ကို ကြောက်၍ ကုဋေများစွာသော ပစ္စည်းတို့ကို စွန့်လျက် မန်းတောင်ရိပ် တော အတွင်းတွင် လုပ်ရတ်လုပ်ငန်းဖြင့် ပျော်မွေ့နေ၏။ ထိုဥစ္စာတို့ကို အရှင့်ခမည်း တော်သည် မင်းဘဏ္ဍာ အဖြစ်နှင့် သိမ်းယူဖူး၏။ ထိုသူဌေးသည် လုပ်ရတ် လမ်းဖြင့် ထွက်ရပ်လမ်းကို ပေါက်ခဲ့၏။ အထူးထူးသော အတတ်တို့အပြင် သိဒ္ဓိ အမျိုးမျိုးကို အစဉ်အတိုင်း၊ စိတ်အလိုအတိုင်း ပြီးမြောက်စေနိုင်သည့် အဆင့်သို့ ရောက်အောင် ပေါက်မြောက်၍ ပရဗိုဇ်ပြုကာ ဈာန်အဘိညာဉ်ကို ပွားများနေဘိ၏။ နောင် ဘုရားသခင် ပွင့်တော်မူသောအခါ ဝိဇ္ဇာမိုရ်ရဲ ရဟန်း အဖြစ်နှင့် ကျွတ်တမ်းဝင်ရန် ကြိုးစားနေသူ ဖြစ်၏။ ထိုသို့သော သူတော် ကောင်းအား မိဖုရားငယ်ကို ခေါ်ဆောင်၍ အရှင်မင်းကြီးသည် ဖျက်ဆီးရာ ရောက်နေသဖြင့် သုံးကြိမ်မြောက် ပြစ်မှုကျူးလွန်ရာ ရောက်၏။

'ပရဗိုဇ်သည် မိဖုရားငယ်၏ လျှော့ရဲသော အဝတ်ကြောင့် မိန်းမတို့၏ သဘာဝအလျောက် နှစ်သက်စွဲလမ်းဖွယ်သော အဆင်းဓာတ် ဆွဲဆောင်နေခြင်းဖြင့် မိန်းမဆိုသည်ကို ကွက်ကွက်ကွင်းကွင်း ထင်ပေါ်လာ၏။ မိဖုရားငယ်မှာလည်း စိတ်ကစားနေ၏။ တိတ်ဆိတ်သော အချိန်နှင့် သာယာသော တောရိပ်တောင်ရိပ်၊ ကြည်လင်သည့် ဥတုတို့သည် ၎င်းတို့၏ ယိုဖိတ်ကျဆင်းနေသည့် မုန်ဓာတ်ကို အားပေးလျက် ပရဗိုဇ်နှင့် မိဖုရားငယ်ကို ကပွဲပြုကာ စခန်းသွားစေ၏။ ထို အခိုက်အတန့်မျိုးသည် အလွန် ကြုံကြိုက်ခဲ၍ မင်းကြီးသည် ကြုံကြိုက်အောင် ဖန်တီးသူ ဖြစ်နေခြင်းကြောင့် အပြစ်မှ မလွတ်သာချေ'

'အင်း ... ဟုတ်၏'

'အရှင်မင်းကြီး၊ ကာမဂုဏ်၏ ယုတ်ညံ့မှု သဘာဝကို ချုပ်၍ လျှောက် ထားပါဦးအံ့။ မည်သည့် ကိလေသာ မကင်းသော ယောကျ်ားမဆို သျှတ္တရကို နားမစွဲပါလျှင် အဆင်းအင်္ဂါနှင့် ပြည့်စုံသော၊ သာယာနာပျော်ဖွယ် ချစ်ဖွယ်သော စကားကို ဆိုတတ်သော စိုစိုပြည်ပြည် ဝဝဖြိုးဖြိုးနှင့် မညှိုးသော နိမိတ်လက္ခဏာ သွင်ပြင်ကို ဆောင်သော၊ မိန်းမတို့ကိုမြင်လျှင် လင်ရှိ မရှိကို နှလုံးမမူ၊ အမျိုး ယုတ်မြတ်ကို ဂရုမပြု၊ အရွယ်တူ မတူကို သဘောမထား၊ မုန်ယစ်ကာ စိတ် ကစားလျက် ဖောက်ပြားသောအမှုကို တစ်နည်းနည်းဖြင့် ပြုလိုသောဆန္ဒ ရှိကြ ကုန်၏။ ချောင်၍ လွယ်ကူစွာနှင့်ရလျှင် ပြုမြဲလည်း ဖြစ်တတ်၏။ ထို့ကြောင့် ပညာရှိတို့သည် ယောကျ်ားတို့ကို တဏှာကျွန်ဟု ဆိုကြကုန်၏။ ထိုသို့သော ယောကျ်ားတို့၌ ကိလေသာတွင် ကန်းသောမျက်စိ ရှိကုန်၏ဟု ဓာတ်သဘာဝကို နားလည်သော ပုဂ္ဂိုလ်တို့သည် ဆိုကြကုန်ပြီ။ လူထီးတို့ကို အထိန်းအအုပ် မရှိခဲ့ပါလျှင် ကာမဂုဏ်မှု၌ တိရစ္ဆာန်တို့ထက် ဆိုးမည်သာလျှင်ကတည်း။

'သာဓက ဆောင်ပါဦးအံ့။

'မောရိယပြည့်ရှင် ဘုရင်မင်းမြတ်သည် တစ်နေ့သော ညီလာခံတွင် ပညာရှိ အမတ်ကြီးအား မျက်စိနှစ်လုံး အလင်းရလျက် မမြင်သည်ကား အဘယ် နည်း ဟူသော ပြဿနာကို ဖြစ်စေ၍၊ ပညာရှိ အမတ်ကြီးလည်း ခုနစ်ရက် အခွင့်တောင်းပြီးသော် ကြံစည်ရာ ထိုပြဿနာ၏ အစွမ်းအစ နိမိတ်လက္ခဏာ ကိုမျှပင် မထင် မမြင်နိုင်သဖြင့် မှိုင်တွေချကာ ရှိနေလေ၏။

ထိုအခါ ပညာရှိ သမီးမြတ်သည် အကျိုးအကြောင်းကို မေး၍ ဖခင်အား စိတ်ချမ်းမြေ့စေခြင်းကို ဖြစ်စေပြီးသော် တစ်ခုသော တောအုပ်သို့ ပင့်ဆောင်၍ အဝတ်တို့မှ စင်းလင်းပြုကာ ပြလေ၏။ ဖခင်လည်း သမီး၏လက်ကို ဆွဲကိုင် မိ၏။ ထိုအခါမှ သမီးလိမ္မာသည် ဖခင်ကို ရိုသေစွာ ရှိခိုးလျက် ကျေးဇူးတော်ရှင်

ဖခင်၊ သည်းခံတော်မူပါ၊ ဖခင် အလိုရှိနေသော ပြဿနာသည် ထင်လင်းစွာ ပြေပါပြီ၊ ကိလေသာမှောင်သည် ကန်းသောမျက်စိကို ဖြစ်စေ၏တကား။ မျက်စိနှစ်လုံး အလင်းရလျက် မေထုန်စိတ် ထုံမွမ်းလာသောအခါ (ဝါ) မုန်ယစ် (ဘောထ) လာသောအခါ မိခင်ကိုလည်း မိခင်ဟူ၍ မမြင်၊ သမီးကိုလည်း သမီး ဟူ၍ မမြင်။ အဆွေခင်ပွန်း၊ ကျေးဇူးရှင်၊ သူတော်ကောင်း စသည်တို့ကိုလည်း မမြင်ချေ။ မ ဓာတ်တို့သည် အထီးတို့ကို အစဉ်သဖြင့် မျက်စိကန်းစေသတည်း။ ထို့ကြောင့် ကိလေသာထုံ၍ တရားကင်းလွတ်သော ယောကျ်ားသည် မျက်စိနှစ်လုံး ရှိသော်လည်း ကန်းသော ယောကျ်ား (ဝါ) မမြင်သော ယောကျ်ားဟု ဆိုပါသည်ဟု ဖခင် အလိုရှိသော ပြဿနာကို ဖြေပြလေသည်။ ပညာရှိ အမတ်ကြီးလည်း မင်းကြီးထံ ဖြေဆို၍ မင်းကြီးသည် အားရနှစ်သိမ့်ခြင်း ဖြစ်လေသတည်း။

'အရှင်မင်းကြီး၊ ယောကျ်ားတို့မှာ အလိုက်ဓာတ်၊ အငင်ဓာတ် ရှိသဖြင့် အားကြီးသူ ဖြစ်ခြင်းကြောင့် ယောကျ်ားတို့ကို ကာမဓားပြဟု ဆိုတုံ၏။ မိန်းမတို့၌ကား အဆွဲဓာတ် အငင်ဓာတ် ရှိသဖြင့် အားနည်းသူ ဖြစ်ခြင်းကြောင့် ကာမတံတင်း ဖြစ်သည်အတိုင်း အရှက်အကြောက် အသရေကိုဆည်၍ ညှဉ်းပန်းနှိပ်စက်မှုကို ကာကွယ်သောအားဖြင့် မိမိတို့၌ စိုးရိမ်ကြောင့်ကြ ဆင်းရဲမှု ကင်း၍ အစဉ်ဖြစ်ပေါ်လာသော မုန်ဓာတ်မာန်စိတ်ကို ချုပ်တည်း လျှို့ဝှက်ကာ သိမ်းဆည်းထား၏။ ထို့ကြောင့် ဆိတ်ငြိမ်ရာ အရပ်ကိုရ၍ ဝတ္တရားမဲ့လျက် ဆင်းရဲမှုနှင့် အပူအပင်ကင်းသော မိန်းမတို့သည် ကာမဂုဏ်မှု၊ မေထုန်မှုတို့နှင့် ယှဉ်ပြီးသော် မွေ့လျော်မှုကိုပြုရန် မခဲယဉ်းဟု ပညာရှိတို့သည် ဆိုကုန်ပြီ။

'အကြင်မိန်းမသည် ကြေးငွေဥစ္စာကြောင့် တကြောင့်ကြကြ စိုးရိမ်ပူပန်နေရသည် ဖြစ်စေ၊ တစ်စုံတစ်ရာ စိတ်မချမ်းသာမှုကြောင့် ဖြစ်စေ၊ တာဝန်တစ်ခုခုကို ဆောင်ရွက်နေရခြင်းကြောင့် ဖြစ်စေ ကာမဂုဏ်မှု မေထုန်စိတ်တို့သည် ဆိတ်လျက် နေသကဲ့သို့ ဖြစ်တတ်၏။ အလိုရှိသည်ကဲ့သို့ ပျော်ပါးနေရသည် ဖြစ်စေ၊ တာဝန်မဲ့ ငြိမ်းချမ်းလျက် ဖြစ်စေ၊ ရောဂါကင်းရှင်းသည် ဖြစ်စေ၊ စည်းစိမ်ကို အလိုရှိသလို ရနေသည် ဖြစ်စေ ထိုမိန်းမတို့၌ ကာမဂုဏ်နှင့် မာန်စိတ် မုန်ဓာတ်တို့သည် တက်ကြွကာ၊ တလျှပ်လျှပ် တောက်ပကာ ကျက်စားနေတတ်၏။ ၎င်းတို့သည် ဆိတ်ကွယ်ရာကို ရသည် ရှိသော် မွေ့လျော်ပျော်ပါးမှု၌ ရဲရင့်တတ်ချေသည်။ တစ်ကြိမ်မှားသော အမှားကို ဇက်ရဲ၍ မှန်သည်ဟု အထပ်ထပ်လေ့ကျင့်တတ်ချေသည်။ ထို့ကြောင့် ကိုယ်စိတ်နှစ်ပါးကို ပင်ပန်းခြင်း ပြု၍ အသက်မွေး လုပ်ကိုင် နေထိုင်စားသောက်ခြင်း၌ မပျော်မွေ့သော မိန်းမတို့ကို ကိလေသာတံခွန်၊ ကာမဂုဏ် တံလျှပ်များဟု ပညာရှိတို့သည် စွပ်စွဲကုန်ကြသည်။

'အရှင်မင်းကြီး၊ အကြင်မိန်းမအား လိုနေသောဂုဏ်ကို ဖြစ်စေ၊ ဥစ္စာစည်းစိမ်ကို ဖြစ်စေ၊ အလိုရှိနေခြင်း တစ်ခုခုကို ဖြစ်စေ ဖြည့်စွမ်းနိုင်ခဲ့သော် ထိုမိန်းမသည် ယောကျ်ား၏အလိုကို လိုက်လျောတတ်သည်သာ များချေသည်။ ယောကျ်ားကို မိန်းမတို့သည် မိမိတို့၏အလိုသို့ လိုက်ပါရန် ငင်နေခြင်းသည်လည်း သဘာဝပင် ဖြစ်ချေသည်။ ထို့ကြောင့် စည်းစိမ်ချမ်းသာ လိုအင်ဆန္ဒကို ကြုံကြိုက်သမျှနှင့်ပင် တင်းတိမ်ရောင့်ရဲလွယ်ခြင်း မရှိသော မိန်းမတို့ကို ဆိတ်ငြိမ်ရာအရပ်၌ ဘယ်လို မကောင်းမှုကို မဆို ပြုရဲ၊ ပြုလွယ်တတ်ခြင်းသည် သဘာဝ မျှသာဟု ယူဆရာချေသည်။

'အရှင်မင်းကြီး၊ ယောကျ်ားစစ်တို့၏ အဖြစ်ကို လိုလားတောင့်တနေသူတို့သည် မိမိတို့ အလိုရှိတိုင်း မိန်းမတို့အား ထိုအမှု၌ မလှည့်စားရာ၊ မဖြားယောင်းရာ။ အိမ်ရှင်မတို့၏ ဖောက်ပြန်မှုကို သည်းခံရာ၏။ မိန်းမတို့၏ သဘောအတိုင်း ခွင့်လွှတ်ခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်လွှတ်ခြင်းတို့ကို ပြုအပ်ရာ၏။ ဖောက်ပြန်သော မိန်းမတို့အတွက် စိတ်ဆိုးခြင်း၊ အပြစ်ပြုခြင်း၊ တကြောင့်ကြကြရှိခြင်း၊ ပူလောင်ခြင်း စသည်တို့ဖြင့် မိမိ၏ အပေါ်၌ ဝန်မတက်စေရာ။ ရေဆိပ်တို့ မည်သည် မိမိ ချိုးသောအခါ မိမိ၏ရေဆိပ် မည်၏။ အကြင် ရေဆိပ်၌ သူတောင်းစား ချိုးသောကြောင့် မသန့် မရှိချေ။ ဤသို့ သဘောထားနိုင်သော ယောကျ်ားသည်လျှင် ယောကျ်ားစစ် ဖြစ်ချေသည်။

'ဤအမှု၌ အရှင်မင်းကြီးသည် တောမှ ပြန်လာခဲ့လျှင် ဇာတ်လမ်းပြတ်သွားပြီ ဖြစ်ရာ၏။ ယခုသော်ကား ပရဗိုဇ်ကို ပင့်ခဲ့ပြန်၍ ကပွဲသည် ဆက်ရန်နှင့် မပြီးမပြတ် ဖြစ်နေသဖြင့် ပြစ်မှုကို လေးကြိမ်မြောက် ကျူးလွန်မိရာ ရောက်နေသည့်အတိုင်း တရားခံ အစစ်သည်ကား မင်းကြီးသည်သာလျှင် ကတည်း'

'သုခမိန်၊ ငါကား နံနက်လင်းသောအခါ ဗိုလ်ထုကို ဖြစ်စေလျက် ပရဗိုဇ်အား မိဖုရားငယ်ကို စွန့်တော့အံ့။ သို့သော် ပရဗိုဇ်သည် ဝိဇ္ဇာဓိုရ်ဖြစ်၍ သူ၏ အတတ်နှင့် ငါနှင့်တကွသော နေပြည်တော်ကို ဖျက်ဆီးလတ္တံ့။ ငါ့စည်းစိမ်ကို လုလတ္တံ့။ သုခမိန်၊ သင်သည် ကာကွယ်စွမ်းနိုင်ပါအံ့လော'

'အဘယ်ကြောင့် စိုးရိမ်ကြောင့်ကြ တုန်လှုပ်တော်မူဘိသနည်း။ ပညာရှိတိုင်း မင်း မဖြစ်၊ အတတ်ရှိတိုင်း ရေမြေကို အစိုးမရနိုင်။ ပညာရှိခြင်းသည် တခြား၊ မင်းအဖြစ်သည် တခြား။ အတတ်ရှိခြင်းသည် တစ်မျိုး၊ ရေမြေကို အစိုးရခြင်းသည် တစ်မျိုး။ ရေမြေကို အစိုးရသော မင်းအဖြစ်သည် ဘုန်းကံပါရမီရှင်၊ ဒါနရှင်၊ သီလရှင်တို့၏ အချိန်အခါ အခွင့်သင့်စဉ်၌ တက်သစ်သော အညွန့် အဖူးတည်း။ ခပ်သိမ်းသော ပညာရှင်၊ အတတ်ရှင်တို့သည် မင်းနှင့်

တူသော မင်းတို့၏ အခြေအရံ သင်းပင်းမျှသာ ဖြစ်၍ မင်းတို့၏ ဘုန်းကံ အလျောက် အသုံးခံကြရရန် ပေါ်ပေါက်လာရခြင်းမျှသာလျှင် ဖြစ်ချေသည်။ ကျွန်တော်ကား ဝိဇ္ဇာဓိုရ်၏ အတတ်ဖြစ်သော ကျောက်လက်နက်များကို ကာကွယ်ရန် ညတွင်းချင်း စီမံပါအံ့'

ငမဲကျွန်သည် ထိုကဲ့သို့ ဘုရင်မင်းမြတ်ထံ လျှောက်တင်ပြီးသော် သံသေ ဓာတ်လုံးကို အရင်းခံ၍ လုပ်ရတ် အစီအရင်ဖြင့် မိဖုရားငယ် ရရှိခဲ့သော ကျောက်မျက်ရွှဲ ရတနာတို့ထက် တန်ခိုးကြီးသည့် လောင်မီးကျောက်၊ မုန်တိုင်း ကျောက်၊ မြအေးကျောက်၊ မီးစုန်းစိန်တို့ကို ပြုလုပ်စီမံပေးပြီးလျှင် မင်းကြီးအား နှစ်သိမ့်စေလျက် အိမ်သို့ ပြန်လေ၏။

ငမဲကျွန်သည် ခါတိုင်းထက် နေမြင့်မှ အိပ်ရာက ထလတ်သော် ရှင် ကျေးဥသည် ၎င်း၏ခင်ပွန်းအား ညအချိန်လွန်မှ အိမ်သို့ပြန်ရောက်သည့် အကြောင်းကို မေးရာ၊ တစ်စမကြွင်း ပြန်ပြောလေ၏။ 'အရှင် ... အရှင်ကား ဘေးသင့်ပြီ၊ ဘာကြောင့် ကျွန်မကို မတိုင်ပင်ပါသလဲ၊ တစ်နေ့နေ့မှာ မိဖုရား ငယ်၏ စက်ဖြင့် အရှင် ဘေးတွေ့ရလိမ့်မယ်' ဆိုလေ၏။

'ငါ့လို သုခမိန်ကို ဘယ်သူ ညှဉ်းဆဲနိုင်မလဲ၊ ငါ မစိုးရိမ်ပါ'

'ကောင်းလှပြီ၊ နောက်တော့သာ မိကျေးဥ မပူပါရစေနှင့်'

'အိမ်း ...'

*

ပြည့်ရှင်မင်းကြီးသည် ငမဲကျွန်ကို မျှော်လင့်နေသည်တွင်ပင် ငမဲကျွန် သည် ရှေ့တော်မှောက်သို့ ဦးခိုက်လာလေ၏။

'သုခမိန်၊ ပရဗိုဇ်ကို နန်းတော်သို့ ခေါ်မယ်'

'သင့်ပါရဲ့'

'မိဖုရားငယ်ကိုလည်း ခေါ်မယ်'

'သင့်တော်မှုပါတယ်'

မင်းကြီးသည် မိဖုရားငယ်ကို ရှေ့တော်သို့ သွင်းစေ၍၊ ပရဗိုဇ်ကို ခေါ် စေရာ ပရဗိုဇ်လည်း မင်းချင်းအား 'မင်းကြီး ရှေ့မှောက်၌ ဘယ်သူရှိသလဲ၊ မည်သူ့အား ခေါ်သေးသလဲ' မေးရာ၊ မင်းချင်းလည်း ပညာရှိ သုခမိန်ကြီး ရှိကြောင်းဖြင့်။ မိဖုရားငယ်ကိုလည်း ဝင်ရောက်ခစားစေရန် အမိန့်တော် ချမှတ် ထားပါသည်ဟု ပြောလေလျှင် ပရဗိုဇ်ကား မြော်မြင်တိုင်းထွာလျက် မိမိ၏ အမှားကို ထင်မြင်မိသဖြင့် ၎င်း၏ ဓာတ်လုံးတန်ခိုးနှင့် မင်းချင်း၏ ရှေ့တွင်ပင် ကောင်းကင်သို့ ပျံတက်ကာ ကွယ်ပျောက်သွားလေ၏။

မင်းချင်းလည်း မင်းကြီးထံ ပြန်လာပြီးသော် အကြောင်းကို လျှောက်တင်လေ၏။ ထိုအခိုက်အတန့်၌ မိဖုရားငယ်သည် မင်းကြီး၏ ရှေ့တော်ဝယ် ခစားနှင့်ပြီး ဖြစ်၍ ၎င်း၏ပြစ်မှုကို ထင်မြင်လာသော်လည်း ကြွန္ဒြေရရနှင့် တည်တည်ပင် ရှိနေလေ၏။

'သုခမိန်၊ ပရဗိုဇ်ကား ကောင်းကင်ခရီးဖြင့် ပြေးချေပြီ။ မိဖုရားငယ်ကို စစ်ကြောဖို့ ရှိနေတယ်။ ဒါကြောင့် သင့်အား ငါ လွှဲအပ်ပါတယ်'

'အရှင် မိဖုရား၊ သည်းခံတော်မူပါ'

'ဦးရီးတော်ရဲ့ သဘောတော် သင့်မြတ်သလိုပါပဲ'

'ရှင်မိဖုရားမှာ လျှို့ဝှက်ကာ သိမ်းထားတဲ့ ရွှေကြုတ်ငယ်တစ်ခု ရှိတယ် မဟုတ်ပါလား'

'ရှိပါတယ် ဦးရီးတော်'

'အဲသည် ရွှေကြုတ်ထဲမှာ ရှိတဲ့ ကျောက်သုံးလုံးကို ဆက်သနိုင်မယ် မဟုတ်လား'

'ဆက်သနိုင်ပါတယ်၊ ယခုပါလာပြီး အသင့်ပါ ဦးရီးတော်'

(မိဖုရားငယ်သည် ကျောက်သုံးလုံးနှင့်တကွသော ရွှေကြုတ်ကို ထုတ်၍ မင်းကြီးအား ဆက်သလေ၏။)

'ရှင်မိဖုရားမှာ အပြစ်ရှိတယ် မဟုတ်လား'

'မရှိပါ ဦးရီးတော်'

'ရှင်းလင်းတော်မူနိုင်ပါ့မလား'

'ရှင်းလင်းနိုင်ပါတယ်'

'ရှင်းလင်းတော်မူပါတော့'

'ဦးရီးတော် သုခမိန်၊ စောရ တွေ့ကြုံရတာကို များစွာ ဝမ်းနည်းလှပါသည်။ နားသုံးနားကြောင့် ဖွင့်၍လျှောက်တင်ရပါမည်။ စောရသည် မယ်တို့၏ ထိပ်တင်၊ မယ့်အသက် ပြည်လုံးသခင်၏ အသက်သခင် အစစ် ဖြစ်ပါသည်။ အကြောင်းမှာ ဤသို့ပါ။

မင်းကြီးသည် ဗိုလ်ပါနှင့် ခွဲပြီးလျှင် တောကြီးထဲမှာ ပျော်ရွှင်စွာ ကစားခဲ့ရာ ယင်းအမှုဖြင့် မပြုပါရစေနှင့် ဘုရားလို့ အတန်တန် တောင်းပန် လျှောက်ထားခဲ့ပါသည်။ အလိုလိုက်လျော သဘောညီထွေ ကျင့်ရပေသောကြောင့် မှားခဲ့သော်လည်း၊ ကျောင်းသင်္ခမ်းသို့ မဝင်ရရန် အတန်တန် တောင်းပန်ခဲ့ပါသည်။ တောင်းပန်မရ၊ ကျောင်းသင်္ခမ်းသို့ ဝင်၍ နားနေစဉ် ပရဗိုဇ်နှင့် တွေ့သောအခါ မင်းကြီးစက်တော်ခေါ် ပျော်တော်ဆဲတွင် ပရဗိုဇ်ပျက်သည် ယောကျ်ားတို့ သဘာဝ

အတိုင်း မ ဆိုလျှင် ရှင်ပျလျက် ဘဝင်ကြွကာ ပျော်ပါးဖို့ကိုသာ ဂရုထားကာ စောရ၏ လက်ကို ဆွဲငင်ပါသည်။ စောရသည် သူ့အလိုကို မလိုက်၊ သူ့အမိုက်ကို ဆန့်ကျင်ခဲ့သော် စက်တော်ခေါ်နေသော မင်းကြီးကို ပရဗိုဇ်သည် တောတွင်ပင် ကံကုန်တော်မူစေဖို့ ရှိပါသည်။ ထို့ကြောင့် မင်းကြီး ကံကုန်တော်မူရမည်ကို စောရသည် အသို့လျှင် ပြုရက်နိုင်ပါအံ့နည်း'

မင်းကြီးကား 'ဟင်း ...' ဟု သက်ပြင်းချကာ နေလေ၏။

စောရမယ်သည် မာယာ့သရုဖူအဖြစ်နှင့် ရှိုက်၍ ရှိုက်၍ လှိုက်လှိုက် လှဲလှဲ ငိုပွဲဆင်ကာ ဤသို့တစ်ဖန် လျှောက်တင်ရှာ၏။ 'ထို့ကြောင့် စောရမှာ အသရေကို မငဲ့ကွက်သာဘဲ ပတာကိုဆက်၊ မေထုန်နှင့် တံစိုးလက်ဆောင် တက်ပြီး လျှင် ကိုယ်တော်အရှင်၏ အသက်ကို ကာကွယ် စောင့်ရှောက်ခဲ့ရပါသည်။ စောရမယ် ကံဆိုးလှချည်ရဲ့ဘုရား၊ ရဟန်းပျက်လည်း သူ့အတတ်နှင့် စီမံထား သော ကျောက်ရွှဲများ၏ တန်ခိုးကို ပြသောအခါ မယ့်ကိုယ်တော် မင်းကြီးကို ကာကွယ်စောင့်ရှောက်ဖို့ သူ့ထံက ရအောင် ကြံဆောင်ခဲ့ပါသည်။ ကိုယ်တော် အရှင်သည် ရဟန်းပျက်ကို နန်းတော်သို့ ပင့်ဆောင်ပြန်သောအခါ မျက်ရိပ် မျက်စောင်းနှင့် အကြောင်းပြကာ ကန့်ကွက်ပါသော်လည်း စောရ၏တင်ချက်ကို သဘောတော် မသာဘဲ နန်းတော်သို့ ပင့်ဆောင်လာပြန်ပါသည်'

'အင်း ... အင်း ...' ဟု မင်းကြီးသည် တွေဝေကာ နေ၏။

'ဦးရီးတော် သုခမိန်၊ နန်းတွင်းသို့ ရောက်သောအခါ စောရသည် သူ့ထံသို့ မသွားဘဲ နန်းတော်ထက်မှာ စည်းစိမ်ရှင်ပီပီ နေခဲ့ပါလျှင် ရဟန်းပျက်သည် နန်းထက်သို့ အတင်းဝင်ကာ ညဥ့်အချိန် သူပျော်ဖို့ လာပေတော့မည်။ ထိုအခါ ကိုယ်တော်အရှင်နှင့် တွေ့ပါလျှင် ရတ်တရက် စစ်ဆင်က သူ့မှာ အတတ်ရှင် ဖြစ်ခြင်းကြောင့် ကိုယ်တော့်အား ထိပါးမှာကို စိုးရိမ်အားကြီးပါ၍ ကိုယ်တော်ကို ကာကွယ်သည့်သဘောနှင့် စိတ်က မပါ၊ ရွံရှာစက်ဆုပ်၊ အဖက်မဟုတ်ပေမယ့် သဒ္ဒါနှင့်ကျွန်နှင့်ဟန်ပြုလျက် တိတ်တဆိတ် အခန်းဆောင်က ထွက်ခွာခြင်း ပြုပြီးသော် သူ့အား ကာမဂုဏ်နှင့် ပျော့အောင် ချော့ရခြင်း ဖြစ်ပါသည်။ လော်လည် ရမ်းကား ကျင့်ဖောက်ပြား၍ ကျေးဇူးတော်ကို မထောက်ထားဘဲ မှောက်မှောက် မှားမှား ကျင့်ကြံခြင်း မဟုတ်ပါ။ စောရ၏ ထိပ်တင် ကိုယ်တော်အရှင်သည် ယခုကဲ့သို့ လျှောက်တင်ချက်ကို ဆင်ခြင်စဉ်းစားတော်မူသင့်လှပါသည် ဘုရား။

'ပြည်လုံးသခင် မယ့်ထိပ်တင်သည် ယခုကဲ့သို့ လျှောက်တင်ချက်ကို ကျေနပ်တော်မမူ၊ အပြစ်တော်ယူလျက် ကွပ်မျက်တော်မူမည် ဆိုလျှင်လည်း စောရ သေပွဲဝင်ဖို့ အသင့်ရှိပါသည်။ ဦးရီးတော် သုခမိန်၊ မိန်းမရယ်ဟု ဖြစ်ရ

သည် ဘဝမှာ အားနည်းသည့် သဘာဝကြောင့် ယောကျ်ားများက တရားနှင့် မဆဘဲ သူတို့ ကြည်ဖို့၊ ပျော်ဖို့၊ ကစားဖို့ဟု အောက်မေ့ကြပြီးလျှင် အနိုင်ကျင့်ကာ ပြုရက်သည်ကို အလိုမတူ မကြည်ဖြူသော်လည်း အရှက်ကိုငဲ့လျက် အောင့်သက်သက်နှင့် မျိုသိပ်ကာ နေရခြင်းကြောင့် အလွန် ယုတ်ညံ့လှပါသည်။ မယ်တို့ထိပ်တင်၊ ပြည်လုံးသခင်၊ ကျေးဇူးတော်ရှင် ကမုဆွေ ဘုရား'

ဤကဲ့သို့ စောရမယ် လျှောက်တင်သည်ကို မင်းကြီးသည် ကောင်းစွာ ကျေနပ်တော်မူလေ၏။ မိဖုရားငယ်သည်ကား ငါတို့၏ လျှို့ဝှက်သောအမှုကို မည်သူမျှ မသိနိုင်ပါဘဲလျက် ဤပညာရှိ သုခမိန်ကြောင့် သာလျှင် လွင်ပြင်တွင် ဆင်သွားဘိသကဲ့သို့ ထင်ရှားစွာ ဖြစ်ရချေပြီဟု ပညာရှိသုခမိန် ငမဲကျွန်အပေါ်၌ ကျေနပ်ခြင်းမရှိဘဲ ကောက်တကျစ်ဉာဏ်ဖြင့် ဝမ်းတွင်းသိုလျက် ရှိချေသည်။

## ငမဲကျွန် ထွက်ပြေးရခြင်း

မိဖုရားငယ်သည် ငမဲကျွန် အပေါ်၌ တစ်စုံတစ်ရာမျှ ကျေနပ်ခြင်း မရှိဘဲ ကောက်တကျစ်ဉာဏ်ဖြင့် စဉ်းလဲလျက် ပရိယာယ်ကို ဦးချိုပြုပြီးသော် ငမဲကျွန် အား ဦးရီးတော် ကယ်ဆယ်ခြင်းကြောင့်သာ မင်းကြီးသည် အမျက်တော်ပြေ၍ စည်းစိမ်မပျက် တည်ရပါသည်ဟု အထူးချစ်ကျွမ်းဝင်ဟန်ဖြင့် ဆက်ဆံနေ၏။ လက်ဆောင်ပဏ္ဏာနှင့်လည်း ခဏ ခဏ ပူဇော်၏။ ကြွင်းသော ပညာရှိလေးဦး တို့နှင့်လည်း တိတ်တဆိတ် စကားဝင်၍ စိမ်သင့်ရာရာတို့ကို စိမ်ကာ ရှိနေလေ၏။

တစ်နေ့သ၌ ပြည့်ရှင်မင်းသည် မိဖုရားငယ်အဆောင်၌ စံတော်မူသည် တွင် ချစ်မြတ်နိုးဖွယ်သော စကားတို့ကို ပြောဆိုပြီးနောက် ပညာရှိ သုခမိန်အကြောင်း နှင့် ပတ်သက်ပြီးလျှင် စကားစပ်မိသောအခါ မိဖုရားငယ်သည် ဤသို့ သံတော်ဦး တင်လေ၏။

'အရှင်မင်းကြီး၊ ပညာရှိ ငမဲကျွန်သည် အတုမရှိသော ပညာရှင်၊ အတတ်ရှင် ဖြစ်ပါသည်။ အသက်ကဲ့သို့လည်း အားကိုးလောက်လှပါသည်။ ဤပညာရှိ သည် သူတစ်ထူး၏ အကြောင်းအား အချီးအစကို သိရှိရုံဖြင့် အကုန်လုံး အတပ် သိချေပြီ။ လူတို့၏ သျှတ္တရ၊ ကာမသျှတ္တရတို့ကိုလည်း ကောင်းစွာ တတ်ကျွမ်း သိမြင်၍ လူအားလုံးကို သူ့အလိုသို့ ချက်တစ်ဖြုတ်နှင့် ပါစေလိုက ပါစေနိုင်ပုံ ရပါသည်'

ထိုသို့သော စကားဖြင့် ဘုရင်မင်းမြတ်သည် ငမဲကျွန် လျှောက်ထား ခဲ့သော အကြောင်းအရပ်ရပ်ကို သတိဖြစ်လာခြင်းကြောင့် မသိမသာ တုန်လှုပ်မိ၏။

မိဖုရားငယ်လည်း ဆက်၍ ဤသို့သော စကားကို ဆိုပြန်၏။

'အရှင်မင်းကြီး၊ သုခမိန်သည် အတတ်နှင့် ပြည့်စုံသောကြောင့် တောသုံးထောင်ကို တစ်ချက်တည်းဖြင့် ဖွဲပြာဖြစ်စေနိုင်၏။ နေအရဏ်ကို မှောင်အတိမိုက်စေနိုင်၏။ သုခမိန်၏ အတတ်တို့သည် အထူးသဖြင့် အံ့ချီးဖွယ် ရှိလှပါသည်။ သုခမိန် နေသော ဗိမာန်သည် နတ်ဥယျာဉ်တော်တို့ထက် ထူးဆန်းတင့်ပန်းလျက် ပန်းအမျိုးမျိုး၊ သစ်သီးအမျိုးမျိုးတို့သည် ရာသီမရွေး ပွင့်သီးလျက် ရှိ၏ ဟု ဘုရားကျွန်တော်မ ကြားဘိ၏။ အိမ်ဝင်း၏ ဝင်းတံခါး လေးမျက်နှာ၌ ယန္တရား စက်ရုပ်တို့သည် ဓား, လှံ တို့ကို စွဲကိုင်ကာ ချာချာလှည့်လျက် မှုးနောက်အောင် က,နေသည်ဟု သိရဘိ၏။ သူ၏အိမ်ဝင်းကို မျက်စိဖြင့် မထင်မြင်နိုင်သော မိုးကြိုးစက်၊ ဓာတ်ကြိုးနှင့် ကာရံထားသောကြောင့် ထိသူအပေါင်းကို သေစေသည်ဟု ကြားရဘိ၏။ ရွှေ, ငွေ, စိန်, ကျောက် စသော ရတနာတို့ကို အလိုရှိသလောက် သူ၏အတတ်ဖြင့် ရနိုင်သည်ဟု ကြားရဘိ၏။ အလွန်အံ့ချီးဖွယ် ရှိလှပါသည် ဘုရား'

'ဟုတ်နိုင်ပါ့မလား ထားဝယ်ငယ်' (မိန်းကလေးဟု ဆိုလိုသည်)

'ကိုယ်လုပ်တော်များအားဖြင့် ကြားသိရပါသည် ဘုရား'

'ကောင်းလှပြီ ဝယ်သား (ကောင်မလေး)၊ ညဲနှင့်ငါ အတူမထင်ပြုပြီး သုခမိန်ထံ သွားကြရအောင်'

'ဦးတည့်ရပ်ပါ ဘုရား'

မင်းကြီးနှင့် မိဖုရားငယ်သည် ရုပ်ဖျောက်ပြု၍ ငမဲကျွန်၏ ဗိမာန်သို့ သွားရောက်ကြရာ မိဖုရားငယ်၏ လျှောက်တင်သည့်အတိုင်း မြင်တွေ့ရ၍ မင်းကြီးသည် အလွန်နှစ်ထောင်းခြင်း ဖြစ်လေ၏။ အိမ်၏ စကြံဦး၌လည်း ပညာရှိလေးဦးနှင့် ငမဲကျွန်သည် တစ်စုံတစ်ခုကို နှီးနှောနေဟန်ဖြင့် မြင်ရ၍ ဘုရင်မင်းမြတ်နှင့် မိဖုရားငယ်တို့သည် မုခ်ဝတွင် ရပ်နေလေ၏။

ထိုအကြောင်းကို အဆောင်ကိုင်အားဖြင့် ငမဲကျွန်သည် သိရ၍ စက်ယန္တရားများကို ရပ်ပြီးသော် မင်းကြီးထံ သွားရောက်ဦးတိုက်ကာ အိမ်ပေါ်သို့ ပင့်ချီပြီးလျှင်၊ မင်းကြီးနှင့် မိဖုရားငယ်ကို တင့်အပ်သော နေရာ၌ ထားကာ ပညာရှိ ငါးဖော်သည် ခ စားကာ နေကြကုန်၏။

'ဘာများကို ဆွေးနွေးတိုင်ပင်နေကြပါသလဲ'

'ဘုန်းတော်ကြောင့် အရှင့်နေပြည်တော်ကို စက်ယန္တရားဖြင့် လည်းကောင်း၊ ဓာတ်တန်ခိုးအားဖြင့် လည်းကောင်း ကာကွယ်ထားရန်နှင့် ရွှေနန်းတော်ကြီးကို ဓာတ်ရောင်တို့ဖြင့် ခြယ်လှယ်ထားရန် တိုင်ပင်ဆွေးနွေးနေကြောင်းပါ ဘုရား'

'နောက်ကျနေပြီ မဟုတ်လား ပညာရှိများ'

'မကျကြောင်းပါ၊ ယခု စမ်းသပ်၍ကြည့်ဆဲပါ၊ ခုနစ်ရက်မျှ စမ်းသပ်ကြည့်ခြင်းဖြင့် ယနေ့ အောင်မြင်ပြီ ဖြစ်ကြောင်းပါ ဘုရား'

'အင်း ... ဝမ်းသာပါတယ်၊ ကောင်းလှပေစွ'

*

မင်းကြီးသည် အလွန် ဝမ်းသာအားရနှင့် နန်းတော်သို့ ပြန်တော်မူလေ၏။ မိုးသောက်လတ်သော် ပညာရှိ လေးဦးသည် ဘုရင်မင်းမြတ်ထံတော်သို့ ရှေးဦးစွာ ဝင်ရောက်ခစား၍ ဤသို့ လျှောက်ထားနှင့်လေ၏။

'အရှင်မင်းကြီး၊ ငမဲကျွန် သုခမိန်သည် ဝိဇ္ဇာဓိုရ်ထက် လွန်သောအတတ်ရှိ၏။ ကာမသျှတ္တရ၌ အကြွင်းမဲ့ တတ်ကျွမ်းဘိ၏။ ထို့ကြောင့် နန်းတွင်းသူအားလုံးကို တစ်ချက်တည်းဖြင့် သူ့အလိုနိုင်ငံသို့ လိုက်ပါ သဘောတူညီစေနိုင်၏။ လူတို့၏ သျှတ္တရကို ကောင်းစွာ ကျွမ်းကျင်သည် ဖြစ်ခြင်းကြောင့် လူအားလုံးကို အလိုရှိသောအခါ သူ့အလိုသို့ လိုက်ပါစေနိုင်၏။ သူ၏ အတတ်ဖြင့် အရှင်မင်းကြီးကို ဖျောက်၍ ထီးနန်း စည်းစိမ်တော်ကို လုယူပြီးသော် မိဖုရားမြတ်အားလုံးကို သူ့အလိုနိုင်ငံသို့ လိုက်ပါစေမည် ဖြစ်တော့၏။ ကျွန်တော်တို့ လေးဦးအားလည်း ဖြားယောင်း၍ ယမန်ညက သူ၏အတတ်စွမ်းကို ပြဘိသည်။ မိဖုရား အားလုံးသည် သူနှင့် လွန်စွာ အကျွမ်းဝင်လေစွ။ မလွတ်ဟန် တကား။ ဤသူကို ရုတ်ခြည်းဖျောက်ဖျက်ပစ်လိုက်မှသာ အရှင်မင်းကြီးသည် သက်တော်ရှည်ပေလတ္တံ့.'

မင်းကြီးသည်ကား ထိုသို့ လျှောက်တင်သည်ကို မယုံကြည်၍ 'ပညာရှိများ၊ သင်တို့စကားဟာ မလိုမုန်းထားတဲ့ ကုန်းချောခြင်းမျှသာ ဖြစ်တန်ရာသည်။ ငါကိုယ်တော်မြတ် မယုံနိုင်။ သင်တို့ရဲ့ ခံတွင်းကို တိတ်စေလော့။ ဆေးကြောပြီးလည်း ထားလော့' ဟု အာလုတ်သံဖြင့် မိန့်တော်မူ၏။

ထိုအခါ ခေါင်းဆောင် ပညာ့တံခွန်က 'အရှင်မင်းကြီး၊ ကျွန်လေးဦးတို့ လျှောက်တင်ချက်ကို မယုံချေလျှင် ဤမည်သော ပြဿနာကို မေးတော်မူပါ' ဟု လျှောက်လေ၏။

*

ထိုနေ့ နံနက် ညီလာခံ၌ မင်းမှူးမတ် ဗိုလ်ပါ စုံညီသောအခါ မင်းကြီးသည် ဤသို့သော ပြဿနာကို မေးတော်မူလေ၏။

'ရန်သူ၌ လည်းကောင်း၊ မေထုန်၌ လည်းကောင်း မိမိ၏ အလိုအတိုင်း ပြည့်အောင် မည်သည့်နည်းနှင့်မဆို ပြုလုပ်ခြင်းသည် သင့်သလော'

ကဝိထိပ်ဦးကား ဤသို့ လျှောက်တင်လေ၏။ 'အရှင်မင်းကြီး၊ ရန်သူ၌ မိမိ၏အလိုအတိုင်းပြည့်အောင် မည်သည့်နည်းနှင့်မဆို ပြုလုပ်ခြင်းသည် မသင့်ချေ။ အဘယ်ကြောင့်ဆိုသော် ရန်အောင်ကြောင်းတရားလေးပါး၌ တော်ဖြောင့်မှန်ကန်ခြင်း၊ တရားနှင့်ပြည့်စုံခြင်း၊ ကိုယ်ကျင့်တရား မြဲမြံခြင်း၊ ရဲရင့်တည်ကြည်ခြင်း ဟူ၍ ရှိချေသည်။ ရန်သူတည်းဟူသော စစ်၌လည်း ထိုနည်းအတူပင် ဖြစ်ချေသည်။ ထို့ကြောင့် တော်ဖြောင့်မှန်ကန်ခြင်း မရှိ၊ တရားနှင့် ပြည့်စုံခြင်း မရှိ၊ ကိုယ်၏အကျင့်လည်း ဆိုးညစ်၊ တည်ကြည်ရဲရင့်ခြင်း မရှိဘဲနှင့် ကောက်ကျစ်စဉ်းလဲခြင်း နည်းဖြင့် အောင်ခဲ့ချေသော် ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ၊ ယုတ်ညံ့ရာ ရောက်ချေသည်။ ယောကျ်ားကောင်းတို့ အင်္ဂါမှလည်း ဆုတ်ယုတ်ရာ ရောက်ချေသည်။

'ထို့ကြောင့် ရန်သူ၌ လည်းကောင်း၊ ရန်သူ့အကြီးဆုံးဖြစ်သော စစ်၌ လည်းကောင်း အောင်နိုင်လျှင် ပြီးတမ်းနှင့် မည်သည့်နည်းနှင့်မဆို အောင်မြင်ခြင်းသည် မသင့်။ ယောကျ်ားကောင်း ပီသစွာ ရန်သူကိုသော် လည်းကောင်း၊ စစ်ကိုသော် လည်းကောင်း ရင်ဆိုင်တွေ့ဆုံ၍ အောင်မြင်ခြင်းသည်သာလျှင် တရားသော အောင်မြင်ခြင်း၊ အောင်နိုင်ခြင်း ဖြစ်ပါသည်။ ယောကျ်ားကောင်းတို့၏ အရည်အချင်းသည်လည်း ကမ္ဘာတည်သရွေ့ ထွန်းတောက်နိုင်ပါသည်။ ထို့ကြောင့် ရန်သူ ဟူသမျှ၌ မတရားသောနည်းနှင့် အောင်မြင်အောင် ပြုလုပ်ခြင်းသည် မသင့်ချေ။

'မေထုန်မှုနှင့် ပတ်သက်၍လည်း အောင်မြင်ရန် နည်းအမျိုးမျိုး ရှိ၍ သူယုတ်မာတို့၏ အကျင့်မျိုးဖြင့် ဆေး၊ ဝါး၊ မန္တရားနှင့် ဖြစ်စေ၊ ဂါထာ၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့နှင့် ဖြစ်စေ၊ ခတ်ဆေးကို အသုံးပြု၍ ဖြစ်စေ၊ စိတ်ညို့အတတ်ပညာဖြင့် ဖြစ်စေ၊ တိရစ္ဆာန်တို့၏ အကျင့်တည်း ဟူသော တရားလက်လွတ်ကာ အတင်းရယူခြင်းဖြင့် ဖြစ်စေ အောင်မြင်ခြင်းသည် မိန်းမတို့ကို ကျူးလွန်စော်ကား နှိပ်စက်ရာ ရောက်၍ အလွန်ယုတ်ညံ့ခြင်း ဖြစ်ပါသည်။

'ထို့ကြောင့် ရန်သူ၌ လည်းကောင်း၊ မေထုန်မှု၌ လည်းကောင်း အောင်လျှင် အလိုပြည့်တမ်းဖြင့် မည်သည့်နည်းနှင့်မဆို ကြံစည်လုပ်ကိုင်ခြင်းသည် မသင့်ချေဗျ တကား'

ပါရဂူမှန်ကင်း လျှောက်တင်သည်ကား 'ကဝိထိပ်ဦး ပညာရှိအမော်ကျော် အကျော်၏ လျှောက်တင်ချက်ကို လေးလေးနက်နက် ထောက်ခံလျှောက်တင်ပါသည်။ အကြောင်းသော်ကား လောကတွင် ရန်အောင်ကြောင်း၌

ယောကျ်ားတို့မှာ သဘာဝစွမ်းရည်ကို ပြပြီးလျှင် စွမ်းရည်ချင်းပြိုင်ကာ အောင်မြင်ခြင်း၊ အတတ်ပညာချင်း ပြိုင်ကာ အောင်မြင်ခြင်း၊ ပေးကမ်းခြင်း၊ ပရိယာယ်မှုနှင့် စဉ်းလဲစဉ်းစားပြုကာ အောင်မြင်ခြင်းဟု ရှိရာတွင် သဘာဝစွမ်းရည်ချင်းဖြစ်သော လက်ရုံးရည်နှင့် ဘုန်းကိုပြိုင်၍ အောင်မြင်ခြင်းသည်သာလျှင် ယောကျ်ားကောင်းတို့၏အလေ့ ဖြစ်ခြင်းကြောင့် ကျန်အကြောင်းများဖြင့် အောင်မြင်မှုသည် မိန်းမတို့၏ အောင်မြင်မှုမျိုး ဖြစ်ချေသည်။ ထို့ကြောင့် အလွန်ရှက်ဖွယ်ကောင်းလှပါသည်။ ဤသို့လျှင် ထင်လင်းစွာ သဘောဖြစ်ချေသောကြောင့် ရန်သူ၌ မည်သည့်နည်းနှင့်မဆို အောင်မြင်အောင် ပြုလုပ်ခြင်းသည် မသင့်မလျော်ချေ တကား။

'မေထုန်မှုနှင့် ပတ်သက်၍ အောင်မြင်ခြင်းမှာကား မိန်းမတို့သည် အစဉ်အားနည်းသောအမျိုး ဖြစ်ခြင်း၊ ဖောက်ပြန်လွယ်သောအမျိုး ဖြစ်ခြင်း၊ စိတ်သဘော နုနယ်သောအမျိုး ဖြစ်ခြင်းတို့ကြောင့် သဘာဝအလျောက် ရေစက်ဆုံစည်းခဲ့ခြင်းကြောင့် ပါရမီချင်းဖက်ကာ၊ ကံချင်းယှက်ကာ ဖြစ်စေ၊ ပစ္စက္ခ၌ထုံးတမ်းစဉ်လာအရ တရားသော အကြောင်းနှင့် ဆက်သွယ်၍ဖြစ်စေ ရသောမေတ္တာမျှမှ ဖြစ်ပေါ်လာသည့် မေထုန်ဝတ်သည်သာလျှင် သန့်ရှင်းစင်ကြယ်သောကြောင့် အနှစ်နှင့် ပြည့်စုံပါသည်။ အခြားနည်းမျိုးဖြင့် မေထုန်မှုကို ရအောင်ယူခြင်းသည်ကား တိရစ္ဆာန်များနှင့် လူမသမာတို့၏ ယုတ်ညံ့စွာ လိုက်စားသုံးသပ်မှုမျှသာ ဖြစ်ခြင်းကြောင့် မေထုန်မှုကို မည်သည့်နည်းနှင့်မဆို အောင်မြင်အောင် ပြုလုပ်ခြင်းသည် မသင့် မလျော်ပါချေ တကား'

ကော်ကန လျှောက်ထားသည်ကား– 'ရန်သူကိုသော် လည်းကောင်း၊ စစ်ကိုသော် လည်းကောင်း အောင်မြင်ခြင်းသည်သာလျှင် အကြောင်းဟူ၍ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းသည်ကား လုံးလုံး မသင့်လျော်လှပေစွ။ အဘယ်ကြောင့်ဆိုသော် လောက၌ အောင်မြင်ခြင်းသည် စွမ်းရည်သတ္တိကောင်းသာလျှင် မဟုတ်၊ ယုတ်ညံ့မှု ဖြစ်သော ကွေ့ကောက်ခြင်း၊ လှည့်ပတ်ခြင်း၊ ဖြားယောင်းခြင်း၊ လိမ်လည်ခြင်း၊ နိုင်ထက်စီးနင်း ပြုလုပ်ခြင်း တို့ဖြင့်လည်း အောင်မြင်နိုင်ပါသည်။ ထိုကောက်ကွေ့ခြင်း၊ လှည့်ပတ်ခြင်း၊ ဖြားယောင်းခြင်း၊ လိမ်လည်ခြင်းတို့ဖြင့် အောင်မြင်မှုမျိုးသည်ကား မိန်းမတို့၏ အောင်မြင်မှုမျိုး ဖြစ်ချေသောကြောင့် ရှက်ဖွယ်ဖြစ်၍ ယုတ်ညံ့ချေတော့ တကား။

'ကာမဂုဏ်အချစ်၊ မေထုန်အချစ်တို့နှင့် ပတ်သက်၍လည်း ရလျှင်ပြီးတမ်းဟူ၍ စီးစီးနင်းနင်းပြုကာ ကျင့်ကြံမှုသည် လုံးဝ မသင့်၊ မလျော်ချေ။ မိန်းမတို့မည်သည် ရတ်တရက် ယုံကြည်လွယ်တတ်၏။ ကြောက်သဖြင့် အလိုလိုက်လျော

လွယ်တတ်၏။ သိန်သရေကို စောင့်ထိန်း၏။ ထို့ကြောင့် လှည့်ဖြား လိမ်လည်မှုဖြင့် လည်းကောင်း၊ ခြိမ်းခြောက်မောင်းမဲမှုဖြင့် လည်းကောင်း၊ အနိုင်ရယူမှုဖြင့်လည်းကောင်း ယောကျ်ားတို့သည် မိန်းမတို့၌ မေထုန်ကို ရအောင် ယူနိုင်စွမ်းကြကုန်၏။ ထိုသို့ ယူနိုင်စွမ်းသည် သူယုတ်မာတို့၏ အောင်လံတံခွန်မျှသာ ပေလျှင်ကတည်း။ ထို့ကြောင့် ကာမဂုဏ်တို့၏ အဆိပ်ဖြစ်သော မေထုန်၌ ရလျှင်ပြီးတမ်း ကျင့်ကြံမှုသည် အလွန်ယုတ်ညံ့သော အပြုအမူ ဖြစ်ခြင်းကြောင့် လုံးလုံးကြီး မသင့်ချေတော့ တကား'

ပညာ့တံခွန် လျှောက်တင်သည်ကား 'အရှင်မင်းကြီး၊ ရန်သူ၌ လည်းကောင်း၊ စစ်၌ လည်းကောင်း အောင်မြင်ရန် အကြောင်းတို့သည် အမျိုးမျိုးရှိနေသည်။ ထိုသို့ရှိတိုင်း သင့်ပါသလော၊ မသင့်ချေစွ တကား။ အကြောင်းကိုချဲ့ပါဦးအံ့။ ပညာရှိကြီးတို့ လျှောက်ထားသော အကြောင်းတို့အပြင် အခြားအကြောင်းတို့ကား တံစိုးလက်ဆောင်ပြု၍ အောင်မြင်ခြင်း၊ ကုန်းချောခြင်းဖြင့်အောင်မြင်ခြင်း၊ အညှံ့ခံယောင်၊ မိတ်ဆွေပီယောင် ပြုလုပ်၍ အဆိပ်ဘေးကိုပြုလျက် အောင်မြင်ခြင်း၊ သူတစ်ပါးကို စေလျက် အောင်ခြင်း၊ ဆေးဝါး၊ ပယောဂ၊ လက်ဖွဲ့မန္တန်၊ အင်း၊ အိုင်၊ ခါးလှည့် စသည်တို့အပြင် ဗေဒင်၊ ဓာတ်စီရင်နည်းတို့ဖြင့် အောင်ခြင်း၊ ဓာတ်လုံး၊ ပြဒါးရှင်လုံးတို့ဖြင့် အောင်ခြင်း၊ သူ့ထက်သာသော လက်နက်ကို ပြု၍ အောင်ခြင်းတို့သည် ဖြစ်ကုန်သတတ်။ ထိုအောင်ခြင်းတို့သည် သတ္တိညံ့သူ၊ လူစွမ်းညံ့ လူစွမ်းမဲ့သူတို့၏ အောင်မြင်ခြင်း ဖြစ်ချေတော့သည်။

'ထိုမျှမက ထိုကဲ့သို့ ယုတ်ညံ့သော နည်းအမျိုးမျိုးဖြင့် သတ္တိစွမ်းပကားမဲ့သူတို့သည် အောင်မြင်ရတတ်ချေသည်။ ထိုအောင်ခြင်းမျိုးကို ကလေးမျှပင်လည်းကောင်း၊ မိန်းမမျှပင် လည်းကောင်း၊ ခြေမဲ့ လက်မဲ့မျှပင် လည်းကောင်း အောင်မြင်နိုင်၏။

'ထို့ကြောင့် ငါယောကျ်ားကောင်းတည်း ဆိုသော သူသည် လူရည်တူပြု၍ လည်းကောင်း၊ လက်နက်တူ ပြု၍ လည်းကောင်း မျက်နှာချင်းဆိုင်လျက် ရန်သူ၌ ဖြစ်စေ၊ စစ်၌ ဖြစ်စေ ပီပီသသ တိုက်ခိုက်အောင်မြင်ရခြင်းသည်သာလျှင် တရားသော အောင်မြင်ခြင်း ဖြစ်ချေသည်။

'အရှင်မင်းကြီး၊ လက်ခြေမဲ့သောသူအား လည်းကောင်း၊ ကလေး၊ မိန်းမ၊ တုပ်နှောင်ထားသောသူ၊ လက်နက်မဲ့သော သူတို့အား လည်းကောင်း သတ်ပုတ်အောင်မြင်နိုင်သော သူကို တကယ့်လူ၊ တကယ့်ယောကျ်ားကောင်းဟု မည်သူဆိုဝံ့သနည်း။ ထိုအောင်ခြင်းသည် ယုတ်မာညစ်ညမ်းလေစွ တကား။ စေပါတိုင်း

ပြီးသော လက်နက်ကိုရသဖြင့် အောင်ပွဲခံနိုင်သောသူကို ယောက်ျားပီသ၍ သတ္တိ စွမ်းပကား ရှိသောသူသည်ဟု ချီးမွမ်းသင့်ပါသလော၊ ရှုတ်ချဖို့ရန်သာ ရှိချေ၏ တကား။

'ထို့ကြောင့် ရန်သူ၌ လည်းကောင်း၊ စစ်၌ လည်းကောင်း အောင်လျှင် ပြီးတမ်း သဘောနှင့် အောင်ခြင်းသည် ယောက်ျားဆိုသော ဂုဏ်မှ ယုတ်လျော့ နေချေပြီ ဖြစ်ခြင်းကြောင့် အလွန့်အလွန် မသင့်လှပါ တကား။

'အရှင်မင်းကြီး၊ ကာမဂုဏ် အချစ်နှင့် ပတ်သက်၍ မေထုန်မှု၌လည်း မည်သည့် မိန်းမကို မဆို ဥစ္စာပြန့်ပြောသောသူသည် လိုသလောက် ဥစ္စာကို ပေးကမ်းခြင်းဖြင့် ဖြစ်စေ၊ နှစ်သက်ရာ တစ်ခုခုကို ချီးမြှင့်ထောက်ပံ့၍ ဖြစ်စေ၊ နှစ်သက်ရာကို လိုက်လျောသမှု ပြုခြင်းဖြင့် ဖြစ်စေ၊ လေးလေးစားစား ပြုမူ ခြင်းဖြင့် ဖြစ်စေ၊ သနားကြင်နာလာအောင် ပြုမူခြင်းဖြင့် ဖြစ်စေ၊ အာဏာ၊ ဂုဏ်တို့နှင့် ဖြစ်စေ အောင်မြင်နိုင်၏။ မှော်ဆရာ ဘယ်လမ်းသမားတို့သည် လည်း မိမိတို့၏ ဆန်းကြယ်သော နည်းအမျိုးမျိုးတို့ဖြင့် မည်သည့် မိန်းမမျိုးကို မဆို မိမိတို့၏ အလိုသို့ ပါစေနိုင်၏။ အကြောင်းသော်ကား မိန်းမတို့၌ ကြံ့သော စိတ် ရှိ၍ ခိုင်သောစိတ် မရှိသဖြင့် (ဝါ) ညံ့သဖြင့် တုန်လှုပ်လွယ်တတ်သော ကြောင့် ပေတည်း။ လောက၌ ဆန်းကြယ်သော အတတ်တို့ကို တတ်သော ယောက်ျား၊ ဝိဇ္ဇာဓိုရ်ယောက်ျား၊ မစွမ်းမသန်သော ယောက်ျား၊ စိတ်တန်ခိုးကို ပိုင်သော ယောက်ျားတို့သည် မည်သည့်မိန်းမတို့ကို မဆို မိမိတို့၏ အလိုနိုင်ငံသို့ အချိန်မရွေး ပါစေနိုင်၏။

'အရှင်မင်းကြီး၊ ပြဆိုခဲ့သော ယောက်ျားအမျိုးအစားတို့သည် မေထုန်မှုကို အလိုရှိတိုင်း ပြုမူကျင့်ကြံ ရယူနိုင်ကြကုန်၏။ ရယူကြကုန်၏။ ထိုအကျင့်မျိုး သည် ယုတ်ညံ့သော အကျင့်မျိုး ဖြစ်၍ မိမိ အလိုရှိတိုင်း ပြုလုပ်နိုင်စွမ်းသော် လည်း မိန်းမတို့ကို လည်းကောင်း၊ ကာမပိုင် အရှင်တို့ကို လည်းကောင်း၊ နှစ်ဆယ့် ငါးပါးသော အုပ်ထိန်းသူများကို သော်လည်းကောင်း မထီမဲ့မြင် နိုပ်စက်ကလူ ပြုမူစော်ကားရာ ရောက်ချေသောကြောင့် လုံးလုံး မသင့်ချေ။ အကြင်သူ တစ်ယောက် သည် တစ်ဦးသော မိန်းမအပေါ်၌ စင်ကြယ်သော မေတ္တာနှင့် စင်ကြယ်သော မေထုန်မှုကို သဘောတူညီကြ၍ နှစ်ဦးနှစ်ဖက် မေတ္တာတူမျှခြင်းဖြင့် အောင်မြင်မှ သာလျှင် တရားလမ်းကြောင်း ညီပေသည်။

'ထို့ကြောင့် ရန်သူ၌ လည်းကောင်း၊ မေထုန်မှု၌ လည်းကောင်း မိမိ၏ အလိုအတိုင်း ပြည့်အောင် မည်သည့်နည်းနှင့် မဆို ပြုလုပ်သမျှသည် မသင့် သည်သာ ဖြစ်ချေသည် တကား'

ထိုအခါ ပြည့်ရှင်မင်းသည် ပညာရှိသုခမိန် ငမဲကျွန်သို့ မျက်နှာမူ၍ 'သုခမိန်၊ သင်ကား သည်ပြဿနာကို ဘယ်လို ဖြေဆိုမလဲ' ဟု မိန့်တော်မူ၏။

'အရှင်မင်းကြီး၊ ရန်သူ၌ လည်းကောင်း၊ စစ်၌ လည်းကောင်း၊ ကာမဂုဏ် အချစ်မှုဖြင့် မေထုန်၌ လည်းကောင်း မိမိ၏အလိုအတိုင်း ပြည့်အောင် မည်သည့် နည်းနှင့်မဆို ပြုလုပ်သမျှသည် သင့်ပါသည်။ အလွန်သင့်ပါသည်' ဟု ငမဲကျွန် သည် ပညာရှိပီပီ ရဲရဲတောက် လျှောက်လေ၏။

မင်းကြီးကား ညိုသော မျက်နှာနှင့် လက်စွဲတော် သန်လျက်ဓားကို ပညာရှိလေးဦးထံ ပစ်ပေးလျက် 'ငါ့နန်းတွင်းသည် သင်တို့အားဖြင့် သာယာ ပါစေ' ဟု မိန့်တော်မူပြီးသော် ချက်ချင်း အဆောင်တော်သို့ ဝင်တော်မူလေ၏။

ငမဲကျွန်ကား မင်းကြီးသည် ငါ့အား ကုန်းစကားဖြင့် ယုံမှားတော်မူချေ ပြီ။ ငါ့ကို ရန်သူအားဖြင့် မအောင်မြင်ကောင်း၊ ဤအရေး၌ ရန်သူသည် ငါ့အား မပျက်စီးစေကောင်းဟု အောက်မေ့ပြီးသော် ညီလာခံသဘင်မှ ထွက်ပြီးလျှင် အဆောင်ကိုင်အား အကြောင်းရှိသမျှကို မှာထားကာ အိမ်သို့ လွှတ်လိုက်ပြီး နောက်၊ လဆန်း ၈ ရက်မြောက်တွင် လမင်းသည် အရှေ့လောကဓာတ်၌ မိမိ ၏ ရောင်ခြည်ကို ရုပ်သိမ်းသွားဘိသကဲ့သို့ နန်းတော်ကြီး၌ ၎င်း၏ပညာရောင်ကို ရုပ်သိမ်းကာ သွားလေသည်။ ဗိုလ်ပါတို့သည်ကား ငမဲကျွန်ကို နှစ်သက်သူတို့ များနေသဖြင့် ပညာရှိ လေးဦးဖြင့် ငမဲကျွန်သည် ဘေးမထိဘဲ ရွှေပြည်ကြီးမှ ၎င်း၏ အရိပ်အယောင်သည် ကွယ်ပျောက်သွားလေသည်။

*

ငမဲကျွန်သည် ထိုကဲ့သို့ သက်သာနေပြည်တော်မှ ထွက်ခွာသွားခိုက်တွင် အောက်ပါ တရားထုံးတို့သည် ပညာရှိအဖွဲ့သို့ တက်ရောက်လာလေသည်။

(က) အိမ်ထောင်နှင်းအပ်ရေးတရား၊ (ခ) ကြွေးပေးလိုမှုတရား၊ (ဂ) အခွန်တော်ပေးလိုမှုတရား၊ (ဃ) ခိုးမှုုကြီးငစွာနှင့် သူဌေးဦးချမ်းသာ။

ထိုတရားထုံးများကို ပညာရှိလေးဦးသည် ဥဗျိုင်းကို သီချင်းဆိုခိုင်းဘိသကဲ့ သို့ တဆန့်ငင်ငင်နှင့် မစီရင်သာဘဲ နေ့ရက်တို့ကို ရွှေ့ကာ အချိန်ကို ကုန်ဆုံးစေ ဘိ၏။ မင်းကြီးကား ငါ့တိုင်းပြည်သည် တရားတည့်မတ်၏၊ တော်ဖြောင့် ၏ဟု တစ်ရာသော မင်းနေပြည်တို့တွင် သတင်းကျော်စောခြင်း ဖြစ်ခဲ့၏။ ယခု ငမဲကျွန် မရှိသဖြင့် ငါ၏ ပညာရှိ သာနာညီမျှ အဖွဲ့ကြီးသည် အသံတိတ် ချေပြီ။ ငါ၏ မင်းပွဲသဘင်၊ စာပွဲသဘင်တို့သည်လည်း ခံတွင်းမဲ့ချေပြီဟု သတိ ဖြစ်ပေါ်လာလျက် ပညာရှိ ငမဲကျွန်ကို အောက်မေ့လွမ်းဆွတ်လာတော့၏။ ကိုယ်၏ မှားယွင်းချွတ်ချော်မှုကိုလည်း ထင်ပေါ်လာကာ ယူကျုံးမရ ဖြစ်နေ

တော်မူ၏။ ငမဲကျွန်အား မင်းချင်းတို့ကို ထောက်လှမ်း စုံစမ်းစေပါသော်လည်း သတင်း အစအနကိုမျှပင် မကြားရချေ။ ထို့ကြောင့် မင်းကြီးသည် ငမဲကျွန်ကို နေ့တိုင်း တောင့်တ၍ စားမဝင် အိပ်မပျော် ရှိလာချေတော့၏။

ထိုသို့သော အခိုက်တွင် ရှင်ကျေးဥသည် အစေအပါး လုလင်ငယ် တစ်ယောက်ကို ခေါ်၍ သွန်သင်မှာထားပြီးသော် ပြဿနာသည် အဖြစ်နှင့် လွှတ်လိုက်လေ၏။

မင်းကြီးလည်း လေသွန်တံခါးကိုဖွင့်၍ ငမဲကျွန်ကို အောက်မေ့ လွမ်းဆွတ် ခြင်းဖြင့် မျက်ရည်စက်လက်နှင့် တောင့်တကာ နေစဉ် ယခင်က လုလင်ငယ် သည် "ပြဿနာသည်..." ဟု ဟစ်အော်ကာ လှည့်လာ၍ မင်းကြီးသည် ထိုသူကို ခေါ်ငင်ကာ ဤသို့ မေးမြန်းတော်မူ၏။

'အမောင်၊ သင်ကား ထူးဆန်းစွာ ပြဿနာသည်ဟု ဟစ်အော်ရောင်းချ လာတယ်၊ သင့်ပြဿနာ ဘယ်လို ပြဿနာလဲ။ ငါ့အား တင်စမ်း'

'ရေမြေ့ရှင် ဘုရား၊ ကျွန်တော်မျိုး၏ ပြဿနာကား ဤသို့ပါတည်း။

'(၁) ရေမရှိ မြစ်လယ်ကောင် သည်သူ့ဖောင်ဟာ ဘယ်မှာနည်း၊ သည် ဖောင်သည် သည်လူ့ဘောင်၌ ဘယ်သူတို့နည်း။ (၂) ထင်းမရှိ တောသုံးထောင် သူတော်ယောင်ကား ဘယ်သူနည်း။ (၃) နမ မရှိ၊ ငါးယောက်ကယ့်မောင် လူတို့ ဘောင်တွင် ဘယ်သူနည်း။ ထိုသည့်သူနှင့် အဘယ်သူသည် တူဘိသနည်း'

'ကောင်းပြီ၊ သည်ပြဿနာများကို အမောင် ဘယ်လို ရခဲ့သလဲ'

'ရွှေဘုန်းတော်ရှင် ဘုရား၊ အခါတစ်ပါး၌ ကျွန်တော်မျိုးသည် နွား ကျောင်းသားတစ်ယောက်နှင့် တွေ့ဆုံရာ နွားကျောင်းသားက ငါ့အား တရားရှင် စာရီ မယ်တော်မြတ်က ပြဿနာသုံးပုဒ် ပေးထားခဲ့ချေသည်။ သည်ပြဿနာကို တရားသဘင်၌ အလွန်မွေ့လျော်သော သင့်ပြည့်ရှင်မင်းထံမှာ သွား၍ ရောင်းလျှင် ဆုတော် လာဘ်တော်များကို သင့်လျော်စွာ ရပေလိမ့်မည်ဟု မှာထားခဲ့ပါသည်။ ငါကား တောတွင်းသား ဖြစ်၍ မင်းလမ်းခရီးသို့ မသွားဝံ့ပါ။ သင် သွားဝံ့၍ သည်ပြဿနာသုံးပုဒ်ကို ရောင်းဝံ့လျှင် ရောင်းပါလော့ဟု ဤပြဿနာကို ကျွန်တော်မျိုးအား ပေးအပ်သွားပါသည်'

'အင်း ကောင်းပြီ၊ သည်ပြဿနာသုံးပုဒ်ကို အသပြာ သုံးရာနှင့် ငါ့အား ရောင်း'

*

မင်းကြီးသည် နောက်တစ်နေ့ ညီလာခံ၌ ပညာရှိများ၏ အစည်းအဝေး တွင် ထိုပြဿနာကို ချသောအခါ ပညာရှိတို့၌ ပါးစပ် မရှိကြတော့ကုန်။ ထိုအခါ

မင်းကြီးသည် ငမဲကျွန်ကိုသာ လွမ်းဆွတ် တ,သမိလျက် 'ငါပြည်တော်၌ ခေါင်းမဲ့ချေပြီ။ သည်ပြဿနာအား ဖြေဆိုနိုင်မယ့် ပညာရှင်ကို ရှာရမယ်။ မြို့ပြင် လေးရပ်၌ စည်လည်ခြင်းဖြင့် ပညာရှိ ပေါ်ထွက်စေရမယ်' ဟု အမိန့်တော် မှတ်ပြီးသော် အတွင်းတော်သို့ ဝင်တော်မူလေ၏။

စည်သမားတို့သည် အမိန့်တော်ကို ဦးထိပ်ထက် ပန်ဆင်ရသည်အတိုင်း စည်လှည့်လည်ရာ လေးပြင်လေးရပ်၌ တစ်နေ့လုံးအနံ့ ဖြစ်သော်လည်း ဖြေဆို နိုင်သူ တစ်ယောက်မျှ မတွေ့ရသဖြင့် မြို့တွင်းသို့ဝင်လာရာ ညနေဝင်ရီတရော၌ မထင်မရှားသော သူတစ်ယောက်နှင့် တွေ့ကြရလေ၏။ ထို မထင်မရှားသော သူက 'သည်ပြဿနာကို သုံးရက်မြောက်သည့်နေ့၌ ညီလာခံတွင် လာရောက်၍ ငါ ဖြေဆိုအံ့၊ သင်တို့မင်းကြီးအား လျှောက်ထားလေ' ဟု မှာပြီးသော် ထို မထင်မရှားသော သူသည် ထိုအရပ်မှ ဖဲသွားလေ၏။

ထို မထင်မရှားသော သူသည် နောက်တစ်နေ့၌ မုံးချောင်း ရေဆိပ် သာသာ အနီးရှိ ရသေ့သင်္ခမ်းသို့ ကပ်၍ ရှိခိုးကာနေ၏။ ရှင်ရသေ့လည်း 'ဒကာ၊ မည်သည်ကို လို၍ ခစားသနည်း' ဟု မေး၏။ ထိုသူလည်း 'အရှင်ရသေ့၊ သက်သာပြည့်ရှင် မင်းမြတ်၏ စာပွဲသဘင်၌ ဤမည်သော ပြဿနာသည် ထင်ရှားလာ၏။ ထိုပြဿနာကို ဖြေရန် ပညာရှိ ဆိုသူတို့သည် ခံတွင်းမဲ့ချေ ကုန်ပြီ။ ထို့ကြောင့် ပြဿနာ၏အဖြေကို တပည့်တော်အား အကြွင်းမဲ့ သင်ပေး တော်မူပါ' ဟု ပြဿနာကို ထုတ်ဆိုကာ လျှောက်တင် တောင်းပန်လေ၏။

ထိုသူသည် ရသေ့အားဖြင့် ထိုပြဿနာ၏ အဖြေကို အကြွင်းမဲ့ တတ်သိ သောအခါ မင်းကြီးထံ၌ ပြဿနာကို ဖြေဆိုမည့်သူ အဖြစ်နှင့် ဝင်ရောက်လေရာ၊ မင်းကြီးသည် ပညာရှိအလယ်၌ တင့်အပ်သော နေရာကို ပေး၍ ဤကဲ့သို့ မိန့်တော်မူလေ၏။

'အချင်းပညာရှိ၊ ဤသုံးပုဒ်သော ပြဿနာကို ဖြေဆိုလော့၊ ငါ့နားတွင် ပညာရှိတို့ရဲ့ ဦးနှောက်ရည်ကို ဆင်လိုလှပြီ'

'အရှင်မင်းကြီး၊ ဤပြဿနာသုံးပုဒ်ကား အလွန်လျှင် နက်နဲလှဘိ၏။ ကျွန်တော့်အား ထိုက်တန်သော ဆုတော်သည် ဖြစ်အံ့။ အရှင်မင်းကြီး၏ နှလုံး တော်ကို ချိုမြိန်ခြင်းဖြင့် အားရစေပါအံ့'

'အချင်းပညာရှိ၊ ပြဿနာမှု၌ ငါ၏ရက်ရောခြင်းကို သောင်းတွင်းအနံ့ ဖြစ်ခဲ့ပြီ။ ထိုပြဿနာတို့ကို ဖြေလော့။ ငါ့အားဖြင့် မွန်မြတ်သောဆုနှင့် သင့်အား ပြည့်ဝစေရပေလတ္တံ့'

'ကောင်းလပေစွ။ တရားမင်းမြတ်၊ ပြဿနာတို့၏ အဖြေကား ဤသည် တို့ပါလျှင်တည်း။

'(၁) ရေမရှိသော မြစ်လယ်ကောင်၊ သည်သူ့ဖောင်ဟာ ဘယ်မှာနည်း၊ သည်ဖောင်သည် သည်လူ့ဘောင်၌ ဘယ်သူတို့နည်း။

'အရှင်မင်းကြီး၊ ရေမည်သည် အရည်နှင့် ခြားနားပေသည်။ အရည်သည်ကား သတ္တုတစ်ခုခု၊ ဝတ္ထုတစ်ခုခု ရောထားကာ ပါဝင်လျက် ရှိပါသည်။ ရေသည်ကား အခြားဝတ္ထုတို့ ကင်းစင်လျက်၊ သို့မဟုတ် နည်းနိုင်သမျှ နည်းလျက် အရောင်အဆင်း အရသာတို့ မဲ့ပြီးလျှင် သတ္တဝါတို့ သောက်သုံး မှီဝဲရပါသည်။ ပင်လယ်ရေရောက်ရာဖြစ်သော မြစ်ဝမြစ်ပြင်ကျယ်ရှိ ရေသည်ကား ဆားငန်ရေဖြင့် ရောလျက်ရှိခြင်းကြောင့် သတ္တဝါတို့ မှီဝဲသုံးစွဲခြင်းငှာ ကင်းမဲ့လေသည်။ ထိုကြောင့် ဒီရေလွှမ်းရာ ပင်လယ်ရေ ရောလျက်ရှိသည့် ထို မြစ်ကျယ်အလယ်ရှိ ဖောင်မှာ ရေမရှိ ဖြစ်ပါသည်။ ဤသည်ကြောင့် ထိုဖောင်သည် ဒီရေလွှမ်းရာ ပင်လယ်ရေ ရောလျက်ရှိသည့် မြစ်ဝ သို့မဟုတ် မြစ်လယ်၌ ရှိပါသည်။

'သည်လူ့ဘောင်၌ သည်ဖောင်နှင့် တူသောသူတို့ကား ပင်လယ်ရေတည်းဟူသော ကိုယ်ဖို့ကောင်းကို သာမှု၍ အလိုရမ္မက်ကြီးခြင်း၊ ကြမ်းတမ်းယုတ်မာခြင်း၊ အသိတရားနည်းခြင်း၊ စိတ်ကြီးဝင်ခြင်း၊ သူတစ်ပါးအပေါ်၌ မနာလိုဝန်တိုခြင်း၊ သူတစ်ပါး ပျက်စီးအောင်ကြံခြင်း အစရှိသော စိတ်ယုတ်မာတို့သာ လွှမ်းမိုးနေသဖြင့် ရေနှင့်တူသည့် ပညာဉာဏ် အသိတရားနှင့် တည်ကြည်ဖြောင့်မတ်သော အသိတရားတို့သည် ကင်းရှင်းနေသောသူတို့ ဖြစ်ချေသည်။

'ထိုကဲ့သို့ ပညာဉာဏ် အသိတရားတို့နှင့် တည်ကြည်ဖြောင့်မတ်သော အသိတရားကင်း၍ ဆားငန်ရေ ရောနေသောသူတို့ကား ဘုရင်မင်းမြတ်၊ မှူးမတ် သေနာပတိ၊ သူဌေး၊ သူကြွယ်၊ ကုန်သည် လယ်လုပ် စသည်တို့ဖြင့် လူတန်းစား မရွေးဘဲ ဖြစ်နိုင်တတ်ချေ၏။ ထိုသူတို့သည် မင်းပွဲသဘင်၌ လည်းကောင်း၊ စာပွဲသဘင်၌ လည်းကောင်း၊ ပျော်ပွဲအရပ်ရပ်၌ လည်းကောင်း၊ သဘာ, အသဘာ ပရိသတ်အလယ်၌ လည်းကောင်း ဂုဏ်ရှင်အဖြစ်နှင့် တည်နေသော်လည်း သားပေး သမီးပေး၊ ကျွဲရောင်း နွားဝယ် အတင်းအဖျင်းတို့နှင့်သာ ပရိသတ်ကို ဖြစ်စေလျက် ခက်ခဲနက်နဲ၍ ဉာဏ်နှင့်ယှဉ်သော တရားမှုတို့၌ လည်းကောင်း၊ အဖိုးတန်၍ ပညာရှိတို့၏ အဆီအနှစ်ဖြစ်သော ပြဿနာမှုတို့၌ လည်းကောင်း၊ ရာဇဝင်ထုံးတမ်း ဝတ္ထုကျမ်းဂန် သက်သေတို့၌ လည်းကောင်း၊ မင်းရေးစိုးခွင့် နည်းဥပဒေတို့၌ လည်းကောင်း၊ နီတိကျမ်း, သျှတ္တရကျမ်းတို့၏ ကျိုးကြောင်းပြ အရေးအရာတို့၌ လည်းကောင်း၊ တိုင်းပြည်ရေးရာ၌ လည်းကောင်း အစရှိသဖြင့် ညာဘက်ရေးရာတို့၌ (ဝါ) အထက်လမ်း၌ ခံတွင်းမဲ့လျက် ရှိကြချေကုန်ပြီ။

ထို့ကြောင့် ထိုသူတို့မှာ မြစ်လယ်ကောင်သို့ ရောက်လျက် ရှိသော်လည်း ပင်လယ်ရေဝင်ရာ မြစ်လယ် ဖြစ်ခြင်းကြောင့် ရေကောင်းရေသန့် သုံးစွဲနိုင်သော ရေကို မရသကဲ့သို့ မိမိတို့၏ ဂုဏ်နှင့်အညီ သဘင်၏ တင့်တယ်ခြင်းကို မဖြည့်စွမ်းနိုင်ချေ။ ထိုသို့သော သူတို့သည် မသုံးနိုင်သော ရေကဲ့သို့ ထိုအကြောင်းတို့ကြောင့် ဖြစ်ချေသည်။

'ထိုကြောင့်ရကား ရေမြေကို အစိုးရသော အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် ဖောင်စီးယောက်ျား ခရီးသွား ဖြစ်ချေ၏။ အရှင်မင်းကြီး၏ စာပွဲသဘင်သည် ဖောင်ကြီးနှင့် တူ၏။ ထိုစာပွဲသဘင်၌ ဝင်ရောက်ဆင်နွဲကုန်သော ပညာရှိဆိုသူ၊ ဂုဏ်ရှင် ဆိုသူတို့သည် ပင်လယ်ရေရောက်ရာ ဒီရေလွှမ်းမိုးသော မြစ်မ, ကျယ်ကြီးနှင့် တူ၏။ ထို့ကြောင့် အရှင်မင်းကြီးသည် စာပွဲသဘင်မှ ရေချိုရေမြတ် ဖြစ်သော အဆီအနှစ် အရသာတို့ကို မသောက်သုံးရလေပြီ တကား။ တိုင်းပြည်မှာလည်း ခေါင်းမရှိတော့ပြီ တကား။

'ထိုထိုတို့ကြောင့် လှူဘောင်သည် ပင်လယ်ရေရောရာ မြစ်မကြီး အလယ်၌ ရှိပါသည်။ သည်လှူဘောင်၌ သည်ဖောင်သည် အရှင်မင်းကြီး၏ စာပွဲသဘင် ဖြစ်ချေသတည်း။

'(၂) ထင်းမရှိ တောသုံးထောင်၊ သူတော်ယောင်ကား ဘယ်သူနည်း။

'အရှင်မင်းကြီး၊ မြို့ပြည်ရွာ လူနေအိမ်တို့နှင့် မနီးဘဲ စိမ့်စမ်းရေတံခွန်တို့ဖြင့် ယှက်ဖြာလျက် ခိုတောင်လဲအရွက်တို့ဖြင့် အမြဲစိမ်းလန်းကာရှိသော သစ်တောတို့ ဖုံးလွှမ်းနေသည့် တောကြီးသည် ယူဇနာသုံးထောင် ကျယ်ပြန့်ကာ တည်ရှိဘိ၏။ ထိုသို့သော တောကြီး၌ လောကီအိမ်ထောင်ဝဋ်ကို ကြောက်ရွံ့ခြင်းကြောင့် တောသစ်သီး၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုတို့ဖြင့်သာလျှင် အာဟာရကို တင်းတိမ်စေလျက် ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်နေသော ရသေ့၊ ပရဗိုဇ် သူတော်စွာတို့သည် ရှိကုန်၏။ ထိုသူတော်စွာတို့၏ အေးချမ်းသာယာမှုကို မြင်၍ လောကီ အိမ်ထောင်ဝဋ်ကို မကြောက်၊ ကာမဂုဏ် စည်းစိမ်တို့၏ ဘေးကိုလည်း မမြင်၊ ရသမျှနှင့်လည်း တင်းတိမ်ရောင့်ရဲခြင်း မရှိ၊ ရသာကာမဂုဏ်၌ စွဲလမ်းတပ်မက် ဆန္ဒပြင်းပြစွာ ရှိသည်ကိုလည်း မဆုံးမဘဲနှင့် အကြင်သူသည် ဤမည်သော တောအုပ်ကြီးသို့ ဝင်၏။ ထိုသူသည် သားရဲတို့၏ စားကြွင်းဖြစ်သော အမဲသားတို့ကို ရ၏။ ထိုအမဲသားတို့ကို ကင်ဖုတ်ရန် မီးလို၏။ ထိုမီးကို ရစိမ့်သောငှာ ထင်းလို၏။ သို့သော် မိမိ ခိုမှီလာရာဖြစ်သော တောအုပ်ကြီးသည် ခိုတောင်လဲအရွက်တို့ဖြင့် စိမ့်စမ်းရေကျော်နှင့် ဩဇာဓာတ်တို့ကို မှီနေရခြင်းကြောင့် အမြဲစိမ်းလန်းတင့်ပန်းလျက် အသက်မသေ၊ အကိုင်းမခြောက်၊

အခက်မညှိုး ရှိနေ၏။ ထို့ကြောင့် ထိုသူသည် ထင်းမရနိုင်။ ထင်းမရနိုင်ခြင်းကြောင့် ဆင်းရဲခြင်း ဩဃ အတွင်းသို့ သက်ရလေ၍ မခြိုးခြံနိုင်၊ သည်းမခံနိုင်၊ မတင်းတိမ် မရောင့်ရဲနိုင်ဘဲ ဖြစ်ရချေသည်။ ထိုသူသည် သူတော်ယောင် ဖြစ်ချေသည်။ ထိုသည့်အရပ်သည် တောပင် ဖြစ်သော်လည်း ထင်းမရှိ ဖြစ်ချေ၍ ထင်းမရှိ တောသုံးထောင် ဖြစ်ချေသည်။

'အရှင်မင်းကြီး၏ တိုင်းတော်ပြည်တော်၌လည်း တိုင်းသူပြည်သားဟူသော ဂုဏ်ဒြပ်ကို ယူကုန်လျက် တိုင်းသူပြည်သား ဟူသော ကျင့်ဝတ်လမ်းစဉ်မှ တိမ်း၍ တရားရုံးသို့ စီရင်ဆုံးဖြတ်ခြင်းကိုခံရန် ရောက်ကြရကုန်ပြီ။ စင်စစ်ထိုသူတို့သည် တောသုံးထောင်အလယ်၌ သူတော်ယောင်တို့ကဲ့သို့ တိုင်းသူပြည်သားယောင်များ ဖြစ်ချေသည်။ တောအတွင်း၌ သူတော်ယောင်သည် ကင်ဖုတ် ချက်ပြုတ် စားသောက်ရန် မီးကိုလို၍ ထင်းကို တောင့်တဘိသကဲ့သို့ ထိုတိုင်းသူ ပြည်သားယောင်တို့သည်လည်း တရားရုံး၌ မကျက်နိုင်ခြင်းကြောင့် ရောက်ကြရသည်ကို ကျက်အောင် မီးတည်းဟူသော ရာဇကြောင်း၊ ဓမ္မကြောင်းနှင့် စီရင်ချက်၊ ထုံးလောင်း ထပ်ဆင့်တို့သည် လိုနေခြင်းကြောင့် အရှင်မင်းကြီး၏ နေပြည်တော်၌ မပြီးမပြတ်နိုင်သော တရားထုံးပေါင်းများစွာ ရှိနေချေပြီ။ ထို့ကြောင့် ထိုမီးကို ရစိမ့်သောငှာ ထင်းတည်းဟူသော ပညာရှိ သုခမိန်သည် အရှင့်တိုင်းပြည်၌ မဲ့နေချေပြီ။

'တစ်နည်းတုံ အားဖြင့်လည်း ယူဇနာသုံးထောင် ကျယ်သော တောကြီးအလယ်၌ လောကီဝတ်ကို ရွံရှာစက်ဆုပ်၍ ကွာအောင် ခွာနေသော တရားကျင့်သုံးနေသည့် သူတော်စွာတို့သည် မိမိတို့၏ လောကီအဘိညာဉ် ဈာန်ဖြင့် အမှောင်နှင့် အမိုက်ကို လင်းစေနိုင်သော်လည်း သူတော်ယောင်တို့၌ကား ထိုတန်ခိုးသည် မဲ့လေ၍ အလင်းကို လိုသဖြင့် မီးလို၏။ မီးကို လိုသဖြင့် ထင်းလို၏။ အမြဲစိမ်း သစ်တောကြီး ဖြစ်နေသဖြင့်လည်း ထင်းမရှိ ဖြစ်နေ၏။ ထို့အတူလျှင် အရှင်မင်းကြီး၏ နေပြည်တော်၌ အထက်တန်းစားဟု တည်နေသော မှူးကြီး၊ မတ်ကြီး၊ ပညာရှိ၊ သူဌေး၊ သူကြွယ် စသော ဂုဏ်ရှင်အမျိုးမျိုးတို့မှာ တောသုံးထောင် အလယ်၌ သူတော်ယောင်တို့ ကဲ့သို့လျှင် ဤနမူနာတင်၍ အယောင်ဆောင်မျှသာ ဖြစ်သောကြောင့် လောကကြောင်း၊ ဓမ္မကြောင်းတို့၌ ကျင့်သုံးရန် အလင်းတည်း ဟူသော နည်းလမ်းကောင်းသည် လိုနေ၏။ တိုင်းတစ်ပါးမှ သံကြီး တမန်ကြီးတို့ ရောက်လာသောအခါ၊ တိုင်းတစ်ပါးနှင့် ဆက်ဆံရန် အခွင့်အရေး ကြုံလာသော အခါ၌လည်း တကယ်အလင်းကို မရသောကြောင့် ထိုအယောင်သမားတို့မှာ မီးတည်း ဟူသော

အကြားအမြင်နှင့် ကျိုးကြောင်းပြ ပညာတို့သည် လိုနေ၏။ ထို ကျိုးကြောင်းပြ ပညာတို့နှင့် အကြားအမြင်ကို ဖြစ်စေသည့် ထင်းတည်း ဟူသော ပညာရှိ သုခမိန်အစစ်သည် လိုနေအပ်သည်လျှင် ကတည်း။

'ထို့ကြောင့် နေ့ညဟူ၍ မရှိဘဲ စည်ပင်သာယာ ဝပြောနေသော အရှင်မင်းကြီး၏ နေပြည်တော်သည် အလွန် သာယာစိုပြည်၍ အေးချမ်းတင့်တယ်သော တောသုံးထောင်နှင့် တူ၏။ ထိုတောကြီး၌ စည်ပင်သာယာ အေးချမ်းတင့်တယ်လွန်းသောကြောင့် ထင်းတည်းဟူသော ပညာရှိသုခမိန် မဲ့နေချေပြီ။ ပညာရှိ သူတော်ကောင်း ဟူ၍ မိမိကိုယ်ကိုမိမိ အမွှမ်းတင်ကာ အယောင်ပြနေသော ဂုဏ်ရှင်အပေါင်းတို့မှာလည်း အစစ်အားဖြင့် တောသုံးထောင် အလယ်၌ သူတော်ယောင်မျှသာဖြစ်၍ အကယ် မှုခင်းကိစ္စ ကြုံလာသော် မျက်စိမမြင်၊ စမ်းသလောက်မျှပင် မစမ်းနိုင်ကြတော့ပေ။ ထို့ကြောင့် ထိုသူတို့သည် ထင်းမရှိသော တောသုံးထောင်အလယ်၌ သူတော်ယောင်မျှသာလျှင် ကတည်း။

'ဤသည်အဖြေကို ရည်၍ ထင်းမရှိသော တောသုံးထောင်၊ သူတော်ယောင်ကား ဘယ်သူနည်း ဟူသော ပြဿနာလည်း ပေါ်ပေါက်လာလေပြီ တကား။

'(၃) နမ မရှိ၊ ငါးယောက်ကယ့်မောင်၊ လူတို့ဘောင်တွင် ဘယ်သူနည်း။

'အရှင်မင်းကြီး၊ နမ မရှိ၊ ငါးယောက်ကယ့်မောင် ဆိုခြင်းကား အစ်မ ငါးယောက်ရှိသော သူသည်လျှင်ကတည်း။ ထိုသူကိုလျှင် တင်စား၍ ဤသို့ ဆိုခြင်းပေတည်း။ လောက၌ အစ်မ ဆိုသည်ကား တွဲစပ်ကြိယာမှ ဖြစ်သော နာမ်ဖြစ်၍ အစ်၍မသော သူလျှင်ကတည်း။ ထို့အတူ လူတို့ဘောင်၌ အပြစ်ကို ဆို၍ မေး၍ ဆိုဆုံးမသောသူ ငါးမျိုးရှိချေသည်။ (က) မြွောက်၍ အပြစ်ကို ပြပြီးလျှင် ဆုံးမသောသူ၊ (ခ) နှိမ့်ချ၍ အပြစ်ကို ပြပြီးလျှင် ဆုံးမသောသူ၊ (ဂ) ဥပမာပုံပြ၍ ဆုံးမသောသူ၊ (ဃ) မငဲ့မညှာ အလိုမလိုက်မူ၍ အကျိုးရှိရာ အတွက် ဆုံးမသောသူ၊ (င) သူတစ်ပါး၏ အပြစ်ကို မလိုမူ၍၊ မပြောမူ၍၊ သူတစ်ပါး၏ အပေါ်၌ လျစ်လျူပြု၍ အများ ကောင်းမြတ်ရာ ကောင်းမြင်ကြောင်းကို လေ့လာ ဆည်းပူး လုပ်ကိုင်ဆောင်ရွက် ကျင့်ကြံနေသောသူ၊ ထိုသူ ငါးဦး၏ အဆုံးအမကို နာယူသောသူသည် လောက၌ နမ မရှိ၊ ငါးယောက် ကယ့်မောင် ဖြစ်ချေသည်။

'ထိုကဲ့သို့ အစ်မငါးယောက်၏ မောင်သည် လောကစည်းစိမ်၌ တင့်တယ်ခြင်း၊ အသက်ရှည်ခြင်း၊ ဘုန်းကြီးခြင်း၊ အန္တရာယ်ကင်းခြင်း၊ ကောင်းသော ဆန္ဒရှိခြင်း၊ ကောင်းမှုနှင့် မွေ့လျော်ခြင်းတည်းဟူသော မင်္ဂလာအပေါင်းနှင့်

ပြည့်စုံရာချေသည်။ ထို့ကြောင့် ဤမင်္ဂလာအပေါင်းတို့ကို အလိုရှိသောသူသည် ပြဆိုခဲ့သော အစ်မငါးယောက်တို့ကို နှစ်လိုရာချေသည်။ ထိုသို့ နှစ်လိုအပ်သည်နှင့်အညီ ထိုအစ်မတို့၏ ကျေးဇူးတရားကို နားလည်၍ ထိုအစ်မတို့၏ အပေါ်၌ အပြစ်ကို မပြုရာ။ ထိုအစ်မတို့နှင့် ပတ်သက်၍ ကတိုက်ကုန်းချော အပြစ်ပြော သော စကားတို့ကို နားမဝင်ရာ။ ထိုအစ်မတို့ကို မပြစ်မှားရာ။ တစ်ယောက်တည်းသော သားရှိသည့် မိခင်သည် ချစ်လှစွာသော မိမိ၏သားအား မိမိ၏ အသက်အေးကို မငဲ့ကွက်ဘဲ စောင့်ရှောက်ဘိသကဲ့သို့ ထိုအစ်မတို့၏ ကျေးဇူးကိုသာ ထပ်တလဲလဲ တင်ပြီးသော် ထိန်းသိမ်းစောင့်ရှောက်ရာချေသည်။ ဤလူ့ဘောင်၌ ထိုသည့်သူ သာလျှင် နှမ မရှိ၊ ငါးယောက်ကယ့်မောင် ဖြစ်ချေသတည်း'

မင်းကြီးသည် ထိုအဖြေတို့ကို များစွာနှစ်သက်၍ 'အချင်းပညာရှိ၊ သင်၏ ဖြေဆိုချက်သည် အလွန်နှစ်သက်ဖွယ် ရှိ၏တကား။ ထိုနက်နဲလှသော ပြဿနာ၏ အဖြေများကို အသို့လျှင် တတ်သိဘိသနည်း' ဟု မေးတော်၏။

'အရှင်မင်းကြီး၊ ထိုပြဿနာများ၏ အဖြေကို ကျွန်တော်သည် မုံးချောင်းငယ်၏ကမ်း မုံးရွာဆိပ်ကမ်းသာသာနှင့် မျက်နှာချင်းဆိုင် ဖြစ်သော တောအုပ်အလယ်ရှိ အင်းကစားနေသည့် ရသေ့ကြီးထံ၌ ခစားသောအားဖြင့် တတ်သိခဲ့ပါသည်'

'ကောင်းပေစွ ... ကောင်းပေစွ ... ကောင်းပေစွ ... လိုသောဆုကို ဆိုလော့'

'ကျွန်တော် လိုသော ဆုကား အရှင်မင်းကြီး၏ မိဖုရားငယ် စောရမယ် ပါတည်း'

'ဟယ် ... တောတွင်းသား သင်နှင့် ငါ့မိဖုရားငယ်သည် တန်သလော၊ သင် လိုသော အခြားဆုကို တင်လော့'

'အရှင်မင်းကြီး၊ အသို့ ဆိုတော်မူဘိသနည်း။ မင်းကြီးနှင့်တကွသော ပညာရှိလေးဦးတို့၌ မလင်းနိုင်သည့် ပြဿနာသုံးရပ်ကို ကျွန်တော် ဖြေဆိုနိုင်ခြင်းသည် မိဖုရားငယ် စောရမယ်နှင့် ထိုက်တန်ခြင်းကို ပြနေသော ခုံသမာဓိသာလျှင်ပါတကား။ ထို့ကြောင့် သစ္စာကတိ တည်ညီသော မင်းတို့၏ ကျင့်ဝတ်နှင့်အညီ စောရမယ်ကိုသာ ဆုအဖြစ်နှင့် သနားတော်မူပါ'

'ငါကား ငါ့မိဖုရားငယ်ကို မပင်ပန်းစေလို၊ အခြားဆုဖြင့် သင့်အလိုပတ်ကို ပြည့်စေလော့'

'ထို ... ဒါဟာ မင်းဧကရာဇ်ရဲ့ စကားလား၊ ဧကရာဇ်ပီပီ ကျင့်သုံးရန် ကျွန်တော် တိုက်တွန်းပါတယ်'

'ဟယ် ... တောတွင်းသား၊ နင် ရာဇဝတ်တော်ကို ကျူးလွန်ရန် တောင့်တနေဟန် တူတယ်'

'ကတိမတည်တဲ့ မင်းကြီး၊ ငါကား အချည်းနှီးဖြစ်တဲ့ တောသား မဟုတ်။ သင်ကား မုသားဆိုတဲ့မင်း။ စောရမယ်ကို ငါ ရပြီ။ စောရမယ်ဟာ ငါ့မယား။ ငါဟာ တောသား မဟုတ်သော်လည်း တောကြီးအလယ်မှာ ပျော်မွေ့နေတဲ့ ယောဂီလူပျို ဖြစ်တယ်။ သင် မပေးလိုသော် မနေရ၊ တစ်ချိန်ချိန်တွင် ငါလာပြီး ခေါ်မယ်' ဆိုကာ ထိုသူသည် မင်းရင်ပြင်မှ ရုပ်ဖျောက်ပြကာ ထွက်သွားလေ၏။

*

ထိုနောက် သုံးရက်မြောက်၌ မင်းကြီးသည် မိဖုရားငယ်နှင့် နန်းတွင်းတွင် ငမဲကျွန်နှင့် စပ်လျဥ်းသော စကားတို့ကို ပြောနေစဉ် ပြဿနာဖြေခဲ့ဖူးသော ယောကျ်ားသည် သန်လျက်ဓားကို ကိုင်ဆောင်လျက် ရုတ်တရက် ရောက်လာပြီးသော် 'စောရမယ် ထ ... အလှကို မင်းကြီးထံက ငါ ရထားပြီးပြီ။ ငါဟာ ပြဿနာဖြေတဲ့ သူပဲ။ ဟိုအခါကပင် သင့်ကို ဆုအဖြစ်နှင့် ငါ့အား မင်းကြီးက ပေးပြီးပြီ။ ငါနှင့် သင်ဟာလည်း ပရဗိုဇ်ဘဝ၌ ချစ်ကျွမ်းဝင်ကာ ပေါင်းသင်းဖူးခဲ့ပြီ။ ငါတို့ရဲ့ အချစ်ရတနာပုံကို ပန်းစုံတဲ့ ဂနိုင်ဘုံ၌ အမျိုးမျိုး အဖုံဖုံပြုကာ ချမ်းသာစွာ ဖိမ်ယစ်ကြပါစို့' ဆိုကာ စောရမယ်၏ လက်ကိုဆွဲကိုင်၍ မင်းကြီးသည် ဝိဇ္ဇာမိုရ်ဖြစ်သော ထိုသူကို အံ့အားသင့်စွာနှင့် ကြည့်နေသည်တွင်ပင် ဝိဇ္ဇာမိုရ် ယောကျ်ားသည် မြေကြောရှုံ့ တန်ခိုးကို ပြီးမြောက်နေသည့်အတိုင်း ရုတ်ခြည်းထွက်သွားကာ စောရမယ် မိဖုရားနှင့်တကွ ပျောက်ကွယ်သွားလေ၏။

ထိုအခါကစ၍ မင်းကြီးသည် နောင်တကြီးစွာဖြင့် စိတ်မချမ်းမသာ ဖြစ်ပြီးလျှင် ဤသို့ တသ ဆိုမြည်မိလေ၏။ "ငါ၌ ယခုကဲ့သို့ တွေ့ကြုံရသည်ကား ငါ သုခမိန်နှင့် ကွေကွင်းနေရခြင်းကြောင့် ဖြစ်ချေသည်။ အို ... ပညာရှိ၊ ငါကား မသူတော်တို့၏ လှည့်စားမှုကို ယုံမှားမိသဖြင့် သင့်အပေါ်၌ မှားခဲ့ပြီ။ မှားယွင်းမိသော သူနှင့် နောင်တ တရားသည် တွဲလျက် ရှိချေတော့တကား။ အို ... ပညာရှိ၊ ငါ၏ဆင်းရဲမှုသည် သင့်အားဖြင့်သာ ပပျောက်စေနိုင်အံ့တကား။ ငါ၏ ဘေးရန်ခပ်သိမ်းသည်လည်း သင့်အားဖြင့်သာ လုံခြုံအံ့တကား။ သင် ပုန်းအောင်းရာ အရပ်သည် အဘယ်မှာနည်း။ သင်နှင့် ကွေကွင်းနေရသမျှ ကာလပတ်လုံး ငါ၏ ပင်ပန်းဆင်းရဲမှုသည် ပွားများလေအံ့တကား" မင်းကြီးသည် ထိုကဲ့သို့ တ,သ၍ နန်းတော်မှ ရုပ်ဖျောက်ထွက်သွားလေ၏။

မင်းကြီးသည် တပင်ရှားရှား နေပြည်တော်မှ ထွက်ခွာခဲ့၍ မုံးရွာသိမ်ကလေးသို့ ရောက်သောအခါ တစ်ဖက်ဆိပ်ကမ်းသို့ ကူးလျက် သုခမိန်ကို စောင့်စားကာ နေလေ၏။

ငမဲကျွန်လည်း ရေအိုးကိုထမ်း၍ ရေဆိပ်သို့ ဆင်းလာ၏။ မင်းကြီးသည် သုခမိန် အလာကို မြင်ရလတ်သော် အလွန်အားရဝမ်းသာနှင့် အေးမြသော ရွှေမျက်ရည်တော်သည် နုတ်ဆက်လင့်ကစား၊ ငါ့အား သုခမိန်သည် ရုတ်တရက် မမြင်သင့်သေးဟု အနီးအပါးရှိ တစ်ခုသော ချုံကွယ်မှ ချောင်းမြောင်းကာ ကြည့် နေလေ၏။

ငမဲကျွန်လည်း ရေဆိပ်၌ ရေအိုးကို ချ၍ "အို ... မယ်တော်မနုစာရီ ကျေးဇူးရှင်၊ မယ်တော်အား ရှိခိုးပါ၏။ အို ... သက်သာပြည်ကြီးရှင် ဘုရင် ရွှေမှောက် အရှင်မင်းကြီးအား ရှိခိုးပါ၏" ဟု တမ်းတပြီးသော် ရေသို့ ဆင်း လေ၏။ ထိုအခါ မင်းကြီးသည် မဆည်နိုင်ဘဲ ပုန်းကွယ်နေရာမှ ထွက်လာ ပြီးသော် သုခမိန်ကို ဖက်ကာ မျက်ရည်စက်လက်နှင့် နေလေ၏။

*

မင်းကြီးနှင့် ငမဲကျွန်သည် နေပြည်တော်သို့ ပြန်ပြီးသော် နှစ်ကိုယ်ကြား ရေးနှင့် ကြောင်းရာတို့ကို ဆွေးနွေးတိုင်ပင်လျက် သုခမိန်သည် မင်းကြီးအား နှစ်သိမ့်စေပြီးသော် ကြံဆောင်ဖွယ် ကိစ္စတို့ကို ကြံဆောင်နေလေ၏။

ငမဲကျွန်သည် ပြုဖွယ်ကိစ္စတို့ ပြည့်စုံသောအခါ မင်းချင်းကို့ကို စည်းဝေးစေ၍ ၎င်းတို့အထဲမှ အသည်းဖြူ အူစင်း တစ်ယောက်ကို ရွေးချယ် ပြီးလျှင် အမျိုးမျိုး သွန်သင်မှာထားကာ နဝရတ်ကိုးပါးပြာနှင့် ရောထားသော ဘောဇဉ် အမြိန်အရသာတို့ကို ကောင်းစွာ ကျွေးမွေး၏။ ငွေပြားတစ်ခုတွင် အင်း စီရင်လျက် လက်ဖွဲ့ထိုးနှံကာ အာဏာအပ်၍ ခရီးလမ်းညွှန်ပြကာ၊ စောရ မယ်ကို လုယူသွားသော ဝိဇ္ဇာဓိုရ်ထံသို့ လွှတ်၏။ မင်းချင်းလည်း လုပ်ရတ်နည်းနှင့် စီရင်ထားသော နှစ်ဖက်စိန်သွား ဓားမြှောင်နှင့် လေး, မြားတို့ကို စွဲဆောင်ကာ ရဲရဲရင့်ရင့် ထွက်သွားလေသည်။

မင်းချင်းသည် သုခမိန် နှံလိုက်သော လက်ဖွဲ့ကိုင်၍ ခရီး အစဉ်တစိုက် သွားလေရာ ဝိဇ္ဇာဓိုရ်နှင့် မိဖုရားတို့ စံနေသည့် တောအုပ်သို့ ခဏချင်းဖြင့်လျှင် ရောက်သွားလေ၏။

မင်းချင်းလည်း အချိန်ကိုမှတ်၍ ဤအချိန်သည် သင်းတို့ ချမ်းသာစွာ ပျော်မွေ့နေသော အချိန်တည်း။ ထိုအချိန်ကို ငံ့လင့်အံ့။ ဝိဇ္ဇာဓိုရ် ယောကျာ်း သည် သစ်သီးအလို့ငှာ ထွက်လတ္တံ့။ ထိုအခါမှ ငါ ကြံစည်မည်ဟု တောအုပ် အတွင်းမှ စောင့်ဆိုင်းကာ နေလေ၏။

ဝိဇ္ဇာဓိုရ်သည် သစ်သီးရှာ သွားလတ်သော် ရိပ်သခ်မ်း၌ တစ်ယောက် တည်း ကျန်ရစ်ခဲ့သော မိဖုရားသည် သာယာချိုအေးစွာ သီချင်းကျူးရင့်လျက်

ရိပ်သခ်မ်းကို နှစ်သက် သာယာစေဘိ၏။ ၎င်း၏အပေါ်း၌ ဥဒေါင်းများ၊ ရစ်များ တို့သည် ကစားကာ၊ က,ကာ နေကြကုန်၏။ ထိုကဲ့သို့ တိတ်ဆိတ်၍ ပန်းမျိုးစုံ ခြယ်လှယ်လျက် ပန်းရနံ့တို့ဖြင့် ထုံသင်းနေသော ရိပ်သခ်မ်းမှ သာယာချိုအေး ကြည်လင်သော မိဖုရားငယ်၏ အသံသည် တောအရေးကို တိုးတက် သာယာ စေလျက် တောအုပ်အတွင်းမှ စောင့်ဆိုင်းကာနေသော မင်းချင်းကို ကြည်နူး ရွှင်ပျခြင်း ဖြစ်လာစေဘိ၏။ တိုး၍ တိုး၍ ကြားရသူ၏ နား၌ သာယာချိုအေး သည်ဟု ထင်ရသော စာရမယ်၏ ထိုသီချင်းသံ လှုံ့ဆော်မှုသည် တိုးတက်လာ ပြီးလျှင် မင်းချင်း၌ ကိန်းအောင်းနေသော မေထုန်တံတင်းကို ရိုက်ခတ်ဖွင့်လှစ် လေရကား မင်းချင်း၏ တစ်ကိုယ်လုံးကို နှစ်သက်ခြင်း အဟုန်သည် လွှမ်းခြုံကာ တည်နေလေ၏။

မင်းချင်းသည် သခ်မ်းနှင့် မနီးမဝေးသော တောအတွင်းမှ အသံလာရာသို့ တိုးသွားကာ ကြည့်လေရာ၊ အဝတ်မဲ့ကာ ကိုယ်ကို အပြေအပြစ်ပြု၍ သီချင်း အေးအေးနှင့် ကျူးရင့်လျက် တောစိုးနတ်မယ်လျှသဖွယ် ဥဒေါင်း၊ ရစ်တို့ ခြံရံ ကာနေသည့် မိဖုရားငယ်ကို ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း ရှင်းရှင်း ကြီး မြင်ရလေ၏။ ထိုအခါ မင်းချင်းသည် တပ်ငြိသောစိတ် ထုံလာလျက် တဖျပ်ဖျပ်နှင့် တုန်လှုပ်ချောက်ချားလာ၏။ မိဖုရားငယ်၏ အဆင်း ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော ကိုယ်ရည်ကိုယ်သွေးတို့ကြောင့် သတိတရားသည် ရတ်ခနင်း လွတ်လျက် မှောက်မှားတော့မည့် စိတ်သည် အရှိန်တိုးလာ၏။

ထိုအခါမှ မင်းချင်းသည် သတိကို ဖြစ်စေလျက် "ငါ့အား သုခမိန်သည် ဘယ်လို မှာထားကာ လွှတ်လိုက်သလဲ" ဟု တွေးဆကာ မိဖုရားငယ်ထံသို့ ဝင်ရောက်၍ ဤသို့လျှင် နှုတ်ဆက်စကားကို ဆိုလေ၏။

'အလို ... ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတဲ့ တောကြီးအလယ်မှာ တစ်ကိုယ်ထီးတည်း မငြီးငွေ့ဘဲ ပျော်မွေ့နေလိုက်တာ ဝိဇ္ဇာမလား၊ တပသီလား၊ တောစိုးနတ်မယ်လျှလား၊ ဘယ်အမျိုး ဘယ်အနွယ် ဘယ်သူပါလိမ့်မလဲ'

မိဖုရားငယ်ကား ရှက်စနိုးဖြင့် ချထားသော အဝတ်ကို လှမ်းယူ ပတ်လျက် ဤသို့လျှင် တီတီတာတာ ချိုသံသာနှင့် စကားနှင့် ခရာလေ၏။

'မောင် ဘယ်သူလဲလို့ ကျွန်မကို သိချင်တော်မူပါနှင့်ဦး၊ မောင်ဟာ သည်ခရီးကို တစ်ယောက်အထီးတည်း ဘယ်တိုင်း ဘယ်ပြည် ဘယ်ဆီက ဘာကိုရည်ပြီး ရောက်လာပါသလဲ မောင်'

'အလှထိပ်တင် တောကြီးရှင် ဘုရင်မကလေး၊ ကျွန်ပ်ကား သားငါး အလို့ငှာ လှည့်ပတ်ကာနေပါတဲ့ မုဆိုးသားပါ။ ဘုရင်မကလေးကား ကြည့်လို့

မငြိုး တားဆီးမရ မြင်ရသူ ဘဝင်ကြွလေအောင် အလုကြီးလှပါဘိ။ ဝဖြိုးစိုပြည် သွေးရည်ဖြန်းတက် မြင်လေတိုင်း မက်စရာ၊ ဘယ်ဆုမျှား ဆိုလာလို့ လူ့ရပ်မှာ မမြင်စဖူး အဆင်းတော် ထူးလှချည့်။ အသံကလည်း သာယာချိုမြပြီး အေးလွန်းပါသောကြောင့် လူလား၊ နတ်လား၊ ကိန္နရီလားလို့ ခြားခြားနားနားကြီး သိပါရစေ တောဒေဝီ သခင်မကလေး'

'အို ... ရှင့် တောပျော် မုဆိုးကျော်၊ အတော် စာဆို ညက်လှပါကလား။ သည်ကျွန်မကား မောင် ထင်ငြားတဲ့ နတ်မျှားထဲက မဟုတ်၊ ကိန္နရီလည်း မဟုတ်၊ နဂိုရပ်နှင့် အမူမများတဲ့ လူသားစင်စစ်ပါ ရှင့်'

'အလို လူသားစင်စစ် ဆိုတာကို တောပျော်လူပျို ဘယ်လို ယုံရပါမလဲ။ ဘာကြောင့် လှည့်စားကာ မဟုတ်တာကို ပြောပါလိမ့်မလဲ။ လူဟာ သည် လောက်ပင် အယဉ်အလှ၌ ယှဉ်မရအောင် အသွေးအရေတွေ ကြွဆောင်နိုင်ပါ့ မလား'

'ယုံပါတော့မောင်၊ ကျွန်မကား လူသား စင်စစ်ပါ။ သည်တောကြီး ကန္တာမှာ အဇ္ဈန္တရသစ်သီးတို့ကို စားမိုးကာ နေရလို့ ပျိုနုချစ်စဖွယ် တင့်တင့် တယ်တယ် လှနေတယ် ထင်ပါတယ်မောင်'

'ရှိပါစေတော့ အလှရှင်ငယ်၊ လူသား စင်စစ် မှန်ခဲ့ပါရင် သည်တောကြီး ထဲမှာ အဖော်မမှီးဘဲ ဘာကြောင့် တစ်ကိုယ်ထီးတည်း နေရပါသလဲဗျာ'

မိဖုရားငယ်ကား ရတ်တရက် ညှိုးငယ်သော မျက်နှာနှင့် မျက်ရည်ကျ လာလျက် ရှိုက်ကာရှိုက်ကာ ပင့်သက်ဖြာ၍ ဤသို့ ဆိုရှာပြန်၏။

'လေးမြားသခင် တောကြီးရှင်၊ ကျွန်မကား သက်သာပြည်ကြီးရှင် ဘုရင် မင်းမြတ်ရဲ့ မိဖုရားတစ်ပါး ဖြစ်ခဲ့ပါတယ်။ တစ်နေ့သောအခါ ဆောင်ခန်းကြာမှာ ကျွန်မနှင့်မင်းကြီး ချစ်တင်းကို နှီးလို့ တီးတီးတာတာ ကြောင်းစေ့စွာနှင့် နှစ်ကိုယ်တည်း ကြည်ရွှင်စွာနေခိုက်တွင် ဝိဇ္ဇာခိုရ် လူမိုက်ဟာ တရားဖောက်လွှဲ ကျင့်မိုက်မဲဖြင့် သူ့အတတ်နှင့် လုယက်ကာယူပြီး သည်တောကြီးအလယ်မှာ ယခုလို ထားပါတယ် အရှင်ရယ်။ ကျွန်မ ဘဝါဘဝက ဘယ်လို မကောင်းမှုကို ဘယ်လို ပြုခဲ့မိသောကြောင့် ယခုကဲ့သို့ ဒုက္ခတွေ့ရပါသလဲရှင်'

'သြော် ... သည်လိုပါ ရှင်မိဖုရား၊ လောကမှာ တွေ့ရသမျှဟာ အကောင်း ချည်းရယ်လို့ ယူဆတတ်ပါရင် သဘာဝရဲ့ ရသာကောင်းကို ခံယူတတ်ခြင်း အစစ်ပါပဲ။ ယခု တောကြီးအလယ် ပန်းများခြယ်တဲ့ ခန်းသာဝယ်မှာ ဝိဇ္ဇာခိုရ် လူလှနှင့် သဘောကျ နေရမင့်ပဲ ကာမဂုဏ်အဆီတုံးကို ပြုံးပြုံးကြီးပြုကာ သဘောရှိ သုံးဆောင်ပါတော့လား အလှဘုရင်မကလေးရယ်'

'အို ... အို ... အို ... သည်လိုစကားကို ဆိုငြားပါနှင့် မောင်၊ စောရ ကြားနိုင်ပေါင်၊ ကြားလည်း ကြားချင်ပေါင် မောင်ရယ်။ တောပျော်ဘုရင် သဘော လှလှကြီး ဝင်ပြီး ဆင်ခြင် စဉ်းစားတော်မူစမ်းပါ။ မိန်းမဆိုတာဟာ အားနည်းတဲ့ အမျိုးပါ။ လူမိုက် လက်တွင်းမှာ မငြင်းသာလို့ ဂုဏ်လျှာနှစ်ခုကို လုံးလုံးကြီး မချစ်ဘဲနှင့် အံခဲပြီး အပြုံလိုက် အပ်ရပါတယ်။ သူ လိုရာကိုလည်း မသဒ္ဓါ ဘဲနှင့် အပင်းခဲကြီး ဆိုတော့လို့ ဗလာန္တကာ ဆက်နေရပါတယ်။ သူ ညှဉ်း ချင်တိုင်းညှဉ်း မငြင်းနိုင်ဘဲ အတင်းပြုသမျှကို မခုခံနိုင်လို့ မျက်လုံးချင်းပြိုင် ချစ်သလိုလုပ်ကာ ဆိုင်ရပါတယ် မောင်။ သည်တောကြီးအလယ်တွင် ဘယ်မှာ ပျော်ရွှင်နိုင်ပါ့မလဲ။ နန်းတော်နှင့်တော သည်သဘောကို မပြောပါရစေနှင့်တော့ မောင်၊ မောင်ပဲ ချင့်ကာ သင့်အောင်သာ စဉ်းစားပါတော့ရှင်'

'အကယ်တန်တည့် ကျွန်ုပ် ကယ်ခဲ့ရင် ရှင်မိဖုရား သဘောတူနိုင်ပါ့ မလား'

'အို ... မောင် ကယ်ဆယ်နိုင်ရင် သဘောမတူ မကြည်ဖြူဘဲ ဘယ့်နှယ် နေပါ့မလဲ။ ယခု မောင့်ကို မြင်ရတာဟာ သိကြားနတ်သခင် ယိုးစွပ်ချင်လျက် ငမ်းငမ်းတက်ကြီးပင် ဝမ်းသာလှပါတယ်။ မင်းဝတ်စိုးဟန် အဖိုးတန်နှင့် ကြံ့ခိုင် ထွားကျိုင်း ကျောမပြိုင်းဘဲ လူကဲမြောက်မြောက် မြတ်ကိုယ်ပေါက်ဖြင့် လျောက် ပတ်အောင် လှပတဲ့ အာဂယောကျ်ား၊ မ တစ်ထောင်ပေါက်တွင် တစ်ယောက် ဖွားရဲ့ သနားတဲ့ ကယ်ခြင်းကို သဘောကြည်ဖြူ မေတ္တာရည်တူပြီး အခွင့်ပြုကာ မှုနိုင်ပါတယ်။ သို့သော် ဝိဇ္ဇာဓိုရ်ယောကျ်ား သစ်သီးစားတဲ့ တောပျော်သားဟာ အင်မတန် တန်ခိုးကြီးလှပါတယ်။ မြေကိုလျှိုး မိုးကိုပျံနှင့် ရန်အမျိုးမျိုးကို နှိမ်နင်းနိုင်လို့ မောင် လူစွမ်းချင်း ပြိုင်နိုင်မယ် မထင်ပါ'

'သြော် ... သည်လိုလား ရှင်မိဖုရား၊ သက်သာပြည်တွင် ဘုရင်ရွှေမောက် ဟာ လူများသေနင်း မင်းများ မင်းပေါ့။ သည်တောကြီးမှာ ဝိဇ္ဇာသော ဘာသော ညာသော သောထောင့်ငါးရာ မနှောလာနှင့်တော့။ လေမြားကိုလွယ် လက်ဝယ် ထားထား မင်းမူကာ သွားလာနေပြီး ဇော်ဂျီဖိုလ်ဝင်သားကို စားခဲ့သည်မှာ များလှ ချေပြီ။ သားငါးမရ ဝမ်းမဝလို့ ဆာလှလေတိုင်း ဝိဇ္ဇာကိုခုတ်ပိုင်းပြီး မီးမှာကင်၊ ရေပူတွင်လည်းချ အားရအောင် စားခဲ့လှတဲ့ တောပိုင်ဧကရာဇ် သည်ကိုယ်ပါ။ ဘာကြောင့် ရှင်မရဲ့နှောင်းငယ် ချစ်ကျွမ်းဝင်တဲ့ သူခိုးနှယ် ဝိဇ္ဇာကို အရေးဆိုကာ မှုရပ့ါမလဲ။ အလှကလေးရဲ့ သဘောတော်ကို သရုပ်ပေါ်အောင် ထုတ်ဖော်ပြီး ရဲရဲကြီး ဆိုတော်မူစမ်းပါ'

ထိုအခါ စောရသည် 'သနားသဖြင့် ကယ်တော်မူပါ မောင်' ဆိုကာ

မင်းချင်း၏အနီးသို့ ကပ်၏။ လက်တို့ကို ဆုပ်နယ်သုံးသပ်၏။ ရွှင်ပျပြုံးကြည်သော မျက်နှာနှင့် မိန်းမလျာတို့၏ ဧည့်ဝတ်ကို ဖြစ်စေ၏။ ဝတ်လွှာရုံ ကင်းခြင်းဖြင့် တစ်ကိုယ်လုံးကိုလည်း အပ်၏။

မင်းချင်းကား သဘောတည်ကြည် ဖြောင့်မတ်သူ ဖြစ်၏။ အရှင်သခင် ကျေးဇူးကို နားလည် သိတတ်သူလည်း ဖြစ်၏။ မိန်းမတို့၏ သဘာဝကို နားလည် ကျွမ်းကျင် သိတတ်သူလည်း ဖြစ်၏။ ထို့ကြောင့် ဤသို့သော ပရိယာယ်စကားကို သုံးပြန်၏။

'အရှင်မ၊ အရှင်မအား ကျွန်ုပ် ကယ်ဆယ်မည် ဖြစ်၏။ အရှင်မသည် ခေတ္တခဏမျှသာလျှင် မဟုတ်၊ အစဉ်အမြဲ ကျွန်ုပ်၏ တောပျော်ကေရာဇ် မိဖုရား ဖြစ်နိုင်ပါ့မလား'

'အရှင်၊ အသို့လျှင် စုံစမ်းပြန်ပါသနည်း။ အဝတ်အစားချင်းလည်း မတူ၊ အရုပ်အဆင်းချင်းလည်း ခြားနား၊ ယခုလို အသရေပြည့်တဲ့ မျက်နှာတော်ရှိ တောပျော်တစ်ယောက်ရဲ့ အလုပ်အကျွေး မိဖုရားအဖြစ်ကို မငြင်းမပယ်လိုလို့ ကိုယ်ကိုပုံပြီး အပ်ပါပကော အရှင်ရယ်'

'သည်လို သဘောတော် သင့်မြတ်ခဲ့ပါလျှင် တစ်ဆိတ်ကလေး သည်းခံတော်မူပါဦးနော်။ ယနေ့ကား ကျွန်ုပ် ဥပုသ်သုံးသောနေ့ ဖြစ်ပါတယ်။ ယနေ့ မွန်းတည့်လွန်မှ ကျွန်ုပ်ရဲ့ အဓိဋ္ဌာန်ဥပုသ်ဟာ စေ့ပါမယ်။ ဒါကြောင့် ကျွန်ုပ် တောတွင်းကခိုပြီး အသာ စောင့်နေပါဦးမယ်' ဆိုကာ မင်းချင်းသည် ရိပ်သမ်း နှင့် မနီးမဝေး တောတွင်းတွင် အချိန်ကိုမှတ်ကာ ဝင်ရောက်ခိုအောင်းနေလေ၏။

ထိုခဏ၌ ဝိဇ္ဇာဓိုရ်သည် အဗ္ဗန္တရသစ်သီးကိုယူ၍ ရေသုံးသပ်ပြီးသော် ပြန်ရောက်လာ၏။ မိဖုရားငယ်ကား မိန်းမတို့၏ဝတ်နှင့် ဆီးကြို၏။ ဝိဇ္ဇာဓိုရ်သည် သစ်သီးခြင်းကို ချလျက် ထက်မြက်စူးရှသော အချစ်နှင့် မိဖုရားငယ်ကို သိမ်းကျုံးကာ ပွေ့ပိုက်လိုက်၏။ ထို့နောက် မွေ့လျော်ပျော်ပါးကာ နေသည်တွင် မင်းချင်းသည် ခိုအောင်းရာ တောတွင်း ချုံပုတ်ထဲမှ ရုတ်တရက် ထွက်လာ၍ ကျားသည် ၎င်း၏အစာ ဒရယ်ကို တစ်ဟုန်တည်း ခုန်အုပ်ကာ ဖမ်းလိုက်သကဲ့သို့ ဖမ်းပြီးသော် ဝိဇ္ဇာဓိုရ်၏ ကျောကိုပုတ်လျက် 'ဟယ် သူယုတ်၊ ငါ့မျက်နှာကို ကြည့်စမ်း' ဟု ဆို၏။ ဝိဇ္ဇာဓိုရ်ကား အံ့အားသင့်စွာနှင့် ထ ကာ ရပ်တည့်၍ မင်းချင်းကို ကြည့်၏။ မိဖုရားငယ်ကား ကပျာကယာ ရပ်တည့်၍ ရှက်စနိုးဖြင့် ကိုယ်ကို အဝတ်တို့နှင့် ပတ်ခြုံကာ လက်ခုပ်တီးလျက် ယောကျ်ားတစ်ဦးချင်း ထိုးပွဲကို အားပေးသကဲ့သို့ ရှိနေလေ၏။

ဝိဇ္ဇာသည် မာန်သွင်း၍ မင်းချင်းကို တိုက်ခိုက်၏။ မင်းချင်းကား

နဝရတ်ကိုးပါးဖြင့် ခြယ်လှယ်ထားသည့် စိန်ဓားမြှောင်ကို ဓားအိမ်မှထုတ်ကာ ခုခံ၏။ ထိုအခါ ဓာတ်သက်ဖြင့်တည်နေသော ဝိဇ္ဇာသည် ဓာတ်အားဖြင့်ပြီးသော နဝရတ်ကိုးပါးဖြင့် ပြီးသည့် သတ္တုရောင်ဓားကို မတုနိုင် ဖြစ်နေ၏။ ရဲရဲလည်း မကြည့်နိုင် ဖြစ်နေသည့်ပြင် မွေ့လျော့ပြီး ခဏကြောင့် အားအင်ကုန်ခန်းနေ သဖြင့် ညွတ်တွင်မိသော ကြက်ကဲ့သို့ တုန်တခိုက်ခိုက်နှင့် ဖြစ်နေ၏။ စောရမယ် ကား ထိုသူနှစ်ဦးကို လက်ခုပ်တီးကာ အားပေးနေ၏။

ဝိဇ္ဇာသည် တစ်ဖန် အားသစ်ကိုဖြစ်စေရန် အဗ္ဗန္တရသစ်သီးများနှင့် ပြဒါး ပြာကို ရော၍ စားသုံးမည်ပြုရာ၊ မင်းချင်းသည် ပြဒါးပြာ ထည့်ထားသော ကြုတ်ငယ်ကို ခြေနှင့် ကန်ကျောက်ပစ်လိုက်သဖြင့် ထိုကြုတ်ငယ်သည် ချာချာ လည့်ကာ တဝီဝီမြည်လျက် လေထဲတွင် လွင့်ပျောက်သွားလေ၏။ 'ကောင်းလေစွ' ဟူသော အသံကြီး တစ်ခဲနက်သည် တောတွင်းမှ ထွက်ပေါ်လာလေ၏။

ဝိဇ္ဇာမိုရ်ယောကျ်ားကား မိမိ၏ စွမ်းအားကို မလျော့ဘဲ သံသေနှင့် ပြုလုပ်ထားသည့် သန်လျက်ဓားကို ကောက်ယူကာ စွဲကိုင်၍ မင်းချင်းကို တိုက် ခိုက်ရန် အားထုတ်၏။ စောရမယ်ကား လက်ခုပ်တီးလျက် 'ဘယ်သူဟာ ယောကျ်ား အစစ်လဲ၊ ယောကျ်ားစစ်ကို မြင်ပါရစေ၊ ယောကျ်ားစစ်ကို ကြင်ပါရစေ၊ ယောကျ်ားစစ်ကို ခင်ပါရစေ၊ ယောကျ်ားစစ်ကို ငင်ပါတယ်' ဆိုကာ အားပေး နေ၏။ ဝိဇ္ဇာမိုရ်၏ ဓားသည်ကား မင်းချင်း၏လက်မှ သိဒ္ဓိမြောက် နဝရတ် ကိုးပါးဓား၏ ဒဏ်ကို မခံနိုင်၍ ပူလောင်ပြီးသော် ဝိဇ္ဇာမိုရ်၏လက်မှ လွတ်ကျ လေ၏။ ထိုသန်လျက်သည် ဝိဇ္ဇာမိုရ်ရှေ့၌ပင် အရည်ပျော်ကျသွားလေ၏။ 'သူယုတ်မာကို မြန်မြန်ဆုံးမပါ' ဟူသော အသံနက်နက်သည် ထွက်ပေါ်လာ၍ ဝိဇ္ဇာမိုရ်ယောကျ်ားကား ဒူးတုပ်လျက် ရှိခိုးတောင်းပန်ကာ ရှိနေလေ၏။

မင်းချင်းကား လက်ခုပ်တီး၍ 'ထင်းမရှိတဲ့ တောသုံးထောင်မှာ ပြည့် အောင် ပျော်ပါး ဝိဇ္ဇာများတို့၊ လျင်လျားလာတော်မူပါကုန်' ဟု ပင့်ဖိတ်တောင်းပန် လေရာ ဝိဇ္ဇာမိုရ်ယောကျ်ား၊ ဝိဇ္ဇာမိုရ်မိန်းမ များစွာတို့သည် ရောက်လာကြကုန်၏။

'သူတော်ကောင်းတို့ ခင်ဗျား၊ ဤသူယုတ်၏ ကျင့်ကြံပြုမူပုံကို ကြည့်မြင် တော်မူကြပါကုန်။ ကျွန်တော်သည် သူ့အား အန္တရာယ်ပြုပြီးလျှင် မိဖုရားငယ်ကို ယူဆောင်မသွားလိုပါ။ အရှင်ဝိဇ္ဇာများသာလျှင် ချင်းအား ဝိဇ္ဇာမိုရ် ဖြစ်စေတဲ့ ပြဒါးပြာနှင့် ဓာတ်လုံးကို ယူပြီးသော် သမုဒ္ဒရာသို့ စွန့်ပစ်ပေးတော်မူကြပါ ခင်ဗျား'

ထိုအခါ ဝိဇ္ဇာများသည် တောကြီးတောင်ကြီးကို တုန်ဟည်း၍ ပဲ့တင် ထပ်အောင် 'ကောင်းပေစွ၊ ကောင်းပေစွ၊ ကောင်းပေစွ' ဟု သုံးကြိမ်ညီညီ

ခေါ်ကြပြီးလျှင် ထိုဝိဇ္ဇာမိုရ်၏ ခေတ်လုံးနှင့် ရှိနေသေးသော ပြဒါးပြာကို ယူ၍ ဝိဇ္ဇာမိုရ်ကို ခေါ်ဆောင်သွားကြကုန်၏။

စောရမယ်ကား ညှိုးငယ် အံ့အားသင့်စွာနှင့် သခ်မ်းတွင် မင်းချင်းနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့၍ ဤသို့သော စကားကို သနားဖွယ်ရာနှင့် ဆိုလေ၏။

'မောင်၊ ကျွန်မကို ကယ်တော်မူပါ'

'ရှင်မိဖုရား၊ ကျွန်တော်ကား တောလည်မုဆိုး မဟုတ်ပါ။ သက်သာပြည်ကြီးရှင် ဘုရင်မင်းမြတ်ရဲ့ လူယုံတော် ကျေးကျွန်မင်းချင်း ဖြစ်ပါတယ်။ ရှင်မိဖုရားသည် ကျွန်တော်အားဖြင့် နန်းတော်ကြီးသို့ ပြန်ရောက်ရန် မင်းကြီးသည် ကျွန်တော့်ကို လွှတ်လိုက်ပါတယ်။ တိုင်းတော်ပြည်တော်သို့ ကြွချီတော်မူသင့်ပါပြီ ရှင်မိဖုရား'

'မောင် ဘယ်လို ဆိုလိုက်ပါသလဲ။ စောရသည် မင်းကြီးရဲ့ နှစ်သက်မြတ်နိုးခြင်းကို ရှေးကကဲ့သို့ ရနိုင်ပါဦးမလား။ ဒရယ်များ နင်းချေ ဖျက်ဆီးထားတဲ့ ကောက်လယ်ကွင်းလို စောရရဲ့ ဖြစ်ထွေဟာ ဆိုက်နေချေပြီ။ လယ်ကွက်ပိုင်ရှင်နှင့်တူတဲ့ မင်းကြီးဟာ စောရကို သတိနိုင်ပါ့ဦးမလား'

'ရှင်မိဖုရား မည်ကဲ့သို့ ဆိုပါသနည်း။ ကျွန်တော်တို့ မင်းချင်းများသည် ရှင်မိဖုရား၏ သိခြင်းကို မရသော်လည်း ရှင်မိဖုရားကို ကောင်းစွာ သိပါသည်။ ရှင်မိဖုရား၏ အသွေးအရေနှင့် အဆင်းတော်သည် အဗ္ဗန္တရ သစ်သီးများဖြင့် ရှေးကထက် ပိုမိုတိုးတက်နေပါသည်။ ဆတက်ထမ်းပိုး လွှမ်းကဲကာ မိုး၍လည်း အလှအသရေ တိုးတက်နေပါသည်။ ထို့ကြောင့် မင်းကြီး၏ အထူးပြုကာ မြတ်နိုးရာကို ရှင်မိဖုရားမှတစ်ပါး သက်သာပြည်ကြီးတွင် ကျွန်တော်ကဖြင့် ကြည့်၍ မမြင်တော့ပါ။ တစ်စုံတစ်ရာ စိုးရိမ်နှောင့်လျက် ကြောင့်ကြဖို့မရှိပါ'

'မောင် ယောကျ်ား မဟုတ်ပါလား။ စောရဟာ မောင့်ကို စွမ်းရည်သတ္တိထူးနှင့် ပြည့်စုံတဲ့ယောကျ်ား၊ ဘုန်းသမ္ဘာရှိတဲ့ ယောကျ်ားလို့ ရဲရဲကြီး ဆိုပါတယ်။ ဒါကြောင့် စောရနှင့်မောင် မေတ္တာကြည်ဖြူ နှစ်ကိုယ်တူ၍ စိတ်ထားနှောင်ပြီး သည်တောကြီးအလယ်မှာ ပျော်ပျော်ကြီး မွေ့လျော်နေကြရရင် တော်မယ် မထင်ဘူးလား။ စောလေ မောင့်ရင်ခွင်ထက်၌ နှစ်သက်စွာ ပွေ့ပိုက်ခြင်းဖြင့် မောင့်အကြိုက်ကို လိုက်ကာ မျက်တောင်ကလေး စင်းစင်းနှင့် မငြင်းဘဲ ဝတ်ပြုပါရင် သည်ဇမ္ဗူမှာ ပြိုင်နှိုင်းရာကင်းပတဲ့ စည်းစိမ်ကြီးရှင် ဖြစ်ကြရမယ် မဟုတ်ပါလား မောင်'

'ရှင်မိဖုရား၊ ကျွန်တော်ကား ရှင်မိဖုရား ချမ်းသာရာ ချမ်းသာကြောင်း

အတွက် ကယ်ဆယ်ဖို့ ကျေးကျွန် အစစ်အမှန် ဖြစ်ပါတယ်။ အရှင်မသည် ကျေးကျွန်၏ မျက်နှာထားချိုချို ဟိုလိုသည်လိုနှင့် ကြည့်ရှုံမှုကိုပင် မထိုက်ပါ။ ရှင်မိဖုရားသည်လည်း မင်းကြီး၏ တိုးတက်သည့်သဒ္ဒါနှင့် ကြင်ကြင်နာနာကြီး နှစ်သက်ခြင်းကို ရရမည် မလွဲပါကြောင့် ပြည်တော်သို့ ပြန်လည်ကြွချီချိန် သင့်တော်ပါပြီ ရှင်မိဖုရား'

ဤနည်းတို့ဖြင့် မင်းချင်းသည် မိဖုရားငယ်ကို နှစ်သိမ့်စေပြီးနောက် မိဖုရား၏ နူးညံ့သိမ်မွေ့သောလက်ကို လက်တစ်ဖက်က ဆွဲ၍ လည်းကောင်း၊ အဗ္ဗန္တရ သစ်သီးခြင်းကို လက်တစ်ဖက်က ပွေ့၍ လည်းကောင်း ထိုတောအုပ်မှ ငုံထားသော အင်း၏တန်ခိုးဖြင့် မကြာမြင့်မီပင် နန်းတော်သို့ ပြန်ရောက်လာလေ၏။

*

တစ်နေ့သော ညီလာခံသဘင်၌ ပညာရှိ ငမဲကျွန်သည် မင်းကြီးအား ဤသို့ တင်လျှောက်လေ၏။

'အရှင်မင်းကြီး၊ ရန်သူကို မည်သည့်နည်းနှင့်မဆို အောင်ခြင်းသည် သင့်ပါသလော'

'သုခမိန် သင့်၏။ ပညာရှိလေးဦးကား သဘာဝခြင်းရာကို နှံ့နှံ့စပ်စပ် မစေ့ငတတ်သဖြင့် မသိရှာကြပေ'

'အရှင်မင်းကြီး မေထုန်မှု၌ မိမိအလိုအတိုင်းပြည့်အောင် မည်သည့်နည်းနှင့်မဆို ပြုလုပ်လေသမျှသည် သင့်သလော'

'သုခမိန် သင့်၏။ ပညာရှိလေးဦးကား ထူးဆန်းသော၊ ဆန်းကြယ်သော သဘာဝ၏ အကြောင်းအကျိုးကို မသိ၊ မထင်မြင်တတ်။ နေရာနှင့်နေရာ လျော်ညီအောင် ကျင့်ကြံပြုမူအပ်သည်ကို သိထင်နိုင်သောဉာဏ် ကင်းမဲ့ခြင်းကြောင့် မသိရှာကြပေ'

*

ထိုညီလာခံ ကွဲသောအခါ မင်းကြီးနှင့် သုခမိန် နှစ်ဦးသာ ကျန်ရှိ၍ ဤသို့လျှင် စေ့စပ်သော စကားတို့သည် ဖြစ်လေ၏။

'သုခမိန်၊ မိဖုရားငယ်ဟာ သူတောင်းစားလက်ဝယ် ရောက်သွားတဲ့ ရွှေခွက် ဖြစ်ချေပြီ မဟုတ်လား'

'အရှင်မင်းကြီး၊ သူတောင်းစား လက်ဝယ်ရောက် ရွှေခွက်သည် နန်းတွင်းရှိ ထင်းဆွေးထက် အဖိုးမတန်ရာသလော။ လူနူထံမှ ရသော မနော မယိဒ္ဒိ ပတ္တမြားသည်လည်း တန်ခိုးနှင့် ပြည့်စုံနိုင်ပါသည်'

'အင်း ... မှန်၏'

'အရှင်မင်းကြီး၊ ထိုသည့်ပုံအတူ မိန်းမ ရတနာတို့၌ တည်တော့ပြီ။ မိဖုရားငယ်သည် ဝိဇ္ဇာဓိုရ်၏လက်သို့ ခေတ္တ ပါသွားရရာ အဇ္ဈတ္တရသစ်သီးများနှင့် ပြဒါးပြာကိုရော၍ အာဟာရကို ဖြစ်စေခြင်းကြောင့် လုပသော အသရေတော်သည် တိုး၍ လုပတင့်တယ်လာပါသည်။ ကိုယ်ရေတော်သည်လည်း တိုး၍ နူးညံ့လာသဖြင့် အတွေ့သည် ထူးကဲကာ သာယာလာပါသည်။ ကောင်းခြင်းအဖြာဖြာတို့သည် တိုးတက်ကာ အဖိုးတန်လာပါသည်။ "လောက၌ နှစ်သက်ခြင်းသည် သာလျှင် သန့်ရှင်းစင်ကြယ်ပါသတည်း။" ထို့ကြောင့် အဆင်းအလျာ တင့်၍ တင့်၍ မြင့်လာသော မိဖုရားငယ်ကို ရှေးကထက် ပိုမိုကာ သဒ္ဓါသင့်ပါကြောင်း ထပ်လောင်းကာ တင်ဝံ့ပါသည် အရှင်မင်းကြီး'

'သုခမိန် လျှောက်တင်တိုင်း မှန်ခဲ့ပါရင် မင်းချင်းဟာ တောတွင်းမှာ မိဖုရားငယ်နှင့် နှစ်ကိုယ်ချင်း နေခဲ့ရတယ်။ သင်း ယောကျ်ား မဟုတ်လား။ နူးညံ့သိမ်မွေ့ အတွေ့ထူးကဲတဲ့ မိဖုရားငယ်ရဲ့ အတွေ့ဟာ ချင်းကို ချမ်းသာ ပေးနိုင်ပါ့မလား'

'အရှင်မင်းကြီး၊ အသို့ အယူတော် ရှိဘိသနည်း။ သည်မင်းချင်းကား သာမည ယောကျ်ား မဟုတ်ချေ။ ဘုန်းကံမပွင့်သော ဘဝကြောင့် အောက်တန်းကျနေရငြားသော်လည်း မြှောက်သည်လောက် မြှောက်နိုင်သည့် အထက်တန်းစား လူစစ် ယောကျ်ား ဖြစ်ပါသည်။ နေပြည်တော်၌ မင်းချင်းပေါင်းများစွာ ရှိသော်လည်း ၎င်းတစ်ယောက်သာလျှင် အသည်းဖြူ အူစင်းယောကျ်ား ဖြစ်ပေသည်။ လူ့သျှတ္တရမှာလည်း "အသက်ကိုစွန့်၍ ရဲရင့်လျက် ကတိသစ္စာတည်သောသူ"၊ "သူတစ်ထူး၏ ကောင်းမြတ်ရာ ကောင်းမြတ်ကြောင်းကို အစစ်အမှန် လိုလားသောသူ"၊ "သူတစ်ပါး ကျေးဇူးကို နားလည်သိတတ်သောသူ"၊ "မိမိ၏ ကိုယ်ရေးကိုယ်တာနှင့် ကိုယ့်အကျိုး ကိုယ့်စီးပွားကိုသာ လောကအတွက် ရှေးရှုခြင်း မရှိသော သူ" စသည်တို့အား ကာမဂုဏ်သည် မလှည့်စားနိုင်၊ မေထုန်မှုဖြင့် မမှားယွင်းနိုင် ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် မင်းချင်းသည် အစဉ်သန့်စင်သော ယောကျ်ား တစ်ဦး ဖြစ်ပါသည်။ ယုံကြည်စိတ်ချ၍ အထူး မြှောက်စားသင့်ပါသောကြောင့် စစ်သူကြီးရာထူးနှင့် ချီးမြှင့်သင့်ပါကြောင်း ဘုရား'

'ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ ပညာရှိသုခမိန်'

*

ငမဲကျွန်သည် မပြီးမပြတ်နိုင်သော တရားထုံးတို့ကို ပြဆိုလတ္တံ့သည့် အတိုင်း စီရင်လေ၏။

**ရာပြည့်စာအုပ်တိုက်**

အနောက်မင်္ဂိုး သူကြွယ် ဦးစိတ္တသည် အိုမင်းမစွမ်း ရှိခြင်းကြောင့် မိမိ၏ တစ်ယောက်တည်းသောသမီး မယ်အိမ်မြိုင်ကို မိမိ ယုံကြည်အားထားရသော လူယုံတော် ကျေးကျွန် မောင်သောနအား ပေး၍ ထိမ်းမြားရမည်ဟု နိုင့်ထက် စီးနင်း စီမံဆောင်ရွက်လေ၏။

ထိုသို့ ပြုမူသည်ကို တရားမဲ့ ပြုမူသည်ဟု ကျေးကျွန်သောနသည် ပညာရှိများ၏ အဖွဲ့သို့ လက်မထပ်နိုင်ကြောင်းနှင့် တရားစွဲဆို လျှောက်ထား လေ၏။

သုခမိန်ကား ထူးဆန်းသော တရားလို၊ တရားခံတို့ကို စုံညီပြု၍ ဤသို့–

'မောင်သောန၊ သင့်အား သူကြွယ်ကြီးက သူ့သမီး အိမ်မြိုင်နှင့် အိုးအိမ်ရာ အပ်နှင်းရန် လက်ထပ်ပေးမယ် ဆိုတာ မှန်သလား'

'မှန်ပါသည်'

'သူကြွယ်ကကော မှန်သလား'

'မှန်ပါသည်'

'ဆန်းလှချည့်။ ကောင်းပြီ သူကြွယ်ကြီး၊ မိမိရဲ့အိမ်က ကျေးကျွန်နှင့် ရင်နှစ်သမီးရတနာကို ရက်ရက်စက်စက် ဘာကြောင့် လက်ထပ်ပြီး အိမ်ရာ နှင်းပေးချင်ပါသလဲ။ သူကြွယ်ကြီးရဲ့ မျက်စိထဲမှာ မောင်သောနဟာ လှလို့လား'

'ပညာရှိမင်းနှင့် တရားသဘင်ရှိ ပရိသတ်တို့ မြင်တော်မူတဲ့အတိုင်း သောနဟာ အသားမည်းမည်း၊ သွားကြဲကြဲနှင့်၊ ရှေ့သွားများဟာ ခေါ်နေပါ တယ်။ မျက်လုံးကပြူးပြူး၊ နဖူးကကျဉ်းကျဉ်း၊ ခေါင်းကသေးသေး၊ နားရွက်က ကြွက်နားရွက်၊ ကိုယ်အင်္ဂါ အချိုးမစားမညီ၊ ရင်ကျယ်ခါးသေး၊ အောက်ဝါတို၊ ပေါင်ခွင်လျက်ရှိကာ လက်ခြေ အလွန် ကြမ်းတမ်းလှပါသည်။ အဲသည်တော့ သောနဟာ ပညပ်လှ မရှိ၊ မဖောက်မပြန် မသိ မမြင်နိုင်သည့် အလှရှင် တစ်ယောက်ကား ဖြစ်ပါသည်'

'ကောင်းပြီ၊ စိတ်သဘော နူးညံ့ပြီး ကိုယ်လက်အမူအရာ သိမ်မွေ့ပါ သလား'

'မဟုတ်ပါ အရှင်၊ စိတ်တိုပြီး အလွန် ကြမ်းကြုတ်ခက်ထန်ပါသည်။ ကိုယ်လက် အမူအရာမှာ အလွန်ကို ရန့်ရင်းကြမ်းတမ်းပါသည်။ သူ့စိတ်သည် ရှူးဆို ဒိုင်းခနဲဖြစ်၍ စိတ်မပေါက်မီ လက်ရောက်သည်သာ များပါသည်'

'အင်း သည်လိုဖြစ်လျက်နှင့် တစ်ယောက်တည်းဖြစ်တဲ့ သမီးကို မုန်းတီး လို့ သည်လိုလူမျိုးနှင့် အိမ်ရာချနှင်းပေးမယ် ကြံသလား။ သမီးအပြား ဆယ်ပါး ရှိရာတွင် ကျွန်ယုတ်နှင့်တူတဲ့ သမီးကြောင့်ပေလား'

'မဟုတ်ကြောင်းပါ။ တစ်ယောက်တည်းသော သမီးရတနာ ရှိရာဝယ် သမီးအပြား ဆယ်ပါးတွင် အသက်တမျှ ချစ်ခင်လျက် ယုယုယယ မွေးလာခဲ့ရသော ဂုဏ်နှင့်အညီ မိခင်နှင့်တူသောသမီး ဖြစ်ပါသည်။ အလွန့်ကို လိမ္မာမြင့်မြတ် တရားကပ်၍ အိမ်မှုဝတ်၌ ကုံလုံ၊ မိဘအပေါ်၌ ဝတ္တရားညီ၊ ကျေးကျွန်တို့ အပေါ်၌ ကိုယ်ချင်းစာတရားနှင့် မျှ၊ သမီးရတနာတို့ ပြုရမည့်ဝတ္တရားနှင့် ချွတ်ယွင်းခြင်း မရှိ။ ထိုသည့်သမီး၏ စိတ်ဝမ်းပြည့်မှု၊ သဘောထားကြီးမှု၊ သိတတ်မှု၊ လူ့အကျင့် ကုံငမှုတို့ကြောင့် တစ်အိမ်လုံး၏ မြတ်လေးပန်း ဖြစ်နေပါသည် ပညာရှိမင်း'

'အတော့်ကို ထူးဆန်းတဲ့ လူတစ်စုပါကလား။ ဘာကြောင့် အိမ်ကကျွန်နှင့် ပေးစား ထိမ်းမြားချင်ပါသလဲ'

'လောက၌ ကျင့်ဝတ်သိက္ခာနှင့် ညီပြီးလျှင် မိန်းမမြတ် ပီသနိုင်မည့် သမီးရတနာတို့မှာ ယောကျ်ားကောင်း ယောကျ်ားမြတ်နှင့် အိမ်ရာဆောင်နှင်း ပေးခြင်းဖြစ်သော ချီးမြှင့်ခြင်းကို ရရှိမှ ထိုသည့်သမီးသည် မိဘချစ်သမီး မည်ပါသည်'

'အင်း ... ဆိုပါဦး'

'ကျွန်တော့်ကျွန် ငသောနသည် ကျွန်တော်တို့၌ သမီးကလေးတစ်ယောက် ရလာလျှင်ပင် ပုခက်တွင်းက စပြီး လက်ပေါ်က မချ၊ အလွန် ချစ်ခင်ယုယကာနှင့် ထိန်းကျောင်းလာခဲ့ပါသည်။ တစ်စတစ်စ ကြီးပြင်းလာသောအခါ အိမ်မြိုင် စိတ်ဆိုးမှာ၊ စိတ်ကောက်မှာ၊ စိတ်မချမ်းသာမှာတို့ကို ငသောနသည် အလွန် စိုးရိမ်ပြီးလျှင် ထိန်းသိမ်းစောင့်ရှောက် ပြုစုလာခဲ့ပါသည်။ ငသောနသည် မည်မျှလောက် စိတ်ဆိုးနေစေကာမူ အိမ်မြိုင်က "ဦးလေးကြီးရေ" ဟု ခေါ်လိုက်လျှင် ဖြုတ်ခနင်းထပြီး "တူမကြီး ဘာကို လိုသလဲ၊ ဘာကို လုပ်ပေးရမလဲ၊ လ ကို ယူပေးရမလား၊ နေ ကို ဖမ်းပေးရမလား" လားပေါင်း ထောင်သောင်းနှင့် စိတ်ဆိုးပြေပြီးလျှင် ရေမြွေကြီး ဖြစ်သွားပါသည်'

'သည့်ပြင်ကော'

'အိမ်မြိုင် စိတ်မချမ်းသာအောင် ငသောနသည် ဘယ်အခါမျှ မပြုမကျင့်ခဲ့ဖူးပါ'

'ဆက်ပြီး ဆိုစမ်းပါဦး'

'ငသောနသည် သတ္တိ ဗျတ္တိလည်း ရှိပါသည်။ တစ်နေ့တော့ အိမ်ကို မီးလောင်သောအခါ အိမ်မြိုင်ကလေးသည် အိမ်ထဲမှာ ကျန်ရစ်ခဲ့ပါသည်။ အဲသည်တော့ ငသောနသည် ဖြုန်းဆို တင်းထိမ်စောင်ကြီးကို ရေဆွတ်ပြီး

ကိုယ်ကိုရစ်ပတ်ကာ မီးထဲသို့ တိုးဝင်သွားပါသည်။ ခဏကြာတော့ အိမ်မြိုင်ကို ရေစိုနေသည့် စောင်နှင့် ထွေးပိုက်ပြီးလျှင် မီးထဲက ထွက်လာခဲ့ခြင်းကြောင့် အိမ်မြိုင် အသက်ရှင်ခဲ့ပါသည်'

'လက်စသတ်တော့ အသက်သခင်ပါလား'

'မှန်ပါသည်။ တစ်ခါတစ်ပါး၌ အိမ်မြိုင်ကလေး ဆယ်နှစ်အရွယ်မှာ ကြွေးတောင်း လိုက်သွားတော့ လမ်းမှာ ဓားပြများနှင့် တွေ့ပါသည်။ ဓားပြများကလည်း ငွေကိုထက် အိမ်မြိုင်ကို အရ ဖမ်းပါသည်။ ထိုအခါ ငသောနသည် ဓားပြ ငါးဆယ်ကို သူတစ်ဦးနှင့် ခုခံတိုက်ခိုက်ပြီးလျှင် အိမ်မြိုင်ကို ကယ်ဆယ် ယူဆောင်ခဲ့ပါသည်'

'အင်း အာဂယောကျ်ားပါကလား'

'ပညာရှိမင်း၊ ငသောနသည် စကားနည်း၍ အလဟဿ စကားကို ဘယ်တော့မှ မပြောဖူးပါ။ ပြုံးရယ်ခြင်းလည်း နည်းပါသည်။ ၎င်း၏ ပြုံးရယ်ခြင်းသည် အိမ်မြိုင်ကို ချော့သောအခါနှင့် စိတ်ဆိုးသော အခါမျှလောက်သာ ဖြစ်ပါသည်။ သတ္တိထူးတစ်ခုတော့ ရှိဟန်တူပါသည်။ အိမ်မှာ ကျွန်ပေါင်း နှစ်ကျိပ်ငါး ရှိရာတွင် ကျွန်တော့်ကို ဘယ်သူကမျှ မကြောက်ပါ။ ငသောနသည် ထိုကျွန်များ၏ခေါင်း ဖြစ်နေ၍ သူက စေ့စေ့ကြည့်ရုံမျှနှင့်ပင် ဖျားဖျားတုန် အောင် ကြောက်ကြပါသည်။ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားရိုင်းတို့ပင် သူ့အသံကို ကြားလျှင် ကြောက်ကြပါသည်။ ယာခင်းစောင့်သောအခါ သူ့အသံကိုကြားလျှင် တောတိရစ္ဆာန်တို့သည် ယာခင်းနားကိုပင် မကပ်ဝံ့ကြတော့ပါ'

'အင်း ဆိုပါဦး'

'ပညာရှိမင်း၊ မိန်းမတို့မှာ ကိုယ်က သူ့ကို ချစ်သည်ထက် သူက ကိုယ့်ကို ချစ်ခြင်းကြောင့် မသနားဘဲ၊ သနားညှာတာတတ်၍ ချစ်သော ယောကျ်ားကို အိမ်ထောင်ပြုရမှ ထိုအိမ့်ရှင်မကို သူရဿတီ ဒေဝီမယ်လျ နတ်ခင်မက စောင့်ရှောက် ထားခြင်းနှင့် တူနိုင်ပါသည်'

'အကြောင်းရှိသေးက ဆိုပါဦး'

'ထိုသို့သော ယောကျ်ားပင် ဖြစ်စေကာမူ သတ္တိဗျတ္တိ မရှိငြားပါက ကိုယ်မချိ အမိသော်လည်း သားတော်ခဲ့ကြောင့် ဘေးကြုံသောအခါ ကိုယ်လွတ် ရုန်းခွာ သည်သာ များပါသည်။ သောနကား တကယ့်ယောကျ်ားအဖြစ်နှင့် သတ္တိတွင် ဗျတ္တိတင်နေခြင်းကြောင့် ကိုယ့်ချစ်သူ၏ အသက်အန္တရာယ်နှင့် စည်းစိမ် တို့ကို အသက်နှင့်လဲပြီး ကာကွယ်မည့်ယောကျ်ား၊ အတိုက်အခိုက် ဝါသနာ ပါသည့်အတိုင်း တတ်ကျွမ်းပြီးလျှင် အရေးရှိက အရာထင်သော ယောကျ်ား

ဖြစ်ရာတွင် ၎င်းကို ကျွန်စာရင်းကဖျက်၍ လွှတ်သော်လည်း အိမ်မြိုင်ကို သနားသောကြောင့် အိမ်က ထွက်ခွာမသွားပါ။ ထို့ကြောင့် တစ်ယောက်တည်းသော ရင်နှစ် သမီးရတနာကို မိမိအိမ်က ကျွန်ရင်းသောနနှင့် ထိမ်းမြားလက်ထပ်ရန် စီမံရပါသည် ပညာရှိမင်း။ သည်လိုယောကျာ်းကို အိမ်ထောင်ပြုရမှ မဟောသရ နတ်မင်းကြီး၏ အစောင့်အရှောက်ကို ရခြင်းနှင့် တူနိုင်ပါသည်'

ငမဲကျွန်သည် သူကြွယ်၏ စကားကို အတော်ကြာ စဉ်းစားပြီးမှ သူကြွယ့်သမီး အိမ်မြိုင်ကို ဤသို့ စစ်မေးပြန်၏။

'လုံမငယ်၊ သင့်ဖခင် အစီအရင်ကို သဘောတူညီရဲ့လား'

'အရှင်၊ ကျွန်မတို့ သူကောင်းမျိုးမှာ မိန်းမမြတ် အဖြစ်ကို တည်စေလိုခြင်းကြောင့် ပညာဉာဏ်နှင့် အမြော်အမြင်ရှိ မိဘစကားကို တမာလို ခါးသော်လည်း ပျားသကာကဲ့သို့ ချိုရပါသည်။ ထိုကြောင့် ဖခင်၏ သဘောညီမျှ စီမံချက်သည် ကျွန်မ၏ အလိုကျအတိုင်းပင် တည်ရပါမည်ရှင်'

'ကိုင်း ... မောင်သောန ဆိုစမ်းပါဦး လူထူးရယ်'

'ပညာရှိမင်း၊ မိန်းမတို့မှာ လင်ကိုမှီပြီး တော်တင်ကာ ကျက်သရေကြီးမြင့်ရပါသည်။ အိမ်မြိုင်သည် တစ်ယောက်တည်းဖြစ်သော သူကြွယ့်သမီးဖြစ်ပါလျက် ကျွန်ဘဝမှာ တည်နေသော၊ ပစ္စည်းဥစ္စာ တစိုးတစိမျှ မရှိသော၊ လယ်ယာမိုးမြေ တစ်လက်မမှ မရှိသော ကျွန်ငသောနနှင့် လက်ထပ်ရလျှင် တစ်ဘဝမှာ တစ်ခါသာ ကြုံရသော မင်္ဂလာမှုတွင် သနားစရာနှင့် အောက်တန်းစား ကျရှာပေတော့မည်။ ထို့ကြောင့် အိမ်မြိုင်၏ဂုဏ်ကို ငဲ့ညှာရသောအားဖြင့် ငြင်းပယ်ကာ တရားစွဲဆိုရပါသည်'

'သည့်အပြင် တင်ဖွယ်စကား ရှိသေးလျှင် တင်ဦး'

'ပညာရှိမင်း၊ အကြောင်းမှာလည်း မိန်းမတို့မှာ မာန်တက်ခြင်းငါးပါး ရှိရာတွင် ကျွန်နှင့် အိမ်ရာနှင်းရသော သခင်မကလေးသည် "ငါ့လင်ဟာ ကျွန်သိမ်းယောကျာ်းကပဲ၊ ဝတ်ကြီးဝတ်ငယ်ကို ပြုဖို့မလို၊ ယုယုယယနှင့် သဘောကျလိုက်ပြီး မှုဖို့မလို။ ငါထားရာကနေ၊ ငါသေဆိုလျှင် သေရမည်၊ ငါ့သဘောကျ ငါ့လင်သည် လိုက်နာရမည်၊ ငါ့ကို ဆုံးမဖို့ မလို၊ ငါကသာ ဆုံးမရမည်၊ ဘာမဆို ငါ့လင်သည် ငါပြုသလို နရမည်" စသည်ဖြင့် မယားအပြား ခုနစ်ပါးတွင် သခင်နှင့်တူသောမယား ဖြစ်ပြီးလျှင် မယားကောင်း မယားမြတ် ဖြစ်သော ကျွန်နှင့်တူသောမယား အဖြစ်မှ ဆုံးရှုံးရပါလိမ့်မည်။ ၎င်းသည်လည်း တစ်ကြောင်းပါ'

'ဒါပဲလား'

'လျှောက်ထားပါရစေဦး ပညာရှိမင်း'

'ထိုသို့သော အိမ်ထောင်သည် တကျက်ကျက် တကြွက်ကြွက် ဖြစ်လာပြီးလျှင် မီးလောင်ခြင်းကို မပြတ် ခံနေရခြင်းနှင့် တူပါသည်။ ထိုအခါ ထိုအိမ်ထောင်မှ သားယုတ်၊ သမီးယုတ်များသာ မွေးဖွားလာရပြီးသော် မြွေပွေးကလေးများကို အိပ်ရာထဲမှာ ထားနေရသလို ဖြစ်ပါမည်။ ထိုသို့သော သားသမီးများသည် ဘမျိုးကောင်းကို ဖျက်၍၊ ဘိုးမျိုးကောင်းကို ပျက်စေပြီးလျှင် မိမျိုးကောင်းကို ရှုတ်ချလျက် ဘွားမျိုးကောင်းကို ယုတ်ညံ့စေတတ်ပါသည်။ မြင့်မြတ်သော စည်းစိမ်ချမ်းသာကိုလည်း ပျက်စီးစေတတ်ပါသည်။ ထိုအိမ်ရှင်မသည်လည်း လင့်ဝတ္တရား၊ အောက်တန်းစားလင်နှင့် မွေးရသော သားသမီးကလေးများ၏ ဝတ္တရားတို့မှ ချွတ်ယွင်းနေ၍ နောင်ဘဝ ဘဝ၌ အသူရကာယ် စသောအပါယ်ဘုံကို တန်ဆာဆင်ရန် ပြုစုပျိုးထောင်နေရာ ရောက်ပါလိမ့်မည်။ ထို့ကြောင့် အိမ်မြိုင်ကို သနားလွန်းသောကြောင့်၊ စေတနာရောက်လွန်းသောကြောင့် အုံးအိပ်ရာ အတူယှက်လျက် ကြင်ဘက်အိမ်ရာအဖြစ်နှင့် လက်ထပ်ခြင်း မပြုသင့်ပါကြောင်းနှင့် ပညာရှိမင်းများ၏ တရားရုံးတော်သို့ လျှောက်တင်ခြင်း ပြုရကြောင်းပါ ဘုရား'

ပညာရှိ သုခမိန်သည် လူ့သျှုတ္တရသဘောနှင့် မကင်းသော ငသောန၏ လျှောက်တင်ချက်များကို စဉ်းစားလျက် "မယ်တော် မနုစာရီ" ဟု လက်အုပ်ချီပြီးလျှင် ဤသို့သော စီရင်ချက်ကို ပြုလေ၏။

'အလွန်တရာ လှပလိမ္မာမြင့်မြတ်၍ ချစ်အပ်သည့်အတိုင်း ချစ်လှစွာသော သမီးတစ်ယောက်ကို အိမ်မှ ကျေးကျွန်နှင့် လက်ထပ်ပေးမည် ကြံရွယ်ရာ၊ ကျွန်ဖြစ်သူက ထိုသို့ မပြုသင့်ကြောင်းနှင့် ပညာရှိများရုံးတွင် တရားတင်ကာ စွဲဆို၏။ သဘာဝကား မကျချေ။ သို့သော် တရားနည်းလမ်းကား မှန်ပေသည်။ ဤရုံးသည်လည်း သဘာဝရုံးအပြင် တရားရုံးလည်း ဖြစ်ချေသည်။ ထို့ကြောင့် တရားလို၊ တရားခံတို့၏ လျှောက်တင်ချက်ကို ကြားနာပြီးသော် စီရင်ရတော့မည်။

'အိမ်မြိုင်ကဲ့သို့သော အမျိုးသမီးတစ်ယောက်နှင့် ငသောနကဲ့သို့သော အမျိုးသားတစ်ယောက်သည် အိမ်ထောင်ဘက် မဖြစ်ကြရချေသော် တိုင်းပြည်မှာ အိမ်ထောင်ကောင်း တစ်အိမ်ထောင် ဆုံးရှုံးရပေလိမ့်မည်။ ငသောန လျှောက်တင်သော စကားအရပ်ရပ်သည် လူ့သျှုတ္တရ အိမ်ထောင်ရေးရာနှင့် များစွာ သင့်တင့်ညီညွတ်လှပေသည်။ ထို့ကြောင့် တိုင်းပြည်မှာ အိမ်ထောင်ကောင်း တိုးတက်လာသည်ကို အလိုရှိနေသည့်အတိုင်း ဘုရင့်ရွှေတိုက်တော် နန်းစဉ်ဘဏ္ဍာတော်သည် အရေးရှိက တိုင်းပြည်ဘဏ္ဍာတော်ပင် ဖြစ်၍ တိုင်းသူပြည်သားပိုင်

ဖြစ်သည်နှင့်အညီ ဘုရင့် ရွှေတိုက်တော်မှ ငသောနအား ရွှေအခွက်တစ်ဆယ် ထုတ်ပေးပြီးလျှင် ဘုရင်မင်းမြတ် စောင့်ထိန်းထားသော တိုင်းပြည့်လယ်မြေမှ ပယ်ငါးရာကို ငသောနအား ချီးမြှင့်စေ။ ငသောနသည် သူကြွယ်ကြီး ဦးစိတ္တ သဘောအတိုင်း အိမ်မြိုင်နှင့် လက်ထပ်စေ။ "ယောက်ျားမြတ်သည် မိန်းမမြတ် နှင့်သာ တင့်လျာ၍" ငသောနသည် ငြင်းပယ်က ၎င်းကို ဖန်ရည်စွန်းသော အဝတ်နှင့် တောသို့ ထုတ်စေ'

*

## အကြွေးပေးလိုမှု တရား

စွဲချက်ကား 'ကျွန်တော် ငပုတို လျှောက်ထားပါသည်။ လယ်ကိုင်းသူဌေး မောင်ချတက်၏ဘိုး ဘိုးခွထံ၌ ကျွန်တော်မျိုး၏ဘိုးအေ ဘိုးသူတော်သည် ငွေသုံးပိဿာ ချေးယူထားသည်ဟု မိဘများထံမှ အမွေရသော ပုရပိုက်ထဲတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်တော် ငပုတိုသည် ဘိုး၏ ဆိုးမွေခံ၊ ကောင်းမွေခံ ဖြစ်သည့်အတိုင်း ဘိုးခွ၏ အမွေစားဖြစ်သော မောင်ချတက်အား ထိုချေးယူ သော ငွေသုံးပိဿာအတွက် အတိုးအရင်းနှင့်တကွ ရွက်နီ အခွက် တစ်ဆယ် ချေအပ်ရာ မောင်ချတက်သည် လက်မခံ ဖြစ်နေပါသည်။ အောက်ရုံး အသီး သီး၌ လျှောက်ထားရာလည်း ကျွန်တော်၏ လျှောက်ထားချက်ကို ပယ်လှန်ကြပါ သည်။ ထို့ကြောင့် ပညာရှိအဖွဲ့က တရားသည် တရားအလျောက် ဖြစ်စေရန် လက်ခံတော်မူ၍ စီရင်ပေးတော်မူပါမည့် အကြောင်း တောင်းပန် လျှောက်ထား ပါသည် ဘုရား'

**ငမဲကျွန်၏ စစ်ဆေး စီရင်ချက်။ ။**

'မောင်ပုတို၊ မင်းအဘိုးက မောင်ချတက်ရဲ့ အဘိုးထံမှာ ငွေချေးယူ ကြောင်း တင်ပြခြင်းမှာ ထိုအရေးအသားဟာ မည်သူ့ အရေးအသားလို့ သင် ပြောဆိုနိုင်သလား'

'မပြောနိုင်ပါ၊ ပုရပိုက်တွင် တွေ့ရသော အမှတ်အသားမျှသာ ဖြစ်ပါသည်'

'သည်ငွေကို မည်သူကမျှ မတောင်းဆိုပါဘဲလျက် မင်း ဘာကြောင့် မောင်ချတက်အား ချေဆပ်လိုပါသလဲ'

'သည်မြီသည် အမှန်ဟု ကျွန်တော် ယူဆမိပါသည်။ ကျွန်တော်သည် ဆိုးမွေမံ၊ ကောင်းမွေခံ ဖြစ်သည်အတိုင်း ပေးချေသင့်သော မြီကို ထိမ်ချန် လျှို့ဝှက်ကာ နေခြင်းဖြင့် ကျွန်တော်၏ဘိုး သော်လည်းကောင်း၊ ဘ သော်လည်း ကောင်း၊ ကျွန်တော် သော်လည်းကောင်း နောင်ကြွေးအဖြစ်နှင့် သူ့မြေဖြစ်ရ သတတ် ဟု သံသယ ဖြစ်နေပါသည်။ ထို့ကြောင့် ချေဆပ်လိုပါသည် အရှင်'

'မောင်ချတက်က သည်ငွေကို ဘာ့ကြောင့် အဆပ်မခံနိုင်သလဲ'

'ကျွန်တော်သည် ဘိုးဘွားမိဘတို့၏ အမွေကို ဆက်ခံလာရာ ဤအကြောင်းနှင့် ပတ်သက်ပြီးသော တစ်စုံတစ်ခုသော အမှတ်အသားကိုမျှ မတွေ့ရပါ။ မိဘစဉ်ဆက်ကလည်း တစ်စုံတစ်ရာမျှ အမှာအထား မရှိခဲ့ပါ။ သို့စဉ်လျက် ထိုသူ၏ ကြွေးဆပ်ခြင်းကို ခံယူပါလျှင် ကျွန်တော်သည် တရားမဲ့ရာ ရောက်ပါလိမ့်မည်။ ထို့ကြောင့် သံသရာဝန်အတွက် ၎င်း၏ ကြွေးဆပ်မှုကို ကျွန်တော် မခံယူနိုင်ပါ ပညာရှိမင်း'

'စီရင်ချက် ...။

'မယ်တော် မနုစာရီ ... ရှိခိုးပါ၏။

'ဤအမှုသည် ရိုးသားဖြောင့်မတ်သည့် သူတော်ကောင်း နှစ်ယောက်တို့၏ လူ့ဝတ္တရားနှင့် ဆိုင်ချေသည်။

'တရားလို၊ တရားခံ နှစ်ဦးလုံးသည် မိမိတို့၏ အလှူဝတ်၌ အမျှဝေခြင်း၊ သူတစ်ပါး၏ အလှူကို သာဓုခေါ်ခြင်းတို့၌ ကြီးမြတ်သော ကောင်းမှုကို ဖြစ်စေသည်ဟု အယူရှိကြပေသည်။ မိဘ, ဘိုးဘွား, မိတ်ဆွေဉာတိတို့အဖို့ ရည်မှတ်၍ အလှူဝတ်ပြုကြခြင်းကိုလည်း ယုံကြည်ကြလေသည်။ ထို့ကြောင့် တရားလို၊ တရားခံ နှစ်ဦးစလုံးသည် မိမိတို့ စွဲလမ်းနေသည့် ယုံမှားခြင်း ကင်းစိမ့်သောငှာ တရားလို ငပုတိုသည် မိမိ၏ ဘိုးနှင့် တရားခံ မောင်ချတက်၏ အဘိုးကို ရည်မှန်း၍ လမ်းဆုံ လမ်းခွ လမ်းလေးဝမှာ ဘိုးသူတော်၊ ဘိုးခွ အမည်တို့ကို ကမ္ပည်းထိုးပြီးသော ငွေရွက်နီ အခွက်တစ်ဆယ်ထက်မနည်း ရေတွင်း၊ ရေကန်၊ ဇရပ်တို့ကို ဆောက်လုပ်၍ လှူဒါန်းပြီးလျှင် ထုံးတမ်းစဉ်လာအတိုင်း အမျှဝေစေ။ မောင်ချတက်ကလည်း စိတ်ကြည်လင် ဝမ်းမြောက်စွာနှင့် ထိုအလှူဝတ်ကို သွားရောက် သာဓုခေါ်စေ။ ကူညီကူပံ့လိုကလည်း မောင်ချတက်၏ ကူညီခြင်းကို ငပုတိုက ခံယူစေ။ တရားလို၊ တရားခံ နှစ်ဦးစလုံးသည် ထိုငွေအတွက် သို့လော သို့လောနှင့် ယုံမှားခြင်းကို ဖျောက်ကြစေ'

## အခွန်တော်ပေးလိုမှု တရား

လျှောက်ထားချက်။ ။"စေတုတ္တရာမြို့မ သူကောင်းပေါ်ကြွယ် လျှောက်ထားပါသည်။ ကျွန်တော်သည် နှစ်စဉ် ဘုရင်မင်းမြတ်အား အခွန်တော်ငွေ ဘော်နီသာခွာ အခွက်တစ်ဆယ် ပေးဆောင်ရပါလျက် ယခုနှစ်မှာ သံပျင်အမတ်၏ အမိန့်တော်အရဆို၍ မြေတိုင်များသည် ကျွန်တော့်အပေါ်၌ အခွန်တော်ကို မစည်းကြပ်ကြပါသဖြင့် ကျွန်တော့်အား အခွန်တော်ထမ်း မဝင်သည့် လူတန်းစား

ငါးမျိုးတွင် တစ်မျိုးမျိုး၏ အတွင်းသို့ သွတ်သွင်းရာ ရောက်နေပါသည်။ ထို့ကြောင့် အစဉ်အလာအတိုင်း ကျွန်တော်သည် အခွန်တော်ကို ထမ်းဆောင်ရပါရန် လျှောက်ထားပါသည်"

ထိုအမှု၌ ငမဲကျွန် သုခမိန်သည် သံပျင်အမတ်နှင့်တကွ သူကြွယ်ကို ဆင့်ဆို၍ ဤသို့ စစ်ဆေးလေ၏။

'သံပျင်အမတ်၊ စေတုတ္တရာမြို့မ၌ အလွန် ထင်ပေါ်ကျော်စောတဲ့ သူကောင်း ဦးပေါကြွယ်ထံမှာ အစဉ်အလာအတိုင်း အဘယ်ကြောင့် အခွန်တော်ကို မတောင်းယူပါသလဲ'

'ပညာရှိမင်း၊ ဦးပေါကြွယ်ထံသို့ ရှေးက အစဉ်အလာအတိုင်း အခွန်တော်ကို သတ်မှတ်ရာ မြေတိုင်များအားဖြင့် ဤသို့သော အကြောင်းကို သိရပါသည်။ ဦးပေါကြွယ်သည် မိမိ၏ မြေအလုပ်သမားများ အပေါ်၌ မျက်စိတစ်ဖက်နှင့် စဉ်းလဲစဉ်းစား ပြုလုပ်ပြီးလျှင် အစားကို လုံလောက်စွာ မကျွေးခြင်း၊ အဝတ်ကို လုံလောက်အောင် မပေးခြင်းတို့ဖြင့် သင်ချိုများ၏ အောက်သို့ ကျရောက်အောင်ပင် ကျင့်ကြံနေသူ ဖြစ်ပါသည်။ ငွေရင်းငွေနီး လိုသောသူတို့သည် သူ့ရှေ့မှောက်၌ မျက်နှာကိုအောက်ချ၍ မတန်မဆသော အတိုးကိုပြုကာ ချေးငှားကြရပါသည်။ ကောက်ပဲသီးနှံ စိုက်ပျိုးချိန်တန်၍ မျိုးလိုသော သူများမှာလည်း မတန်မဆ အင့်ပေးပြုလျက် စပါးတစ်တင်းလျှင် တလင်းပေါ် ၅ တင်း၊ နှမ်းတစ်ပြည်လျှင် တလင်းသိမ်း တစ်တင်း စသည်ဖြင့် နိုင့်ထက်စီးနင်းပြုသည်ကို ကတိပြုကာ ချေးယူကြရပါသည်။ ကောက်ပဲသီးနှံ ကုန်စည်တို့ကိုလည်း နိုင့်ထက်စီးနင်း ဝယ်၍ သိုလှောင်ထားပြီးသော် အလွန်မြင့်သော ဈေးနှုန်းကို ပေါက်စေလျက် နိုင့်ထက်စီးနင်း ရောင်းချပါသည်။ ထို့ကြောင့် နယ်ပယ်ကို မသေသေအောင် သတ်နေသူတစ်ဦး ဖြစ်ပါသည်။

'ထို့ကြောင့် ဦးပေါကြွယ်သည် တရားကို ဖီလာဆန့်ကျင်ဘက်ပြုကာ စီးပွားရှာဖွေမှု၌ စဉ်းလဲခြင်းဖြင့် ဥစ္စာပစ္စည်းကို ပွားများစေသည် ဖြစ်ခြင်းကြောင့် ၎င်း၏ ပစ္စည်းတို့သည် မစင်ကြယ်ဘဲ သူသည် သူတောင်းစား၊ ဖုန်းတောင်း ယာစကာ၊ ဒွန်းစဏ္ဍား၊ စဏ္ဍာလ၊ သင်ချိုတို့၏ အတွင်းသို့ မိမိကိုယ်ကို မိမိ၏ ကိုယ်ဖို့ကောင်း အကျင့်အားဖြင့် ရောက်စေလျက်၊ သူတောင်းစား၏ ခွက်ထဲ၌ ကပ်နေသော ဟင်းဖတ် အသိုးထက်ပင် ရွံရှာစက်ဆုပ်ဖွယ် ဖြစ်ပါသည်'

'ထိုသို့သော သူတစ်ယောက်အပေါ်၌ အခွန်တော်ကို မြိန်ရှက်စွာ တောင်းယူခြင်းဖြင့် ၎င်း၏ စဉ်းလဲမှုကို အားပေးရာ ရောက်နေပါသည်။ ထိုအကြောင်းတို့ကြောင့် ကိုယ့်အကျိုးကိုသာ သိတတ်သော သူတောင်းစား၊

စဣာလ တို့ကို အခွန်မတောင်းသေးသမျှ ကာလပတ်လုံး စေတုတ္တရာမြို့မ သူကြွယ် မောင်ပေါကြွယ်ကို အခွန်တော် မတောင်းထိုက်ကြောင်းနှင့် မြေတိုင် များက အစီရင်ခံကြပါသည် အတိုင်း ၎င်း၏အပေါ်တွင် အခွန်တော် မတောင်း သင့်ကြောင့်နှင့် အမိန့်ချမှတ်ပါသည်'

'ဘယ့်နှယ်လဲ သူကြွယ်ကြီး၊ နှုတ်လှန်ပြုပြီး တင်စမ်း'

'အရှင် ပညာရှိသုခမိန်၊ ထိုအကြောင်းတို့ကို ကျွန်တော် တစိုးတစိမျှ မသိရပါ။ မြေအလုပ်သမားများအား အကြီးအကဲခေါင်းတို့က ကြည့်ရှုစီမံ၍ အဝတ်အစား ပေးပါသည်။ ကြေးငွေချေးငှားခြင်း၊ အငှံပေးခြင်း၊ ရောင်းဝယ်ခြင်း၊ ပစ္စည်းသိုလှောင်ခြင်း ကိစ္စတို့မှာလည်း သက်ဆိုင်ရာ အိမ်စိုးမများ၊ အိမ်လုလင်များ ကသာ ပြုလုပ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် အခွန်တော် ဖထမ်းထိုက် သော သူထဲတွင် မပါမဝင်ထိုက်ပါ အရှင်ပညာရှိ သုခမိန်'

ငမဲကျွန်ကား ဤသို့ စီရင်ဆုံးဖြတ်လေ၏။

**'မယ်တော် မနုစာရီ ... ၏ ... တည်း။**

'ပြည်မသေဋ္ဌ မင်းတို့မည်သည် တရားသော နိုင်ငံတော်ကို အုပ်ချုပ် ရမှသာ တရားမင်းမြတ် ဖြစ်၍ ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံပြီးလျှင် နတ်ပြည် စံနိုင်သောမင်း ဖြစ်ချေသည်။ တရားသောနိုင်ငံ ဆိုသည်မှာလည်း တရားသော အသက်မွေးမှုနှင့် ယှဉ်၍ လုပ်ကိုင် စားသောက် နေထိုင်သော၊ ကြီးပွားသော တိုင်းသူပြည်သားတို့ကို မှီပြီးလျှင် ဖြစ်ပေါ်ရလေသည်။

'အခါခပ်သိမ်း၌ တရားမင်းမည်သည် အခွန်ဘဏ္ဍာကိုသာ မျက်နှာမူပြီးလျှင် မတရားသောနည်းနှင့် အသက်မွေးသူတို့အားဖြင့် အခွန်ဘဏ္ဍာတော်ကို မပွား မများစကောင်း။ ပွားများစေခဲ့သော် ထိုနိုင်ငံသည် အသူရကာယ်နိုင်ငံ၊ ပြိတ္တာ တိုင်းပြည် အဖြစ်သို့ တဖြည်းဖြည်း ဆိုက်ရောက်လာ၍ ထိုသည့်ပြည့်ရှင်မင်း သည် အရှင်လတ်လတ်နှင့် အပါယ်ဘုံသို့ ရောက်နေရချေပြီ။

'လောကစဉ်လာ သဘောမှာလည်း သားသမီး မကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာ့ခေါင်း၊ တိုင်းသူပြည်သား မကောင်း ဘုရင့်ခေါင်း၊ ကျေးကျွန်မကောင်း၊ သခင့်ခေါင်းတို့ဖြစ်၍ စေတုတ္တရာမြို့မ ဦးပေါကြွယ်၏ အစေအပါး အကြီးအကဲ ခေါင်းတို့၏ ချွတ်ယွင်းတိမ်းပါး စဉ်းလဲစဉ်းစားပြုမှု သည် ဦးပေါကြွယ်၏ ပြုမှုပင် ဖြစ်ချေသည်။

'ထို့ကြောင့် တရားမကပ်သော ဦးပေါကြွယ်ထံမှ အခွန်တော်သည် တရားမင်းမြတ် အုပ်ချုပ်သော ပြည်၏ ဘဏ္ဍာတိုက်တွင်းသို့ မရောက်လာ စကောင်း။ ဦးပေါကြွယ်သည် ယခု အခြေအနေအားဖြင့် တိုင်းသူပြည်သား

တို့ကို ကလူညဉ်းပန်း ပြုလုပ်ရာကျခြင်းကြောင့် အခွန်တော် မထမ်းမဆောင် ထိုက်သော သူတို့၏အတွင်း၌ တည်စေ။ မောင်ပေါကြွယ် အပေါ်၌ အခွန်တော် မတောင်းယူထိုက်ချေ။ လာလတ္တံ့၌ ထိုအပြုအမူများသည် မပပျောက်ချေသော် မောင်ပေါကြွယ်ကို စည်းစိမ်နှင့်တကွ ကြက်သံတိတ် အရပ်သို့ ပို့စေ။

မောင်ပေါကြွယ်သည် တရားမင်း နိုင်ငံတော်သားအဖြစ်နှင့် လူဖော်သူဖက် ဝင်လိုပါက မိမိ၏ အခိုင်းအစေ အကြီးအကဲ ခေါင်းတို့ကို စစ်ဆေးပြီးသော် ဒဏ်ခတ်သင့်သူကို ဒဏ်ခတ်၍ တရားသဖြင့် အသက်မွေးဝမ်းကျောင်းကို ဖြစ်စေ'

*

## နိုးမှူး ငကျော်စွာနှင့် သူဌေး ဦးချမ်းသာ

နိုးမှူး ငကျော်စွာသည် နောက်ပါတပည့် ငါးကျိပ်နှင့် မဘဲမြို့မ သူဌေး ဦးချမ်းသာကို တိုက်ခိုက်၍ ပစ္စည်း အမြောက်အမြားကို ယူသဖြင့် မြို့စိုးသည် ဖမ်းပြီးသော် သတ်ရန် အမိန့်ချလေ၏။ ထိုအခါ ငကျော်စွာသည် မကျေနပ်၍ ပညာရှိအဖွဲ့သို့ အယူခံဝင်ရာ ပညာရှိလေးဦးကား မြို့စိုး၏ စီရင်ချက်ကို လိုက်လျောပုံ ရနေသဖြင့် ငမဲကျွန်သည် ဤသို့လျှင် ထပ်မံ စစ်ဆေးလေ၏။

'ငကျော်စွာ၊ သင် သူဌေး ဦးချမ်းသာထံမှာ တိုက်ခိုက်ယူငင်ခြင်း မှန်သလား'

'မှန်ပါတယ်'

'ကောင်းပြီ၊ မည်သို့ ယူငင်သလဲ'

'အိမ်တွင် တွေ့ရှိရသော ပစ္စည်းပစ္စယများမှ ထက်ဝက်လောက်ကိုသာ ယူပါသည်'

'အင်း ... ပြစ်မှုထင်ရှားပါလျက် ဘာကြောင့် အယူခံတက်ရပါသလဲ၊ လူဟာ အပြစ်ရှိရင် ခံရတယ်၊ သင် ယောကျ်ား မဟုတ်ဘူးလား'

'ခံရဲပါတယ်၊ သို့သော် မြို့စိုးသည် ငဲ့၍ တရားစီရင်ခြင်းကြောင့် သက်သာရှေ့ပြည်ကြီးမှာ တရားရှိသေးသည်ဟု ထင်ရှားစေလိုခြင်းကြောင့်ပါ'

'အင်း ... အကြောင်းရှိသမျှကို တင်စမ်း'

'မတရားသော လောကအတွင်းမှာ မှီတင်းနေရသော သတ္တဝါတို့မှာ ဆင်းရဲခြင်း မီးပုံအတွင်း၌ ပူလောင်ပြင်းပြစွာ လူးလဲလျက် နေရပါသည်။ မတရားသော လောက (ဝါ) တရားမဲ့သော လောကကို ဖန်ဆင်းရာ၌လည်း မင်းနှင့် ငွေရှင် ပစ္စည်းရှင်များတို့ ဖန်ဆင်းထားသည့် တရားမဲ့လောကသည် အလွန့်အလွန် ကြောက်မက်ဖွယ်ရာသော မီးပုံကြီးနှင့် တူပါသည်။ ဆူးများကို ထောင်၍

ခင်းထားသော မွေ့ရာနှင့်လည်း တူပါသည်။ ဤသို့ရှိရာတွင် မဘဲ မြို့မသူဌေးကြီးသည် တရားမဲ့လောကကို ဥစ္စာအင်အား၊ ငွေအားနှင့် ဖန်ဆင်းလျက် ရှိပါသည်'

'အင်း ... စကားက အတော် အသားပါလှပါကလား၊ ဆိုစမ်း'

'၎င်း၏ဖန်ဆင်းမှုဖြင့် နယ်သူနယ်သားတို့မှာ သူ့ထံမှ အတိုးကြီးစွာနှင့် ငွေချေးယူရခြင်း၊ ပြင်းထန်လွန်လွန်းသော အငှံပေး နည်းစနစ်ဖြင့် ငွေချေးယူရခြင်းတို့ကို ပြုရပါသည်။ ထို့ပြင်မက တောင်သူများထံမှ ကောက်ပဲသီးနှံများ၊ လက်မှုပညာသည်တို့ ထံမှ အထည်ဝတ္ထု ကုန်ပစ္စည်းများ၊ ကမ်းယံပြည်မှ ရောက်လာသော ကုန်ပစ္စည်းများတို့ကို ငွေအင်အားနှင့်ခြံကာ ဝယ်ယူ၍ သိုလှောင်ထားခြင်း စနစ်ဖြင့် အချိန်ဆွဲပြီးသော် အမြတ်ငွေကို မတန်တဆယူကာ ရောင်းချနေပါသည်။

'ထိုကဲ့သို့ ၎င်း၏ တရားမဲ့လောဘကြောင့် နယ်သူနယ်သားတို့၏ ဥစ္စာစည်းစိမ် လယ်ယာမိုးမြေတို့သည် ငချမ်းသာ၏ လက်တွင်းသို့သာ တဖြည်းဖြည်းကျရောက်၍ နယ်အားလုံးသည် ၎င်း၏ မဝတဝ၊ မလှတလှသော လုပ်ခစားအဖြစ်သို့ ရောက်နေကြရပါသည်။ နယ်အားလုံးမှာ ကုန်ဈေးနှုန်း ကြီးမြင့်၍ ငတ်မွတ်ခြင်းဘေးကို တွေ့နေရပါပြီ။

'ကမ်းယံနေပြည်တော်ကြီးမှာလည်း ထိုငချမ်းသာ၏ စဉ်းလဲမှုကြောင့်ပင် အဝတ်အထည်တို့သည် မလုံမလောက်၊ အခြား လက်မှုပညာထည်တို့မှာ ဈေးကြီးဖြစ်နေရကား ထိုပြည်သည် ပြည်တွင်း ပူလောင်တော့အံ့ ဆဲဆဲ ဖြစ်နေရာ ထိုမီးကို ငြိမ်းအေးစေရန် ငချမ်းသာကို ဖမ်းဆီးဖို့ ကမ်းယံဘုရင်သည် သက်သာပြည်ကြီး၏ အစွန်အရံ ဖြစ်သည့် မဘဲမြို့မကို စစ်ထိုးသင့် မထိုးသင့်နှင့် သူ၏ပညာရှိများနှင့် တိုင်ပင်နေချေပြီ'

'အင်း ... ငချမ်းသာ ဌေးကြွယ်မှုကြောင့် နှစ်ပြည်ထောင် အချင်းပွားပြီး စစ်ကစားရဦးတော့မှာလား၊ တင်စမ်းပါဦး'

'ထိုအကြောင်းတို့ကြောင့် ကျွန်တော်ငစွာသည် ငချမ်းသာထံ သည်လိုမပြုမှုထိုက်ကြောင်းနှင့် အကြိမ်ကြိမ် သွားရောက် တောင်းပန်ဖူးပါသည်'

'သူဌေးကြီး၊ ထိုစကားသည် မှန်သလော'

သူဌေးကြီးသည် ခပ်မဆိတ် နေလေ၏။

'မှန်ရာကိုတင် သူဌေးကြီး'

'မှန်ကြောင်းပါ'

'ဒါဖြင့် သူဌေး ဖြစ်နေတာဟာ ကောင်းရောင်းကောင်းဝယ် မဖြစ်လို့ တရားနှင့် မညီညွတ်တဲ့အပြင် သင် သူဌေးဖြစ်မှုကြောင့် စစ်မက်တောင်ဖြစ်ရန် ပေါ်နေပါပကော'

'ပညာရှိမင်း၊ ကျွန်တော် လုပ်ကိုင်ဆောင်ရွက် ရောင်းဝယ်မှုများသည် အချင်းချင်း သဘောတူ ကျေနပ်မှုများနှင့်သာ ဖြစ်ပါတယ်'

'ငစွာ၊ နင် ဘယ်လို လျှောက်ဆိုချင်သေးသလဲ'

'ပညာရှိမင်း၊ ချင်းသည် စဉ်းလဲစဉ်းစား ပြုမူကြောင်းကို အများက သဘောမကျသော်လည်း မဝတ်ဘဲ၊ မစားဘဲ၊ မသုံးစွဲဘဲ မနေနိုင်ပါ၍ သူဆင်းရဲများမှာ သူ့အလိုကို လိုက်လျက် သူပြုသကဲ့သို့ နကြရပါသည်။ စင်စစ်ကား ကျွန်တော် ငစွာသည် ဓားလုံ လက်နက်ကို စွဲကိုင်၍ ထားရာကို အပြနိုင်းပြီးသော် ဓားပြမှုကို ပြုရပါသည်။ ချင်းကား ငွေကို လက်နက်ပြု၍ ထားရာက ယူလာစေပြီးသော် လုယူပါသည်။ ကျွန်တော်တို့ နှစ်ဦးသည် မဘဲနယ်၌ အစစ်အားဖြင့် တိုက်ခိုက်နေသူနှစ်ဦး ဖြစ်ပါသည်။ ကျွန်တော်ကား ငွေ့ရှင်၊ ပစ္စည်းရှင်တို့ကို ဓားလုံ လက်နက်နှင့် တစ်ခါတစ်ရံသာ တိုက်ပါသည်။ ငချမ်းသာကား ငွေလက်နက်နှင့် နယ်တွင် လုပ်စားကိုင်စားမှ မကြွင်း၊ လူအပေါင်းကို အမြဲ နေ့တိုင်း နာရီတိုင်း တိုက်ခိုက်နေပါသည်။ ဓားလုံလက်နက် စွဲကိုင်၍ တိုက်ခိုက်သော သူများအတွက်ကား စီရင်ထုံး၊ ဖြတ်ထုံး တရားဥပဒေနှင့် နှိပ်ကွပ်ရန် ရာဇသတ် ဓမ္မသတ်တို့ ရှိထားချေပြီ။ ငွေလက်နက်နှင့် ပြည်သူတို့အား အချိန်ရှိသမျှ တိုက်ခိုက်နေခြင်းအတွက် စီရင်ထုံး ဖြတ်ထုံး၊ ရာဇသတ် ဓမ္မသတ်တို့ မဲ့နေချေပြီ။ ထို့ကြောင့် လက်နက်စွဲကိုင် တိုက်ခိုက်သူများအတွက် မင်းသည် အစိုးရပြုကာ နှိမ်နင်းဆုံးမဘိသကဲ့သို့ ငွေလက်နက်နှင့် စဉ်းလဲစဉ်းစားပြုကာ တိုက်ခိုက် လုယက်နေသည့် ငွေရှင်များအတွက် ဓားပြများသည် အစိုးရပြုကာ နှိမ်နင်း ဆုံးမခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပြင်းထန်သော စီရင်မှု၌ တည်ရပါလျှင် ဤတိုင်းပြည်၊ ဤမင်း လက်ထက်တော်မှာ "နိုင်သူ့ ပြုကျင့်မှုသည် တရား" ဟု ဖြစ်နေရပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော် ငစွာ အယူခံ ဝင်ရပါသည်'

'သင် တိုက်ခိုက်ယူငင်ပုံကို လျှောက်တင်စမ်းဦး'

'ငချမ်းသာသည် ငွေလက်နက်နှင့် ကြိမ်ဖန်များစွာ တိုက်ခိုက်လုယက်နေတော့ ကျွန်တော်သည် နယ်သူနယ်သားများအတွက် မခံမရပ်နိုင်သဖြင့် ပထမမှာ သည်သို့ မပြုသင့်ကြောင်း၊ တရားနှင့်အညီ လုပ်ကိုင်ရောင်းဝယ် ကြံစည်၍ တိုင်းကြီးပြည်ကြီးသားတို့၏ ကျင့်ထုံးအတိုင်း အလှူပေးခြင်း၊ ချစ်ဖွယ်ရာသော စကားကိုဆိုခြင်း၊ ကိုယ်ကျင့်တရားကောင်း မြဲမြံခြင်း၊ သူတစ်ပါး၏အပေါ်၌ ကိုယ်နှင့်တူမျှသော အကျိုးကို ဖြစ်စေခြင်းတို့ကို ကျင့်သုံးသင့်ကြောင်းတို့ကို အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်တိုးလျှိုး ပြောဆိုပါသည်။ တောင်းပန်တိုးလျှိုး၍ မရတော့မှ

တစ်ဆင့်တက်ပြီးလျှင် နောက်ပါ တပည့်ငါးကျိပ်နှင့် ဝင်ရောက်တိုက်ခိုက် ယူငင်ပါသည်'

'အင်း ... လျှောက်ဦး'

'တိုက်ခိုက်သောအခါ ထားရာကို မပြ၊ တောင်းသည်ကို မပေးခြင်းတို့ကြောင့် ရိုက်ပုတ်ကာ ညှဉ်းဆဲပါသည်။ ထိုသို့ ညှဉ်းဆဲတော့မှ ငချမ်းသာသည် ထုတ်ပေးပါသည်။ ထို့ကြောင့် ငချမ်းသာသည် ငွေလက်နက်နှင့် တရားရုံးကို အားကိုးပြု၍ လူအများအား သဘောတူညီစေပြီးသော် သူတစ်ပါး၏ ပစ္စည်းကို ရယူဘိသကဲ့သို့ ကျွန်တော် ငစွာလည်း ကျွန်တော်၏ ဓားလှံ လက်နက်နှင့် သတ်ပုတ်ညှဉ်းဆဲမှုကို အားကိုးပြု၍ ငချမ်းသာအား သဘောတူညီစေပြီးလျှင် သူ့ထံမှ ပစ္စည်းများကို ရယူပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် သူခိုးမဟုတ်ပါသဖြင့် ငချမ်းသာ ဒဏ်မခံရဘဲနှင့် ကျွန်တော်တို့လည်း ဒဏ်မခံသင့်ကြောင်းကို ထပ်လောင်းကာ လျှောက်ထားပါသည် ပညာရှိမင်း။

'ငချမ်းသာ ပေးသော ပစ္စည်းများကိုလည်း လူမွဲတို့အား ဝေငှပေးလိုက်ပါပြီ။ ငချမ်းသာ၏ ကျီအများကိုလည်း ဖွင့်လှစ်၍ နယ်သူနယ်သားများအား သုံးရက်တိုင်တိုင် အလိုရှိသလို ယူငင်ခွင့်ပေးပါသည်။ ထိုအပြုအမူကို သဘာဝတရားသူကြီးသည် သဘောတူညီသည့်အတိုင်း မဘဲနယ်တွင် အငတ်ဘေးမှ ကင်းဝေးသွားစေပါသည်။ ကမ်းယံပြည်ကလည်း လာရောက် စစ်ထိုးလိုခြင်းသည်လည်း တန့်ရပ်သွားပါ၏။ ငစွာ၏ ဓားပြတိုက်မှုသည် လူ့အပေါ်၌ ကျင့်သုံးသော ထုံးပင် မဟုတ်ပါသလော။ အို ... ပညာရှိမင်း'

'နာမည်နှင့် အညီ တကယ် စွာတဲ့ ငစွာပါကလား။ ငစွာ၊ မြို့စိုး တံစိုးငဲ့ပုံကို လျှောက်ထားဦး'

'မြို့စိုးသည် ငချမ်းသာ၏ ကြံစည်လုပ်ကိုင် နေထိုင်ပုံတို့ကို အကုန်သိပြီး ဖြစ်သော်လည်း "တရားမင်းမြတ် အုပ်ချုပ်သည့် သက်သာပြည်ကြီး" ဟူသော မူလအခြေခံ ပညတ်သဘောကို မလိုက်ဘဲ ဘုရင်မင်းမြတ် အထံတော်၌ ဘဏ္ဍာတော် တိုးပွားခြင်းဖြင့် မျက်နှာရစေရန် အခွန်တော် မထမ်းမဆောင်ထိုက်သော လူ့အဆင့်အတန်းတွင် ပါဝင်နေသော ငချမ်းသာထံမှ အခွန်တော် တောင်းယူသည့်ပြင် ငချမ်းသာသည် မှင်းပေါက်စိုးရောက် မင်းသုံးသူဌေး ဖြစ်ရအောင် ကူညီဆောင်ရွက်ပေးခြင်းကြောင့် မြို့စိုးသည် ငချမ်းသာအပေါ်၌ တံစိုးကိုငဲ့၍ လိုက်စားနေကြောင်းပါ ပညာရှိမင်း'

*

'မယ်တော် မနုစာရိ ... ၏ ... တည်း။

'သက်သာပြည်ကြီးဟု သမုတ်ထားသော ရွှေပြည်ကြီး၌ တရားမင်းမြတ်ဘုရင် သမုတိရွှေမှောက်မင်းကြီးသည် တိုင်းပြည်၏ စည်ပင်သာယာမှုကို ရှေးရှုကာ အုပ်ချုပ် စိုးစံတော်မူသည်။

'သမုတိရွှေမှောက်မင်းကြီးသည် တိုင်းသူပြည်သားတို့ သက်သာရမည်ဟူသော ပြန်တမ်းကို ဥက္ကင်သ မင်္ဂလာ အခမ်းအနားတိုင်း တစ်နှစ်တစ်ကြိမ် ထုတ်ပြန်တော်မူခဲ့သည်။ တရားမင်းမြတ်သည် တိုင်းသူပြည်သားများထံမှ ငွေကို အတင်း လုယူတိုက်ခိုက်သော ဓားပြဗိုလ်ကြီး မဟုတ်၍ (မ + အင်း) မင်းဟူသော အထိမ်းအမှတ်ဖြင့် နိုင်ငံတော် ဝပြောသာယာ စည်ပင်အောင် ဆောင်ရွက်ရန် တိုင်းသူပြည်သားတို့ အလိုရှိသည်ကို ဆက်သသည့် အခွန်တော်သာလျှင် အခဝန်တော်သာ ဟူ၍ ဖြစ်စေရမည်ဟု အစဉ် ကြေညာတော်မူခဲ့သည်။ ဤပြည်သည် သက်သာ ဟူသော ပညတ်နှင့် တည်ထောင်သောပြည် ဖြစ်၍ ဘုရင်မင်းမြတ်သည် သမုတိ ရွှေမှောက်ဘွဲ့ မည်တော် သာသော တရားမင်းမြတ် ဖြစ်တော်မူသောကြောင့် နိုင်ငံတော်၌ တရားမဲ့ လုပ်ကိုင်စားသောက်နေထိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုနေသော သူတို့သည် အခွန်တော်ထမ်း မဝင်သည့် လူတန်းစားငါးမျိုးတို့၏ အတွင်း၌ သက်ရောက်စေ၍ မတရား ကျင့်သုံးသော သူတို့၏ အခွန်တော်ဖြင့် ပြည့်ဘဏ္ဍာကို မပြည့်စေရဟု အစဉ် သတ်မှတ်တော်မူခဲ့သည်။ ထိုအမိန့်တော်ကို မဘဲမြို့စားကြီးသည် သတိမလစ်ဘဲ ဦးထိပ်ထက် ပန်ဆင်၍ အမြဲလိုက်နာရန် ဘုရင့်လွှတ်တော်က ထပ်မံဆင့်ဆိုစေ။

'ဓားပြဗိုလ် ငစွာအား သေရန် အောက်ရုံးမှ သတ်မှတ်သည့် စီရင်ချက်ကို ဖျက်စေ။ သို့သော် ငစွာသည် ဓားပြတို့၏ စည်းကမ်းကို ဖျက်ဆီးကာ ရိုက်ပုတ်ညှဉ်းဆဲသဖြင့် သူဌေးကြီးနှင့်တကွ အရိုက်အပုတ်ခံရသူ အားလုံးတို့အား ပရိသတ်၏ရှေ့တွင် ငှက်ပျောဖီးဆိုင်၊ အုန်း၊ ပန်းခိုင်တို့နှင့် ကန်တော့ပွဲပြုကာ ကန်တော့စေ။

'ငစွာသည် ငချမ်းသာထံမှ တိုက်ခိုက်ယူငင်ခြင်းဖြင့် ငချမ်းသာမှာ ဆင်းရဲမသွား၊ မြစ်ထဲမှ ရေတစ်အိုး ခပ်ယူသကဲ့သို့ပင် ဖြစ်ပေသည်။ သို့ရာတွင် နယ်မှာကား ဓော်မွတ်ခြင်းဘေးမှ လွတ်၍ ကျရောက်လတ္တံ့သော ဆူပူမှုသည် အေးချမ်းသွားလေသည်။ သို့သော် ဤတစ်ကြိမ်သာ ဤသဘာဝကြောင့် ငစွာသည် အသက်ဘေးမှ ချမ်းသာရရသော်လည်း နောက်တစ်ကြိမ် ကျူးလွန်သော်ကား သတ်စေ။

'တရားလွှတ်တော်မှ အောက်ပါ ကျင့်ထုံးများကို ကြေညာရန် မြို့စိုး

များထံ ပို့စေ။ (၁) တိုင်းပြည်မှာ ငတ်မွတ်ခေါင်းပါးမည့်ဘေး တွေ့ကြုံလာစေသော် သူဌေးသူကြွယ်တို့၏ ကျီကြတိုက်တာတို့ကို ဖွင့်၍ ဝေငှစေရမည်။

'(၂) ငွေကို အတိုးပြု၍ ရင်းနှီးလုပ်ကိုင်သူများမှာ ငွေအစိတ်တွင် အခါလည်မှာ တစ်ကျပ်သာ တိုးရမည်။ ထို့ထက် မများစေရ။ ထိုသို့ ငွေချေးငှားရာ၌ မြီစားသည် မြီရှင်အား အရစ်ကျပေးဆောင်ခြင်းဖြင့် အတိုးရော အရင်းပါ ငွေတစ်ဆယ်မှာ တစ်ဆယ့်ငါးကျပ်ထက် ပို၍ မပေးစေရ။

'(၃) မြေရှင်တို့သည် မိမိတို့၏ လုပ်သားများအား မျိုးနှင့် ရိက္ခာကို ထောက်ပံ့ရမည်။ ထိုထောက်ပံ့ခြင်းအပေါ်၌ အတိုးအမြတ် မယူစေရ။ လုပ်သားသည် မြေရှင်အား အရင်းကိုသာလျှင် ပြန်ဆပ်ခွင့် ရှိရမည်။ ပြန်မဆပ်ချေသော် တရားရုံး၏ စီရင်ချက်ကို ခံစေရမည်။

'(၄) တောင်သူများမှာ မျိုးရိက္ခာလိုက ထိုမြို့ ထိုနယ်ရှိ သူဌေးသူကြွယ်များနှင့် ပိုလျှံသူများက အတိုးအမြတ် မယူဘဲ ထောက်ပံ့ရမည်။ ၎င်းကို ယူသူက အသီးအနှံ ရိတ်သိမ်းပြီးသောအခါ ပြန်ဆပ်ရမည်။

'(၅) ကုန်လှောင်သူများသည် မိမိ လှောင်ကုန်များအပေါ်၌ ငွေအစိတ်တွင် တစ်ကျပ်သာလျှင် အမြတ်ယူရမည်။

'(၆) မြီစားသည် မြီရှင်ထံ ငွေကိုသော် လည်းကောင်း၊ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း ပြန်မဆပ်နိုင်သဖြင့် ကျေးကျွန် မဖြစ်စေရ။ သို့သော် မြီစား၏ အမွေခံ အဆက်ဆက်သည် မြီရှင်၏ အမွေခံ အဆက်ဆက်ထံတွင် ပြန်ဆပ်ရမည်။ ချေးငွေများသည် မည်သည့် အခါမျှ ဆုံးပါးခြင်း မရှိစေရ။

'(၇) အတိုးကို အရင်းပြု၍ မတိုးရ။

*

## လင်လုတရား

သလ္လာဝတီ မြစ်ကမ်းရှိ ပရိမ္မ ပြည်ကြီး၌ မြောက်ပြင် သူဌေးသားနှင့် တောင်ပြင် သူဌေးသမီးတို့ကို မိဘတို့သည် အချိန်အရွယ်ရောက်သော် ထိမ်းမြားကြစတမ်းဟု ကတိကဝတ် ထားရှိကြ၏။ ထိုအခိုက်အတန့်၌ မြောက်ပြင်သူဌေးနှင့် သူဌေးကတော်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ကွယ်လွန်သွားကြလေ၏။ ၎င်းတို့၌ သားတစ်ယောက် မောင်ထန်းသီးဟု ကျန်ရစ်ခဲ့၏။ မောင်ထန်းသီးအားလည်း မိဘတို့သည် ၎င်းတို့၏ ကတိကဝတ်ကို ပြောထားခဲ့ကြ၏။

မောင်ထန်းသီးသည် မိဘ ထားခဲ့သည့် ကုဋေမျှရှိသော ပစ္စည်းတို့ကို အပေါင်းအသင်းများနှင့် ဖြုန်းတီးသုံးစွဲ၍ ကုန်လတ်သော် တောင်ပြင်သူဌေးထံသို့ သွားရောက်ပြီးလျှင် မိဘများ မှာထားခဲ့သော ကတိစကားကို ပြောကြား၍ ၎င်းအတိုင်း တည်ရပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုလေ၏။

တောင်ပြင်သူဌေးလည်း 'အမောင် ... အမောင့်မိဘများနှင့် ငါတို့ ကတိစကား ရှိထားသည်ကား မှန်ပေသည်။ ကတိတို့မည်သည်လည်း မတိမ်းမယိမ်းကောင်း။ ထို့ကြောင့် အမောင်သည် တစ်ထောင်မျှလောက်သော အသပြာကိုသာ ယူခဲ့လော့။ ငါတို့၏ကတိကို တည်မြဲစေပါမည်' ဟု ဆိုလေ၏။

ထိုအခါ မောင်ထန်းသီးသည် ပြန်ခဲ့၍ မိမိနှင့် သောက်ဖော်စားဖက်၊ ရမ်းဖော်ရမ်းဖက်ဖြစ်သော သူတို့၏အထံ၌ အကြောင်းကိုပြောပြ၍ အသပြာတစ်ထောင်ကို ရအောင် ချေးငှား၏။ အသပြာ တစ်ထောင်ကို ရလတ်သော် မောင်ထန်းသီးသည် ၎င်းကို လက်ဆောင်ပြုလျက် တောင်ပြင်သူဌေးသမီးကို တောင်းယူလက်ထပ်လေ၏။ ထိုသို့ လက်ထပ်ပြီး၍ ခုနစ်ရက်မျှ မကြာသေးမီပင် ကြွေးရှင်အသီးသီးတို့သည် မောင်ထန်းသီးထံ လာရောက်ကာ ကြွေးတောင်းကြကုန်၏။ မောင်ထန်းသီးလည်း ကွမ်းအစ်တစ်လုံးနှင့် မယားနှင့် ယောက္ခမ မသိအောင်သာ သာယာချောင်စွာ လက်ခံလျက် တောင်းပန်ပြီးသော် ရက်ရွှေ့ချိန်းဆိုကာ ခဏခဏ နေရရှာ၏။ ထိုသို့သော အပြုအမူကို သူဌေးသမီး မယ်နှင်းဆီ မြင်လတ်သော် ဤသို့ မေးမြန်း စုံစမ်းလေ၏။

'ကိုယ်ဟာ သူဌေးသား သူဌေးသမက် တစ်ယောက်ပါ။ ဧည့်သည်ရောက်လာတိုင်း ကွမ်းအစ်တစ်လုံးနှင့် ရိုရိုသေသေ အနိမ့်အကျပြုကာ မျက်နှာအောက်ချနှင့် ဧည့်ခံနေရတာဟာ ဘယ်လိုအကြောင်းများ ရှိလို့ပါလဲ၊ ကျုပ်သိပါရစေ'

'မယ်နှင်းရယ်၊ လူဆိုတာ ကောင်းစားလေ မာနကို နိမ့်ချရလေကွယ်။ ဟိုအခါတုန်းက ပေါင်းဖော်သင်းဖက်တို့ အပေါ်မှာ သူဌေးသမက် ဖြစ်တော့မှ မျက်နှာထားတည်တည်နှင့် ခံ့ခံ့ကြီး ဟန်တစ်လုံး ပန်တစ်လုံး လုပ်နေရင် ဘာတော်မလဲ။ အဲသည်တော့ မချိုးမွမ်းချင်နေ၊ အကဲ့ရဲ့ကိုဖြင့် မခံရစေနှင့်တော့လို့ အထူးပဲ ကိုင်းညွတ်ခြင်းသဘောကို ရှေ့ထားကာ ဧည့်ခံရတာပါ မယ်နှင်းရယ်။ ကိုင်းညွတ်ခြင်း သဘောဟာလည်း ပိုတယ် မရှိ၊ လိုတယ်သာရှိလို့ အောင်မြင်ခြင်းမှာ တော်တော်ထိရောက်တဲ့ လက်နက်ပါ'

'ကျွန်မက ကြွေးကလေး မြီကလေးများ ပါလာသလားလို့၊ ပါလာရင်လည်း အမိန့်ရှိပါ၊ ဆပ်လိုက်တာပေါ့'

'ကြံကြံမှစည်စည် မယ်နှင်းရယ်၊ အထင် မမှားစမ်းပါနှင့်'

ထန်းသီးသည် ထိုကဲ့သို့ မယ်နှင်းဆီအား မဝဘဲနှင့် ဝိကာ လီဆယ်သော်လည်း တစ်နေ့သ၌ အိပ်ရာထက်တွင် တူနှစ်ကိုယ်ယှဉ်၍ အိမ်တွင်းရေးကို မယ်နှင်းဆီနှင့် ဤသို့လျှင် နီးနှောမေးမြန်းလေ၏။

'မင်းဘဘမှာ ဒွေးကြွယ်တယ်ဆိုပြီး ငွေတွေ ရွှေတွေကိုလည်း မမြင်ရပါကလား၊ ဘယ်လိုများ ကဲ့ဝှက်ထားပါသလဲ အချစ်ရယ်'

'ညကြီး လူကြားသူကြား ရှင်'

'ကိုယ်တို့ တိုးတိုးကြိတ်ကြိတ် အချစ်စခန်းချရင်း ပြောဘာကို ဘယ်သတ္တဝါကောင်ကများ လာပြီး ကြားဦးမှာတဲ့လဲဗျ။ ကိုယ်လည်း သိထိုက်တယ်ထင်လို့ မေးတာပါ။ တိုးတိုးကလေး နားတွင်အပ်ပြီး ပြောရင်လည်း ပြီးတာပါပဲ'

'ရှင့်လား အရေးကောင်းတော့ တိမ်းတောင်း (ဒိန်းဒေါင်း) ဖျက် ဆိုတာလိုကျွန်မတို့နေတဲ့ အိမ်ကလေးရဲ့ လှေကားရင်း လက်ဝဲဘက်က ငွေအိုးသုံးလုံးရှင့်၊ လက်ယာဘက်က ရွှေအိုးသုံးလုံးရှင့်၊ ကျွန်မတို့အိမ်ရဲ့ ဥရုတိုင် ခြေရင်းမှာ ငွေတိုက်ကြီး ရှိတယ်ရှင့်'

'ကြည့်ပါလား၊ ခုမှ ဟော ...'

ထန်းသီးသည် ထိုနေ့ညဌ် မယ်နှင်းဆီအား အထူး ချစ်ခင်ယုယမှုကို ပြ၍ အိပ်မောကျစေလေ၏။ (မိန်းမတို့၏ တကယ်အစစ် အချစ်၏သဘာဝမှာ ယောကျ်ားက နှုးတိုင်း နူးလွယ်၍ ယောကျ်ားက ပလူးတိုင်း ရူးတတ်သည်။ ထို့ကြောင့် ယောကျ်ားကို မိန်းမက ပိုင်းနိုင်သည်ထက် ယောကျ်ားက မိန်းမကို သာ၍ လွန်၍ ကဲ၍ ပိုင်းနိုင်လေသည်။) ထိုအခါ ထန်းသီးသည် အိပ်ရာက အသာအယာ ထ ၍ အိမ်အောက်သို့ ဆင်းပြီးလျှင် ငွေကို အလိုရှိသမျှ ယူငင် ကဲ့ဝှက်ထားရန် ငွေအိုးကို တူးဖော်ဖွင့်လှစ်လိုက်ကာလ ငွေအိုးထိန်း ဥစ္စာစောင့်မြွေ၏ ပေါက်လိုက်ခြင်းဖြင့် ကြောက်အားနှင့် ရုတ်တရက် တိမ်းလဲကျသွားလေ၏။ ထိုနေရာမှလည်း မထနိုင်တော့ချေ။

နှင်းဆီလည်း အိပ်ရာမှ နိုးလတ်သော် အနီးတွင် ခင်ပွန်းသည်ကို မတွေ့လျှင် "အလို .. ကိုထန်းသီးများ ငွေအိုးကို သွားပြီး ဖော်လိုက်ရင် အခက်ပါပဲ၊ သူတော့ ဥစ္စာစောင့်မြွေနှင့် တွေ့ရတော့မှာပါပဲ" ဟု ဗျာပါတကြီးနှင့် အိမ်အောက်သို့ ဆင်းသွားရာ လဲ၍ ညည်းညူနေသော သူ၏ ခင်ပွန်းသည်ကို တွေ့ရလေ၏။

'ကိုယ့်နှယ်နော် ဘာကြောင့် သည်လို ကြံရတာလဲ။ ငွေလိုရင် ကျွန်မကို ပြောပါတော့လား။ ယခုတော့ ကိုယ်ကျိုးနည်းပါပကော။ ကျွန်မလည်း မကြံတတ်တော့ဘူး မောင်ရဲ့' ဆိုကာ နှင်းဆီသည် တရှုပ်ရှုပ်နှင့် ငိုနေလေသည်။

'မငိုနှင့်တော့ အချစ်၊ သူယုတ်မာ၊ လူညံ့၊ လူဖျင်း၊ လူအ၊ လူန၊ လူမသမာတို့ဟာ မှားပြီးမှ နောင်တ ရတတ်တာပဲ။ လူလောကမှာ ငွေမရှိရင် သူသေပဲနော်။ ကိုယ့်ကိုယ်ကို သူများက အထင်ကြီးအောင် မဝဘဲနှင့် ဝိလုပ်ကာ အသား

ယူလိုသော သူတို့ရဲ့ သွားရာလမ်းဟာ ကဲ့ရဲ့စရာ ပရမ်းပတာချည်းပါပဲကလား။ ကျုပ်တော့ သေရတော့မယ် အစစ်ပဲ။ ကျုပ် သေရင်သာ မြေမမြှုပ်၊ မီးမဖုတ် ပါနှင့်။ ကောင်းမွန် ခမ်းနားစွာ ပြာသာဒ် တလား လုပ်ပြီး ရေတွင်မျှောလိုက်ပါ အချစ်ကယ်'

ထိုသို့ မှာထား ပြောဆိုရင်းပင် ထန်းသီးသည် သတိကင်းကွာလျက် မျက်စိမှိတ်သွားရလေ၏။

*

တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီး သမီးတော်များ မကြီး၊ မလယ်၊ မရွယ်၊ မလတ်၊ မတစပ်၊ မပြာသာဒ်၊ မအထပ် တို့သည် တန်ဆောင်မုန်း လပြည့်နေ့၌ ရေကစားကြရန် ဧရာဝတီမြစ်သို့ ဆင်းကြကုန်၏။ ထိုအခါ ရေလယ်မှ မျောလာသော ပြာသာဒ်ကို သမီးတော် ခုနစ်ယောက်တို့သည် မြင်ကြလတ်သော် အင်္ဂလိဝိဇ္ဇာ၌ တတ်မြောက်သော မကြီးက 'ဟော့ ... ဟိုဟာ မြွေကိုက် သေလို့ မျှောလိုက်တဲ့ မသာအေ့' ဟု ဆို၏။

မရွယ်– 'ဒါဖြင့် မသေသေးဘူးအေ့' ဟု ၎င်း၏ နက္ခတ်အတတ်နှင့် ဆိုလေ၏။

မလယ်– 'ကိုင်း ဒါဖြင့် ဆယ်ကြရအောင်ရှင့်'

မပြာသာဒ်– 'ရှင်တို့ ဆယ်နှင့်ကြ၊ ကျွန်မ သွားပြီး ဆေးမြစ်ရှာလိုက်ဦး မယ်ရှင့်' ဟု ၎င်း၏ မြွေကုအတတ်ပညာနှင့် ရဲရဲတောက် ပြောဆိုလေ၏။

*

တက္ကသိုလ်ဆရာကြီး၏ သမီးတော် ခုနစ်ယောက်တို့သည် ထန်းသီး၏ အလောင်းကို ရေမှ ဆယ်တင်ကြ၍ ဆေးကုသခြင်းတို့ဖြင့် ထန်းသီးသည် ရေဆိပ်တွင်ပင် သတိရလျက် ပြကတေ့ အဖြစ်နှင့် ထနိုင်၊ ထိုင်နိုင် ရှိလေ၏။

ထိုအခါ မကြီးသည် ညာဘက်မျက်စိနှင့် မျက်စောင်းချိတ်၍ "လုလိုက် ပါတဲ့မောင်၊ မောင့်ကို ကျွန်မ မြင်ဘီလို့သာ။ သို့မဟုတ်ရင် အသေပါပဲ။ မောင့်ကို ကျွန်မသာ ပိုင်တယ်" ဆိုလိုသော သဘောနှင့် ကြည့်ပြောပြောနေ၏။

မရွယ်ကား ဘယ်ဘက်မျက်စိနှင့် မျက်စောင်းကလေး ရိပ်လျက် "ချော လိုက်ပါဘိတယ်။ ရှင့်ကို နက္ခတ်နှင့်ကြည့်ပြီး မြွေကိုက်ရင် မသေသေးဘူး ဆိုလို့သာ ရှင် အသက်ရှင်ရတာပါ။ ရှင့်ကို ကျွန်မမှတစ်ပါး ဘယ်သူမှ မပိုင် ဘူးရှင့်" ဟု မခို့တရို့ကြည့်ကာ ဆိုလိုသော လက္ခဏာကို ပြဆိုနေလေ၏။

မလယ်ကား "ယောကျ်ားပီသလှတဲ့ ရှင်ကြီးရေ၊ ရှင့်ကို ကျွန်မ ဆယ်လို့ရှင့်။ နို့မို့ရင် ရှင် ရေထဲပါသွားပြီး ရှင် သေရမှာပဲ။ ရေထဲက ဆယ်ရန် ကူတဲ့အထဲမှာ

ကျွန်မ ခေါင်းဆောင်ရှင့်"ဟူသော သဘောနှင့် ချစ်တင်းနှောလျက် ကြည်လင်တောက်ပ သွေးရည်ကြွလျက် ရှိသော မျက်လုံးကို ကစားကာ ကစားကာနှင့် သွေးဆောင်နေလေ၏။

မလတ်ကား "ခုံခုံကြီးနှင့် လှပတဲ့ ကိုကို၊ ကိုကို့ကို ရေထဲကဆယ်တော့ ဖောင်ကို အရင်တွယ်ပြီး တက်မိတဲ့ ခင်ရှင့်။ ကိုကို့ကို ကျွန်မ ဗွေဆော်ဦး မိပါတယ်။ ကျွန်မမှတစ်ပါး ကိုကို့ကို ဘယ်သူမှ မပိုင်"ဟု ပြုံးတော့မလိုလို၊ ဆိုတော့မလိုလိုနှင့် ပါးစပ်ကလေးကို ပြင်ကာ ပြင်ကာ၊ ထန်းသီးကို ကြည့်ကာ မာယာနှောင်လျက် အချစ်သွေး လက်ဆောင်ကို ပြကာ ရှိနေလေ၏။

မတစပ်ကား "လုံးကြီးပေါက်လှနှင့် အသရေတော် ကြွပါတဲ့ တော်ကြီးရေ့၊ သည်ကောင်မတွေကို အရေးမလုပ်ပါနှင့်။ တော့်ကို သေတယ်၊ မသေတယ် လူနာလက္ခဏာကျမ်း၌ ဝိဇ္ဇာမြောက် တတ်တဲ့ သည်ကောင်မက အရင်ကိုင်တွယ်ပြီး စမ်းသပ်တာတော့။ ကျွန်မသာ မရှိရင် တော့်ကို သူတို့က သေတယ်အမှန် ဆိုကာ ရေထဲမှာ မျှောလိုက်မှာပဲတော့။ ကျွန်မကြောင့်သာ တော် အသက်ရှင်ရတာပါ။ ကျွန်မသာ တော့်ကို ပိုင်ပါတယ်"ဆိုလိုသော သဘောနှင့် ထန်းသီး လူချော၏ ရှေ့တွင် မျက်နှာထားကာ နှုတ်ခမ်းကလေး မစူ့တစူဖြင့် မူမူပြီးသော် အလှသွေး မာယာနှောင်ပြီးလျှင် ထန်းသီး၏ မေတ္တာကို ပြိုကျလာအောင် သွေးဆောင်ကာ ရှိနေရှာတော့၏။

မပြာသာဒ်ကား "ထွားထွားကျိုင်းကျိုင်းနှင့် ကသိဏ်းရှုသလိုသာ ရှုနေဖို့ ကောင်းပါတဲ့ လူ့ဝတ်လျာ အစ်ကိုကြီးရေ့၊ ဘယ်သူက ဘယ်လို မာယာပြုကာ လုလုပြီး မြူကြွပေမယ့် အရင်းစစ်တော့ အမြစ်မြေက ဆိုတာလို ဟောသည် ကောင်မကြောင့် ရှင်ကြီး အသက်ရှင်ရတာပါရှင့်။ အလှချင်းကို ပြိုင်ကြည့် စမ်းပါ အစ်ကိုကြီးရယ်။ သည်ကောင်မသာ မရှိရင် ဘယ်သူမှ ဆေးပင် မသိလို့ အစ်ကိုကြီး သေရမှာ အစစ်ပဲ။ မြွေဆေးပင်ကို သည်ကောင်မ လိုက်ပြီး ပြရ တာပါ။ ခရမ်းသီး ကြီးလို့ အရီးတွေ များနေကြတာပါရှင့်"ဟု ဆိုလိုသော သဘောနှင့် အံကလေးကြိတ်ကြိတ်၊ မျက်စောင်းကလေး ချိတ်ချိတ်ဖြင့် နိပ်သည် ထက် နိပ်အောင် မာယာဆောင်လျက် ထန်းသီး၏ မျက်လုံးကို မိမိ၏ မျက်လုံးထဲမှ မထွက်စေဘဲ ချက်ချင်းပင် မျက်နှာချင်း အပ်လိုက်တော့မလိုလို၊ လက်နှစ်ဖက် နှင့် အတင်းပွေ့ကာ ကျုံးလိုက်တော့ မလိုလိုနှင့် အချစ်သဘောကို စိတ်ပြော ပြောကာ နေဘိ၏။

မအထပ်ကား "ရုပ်လုံးကြီးကို ပြုံးလို့သာ ကြည့်နေဖို့ ကောင်းပါတဲ့ တော်ကြီးရေ့၊ ဆေးမြစ်တူးရတာက ကျွန်မပါရှင့်။ ဘယ်သူက ဘယ်လိုပင်

မျက်စမျက်ရိပ်နှင့် ချိတ်ကာ ပြောပြော၊ ဆေးပင် ဘယ်လိုရှိရှိ၊ ဆေးမြစ်တူးမယ့်သူ မရှိရင် တော်ကြီးကို ဘယ်လို ကုစားနိုင်ပါ့မလဲ။ ဒါကြောင့် တော်ကြီးဟာ မိအထပ်ရဲ့ မေတ္တာရင်အစစ်။ တော့်လားလေ အပါးမှာကပ်ပြီး ထပ်ကာ ထပ်ကာ နားလည်အောင် ပြောချင်ပါဘိတယ်" ဟု နှုတ်ခမ်းကလေး ရဲရဲကို ပြင်ကာ ပြင်ကာ ပြုံးသလိုလို မျက်နှာချိုချို ကြည်ကြည်ကလေးနှင့် ထန်းသီးအား ချစ်အာရုံကို ဝင့်ကာ အမူပါပါ ဆင့်နှောလျက် စိတ်ပြော ပြောကာ နေလေ၏။

(ထိုခေတ်က သည်လောက်ပင် ယောကျာ်းရှားသလား။ လင်ကားရှားဟန် တူ၏။ မယားမ၏ အလိုသိ၊ ယောက္ခမဖိတိုင်း ပိမည့် လင်လူလှ ပုံသကူ ကား အရတော်ပြားဖို့ စဉ်းစားမည်ဆိုသော် စဉ်းစားသင့်၏။)

တက္ကသိုလ်ဆရာကြီး၏ သမီးတော် ခုနစ်ယောက်မှာ ပါးစပ်က ဖွင့်လှစ်၍ မပြောကြသော်လည်း ပရိယာယ်၊ မာယာ အပလိန်း စသည့် မိန်းမတို့၏ သဘာဝနှင့် ကိုယ့်ဘက်ကို ပါအောင် သဒ္ဒါဆောင်ကာ ပြုမူကြပြီးသော် မိမိတို့၏ ဖခင် စံရာ မြို့ကြီးသို့ ထန်းသီးကို ခေါ်ယူသွားကြကုန်၏။

တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးသည်လည်း တပည့် ငါးရာ အလယ်၌ သမီး ခုနစ်ယောက်နှင့် သမက်လောင်း တစ်ယောက် ဖြစ်နေ၍ အရှက်ကြီးစွာ တွေ့ရလေ၏။ သို့သော် ပညာရှိတို့၏ သဘောအလျောက် လိုက်လျောရမည် ဖြစ်ခြင်းကြောင့် သမီးများအား စစ်ဆေးရာ သမီးများကလည်း မိမိတို့၏ စိတ်ကူး ကြံဆထားသည့်အတိုင်း ထွက်ဆိုကြကုန်၏။ ဆရာကြီးကား ငထန်းသီး သဘော သင့်မြတ်ရာ သမီးနှင့် ထိမ်းမြားမည်ဟု ထန်းသီးအား စစ်ဆေးရာ၌လည်း သမီးတော် ခုနစ်ယောက်အပေါ်၌ မည်သူ့အားမှာမျှ မပိုမလို မေတ္တာတူညီ မျှတကြောင်းနှင့် ထန်းသီးသည် ထွက်ဆိုလေ၏။

တက္ကသိုလ် ဆရာကြီးလည်း "ငါ့သမီးနှင့် သည်အကောင်တစ်ယောက် အတွက် ခက်ကပြီ" ဟု အောက်မေ့လျက် တပည့် ငါးရာတို့၏ အလယ်၌ ငထန်းသီးနှင့် သမီးတော်များကို ခေါ်၍ ချည်မန်းကွင်းကို ပြုလုပ်ပြီးသော် 'ငါ့သမီး ခုနစ်ယောက်လုံးကို ငထန်းသီး ပုံသကူကောင်နှင့် သိမ်းကျုံးကာ ထိမ်းမြားရမည်မှာ အတိုင်းတိုင်း အပြည်ပြည်က ကြားလို့မျှ မလျော်။ သည်မောင် နှစ်သက်ရာ ထိမ်းမြားမယ် ကြံပြန်တော့လည်း သူက အကုန်လုံး သိမ်းကျုံးကာ မေတ္တာတူညီ ရှိနေလို့ ငါဆရာလည်း မစီရင်သာ။ ဒါကြောင့် အတတ်ပညာ သည် သာလျှင် သည်အမှု၌ တရားသူကြီး ဖြစ်သင့်ပေတယ်' ပြောဆိုကာ ငထန်းသီး၏ခြေတွင် ဝတ်ပေးလိုက်ရာ ငထန်းသီးသည် ချက်ချင်း ကြက်တူရွေး ဖြစ်သွားလေ၏။ တပည့်အပေါင်းတို့လည်း အလွန်အံ့အားသင့်လျက် ငေးမော ကာ နေကြကုန်၏။

ဆရာကြီးသည် 'ငထန်းသီး ကျေးမင်းသားရေ့၊ ထိုက်ရာမှာ နားလေလော့' ဆိုကာ ကောင်းကင်သို့ ထိုးလွှတ်လိုက်ရာ၊ တပည့်ငါးရာတို့၏ တစ်ခဲနက်သော အသံဖြင့်လျှင် ကြက်တူရွေးသည် လန့်ပြီးသော် ကောင်းကင်သို့ ပျံတက်ကာ ကွယ်ပျောက်သွားလေ၏။ သမီးတော် ခုနစ်ယောက်သည်ကား ရင်ကို မ လျက် တ သ ကာ ကျန်ရစ်ခဲ့ကြရလေသည်။

*

သက်သာပြည့်ရှင် ဘုရင်မင်းမြတ်၏ တောင်ဥယျာဉ်တော်၌ ဥယျာဉ်မှူး အဘိုးကြီးနှင့် အမယ်ကြီးသည် သစ်ပင်များကို မြေတောင်မြှောက်နေစဉ် ဤသို့ သာယာသော အသံကို ကြားရလေ၏။ 'ဘိုးဘိုးတို့ ဘွားဘွားတို့၊ ကျွန်တော် ဆာလှလို့ ငှက်ပျောသီးကလေးများ ရှိရင် တစ်လုံးတလေ မ စ တော် မူကြပါခင်ဗျ' ... အဘိုးကြီးနှင့် အမယ်ကြီးကား 'အလို သာက သာယာနှင့် ဘယ်က အသံပါလိမ့်မလဲ' ဟု တောင်မြှောက်လေးပါးကို ကြည့်လေသော် လူသူ တစ်စုံ တစ်ယောက်ကိုမျှ မမြင်၊ ထိုအသံကိုသာလျှင် သနားစဖွယ် ထပ်ကာ ထပ်ကာ ကြားရလေ၏။ ထို့နောက် ထိုအသံသည် သရက်ပင်ခေါင်ဖျားမှ ဆင်း၍ အဘိုးကြီး အမယ်ကြီးတို့နှင့် နီးကပ်စွာကနေ၍ ရှေးနည်းတူ ချစ်စဖွယ်၊ သနားစဖွယ် အသံသာသာနှင့် တောင်းဆိုနေလေ၏။

အဘိုးကြီးနှင့် အမယ်ကြီးလည်း အသံကြားရာသို့ လှမ်းကြည့်လတ်သော် လူ့စကားအား ပီသစွာ ပြောဆိုနေသော ကြက်တူရွေးကို မြင်ရ၍ အလွန် နှစ်သက်လေရကား ဖမ်းယူကာ ကောင်းမွန်စွာ ကျွေးမွေးသုတ်သင် ထားလေ၏။ ထို့နောက် ကြက်တူရွေးမှာ လူစကားကို လူနှင့်မခြား ပီသစွာ ပြောနိုင်သဖြင့် ချစ်ဖွယ်ရာရာ လိမ္မာယဉ်ကျေးသောကြောင့် တစ်ပင်တိုင်မြနန်းနှင့် ထားသော မင်းသမီး စောဖုံးနွယ်ထံသို့ ဆက်သလေ၏။ မင်းသမီးလည်း အလွန် ဝမ်းသာအားရဖြင့် ဥယျာဉ်မှူး လင်မယားအား ဆုလာဘ်တော် များစွာ ချသနားတော်မူလေသည်။

## ရွှေခဲနှင့် စောဖုံးနွယ်

စောဖုံးနွယ်သည် ရုံရွေတော်များနှင့် ပန်းများကို သီကုံးကာ ကစားနေ၏။ ကြက်တူရွေးသည် ရွှေခွက်ထဲ၌ ထည့်ထားသော ပျားရည်ရောသည့် ပေါက်ပေါက်တို့ကို အနီးတွင်စားလျက် တွတ်တီတွတ်တာ စကားတို့ကို ပြောဆိုနေလေ၏။

'ထိပ်ထား သခင်မလေးရဲ့ အဆောင်ဟာ သိပ်ကို သာယာလှပါပေတယ်။ ရွှေခဲတော့ သိပ်ကို အကျိုးပေး ကောင်းနေတာပဲ'

'ရွှေခဲ မမထံမှာ ပျော်ရဲ့လား'

'ပျော်လွန်းလှပါတယ် မမရယ်။ ရွှေခဲများ စကားမှားသွားရင် မမက စိတ်ဆိုးမှာလား'

'အလိုလေး တတ်လိုက်တာ ရွှေခဲရယ်။ မမက ရွှေခဲကို ဘာကြောင့် စိတ်ဆိုးရမှာလဲ။ ဘယ်တော့မှ စိတ်မဆိုးပါဘူး'

'ဩော် .. လောကမှာ ရေမြေသေဋ္ဌနင်း ပြည့်ရှင်မင်းရဲ့ ဓားတော်ဟာ တုံးတယ်မရှိ၊ ထက်ပါသတဲ့။ သည့်ထက် ချစ်လှစွာသော မိဖုရားရဲ့ ဓားတော် ဟာ ထက်ပါသတဲ့။ သည့်ထက် ပင်တိုင်တော်မြန်နန်းမှာ စံစားကာနေတဲ့ သမီး တော်ရဲ့ ဓားဟာ ပိုမိုပြီး ထက်ပါသတဲ့။ အဲသည်တော့ ရွှေခဲက တွေးတွေးပြီး ရင်တဖိုဖိုနှင့် ကြောက်တယ် ဆို၊ ဘယ်လိုမှ ပြောမရပါဘူး ထိပ်ထားရယ်။ ရွှေခဲ အပေါ်မှာ မမက ဘယ်တော့မှ စိတ်ကောက်တော် မမူပါနှင့်နော်'

'တတ်လိုက်တာနော်၊ ရွှေခဲ အပေါ်မှာ မမ ဘယ်တော့မှ၊ ဘယ်လိုမှ စိတ်မကောက်ပါဘူး'

'ဒါဖြင့် မမက ရွှေခဲအား ပျော်စေ၊ ပြက်စေ၊ ကလက်စေလို့ အခွင့်ပြုပြီး တံခါးမဲ့ ခွင့်ပေးပါနော်'

'အလိုလေး ခရာလိုက်တာ၊ ဟိုဟာမတွေထက် တတ်ပါသေးကလား။ မမက ရွှေခဲအား ပျော်စေ၊ ပြက်စေ၊ ကလက်စေလို့ အခွင့်ပြုပြီး တံခါးမဲ့ပေးပါ တယ်' ဆိုကာ စောဖုံးနွယ်သည် ကြက်တူရွေးကို ကောက်ယူ၍ လက်ဝါးပေါ်တွင် တင်ပြီးလျှင် နှုတ်သီးကို ၎င်း၏ နှုတ်ခမ်းတော်နုနုနှင့် ထိ၏။ ကြက်တူရွေး ကလည်း ၎င်း၏ နှုတ်သီးနှင့် မင်းသမီး၏ နဖူး၊ နှာခေါင်း၊ ပါးပြင်ကလေး နုနုမို့မို့ကလေးတို့ကို ထိကာ ထိကာနှင့် ချစ်ကြင်နာဖွယ်ရာ စကားတို့ကို တီတီ တာတာ ပလီပလာ ပြောကြလျက် သတ္တဝါနှစ်ခုတို့၏ အဇ္ဈတ္တအတွင်းရှိ ဖိုဓာတ်၊ မ ဓာတ်တို့သည် ရှင်မြူးခုန်ပေါက် ကျော်လွှားလျက် ပျော်မွေ့ကာ အထူးရှိနေလေ၏။

တစ်နေ့သ၌ စောဖုံးနွယ်သည် ရေချိုးပြီး၍ ၎င်း၏ အဆောင်တော် ကြာရိပ်လယ်၌ အခန်းတံခါးကိုပိတ်လျက် ကိုယ်လုံးပေါ် ကြေးမုံပြင်တွင် မိမိ ကိုယ်ကို ပြီးလိမ်းခြယ်သနေရာ ကိုယ်အတွင်း၌ သဘာဝအလျောက် ကိန်းအောင်း နေသော ဖို မ ဓာတ်သည် ကွန့်မြူး ထူးထွေလျက် နှစ်သက်ခြင်းသည် တိုးတက် လာ၏။ သာယာခြင်းအဟုန်သည် ထုံမွှမ်းနေ၏။ ထိုသဘောကြောင့် မာန်ဓာတ် သည် တဖျပ်ဖျပ် ခုန်မြူးခြင်းဖြင့် ကိုယ်လုံးဖြန့်ကာ လျှမ်းလျှမ်းတောက် ဖြစ် လာ၏။ ၎င်း၏ လက္ခဏာနိမိတ် အင်္ဂါ အစိတ်အပိုင်း အချိတ် အဆက်တို့ကို

ကြည့်ခြင်းအားဖြင့်လည်း သာယာခြင်းသည် ကိုယ်လုံးထုံလျက် အားမရနိုင်ဘဲ သဘာဝအားလျော်စွာ မိမိ၏ လုပတင့်တယ်မှုကို တပ်မက်ခြင်း မ ခတ်သည် ယောက်ယက်ခတ်ပြီးလျှင် မွန်၍ယစ်နေဘိ၏။

ထိုအခိုက်အတန့်၌ ကြက်တူရွေးသည် 'မမ မျက်နှာတော်သာလျှင် ယှဉ်ဘက် ရှာမရအောင် ချောလှတာ မဟုတ်' ဆိုကာ တန့်ရပ်နေ၏။

'မမမှာ ဘာတွေများ ပိုပြီး ချောလှနေလို့လဲ'

'ရွှေခဲ ပြောရင် မမ စိတ်ဆိုးလာမယ်ပေါ့လေ'

'တာလိုက်တာနော်။ ရွှေခဲရဲ့အပေါ်မှာ မမ ဘယ်တော့မှ၊ ဘယ်လိုမှ စိတ်မဆိုးဘူး၊ အပြစ်မဆိုဘူး။ ချစ်စရာကလေး၊ ပလီပလာ ပြောစမ်းပါဦး'

'မမဟာ ခါးသေးရင်ချီ ဆန်းရည်ဥက္ကဋ္ဌ မိန်းမမြတ်လက္ခဏာနှင့် ပြည့်စုံလေတော့ ဂုဏ်ရည်နှစ်စုံဟာ လူ့ဘုံမှာဖြင့် တုမရှိအောင် အသရေဆောင်ပြီး ကြွကြွလှလှကြီး ရှိ..လှ..ပါ..ဘိ။ တင်ဆုံရွှေဆိုင် မြတ်နိုင်ခိုင်ဟာ နှိုင်းပြိုင်စရာ ကင်းကွာလျက် ရှက်လွှာကြာရှက်၊ မြတ်ရွှေခွက်သည်၊ အို ပလီတာ မဟုတ်၊ ပြီတာ မဟုတ်၊ အကြားအမြင် မထင်သာ၊ ရွှေမင်နှင့်ရေးကာ အကြောင်းဆွဲထားတဲ့ ရုပ်လုံး၊ ရုပ်လုံးကလေးပါလားလို့ ရွှေခဲက စကား မတတ်တတတ်နှင့် ဂုဏ်ဒြပ်ကို ချီးပြီး ဆိုရပါတယ်'

'ရွှေခဲရယ် ... မမ ရှက်လာပြီ၊ ရွှေခဲ မြှောက်သလို မမမှာ မိန်းမလှ ဂုဏ်ရောင် မတောက်ပါ၊ တစ်ဆိတ်ကလေး လျှော့ပါဦးတော့'

'မမမှာ တစ်ကိုယ်တည်းပဲ ရှက်ရသေးသလား။ ရွှေခဲဟာ မင်းသားမှ မဟုတ်ဘဲနှင့်၊ ရွှေခဲက မြှောက်ပေါင်။ မမရဲ့ လှပုံတော်ဋ္ဌိကာအတွက် တစ်ကိုယ်လုံး ခြုံပြီး အကွက်ကျကျ လုံးစေ့ပတ်စေ့နှင့် မတင်ဆက်နိုင်တော့ အလှတွေ အပုံကြီး ကျန်လျက် ရှိပါလေဦးမယ် မမ'

*

မင်းသမီးကလေးသည် အဝတ်ကို ဝတ်ဆင်၍ ကြက်တူရွေးကို ပခုံးပေါ် တင်ပြီးသော် အခန်းထဲမှ ထွက်လာကာ ရံရွေတော်များနှင့် ပျော်ပါးစွာ နေလေ၏။

*

ညအချိန် မင်းသမီး၏ အဆောင်တော်တွင် အပျိုတော်များ၊ အသီတော်၊ အကတော်၊ အဆိုတော်များတို့နှင့် စောင်းငြင်းပတ်သာ တူရိယာတို့ကို တီးမှုတ်ကာ ပျော်ပါးလျက် ရှိကြကုန်၏။ အချိန်တန်သော် အိပ်စက်ကြ၍ မင်းသမီးသည် စက်ရာတော်သို့ ဝင်တော်မူလေ၏။

'ရွှေခဲ အိပ်ပလား'

'မအိပ်သေးပါ၊ မဖုရားတော့ စက်ရာတော်ပေါ်မှာ တစ်ကိုယ်တော်တည်း ပျော်တော်မူနိုင်ပါပေတယ်'

'ရွှေခဲ မမမှာ ဖူးစာတော်ရှင် မပေါ်လာတော့ တစ်ကိုယ်တော်တည်းပင် တည်းတည်းနှင့် စက်တော်မူပြီး ပျော်ရတာပေါ့'

'ဒါဖြင့် တကယ်လို့များ ရွှေခဲဟာ လူ မင်းသားကလေး ဖြစ်လာရင် အစ်မတော်က အမျက်တော်ကျပြီး ရာဇဒဏ် ချတော့မှာပေါ့'

'အလိုလေး ရွှေခဲသာ လူဖြစ်ပါစေ၊ မမကလေ ရွှေလက်တော်နှင့် ယုယုယယ ပြုကာ၊ မှုကာ၊ နကာ၊ ကစားကာနှင့် အားရမှ စက်တော်ခေါ်မှာပေါ့'

'ထားလေးရဲ့ အမိန့်သံဟာ ချိုမြတ်လှပါတယ်။ သည်မိန့်တော်သံကို ထားလေး ကိုယ်တိုင်လည်း မှတ်ထားတော်မူပါ။ ရွှေခဲကလည်း ပင်တိုင်တော်စံ ကြာခြည်စောင့် နတ်မယ်လျာကို သက်သေပြုကာ ယနေ့ညတော့ ရွှေခဲ အိပ်တန်း ဝင်ပြီး ထားလေး နားညည်းမှာမို့ တစ်ခန်းရပ်ပါဦးမယ်' ဆိုကာ ရွှေခဲသည် အိပ်တန်းသို့ ပြန်တက်သွားလေ၏။

စောဖုံးနွယ်သည် ထိုသို့သော စကားတို့ကို တစ်ရံတစ်ဆစ်မျှ မကြား ခဲ့ဖူး၊ မဆိုခဲ့ဖူး၊ မပြောခဲ့ဖူး၍ ယနေ့ကား ထူးခြားသော အာရုံတို့နှင့် စကား ဩဇာ နတ်သုဒ္ဓါသည် စောဖုံးနွယ်၏ ဘဝင်ကို ရွှင်ရွှင်ကြီး မြိန်ရှက်စေ၏။ မဓာတ်သည် တဖျပ်ဖျပ် ကွန့်မြူးလျက် လိုအပ်သော အာရုံကို စိတ်ကူးကာ မှေးစက်လိုက်ရာ ထူးခြား၍ ဓာတ်ကစားခြင်းဖြင့် သဘာဝ အလိုကျ အိပ်မက် သည် စောဖုံးနွယ်ကို ယဉ်ယဉ်နှင့် ရွှင်ရွှင်ကြီး နှစ်သက်စေလေ၏။

နောက်တစ်နေ့ ညဥ့်ယံ၌ ...

စောဖုံးနွယ်သည် စက်ရာခန်းသို့ဝင်ရာ ရွှေခဲ မောင်တော်လေး၊ ကျေး မင်းသားလေး စသည်ဖြင့် ကြက်တူရွေးကို နားကလိလျက် နှော့ကာဆော့ကာ ပြုလေရာ ကြက်တူရွေးသည် စောဖုံးနွယ်၏ အနီးသို့ ဆင်းလာ၍ ဤသို့လျှင် တာ၏။ ခရာ၏။ ချွဲ၏။ နွဲ့၏။

'ထိပ်ထား ... ထိပ်ထား ... ထိပ်ထား ဘယ်လို ခေါ်လို့မှ အားမရနိုင်ပါ ကလား'

'ချွဲလှချည့် ရွှေခဲရယ်'

'ထူးပါဦး မမ ... ရယ်'

'ရှင် ... ရှင် ... တော် ... ပေါ်'

'သည်လိုထူးပုံကို ကြိုက်ပေါင်၊ ရွှေခဲကို မင်းသားကလေးလို သဘော ထားပြီး ထူးတော်မူပါ'

'ချစ်စရာကလေး တာလိုက်ပါဘိ၊ ဘုရား ... ဘုရား ... ဘုရား မောင်တော် ဘုရား၊ နှမတော် မိမိလေး ထံတော်ပါးက ခစားလျက်ပါ ဘုရား'

'အဲသည်လိုမှပေါ့ ထိပ်ထားရယ်'

'တတ်လိုက်တာ၊ ရွှေခဲဟာ တကယ့် လူမင်းသားကလေးပဲ ဖြစ်ပါလေတော့'

'အဟုတ်ပဲလား ထားရယ်'

'ရွှေခဲရယ်၊ မမ အိပ်မပျော်အောင် နေ့မနေစမ်းပါနှင့်။ အဟုတ် မဟုတ်နိုင်တာကြောင့် ကြာရင် မမ စိတ်ဆင်းရဲပြီး ...'

'အဟုတ်ပါ ထားရဲ့'

ကြက်တူရွေးသည် မင်းသမီး၏အပါး ခေါင်းအုံးနားတွင် ရောက်လာကာ မင်းသမီးကလေးကို ကြည့်လျက် ကြည့်လျက်၊ ကလက်ကာ ကလက်ကာနှင့် ဟို့လို သည့်လို စိတ်ရောက်ရာအောင် တီတာနေ၏။

'ဟော ကြည့်စမ်း၊ လာပြန်ပြီ၊ မမရဲ့စိတ်ဆန်း ထွေပြီး ပွေလာပြီ ရွှေခဲရဲ့'

'မမက လူမင်းသားကလေး ဖြစ်ရင် ... ဆိုလို့'

'ကိုင်း ... ရွှေခဲရယ်၊ မောင်, လူမင်းသားကလေး ဖြစ်စမ်းပါ'

'အရည်လား၊ အပြီလား၊ အတည်လား'

'ခက်တယ်– မရည်ဘူး၊ မပြီဘူး၊ အတည်ပလူးပါရစေမောင်၊ ရွှေခဲက ထိပ်ထား စိတ်မအားရအောင် သိပ်ကို ကစားတတ်တဲ့ မောင်တော်ကလေးပါကလား'

'ကစားတာ ဟုတ်ပေါင်။ အတည့်ကို အသနားခံတာပါ။ ယုံတော်မမူပါရင် ရွှေခဲရဲ့ ညာဘက်ခြေထောက်မှာ ချည်မန်းကွင်း စွပ်ထားပါတယ်။ အဲဒါကို စမ်းသပ်ပြီး ချွတ်လိုက်ရင် ရွှေခဲဟာ လူမင်းသားကလေး အစစ် ဖြစ်မှာပါပဲ'

စောဖုံးနွယ်သည် ကြက်တူရွေး၏ ခြေထောက်မှ ချည်မန်းကွင်းကို စမ်းသပ်ကာ ချွတ်လိုက်ရာ ရုတ်တရက် အဆင်းအရေ ပြည့်စုံသည့် လူယောကျ်ားအစစ် ဖြစ်နေလေ၏။ စောဖုံးနွယ်သည် မျက်လုံးပြူးလျက် အံ့အားသင့်နေ၏။ ရုတ်တရက်သော် အံ့အားသင့်ခြင်းထက် ထိတ်လန့်ခြင်းသည် ဖြစ်ပေါ်လာ၍ အိပ်ရာမှ ထ ထိုင်ပြီးသော် ယောကျ်ားဆိုက မမြင် မတွေ့ဖူး သကဲ့သို့ ဖြစ်နေသော မင်းသမီးကလေးသည် ရင်တဖိုဖိုနှင့် ထန်းသီးကို ကျောခိုင်းကာ မကြည်သာသော မျက်နှာနှင့် နေလေ၏။

'မိမိကလေး စိတ်ဆိုးတော်မူပြီပလေ။ ဒါကြောင့် အစက မောင်ဘုရားက အသနား ခံထားနှင့်တာပဲ။ ခုလိုတော့ မောင်ဘုရားအပေါ် မေတ္တာကမဖြူ၊

သဘောကမတူ၊ စေတနာက မကူလို့ မောင်ဘုရားမှာတော့ ရာဇဝတ်တော်သားကို ပြေးလို့ လွတ်တော့မယ် မဟုတ်ပါ။ ရက်စက်တော်မူလှချည့် ထိပ်ထား'

မင်းသမီးကား တစ်စုံတစ်ရာမျှ စကားကို မဆိုဘဲ ရင်တဖိုဖိုနှင့် တိတ်ဆိတ်ပြုကာ တစ်စုံတစ်ခုကို စဉ်းစားနေဘိသကဲ့သို့ မျက်လွှာကို ချလျက်နေရာ၊ ထန်းသီးလည်း ပွေလိမ် ရှုပ်ထွေးလာခဲ့သော လူပွေ၏ သဘာဝအတိုင်း ဤသို့လျှင် ညုလေ၏။

'စိတ်ထားတော်မတူ မကြည်ဖြူလို့ မျက်မာန်တော်ဆိုးပြီး ရှုသိုးတော်မူပါသလား' ဆိုကာ ၎င်း၏လက်ကို မင်းသမီး၏ ပခုံးပေါ်သို့ တင်လိုက်ရာ၊ မင်းသမီးမှာ ယောကျ်ားများနှင့် စကားဆိုကာ စိတ်ဝင်စားခြင်း မရှိဖူးရာသဖြင့် မြွေမြီးနှင့် ပုတ်လိုက်ဘိသည့်အလား ဆတ်ဆတ်တုန်ပြီးသော် တစ်ကိုယ်လုံး ချောက်ချားသွားလေ၏။

'မိမိငယ်၊ ကျူးကျော်ရမ်းကားတယ်လို့ အမူတော် ထားပါရင်လည်း မိန့်တော်မူပါ။ မောင်တော့်ကိုယ်ကို မောင်တော် စီရင်လိုက်ပါ့မယ်။ ယခုလိုတော့ ဆိတ်ဆိတ်ပြုကာ စိတ်ကောက်တော်မမူသင့်ပါ'

မင်းသမီးလည်း ထန်းသီး၏လက်ကို ပခုံးပေါ်မှ ဖယ်ရှားကာ ဤသို့လျှင် စကားတည်တည် ဆိုတော်မူရာ၏။

'မိမိကလေး စိတ်မကောက်တတ်ပါ။ သို့သော် ဘယ်တိုင်း ဘယ်ပြည် ဘယ်ဌာနီက ဘယ်မျိုး ဘယ်ဆွေ ဘယ်အနေကို မိန့်ဆိုတော်မူပါလို့ တောင်းပန်ပါရင် မောင်တော်မှာ ဘဝင်မငြိဘဲ မနေ့တော်ကို ထိရှာခြင်း ပြုမှာလား'

'ဩော် သည်လိုကိုး။ မောင်တော်ဟာ တကောင်းပြည်ကြီးကို စည်ထီး ခရိုင် နိုင်ငံအုပ်ချုပ် ကေရာဇ်မင်း လုပ်နေတော်မူသော နဂါးရစ်မင်းကြီး၏ သားတော် အိမ်ရှေ့ဥပရာဇာ ဖြစ်ပါတယ်။ မိမိရဲ့ သတင်းတော်ကို ဆားကုန်သည်၊ ငွမ်းကုန်သည်များထံက ကြားရတဲ့အပြင် သက်သာပြည်ကြီးဟာ ပညာရှိပေါင်း စုံလင်တယ်လို့ သတင်း ထင်ရှားကာ နေလေတော့ ယခုလို အတတ်နှင့် မိမိထံ ဝင်ရောက်ရခြင်း ဖြစ်ပါတယ်။ သို့ကလိုဟာကို သမ္မာတော်ရင် ဖြစ်တဲ့အတိုင်း မရိုင်းအောင် စဉ်းစားပြီး မိမိကလေးက မေတ္တာတော်မတူ သဒ္ဓါတော်မမူပါက အမိန့်တော်မြတ် ချမှတ်တော်မူပါလို့ တောင်းပန်ပါရင် မနေ့တော်တွင် အလွန်ပင် ဝမ်းသာလိမ့်မယ် မဟုတ်ပါလား ထားထား'

'မိမိကလေးမှာ မောင်တော်လို စကားမဆိုတတ်ပါ။ ဘုရားနှမတို့ မင်းမိန်းမမှာ အလွန်ကို စဉ်းစားရပါမယ်လို့ ကျမ်းဂန်က ဆိုထားပါတယ်။ မောင်တော်တို့ မင်းပျိုမင်းလွင် ဆိုတော့ ပြည်တော်သာမှာ မြောက်သား မျောက်

သား ကိုယ်လုပ်တော် အများအပြား ရှိထားပြီး ဖြစ်မှာကိုလည်း တွေးတော ထောက်ဆ ကြောက်အားတွေ ပိုလှခြင်းကြောင့် မေတ္တာနှင့် သဒ္ဒါကို မသထာဝှံ တာနှင့် အကဲ မလုပ်ပေမယ့် စိတ်ရှုပ်လွန်းလို့ပါ မောင်တော်'

'မိမိငယ်၊ သဒ္ဒါတော်ကူ ယုံကြည်တော်မူပြီး သထာသဖြင့် မေတ္တာအတူ ပြုသင့်ပါတယ်။ ထိပ်ထား ထင်ငြားတော်မူတဲ့အတိုင်း ကြင်ရာမြောက်သား မျောက်သားများ ထားရှိပါမူ ကိုယ်ကို အပင်ပန်းခံ၊ တိရစ္ဆာန်သဏ္ဍာန်ပြု၊ ကျမယ့် ဘေးဒဏ်ကို မမှုဘဲနှင့် စွန့်စားကာ အလကားပဲ လာပါ့မလား။ သည်လို အားကိုး ရာမဲ့ တစ်ယောက်သားကို သနားသဖြင့် မေတ္တာထားလျက် စက်တော်ခေါ် ပျော်တော်တွဲဖက် ပြုသင့်တယ်လို့ စကားကို ဆိုပါရင် ပင်တိုင်ပျော် မိမိက ရာဇဒဏ်ထားပြီး သွားမြဲတိုင်းလမ်း သွားစေလို့ အမိန့်တော် မှတ်မှာလား မိမိငယ်'

'ယောကျ်ားဆိုတာ စကားချိုသလောက် အပိုအကောက် ပါတတ်တယ် လို့ နီတိဆရာက မိန့်မှာထားပါတယ်။ ယောကျ်ားတို့ သဘာဝဟာ အလိုပြီး မြောက်ပါက ဖောက်ပြား၍ မှောက်မှောက်မှားမှားပြုကာ စွန့်သွားရက်စက် သည်သာ များတတ်ပါတယ်။ အဲ ... သို့မို့ကြောင့် အားနည်းသူကို သနားသဖြင့် သည်အရေးနှင့် အခွင့်ပေးတော်မူမှာကို မတောင်းမဆိုဘဲနှင့် အလိုလို ရလိမ့် မယ်လို့ အားကိုးမိပါတယ် မောင်တော်'

'မောင်ဘုရားတော့ ထိပ်ထားရဲ့စကားကို ယုံစားခဲ့တာ မှားပေါ့။ မိမိက ရွှေခဲသာ လူဖြစ်ပါစေ၊ မမကလေး ယုယုယယ ...'

'အို ... တန်ပါ ဆိုမှပဲ၊ ရက်တော်မူပါတယ်။ ဟိုတုန်းက ရွှေခဲမို့လို့ ... ယခုတော့'

'ဒါတော့ မောင်ဘုရားရဲ့ ရွှေကံသာပေါ့။ အလိုတော်မတူ မကြည်ဖြူ ရင်လည်း ရာဇဝတ်တော်ဘေးနှင့်ဖြင့် ကင်းဝေးပါရစေ။ ချည်မန်းကွင်းကိုသာ ပြန်ပြီး စွပ်ပေးတော်မူပါ။ နေပြည်တော်ဌာနသို့ ခုညချင်း ပြန်ပါရစေ။ အဆင်း တော်ရှင် ပျိုပျို့ထိပ်တင် မိမိငယ်'

ထိုသို့ ဆို၍ ထန်းသီးသည် ငိုကျွန်ပြုလေ၏။

'ကတဲ ချွဲလိုက်တာ၊ ခုမှ ပီလောမင်းသား တရော်မောင်မောင် ဖြစ် နေတာကို သိရပါတယ်။ ခုမှဖြင့် ပြန်ရတော့ပေါင်။ ချည်မန်းကွင်းကိုလည်း ပြန်မပေးတော့ ပေါင်။ သိမ်းထားပြီး မောင်ဘုရားကို ခမည်းတော်ဘုရားအား လုံကစားရန် ဆက်သရတော့မှာပဲ' ဆိုကာ စောဖုံးနွယ်သည် မျက်နှာတော်ကို မင့်တင့်နှင့် မပြုံးတပြုံး ပြုကာ ပြောလေသည်။

တိတ်ဆိတ်သော ညအချိန်တွင် သာယာတင့်တယ်၍ ကာမဂုဏ်ကို အားပေးထားသော စက်ခန်းဆောင်အတွင်း၌ တွေ့ဆုံကြုံကြိုက်နေသော သားအမိ မဟုတ်၊ မောင်နှမ မဟုတ်၊ ရင်းချာသော ဆွေမျိုးဉာတိ မဟုတ်၊ သတိပညာ ရှိသော ဆရာတပည့် မဟုတ်ကုန်သော အရွယ်မလွန်သေးသည့် ယောကျ်ား၊ မိန်းမတို့သည် ဖိခာတ်၊ မ ခာတ်တို့၏ ကွန့်မြူးလှုပ်ရှားခြင်းဒဏ်ကို အလွန် ခံနိုင်ခဲ၍ ကာမဘုံသားတို့၏ ဒုစရိုက်ဖြင့်၊ ဆီမီးထောင်သောင်းတို့ဖြင့် ထွန်းပ နေသော အလင်းရောင်ကို မိုက်မှောင်အတိ ပြီးစီးနိုင်ခြင်းကြောင့် ထိုအချိန်၊ ထိုအခါ၌ ထိုသူနှစ်ယောက်သည် ကမ္ဘဋ္ဌာန်းကို လေ့လာကျင့်သုံး၍ ဝိပဿနာ ဘာဝနာကို မထင်သရွေ့ သို့လော သို့လောနှင့် တွေးတောရန် အထူးနှင့် အပြင် သူတို့ စိတ်ကူးလိုတိုင်း ကူးနိုင်ခွင့် အချက်အလက်နှင့်တကွ ရနေသည်နှင့်အညီ ထိုနှစ်ယောက်ကုန်သော သူတို့၏ ကသိဏ်းကွက် မေတ္တာသည်ကား မည်သို့ သော အလားအလာ ဖြစ်တတ်သနည်း။

*

ပင်တိုင်စံ သမီးတော် စောဖုံးနွယ်၏ အဆောင်တော်၌ စောင်းသံ၊ ပတ်သံ၊ တူရိယာသံတို့နှင့် သီချင်းဆိုသံ စသော အပျော်အပြေ၊ အကအခုန် တို့သည် ခါတိုင်းထက် ပိုမိုလာဟန် ရှိ၏။ ကိလေသာ ကာမဂုဏ်နှင့် စပ်ယှဉ် သည့် သီချင်းသံတို့သည် ကောင်းမြတ်စွာ ထွက်ပေါ်လာဝံ့ကြ၍ ပရမ်းပတာ မဟုတ်စေကာမူ ကြားရသူတို့၏ အာရုံကို ကာမဂုဏ်ပိုက်ကွန်၌ မလွတ်သာ အောင် မိနေစေဟန်ရှိ၏။ ထိုသို့သော အခြေအနေ၏ ပြုပြင်ပြောင်းလဲလာမှု သည် အားရှိလျက်၊ နေ့အချိန်၌လည်း ကြက်တူရွေးကို ပခုံးပေါ်တင်လျက် စောဖုံးနွယ်သည် ရံရွေတော်များနှင့် ကျီစားကာ အပျော်ကြီး ပျော်ပါးနေပုံ ရှိ၍ ရှေးအခါက စောဖုံးနွယ်၏ လက်သုံးတော်ဖြစ်သော ကျမ်းစာပုရပိုက်တို့သည် ချောင်တွင် ကုပ်နေရလျက် အလုပ်မရှိဘဲ နေရဟန် တူလေ၏။

စောဖုံးနွယ်သည် တစ်ခါတစ်ရံ နေ့အချိန်တွင် ကိုယ်လုပ်တော် ရံရွေ တော်များနှင့် အတွေ့မခံဘဲ အဆောင်တော်ထဲတွင် ထန်းသီးကို ရွှေမင်းသား ပြု၍ ယမင်းရုပ်ကလေးနှင့် ကစားနေဘိသကဲ့သို့ ကစားနေဟန် ရှိ၏။ အများ အားဖြင့် ထန်းသီးမှာ နေ့အချိန် ကြက်တူရွေး၊ ညဉ့်အချိန် လူမင်းသား အဖြစ် ဖြင့် မင်းသမီး၏ အလိုတော် ပြည့်ဝအောင် ကျီစယ်ပျော်ပါးကာ နေရပုံ ပေါ်၏။ စောဖုံးနွယ် အမူပြောင်းပုံနှင့် ပင်တိုင်ဆောင်၏ အထူး ပျော်ရွှင်ရာတို့သည်လည်း တစ်နေ့ထက်တစ်နေ့ ထူးခြားလာဟန် ရှိချေ၏။

အခါခပ်သိမ်း၌ စည်းစိမ်ရှင် မိန်းမတို့ မည်သည်လည်း အမျိုးဇာတ်ဖြင့်

လည်းကောင်း၊ စိတ်အားဖြင့် လည်းကောင်း သဘောညီညွတ်မိသည် ရှိသော် တိုင်းထွာမြော်ခေါ် ဝေဖန်၍ စိုးရိမ်တတ်ခြင်း ရှိခဲ့လေသည်။ နောင် ဖြစ်လတ္တံ့ကို မျက်မှောက်၏ အခြေအနေသည် ဖုံးကွယ်နေတတ်ချေသည်။ ဥစ္စာပစ္စည်း အစရှိသည့် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပင်ပန်းဆင်းရဲ ခဲယဉ်းခြင်း မရှိခဲ့ပါမူ စည်းစိမ်ရှင်တို့ မည်သည်မှာ များသောအားဖြင့် ၎င်းတို့၏ အလိုကိုသာ ကြည့်တတ်၍ သဘောကျ လိုက်လျောကာ ဖျော်ဖြေမည်ဆိုသော် အမျိုးကို မရွေး၊ ဂုဏ်ကို မရွေး၊ အလှကို မရွေး၊ အကျင့်ကို မရွေးမှုခြင်းတို့ဖြင့် မိမိ၏ အသရေကို ထောက်ထားစာနာမှုမှ ချွတ်ယွင်းလျက် နှစ်သက်ခြင်းသာလျှင် အမျိုး၊ ဂုဏ်၊ အလှ၊ အကျင့်ကောင်းတို့ ဖြစ်နေသဖြင့် ငါကဲ သာကဲပြီးသော် (ကိလေသာ ကာမဂုဏ်၏) ညစ်ပေမှု လောကီဂုဏ်၏ ဖြားယောင်းသွေးဆောင်ခြင်း နောက်သို့ စိတ်လျော့က်မာန်ပါ ကျင့်ကြံမြဲ ဓမ္မတာ ဖြစ်ချေသည်။

ထိုသို့သော ကိစ္စ၌ ရှေ့အရေး တစ်စုံတစ်ရာသည် စောဖုံးနွယ်၏ ပျော်ရွှင်နေမှုကြောင့် မပေါ်လာနိုင်ပေ။ ထိုသို့ မပေါ်လာနိုင်ခြင်းကြောင့် နာရီ၊ ရက်၊ လ ကျွမ်းလာလတ်သော် စောဖုံးနွယ်သည် တိုး၍ လှလာ၏။ အသရေသည် သွေးရောင်လွှမ်းလျက် တိုး၍ လျှမ်းတက်လာ၏။ ခါးတော်ကလေး သေးသေးသည် တုတ်လာဟန် ရှိလျက် ဝမ်းရေကလေးသည် ကြွလာပုံ ရှိ၏။ တင်သားကလေးသည် လျှောလာဟန် ရှိ၏။ မကြာမတင်မီပင် စောဖုံးနွယ်၏ အမူ ကွဲပြားပုံသည် ရံရွေတော်များ၏ အလယ်တွင် ထင်ရှားလာသလိုလိုပင် ဖြစ်လာ၏။

စောဖုံးနွယ်၏ ရံရွေတော်များသည်လည်း ပွဲတော်စာလည်း နှစ်ယောက်စာ ဆက်ရပါတယ်ဟု သို့လော သို့လောနှင့် တွေးတောကြလျက် စောဖုံးနွယ်၏ ထူးကဲ တင့်တယ်လှပ ဝ,မှု အစုစုသည် ရံရွေတော်များ၏ တိုးတိုးတိတ်တိတ် နှင့် ခေါင်းချင်းဆိုင်ကာ လက်တို့ဆိတ်လျက် အဆန်းထွင်၍ ထွင်၍ လာနေသော သတင်းစကားကို ပေါက်ကြား ပျံ့နှံ့သည်ထက် ပေါက်ကြားပျံ့နှံ့အောင် အားပေးနေပုံ ရ၏။ စောဖုံးနွယ်သည်လည်း စိတ်တိုစ ဖြစ်လာလျက် ရံရွေတော် အပျိုတော်များကို များစွာ အတွေ့မခံလိုဘဲ ရှိနေ၏။

ထိုသို့ပင် ပင်တိုင်စံ သမီးတော်၏ သတင်းတော်သည် ညှီနံ့ မကင်း လတ်သော် ကုတ်ဝန်မင်း၏ အရေးသည် တွေ့ကြုံလာ၏။ ထို့ကြောင့် ကုတ်ဝန် မင်းသည် မင်းကြီး၏ ရွှေနားတော်ပေါက် တင်လျှောက်ရလေရာ၊ မင်းကြီးသည် ပညာရှိ သုခမိန် ငမဲကျွန်ကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။

'သုခမိန်၊ အမတို့မည်သည် အဖိုနှင့်၊ သို့မဟုတ် အထီးနှင့်ကင်း၍ သန္ဓေ

တည်ရာသလော။ ဓာတ်မတူသော အဖို, အမ၊ အထီး, အမ တို့သည် သန္ဓေကို ဖြစ်စေနိုင်သလော'

'အရှင်မင်းကြီး မတည်ကုန်။ သို့ရာတွင် အမတို့ မည်သည် မိမိ တစ်ကိုယ်တည်း နေရလျက်လည်း သန္ဓေစွဲကပ်နိုင်၏။ ဓာတ်မတူသော အဖို, အမ တို့၌ ဗေ့၊ လက္ခဏာ၊ အကြောဆုံ၏ သွင်ပြင်ကို လိုက်၍ သန္ဓေစွဲကပ်နိုင်၏'

'ပညာရှိ၊ ထိုသဘောကို ချဲ့ဦးလော့'

'အရှင်မင်းကြီး၊ သျှတ္တရသဘောကို ရှေးဦးစွာ ဆိုဦးအံ့။ သတ္တဝါတိုင်း၏ အဇ္ဈတ္တတွင် ဖို,ဓာတ် မ,ဓာတ် နှစ်မျိုးသည် တည်လျက် ရှိ၏။ ထို ဓာတ်နှစ်ပါး ကင်း၍ သတ္တဝါ မဖြစ်နိုင်။ လူတို့သည် မ,ဓာတ် လွန်ကဲ အုပ်စိုးနေသော သတ္တဝါကို အမ သို့မဟုတ် မိန်းမဟု ခေါ်၍၊ ဖိုဓာတ် လွန်ကဲနေသော သတ္တဝါကို အဖ၊ အဖို၊ အထီး၊ ယောကျာ်း ဟူ၍ ခေါ်ဆို ပညတ်တင်ကြကုန်၏။ သတ္တဝါ တစ်ခု၏ အဇ္ဈတ္တတွင်း၌ ထိုဓာတ်နှစ်ပါးသည် တွေ့ဆုံပေါင်းဖော် စပ်ယှက် မိခြင်းကြောင့် သတ္တဝါတို့သည် အချိန်အရွယ် ရောက်လာကြရ၏။ လူတို့၌ အပျို လူပျို ဟူ၍ ဖြစ်ကြရ၏။

'အချီးအားဖြင့် ပလ္လင်ခံ၍ ပြဆိုသော ထိုသဘောကို ရပ်ခဲ့၍ အရှင်မင်းကြီး အလိုရှိသည်ကို သတိပြုပါလော့။ အကြင်မိန်းမသည် အလွန်သန့်ရှင်းစင်ကြယ် သောစိတ် ရှိ၏။ လောကီစျာန်ကို ရအောင် အားထုတ်နိုင်သောဓာတ်နှင့် ပြည့်စုံ ၏။ ထိုမိန်းမသည် တစ်ကိုယ်တည်း အဖော် မမှီးဘဲ သာယာဆိတ်ငြိမ်သော အရပ်၌ မှီခိုနေ၏။ ထိုမိန်းမသည် မိမိ၏ ကိုယ်အင်္ဂါကြီးငယ်ကို့ကို ကြည့်၍ နှစ်ခြိုက်သာယာနေ၏။ (၎င်းသည် မိမိအဇ္ဈတ္တရှိ ဖို မ တို့ကို ကူးလူးစပ်ယှက် စေရန် အခွင့်ပြုခြင်း ဖြစ်၏။) တစ်နည်းတုံအားဖြင့် ထိုမိန်းမသည် အဖိုသံ အမှတ်နှင့် တုန်လှုပ်သာယာခြင်းဖြင့် လည်းကောင်း၊ နူးညံ့သိမ်မွေ့သော သဘာဝ တူ အဖိုနံ့ဖြင့် လည်းကောင်း၊ ကိုယ်လက်ချင်း ထိတွေ့မိ၍ လည်းကောင်း၊ မိမိကိုယ်ကိုမိမိ နှစ်သက်ခြင်း လွန်သော အဖိုဓာတ် လှုပ်ရှားကစားခြင်းဖြင့် လည်းကောင်း၊ စိတ်ကူးအားဖြင့် အာရုံပေါ်ထွက်လျက် လေထဲ၌ လွင့်ပါလျက် နေသော အဖိုဓာတ်အားဖြင့် လည်းကောင်း သန္ဓေတည်စွဲနိုင်၏'

'ပညာရှိ၊ နားရှင်းအောင် ဆိုပါဦးလော့'

'အရှင်မင်းကြီး၊ ပဋိသန္ဓေ လေးမျိုးတွင် သံသေဒဇ ပဋိသန္ဓေသည် ရှိ၏။ ထိုသံသေဒဇသည် လူ၌ မဆိုထားဘိ၊ သစ်ပင်၌ သော်လည်းကောင်း၊ ပန်းပွင့်၌ သော်လည်းကောင်း၊ ကုန်း၌ လည်းကောင်း၊ ရေ၌ လည်းကောင်း တည်စွဲနိုင်၏။ ထိုသဘောကား မိန်းမတို့၏ အတွင်းရှိ သူငယ်အိမ်ဓာတ်နှင့် အချိန်အဆည်ီ၍

အပူဓာတ်မျှသော မည်သည့်နေရာ အရပ်၌မဆို မ ဓာတ်၏ အနှစ်ခေါ်သော အမေဓာတ်သည် ကိန်းဝပ်လျက် ရှိ၏။ ထိုအခါ လေထဲ၌ လှုပ်ရှားလှည့်လည် နေသော အဖိုဓာတ်နှင့် တွေ့၍ ဓာတ်နှစ်ပါးတို့သည် ရောယှက်ပြီးသော် သန္ဓေ တည်စွဲနိုင်ရာ အခြေသည် တည်လျက်နေသည်တွင် သတ္တဝါတစ်ခုသည် ဥပဒ် အားဖြင့် စတေစိတ် ကျကာ မှီရောက်လာချေက သံသေဒဇသားကို ဖြစ်စေ၏။ ထိုသားသည်လျှင် ဥတုညီမျှသောခေတ်၌ လေထဲတွင်ရှိသော အာဟာရကို မှီဝဲ ရခြင်းဖြင့် အသက်ရှည်ပြီးသော် ကြီးပြင်းလာချေ၏။ ၎င်းကို ဤမျှနှင့်ပင် ရပ်ပါ ဦးအံ့။

'မိန်းမတို့၌ ရင်သားသည် သံသေဒဇ ပဋိသန္ဓေကို တည်နိုင်စိမ့်သောငှာ သြဇာဓာတ်ရည်အိမ်တည်း။ (ကစီအိတ်၊ ရသာအိတ် စသည်ဖြင့်လည်း ခေါ်၏) ယောကျ်ားတို့၌လည်း ထိုနည်းအတူ အဖိုဓာတ်ကို ပေးသော သြဇာဓာတ်ရည် အိမ်မှ သြဇာဓာတ်ရည်သည် တဖြည်းဖြည်း ရင့်သန် အားရှိလာသောအခါ၊ မ ဓာတ် တည်နေရာ သူငယ်အိမ်သို့၊ တစ်နည်းအားဖြင့် မ ဓာတ်၏ အချက် အချာ တည်နေရာ သူငယ်အိမ်သို့ အုံးလုံးကြောဖြင့် ကျဆင်းဘိ၏။ အုံးလုံး ကြောသည် သားမြတ်နှင့် သူငယ်အိမ်ကို ဆက်သွယ်ထားခြင်းဖြစ်၍ သားမြတ် ကို ကိုင်တွယ်စမ်းသပ် ပွတ်ဆွခြင်းဖြင့် သူငယ်အိမ်မှ ဓာတ်သည် သောင်းကျန်း လာလျက် မိန်းမတို့၌ မေထုန်အလိုဆန္ဒသည် ထက်သန်လာတတ်၏။ မိန်းမတို့၏ သြဇာဓာတ်ရည်အိမ်မှ အုံးလုံးကြောဖြင့် သူငယ်အိမ်သို့ သြဇာဓာတ်ရည်သည် ဆင်းနေသောအခါ ထိုမိန်းမ၏စိတ်သည် အဖိုဓာတ်ဖြစ်သော အသံ, အဆင်း, အနံ့, အတွေ့ အထိတို့ဖြင့် သာယာစဉ်၌ ဆိတ်ငြိမ်သည့်အရပ် အချိန်သည် ဖြစ်၏။ စိတ်မလွင့်ပါး မဖောက်ပြန်ဘဲ ခိုင်ခိုင်မြဲမြဲဖြင့်လည်း တည်နေ၏။ ထိုအခိုက်အတန့်၌ မိန်းမတစ်ဦးတည်းပင် နေသော်လည်း ပဋိသန္ဓေကို ဖြစ်စေ နိုင်၏။ (သြဇာဓာတ်ကား နှစ်မျိုးရှိ၏။ သတ္တဝါတို့ကို အသက်ရှည်စေသည့် သုတ်မှ ဖြစ်သော သြဇာဓာတ် တစ်မျိုး၊ မိန်းမတို့၌ ရသာရည် (ဝါ) ကစီရည်မှ ဖြစ်သော ပဋိသန္ဓေ စွဲမြဲနိုင်ရာ ဖြစ်သည့် သြဇာဓာတ်တစ်မျိုး ဟူ၍ နှစ်မျိုး ရှိချေသည်)။

'အကြင်မိန်းမ၌ သြဇာဓာတ်ရည်သည် သူငယ်အိမ်သို့ ကျဆင်းဆဲ ဖြစ် ၏။ ပဋိသန္ဓေ တည်မြဲရန် အကြောင်းလုံလောက်လျက် ရှိ၏။ သို့ရာတွင် ထို မိန်းမသည် လူမှုရေးရာ အဖြာဖြာတို့ကြောင့် ပူလောင်ခြင်း၊ ကာမဂုဏ်အတွက် ပူလောင်ခြင်း၊ တရားသံဝေဂအားဖြင့် ပူလောင်ခြင်း၊ ယောကျ်ားအား တပ်မက် သော အားဖြင့် ပူလောင်ခြင်း စသည်တို့ဖြင့် ခဏခဏ လောင်ကျွမ်းကာ နေ၏။

ထိုအပူမီးဖြင့် သန္ဓေသည် ပျက်ရ၏။ ထို့ကြောင့် မိန်းမတို့မှာ တစ်လတစ်ကြိမ် ပန်းပွင့်ရ၏။

'အရှင်မင်းကြီး ထင်ရှားအောင် ပြဦးအံ့။ အကြင် ယောကျ်ား၊ မိန်းမ တို့သည် ကာမရုမ္မက်ဖြင့် ပေါင်းသင်းကြ၏။ ထိုသို့ ပေါင်းသင်းတိုင်းလည်း သန္ဓေ မတည်။ မိန်းမတို့၏ ပန်းပွင့်ပြီး ခုနစ်ရက်အတွင်း၌ သူငယ်အိမ်သည် သန့်ရှင်းလျက် ရှိ၏။ ထိုအခါ သားမြတ်မှ ဩဇာဓာတ်ရည်သည် သူငယ်အိမ် သို့ ကျနေ၏။ ထိုအခါ ယောကျ်ား၏ သုတ်သွေးအနှစ်မှ မျိုးစေ့ဓာတ်နှင့် တွေ့၍ သန္ဓေတည်စွဲနိုင်၏။ ထိုခုနစ်ရက်မှ လွန်သော်ကား သန္ဓေ တည်စွဲနိုင်ရန် ခဲယဉ်းချေ၏။ အလွန် သန့်ရှင်း၍ တပ်မက်ခြင်းစိတ် နည်းသော မိန်းမတို့၌ကား သန္ဓေ တည်စွဲနိုင်သော ရက် အပိုင်းအခြားသည် ဆယ်ရက်၊ ဆယ့်သုံးရက်တို့ အတွင်း၌လည်း ဖြစ်စေတတ်သေး၏။ တစ်နည်းအားဖြင့်လည်း ထိုသို့သော အခိုက်အတန့်၌ ယောကျ်ားတို့သည် မိန်းမတို့နှင့် မနီးနှောရမီ မေထုန်စိတ်ဖြင့် ပူလောင်၍ မျိုးစေ့တည်ရာ အချက်အချာ ကပ်ပယ်အိတ်၌ အကြိမ်ကြိမ် ပူလောင် ခြင်းကြောင့် မျိုးစေ့တို့သည် ချစ်ကျွမ်းသွား၏။ ထိုချစ်ကျွမ်းသော မျိုးစေ့သည် သန္ဓေမတည်နိုင် ဖြစ်ရတုံ၏။

'တစ်နည်းတုံအားဖြင့်လည်း ယောကျ်ားတို့၏ ဩဇာဓာတ်သည် အလွန် အားကောင်း၍ မျိုးစေ့သည် သန့်ရှင်းစေကာမူ အကြင် မိန်းမ၌ မာန်စိတ်ဖြင့် ယောကျ်ားနှင့် မနီးနှောမီ သာယာခြင်းကို ဖြစ်၏။ ထိုအခါ ဩဇာဓာတ်ရည် သည် ပူလောင်ခြင်းဖြင့် ချွတ်ယွင်းပြီး ဖြစ်ရ၏။ ဤနည်းဖြင့် သန္ဓေမတည် နိုင်ကုန်။ မိန်းမတို့၌ ဥတုပန်းပွင့်၍ ခုနစ်ရက်အတွင်း၌ ယောကျ်ား–မိန်းမတို့သည် စိတ်တူကိုယ်မျှ မွေ့လျော်ကြလျက်လည်း မိန်းမသည် အဦးပြု၍ ထမြောက်၏။ ထိုခဏတွင် ယောကျ်ားသည် ဖဲခဲ့ပြီးနောက် ငါးမတ္တရာအတွင်း ပြန်ပြီးလျှင် မျိုးစေ့ကို ချ၏။ ထိုမျိုးစေ့နှင့် ဩဇာဓာတ်ရည်သည် သူငယ်အိမ်အတွင်း၌ ချစ်ကျွမ်းပြီး ဖြစ်ခြင်း၊ အအေးအပူမိခြင်း၊ အပလေ ရောယှက်မိခြင်းတို့ကြောင့် မအောင်မြင်ဘဲ သန္ဓေမတည်နိုင် ဖြစ်ချေ၏။

'လူတို့၌ မေထုန်စိတ်သည် ဥတုအချိန်အားဖြင့် လည်းကောင်း၊ ပြုပြင် ဆောင်ရွက်မှုဖြင့် လည်းကောင်း ဖြစ်ပေါ်စေ၍ သဘာဝအားလျော်စွာ မိန်းမ တို့၌ တစ်ရက်တွင် အနည်းဆုံး သုံးကြိမ်မိ၏။ ယောကျ်ားတို့၌ အချိန်မရွေး မိ၏။ ထိုသို့ မိခြင်းကြောင့် ထိုစိတ်သည် ထကြွသောင်းကျန်း လာ၏။ ရေကို သောက်ခြင်းဖြင့် ကစီရည်သည် အခိုးလျော့၍ ထိုစိတ်သည် လျော့ပါးသွား တတ်၏။ ထိုစိတ်ကြောင့် တစ်ဦးနှင့်တစ်ဦး မှားယွင်းခြင်းသည် ကိုယ်ထိ

လက်လွန် ဖြစ်တတ်၏။ ၎င်းသည် သဘာဝအလျောက် ဖြစ်ခြင်းကြောင့် တုန်လှုပ်လျှင် နံ့ရာမည်၏။

'အရှင်မင်းကြီး၊ မိန်းမတို့၌ ခြောက်ဆယ့်လေးမျိုး ရှိသကဲ့သို့ ယောကျ်ားတို့၌လည်း ရှိ၏။ ထိုခြောက်ဆယ့်လေးမျိုးတွင် အကောင်း မကောင်း၊ အလှ မလှ၊ အရုပ်ဆိုး အကျည်းတန် ဟူ၍ မခွဲခြားဘဲ သဘာဝချင်း၊ ဓာတ်ချင်း၊ စိတ်ချင်း၊ အရသာချင်း မတူညီသော မိန်းမ–ယောကျ်ားတို့သည် တစ်ဦး၏ သန္ဓေမျိုးစေ့ သြဇာဓာတ်ရည်တို့ကို တစ်ဦးက ဖျက်ဆီးနေ၍ သန္ဓေမတည်နိုင်ချေ။ သို့လင့်ကစား အကြင်စိတ် တည်ကြည်မြင့်မြတ်သော မိန်းမတစ်ဦးသည် ဥတုပန်းပွင့်ပြီး ခုနစ်ရက်အတွင်း၌ အဆင်း, အနံ့, အထိ, အတွေ့ လုံလောက် သင့်လျော်သော ရာသီဥတု အရသာတို့ဖြင့် ဆိတ်ငြိမ်သောနေရာ၌ အမှတ်မထင် မေထုန်စိတ်ဝင်၍ သာယာမိ၏။ ၎င်းစိတ်မျိုး မပေါ်လွင်စေမူ၍ တည်ငြိမ်စေ၏။ စောင့်ရှောက်ခြင်းဖြင့် လုံခြုံသော ဂဗ္ဘကို ဖြစ်စေ၏။ ထိုမိန်းမ၌ မိမိတစ်ဦးတည်း နေလျက်လည်း ဥတုရာသီ၏ ညီညွတ်မှုဖြစ်သော သဘာဝ အဖိုဓာတ်အားဖြင့် သန္ဓေတည်စွဲနိုင်၏။

'ကမ္ဘာဦး၌ မိန်းမတို့သည် သံသေဒဇအားဖြင့် အလျှင်ဖြစ်ရ၏။ လေ၌လည်းကောင်း၊ ရေ၌ လည်းကောင်း မ ဓာတ်သည် ဖိုဓာတ်ထက် အားကောင်း၏။ ထို မ ဓာတ်သည် မြေ၌ လည်းကောင်း၊ ရေ၌ လည်းကောင်း၊ ဥတု တောတောင် သစ်ပင် ပန်းပွင့်တို့၌ လည်းကောင်း တည်မိသောအခါ ဖိုဓာတ်ကို ဆွဲငင်ပိုက်မိခြင်းဖြင့် သတ္တဝါတစ်ခု ဖြစ်ရပြီးသော် ကြီးမြင့်ရ၏။ ဤနည်းဖြင့် မိန်းမများသည် ကမ္ဘာဦး၌ အလျှင်ဖြစ်သည်ဟု သျှတ္တရဆရာ အစဉ်တို့သည် ဆိုကြ၏။ ထိုသို့သော မိန်းမများသည် စိတ်၏သာယာမှုဖြင့် လေ, ရေ တို့တွင် ရှိနေသော အဖိုဓာတ်ကိုမှီ၍ သူငယ်အိမ်တွင် သံသေဒဇ ပဋိသန္ဓေကို ဖြစ်စေလျက်၊ ကိုယ်ဝန်ဆောင်ကာ ဂဗ္ဘသေယျ အဖြစ်နှင့် မွေးဖွားလာကြကုန်၏။ ဤကား ဓာတ်လေးပါးအားဖြင့် ပဋိသန္ဓေနေရခြင်း ဖြစ်၏။ ထို့ထက် ကျယ်ဝန်းမှုကို နောင်သောအခါ သျှတ္တရသဘောသက်သက် အခါအခွင့်ကို ကြည့်၍ အရှင်မင်းကြီးအား လျှောက်ထားပါအံ့'

**မှတ်ချက်။** ။ ကျွန်ုပ်၏ အလိုသော်ကား ဤသို့ မဟုတ်။ အချို့ ဗြဟ္မာတို့သည် ကြာလွန်သော် မိမိတို့၏ဘဝကို ငြီးငွေ့ကြကုန်၏။ ထိုငြီးငွေ့ခြင်းသည် ကာမဂုဏ်၌ သော်လည်းကောင်း၊ ဝတ္ထုအာရုံ၌ သော်လည်းကောင်း စွဲလမ်းကာ တပ်မက်လာတတ်ကြ၏။ အချို့ ဗြဟ္မာတို့မှာ ကမ္မဋ္ဌာန်းအာရုံကြောင့် မဟုတ်ဘဲ ကမ္ဘာဖျက်ရာတွင် တွယ်မှီးနိကပ်စရာ ကင်းမဲ့ကြသဖြင့်

ပြိတ္တာသဘောနှင့် ဗြဟ္မာ ဖြစ်ကြရကုန်၏။ ၎င်းတို့လည်း ကာမဂုဏ်၌ သော်လည်းကောင်း၊ ဝတ္ထုအာရုံ၌ သော်လည်းကောင်း လျင်မြန်စွာ အထူးတလည် စွဲလမ်း တပ်မက်လာကြကုန်၏။ ကမ္ဘာသစ်သည် လဟာပြင်၌ ပေါ်ထွန်းလာသောအခါ ထိုဗြဟ္မာတို့သည် ကမ္ဘာသစ်သို့ စွဲလမ်းတပ်မက် လာကြကုန်သည်ရှိသော် ပေါ်ဦးစ ကမ္ဘာသစ်၌ သံသေဒဇ ပဋိသန္ဓေအားဖြင့် သော်လည်းကောင်း၊ ဥပပတ် ပဋိသန္ဓေအားဖြင့် သော်လည်းကောင်း လူလာဖြစ်ကြရကုန်၏။

ကမ္ဘာသစ်အစ၌ ထိုလူဖြစ်သော သတ္တဝါသည် အထီးများသာလျှင် ဖြစ်ရာ၏။ အကြောင်းဥပမာ သဘာဝကား ဘူးပင်တစ်ပင်၌ ဖြစ်စေ၊ ခဝဲပင်တစ်ပင်၌ ဖြစ်စေ စ၍ ဖူးပွင့်သော် အဖိုပွင့်သာလျှင် စ၍ ဖူးပွင့်၏။ ထိုနောက်မှ အမပွင့်သည် အသီးကင်းနှင့်တကွ ထိုးလာ၍ အသီးမျိုးစေ့တို့ကို ဖြစ်စေလေသည်။

လူဖြစ်လာသော ကမ္ဘာသဘာဝ၌လည်း ထိုကဲ့သို့ ဖြစ်ရာ၏။ သျှတ္တရသဘောအရ သစ်ပင်သည် လူ၏ သဘာဝအား ဥပမာပြလျက် ရှိသည်ကို လွယ်လင့်တကူနှင့် သိမြင်နိုင်၏။ အခြား ကမ္ဘာတန်ဆာတို့လည်း ထိုနည်းတူ ဥပမာ ပြနေ၍ စေ့ငုဆင်ခြင်လျှင် သိမြင်နိုင်၏။ လူမ ဖြစ်ရန် ဗြဟ္မာတို့ကား ကမ္ဘာသစ်သို့ ရုတ်တရက်အားဖြင့် ဘဝပြောင်းကာ မလာနိုင်ရာချေ။ အကြောင်းသော်ကား မ စိတ်သည် အဖော်ကို အမြဲလိုလားလျက် ရှိချေသည်။ တစ်နည်းအားဖြင့် မ ဓာတ်သည် အဖော်ကို အမြဲရှာလျက် ရှိချေသည်။ အားကိုးရာ၊ အားထားရာ၊ မှီခိုရာ အဖော်ကိုလည်း အမြဲ အလိုရှိနေလေသည်။ ထို့ကြောင့် လူမရှိသေးသော ကမ္ဘာသစ်သို့ လူမ တို့သည် အဦးပြု၍ မဖြစ်မပေါ်လာနိုင်ပေ။

ကမ္ဘာသစ်၌ လူထီးတို့ ပေါ်ပေါက်လာပြီးနောက်မှ လူမ ဖြစ်ရန် ဗြဟ္မာတို့သည် သံသေဒဇအားဖြင့် သော်လည်းကောင်း၊ ဥပပတ်အားဖြင့် သော်လည်းကောင်း လူဖြစ်လာကြရသည်ဟု ယူဆလျှင် သဘာဝ အကျနိုင်ဆုံး ဖြစ်၏။ ၎င်းကို စိတ်ပညာဆရာ အချို့က လူထီးများက တောင့်တသဖြင့် ပေါ်ပေါက်လာရသည်ဟု ဆို၏။ အချို့ ပညာရှိတို့က ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ကြရသည်ဟု ဆိုကြ၏။ စင်စစ်သော်ကား သဘာဝ အလျောက် ဓာတ်သဘော အစဉ်အတိုင်း ဖြစ်လာကြရလေသည်။ ကမ္ဘာ၌ ထိုသဘာဝကို သစ်ပင်တို့သည် ဥဒဟရဏ် ပြဆောင်ကာ နေလေသည်။ ။
***ဦးဘိုးသင်း၊ စာပြုဆရာကြီး။***

**ရာပြည့်စာအုပ်တိုက်**

'အချင်း သုခမိန်၊ သံသေဒဇ ဖြစ်ပုံကား ယုံကြည်ဖွယ် ခဲယဉ်းလေစွ'

'အရှင်မင်းကြီး၊ ယုံကြည်တော်မူလော့။ ရုပ်သက်သက်သာလျှင် ဖြစ်သော သစ်ပင် တောတောင် ရေညှိတို့၌ အဖြစ်ရုပ် ရှစ်ပါးကို အားပေးနေသော ဓာတ်အစုစုသည် ရှိ၏။ ထိုရုပ်ဓာတ် အစုအားဖြင့် သန္ဓေတည်စွဲနိုင်သော ဩဇာဓာတ်ရည်သည် ဖြစ်တည်နေ၏။ ဆွဲဓာတ်, ငင်ဓာတ်, ဖိုဓာတ်, မ ဓာတ်တို့သည် ရေ၌ လည်းကောင်း၊ လေ၌ လည်းကောင်း လှည့်လည်ပြေးလွှား လှုပ်ရှားလျက် နေ၏။ ထိုဓာတ်ရှစ်ပါးတို့သည် ရေထဲ၌ ဖြစ်စေ၊ လေထဲ၌ ဖြစ်စေ ပေါင်းစပ်ပြီးသော် ရေ၌ လည်းကောင်း၊ ကုန်း၌ လည်းကောင်း၊ သစ်ပင် တောတောင်၌ လည်းကောင်း၊ ပန်းပွင့်၌ လည်းကောင်း ဩဇာဓာတ်ရည်သည် ထက်သန်စဉ် အခါ တွေ့ဆုံကျရောက်သည်ရှိသော် အပူဓာတ်အင်အား အချိုးအစားနှင့်အညီ လူပင် မကြွင်း၊ တိရစ္ဆာန် ပိုးမွှား သတ္တဝါ စသည်တို့ကို သံသေဒဇ အားဖြင့် ဖြစ်စေနိုင်၏။ (ဝါ) ပေါက်ဖွားရာ၏။ ထိုသန္ဓေသည် ပူလွန်း အေးလွန်းခြင်းတို့ အားဖြင့် ပျက်စီးရ၏။ သင့်လျော်သော အပူရှိန်ဖြင့် ကြီးပွားရ၏။ သစ်ပင်၊ သစ်ပွင့်၊ သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့မှာပင်လည်း ဖိုဓာတ်, မ ဓာတ်, ဆွဲဓာတ်, ငင်ဓာတ်၊ ဓာတ်နှစ်ပါးတို့နှင့်ကင်း၍ မပွင့်, မသီး, မအုနိုင်, မဖုနိုင်ကြကုန်။ ဆွဲဓာတ်, ငင်ဓာတ် (ဝါ) ဖိုဓာတ်, မ ဓာတ်တို့သည် ကောင်းကင်လဟာအတွင်း၌လည်း အမြဲလှည့်လည် လှုပ်ရှားလျက် ရှိ၏။ ထိုဓာတ်နှစ်ပါးကင်းချေသော် လျှပ်စစ် မဖြစ်နိုင်။ မိုးကြိုး မပစ်နိုင်။ သစ်ပင်တို့သည် မပေါက်နိုင်။ သစ်ပင်တို့သည် မပွင့်နိုင်၊ မသီးနိုင်။ မအုနိုင်၊ မဖုနိုင်။ သက်ရှိသတ္တဝါတို့သည် အားပြတ်၍ မတည်နိုင်။ သစ်ပင်တို့သည် ခြောက်ကပ်၍ မတည်နိုင်။ မီးသည် မလောင်နိုင်၊ မလင်းနိုင် ဖြစ်ချေသတည်း။

'အရှင်မင်းကြီး၊ ထို ဖိုဓာတ်, မ ဓာတ်ကို အမှီပြု၍ လူတို့တွင် စွဲမြဲဖြစ်ပေါ်လာသော၊ ခဏအားဖြင့် ဖြစ်သော စိတ်၏အာရုံသည်လည်း အလွန်ပြင်းထန်ဘိ၏။ အကြင်မိန်းမသည် အလွန် ရုပ်အဆင်းဆိုးဝါးသော ယောကျာ်းနှင့် သင့်မြတ်ရလျှင်လည်း စိတ်အာရုံအားဖြင့် လှပသည့် သားသမီးတို့ကိုဖြစ်စေနိုင်၏။ အသားဖြူခြင်း၊ မည်းခြင်း၊ နက်ခြင်း စသည်တို့ကိုလည်း မိဘနှင့် အသွင်မတူဘဲ စိတ်အာရုံအားဖြင့် မွေးဖွားနိုင်၏။ ဉာဏ်ကြီးခြင်း၊ သူတော်ကောင်း ဖြစ်ခြင်း၊ လူမိုက်ဖြစ်ခြင်း၊ လူလိမ္မာဖြစ်ခြင်း စသော သားသမီးတို့ကိုလည်း စိတ်အာရုံအားဖြင့် ဖြစ်စေနိုင်၏။ သားမွေးဖွားခြင်း၊ သမီးမွေးဖွားခြင်း စသည်တို့၌လည်း စိတ်အာရုံအားဖြင့် အလိုရှိသလို ပြုပြင်နိုင်၏။

'မိခင်သည် မိမိ၏ဝမ်းတွင်းရှိ သားငယ်၏ သန္ဓေစိတ်ကို စိတ်အာရုံဖြင့်

ခိုင်မြဲစေနိုင်၏။ မိခင်၏ သားငယ်သန္ဓေ ကိန်းအောင်းနေစဉ်အခါ ယုတ်မာသော စိတ်၊ ယုတ်ညံ့သောစိတ်၊ မြင့်မြတ်သောစိတ်၊ တည်ကြည်သော စိတ်တို့သည် ထိုသန္ဓေသားငယ်ကို ဝမ်းတွင်းက စပြီးလျှင် တည်မြဲ ထုံလာစေ၏။ ထိုစိတ်သည် သန္ဓေစိတ်တွင် အပါအဝင် ဖြစ်ချေ၏။ ထိုကြောင့် မိခင်ယုတ်မှ သားကောင်း၊ သမီးကောင်းတို့ ထွန်းကားနိုင်ခြင်း မရှိပေ။ ထိုသို့သော မိခင်ယုတ်တို့ကြောင့်ပင်လျှင် တိုင်းပြည်သည် ချည်ခင်ထွေး ဖြစ်လျက် အမြဲ ပူလောင်နေချေတော့သည်။

'ယောကျ်ားသည်လည်း မိန်းမအား တည်ငြိမ်၍ မလွင့်ပြားစေသော အာရုံဖြင့် အတွေ့နှင့် သာယာနှစ်သက်စေလျက် သား ဖြစ်စေ၊ သမီး ဖြစ်စေ စိတ်အာရုံနှင့် သန္ဓေတည်စေနိုင်၏။ အရုပ်ဆိုးခြင်း အဆင်းလှခြင်း၊ အသားဖြူခြင်း နက်ခြင်း၊ ဉာဏ်ကြီးခြင်း၊ မိုက်မဲခြင်း စသည်တို့ကိုလည်း အလိုရှိသကဲ့သို့ ယောကျ်ား၏ စိတ်အာရုံကို ပြုပြင်ခြင်းဖြင့် ဝမ်းတွင်းရှိ သားသူငယ်ကို ဖြစ်စေနိုင်၏။ မွေးဖွားစေနိုင်၏။

'အကြင်မိန်းမသည် နှုတ်ပိုက်ကိုယ်ဝန် ရှိအံ့သောအခါ၌ ဖြစ်စေ၊ ရှိစဉ်၌ ဖြစ်စေ၊ နစဉ်၌ ဖြစ်စေ တိရစ္ဆာန်တို့ကို ချစ်၏။ တိရစ္ဆာန်တို့ကို ပွေ့ပိုက်ခြင်း စသည်တို့ဖြင့် ယုယ၏။ ချစ်မြတ်နိုးသဖြင့်လည်း နလုံးသွင်း၏။ ထိုသန္ဓေ၌ ထိုအာရုံဖြင့် တိရစ္ဆာန်တို့၏ စိတ်သဘောသည် ရောနှောခွင့်၊ တည်စွဲခွင့် စသည်ဖြင့် ရလာ၏။ ဤနည်းဖြင့် တိရစ္ဆာန်တို့၏ စိတ်ဓာတ်၊ သဘင်သည်တို့၏ စိတ်ဓာတ် စသည်တို့ကို မိဘနှစ်ပါးတို့သည် မြင့်မြတ်သောမျိုးရိုး ဖြစ်လျက်လည်း သန္ဓေသားငယ်မှာ ထုံလာ၍ လောက၌ လူညံ့ပေါင်း များစွာ၊ ယုတ်ညံ့သော လူပေါင်းများစွာတို့သည် ပေါက်ဖွားကြသဖြင့် ပညာရှိ သူတော်ကောင်းတို့မှာလည်း လူ့အန္ဓ, လူယုတ်မာတို့ကို မွေးဖွားလာကြလေသည်။ စင်စစ်သော်ကား ခဏပန်းအားဖြင့် ဖြစ်ပျက်လွယ်သော စိတ်သည်ပင်လျှင် အကြောင်းရင်း ပဓာန ဖြစ်ချေသည်။

'ဇာတ်မတူသော်လည်း သဘာဝချင်း တူညီသော အဖို, အမ တို့သည် သန္ဓေကို ဖြစ်စေနိုင်၏။ လူနှင့် ကြက်, ငှက် စသော တိရစ္ဆာန်တို့သည် သဘာဝချင်း မတူသဖြင့် ပေါင်းသင်း၍ မဖြစ်။ ခွေး စသည်တို့၌ကား ပေါင်းသင်း၍ ဖြစ်၏။ ပေါင်းသင်း၍ဖြစ်သော ဖို မ တို့သည် သန္ဓေကို ဖြစ်စေနိုင်၏'

ပြည့်ရှင်မင်းကြီးသည် ငမဲကျွန် တင်သည်ကို စဉ်းစားဝေဖန်၍ 'သုခမိန်၊ ရှက်ကြောက်ဖွယ် သတင်းတစ်ရပ်ဟာ သည်လို' ဟု စလိုက်လျှင်ပင် ငမဲကျွန်လည်း 'အရှင်မင်းကြီး၊ သည်သို့ ဖြစ်သတတ်ဟု မဆွကပင် ကျွန်တော် မြင်ပြီး' ဟု တင်လေ၏။

ရာပြည့်စာအုပ်တိုက်

'ပညာရှိ၊ အဘယ်ကြောင့် သတိပေးစကားကို မဆိုပါသနည်း'

'အရှင်မင်းကြီး မမေးဘဲကို စကားမဆိုရာ၊ အခွင့်ပြုမထားဘဲ မလျှောက်မတင်ရာ။ သူ မမေးဘဲနှင့်၊ စကား အလျဉ်းမသင့်ဘဲနှင့်၊ နားထောင် နာယူလိုသူ မရှိဘဲနှင့် စကားဆိုသောသူသည် အရူးမျှသာလျှင်ကတည်း။ သူ အလိုမရှိဘဲနှင့်၊ မေးမြန်းစုံစမ်းခြင်း မရှိဘဲနှင့် အချိန်မလင့် ပြောဆိုစေ၊ လျှောက်ထားစေ အမိန့် မရှိဘဲနှင့် လျှောက်ထား ပြောဆိုသောသူသည် သူတစ်ပါး၏ ကောင်းကျိုးကို သက်သက်မဲ့ ဖျက်ဆီးနေသည် ဟူ၍ လည်းကောင်း၊ ကတိုက်ကုန်းချော ပြောဆိုနေသောသူ ဟူ၍ လည်းကောင်း၊ လူ့ခလောက်ဆံန် ဟူ၍ လည်းကောင်း၊ ငြူစူဝန်တိုတတ်သောသူ ဟူ၍ လည်းကောင်း၊ စည်းလုံးညီညွတ်ခြင်းကို ပျက်စီးစေသောသူ ဟူ၍ လည်းကောင်း၊ သူတစ်ပါး၏ ချစ်မြတ်နိုးခြင်းကို ကွဲစေတတ်သောသူ ဟူ၍ လည်းကောင်း ထင်ဖွယ်ရာ၊ ယိုးစွပ်ဖွယ်ရာ ဖြစ်ချေသည်။ ထို့ကြောင့် ယခု အမေးတော်ရှိ၍ တင်လျှောက်ပါအံ့'

'တင်လျှောက်လော့'

'ယခု ပင်တိုင်ပျော် သမီးတော်၌ မသန့်သော သတင်းသည် ဖြစ်၏။ ထိုသတင်းသည် ယုံမှားဖွယ်ရာ မဟုတ်၊ မှန်၏။ ထိုသို့ မှန်ခြင်းဖြင့် သမီးတော်၌ အပြစ်ကင်း၏။ တစ်စုံတစ်ယောက်သော သူ၌လည်း အပြစ်ကင်းပါ၏။ အပြစ်ရှိသူကား တရားရှင် အရှင်မင်းကြီးသာလျှင် ကတည်း'

'သုခမိန် ဘယ်လို ဆိုလိုက်ပါသလဲ၊ ငါနှင့် မည်ကဲ့သို့ သက်ဆိုင်သလဲ'

'အရှင်မင်းကြီး၊ စံစားမှု၊ ခံစားမှုတို့၌ တုန်လှုပ်ခြင်း ရှိနေသော သူတို့တွင် မာန်ဓာတ်သည် အမြဲကိန်းအောင်းကာ ရှိ၏။ ထိုသို့သောမာန်ကို မသတ်၊ မဖြတ်၊ ခေါင်းပါးအောင် မပြုသော သူတို့သည် နားနှင့် ဖြစ်စေ၊ မျက်စိနှင့် ဖြစ်စေ၊ ပေါင်းသင်းနီးနှောခြင်းဖြင့် ဖြစ်စေ အခွင့်ရတိုင်း မေထုန်မှုကို ပြုကျင့်တတ်ကြ၏။ ၎င်းသည် လောက၏ ဖြစ်စဉ်အရိုးပါတည်း။ ထိုသို့သော သူတို့တွင် အပါအဝင် ဖြစ်သော သမီးတော်ကို ယောကျ်ားတို့နှင့် ကင်းဝေးစေ၍ ထောင်ချထားသကဲ့သို့ ပင်တိုင်ဆောင် မြနန်းတွင် အစောင့်အရှောက်တို့နှင့် ချထားဘိ၏။ သို့လင့် ကစား အထိန်းတော်၊ အချီတော်၊ အယုတော်၊ အယတော်၊ အဆိုတော်၊ အသီတော်၊ အကတော်၊ တူရိယာ အသံတော် စသည်တို့ဖြင့် မေထုန်ကို လိုလားကြံဆတတ်ရန် ကာမဂုဏ်မှုကို အားပေးလျက် ရှိချေသည်။ ထို့ကြောင့် သမီးတော်၌ စည်းစိမ်ယစ်မူးခြင်း တံလျှပ်သည် တိုးပွားလွန်ကဲကာ ရှိချေသည်။

'ထို့ကြောင့် သမီးတော်သည် စိတ်ကူး၍ ရူးလျက် ရှိ၏။ အတွေးနှင့်

ဆွေးလျက် ရှိ၏။ ထွေထွေထူးထူး ကြံဆလျက် ကာမဂုဏ်ကို အထူးသဖြင့် အမွှမ်းတင်ကာ ရှိဘိ၏။ အရှင်မင်းကြီး၊ လူတို့ လိုအပ်သော ဂုဏ်နှင့် တောင့်တနေသော အလိုကို ရှုံရှာဖွယ်ထင်၍ မထင် မဖြစ်သော မိန်းမ၊ တစ်ခုခုသော ကသိုဏ်း စသည့် ကမ္မဋ္ဌာန်းအာရုံနှင့် မမွေ့မလျော်သော မိန်းမတို့သည် မိမိ၏ လှပသော မျက်နှာကို ကြည့်လျက် ယစ်သော ကာမဂုဏ်စိတ်တွင် မေထုန်စိတ်ဖြင့် သာယာတတ်ဘိ၏။ မိမိ၏ရင်သားကို မိမိ ပွတ်သပ်ကိုင်တွယ် ဖေးမခြင်းဖြင့် လည်းကောင်း၊ ကိုယ်ကို ချေးညှော်တွန်းခြင်းဖြင့် လည်းကောင်း၊ မိမိ၏ နိမိတ်အင်္ဂါကို ကြည့်မြင်ရခြင်းဖြင့် လည်းကောင်း၊ တစ်စုံတစ်ခုဖြင့် စမ်းသပ်ဖျစ်ညှစ် ကြံစည်ခြင်းဖြင့် လည်းကောင်း၊ ဝတ်ကောင်းတန်ဆာ ဆင်ယင်ခြင်းကို ခုံမင်နှစ်သက်နေခြင်းဖြင့် လည်းကောင်း၊ အလှအပ အပြေအပြစ်ပြုခြင်းကို နှစ်သက်သာယာခြင်းဖြင့် လည်းကောင်း၊ လည်းကောင်းပေါင်း သောင်းခြောက်ထောင် ဖြစ်သော အလိုရှိသည့် သာယာမှု အမျိုးမျိုးတို့သည် တစ်ခဏခြင်းဖြင့် "မ" တည်း ဟူသော ဓာတ်ကို ယိုဖိတ်စိမ့်ဆင်းလာစေ၍ မေထုန်ဓာတ်ဖြင့် သာယာလျက် တရားကို မမြင်၊ ဘေးကို မထင်နိုင်ဘဲ အကန်းပကတိ ရတ်ခြည်းပင် ဖြစ်သွားတတ်ချေသည်။ ၎င်းသည် မိန်းမတို့၏ အဇ္ဈတ္တ အတွင်းရှိ ဖို,ဓာတ်၊ မ,ဓာတ်တို့၏ ပေါင်းသင်းဆက်ဆံ မြူးထူးခြင်းပင် ဖြစ်ချေသည်။

'ထိုစဉ်အခိုက်၌ ယောကျာ်းကိုတွေ့၍ ကမ္ဘာပေါ်၌ ယောကျာ်းဆို သည်လိုပါလားဟု ယောကျာ်းများနှင့် ရောနှောဆက်ဆံ မပေါင်းမသင်းဖူးသည့်အတိုင်း တွေးထင်မှတ်ယူတတ်ခြင်းသည် သဘာဝပင် ဖြစ်ချေသည်။ ထမင်းငတ်သော သူသည် ထမင်းသိုးကိုပင်လည်း လွှတ်လိမ့်မည် မဟုတ်သကဲ့သို့ ပင်တည်း။

'အရှင်မင်းကြီး၊ သမီးတော်၏ ပင်တိုင်ဆောင်၌ လူစကားကို ပီသစွာ ကျကျနန ပြောတတ်သော ကြက်တူရွေး တစ်ကောင် ရောက်လာသည်ကို ကျွန်တော် ကြားသိရ၏။ ၎င်းနှင့်စပ်လျဉ်း၍ အမေးပြဿနာသည် ဖြစ်သတတ်ဟု ကျွန်တော် စောင့်မျှော်နေ၏။ သို့သော် အချိန်ညောင်းပြီးမှ မင်းကြီးထံ အခစားဝင်သည်တွင် ဤပြဿနာသည် ရှုပ်ထွေးညီဟောက်လျက် ထင်လာ၏။ ထိုကြက်တူရွေးကား ကြက်တူရွေး မဟုတ်၊ လူသား ပြကတေ့တည်း'

'ပညာရှိ၊ သင့်စကားကို ငါ ယုံ၏။ သို့သော် ဆန်းကြယ်လှပါဘိတကား'

'အရှင်မင်းကြီး၊ ဆန်းကြယ်ခြင်း မဟုတ်။ ၎င်းကား ကပ်၏ အဆင့်အတန်းတွင် ဖြစ်လေ့ရှိသော သဘောပေတည်း။ လောက၌ အစွမ်းအလွန်ညံ့၊ အညံ့ဆုံးသော သူတို့သည် ကံ, ဉာဏ်, ဝီရိယ သုံးပါးတို့ကို အထအား၊ (အဆောက်အဦ) အလို့ငှာ မသုံးသပ်နိုင်၍ (ဝါ) ကံ, ဉာဏ်, ဝီရိယ သုံးပါး

တို့နှင့် တစ်စုံတစ်ခုကို အလိုအတိုင်း ထမြောက် အောင်မြင်အောင် မစွမ်းဆောင်နိုင်၍ ဆေးအတတ်ဖြင့် ဝိဇ္ဇာဓိုရ်ပြုပြီးသော် မိမိအလိုကျ ရအောင် ကြံဆောင်ကြကုန်၏။ ထို့ထက်သာသော သူတို့သည် ပြဒါးဝိဇ္ဇာ ဖြစ်အောင် ကြံဆောင်ကြကုန်၏။ ထို့ထက်သာသော သူတို့သည် သံဝိဇ္ဇာ၊ ထို့ထက်သာသော သူတို့သည် အင်းဝိဇ္ဇာ အဖြစ်နှင့် ကြံဆောင်ကြကုန်၏။ ထို့ထက်သာသော သူတို့သည် ဆန်း၊ ဂိုဏ်း ဖွဲ့လျက် နက္ခတ်၊ ခါးပတ် ကြံကြိုက်ခြင်းကိုမှီ၍ ဂါထာမန္တရား၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့ကို ပြုပြင်ခြင်းဖြင့် မိမိဆန္ဒ ပြည့်ဝအောင် ကြိုးစားကြကုန်၏။ ထို့ထက်သာသော သူတို့သည် စိတ်ကို ပိုင်နိုင်အောင်ကျင့်၍ စိတ်တန်ခိုး အားဖြင့် အလိုအတိုင်း ပြီးမြောက်အောင် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို အရင်းထားလျက် ပြုလုပ်ကြံစည် ကြကုန်၏။

'အရှင်မင်းကြီး၊ ပြဆိုခဲ့သည်အတိုင်း လူအမျိုးမျိုး အစားစား ရှိရာတွင် သေခြင်းကို မကြောက်၊ အသက်လွန်၍ ရှည်ခြင်းကို မလိုလား၊ သေခြင်းသဘောကို ပိုင်လျက် မြတ်သော သေခြင်းဖြင့် မိမိဘဝကို အောင်မြင် ထမြောက် အမြတ်ယူမည်ဟု အားခဲသော သူသည် သာလျှင်လည်း လောကတွင် လူမြတ်တစ်ယောက် ဖြစ်ချေသည်။

'ဤအချက်၌ ဤသို့ရှိရာတွင် ဒိသာပါမောက္ခ ဆရာကြီးသည် ရှိလေသတတ်။ ထိုဆရာကြီးသည် စိတ်သည် လောကကို ဖန်ဆင်းနိုင်သည့်အတိုင်း စိတ်အတတ်ကို တစ်ဖက်ကမ်းမြောက် ပေါက်ရောက်အောင် လေ့ကျင့်ထား၏။ အင်္ဂဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ ကောင်းကင် သျှတ္တရဝိဇ္ဇာ စသော ဝိဇ္ဇာအတတ်များနှင့် ယောနက တိုင်းသူတို့ အထူး လေ့လာ ကျွမ်းကျင်သော ဖုတ်ဝိဇ္ဇာ အတတ်တို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ချေ၏။ ထိုဆရာကြီးပင်လျှင် တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖုတ်ဝိဇ္ဇာ အတတ်ဖြင့် ချည်မန်းကွင်းကို ခာတ်စီရင်လျက် လူတစ်ယောက်ကို လွှတ်လိုက်ဟန် တူချေသည်။ ထိုလူသည် ကြက်တူရွေးအဖြစ်နှင့် သမီးတော် အဆောင်သို့ ရောက်ဟန်ရှိချေပြီ တကား'

'သုခမိန်၊ သုခမိန်ကား နက်နဲသော ပညာရှင် ဖြစ်၏။ သုခမိန် ဆိုတိုင်း မှန်ပေအံ့။ မှန်လျှင် သမီးတော်၌ ရာဇဝတ် မကင်းချေပြီ တကား'

'မည်ကဲ့သို့ မိန့်တော်မူပါသနည်း။ လောကသျှတ္တရ သဘောကို လျှောက်ထားပြီးခဲ့ပါပြီ။ ပညတ်သဘောကို ပညာရင် ပီသည့်အတိုင်း လိုက်မှားတော်မမူသင့်ပါ။ သမီးတော်၌ ရာဇဝတ်တော် မရှိ၊ မည်သူ့မှာမျှ ရာဇဝတ် မရှိဟု ကျွန်တော် လျှောက်တင်ပြီးခဲ့ပါပြီ'

'စဉ်းစားပါဦး သုခမိန်၊ ဤလူလေ၊ လူလွင့်၊ လူယုတ်မာနှင့် မွေ့လျော်မှုဖြင့် မစင်ကျပြီးသော ပွဲတော်စာနှင့် ဘာကြောင့် မတူရာသလဲ'

'အရှင်မင်းကြီး၊ သာမန်မျှသော သူတို့၏ အယူအဆသည် ပညတ်မှုကို စွဲခြင်းဖြင့် အရှင်မင်းကြီး မိန့်တော်မူသည့်အတိုင်း သဘ်လျှင်ကတည်း။ ပညာရှိတို့၏ အယူအဆနှင့်ကား ကျောချင်းကပ်လျက် ရှိ၏။ အကြောင်းသော်ကား ဤသို့ပါတည်း။ သိန္ဓောမြင်းမသည် သာမညမြင်းကျိုးနှင့် သင့်လျက်လည်း သိန္ဓော မြင်းငယ်ကို မွေးဖွားလေသည်။ နို့ရည်ဖြင့် လောကကို တန်ဆာဆင်သော နွားမသည် သာမန် နွားကျစ်သိုးနှင့် တွေ့ရလျက်လည်း နွားလား ဥသဘကို မွေးဖွားလေသည်။ ထိုသိန္ဓောမြင်းမ၊ နို့စားနွားမတို့၏ ဂုဏ်ရည်မှ ယုတ်လျော့လေသလော။

'မိန်းမကောင်း၊ မိန်းမမြတ်တို့ မည်သည် မြေသြဇာနှင့် ပြည့်ဖြိုးသော လယ်ယာမြေကောင်းနှင့် တူချေသည်။ ညံ့သော ကောက်မျိုးစေ့ပင် ဖြစ်လင့်ကစား လယ်ယာမြေကောင်း၌ ကျချေသော် ကောင်းမွန်ဖွံ့ဖြိုးသော အသီးအနှံကို ထွက်ပေါ်စေလေသည်။ အရှင်မင်းကြီး၏ သမီးတော်ကား မြတ်သော မင်းမျိုးမှ ဆင်းသက်သည့် မြတ်သော မင်းသမီးတည်း။ ဤသူသည် သန့်စင်၍ မြတ်သော မင်းသားတည်းဟု သမီးတော်ကား အာရုံပိုက်ဘိ၏။ ဘုန်းရှိသောသူ အဖြစ်နှင့်လည်း ဆန္ဒညီ၍ သင့်မြတ်ဘိ၏။ ကာမဂုဏ်အားဖြင့် မေထုန်မှုသည် မမြတ်သော်လည်း မြင့်မြတ်သော မိန်းမသည် မြင့်မြတ်သော စိတ်ကို မစွန့်လွှတ်၍ မြင့်မြတ်သော ပဋိသန္ဓေကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ဘုန်းရှိသော သားကို မွေးဖွားရလေအံ့သတည်း။ သမီးတော်၌ကား ကာမဓာတ်သည် မည်သူ့ကိုမဆို အကြောင်းဆိုက်သော် ပူလောင်စေ၍ မေထုန်မှု၌ ရဲရင့်စေတတ်သဖြင့် ထိုသည့် အဖြစ်အပျက်၌ လုံးဝ အပြစ်တော် ကင်းစေလေ၏ တကား။ လုံးဝ အပြစ်မရှိပါသတည်း။ ဤကား လောကသဘာဝ၏ မချွတ်မလွဲ မဖောက်မပြန် ဖြစ်တတ်ခြင်းကို နားစွဲသော သူတို့၏ အယူအဆ သဘောပါတည်း'

မင်းကြီးသည် ငမဲကျွန် သုခမိန်အားဖြင့် သမီးတော်အပေါ်၌ အမျက်ပြေငြိမ်း၍၊ သုခမိန်၏ ပညာစွမ်းကို အဖန်တလဲလဲ ချီးမွမ်းတော်မူလေ၏။

စောဖုံးနွယ်သည်ကား အဆောင်တော်တွင် ငထန်းသီးနှင့် ကျီစယ်ကာ နေ၏။ "လောကတွင် ချစ်သူနှင့်အတူ ကြည်ကြည်ဖြူဖြူ နေရက ပျင်းသည် ဟူ၍ မရှိ၊ ငြီးငွေ့သည် ဟူ၍ မရှိ။ လောကသည် အလွန် သာယာတင့်တယ်လျက် ပျော်ဖွယ်ရာကြီးပါတကား" ဟု လောကဘေးကို မတွေးဆတတ်သူတို့၏ ထင်မြင်ယူဆချက်အတိုင်း စောဖုံးနွယ်နှင့် ထန်းသီးသည် ပျော်ပိုက်ကာ နေသည်တွင် အာဏာသား ဓားလုံကိုင်တို့သည် ရောက်လာကြကုန်၏။ ထိတ်လန့်တုန်လှုပ်ခြင်း ပြင်းစွာသည် သမီးတော်နှင့် ထန်းသီးကို ကယောင်ချောက်ချား ဖြစ်စေ၍ တစ်ဦး

ကို တစ်ဦး ကြည့်နေစေ၏။ ကုတ်ဝန်မင်းကား စားကွပ်လျက် အဆောင်တော်ကို ဖွင့်ရန် အာဏာပြနေလေ၏။

'ဘိုးဘိုးရယ် ဖုံးနွယ် ထိတ်လန့်လှချည့်။ ဘယ်လို အမှုတော်များ ဖြစ်လာ လို့လဲ ဘိုးဘိုးရဲ့'

'ထိပ်ထားသခင်မရဲ့ အဆောင်တော်မှာ ဘဝရှင်မင်းတရားကြီးရဲ့ အာဏာ တော်ကို ကျူးကျော်ပြီး စော်စော်ကားကား စားတော်ကို မလေးစားဘဲ ကြက် တူရွေးယောင် ဆောင်လာတဲ့ ရန်သူတော်ကို ဖမ်းဖို့ရန် အမိန့်တော်မြတ် သတ်မှတ် တော်မူလိုက်လို့ သည်ကျွန် ခြေတော်ရင်းသို့ ဆိုက်ရောက်လာရပါတယ်။ သည်းခံ တော်မူပြီး ကျည်းသေကို ဖွင့်ပေးတော်မူပါ သခင်မဘုရား'

'ခက်လိုက်ပါဘိ ဘိုးဘိုးရယ်၊ ဖုံးနွယ်မှာ ကိုယ်လက် အီသာတော်မမူလို့ တစ်ကိုယ်တော် စံနေတော်မူရာမှာ ဘယ်က ကြက်တူရွေးယောင်ဆောင်လာတဲ့ ရန်သူတော် ရှိရမှာလဲ၊ ရှုပ်ပွေလိုက်ပါဘိ။ ကြက်တူရွေးဟာ ကြက်တူရွေးပေါ့။ သည်ကြက်တူရွေး ရောက်ကတည်းက လိမ္မာပုံ၊ ခရာပုံ၊ သိတတ်ပုံတို့ကို မနာ လိုကြတာနှင့် အပြစ်ရှာကြတာဟာ ယခုတော့ အောင်မြင်ကြပေပေါ့နော်'

ထိုကဲ့သို့ ညည်းတွား၍ စောဖုံးနွယ်သည် ထန်းသီးအား 'မောင်ဘုရား ခဏခဏ ကြွခဲ့နော်၊ ဖုံးနွယ်ကို မုန်းတော်မမူပါနှင့်၊ အမြဲ သတိရတော်မူပါ။ မောင်ဘုရားက အချစ်တော်ကို တုံးပြီး ဖုံးနွယ်ကို အာလျပြတ်ကာ မုန်းခဲ့ပါရင် ဖုံးနွယ်ဟာ ဘဝ ဆုံးပြီလို့ အောက်မေ့တော်မူပါ' ဟု မျက်ရည်စက်လက်နှင့် နားတွင်အပ်ကာ တိုးတိုးကလေး မှာလေရာ 'နန်းတော်ကြီးက အမိန့်တော်ပါ ဘုရား၊ ကျည်းသေကို ဖွင့်လှစ်ပေးတော်မူပါ' ဟူသော အာဏာသားတို့၏ အသံတို့သည် ဆူညံကာ နေကြကုန်၏။

'နေရောင်ခြည် မပျောက်မီ မောင်ဘုရား ရောက်အောင် ပြန်ခဲ့မယ်။ လေသွန်ပြတင်းကို ဟင်းလင်းပြုကာ မျှော်တော်စိုက်ပါ မိမိငယ်။ ချည်မန်းကွင်း ကိုသာ မောင့်ခြေတွင် စွပ်လိုက်ပါတော့' ဟု ထန်းသီးသည် လေသံနှင့် သမီး တော့် ပါးတွင် ဟပ်ကာ မှာထား၍ ကြက်တူရွေး အဖြစ်နှင့် ပြတင်းပေါက်တွင် နားနေလေ၏။ ပင်တိုင်တော် သမီးတော်၏ အဆောင်တော့်တံခါးသည် ပွင့်၍ ကုတ်ဝန်နှင့် တကွသော အာဏာသားတို့သည် အဆောင်တော်သို့ ဝင်ရောက်ကြရာ သမီးတော်မှတစ်ပါး လူသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရဘဲ ကြက်တူရွေး ကိုသာ တွေ့ရသဖြင့် အာဏာသားတစ်ယောက်သည် ကြက်တူရွေးကို ဆွဲဖမ်း လိုက်ရာ ကြက်တူရွေးသည် လန့်ပျံသွားသဖြင့် ကြက်တူရွေးကို မမိလိုက်ဘဲ ကြက်တူရွေး ခြေမှ ချည်မန်းကွင်းကို ဆွဲကိုင်မိလိုက်လေရကား ကြက်တူရွေးမှာ

ချည်မန်းကွင်း ကျွတ်ကာ လူဖြစ်ပြီးလျှင် ပြတင်းပေါက်မှ ခုန်ဆင်းကာ ထွက်ပြေးလေ၏။

'အလို ...ဆန်းလှပါကလား၊ သည်ချည်ကွင်းဟာ ဘယ်က ရောက်လာရသလဲ။ ဟယ် ... ဆင်းပြေးတဲ့ အကောင်ကို မိအောင် ဖမ်းကြဟယ်။ ပြေးပြီ ... ပြေးပြီ၊ ဟောဟိုမှာ' ထန်းသီးကား ခါးတောင်းကျိုက်၍ ဦးတည့်ရာ တင်ပါးနှင့် ခြေဖဝါး တစ်သားတည်း ကျအောင် အတင်းပြေးလေ၏။ ၎င်း၏နောက်မှလည်း အာဏာသားရော ခွေးများပါ ဆူဆူညံညံ သောသောအုတ်အုတ်နှင့် လိုက်ကြသဖြင့် ထန်းသီးကို မမီနိုင်ဘဲ ခွေးများနှင့် အာဏာသာများမှာ ရောထွေးကာ နေကြရ၍ ထန်းသီး၏နောက်တွင် များစွာ ကျန်ရစ်ခဲ့ကြကုန်၏။ ထန်းသီးသည်ကား ခြေဦးတည့်ရာ စွတ်မိစွတ်ရာ ပြေးသဖြင့် ယာလုပ် တဲတစ်တဲသို့ ရောက်သွားရာ သားအမိ သားအဖ သုံးယောက် ထမင်းစားနေသည်ကို တွေ့၍ ဝင်ရောက်ပြီးသော် ဒေါင်းလန်းထဲ၌ ခါးတောင်းကျိုက် တကျားကျားနှင့် လက်နှိုက်ကာ ထမင်းစားနေလေ၏။

အာဏာသားများလည်း ဓားများကို ကိုင်ဆွဲကာ လိုက်လာ၍ 'ဟေ့ .. သည်ကို လူတစ်ယောက်များ ပြေးသွားတာ မမြင်ဘူးလား' ဟု မေးသည်တွင် ထန်းသီးသည် ထ တည့်၍ 'ရှေ့ကို ပြေးလေဗျို့၊ ခါးဝတ်တောင် ကပ်တယ် မထင်ဘူး။ ကျွန်တော်တို့လည်း အရူးထင်လို့ ကြည့်နေလိုက်ပါတယ်။ ဘာဖြစ်တာလဲ၊ သူခိုးလားဗျ' ဟု ထ ကာ ဖြီးလိုက်လေ၏။

ထိုအာဏာသားတို့ လွန်သွားသောအခါ 'သည်မောင်ဟာ ဘု အသိလား' ဟု မိခင်က မေးရာ၊ ဘုလည်း အံ့အားသင့်သည့် မျက်နှာနှင့် 'ဟင့်အင် ... ဘ အသိလား' ဟု ဖခင်အား မေးလေ၍၊ တစ်ယောက်မျက်နှာကို တစ်ယောက် အံ့အားသင့်ကာ ကြည့်နေကြကုန်၏။

**[၎င်းကိုစွဲ၍ ဘုမသိ ဘမသိ စကားပုံ ဖြစ်လာလေသည်။]**

ဘု၏ မိဘတို့သည်လည်း အထူးအထွေ တစ်စုံတစ်ရာမျှ မပြောမဆိုဘဲ မိမိတို့လက်ဝါးစွန်း တောင်ဖေ့း သားယောကျ်ား လိုနေဆဲအခါ ဖြစ်သဖြင့် ထန်းသီးအား ဘုနှင့် ထိမ်းမြားလက်ထပ် ပေးလိုက်လေသည်။

*

စောဖုံးနွယ်ကား ကိုယ်လေး လက်ဝန်နှင့် ကျန်ရစ်ခဲ့၍ ထန်းသီး၏ အပေါ်၌ ချစ်တင်းနှီးနှောခဲ့ပုံ၊ ရွှေခဲအဖြစ်နှင့် လာရောက်ခဲ့ပုံတို့နှင့် ပျော်ရွှင်ခဲ့ရာ၊ ကျီစယ်ခဲ့ရာတို့ကို အထပ်တလဲလဲ ပေါ်နေလေရကား အလွမ်းအဆွေးတို့သည် တောင်ငွေ့ဝေသကဲ့သို့ ပွေဆင်ကာ ကျန်ရစ်ခဲ့ရလျက်နှင့်ပင် နေ့လ အချိန်စေ့

သောအခါ အသွေးအရည် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော သားယောကျ်ား ကလေး တစ်ပါးကို ဖွားမြင်မြောက်လေ၏။

စောဖုံးနွယ်မှာ သားတော်ငယ်၏ တင့်တယ်ခြင်းကို မြင်လေ ခင်ပွန်း သည် အပေါ်၌ လွမ်းဆွတ်လေဖြစ်၍ သားကလေး အခါလည်ခန့် ရှိသောအခါ ၎င်း၏ ခင်ပွန်းသည်ကို တွေ့ရကောင်းနိုးနှင့် ခမည်းတော်ထံ ခွင့်တောင်းလျက် ခုနစ်ရက် ခုနစ်လီ အလှူကြီးကို ပေးလေရာ ကြီးကျယ်ခမ်းနားလှသော မဏ္ဍပ် တွင် အမိန့်တော်အရ ပင်တိုင်ပျော် မင်းသမီးနှင့် ထန်းသီးတို့၏ အဖြစ်အပျက်ကို နိပါတ်စုံ ခင်းကာ ရုပ်ပုံရေးထားရလေ၏။

ထိုအခိုက်အတန့်၌ ပရိမ္မပြည်မှ သူဌေးသမီးသည်လည်း မိမိ၏ ခင်ပွန်း သည်ကား သေလိမ့်မည် မဟုတ်၊ ဆေးဝါးမန္တရား တတ်ကျွမ်းသောသူနှင့် တွေ့က မုချ အသက်ရှင်ရာသည်ဟု နောက်ပါ ကျွန်မ သုံးယောက်နှင့်တကွ သားကလေး သုံးခါလည်ကျော်ကို ခေါ်ဆောင်ကာ လိုက်လာ၍ ထိုအလှူတော်ကြီးသို့ ရောက် လာ၏။

ဒိသာပါမောက္ခ ဆရာကြီး၏ သမီးတော် ခုနစ်ယောက်တို့သည်လည်း ထန်းသီးသည် တစ်နေရာရာ၌ ရှိသတတ်ဟု လိုက်လာကြရာ ထိုအလှူတော်ကြီး သို့ ရောက်လာကြပြီးလျှင် အချင်းချင်း လက်တို့ ခြေတို့နှင့် ဤသို့ တီးတိုး ပြောဆိုနေကြလေ၏။

'ဇာတ်လမ်း အစီအစဉ် ဆင်ပုံကဖြင့် အစစ်ပဲအေ့။ ဒါပေမဲ့ မြွေကိုက်လို့ သေပြီထင်တာနှင့် ရေထဲမျှောလိုက်ပုံ၊ တက္ကသိုလ်ဆရာကြီးရဲ့ သမီးတော် ခုနစ် ယောက်က ဆယ်ယူပြီး ဆေးကုသပုံ၊ တက္ကသိုလ်ဆရာကြီးက ချည်မန်းကွင်း စွပ်ပြီး လွှတ်လိုက်လို့ ကြက်တူရွေး အဖြစ်နှင့် ပျံသွားပုံတို့ မပါလေတော့ ဇာတ်ကွက်ဟာ အတော့်ကို ဟာနေတယ်အေ့'

'ဟုတ်တယ်အေ့၊ ဇာတ်လမ်းကို စီစဉ်တဲ့သူဟာ အင်္ဂဝိဇ္ဇာ အတတ်ကို နားမလည်လို့ ကျန်ရစ်ခဲ့တယ် ထင်တယ်'

ထိုအခါ သူဌေးသမီးလည်း ထိုစကားတို့ကို ကြားရ၍ ဤသို့ ဝင်ရောက် စွက်ဖက် ပြောဆိုလေ၏။ 'ရှင်မတို့ရယ်၊ သည်ဇာတ်ထုပ်မှာ ရှင်တို့ သွင်းလို တာကို ထည့်သွင်းပြီးရင် သူဌေးသားတစ်ယောက်ဟာ သူ့မိဘ သေသွားတော့ လူပေ၊ လူတေ၊ လူပွေ၊ လူနောက် လုပ်နေလို့ ဆင်းရဲသွားရပုံ၊ ငွေချေးငှားပြီး သူဌေးသမီးတစ်ယောက်ကို တောင်းရမ်းယူရပုံ၊ ဥစ္စာသိုက် ရှိရာကို ချော့မော့ မေးပုံ၊ တိတ်တိတ်တူးဖော်ပုံ၊ ဥစ္စာစောင့်မြွေက ကိုက်ပုံ၊ သူ့ကြင်ရာက ရေထဲ မျှောလိုက်ပုံ တို့ကိုပါ ထည့်သွင်းရေးသားရရင် သာပြီး ဇာတ်ကွက် အခမ်းအနား ဟာ စုံလင်မှာပဲ ရှင့်'

တက္ကသိုလ်ဆရာကြီး၏ သမီးခုနစ်ယောက် အာဂမယ်တို့သည် ထိုသို့သော စကားတို့ဖြင့် သူဌေးသမီးကို အကဲခတ်ကာ သားကလေးကို ကြည့်ကြ၍ ထန်းသီးနှင့် ချိန်ဆကာ အကဲဖြတ်နေကြကုန်၏။

ထိုသို့သော အတောအတွင်း ထန်းသီးသည် ကလေးကို ထမ်းလျက်၊ ဘုသည် ထန်းသီး၏ ခါးတောင်းမြီးကို ဆွဲကာ ထိုအလှူမဏ္ဍပ် အတွင်းသို့ ရောက်လာပြီးလျှင် ရုပ်စုံဇာတ်ခန်းများကို ကြည့်နေကြလေ၏။

ထန်းသီးသည် ထိုဇာတ်ခန်းကိုကြည့်၍ မျက်ရည်ဝိုင်းလာ၏။ ထိုခဏ၌ စောဖုံးနွယ်သည် သားတော်ကလေးကို အထိန်းတော်ဖြင့် ပွေ့ချီကာ ယူလာ၍ ထန်းသီးထံ စူးစူးစိုက်စိုက် လာနေ၏။ သူဌေးသမီးနှင့် တက္ကသိုလ်ဆရာကြီး သမီး ခုနစ်ယောက်တို့သည်လည်း ထန်းသီး၏ အထံသို့ ရောက်လာကြကုန်၏။

မင်းသမီး။ ။ 'မောင်တော်ရယ် စိမ်းကားရက်စက်တော် မူတော့မှာလား၊ သားတော်ရွှေသွေး လူကလေးကို'

သူဌေးသမီး။ ။ 'ကိုထန်းသီး၊ ရှင် ၎ပ်ချက်သား ကောင်းလှချည့်၊ ကိုယ့်သားရင်သွေး အလှကလေးကို'

သမီးတော် ခုနစ်ယောက် သူ့ထက်ငါ လုလျက် 'ရှင့် ... ရှင့် ... ရှင်၊ ရှင့်ကို ကျွန်တော်မတို့ လိုက်ရှာရတာလေ နယ်စုံပေါ့၊ တကယ်ဆိုရင်...'

တောသူမ ဘုမှာ မျက်လုံးဝိုင်းလျက် ဟိုကြည့် သည်ကြည့်နှင့် နေလေ၏။

ထိုအခါ စောဖုံးနွယ်သည် အလှူရှင် ဖြစ်သည် အားလျော်စွာ မည်သူ့အားမျှ ဂရုမထားသော အနေနှင့် စတင်ပြီးသော် ထန်းသီး၏လက်ကို ဆွဲခေါ်လေ၏။ ထိုနောက် သူဌေးသမီး၊ ထို့နောက် တက္ကသိုလ်ဆရာကြီး၏ သမီး ခုနစ်ယောက်တို့သည် ဝိုင်း၍ ထန်းသီးကို ဆွဲကြပြီးသော် ကိုယ့်ဘက် သူ့ဘက် ပါအောင် သူ့လင် ငါ့လင် လုကြကုန်၏။

ဘုမှာကား မည်သို့မျှ မတတ်နိုင်ရှာဘဲ အံ့အားသင့်စွာနှင့် ထန်းသီးကို အတင်းဖက်ထားပြီးလျှင် 'လာကြပါဦး တော်တို့၊ ကျုပ်လင်ကို မိန်းမတွေ ဝိုင်းပြီး ဆွဲကုန်ပါပြီ' ဟု ငယ်သံပါအောင် ဟစ်လေ၏။

မင်းလုလင်တို့သည်ကား လာရောက်ကြ၍ လင်လုနေသော မိန်းမတို့ကို ဖယ်ရှားရန် အားထုတ်သော်လည်း ဘုရင့်သမီးတော် ပါဝင်နေသဖြင့် မတတ်သာဘဲ လာရောက်ကာ ဝိုင်းအုံကြည့်ရှုသော လူစုကိုသာ ဖယ်ရှားလျက် ဟာစ်အော်နေသော ဘုကို ငြိမ်အောင် 'ဟဲ့ ... တောသူမရဲ့၊ တိတ်စမ်းပါဦး' ဆိုကာ ငေါက်ငမ်းကြကုန်၏။

'မတိတ်ဘူး၊ ဘာကြောင့် တိတ်ရမှာလဲ။ မင်းကြီး ကြားအောင် အော်မယ်။ ဘာကြောင့် တောသူမရဲ့ လင်ကို ဝိုင်းပြီး လုကြသလဲ။ ရွှေမြို့သူ ဆိုတာ လင်လု အင်မတန် ကောင်းပါကလား။ မြို့သူများဟာလည်း ရဲရဲကြီး လင်လုတတ်တာကိုး။ ကယ်ကြပါဦးတော်တို့၊ ကျုပ်လင်ကို လုကုန်ပါပြီ' စသည် ဖြင့် ဟစ်အော်လျက် ဘုမှာ လင်ရေးနှင့် ပတ်သက်ပြီးလျှင် လေးကင်းပြလု မတတ် ထဘီကို တိုတိုဝတ်ပြီးသော် ထန်းသီး၏ ခါးကိုသာ မလွတ်တမ်း ဖက်ထားလေ၏။

အတန်ကြာသော် မြို့ဝန်မင်းသည် ရောက်လာ၍ 'အင်မတန် ရှုပ်တဲ့ အကောင်၊ ကြက်တူရွေးယောင်တောင် ဆောင်ပြီး လာတယ်။ သင်းရှုပ်လို့ ယခု အမှု ဘယ်လောက်ပွေသလဲ' ဟု ငေါက်ငမ်းကာ ထန်းသီးနှင့်တကွ မိန်းမ ဆယ်ယောက်ကို တရားရုံးသို့ ခေါ်သွားလေ၏။

ထိုအမှု၌ သမီးတော် ပါဝင်နေသဖြင့် မည်သည့် တရားရုံးတော်ကမှ မစီရင်သာ ဖြစ်နေ၍ ဘုရင်မင်းမြတ်၏ ရွှေနားတော်သို့ ပေါက်ကြားကာ သွားရ လေ၏။ ထိုအခါ ဘုရင်မင်းမြတ်လည်း ထိုအမှုကို ပညာရှိသုခမိန် ငမဲကျွန်သို့ အပ်လိုက်လေ၏။

## ငမဲကျွန် တရားစီရင်ခြင်း

'မယ်တော် မနုစာရီ၊ ဤတရားစီရင်မှု၌ မယ်တော်အား ရှိခိုးပါသတည်း။ မယ်တော်၏ အသိဉာဏ်တော်သည် သားတော်၌ တည်ပါစေသတည်း'

ငမဲကျွန်သည် ထိုတရား၌ အသီးသီး စစ်ဆေးပြီးသော် ဤသို့ စီရင် ချမှတ်လေ၏။

'သူဌေးသမီး မယ်နှင်းဆီမှာ သားတစ်ယောက်ကိုပင် ရနေ၍ မိဘက ပေးစားထိမ်းမြားထားသော လင်ယောကျ်ား ငထန်းသီး ဖြစ်ကြောင်း မှန်ပေ သည်။ သို့ရာတွင် မိမိခင်ပွန်းကို သေပြီအမှတ်နှင့် ရေတွင်မျှောလိုက်ပြီး ဖြစ် သဖြင့် စွန့်လွှတ်ပြီး၊ ပြတ်စဲပြီး ဖြစ်နေ၍ ထိုအခါကစပြီးလျှင် ငထန်းသီးသည် ပွဲသကူ ယောကျ်ား ဖြစ်နေချေပြီ။ အကယ်ဆိုလျှင် ချင်းသည် ချင်း၏လင်ကို သေ မသေ စမ်းသပ်၍ ဆေးဝါးပယောဂ တတ်ကျွမ်းသူများနှင့် ကုစားသင့်ချေ သည်။ ယခုမှာ စွန့်လွှတ်လိုက်ပြီးမှ တစ်ဖန် နောင်တရ၍ လိုက်လာပြန်ခြင်း သည် လူမိုက်နောက်မှ နောင်တရ ဖြစ်ချေသည်။ ငထန်းသီးသည် မယ်နှင်းဆီနှင့် မဆိုင်တော့ချေ။ ငထန်းသီးကို ပိုင်သော မိန်းမအား ရှက်ကြေး ငွေတစ်ပိဿာ လျော်စေ။

'ငင်းပြင် မယ်နှင်းဆီမှာ သားတစ်ယောက် တိုးလိုးတန်းလန်းနှင့် ရှိနေရာ မယ်နှင်းဆီသည် တစ်ပြည်ရပ်ခြားက ဖြစ်နေ၍ သားစရိတ်အတွက် အမွေစား၊ အမွေခံအဖြစ် ငွေတစ်ပိဿာ ထေန်းသီးက ပေးနိုင်သောအချိန်တွင် ပေးစေ။

'တက္ကသိုလ်ဆရာကြီး၏ သမီးခုနစ်ယောက်မှာကား အသက်ကို ကယ်ဆယ်သည့် ဆေးသမားများသာ ဖြစ်ချေသည်။ ၎င်းတို့၏ဖခင်က ထိမ်းမြားလက်ထပ် ပေးစားခြင်း မရှိသည့်ပြင် ထေန်းသီးကလည်း အကြင်လင်မယားအဖြစ်နှင့် ပေါင်းသင်းဆက်ဆံခြင်း မရှိရသေးသောကြောင့် ချင်းတို့နှင့် လင်၏ရေးရာတွင် မည်သို့မျှ အကျုံးဝင် သက်ဆိုင်ခြင်း မရှိချေ။ ထို့ကြောင့် ထေန်းသီးက ဆေးဖိုးဝါးခ ဆန်တစ်ပြည်၊ ငွေတစ်မတ်နှင့် အသက်ကို ရေထဲမှ ကယ်ခ အသက်ဖိုး ငွေသုံးပိဿာကို ပေးနိုင်သောနေ့မှာ ပေးစေ။ ထေန်းသီးကို ရပိုင်သော မိန်းမအား တက္ကသိုလ်ဆရာကြီး၏ သမီးခုနစ်ယောက်က သူတစ်ပါး၏ လင်ကို အတင်းလုယူမှုကြောင့် ငွေသုံးပိဿာ လျော်ကြေးပေးစေ။

'ဘုရင့်သမီးတော် စောဖုံးနွယ်မှာ မိဘက စုံညီပြု၍ စုလျားရစ်ပတ် ထိမ်းမြားခြင်း မရှိသော်လည်း လင်မယား အရာမြောက်၍ သားတစ်ယောက်ပင် ရနေချေပြီ။ သို့သော် ထိုသို့သော မိန်းမသည် လော်လီရာရောက်နေ၍ သားတစ်ရာပင် ရစေကာမူ ယောကျ်ားဖြစ်သူက အုပ်ထိန်းသူများ အခွင့်မပြုသေးသမျှ ကာလပတ်လုံး မိမိ၏မယားဟု မယူဆသာချေ။ လင်က စွန့်ခွာသွားရုံနှင့်ပင် လင်မယားအဖြစ်မှ ပြတ်စဲပြီး ဖြစ်ချေသည်။ အကယ်တည့် အသက်ပေး၍ ချစ်သောမယား ဖြစ်ချေက အသက်ကို အသေခံ၍ မယားကို စွန့်ခွာမသွားရာ။ ယခုသော်ကား ကိုယ်လွတ်ရန်းခွာ ထွက်ပြေး၍ အပျော်သက်သက် ကြံစည်ရာရောက်ချေသည်။

'စောဖုံးနွယ်မှာ ထေန်းသီးကို လင်ဟူ၍ စွပ်စွဲပိုင်ခွင့်၊ ယိုးပိုင်ခွင့်မှာ ထန်းသီးသည် မိမိကိုယ်ကိုပိုင်သော ယောကျ်ား ဖြစ်သဖြင့် သဘာဝသဘောနှင့်အညီ ယိုးပိုင်ခွင့်၊ စွပ်စွဲနိုင်ခွင့် ရှိသည့်အပြင် မိန်းမဖြစ်သူက မစွန့်လွှတ်သမျှ ကာလပတ်လုံး ငါ့လင် ငါ့လင်ဟု ထိုမိန်းမက ပြောဆိုနိုင်ခွင့်၊ ဆွဲခေါ်ပိုင်ခွင့်နှင့် ၎င်း၏လင်ပင် ဖြစ်ရမည်။ ဤအချက်၌ ယောကျ်ားက မိန်းမကို စွန့်သွား၍ မယား ဟူသော အဖြစ်မှ မယိုးပိုင်၊ မစွပ်စွဲပိုင်သော်လည်း မိန်းမကမူကား ယောကျ်ားကို မစွန့်သမျှ ကာလပတ်လုံး လင် ဟူ၍ ယိုးစွပ်ပိုင်ခွင့်ကို သဘာဝက ခွင့်ပြုသည်။ (အကြင်မိန်းမသည် လင်ဆယ်ယောက် ယူနေစေကာမူ တစ်ယောက်ယောက်ကို ၎င်း၏ လင်အဖြစ်မှ မစွန့်လွှတ်သမျှ ကာလပတ်လုံး ၎င်းမိန်းမသည် လင်ဆယ်ယောက်ရှိသော မိန်းမပင် ဖြစ်ချေသည်။ ထိုသဘော၌ ယောကျ်ား

ချင်း သတ်ပုတ်မှုကို တားဆီးသောအားဖြင့် မိန်းမများ လင်များစွာ ယူသည်ကို တားဆီးထားသော်လည်း သဘာဝအားဖြင့်ကား မိန်းမသည် ထိန်းသိမ်းညီညွတ် စေနိုင်၍ အုပ်ချုပ်နိုင်လျှင် မိမိ ကိုးကွယ်အားထားရာ ရသည်ထက် ရအောင် လင်တစ်ယောက်ထက် ပို၍ ယူခြင်းကို အခွင့်ပြု ထားလေသည်။ သို့သော် ကာမဂုဏ်၌ မှားသောအကျင့်ကား ဖြစ်သည်။)

'ထိုသို့သော အချက်၌ အာဏာသားများသည် ငထန်းသီးကို ဖမ်းဆီးစဉ်က စောဖုံးနွယ်သည် တကယ်လင်အစစ်ဟု ယူဆချေက ထန်းသီးကို ချည်မန်းကွင်း စွပ်ပေး၍ ထွက်မပြေးစေဘဲ ထန်းသီး၏ရှေ့က နေပြီးလျှင် ဘုရင့်စားဘေးကို ကာကွယ်သင့်ပေသည်။ သို့မှသာလျှင် အသက်ပေး၍ ချစ်သောလင်ဟု ယူဆ ရာချေသည်။

'ယခုမူကား စောဖုံးနွယ် ကိုယ်တိုင်ကပင် ကာကွယ်ခြင်း တစ်စုံတစ်ရာမျှ မရှိဘဲ မောင်းထုတ်လိုက်သည် ဖြစ်ခြင်းကြောင့် စောဖုံးနွယ်သည် ထန်းသီးကို ခေတ္တလင်၊ အပျော်လင်၊ သားဆုပန်လင် စသည်၌ သဘောသင့်သလို ယူဆ သည်ဟု မထင်မမှတ်ရန် မတတ်နိုင်ပေ။ ထို့ကြောင့် စောဖုံးနွယ်သည် ငထန်းသီးကို ထွက်ပြေးစေသည့် အချိန်ကစ၍ မပိုင် မဆိုင်တော့ပေ။ သို့သော် သား၏အတွက် စားစရိတ် ရသင့်သောကြောင့် စောဖုံးနွယ့်သား လူလားမြောက်သည့်တိုင်အောင် ထန်းသီး၏ အချိုးအစားနှင့်အညီ နှစ်စဉ် ရွှေဖရုံသီးတစ်လုံး၊ မျောက်ဥ တစ် ပိဿာ၊ ကောက်ညှင်းဆန် တစ်ပြည်၊ ဆန်ကြမ်းတစ်တင်း ပေးစေ။ စောဖုံးနွယ် မှာကား မိမိ ကိုးကွယ်အားထားရာ ဟူ၍ လင်ဆယ်ယောက်ယူသော မိန်းမကဲ့သို့ မဟုတ်ဘဲ ခေတ္တ၊ အပျော်၊ သားဆုပန် စသည်၌ သဘောတစ်ခုခုနှင့် လင်ယူပြီး လျှင် စွန့်လွှတ်လိုက်ပြီးမှ တစ်ဖန် အားကျမခံ ဝန်တိုခြင်း သဘောနှင့် လင် လုပြန်သောကြောင့် ဘုရင့်သမီးတော် ဖြစ်သည့်အတိုင်း ထန်းသီးကို ပိုင်သူအား ငွေသုံးပိဿာ လျော်စေ။

'ဘုမှာကား မိဘ ပေးစားသည်ဖြစ်၍ ထန်းသီးကလည်း ဘုကို ပိုင် သည့်ပြင် ဘုသည် ထန်းသီးနှင့် ယနေ့တိုင် ချစ်ခင်စွာ ပေါင်းသင်းနေ၍ ထန်းသီးကို ဘုက ပိုင်နေသည်။ ထို့ကြောင့် မိဘုသည် ငထန်းသီးကို ရယူစေ။ ဘုက အခွင့်မပြုဘဲနှင့် မည်သည့်မိန်းမကမျှ ထန်းသီးကို လက်ဖျားနှင့်မျှ မတို့စေရ။ ထိတို့က ရာဇဝတ်တော် သင့်စေ'

ထိုစီရင်ချက်ကို ဘုရင်မင်းမြတ်နှင့်တကွ တိုင်းသူပြည်သားတို့သည် ကောင်းချီးသြဘာ ပေးကြကုန်၏။ (ငမဲကျွန်၌ကား ရန်သူတစ်ယောက် တိုးလာ လေသည်။)

[ထိုလင်လုတရားကို သုစမ္မာစာရီဖြတ်ထုံး ဟု ရှေးဆရာတို့ သတ်မှတ်ထားကြလေသည်။]

ငမဲကျွန် ပညာရှိသည် ထိုသို့ တရားစီရင် ဆုံးဖြတ်ပြီးနောက် မနုစာရီဖြတ်ထုံးဟု အမည်တပ်၍ မယ်တော်ဟောင်း ကျေးဇူးကို ရှိခိုးပူဇော် ဖူးမြော်ပြီးလျှင် ဓမ္မသတ်ကျမ်းကို ပြုပြင်စီရင်လေသည်။

**[ငမဲကျွန် စီရင်သော တရားဖြတ်ထုံးများကို အစွင့်သာသောအခါ ကျွန်ုပ်မှာ အသင့်ရှိပြီးအတိုင်း ရှေးက သုနာပရန္တတိုင်း ဘုမ္မဝတီမြို့ခေါ် မင်းတုန်းမြို့ ဟေပင်ကျောင်း ဟေမူအရ ရေးသားဖော်ပြနိုင်လျှင် ဖော်ပြပါအံ့။]**

## အခန်း [ ၅ ]

# စုန်း၊ ကဝေ၊ တစ္ဆေ အတတ်တို့နှင့် ပညာရှိကို သတ်သော ပညာများ

သက်သာပြည့်ရှင် ဘုရင် သမုတိရွှေမှောက် မင်းကြီးသည် တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်မင်းလုပ်တော်မူသည်။ သက်သာပြည်ကြီးသည် အလွန် စည်ပင်သာယာ ဝပြောသည်ဟု အတိုင်းတိုင်း အပြည်ပြည်၌ ထင်ရှားကျော်ကြားလျက်ရှိ၏။ ထို့ကြောင့် သက်သာပြည်ကြီးသို့ အတိုင်းတိုင်း အပြည်ပြည်မှ သံတမန်တို့သည် မပြတ်မစဲလောက်ပင် ရောက်လာ၍ သက်သာပြည်ကြီးမှလည်း အခြား တိုင်းပြည်တို့သို့ သံတို့ကာ လွှတ်ခြင်းတို့ကို ပြုလုပ်လေသည်။

### စုန်း၊ ကဝေ၊ တစ္ဆေ၊ ဘုတ်၊ သရဲ၊ သဘက်၊ ဖုတ်တို့ ပြဿနာ

ယောနကတိုင်းမှ ပြန်လာသော သံတမန်တို့သည် ယောပြည်ကြီး၌ အလွန်ထွန်းကားလျက် ရှိသည့် စုန်းအတတ်များ အကြောင်းနှင့် ထို စုန်းအတတ်ဖြင့်လျှင် အခြားတိုင်းပြည်များကို သိမ်းယူနိုင်ခြင်း အကြောင်း၊ မှော်အတတ်ပညာဖြင့်လည်း အခြားတိုင်းပြည်များကို မိမိ၏နိုင်ငံ ပြုလုပ်နိုင်ခြင်းအကြောင်းတို့ကို မင်းကြီးထံ လျှောက်တင်ကြသောအခါ စုန်း, ကဝေ, တစ္ဆေ, ဘုတ်, ဖုတ်, သရဲ, သဘက်တို့၏ ပြဿနာသည် ပေါ်ပေါက်လာ၍ ငမဲကျွန် သုခမိန်သည် ဆိုလတ္တံ့သော အစဉ်အတိုင်း ရှင်းလင်းပြတ်သားစွာ ဖြေဆိုလေ၏။

'လောက၌ စုန်းဆိုသော အစားသည် ရှိ၏။ ၎င်းကို အကျယ်ချဲ့ထွင် လျှောက်တင်ရန်ကား ရှည်လျားလှချေသည်။ အဓိပ္ပာယ်နှင့် သဘော သရုပ်သည်လည်း အလွန် နက်နဲလှပေသည်။ သာမန်အားဖြင့် မထင်မြင်နိုင်တော့တကား။

'လောက၌ အတတ်ပညာမျိုးတွင် စုန်းအတတ်သည် စိတ်ပညာအတတ်မှ

တစ်ပိုင်းတစ်စသော အတတ်ပညာ ဖြစ်ချေ၏။ ပြုစားတတ်သော စုန်းအတတ်ပညာသည်ကား သဘာဝအားဖြင့် ညို့ဓာတ်လွန်သော သတ္တဝါတို့ထံမှ တစ်ဆင့်ကူး၍ ထိုသတ္တဝါစိတ်ကို ခေတ္တခဏဝင်လျက် အသုံးပြုနိုင်သည့် အတတ်ပညာဖြစ်၏။

'အနည်းငယ် ချဲ့အံ့။ စိတ်သည် အခါခပ်သိမ်း တည်ငြိမ်မနေဘဲ အိပ်ပျော်နေ၍ ဘဝင်ကျနေသော အခါမှတစ်ပါး အမြဲ ပျံ့လွင့်ကာ ရှိချေ၏။ ထိုသို့ပျံ့လွင့်မှုကြောင့် လူတို့သည် ဆန္ဒအလျောက် မအောင်မြင်နိုင်ချေ။ ထိုပျံ့လွင့်မှုအင်အား အချိုးအစားကို လိုက်၍ လူတို့၏အလို "တန်ခိုးအင်အား" ဖြစ်ပြီးသော်အောင်မြင်မှု အဆင့်အတန်းနှင့် မအောင်မြင်မှုသည် ဖြစ်ချေသည်။ ထို့ကြောင့်အလိုရှိတိုင်း အောင်မြင်မှု တန်ခိုးကို အလိုရှိသော သူတို့သည် တစ်စင်းတည်းသော စိတ်ကို ဖြစ်တည်နိုင်ရန် အာရုံတစ်ခုခုကို စွဲမြဲခြင်းဖြင့် စိတ်ကို ချုပ်တည်းစောင့်ရှောက်ကြကုန်၏။ အချို့သည် ထွက်သက် ဝင်သက်ကို စွဲမြဲ သတိပြုခြင်းဖြင့် စောင့်ရှောက်၏။ အချို့သည် ဖြူ၊ နီ၊ ဝါ၊ စိမ်း အဝန်းအဝိုင်းကို လည်းကောင်း၊ အချို့သည် နေကို လည်းကောင်း၊ အချို့သည် ရေကို လည်းကောင်း၊ အချို့သည် လေကို လည်းကောင်း၊ အချို့သည် မကောင်းသောနိမိတ် အာရုံအဆင်းကို လည်းကောင်း၊ အချို့သည် ကောင်းသောနိမိတ် အာရုံအဆင်းကို လည်းကောင်း၊ အချို့သည် ဘီလူးကို လည်းကောင်း၊ အချို့သည် နတ်ကို လည်းကောင်း စသည်တို့ဖြင့် အမျိုးမျိုးတွင် တစ်ခုကိုစွဲ၍ တစ်စင်းတည်းသော စိတ်ကို ပိုင်အောင် ကျင့်သုံးတတ်ကြကုန်၏။ ထိုကျင့်သောသူတို့သည် ဒီရေ၏ အတက်ဆုံးသောရက်၏ ညအပိုင်းကိုယူ၍ နေ၊ လ၊ ကမ္ဘာတို့မှ အဆွဲဓာတ်ကို မိမိတို့၏ အတွင်းသို့ ရောက်ဝင်နိုင်သမျှ ရောက်ဝင်အောင် ကျင့်သုံးတတ်ကြ၏။ ထိုသူတို့သည် ပြုစားမှု အတတ်ကို တတ်ကျွမ်းကာ ထုံကြ၏။ စိတ်သည် တစ်ချိန်တည်း၌ အာရုံနှစ်ခု မဖြစ်နိုင်။ အာရုံတစ်ခုကို စွဲနေသော် အခြားအာရုံတို့ မဝင်လာနိုင်ကုန်။

'ထိုသို့ စိတ်ကို ချုပ်တည်းရာ၌ အလိုရှိခြင်း၊ အပြစ်ပြုခြင်း၊ ထောင်လွှားခြင်း တို့ကို အချို့သည် ခေါင်းပါးနိုင်သလောက် ခေါင်းပါးအောင် ဖြတ်၍ တင်းတိမ်ရောင့်ရဲခြင်းနှင့် သည်းခံခြင်းကို လက်သုံးပြုကြသဖြင့် သူတော်ကောင်း လမ်းကြောင်းသို့ ရောက်ပြီးသော် တရားနှင့် မွေ့လျော်ပြီးလျှင် ဈာန်တန်ခိုးကို ဖြစ်စေနိုင်၏။ ၎င်းကို အထက်လမ်းဟု စိတ်ဆရာတို့ ယူဆကြကုန်၏။

'အချို့မှာ အလိုရှိခြင်း၊ အပြစ်ပြုခြင်း၊ ထောင်လွှားခြင်းတို့ကို မဖြတ်ခြင်း၊ မခြိုးခြံခြင်း၊ တင်းတိမ်ရောင့်ရဲခြင်းတို့ မရှိ၊ သည်းခံခြင်း မရှိခြင်းတို့နှင့်

စိတ်တန်ခိုးကို ပိုင်အောင် ကျင့်သုံးကြကုန်၏။ ထိုအခါ ၎င်းတို့သည် မသူတော်တို့၏ လမ်းကြောင်းသို့ ရောက်သွား၍ ၎င်း၏ တန်ခိုးကိုသာ လိုက်သောကြောင့် တရားနှင့် ကျောချင်းကပ်ကာ ရှိနေဘိ၏။ ၎င်းကို အောက်လမ်းဟု လည်းကောင်း၊ လက်ဝဲလမ်းဟု လည်းကောင်း စိတ်ဆရာတို့ ယူဆကြကုန်ပြီ။

'ထိုသို့သော အောက်လမ်းမှာပင် အလိုရှိခြင်း၊ အပြစ်ပြုခြင်း၊ ထောင်လွှားခြင်းတို့ကို မဖြတ်ခြင်း၊ မငြိုးခြင်း၊ မတင်းတိမ် မရောင့်ရဲခြင်းတို့ ရှိစေကာမူ သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ သူတစ်ပါးအကျိုး ပျက်စီးအောင် မဟုတ်မမှန် မပြောခြင်း၊ မလုပ်ခြင်း၊ သူ့အိမ်ရာကို မပြစ်မှားခြင်း၊ သေရည်သေရက် မသောက်ခြင်း တည်းဟူသော ကျင့်ဝတ်ငါးပါးကို ကျင့်၍ စိတ်တန်ခိုးကို ပိုင်အောင် ကျင့်သုံးကြကုန်၏။ ၎င်းကို မှော်အတတ်ပညာဟု ခေါ်ဆိုကြ၏။ အချို့က အထက်လမ်း ဟုလည်း အယူရှိကြ၏။

'အလိုရှိခြင်း၊ အပြစ်ပြုခြင်း၊ ထောင်လွှားခြင်းတို့ကို မဖြတ်၊ ငြိုးခြင်း မရှိ၊ တင်းတိမ်ရောင့်ရဲခြင်း မရှိ၊ ကံငါးပါးကို မလုံခြုံခြင်းတို့ပြင် စိတ်တန်ခိုးကို အောင်မြင်အောင် ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် ကျင့်သုံး၏။ နှစ်ချက်ညီအားဖြင့် ပဋိသန္ဓေ နေခဲ့သူလည်း ဖြစ်၏။ ထိုသူသည် စိတ်တန်ခိုး ပေါက်မြောက်ခဲ့သော် ကဝေ ဖြစ်၏။ ၎င်း၏ သဘောအလျောက် ၎င်း၏ စိတ်တန်ခိုး အင်အားနှင့်အညီ သူတစ်ပါးအပေါ်၌ မကောင်းဖြစ်အောင် ကျင့်ကြံနိုင်၏။ ၎င်း၏ စိတ်တန်ခိုးနှင့်အညီ ပုံအမျိုးမျိုးကိုလည်း ဖန်ဆင်းနိုင်၏။ သို့သော် စိတ်တည်ကြည်သော သူအား လည်းကောင်း၊ သချာအတတ်၊ ကျိုးကြောင်းပြအတတ်၊ စိတ်ပညာအတတ်တို့ကို ကောင်းစွာ လေ့လာလိုက်စားသော သူတို့အား လည်းကောင်း မကောင်းကြံခြင်း (ပြုစားခြင်း) ကို မပြုနိုင်၊ မပြုသာချေ။ ထိုကဝေတို့မှာလည်း အထီးအမ ဟူ၍ပင် ရှိချေသည်။ စင်စစ် ၎င်းတို့သည် အတတ်ပညာကို ဆည်းပူးလေ့လာသည့် တိုင်းပြည်နိုင်ငံတို့ကို ၎င်းတို့၏ အတတ်ဖြင့် တစ်စုံတစ်ရာမျှ ချောက်ချားခြင်းငှာ မတတ်နိုင်ချေ။ ၎င်းတို့ ဩဇာခံ စုန်းတို့မှာကား သာ၍ ဝေးလံလေစွ တကား။

'ကဝေတို့သည် လပြည့်လကွယ်နေ့တို့၌ ဖြစ်စေ၊ ဒီရေ အလွန်တက်နေသော နေ့တို့၌ ဖြစ်စေ ၎င်းတို့၏ အတွင်းဓာတ်ကို နေ လ တို့မှ ဆွဲငင်ခြင်း ဓာတ်အားတို့ကြောင့် ၎င်းတို့၏ အပေါက်တို့မှ အမြှုပ်ကို ထွက်စေရ၍ ညဥ့်အချိန် အရောင်တို့ကို ၎င်းတို့၏ တန်ခိုးနှင့်အညီ ညှို့ဓာတ်မှ ပေါ်ထွက်ရ၏။ (စင်စစ် ၎င်းတို့၏ ညှို့ကို နေ လ တို့မှ ဆွဲ၍ အရောင်ထွက်ခြင်း ဖြစ်၏။ ၎င်းကို သဘာဝအလျောက်ဟု ဆို၏။)

'ထိုအခါ ၎င်းတို့၏ ပါးစပ်မှ လည်းကောင်း၊ နား, မျက်စိ, နှာခေါင်း တို့မှ လည်းကောင်း၊ အခြား အပေါက်တို့မှ လည်းကောင်း ထွက်သော အမြှုပ် တို့ကို ယူကာ သိမ်းထား၍ အစာနှင့် ရောနှောပြီးသော် စုန်း ဖြစ်စေလိုသော သူတို့အား ကျွေး၏။ ၎င်းကို ဘူးသွင်းသည် ဟုလည်း ခေါ်၏။ စပါးကြီး မှာလည်း အစာကို ညို့နေစဉ်အခါ ပါးစပ်မှ အမြှုပ်ထလျက် ရှိ၏။ ထိုအမြှုပ်ကို ယူ၍လည်း စုန်းအတတ်ကို ပြဆိုခဲ့သော နည်းအစဉ်အတိုင်း ဖြစ်စေနိုင်၏။ ထိုသို့ အစာကျွေးပြီးသော သူအား စိတ်တန်ခိုးကို လေ့ကျင့်စေ၏။ ထိုစိတ်၏ တန်ခိုး အင်အားနှင့်အညီ စုန်းတို့မှာ တန်ခိုးရှိလေသည်။ ဘူးသွင်းခံရပြီးသော စုန်းတို့မှာလည်း ဒီရေ အလွန်တက်သော နေ့တို့မှာ အမြှုပ်ထွက်ရမြဲ ဖြစ်ချေ သည်။ သို့သော် ဝမ်းတွင်းစုန်းတို့မှာကား အလိုမရှိဘဲနှင့် အမြှုပ် မထွက်၊ အရောင် မလွှတ်ချေ။

'အချုပ်အားဖြင့် စုန်း ဆိုသည်ကား တောက်ပခြင်း ဖြစ်သည်။ ၎င်းတို့ သည် အနည်းဆုံး တစ်လမှာ ၎င်းတို့၏ အပေါက်များမှ အမြှုပ်ထွက်၍ တောက်ပ ရခြင်းကြောင့် စုန်းဟု ခေါ်လေသည်။ ကြောက်အပ်သော၊ ရှိသေအပ်သော သတ္တဝါ မဟုတ်ချေ။

'ဝမ်းတွင်းစုန်းသည်ကား မိဘနှစ်ပါးသည် ဥပုသ်သုံးနေသောအခါ ဖြစ် စေ၊ သီလ ဆောက်တည်နေသော အချိန်၌ ဖြစ်စေ၊ စိတ်တန်ခိုးကို လေ့လာ သုံးသပ်မိပြီး ခဏ၌ ဖြစ်စေ၊ လောဘ၊ ဒေါသ၊ မာနတို့ကို မချုပ်တည်းမူ၍ မေထုန်မှုကို လွန်ကျူးမိကြ၏။ ထိုခဏ၌ မာန်တည်းဟူသော တံခွန်ဖြင့် တန်ခိုးကို ရှေးရှုနေသော သတ္တဝါတစ်ခုသည် သန္ဓေစွဲလာမိ၏။ ထိုသူသည် ဝမ်းတွင်းစုန်း ဖြစ်တတ်ချေသည်။ ဝမ်းတွင်းစုန်းတို့ကား စုန်းအမျိုးမျိုးကို နိုင်သော်လည်း သူတစ်ပါးကို အလွန် ပြုစားခဲ၍၊ ပျက်လို ပျက်စီးလည်း အလွန် ကျင့်ကြံခဲလေ သည်။ စုန်းများကို နိုင်၍ စုန်းထဲတွင် အသွင်းခံရသော ၎င်းတို့သည် တရားကို ကြားနာမိသော် နှစ်သက်လွယ်၍ မြဲစွာ စောင့်ထိန်းနေတတ်၏။ ထိုသူအား မျက်ရည်ပေါက်ကြီးငယ် ကျအောင် လွန်ကျူးပြစ်မှားသော သူတို့မှာ အလိုလို ဒဏ်ရာရ၍ ပျက်စီးရတတ်၏။ ၎င်းကို ထိုသူက ဖမ်းစားသည်ဟု ယိုးစွပ်ကြ၏။ စင်စစ် မဖမ်းစားချေ။ မိမိပြုသော မကောင်းမှုသည် မိမိသို့ပြန်၍ ထိခြင်းမျှသာ ဖြစ်ချေသည်။ ထိုဝမ်းတွင်းစုန်းတို့ကား အလွန် တန်ခိုးရှိချေ၍ အမျိုးမျိုး ဖန်ဆင်း နိုင်လေသည်။ ထိုမှတစ်ပါးလည်း ကြည်လင်သော လရောင် အသရေကို လည်း ကောင်း၊ ကြယ်ရောင်တို့ကို လည်းကောင်း အာရုံယူ၍ ပျော်မွေ့ကြ၏။ ထို အခိုက်အတန့်၌ ပြဆိုခဲ့သော သတ္တဝါသည် သန္ဓေစွဲကပ်လာ၏။ ဝမ်းတွင်းစုန်း

ဖြစ်လာတတ်ချေသည်။ ဝမ်းတွင်းစုန်းတို့၏ ကောင်း, မကောင်း အကျင့်အကြံ တို့သည်ကား ၎င်းတို့၏ ပေါင်းသင်းဆက်ဆံ နေထိုင်ရေးမှ ဖြစ်ပေါ်လာသည့် အပ အခြေအနေတို့ကို မှီ၍ ဖြစ်ချေသည်။ ဝမ်းတွင်းစုန်းတို့သည် သူ တစ်ပါးကို စုန်းဖြစ်အောင် သင်မပေးတတ်ကြချေ။

'များသောအားဖြင့် စုန်းတို့သည် လည်းကောင်း၊ ၎င်းတို့၏ဆရာ ကဝေ တို့သည် လည်းကောင်း၊ ဇော်ဂနီများတို့သည် လည်းကောင်း လိုချင်ခြင်း၊ အပြစ်ပြုခြင်း၊ ထောင်လွှားခြင်းတို့ကို မချုပ်တည်းသောသူ၊ တင်းတိမ်ရောင့်ရဲ ခြင်း မရှိနိုင်သောသူ၊ ကံငါးပါးတွင် ကာမဂုဏ်မှု၌ မှားသောအကျင့်၌ ပြုကျင့် လွန်ကျူးတတ်သော သူတို့ကို မျှလောက်သာ ပြုစားနိုင်သဖြင့် စုန်းအတတ် ပညာသည်တို့ လွှမ်းကဲရာ ဖြစ်သည့် ယောနကတိုင်းပြည်ကြီးကို စိုးရွံ့ဖွယ် မရှိပါ တကား'

'အင်း ... ဆက်၍ ဆိုဦးလော့ ပညာရှိ'

'တစ္ဆေတို့သည်ကား ရှိကုန်၏။ မမြင်ရ၍ မရှိ မဟုတ်၊ ရှိချေ၏။ အကြောင်းသော်ကား သတ္တဝါတစ်ခုသည် စုတေ၏။ နတ်ပြည်၊ ငရဲပြည်၊ ဝိနိပါတိက ပြိတ္တာ၊ ၎င်း၏ အမျိုးဖြစ်သော ကျတ်၊ သရဲ၊ သဘက်၊ ဘီလူး၊ မြေဖုတ်ဘီလူး၊ ဖုတ်တို့နှင့် အသူရကာယ်တို့၏ ဘဝ၌ ထိုသတ္တဝါသည် ဖြစ်ရ သော်ကား စုတေစဉ် ခဏ၌ ဖြစ်နိုင်၏။

'အကယ်၍ သတ္တဝါတစ်ခုသည် သေခါနီးခဏ၌ ခွေးသံကြား၍ ဖြစ်စေ၊ အခြားနည်းအားဖြင့် ဖြစ်စေ ခွေးကို အာရုံတမ်း၍ သေသွားအံ့။ ထိုသူသည် ခွေးဘဝ၌ စုတေကာ ဖြစ်ရမည်။ သို့သော် ခွေးများ မိတ်လိုက်သော ဥတု မဟုတ်သဖြင့် ခွေးမဝမ်းထဲတွင် ပဋိသန္ဓေ မနေနိုင်ဘဲ ခွေးဘဝကိုသာ တမ်းစွဲ လျက် တစ်လစ်ပြုနေရပြီးလျှင် ဆလျက် အေ,တေတေ အ,တတနှင့် နေရရှာ လေသည်။ ထိုသတ္တဝါသည် ထိုအခါ တစ္ဆေ ဖြစ်နေ၍ ခွေးတစ္ဆေ ဖြစ်တတ် ချေသည်။ ထိုသာဓကနည်းတူ သတ္တဝါတစ်ခုသည် တမ်းစွဲနေသော မိန်းမ၌ သန္ဓေရယူခွင့် မရခဲ့ချေသော် သန္ဓေယူခွင့် ရနိုင်သည်တိုင်အောင် တမ်းစွဲလျက် တစ်လစ်ပြုကာ စောင့်ဆိုင်းပြီးသော် တစ္ဆေ ဖြစ်နေတတ်ချေသည်။ (တစ္ဆေ= တစ်+ဆ+အေ)

'ထိုသို့သောသဘောဖြင့် တိရစ္ဆာန် တစ္ဆေ၊ လူတစ္ဆေတို့သည် ဖြစ်ကုန်သည်။ ထိုတစ္ဆေတို့သည် လူတို့ကို မခြောက်မလှန့်ကုန်။ ခြောက်လည်း မခြောက်ကုန်။ သို့သော် ၎င်းတို့၏ သဘာဝအလျောက် ၎င်းတို့၏ တန်ခိုးနှင့်အညီ ၎င်းတို့၏ အာရုံနှင့်အလိုက် ဖန်ဆင်းကာ ပျော်ပါး မြူးထူးနေခြင်းမျှသာ ဖြစ်သည်ကို

လူတို့ တွေ့ရှိက ကြောက်ကြလေသည်။ ထိုသို့ ကြောက်ခြင်းကား တစ္ဆေခြောက်ခြင်း မဟုတ်၊ ကိုယ့်ကိုယ့်ကို ခြောက်ခြင်းမျှသာလျှင် ဖြစ်ချေသည်။

'ဖုတ်, သရဲ, သဘက်တို့ကား သဘာ၀အားဖြင့် များစွာ မကွဲလွဲကြချေ။ ဖုတ်တို့သည် သီလကောင်း ရှိလျက် ဒေါသ အစွမ်းအားဖြင့် လည်းကောင်း၊ ငြူစူ၀န်တို မနာလိုမှုဖြင့် လည်းကောင်း၊ အပျော်ကြူးမှုဖြင့် လည်းကောင်း အာရုံစွဲလျက် စုတေရသူတို့ ဖြစ်ကြ၏။ ထိုသို့သော အာရုံအစွမ်းဖြင့် မြေဖုတ် ဘီလူး, ကြပ်, နတ်ရဲ စသော အထူးထူးသော အဖြစ်တို့ကို ဖြစ်တတ်ကုန်၏။ ၎င်းတို့သည် ၎င်းတို့၏ လူ့ဘ၀က အကျင့်၊ တန်ခိုး၏ အဆင့်အတန်းနှင့်အညီ ဖန်ဆင်းနိုင်ကြကုန်၏။ ၎င်းတို့နှင့် ပစ္စည်းဆက်၍ အာရုံနှယ်လျက် ရှိသော လူတို့ကို ၎င်းတို့၏ အာရုံအတွင်းသို့ ၀င်လာသောအခါ မကောင်းကျင့်ကြံနိုင်တတ်ကုန်၏။ အချို့တို့မှာ ပွဲလမ်းသဘင်ခံလျက် လည်းကောင်း၊ ကျေးရွာပြု၍ လည်းကောင်း တစ်ခါတစ်ရံ ဖန်ဆင်းကာ နေတတ်ကြ၏။

'သရဲ, သဘက်တို့မှာကား လူ့ဘ၀က အကျင့်ကောင်း ရှိခဲ့လျက် အပြစ်ပြုလိုသော (၀ါ) စိတ်ဆိုးသော၊ အငြိုးထားသော အစွမ်းအားဖြင့် လည်းကောင်း၊ ရန်ငြိုးသိုလျက် လည်းကောင်း၊ တစ်စုံတစ်ခုသော ကပ်ငြိခြင်း သဘောကြောင့် လည်းကောင်း၊ မိမိ မြှုပ်နှံထားသော ပစ္စည်းဥစ္စာကို စွဲ၍ဖြစ်စေ၊ အဆောက်အဦ ၀တ္ထုတစ်ခုခု၌ စွဲ၍ ဖြစ်စေ တို့ကြောင့် လည်းကောင်း ဖြစ်တတ်ချေသည်။ သရဲကား ... သတ်+ရဲ ဖြစ်၍၊ သဘက်ကား ... သတ်+ဘက် ဖြစ်ချေ၏။ ထို့ကြောင့် ၎င်းတို့နှင့် ပစ္စည်းဆက်သူ သို့မဟုတ် ၎င်းတို့နှင့် အခိုက်အတန့် ကြုံကြိုက် သူတို့သည် ၎င်းတို့၏ အာရုံအတွင်းသို့ ရောက်လာခဲ့ချေသော် လူ့ဘ၀ အကျင့်တန်ခိုးဖြင့် စွမ်းရည်အင်အား တန်ခိုးကို ဖြစ်စေလျက် ညှဉ်းဆဲ သတ်ပုတ်ခြင်းအမှုကို ပြုတတ်လေသည်။ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်းတို့ကို လည်း ပြုတတ်လေသည်။ သဘက်မှာကား မိမိ၏ အဆောက်အဦကိုသော် လည်းကောင်း၊ ပစ္စည်းဥစ္စာကို သော်လည်းကောင်း တပ်မက်မောသဖြင့် ဖြစ်ရရာတွင် လူ့ဘ၀က သီလအရှိန်ကြောင့် တန်ခိုးရှိသကဲ့သို့ ဖြစ်ချေသည်။ ထိုသတ္တ၀ါသည် မိမိ၏ အဆောက်အဦသို့ လည်းကောင်း၊ ပစ္စည်းဥစ္စာ အနီးသို့ လည်းကောင်း ရောက်လာသောသူတို့အား ယူနိုး၊ ဖျက်ဆီးနိုး ထင်နေ၍ သတ်ဘက်ပြုကာ လုံ့လပြုနေခြင်းဖြင့် ခြိမ်းခြောက်တတ်လေသည်။

'ထိုသဘောများကြောင့် အရှင်မင်းကြီး၊ တစ္ဆေ, ဘုတ်, သရဲ, သဘက်တို့ ရှိငြားသော်လည်း လူတို့ကို ဘာမျှ မတတ်နိုင်ချေ။ သို့သော် လူတို့သည် မိမိကိုယ်ကို မိမိ ခြောက်လှန့်ခြင်းကြောင့် ဘေးဥပဒ် ဖြစ်တတ်ချေသည်။ အကြောင်း

သော်ကား တခွေ၊ ဖုတ်၊ သရဲ၊ သဘက်၊ ကျွတ် စသည့် အထူးထူးသော အဖြစ်တို့မှာ အာရုံ၏ ပဋိသန္ဓေကြောင့် အာရုံ၏ ရုပ်မျှသာ ဖြစ်၍ အားအရှိန် ထောက်ပံ့နိုင်သည်။ ပြကတေ့ရုပ် မရှိချေ။ တစ်နည်းအားဖြင့် ရုပ်ဓာတ်စုမှ ထောက်ပံ့နိုင်သော မြူရုပ်စု မရှိချေ။ ထိုသို့ မရှိခြင်းကြောင့် လူကို ဘာမျှ မတတ်နိုင်ချေ။ ၎င်းတို့ ဖန်ဆင်းသောရုပ်ကို သံ, ရွှေ စသော သတ္တုတို့နှင့် မွှေ့ယမ်းလိုက်လျှင်လည်းကောင်း၊ စူးရှပြင်းထန်သော အနံ့နှင့် မှုတ်ထုတ်လိုက်လျှင် လည်းကောင်း၊ အတင်း တိုးဝှေ့သွားလျှင် လည်းကောင်း ပပျောက်သွားရသည်။ မြူခိုးထဲသို့ ဖြတ်သန်းသွားရဘိ သကဲ့သို့ သာတည်း။

သရဲ၊ သဘက်နှင့် သတ်ရသော သူသည် အခြား သတ္တဝါ တစ်ခုနှင့် မသတ်ရဘဲ လေထဲတွင် မိမိတစ်ကိုယ်တည်း သတ်နေရသောကြောင့် သာ၍ ဆင်းရဲပင်ပန်းပြီးသော် ကြောက်စိတ်မွှန်လျက် နှလုံးသွေးပျက်ရတတ်ချေသည်။ ၎င်းတို့ကို မည်သည့် မှော်ဆရာ၊ ပယောဂ ဆရာတို့က အသုံးပြုလျက် တိုင်းပြည်နိုင်ငံတို့ကို မဖျက်ဆီးနိုင်၍ လုံးလုံး စိုးရိမ်ဖွယ် မရှိပါတကား'

'အင်း ... နက်နဲလေစွ'

'အရှင်မင်းကြီး၊ ဖုတ် အတတ်ပညာကား အလွန် နက်နဲဘိ၏။ ၎င်းအတတ်သည် ဂန္ဓာရီလမ်းမှ ဖွဲ့ထွက်သွားသော အတတ်ဖြစ်၏။ စိန်၊ ဆေးဒန်း၊ ကန့်၊ ဇဝက်သာ၊ ဒုတ္တာ၊ ဟင်းရိုင်း၊ လက်ချားတို့ကို တစ်ဆင့်တစ်ဆင့်စီ ဓာတ်လုံးစီရင်၍ အထက်ဆုံးအဆင့်သို့ ရောက်သောအခါ နဝရတ်ကိုးပါးကို အဆင့်ဆင့်ကျွေး၍ ပြာအန်၏။ ထိုပြာနှင့် အမျိုးမျိုး အကျိုးရှိ ဖန်တီးနိုင်၏။ ထိုဓာတ်လုံးအားဖြင့် လည်းကောင်း၊ ထိုဓာတ်လုံးမှ နန်းကြိုးတို့အားဖြင့် လည်းကောင်းအားဖြစ်အောင် စီရင်၍ ရထားများ၊ ယာဉ်ပျံများကို အလိုရှိသလို စေနိုင်၏။ ၎င်းကို ဖုတ်ရထား၊ ဖုတ်ယာဉ်ပျံဟု ခေါ်ဆို၏။ လူသေကိုလည်း မပုပ်မပွမီဓာတ်သွင်း၍ အလိုရှိသလို ခိုင်းစေနိုင်၏။ ဝတ္ထုပစ္စည်းများကိုလည်း ဓားပျံ၊ လှံပျံ၊ တုတ်ပျံ ပြု၍လည်းကောင်း၊ အထူးထူးသောရုပ် ပြု၍လည်းကောင်း အလိုရှိသလို ခိုင်းစေနိုင်၏။ နတ်မျက်စိ၊ နတ်နားတို့ကို ထင်မြင်နိုင်တတ်၏။

ထိုမှတစ်ပါးလည်း ဆေးအတတ်ပညာဖြင့် လည်းကောင်း၊ စိတ်အတတ်အားဖြင့် အင်း၊ အိုင်၊ ခလှည့်၊ လက်ဖွဲ့၊ မန္တန်ပြု၍ လည်းကောင်း ဖုတ်အတတ်ကို စီရင်၍ ရှေးနည်းတူ ပြုပြင်ခိုင်းစေနိုင်၏။

ယောနကတိုင်းသည်ကား စိတ်အတတ်၊ ဆေးအတတ် ပညာတို့ကို ဆည်းပူးလေ့လာ၍ တစ်ဖက်ကမ်းမြောက် ဖြစ်စေပြီးသော် လာရောက်သော သံတမန်တို့အား စုန်း, ကဝေ, တခွေ အတတ်တို့ဖြင့် လည်းကောင်း၊ ဖုတ်အတတ်

ပညာတို့ဖြင့် လည်းကောင်း ထင်လင်းစွာ ပြသ ခြိမ်းခြောက်လျက် ၎င်းတို့၏ တိုင်းပြည်တန်ခိုးကို ကြီးမြင့်စေပြီးသော် တိုင်းတစ်ပါးတို့ကို ခန့်ညားစေ၏။

အရှင်မင်းကြီး၊ ကျွန်တော်သည်ကား ထိုအတတ်ပညာတို့ကို မဆွကပင တင်ကြို သိမြင်ပြီး ဖြစ်၍ ဓာတ်အတတ် ပညာတို့ကို ဆည်းပူးသုံးသပ် လေ့ကျင့် ထ မြှောက်ထားပြီ ဖြစ်သဖြင့် ဓာတ်သဘောအားဖြင့် စက်ယန္တရား အတတ်ကို လည်းကောင်း၊ လျှပ်စစ်မိုးကြိုး အတတ်ကို လည်းကောင်း ပြုပြင်စီမံကာ အသင့် ထားရှိပြီး ဖြစ်၏။ ထိုကြောင့် တိုင်းတစ်ပါးမှ ဖုတ်အတတ်ပညာကို စိုးရိမ် နှောင့်၍ ကြောင့်ကြဖွယ် မရှိတော့ပါ။ အကယ်၍ တိုင်းတစ်ပါးမှ ဖုတ်အတတ် ပညာဖြင့် လာရောက် နှောင့်ယှက်ငြားအံ့၊ လျှပ်စစ်မိုးကြိုးကို ဆင်ပြီးသော် သုံးမတ်တြာအတွင်း ဖွဲပြာဖြစ်အောင် ခွင်း၍ ရှင်းလင်းနိုင်ပါအံ့။ သက်သာ ပြည်ကြီးသည်သာလျှင် အတိုင်းတိုင်း အပြည်ပြည်တွင် သရဖူအဖြစ်နှင့် တည်ရှိ နေသော တိုင်းပြည် ဖြစ်ပါသတည်း'

ငမဲကျွန်သည် ထိုကဲ့သို့ ပြဿနာများကို ရှင်းလင်းသောအခါ မင်းကြီး သည် "အကယ်၍ ငမဲကျွန်သည် ငါ၏ ထီးနန်းစည်းစိမ်ကို အလိုရှိငြားအံ့၊ မျက်စိတစ်မှိတ်မျှနှင့်ပင် သိမ်းယူနိုင်အံ့တကား" ဟု စိတ်ကစားမိသဖြင့် မသိ မသာ မျက်နှာညိုမိ၏။ သို့သော် ထင်ရှားခြင်း မရှိ။ ငမဲကျွန်နှင့် ပြိုင်ဘက် ဖြစ်၍ ငမဲကျွန်အပေါ်၌ အမြဲ အကောက်ကြံနေသော သူများနှင့် မိဖုရားငယ်၊ မင်းသမီးတို့သည်ကား တစ်နေ့သောအခါ ထိုအတတ်ပညာတို့ကို အကြောင်း ပြု၍ မင်းကြီးထံ ကုန်းချောရန် လက်နက်ကောင်း ရပြီဟု သိသိပ်ကာ ထား ကြကုန်၏။

ငမဲကျွန်ကား တည်ကြည်ဖြောင့်မတ် စင်ကြယ်သော ပညာရှိ ဖြစ်သည် အတိုင်း ရိုးရိုးစင်းစင်းနှင့်ပင် ပြဿနာအရပ်ရပ်ကို ဖြေဆိုပြီးသော် အိမ်သို့ပြန်၍ ကျေးဥထံ အကြောင်းကို ပြန်ပြောင်းလတ်သော် ကျေးဥကား 'သခင်၊ သခင်သည် အမှားကိုပင် ထပ်၍ ပြုပြန်ချေပြီ' ဟု ဆို၏။

'ဟယ် ... အသို့ ဆိုဘိသနည်း'

'အင်္ဂဝိဇ္ဇာနှင့်ပင် ကျွန်မ ဆိုပါသည်'

'အင်း ဟုတ်ကောင်း၏။ သို့သော် ဖြစ်ကောင်းခဲသည်'

'သခင်၊ လောဘ, ဒေါသ, မာနတို့ကို တံခွန်ပြုလျက် ရန်ငြိုးသိုပြီးသော် ကိုယ့်ဖို့ကိုသာ စဉ်းလဲလျက် သူတစ်ပါးအပေါ်၌ ဝန်တိုတတ်သော၊ မနာလို တတ်သော သူတို့၏အလယ်၌ ပညာကို ဖော်ပြခြင်း၊ ပြဿနာကို တည့်လင်းစွာ ဖြေခြင်း၊ တရားကို ပြုခြင်း တို့၌ သုံးသပ်မိသော ပညာရှိသည် မိမိ၏ ပျက်စီးရာ

ပျက်စီးကြောင်းကို အုတ်မြစ်ချထားခြင်း ဖြစ်ပါသည်။ သခင်၊ သခင်သည် သတိကို အထူးပြုပါလော့'

'ရှင်မ၊ ဝိပါကရှိလျှင် ပြေး၍မလွတ်သာ။ မရှိသော်ကား ကျော်ကြားခြင်းပင် ဖြစ်ဖို့ပါပဲ'

## ပညာရှိကို သတ်သော ပညာရှင်

သက်သာပြည်ကြီး၌ ငမဲကျွန်သည် နေ့၊ လ သဖွယ် အလွန် ထင်ရှားကျော်ကြားသော ပညာရှိ သုခမိန် ဖြစ်၏။ အတိုင်းတိုင်း အပြည်ပြည်၌လည်း ၎င်းသည် များစွာ ထင်ရှားလျက် ရှိ၏။ ထို့ကြောင့် ယောပြည်၊ ပေါက္ကံပြည်၊ ကမ်းယံပြည်၊ မိတ္ထိလာပြည်တို့မှ ပညာရှိ လေးဦးသည် ရောက်လာကြ၍ အောက်ပါ ပြဿနာလေးခုကို ထင်ရှားစေလေ၏။

**၁။ တိုင်းပြည် သောင်ဖျင်းရန် အကျိုးကား မည်သို့နည်း။**

**၂။ ကာမဂုဏ်နှင့် ပတ်သက်က တရားရှင် ရှိသလော။**

**၃။ မည်သို့သော သူသည် ပညီဓွေဓာတ် ကိန်းအောင်းနိုင်သနည်း။**

**၄။ ဓမ္မဒိပ်၌ ဘုရားပွင့်တော်မူမည်ဟု ကြွေးကြော်နေသည့်အတိုင်း မှန်မည်လော။**

ငမဲကျွန်သည် မင်းရင်ပြင်၌ ပညာရှိတို့၏ အလယ်တွင် ဤသို့ ဖြေဆိုလေ၏။

**၁။ တိုင်းပြည်သောင်ဖျင်းရန် အကြောင်းတို့ကား ...**

(က) တိုင်းပြည်တစ်ခု၌ ဘုရင်၊ ဘုရင့်အစိုးရအမှုထမ်း၊ တိုင်းသူပြည်သားတို့ ကိုးကွယ်ဆည်းကပ်နေ၍ တိုင်းသူပြည်သားတို့အား တရားပြနေသော ရသေ့နှင့် ပရဗိုဇ်များ၊ သူဌေးသူကြွယ်များ၊ အလုပ်သမား အမျိုးမျိုးများ၊ အလုပ်မလုပ်ဘဲနှင့် သူတစ်ပါး၏ ဘုန်းရိပ်ကံရိပ်ကို မှီခို စားသောက်နေသော အိမ်ထောင်သည်များ ဟူ၍ ရှိကြ၏။ ထိုသူအားလုံးတို့တွင် မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းများ ရှိကြ၏။ ထိုလုပ်ငန်းတို့ကို သက်ဆိုင်ရာသူများသည် မလုပ်ဘဲနေခြင်းကြောင့် လည်းကောင်း၊ တိမ်းပါးချွတ်ယွင်းမှု များခြင်းကြောင့် လည်းကောင်း တိုင်းပြည် သောင်ဖျင်းရန် အကြောင်းတို့သည် ပေါ်ပေါက်လာချေသည်။

ထိုအခါ သဘာရှိ၊ ပညာရှိ ပရိသတ်တို့သည် အကျယ်ကို အသေးစိတ်၍ ချဲ့ပါဦးဟု တညီတည်း တောင်းပန်ကြကုန်၏။

'ပညာရှိ အပေါင်းတို့၊ တိုင်းပြည်တစ်ပြည်၌ ဘုရင်ဆိုသူ၏ မင်းတို့ ကျင့်ရာ တရားများကို ပညာရှိကြီးတို့သည် သိပြီးဖြစ်၍ ကျွန်ုပ် အကျယ်မလင်းတော့ပြီ။ သို့သော် ဘုရင်၏ ဝတ္တရားကိုကား ဖြေဆိုရတော့မည်။ အဘယ်ကြောင့် ရှင်ဘုရင် ပြုလုပ်ဘိသနည်း။ ရေမြေကို အစိုးရခြင်းကြောင့် ရှင်ဘုရင် လုပ်

သလော၊ လူတို့၏သေဋ္ဌနင်း ဖြစ်ခြင်းကြောင့်၊ လောကသမုတိနတ် ဖြစ်ခြင်းကြောင့်၊ လူတို့ကို အစိုးရခြင်းကြောင့်၊ မောင်းမမိဿံ ခြွေရံသင်းပင်းများနှင့် စည်းစိမ်ခံရခြင်းကြောင့်၊ တိုင်းသူပြည်သားတို့၏ အခွန်တော်ကို ယူ၍ ၎င်းတို့၏ အရိအသေပြုခြင်းတို့ကို ခံရခြင်းကြောင့် စသည်တို့ဖြင့် ရှင်ဘုရင် လုပ်သလော။ ထိုအကြောင်းတို့ကြောင့် ရှင်ဘုရင် ပြုလုပ်လိုလျှင်၊ ရှင်ဘုရင်ပြုလုပ်လျှင် ထိုသူသည် ဘုရင်၏ဝတ္တရား ပျက်ကွက်၍ လူတို့၏ အရိအသေပြုခြင်းကို မခံထိုက်သည့် ဓားပြ ဗိုလ်ချုပ်ကြီးများထက် ဆိုးသော လူသတ် ဗိုလ်ချုပ်ကြီးမျှသာလျှင် ဖြစ်ချေ၏။

'ပညာရှိများ၊ ထိုသို့သော သဘောကြောင့် ရေမြေကို အစိုးရသော မင်းဟူသည့် ဂုဏ်ကို ယူနေသည့် ဘုရင်တို့သည် မိမိ၏ တိုင်းသူပြည်သား ဟူသမျှ၌ သူတောင်းစား၊ သုဘရာဇာတို့ကိုပင် လေးစားရမည်။ ထိုသို့ လေးစားရမည် ဆိုခြင်း၌ နိုင့်ထက်စီးနင်း မပြုမူ၍ ပြည်သူတို့အား အဆင့်အတန်းနှင့်အညီ ကောင်းမြတ်ရာ ကောင်းမြတ်ကြောင်း၊ အကျိုးစီးပွား ဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းတို့ကို ဆောင်ရွက်လျက် တိုင်းပြည်၏ ကိုးကွယ်ရာ ဖြစ်စေရမည်။ တိုင်းပြည်တွင်း၌ ခိုးသားဓားပြ ကင်းဝေး၍ အေးချမ်းသာယာအောင် အုပ်ချုပ်စီမံ ခန့်ခွဲနိုင်သော စွမ်းရည် ရှိရမည်။ တိုင်းသူပြည်သားတိုင်းသည် ရင်ဝယ်သားချည်း ဖြစ်စေ၍ မှုခင်းမှုတာ စီရင်ရာ၌ ကျေးသား ရင်သား ဟူ၍ မခွဲခြားသော တည်ကြည်မှုရှိသည့် တရားရှင် ဖြစ်ရမည်။ အစဉ် အမျက်နည်းပြီးလျှင် သည်းခံတတ်၍ ခွဲခြားဝေဖန်တတ်ပြီးသော် သိမ်းသွင်းနိုင်သည့်စွမ်းရည် ရှိရမည်။ ထိုကဲ့သို့ အရေးကြီးသော အကြောင်းအချက်တို့ကို အကျဉ်းရုံးပြသည့်အတိုင်း ညီညွတ်ပြီးသော် တိုင်းပြည်အတွင်း၌ လူတန်းစား အသီးသီးသည် ၎င်းတို့၏ အမျိုးနှင့်အညီ ကောင်းစားစေရမည်ဟု တိုင်းပြည်၏ အကျိုးစီးပွားအလို့ငှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရာချေသည်။ ကာမဂုဏ်နှင့် စည်းစိမ်ကို အကြောင်းရင်းထား၍ မင်းပြုချေသော် ဘုရင်၏အကျင့်မှ တိမ်းယိမ်းချွတ်ချော်ခြင်းပင် ဖြစ်ချေသည်။

'ဘုရင်အစိုးရအမှုထမ်း ... ၎င်းတို့၌လည်း ဥစ္စာကြောင့် ငွေနှင့် ရာထူး၊ ဂုဏ်သိန်ကို လို၍၊ ဩဇာအာဏာကို လို၍ မင်းမှုထမ်း ဝန်ကြီး, ဝန်ကိုင် စသည့် အလုပ်တို့ကို လုပ်ကိုင်ချေသော် ထိုသူတို့သည် အလိုရမ္မက်ကို ရှေးရှုနေ၍ ၎င်းတို့၏ အလုပ် ကျင့်စဉ် ဝတ္တရားမှ တိမ်းပါး ချွတ်ယွင်းရာပင် မည်ချေသည်။ ဤသို့ ဆိုသော် .. ဘာကြောင့် မင်းမှုထမ်းအလုပ်ကို လုပ်ရသနည်း။ မှန်ရာကို ဖြစ်စေလိုခြင်းဖြင့် တရားစစ်ဆေးခြင်း၌ ဝါသနာထုံသော သူသည်သာလျှင် တရားသူကြီး လုပ်ရာသည်။ ခိုးသား ဓားပြတို့ကို တိုင်းပြည် အေးချမ်းသာယာ

အောင် နိမ်နင်းလိုသော သူတို့သာ ထို နိမ်နင်းရသော အလုပ်ကို လုပ်ရသည်။ တိုင်းပြည် အခွန်တော်ကို တရားသဖြင့် ရရှိတိုးပွားစေလိုသော သူသည် အခွန်တောင်း အမှုကို လုပ်ရမည်။ တိုင်းပြည်အား အသက်ပေး၍ မိမိ၏တိုင်းပြည်ကို ကာကွယ်လိုသော သူသည်သာလျှင် စစ်မှုထမ်းအလုပ်ကို လုပ်ရမည်။ ဤကဲ့သို့ စသည်ဖြင့် တိုင်းပြည်ကို တန်ဆာဆင်ခြင်း ဖြစ်သော ဝါသနာနှင့်အညီ စေတနာနှင့် အလျောက် အလုပ်ကို မလုပ်ဘဲ ဂုဏ်ကို လို၍၊ စည်းစိမ်ကို လို၍၊ ငွေကို လို၍၊ သူတကာ အထက်က ဟန်ပန်လေသံနှင့် နေလို၍ မင်းမှုထမ်း ဝန်ကြီး ဝန်ကိုင် စသည်တို့ကိုလုပ်ခြင်း များကြချေသော် ထိုတိုင်းပြည်သည် သောင်ဖျင်းရန် အကြောင်းတစ်ရပ်ပင် ဖြစ်ချေသည်။

'တိုင်းသူပြည်သားတို့ ကိုးကွယ် ဆည်းကပ်နေ၍ တိုင်းပြည်အား တရားပြနေသော ရသေ့နှင့်ပရဗိုဇ်များ၊ ထိုပုဂ္ဂိုလ်စုသည် သံသရာဘေးကိုမျှော်လျက် လောကီ အိမ်ထောင်ဝတ်နှင့် လောကီအပြုအစု အမှုကိစ္စတို့ကို စက်ဆုပ်ရွံရှာသောကြောင့် တောသို့ လည်းကောင်း၊ စိတ်ငြိမ်ရာသို့ လည်းကောင်း ကပ်ပြီးလျှင် ကျင့်သုံးနေထိုင်လိုခြင်း၊ ပညာရှိ သူတော်ကောင်း အဖြစ်ကို ယူ၍ တိုင်းပြည်အား အလင်းသို့ရောက်အောင် ဆုံးမ မြစ်တားလိုခြင်းတို့ကြောင့် မဟုတ်ဘဲ သို့မဟုတ် ၎င်းတို့ကို အယောင်ဆောင် ဗန်းပြ ပြုလျက် အလုပ်အကိုင် လုပ်ကိုင်ရန် ပျင်းရိ၍ လည်းကောင်း၊ လူတို့၏ ဦးဦးဖျားဖျား အကောင်းအမွန်တို့ကို ဘုဉ်းပေးသုံးဆောင်၍ ခမ်းနားကြီးကျယ်သော ဘုံဗိမာန်တို့နှင့် စည်းစိမ်ယစ်လို၍ လည်းကောင်း၊ လူတို့၏ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းတို့နှင့် ပူဇော်အထူးကို ခံလို၍ လည်းကောင်း ရသေ့နှင့် ပရဗိုဇ် ဟူ၍ လုပ်ကိုင်နေထိုင်သူတို့ ပေါ်များလာအံ့။ ထိုပေါ်များခြင်းသည်လည်း တိုင်းပြည်သောင်ဖျင်းရန် အကြောင်းရင်း တစ်ရပ် ဖြစ်ချေသည်။

'ထိုသို့သော ရသေ့နှင့် ပရဗိုဇ်တို့သည် လူတို့ထံမှ လာဘ်သပ်ပကာကို ပွားသထက် ပွားစေ၍ ကြေးငွေဥစ္စာ စုဆောင်းလျက် ကြွယ်ဝချမ်းသာရန်အမှုကို အိမ်ထောင်သည်တို့ကဲ့သို့ ပြုမူကျင့်ကြံနေထိုင်ခြင်း၊ မီးဖိုကိုပြု၍ အရသာကို ခုံမင်စားသောက် နေထိုင်ခြင်း၊ အိမ်ထောင်မှု အခမ်းအနား ဖြစ်သော အိုး, အင်, ခွက်ယောက်မှ စ၍ အိမ်ထောင်သည်တို့၏ အသုံးအဆောင် ပလိဗောဓတို့ကို စုဆောင်းသိမ်းမြီးလျက် ခမ်းနားစွာ စည်းစိမ်ယစ်လျက် နေခြင်း၊ တိရစ္ဆာန်မွေးခြင်း၊ မြေယာချထား လုပ်ကိုင်ခြင်း၊ မိန်းမများနှင့် အရောတဝင် နေထိုင်ခြင်း၊ ပရိသတ်ကို စည်ကားပွားများစေခြင်း၊ မင်းမိုကပ်ပါးပြု၍ ရုံးပြင် ကနား မင်းခမ်းစိုးခမ်းတို့၌ ရှေ့ဆောင်ရှေ့ရွက်ပြုကာ ပါဝင် ဆောင်ရွက်ခြင်း၊ အိမ်ထောင်သားတို့နှင့်အတူ

ရောနှော၍နေထိုင်ခြင်း၊ လောကဥ္ဇ ဂုဏ်မြောက်၍ ထင်ပေါ်ကျော်စောအောင် တရားဟောခြင်း အစရှိသည်တို့ကို ပြုမူကျင့်ကြံ လုပ်ကိုင် နေထိုင်ကြလေသည်။ ၎င်းတို့သည် အချိန်ရှိသမျှ လောကကို ဖျက်ဆီးနေသော သူတို့သာလျှင်ကတည်း။ ထို့ကြောင့် ၎င်းတို့သည်လည်း တိုင်းပြည် သောင်ဖျင်းရန် အကြောင်းတို့ပေတည်း။

'အလုပ်သမား အမျိုးမျိုးများ .... အလုပ်သမား အမျိုးမျိုးများတို့မှာလည်း မိမိတို့၏ အလုပ်သည် ကောင်းမွန်သည်ထက် တိုးတက်ကောင်းမွန်ရန်၊ တိုင်းပြည်လူမျိုးတို့၏ ကိုးကွယ်ရာ ဖြစ်စေရန်တို့ဟု သဘောဆန္ဒ မရှိဘဲ လုပ်ခ အခစား ကြေးစားတို့၌သာ ပကာသနထားလျက် ငွေကြေးဥစ္စာတို့ကိုသာ အကြောင်းရင်း ထားပြီးလျှင် လုပ်ကိုင်ကြချေ၏။ ထိုအလုပ်သမားတို့သည် လူ မဟုတ်သော လု အဖြစ်နှင့် လူတို့၏ အဆင့်အတန်းကျင့်စဉ်မှ ချွတ်ယွင်း တိမ်းပါးခြင်း ဖြစ်ကြကုန်သည်။

'ဥပမာဆိုသော် လယ်သမား၊ ယာသမားတို့သည် မိမိတို့၏ လုပ်ခင်းမှ အသီးအနှံ ပိုမိုထွက်၍ တိုင်းပြည်အား အဖိုးနှုန်း ချိုသည်ထက်ချိုအောင် ရောင်းချဖို့ရန် မကြံရွယ်ဘဲ၊ မရည်ရွယ်ဘဲ၊ ပန်းတိုင်မချဘဲ ငါတို့ ဈေးဆိုသမျှနှင့်သာ ဝယ်ကြရမည်။ ငါတို့ ဈေးကြီးကြီး ရောင်းနိုင်သမျှ ရောင်းမည်။ ငါတို့၏ အလုပ်အကိုင်ဖြင့် ရွှေငွေ ငါတို့မှာ ပေါများလာပြီးသော် ဒွေးကြွယ်ရမည်ဟု ရည်ရွယ် လုပ်ကိုင်၏။ ယင်းတို့သည် တိုင်းပြည်၌ လု အလုပ်သမားမျှသာ ဖြစ်၍ လူ၏ တန်းမှ တိမ်းယိမ်း ချွတ်ချော်နေသူများမျှသာ ဖြစ်ချေသည်။ ထို့အတူ ကုန်သည် သည် လည်းကောင်း၊ လက်မှုပညာသည် အလုပ်သမားတို့သည် လည်းကောင်း၊ အလုပ်နှင့် တိုင်းပြည်ကို ကျေးဇူးဆပ်၍ တိုင်းပြည်၏ ကိုးကွယ်ရာကြီး ဖြစ်အောင် ကြံစည်ရည်ရွယ်ခြင်း မရှိဘဲ ကြေးငွေကိုသာ ပဓာနထားပြီးလျှင် ကျင့်ကြံလုပ်ကိုင် ဆောင်ရွက်ချေသော် လု အလုပ်သမားတို့သာလျှင် ဖြစ်၍၊ တိုင်းပြည်အလုပ်သမား ပညာသည်တို့၏ ကျင့်ဝတ်မှ တိမ်းပါးချွတ်ချော်သူများ ဖြစ်ကြ၍ ၎င်းတို့ သည်လည်း တိုင်းပြည်သောင်ဖျင်းရန် အကြောင်းတို့ ဖြစ်ချေသည်။

'ဤကဲ့သို့လျှင် ဘုရင်မင်းမှစ၍ အလုပ်သမား အသီးသီးတို့သည် လောကဓာတ်ခံ၌ အလုပ်ကို နောက်ခံကားချပ် ပြုလုပ်ပြီးသော် ဂုဏ်ပကာသနတည်းဟူသော အလင်းရောင်၌ ငွေရှာသမား၊ အိမ်တွင်း၌ ကြေးငွေစုဆောင်းသမား အဖြစ်နှင့် ကပြကြချေသော် ထိုတိုင်းပြည်သည် တစ်ဦးထံမှတစ်ဦး တိုက်ခိုက် လုယက်နေလျက် လုတို့ အရိပ်ခိုနေသော လုစားကျက်ကြီး ဖြစ်ရပြီးလျှင် တိုင်းပြည် သောင်ဖျင်းရန် အကြောင်းကြီး ဖြစ်ရလေသည်။

'အလုပ် မလုပ်ဘဲနှင့် သူတစ်ပါး၏ ဘုန်းရိပ် ကံရိပ်ကို မှီခိုစားသောက်

နေသော အိမ်ထောင်သည်များ ... ထိုသူတို့မှာ အလုပ်မရှိ မဟုတ်၊ ထိုသူတို့၏ အလုပ်သည် များစွာ ပြန့်ကျယ် အဖိုးတန်လျက် ရှိချေသည်။ ထိုသို့ ရှိသောကြောင့် ၎င်းတို့ကို သူတော်ကောင်းများ၏ နောက်ဆွယ်က ထား၍ လူများက လျှဒါန်းစွန့်ကြဲကြသည်။ ၎င်းတို့ကို လူတို့သည် သူ့ဘုန်းစားဟု ပညတ်တင်ကြ၍ သူဖုန်းစား အမျိုးအနွယ်ကို ဖြစ်စေသည်။ အချို့သော သူ့ဘုန်းစားနှင့် သူဖုန်းစားတို့သည် သုသာန်၌ သန့်ရှင်းစင်ကြယ်ခြင်း အမှုကို ပြုကြရ၍ သူသေကို မီးဖုတ်ခြင်း၊ မြေမြှုပ်ခြင်း တို့ကိုပင် ပြုကြရသည်။ အချို့တို့သည် ညောင်, ပုထိုး, ဝူ တို့၌ သန့်ရှင်း စင်ကြယ်စေခြင်း၊ အမှု ဝတ္တရား ဆောင်ခြင်းတို့ကို ပြုကြရသည်။ အချို့သည် ဇရပ်များ၊ မြစ်တကန်များတို့၌ အမှုဝတ္တရားများကို ပြုလုပ်ကြရသည်။ အချို့သည် ယစ်မှုကို စီရင်ရသည်။ အချို့သည် နတ်ပွဲ ကျင်းပရသည်။ အချို့သည် ယစ်မှုကိစ္စ၊ အလှူဝတ်ကိစ္စ၊ သာမှုနာမှုကိစ္စတို့ ပြီးသောအခါ သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက် လုပ်ကိုင်ကြရသည်။ ဇရပ်များ၊ ညောင်ပင်ရိပ်များ၊ နတ်စင်များ၊ ခရီးလမ်းဆုံများတို့၌ သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက် လုပ်ကိုင်ကြရသည်။ အချို့သည် နံနက်စောစော၌ အိမ်ပေါက်စေ့ လည်၍ မင်္ဂလာ စကားကို ဆိုရသည်။ ထိုလူတန်းစားသည် ၎င်းတို့၏ အလုပ်မှ ချွတ်ယွင်း၍ သူတစ်ပါး ဘုန်းရိပ်ကို မှီခိုနေခြင်းသည်လည်း တိုင်းပြည် သောင်ဖျင်းရန် အကြောင်းတွင် ပါဝင်ပေသေးသည်။

'ထိုမှတစ်ပါးလည်း သူ့ဘုန်းစားတို့သည် ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ သမိုင်းပညာ၊ ယဇ်မှုတို့ကို ကောင်းစွာ တတ်သိ ကျွမ်းကျင်ကြ၍ တီးမှုတ်ခြင်း၊ သီဆိုခြင်း ပညာတို့ကို ကောင်းစွာ တတ်သိကြရာသည်။

'ထိုပညာတို့ဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့နှင့် သက်ဆိုင်သည် တို့ကို သီဆိုတီးမှုတ်ကြခြင်းဖြင့် တိုင်းပြည့်ကျင့်ဝတ်ကောင်း၌ တည်စေခြင်း၊ "ဖုန်းတောင်းယာစကာကို သတ်ဖို့ ဓားမရှိ" ဆိုသော စကားအတိုင်း ဘုရင်မင်းမြတ်၊ မင်းမှုထမ်း စသည်တို့၌ သတိကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်လတ္တံ့သော နိမိတ်ကို ပေါ်လွင်စေခြင်း၊ တဘောင် စနည်းတို့ကို ထင်ရှားစေခြင်း၊ သမိုင်း၊ သိုက် တို့ကို ပေါ်လွင်စေခြင်း စသည်တို့ဖြင့် တိုင်းသူပြည်သားတို့၏ နှလုံးကို သာယာချိုအေးသော သီဆိုတီးမှုတ်မှုတို့ဖြင့် ပြည့်စေခြင်း အမှုတို့ကို မိမိတို့၏ အမျိုးအနွယ် အားလျော်စွာ ပြုမှုကျင့်ကြံ သုံးသပ် လေ့လာမှု မရှိခြင်းသည် တိုင်းပြည်သောင်ဖျင်းရန်တွင် ပါဝင်လေသည်။

'ထိုမှတစ်ပါးလည်း သဘာရှိ ပညာရှိများ၊ တိုင်းသူပြည်သားပင် ဖြစ်လင့်ကစား တိုင်းပြည်တည်ထောင်ရာ၌ အရံမျှသာ ဖြစ်သေးသော လူတန်းစားတစ်မျိုး

ရှိသေးသည်။ ၎င်းတို့ကား စာနှင့်ပညာကို ဆည်းပူး ခံယူနေသေးသော လူ့ အတန်းအစား ဖြစ်လေသည်။ ၎င်းတို့၌ သုံးမျိုးသုံးစား ရှိ၏။

'ပထမမူလ အတန်းသည်ကား (စကား စာတတ်ခြင်း၊ ပေကား ပေးရေးခြင်း၊ ပုရပိုက်ရေးခြင်း) ကောင်းစွာ ရေးတတ် ဖတ်တတ်ရှိ၍ အသိဉာဏ်နှင့် အကျင့် စာရိတ္တ ကောင်းမွန် မြင့်မြတ်ပြီးသော် တိုင်းသူပြည်သားဂုဏ်ကို ရရှိနိုင်အောင် သင်ကြားခြင်းကို ခံယူနေသော သူများပင်လျှင် ဖြစ်ချေသည်။

'ဒုတိယ အလယ်အဆင့်အတန်းသည်ကား အသက်မွေးဝမ်းကျောင်း အတွက် အတတ်ပညာ ကိုယ်စီကိုယ်င ရရှိအောင် သင်ကြားခြင်းကို ခံယူ နေသောသူများ ဖြစ်ချေသည်။ တတိယ အဆင့်အတန်းသည်ကား မိမိတို့ တတ်သိကျွမ်းကျင်လာသော ပညာတို့တွင် ကဝေပေါက် ကဝိမြောက်ရုံနှင့်မျှမက ကော်ကန ဖြစ်အောင် ခံယူ သင်ကြားပြီးလျှင် ဖုတ်အတတ်၊ ဘုတ်အတတ်၊ အာကာသ သျှုတ္တရအတတ်၊ လူ့သျှုတ္တရအတတ်၊ ဘေဒအတတ်၊ ဗေဒအတတ် အစရှိသော တိုင်းပြည့် မျက်လုံး၊ လက်ရုံး ဖြစ်သော အတတ် အမျိုးမျိုးတို့ကို အမျိုးအား လျော်ညီစွာ ပညာသင်ကြားသူတို့၏ ဝတ္တရားအတိုင်း တက္ကသိုလ်တွင် ဆောင်ရွက် နေကြခြင်းပင် ဖြစ်စေသည်။

'ထိုအရန် လူတန်းစားတို့သည် ထိုသဘောမှ ချွတ်ယွင်းခဲ့သော် ထို တိုင်းပြည်သည် နောင် သောင်ဖျင်းလာခြင်း ဖြစ်ရပေလိမ့်မည်တည်း'

## ကာမဂုဏ်နှင့် ပတ်သက်က တရားရှင် ရှိသလော

'သဘာရှိ ပညာရှိများ၊ ကာမဂုဏ်နှင့် ပတ်သက်၍ လောကမှ မထွက်သေးသောသူ ဟူသရွေ့တွင် တရားရှင် မရှိနိုင်တကား'

'သုခမိန်၊ ချဲ့ပါဦးလော့'

'ပညာရှိများ ချဲ့ပါဦးအံ့။ ကာမဂုဏ်ဟူသည်ကား ထီးနန်းစည်းစိမ် ရိပ်ငြိမ် တည်းဟူသော ကာမဂုဏ်၊ မှူးမတ်၊ ရာထူး၊ ရာခံ၊ မင်းမှုထမ်း တည်းဟူသော ကာမဂုဏ်၊ သူဌေးသူကြွယ် တည်းဟူသော ကာမဂုဏ်၊ အထိုက်အလိုက်အားဖြင့် နေထိုင်နေကြသော ကာမဂုဏ်၊ မိန်းမ ယောကျ်ားတို့ ပေါင်းသင်း ဆက်ဆံ မွေ့လျော်ကာ နေကြသော ကာမဂုဏ်၊ ချီးမြှင့်ပူဇော်ခြင်း၊ မြှောက်စားခြင်း၊ သြဘာပေးခြင်းတို့ကို ခံလိုသော ကာမဂုဏ်၊ နှိမ့်ချခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ ဆင်းရဲခြင်း စသော မကောင်းကျိုးတို့ကို မလိုလားသော ကာမဂုဏ်၊ လောကမှ မထွက်နိုင်သေးသည့် ဘယ်လမ်း၊ ဈာန်တန်ခိုးကို အလိုရှိ မက်မောနေသည့် ကာမဂုဏ် ဟူ၍ အပြားပြား ရှိချေသည်။ ထိုကာမဂုဏ်တို့နှင့် ပတ်သက်၍

တရားရှင် ဆိုသော သူတို့သည် အထူးပြု၍ လောကကို ကြောက်ရွံ့ ရှန်းကန်နေသော သူများမှတစ်ပါး မရှိရာသတည်း။ ဆက်လက်ပြဆိုလတ္တံ့သည်ကား လောကကို ကြောက်ရွံ့ ရှန်းကန်နေသော သူတို့ကို မဆိုရာသတည်း။

(က) 'လောက၌ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကို သူရူးမှအပ အလိုမရှိသောသူ မရှိသလောက်ပင် ဖြစ်၏။ ထိုချမ်းသာ ကာမဂုဏ်ကို အလိုရှိကာ တောင့်တနေကြ၍ ရလျှင် ယူမည့်သူများသာ များချေသည်။ ထို့ကြောင့် ထိုကာမဂုဏ်ကို တပ်မက်သောသူ ဟူသရွေ့သည် တရားရှင် မဖြစ်နိုင်ကုန်။ တစ်နည်း ခြွင်းချက်အားဖြင့် ဤသို့ကား ရှိချေသေး၏။ အသိဉာဏ်ဓာတ် ကိန်းအောင်း၍ သူတော်ကောင်း အကျင့်ကို နှစ်သက်သော သူတို့သည်ကား ထီးနန်းစည်းစိမ်ကို ရလျက်လည်း စွန့်ပယ်တတ်ချေ၏။ ရရှိ ပို့လာခြင်းဖြင့် လည်းကောင်း၊ မြော်ခေါ်ခြင်းတို့ဖြင့် လည်းကောင်း သူတော်ကောင်း အကျင့်မြတ်သည် (ဝါ) အကျင့်တရားကောင်းသည် လောကီ စည်းစိမ်ချမ်းသာ တကာတို့၏ အထွတ်အထိပ်ထက် မြတ်၏ဟု ယူဆခြင်းဖြင့် လည်းကောင်း ပယ်ရှားတတ်ချေ၏။ ပညာအမြော်အမြင်ဖြင့် မိမိနှင့် မထိုက်မတန်ကြောင်းကို သိ၍လျှင်လည်း ပယ်ရှားတတ်ချေ၏။ သို့လင့်ကစား ပညာရှိ သူတော်ကောင်းကျင့်ဝတ် တရားမြတ်သည် ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာထက် မြတ်၏ဟု မည်သို့သော သူတို့သည် ယူဆပေလိမ့်မည်နည်း။ သူတစ်ပါး၏ အကျိုးစီးပွားကိုထက် မိမိ၏ လောကအကျိုးကို ပိုမို လိုလားသော သူတကာထက် လောကအကြောင်း၌ အသာကို လိုလားသော "လု" ပုဂ္ဂိုလ်တို့သာလျှင် လောက၌ ပြိုးပြွမ်းကာ တန်ဆာဆင်နေခြင်းကြောင့်တည်း။

(ခ) 'ရာထူးရာခံ မင်းမှုထမ်းတည်း ဟူသော ကာမဂုဏ် ထီးနန်းစည်းစိမ်ကို မရနိုင်သော သူတို့သည် ထိုကာမဂုဏ်တို့၌ တင်းတိမ်ရောင့်ရဲ၍ ခြိုးခြံလျက် မိမိရရှိထားသော စည်းစိမ်ချမ်းသာကိုပင် စွဲမြဲစိမ့်သောငှာ ထီးနန်းရှင်၏ အလိုဆန္ဒကို လိုက်လျောရ၏။ တိုင်းသူပြည်သားတို့အပေါ်၌ ကောက်တကျစ် ပြုရ၏။ ဆန့်ကျင်ဘက် ဖောက်ပြန်မှုတို့သည် အချင်းချင်း၏ အပေါ်၌ စွဲကပ်လာ၏။ ဂိုဏ်းတည်ထောင်၍ ကိုယ့်ဘက်သားများကို ပွားများစေ၏။ (ဝါ) အင်အားစုလာကြ၏။ ရန်ငြိုးသိုခြင်းတို့သည် စွဲမြဲ လှုပ်ရှားလာ၏။ သို့ရာတွင် ပညာနှင့် ကောင်းကျိုးကို သုံးတတ်လျက် သူတော်ကောင်း မျက်စိကို ဖွင့်ထားသော သူတို့သည်ကား ရေပွက်တမျှသော စည်းစိမ်၊ နောင်ကြွေးကို မယူမူ၍ မိမိ၏ သူတော်ကောင်း အဖြူထည်တွင် အမည်းကွက် မစွန်းထင်းလို။ ထိုသူတို့သည် ပြည့်ရှင်မင်း၏အလို၊ ဂုဏ်ရှင်တို့၏ အလိုကို မလိုက်ဘဲ ပဲ့သူကြီးကဲ့သို့ တည့်

မတ်စေ၏။ အချင်းချင်း အပေါ်၌လည်း ချစ်ခင်စွာ ဆက်ဆံမှုဖြင့် သည်းခံကာ ပေါင်းသင်းလျက် ကောင်းရာကောင်းကြောင်း၊ အကျိုးရှိရာ ရှိကြောင်းတို့ကို အနွံ အတာခံကာ ဆောင်ရွက်လေ့ရှိ၏။ ပညာရှိ လူလိမ္မာတို့၏ သဘောနှင့် ပညာရှိ ပီပီ မိမိ၏ ချွတ်ယွင်းမှုကိုသာ ရှေးရှုခြင်းဖြင့် ဆန့်ကျင်ဘက်သူတို့ကို မိမိ၏ အလိုကျ မိမိဘက်သို့ ပါအောင် သိမ်းသွင်းခြင်း၊ ပြည်သူတို့၏ အကျိုးစီးပွား ကိုလည်း မိမိ၏ အကျိုးကိုမျှော်လျက် တတ်အားသရွေ့ ဆောင်ရွက်ခြင်းတို့ ပြုကြကုန်၏။ ယင်းသို့တစ်မူကား ပညာရှိ ဖြစ်၍ သူတော်ကောင်းမျက်စိ ရှိသူ များကား မည်သူနည်း။ ထုတ်ပြရန် မခဲယဉ်းချေတော့ပြီ။ လူ့လောက၌ တိုင်းသူ ပြည်သားတို့၏ အကျိုးစီးပွားကို ပြယုဂ်ထားလျက် မိမိ၏ အထည်ဒြပ် ကိုသာ ထွန်းလင်းတောက်ပ နေချေတော့သတည်း။

(ဂ) 'သူဌေးသူကြွယ် လူကုံထံတို့ တည်းဟူသော ကာမဂုဏ် .... ထိုကာမဂုဏ်ရှင်တို့သည်လည်း မိမိ၏စည်းစိမ်ကို ဘဝက ကောင်းမှုကြောင့်ဟု မျက်မှောက်ကို နောက်ကျောပြု၍ အထူးသာယာကာ ရှိလေ၏။ ထို့ကြောင့် ထိုစည်းစိမ်ကို တည်မြဲရန်၊ တိုးတက်ရန်တို့အတွက် ရှေ့နောက်ကို အပပြုလျက် အပေါ်သို့သာ ရှေးရှုခြင်းဖြင့် အုပ်စိုးသူတို့နှင့်သာ အစဉ် ပူးပေါင်းကာ လိုက် လျောလေ့ ရှိကြ၏၊ အုပ်စိုးသူတို့ သဘောကျ၊ အုပ်စိုးသူတို့၏ ဘက်တော်သား ပြုကြ၍ လက်အောက်၌ ရှိနေသော သူတို့အပေါ်၌ကား အမျိုးမျိုး နိုင့်ထက် စီးနင်း ပြုမူကာ ရှိကြကုန်၏။ သို့ရာတွင် “လူ” ပင် ဖြစ်စေကာမူ လူလိမ္မာဆိုသော ဂုဏ်၊ တရား ပြည့်ဝသည် ဟူသော ဂုဏ်တို့သည် ကောင်းမြတ်သည်ဟု ယူဆ သေးသည့်အတိုင်း သဘောထားပြည့်ဝသူ၊ တရားလက်ကိုင် ရှိသောသူ အဖြစ်နှင့် ကိုယ်နှင့်တူမျှသော ကောင်းကျိုးကို လိုလားပါသည်ဟု အလိမ္မာစကား သုံးကာ ပြုမူ ကျင့်ကြံတတ်၏။ သို့သော် ရုပ်လုံးပေါ်အောင် ကိုယ်နှင့် တူမျှသော ကောင်းကျိုးကို သူတစ်ပါးအပေါ်၌ တည်ရှိစေသောသူဟု မည်သို့သောသူကို ပြနိုင်သနည်းဟု စိစစ်ချေသော် လောကဇာတ်ခုံတွင် တစ်ဖက်ကန်းနှင့် လုနေ သော သူတို့သာလျှင် က,ပြနေသည်ကို ကာမဂုဏ် အမှောင်ကားချပ်တွင် ဖြစ် ပျက်နေခြင်း၏ အလင်းရောင်၌ ထင်ရှားစွာ မြင်ရချေတော့သည်။

(ဃ) 'အထိုက်အလိုက် စားသောက်နေထိုင်ကြသော သူတို့၏ ကာမဂုဏ်။ ထိုကာမဂုဏ်ရှင်တို့သည် ၎င်းတို့၏ အဖြစ်ကို ၎င်းတို့ အလွန်အကြူး နှစ်သက်၍ ကာမဂုဏ်မှုနှင့် စပ်ယှဉ်က မည်သို့သော အမှုကိုမဆို ပြုရဲကြ၍ ပြုကြမည် ဖြစ်ချေ၏။ ၎င်းတို့သည် ပျော်စရာရှိလျှင် မိုးမမြင် လေမမြင်ဖြစ်၍ ကြောက်စရာ ရှိလျှင် မှောင်အထိ မိုက်တော့၏။ ၎င်းတို့၏ အသိဉာဏ်တရားသည် သူတစ်ထူး၏

ဖြားယောင်း လီဆယ်ကာ သွေးဆောင်မှုမျှသာ ဖြစ်၏။ ထိုသူတို့သည် ကာမဂုဏ်မှု၌ နှစ်သက်စွဲလမ်းမှုဖြင့် မင်းကို မဆန့်ကျင်ဝံ့၊ မင်းမှုထမ်းတို့ကို မထီမဲ့မြင် မပြုဝံ့။ ဂုဏ်ရှိသူ၊ ချမ်းသာကြွယ်ဝသူတို့၏ အလိုသို့ လိုက်လျောကာ ညီညွတ်ကြ၏။ ထိုသဘာဝဖြင့် လောကကို တိတ်ဆိတ်စေ၏။ မှောင်အတိဖြစ်သော လောကကို တည်ထောင်၏။ နား၊ မျက်စိ၊ ပါးစပ်၊ အသိဉာဏ်တို့ ကင်းသောသူ အဖြစ်နှင့် တည်၏။ ထိုသို့သော သဘောကြောင့် တရားလမ်းကြောင်းကို ပဓာန မပြု၊ တော်မှန် တည့်မတ်ခြင်းကို နားမလည်။ အမှန်, အမှား၊ ဟုတ်, မဟုတ်၊ တော်, မတော်၊ လျော်, မလျော်၊ လမ်းကျ, မကျ တို့အား ဂုဏ်ကိုသာ ပဓာန ပြုနေခြင်းကြောင့် မသိနိုင်ရာကြဘဲ ဂုဏ်ရှင်နှင့် ဖြားယောင်း သွေးဆောင်သူတို့၏ နင်းခုံ အဖြစ်နှင့် မြှောက်တိုင်း မြှောက်၊ ခြောက်တိုင်းလည်း ကြောက်ဖြစ်တတ်လျက် လက်စွဲ ဝါးရင်းတုတ် အဖြစ်နှင့် လှဲ့ဆော်တိုင်း ထကြွတတ်၏။ ထိုငတိတို့အား အရသာရှိသော၊ မြတ်နိုးရာ ဖြစ်သော၊ လျှာရည်ကျဖွယ်ရာ ဖြစ်သော ကာမဂုဏ်မှုကို ဖမ်းပြမည် ဆိုသော် မည်သည်ကိုမဆို လိုက်ပါ ပြုကျင့်ကြမည် ဖြစ်၏။ ထို့ကြောင့် လောကသည် ပုန်ကန်ထကြွ ထောင်ထားမှုနှင့် ပြွမ်းလျက် ရှိ၏။ သို့ရာတွင် နား၊ မျက်စိ၊ ပါးစပ်၊ အသိဉာဏ်ရှိ၍ အလိုက်အထိုက်နှင့် ရှောင့်ရဲတတ်သော ကာမဂုဏ်ရှင်တို့ကား မှောင်မည်းမည်း ည အချိန်တွင် ပိုးစုန်းကြူး၏ အလင်းရောင်ကဲ့သို့ ထွက်ပေါ်လာတတ်၏။ ယင်းသို့ တပြီးကား ထို နား၊ မျက်စိ၊ ပါးစပ်၊ အသိဉာဏ်ရှိသူတို့ကား အဘယ်သူနည်း။ ပြယုဂ်သာရှိ၍ အကောင်အထည်ကား မပေါ်သဖြင့် ထိုသူတို့၏ လောကသည် ယိမ်းနွဲ့ပါ ပိပြားပင် ဖြစ်သော "လု" လောက ဖြစ်နေ၍ ကာမဂုဏ်နှင့် ပတ်သက်က ၎င်းတို့သည် တရားရင် မဖြစ်နိုင်။

(င) 'ယောကျ်ား မိန်းမတို့၏ မွေ့လျော်ခြင်း ကာမဂုဏ်ကား ကာမဂုဏ်တို့၏ သရဖူ ဖြစ်၍ လောကီသားတိုင်းလောက်ပင် စွဲလမ်း ခုံမင်လျက် လောကကို ဖန်ဆင်းနေသော ကာမဂုဏ် ဖြစ်၏။ ထိုကာမဂုဏ်မှ ကာမဂုဏ် အမျိုးမျိုးသည် စန့်ထွက်လာ၍ မင်းစည်းစိမ်၊ မင်းမှုထမ်းစည်းစိမ်၊ သူဌေးသူကြွယ် ကုန်သည် လယ်လုပ် စသော စည်းစိမ်၊ လက်လုပ်လက်စား စည်းစိမ်၊ သူဖုန်းစား စည်းစိမ် စသည်တို့တည်း ဟူသော ကာမဂုဏ်မျိုးသည် ဖြစ်လာလေသည်။ ထိုကာမဂုဏ်မျိုးတို့နှင့် စပ်လျဉ်း၍ ဆင်းရဲခြင်း အစစ်အမှန်ကို မထင်၊ မမြင်၊ မစွဲသောသူ ဟူသမျှတို့သည် အများအားဖြင့် တော်မှန် တည့်မတ်သော တရားရှင် မဖြစ်နိုင်ကုန်။

'ထိုသို့ ကာမဂုဏ်မှု၌ မွေ့လျော်မှုကို အပြစ်ဟု ထင်မြင်ကာ မစွဲသမျှ ကာလပတ်လုံး မည်သည့် ရသေ့၊ ပရိဗိုဇ်တို့သည် လည်းကောင်း၊ ပြည့်ရှင်မင်း

မိဖုရားတို့သည် လည်းကောင်း မည်သူမဆို လှ မလှ၊ အရုပ်ဆိုး မဆိုး၊ ဝ, မ ဝ၊ ပိန် မပိန်၊ ဆင်းရဲ ချမ်းသာ အမျိုးယုတ်မြတ် စသည်တို့ဖြင့် မရွေးချယ်မူ၍ ထိုကာမဂုဏ်မှု၌ ရသလို လိုက်စားပျော်ပါးကြသည်သာ များ၍ မောင်းမ တစ်ထောင်ရှိသော ယောကျ်ား၌လည်း နောက်တစ်ထောင် လိုလျက်၊ လင်ရေ တစ်ထောင် ရှိဖူးလျက်လည်း နောက်တစ်ထောင် လိုလျက် ရှိခြင်းသာ များတတ် ချေသည်။

'ယင်းကဲ့သို့ ဖြစ်ချေ၍ ဓာတ်သဘော၏ လှုပ်ရှားထကြွမှုကြောင့် ယောကျ်ား သည် မည်သို့သော မိန်းမ၌မဆို တွေ့သမျှ၊ ရသမျှနှင့် ပျော်ပါးလိုမှုသည် အစဉ် ဖြစ်သကဲ့သို့ ပူပင်မှုနှင့် လုပ်ငန်းဆောင်တာ ကင်းမဲ့သော၊ အလုပ်မလုပ်သော မိန်းမတို့၌လည်း ထိုသဘောသည် အစဉ် ဖြစ်နေ၍ ကာမဂုဏ်သည် ရိုးသည် မရှိ၊ တွေ့တိုင်း ထူးသည်ဟု ထင်တတ်ခြင်းကား ဆင်းရဲခြင်း အစစ်အမှန်ကို မသိသည့် သူကန်းတို့၏ အစဉ်သဘော ဖြစ်ချေသည်။

'လောက၌ စိတ်၏ ပြုပြင်မှုအတိုင်း ကာမဂုဏ်၏ အရသာသည် ဖြစ် ပေါ်နိုင်ကြောင်းကို သိသူတို့ ရှား၏။ မသိဟုပင် ဆိုတုံရာ၏။ မိန်းမတို့မည်သည် ပစ္စည်းဥစ္စာကို လို၍ လည်းကောင်း၊ ပျင်းရိ၍ လည်းကောင်း၊ တက်ကြွလာသော အဟုန်ကို မတားဆီးနိုင်၍ လည်းကောင်း၊ စည်းစိမ်ယစ်၍ လည်းကောင်း၊ သားတောင်းလာ၍ လည်းကောင်း အပူအပင် အလုပ်အကိုင်တို့ မရှိဘဲ သိပ်သည်း လုံခြုံမည် ထင်ခဲ့သော် မည်သူမဆိုနှင့် မည်သည့် မွေ့လျော်ခြင်းကိုမဆို သဘော တူညီသည်သာ များသောအားဖြင့် အစဉ်သဘော ဖြစ်ချေသည်။

'ကာမဂုဏ်မှု၌ လူ့သဘောသည် ဘေးရန်ကြောင့် လည်းကောင်း၊ အပြစ် ဒဏ်ကြောင့် လည်းကောင်း၊ သိန်သရေနှင့် ဂုဏ်ကို ချုပ်တည်းသိမ်းဆည်းရခြင်း ကြောင့် လည်းကောင်း လောကကို သာယာစေတတ်ခြင်းမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် "လှ" တို့သည် လောကမှာ ဘာကိုမဆို လုနေသော သူတို့သည် ဆွေမျိုးသားချင်းမှတစ်ပါး ကာမဂုဏ်မှု၌ တွေ့သမျှနှင့် မွေ့လျော် ပျော်မြူး တတ်၍ မွေ့လျော်ခြင်း တည်းဟူသော ကာမဂုဏ်နှင့် ပတ်သက်၍ တရားရှင် မရှိကုန်။

'သို့လင့်ကစား လူတို့၏အကျင့်၌တည်၍ မိမိ၏ဘဝကို စောင့်ထိန်းသော ယောကျ်ားသည် လောကကို လူဦးရေဖြင့် တန်ဆာဆင်လိုသဖြင့် အိမ်ထောင်ကို အပင်အပန်းခံကာ ပြုစုလျက် အိမ်ထောင်ခန်း၌ ပျော်ရွှင် မြူးထူးခြင်းကို ပြဘိ သကဲ့သို့ အကြင်မိန်းမသည်လည်း "ငါ့အား သူတစ်ပါးမှ (ဝါ) ငါ မနှစ်မြို့သူမှ တပ်မက်သော မေထုန်စိတ်ကို ကာကွယ်ထိုက်သဖြင့် ကာကွယ်လိုသော သဘော

နှင့် ကာမပိုင် အရှင်,ထားကာ လုပ်ကျွေးသမှု ပြုအပ်သည်" ဟု ယူဆ၏။ ထို မိန်းမသည် မိမိယောကျ်ား၏ စိတ်ကြည်လင် ချမ်းမြေ့သာယာခြင်းကို လိုသဖြင့် ယောကျ်ား၏ အလိုသို့ လိုက်ကာ ပြုဘိ၏။ ထိုသို့သော သူမြတ်တို့လည်း လောကကို လင်းလျက် ရှိသေး၏။ သို့သော် ထိုသို့သော သူမြတ်တို့ ရှိနေသလော၊ တည်နေသလော၊ အမှတ်အထင် တဆန့်ငင်ငင်နှင့် လော၍ လော၍သာ က နေသော လူတို့ ပြွမ်းနေသည့် လောက၌ ကာမဂုဏ် ရသာထူးကို တရား မဝင်ဘဲ ငမ်းငမ်းတငင ခံစားလိုခြင်းဖြင့် ရသလို၊ ကျသလို၊ သင့်သလို မွေ့လျော် ပျော်ပါးနေသူတို့သာ ရှိချေသတည်း။

'ယောကျ်ားတို့၌ အကျဉ်းအားဖြင့် အဆင့်အတန်း သုံးမျိုး ရှိ၏။ ထို သုံးမျိုးကား ဤသို့တည်း။ (၁) ကာမဂုဏ်ကို အပြစ်နှင့်တကွ စက်ဆုပ်ရွံရှာ ခြင်းကြောင့် အိမ်ထောင်လောကကို စွန့်လျက် ရသေ့၊ ပရဗိုဇ် ပြုလုပ်ပြီးလျှင် တရားကျင့်သုံး နေထိုင်သောသူ၊ (၂) ကြိုက်ကြိုက်, မကြိုက်ကြိုက် ရတိုင်း နိုက်တတ်သောသူ၊ (၃) ကာမဂုဏ်၌ စည်းကမ်းထား၍ မွေ့လျော်မြူးထူးခြင်း၌ စိတ်အလိုကို မလိုက်၊ သဘာဝကိုသာ လိုက်လျက် တည်ကြည်သန့်ရှင်းမှုကို လိုလားသောသူ၊ ထိုသို့ ရှိရာတွင် တတိယ အမျိုးအစားကား စကားအစဉ်သာ ရှိ၍ ဝတ္ထုသွားကား မရှိသည်လောက်ပင် ဖြစ်ချေသည်။

'မိန်းမတို့၌လည်း ယောကျ်ားတို့ကဲ့သို့ပင် သုံးမျိုးရှိ၍ ရသေ့မ, ပရဗိုဇ်မ တို့၏ အသွင်ကို ယူနေ၍ သီတင်းသီလနှင့် ပျော်မွေ့နေသောသူ၊ လင်၏ အဖိုး တန်ခြင်း၊ ကိုးကွယ်ရာ ဖြစ်ခြင်းတို့နှင့် လင်ရှိသည် ဆိုသောဂုဏ်၊ လင်၏ကျေးဇူး တို့ကို သိ၍ ကျင့်ဝတ်ကောင်း၍ မြဲသော အိမ့်ရှင်မ အဖြစ်၌ တည်သောသူ၊ ပြည့်တန်ဆာမ ဖြစ်သောသူ ဟူ၍ ဖြစ်ချေသည်။

'ပြည့်တန်ဆာမ ဟူသည်ကား ပြည်ကို တန်ဆာဆင်နေသော မိန်းမ ဖြစ်၍ ဂုဏ်ကို လိုလားခြင်းကြောင့် ဖြစ်စေ၊ ငွေကိုလို၍ ဖြစ်စေ၊ ကြောက်၍ ဖြစ်စေ၊ ချစ်၍ ဖြစ်စေ၊ ပျင်းသောကြောင့် ပျော်လို၍ ဖြစ်စေ ခဏသော် လည်း ကောင်း၊ အမြဲသော် လည်းကောင်း၊ အိမ်ထောင်ရှင်မတို့ ဝတ္တရားကို မဆောင် မရွက်၊ အိမ်တွင်းမှု အလုပ်တို့ကို မလုပ်လိုဘဲ ယောကျ်ားနှင့် ပျော်ရွှင် မွေ့လျော် နေသော မိန်းမများ ဖြစ်ချေသည်။ ထို့ကြောင့် အိမ်ထောင်ရှင်မ ရှိနိုင်ခဲ၍ ပြည့်တန်ဆာမတို့သာ များချေသည်။

'သို့လင့်ကစား မိန်းမတို့သည် အပြုဓာတ် (ဝါ) အလိုက်ဓာတ် မဟုတ် သည်အတိုင်း အပြုဓာတ်ရှင် (ဝါ) အလိုက်ဓာတ်ရှင် ယောကျ်ားတို့၏ ပြုတိုင်းကို ပါရရှာသော သူများ ဖြစ်ရသည်သာ များသဖြင့် ယောကျ်ားတို့သာလျှင် ထို

ကာမဂုဏ်နှင့် ပတ်သက်က နိုင်ထက်စီးနင်းမှုနှင့် တရားရှင် မဖြစ်နိုင်သတည်း။ ယောကျ်ား မိန်းမတို့သည် အခွင့်အလမ်းသင့်က မွေ့လျော်ကြခြင်းကား ပြမြဲစဉ်လာ အဖြစ်နှင့် တည်နေသတည်း။

'ချီးမြှင့်ခြင်း၊ ပူဇော်ခြင်း၊ မြှောက်စားခြင်း၊ သြဘာပေးခြင်းတို့ကို ခံယူလိုသော ကာမဂုဏ် ... ဟူ၍ ရှိရာ၌ ထိုကာမဂုဏ်ကို နှစ်သက်သူ ဟူသမျှသည် ချီးမြှင့်ခြင်း၊ ပူဇော်ခြင်း၊ မြှောက်စားခြင်း၊ သြဘာပေးခြင်း၊ ချီးမွမ်းခြင်း၊ ဂုဏ်တင်ခြင်းတို့ကို ရှိရလေအောင် အမှားအမှန် အကောင်းအဆိုး ဟုတ် မဟုတ်တို့ကို ပမာဏမပြု၊ သဘောမပိုက်ဘဲ ပြောဆိုကျင့်ကြံ နေထိုင်ကြကုန်၏။ ထို့ကြောင့် တိုင်းပြည်သည် ကသောင်းကနင်း ဖြစ်လာတတ်၏။ ပူလောင်ခြင်းလည်း ဖြစ်လာတတ်၏။ ထိုအခါ လောကသည် တရားကင်းပလာ၍ အမှန်တို့သည် တိမ်မြုပ်လာလျက် ခေတ်၏ ပြုပြင်မှု အမူအကျင့်သည် ကျင့်ဝတ္တရားကောင်းမှ ဆုတ်ယုတ်လာပြီးသော် မျက်မမြင်လောက၊ နားမရှိသည့် လောက၊ ဆွံ့အသည့်လောက ဟူ၍ ဖြစ်ကြကုန်၏။

'ထိုသို့တပြီးကား လောက၏ ချီးမြှင့်ခြင်း၊ ပူဇော်ခြင်း၊ မြှောက်စားခြင်း၊ သြဘာပေးခြင်း စသော ဂုဏ်တို့ကို လိုလားမှုသည် လောကကို ဖျက်ဆီးနေရာ အစိတ်အပိုင်းတို့ ဖြစ်ခြင်းကြောင့် ထိုကာမဂုဏ်မှုတို့သည် ငါနှင့် မသက်ဆိုင်၊ ငါ၏ အကျင့်နှင့် ဝတ္တရားသည် သာလျှင် ငါနှင့် သက်ဆိုင်သည်ဟု ယူဆတတ်၍ ယူဆနေသော တရားရှင်တို့ကား မည်သူတို့နည်း၊ ရှိသလော။ နှိမ့်ချခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ ဆဲရေးခြင်းတို့ကို တုန်လှုပ်လျက် ငါသည် တန်ခိုးကြီး၍ ထင်ရှားသောသူပေတည်း၊ အာဂ ငါပေတည်းဟု လောကတွင် ပလွှားနေသူတို့သာ များသဖြင့် ထိုကာမဂုဏ်နှင့် ပတ်သက်၍လည်း တရားရှင်သည် လိုက်လေ၊ ပြေးလေ၊ ဝေးလေ ဖြစ်ချေတော့သည်။

'ထို့ကြောင့် ကာမဂုဏ်နှင့် ပတ်သက်က ပညာအကြည်ဓာတ် ကင်း၍ သူတော်ကောင်းအကျင့်ကို မစွဲမထုံ မကျင့်ခဲ့ပါလျှင် ကိလေသာ မကုန်သေးပါက မြဲသောတရားရှင် မရှိနိုင်ပါသတည်း'

## မည်သို့သောသူ၌ ပညိန္ဒြေဓာတ် (ပညာအကြည်ဓာတ်) သည် ကိန်းအောင်းနိုင်သနည်း

'အများအားဖြင့် မည်သူ့အားမှာမျှ ပညိန္ဒြေဓာတ်သည် မကိန်းအောင်းနိုင်။ အဘယ်ကြောင့်နည်း။ ပညိန္ဒြေဓာတ်သည် လိုရာပြီးစီးသော ပတ္တမြားနှင့် တူ၏။ မြင်လိုရာကို မြင်၍၊ ကြားလိုရာကို ကြားနိုင်၏။ သူတစ်ပါး၏ စိတ်ကို သိနိုင်

ခြင်းလည်း ဖြစ်၏။ ထိုပညိန္ဒြေဓာတ်သည် ပြဒါးသည် မီးပေါ်၌ မတည် သကဲ့သို့ အမြဲ ပူလောင်လျက်ရှိသည့် သူကန်းသူပင်းတို့အပေါ်၌ မတည်နိုင်ချေ။ သို့ရာတွင် ပြဒါးသည် လုံပေါ်၌ တည်၍ မီးပူကို ခံဘိသကဲ့သို့ ပညိန္ဒြေဓာတ် သည်လည်း လုံတည်းဟူသော အလင်းရောင်ရှိသူတို့ အပေါ်၌ ကိလေသာ တည်းဟူသော အပူကို ဟန့်တားလျက် တည်နေနိုင်၍ အေးချမ်းခြင်းကို ရနိုင်မြဲ ဖြစ်ချေသည်။ ထို့ကြောင့် မည်သို့သော သူ၌ အလင်းရောင် ရှိဘိသနည်း။

'အလင်းရောင် ရရှိနိုင်သောသူကား လူမိုက် (ဝါ) မသိမမြင်သောသူကို မမှီဝဲ မဆည်းကပ်သောသူ (လူမိုက်ထံ၌၊ မသိမမြင်သူထံ၌ တရားမနာသူ၊ အကြံပေးသည်ကို မလိုက်နာသူ)၊ ပညာရှိ သူတော်ကောင်း (ဝါ) သိမြင်သော သူ၏ထံမှာ မှီဝဲ ဆည်းကပ်သောသူ၊ ပူဇော်ထိုက်သူများကို မာနချ၍ ပူဇော် သောသူ၊ မိမိနှင့်သင့်လျော်သော အရပ်ကိုသိ၍ နေသောသူ၊ သန့်ရှင်းစင်ကြယ်စွာ ပဋိသန္ဓေ နေခဲ့ရသူ၊ သူတစ်ပါးအပေါ်၌ မိမိနှင့်အတူ စိတ်ထားကောင်းရှိသောသူ၊ ထိုသို့သော သူများ၌ ဤသို့ ဖြစ်ပေါ်လာ၏။ များသော အကြားအမြင် ရှိ၏။ အတတ်ပညာ ရှိလာ၏။ လူတို့ ကျင့်ဖွယ်သော နည်းလမ်းများကို ကောင်းစွာ တတ်သိ၏။ သာယာချောင် ပြေပြစ်သောစကားကို ပြောဆိုတတ်၏။ သန့်ရှင်း စင်ကြယ်သော အလုပ်ကို လုပ်တတ်၏။ နှောင့်ယှက်ဖွယ် မရှိသော အမှုကို လုပ်ကိုင်ဆောင်ရွက်တတ်၏။ မကောင်းမှုကို တင်ကြို၍ လည်းကောင်း၊ ရင်ဆိုင် တွေ့ခြင်းအားဖြင့် လည်းကောင်း ရှောင်ကြဉ်တတ်၏။ ကောင်းမှုကို သိ၍ မမေ့ မလျော့ဘဲ ပြုကျင့်တတ်၏။ မာနကို နှိမ်ချတတ်၏။ ကာမဂုဏ်၌ ရောင့်ရဲ လွယ်၏။ သူ့ကျေးဇူးကို နားလည်၏။ အခါအချိန် ပြု၍ စာပွဲသဘင်၌ ဝင်နွဲ ကျင်းပလေ့ ရှိ၏။ သည်းခံတတ်၍ သည်းခံလေ့ ရှိ၏။ ကောင်းသောစကားကို နားလည်သိတတ်၍ နားထောင် နာယူလေ့ ရှိ၏။ ရိုသေထိုက်သူကို သိတတ်၍ အရိုအသေ ပြုတတ်၏။ ရသေ့ ပရဗိုဇ်တို့ကို ဖူးမြော်လေ့ ရှိ၏။ ကိုယ်ချင်းစာနာ တတ်၏။ ခြိုးခြံစွာ ကျင့်ကြံနေထိုင်လေ့ ရှိ၏။ မြတ်သောအကျင့်ကို လိုက်နာ ကျင့်ကြံလေ့ ရှိ၏။ ထိုသို့သော သူတို့၌သာ ပညိန္ဒြေဓာတ်သည် ကိန်းအောင်း နိုင်ရာ ဖြစ်၍ အကြင်လောက၌ ထိုသူတို့သည် မရှိကြကုန်။ ထိုသို့ မရှိခြင်း ကြောင့် ကာမဂုဏ်သည် ချိုမြသော ကြံရည် ဖြစ်နေသဖြင့် ပညိန္ဒြေဓာတ်သည် ပင်လျှင် ခန်းခြောက်ခြင်း ဘဝသို့ ရောက်ရလေသတည်း။

'အကြင်သူသည် လူတို့ သိအပ်သော ပြုပြင်ပြောင်းလဲခြင်း သဘော၊ ပျက်စီးခြင်းသဘော၊ မမြဲခြင်း၊ ဆင်းရဲခြင်း၊ မစွဲလမ်းခြင်းတို့ ဖြစ်သော သဘော၊ ငြိမ်းချမ်းခြင်းသဘော၊ ပညတ်သဘောတို့ကို သိ၏။ သိသည့်အတိုင်း ကြံကြိုက်

လာသည့် ကာမဂုဏ်မှုတို့ကို သတိပညာဖြင့် ချုပ်တည်း သိမ်းဆည်းနိုင်တတ်၏။ ထိုသူသည်လျှင် လောကဌ် ဖြစ်ပျက်တတ်သော သဘောတို့၌ တုန်လှုပ်သော်လည်း ပညိန္ဒြေကို ဖြစ်စေလျက် လောကကို ဂရုမစိုက် မရွံ့မကြောက်တော့ပေ။ လောကကို မထိတော့ပြီ။ ထိုသို့သော သူ့အား အဘယ်မည်သော ကာမဂုဏ်မှုသည် တုန်လှုပ်စေခြင်းဖြင့် မမှားမယွင်းနိုင်တော့ပေ။

'ထိုသို့သောသူအား ချီးမွမ်းခြင်း၊ မြှောက်စားခြင်း၊ ပူဇော်ခြင်း၊ ချီးမြှင့်ခြင်း၊ ဩဘာပေးခြင်း၊ နှိမ့်ချခြင်း၊ ပြစ်ဒဏ်ပေးခြင်း တို့သည် ထိုသူ့အား ပြုရာမရောက်ဘဲ ပြုလုပ်သောသူတို့ အပေါ်သာ တည်ရာ ရောက်ချေသောကြောင့် တည်ကြည်ထွန်းတောက်သည့် ပညာစာတ် ကိန်းအောင်းသူဟု ဆို၏။ ထိုသူသည်လျှင် လောကရှိ အမင်းမင်းတို့ထက် မြင့်မြတ်သူ ဖြစ်၏။ ထိုသို့သော သူသည် ရှိသလော။ ပြုပြင်ပြောင်းလဲခြင်း စသော သဘောငါးပါးတို့ကို မထင်မြင်၊ ထင်မြင်လျက်နှင့်လည်း မထုံ၊ လောကဌ် ဖြစ်ပျက်နေသော သဘောရှစ်ပါးကို မသိ၊ သိလျက်နှင့်လည်း သည်းမခံတတ်ဘဲ တုန်လှုပ်ခြင်း၊ အလွန် တုန်လှုပ်ခြင်း၊ ပြင်းပြစွာ တုန်လှုပ်ခြင်းတို့ဖြင့် မိမိကိုယ်ကို မိမိ ဒဏ်ခတ်သော သူတို့သာလျှင် လောကဌ် ပြွမ်းလေတော့သတည်း။ ထို့ကြောင့် ပညိန္ဒြေစာတ် ကိန်းအောင်းသော သူသည် သဘောနှင့် သရုပ်အားဖြင့်သာ တည်ရှိ၍ ပုဂ္ဂိုလ်ကိုကား မသိပါတော့တကား။ ထို့ကြောင့် ပညိန္ဒြေစာတ်သည် မည်သူ့အားမှာမျှ အယောင်ဆောင်မဟုတ်ဘဲ တကယ် အစစ် မကိန်းအောင်းနိုင်ပါတကား'

[ကိန်းအောင်းအောင် ပြုကျင့်သောသူသည် သုံးသပ်ခြင်းနှင့်အညီ လောကတွင် အောင်မြင်နေသောသူ ဖြစ်သတည်း။]

## ဇမ္ဗူဒိပ်၌ ဘုရားပွင့်တော်မူမည်ဟု ကြွေးကြော်နေသည့်အတိုင်း မှန်မည်လော

'ပညာရှိများ၊ မှန်ပါ၏'

'ချဲ့ပါဦးလော့ သုခမိန်'

'ဘုရား ဆိုသည်ကား အဘယ်နည်း။ ဘုရားသည် ပဟုရား ဖြစ်၍ မိမိကိုယ်ကိုမိမိ ကိလေသာ (ညစ်ညူးခြင်း) ကုန်ခန်းနိုင်အောင် စွမ်းဆောင်နိုင်သောပညာ ရှိ၍၊ သတ္တဝါတို့၏ စရိုက်ကို သိပြီးလျှင် ကိလေသာ ကုန်ခန်းနိုင်သူတို့အား မြင်သိလျက် ကိလေသာ ကုန်ခန်းအောင် ဟောချွတ်နိုင်သော တရားအားလုံးကို မြင်သိသော၊ လောကအားလုံးကို မြင်သိသော အတုမဲ့ တန်ခိုးရှင် ပညာရှိကြီးကို ခေါ်သည်'

'ဘယ်အခါမှာ ဘုရားပွင့်တော်မူမည်နည်း'

'ယောဟနီနက္ခအတွင်း၌ လ သည် ဝင်ရောက်၍ ထွန်းလင်းတောက်ပနေသော အခါသည် ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသော အခါတည်း'

'သုနာပရန္တတိုင်း မည်သည့်ပြည်တော်မှာ ပွင့်တော်မူမည်နည်း'

'သုနာပရန္တတိုင်း၌ ပွင့်တော်မမူနိုင်ချေ'

'အဘယ်ကြောင့်ပါနည်း'

'လောက သျှတ္တရ သဘောအရ ဘုရားသခင်တို့ မည်သည် လောကီပညာ အလွန် ထွန်းကား၍ ထက်သော ပညာရှင်တို့ မပေါများသော ရပ်ကွက်၊ အလွန် ပိန်းအ,သော ပညာမဲ့များ မပေါများသည့် ရပ်ကွက်၊ အလွန် ချမ်းသာလှသော သူများ၊ အလွန်ဆင်းရဲလှသော သူများ ပေါများသည့်ရပ်ကွက်၊ လူထုအင်အား ထူထပ်သည့် ရပ်ကွက်တို့၌သာလျှင် ပွင့်တော်မူချေသည်။

'ဤသုနာပရန္တတိုင်းသည်ကား အလွန့်အလွန် ချမ်းသာသောသူ၊ အလွန့်အလွန် ဆင်းရဲသောသူတို့ ဟူ၍ မရှိသည်လောက်ပင် ဖြစ်ချေသည်။ သတ္တဝါတို့သည် ပညာရှိတို့အားဖြင့် တပြေးတညီတည်းကဲ့သို့ တည်ရှိကုန်၏။ အလွန်ထက်မြက်သော ပညာရှင်တို့ ထွန်းကားရာ အရပ်လည်း ဖြစ်၏။ ဤအရပ်၌ပညာရှိတို့သည် ဖုတ်အတတ်ဖြင့် ယန္တရားကို အသုံးပြု၍ အလိုရှိတိုင်း ခိုင်းစေနေကြ၏။ ဖုတ်အတတ်တို့ကို အပြီးတိုင် တတ်မြောက်ခြင်းဖြင့်လည်း အမျိုးမျိုးဖန်ဆင်းကာ သုံးစွဲကြ၏။ လူသေကို အသက်သွင်း၍ ခိုင်းစေကြ၏။ ဝိညာဉ်ကင်းကွာသွားသော မြူအဖွဲ့အစည်း၌ ဝိညာဉ်သစ်ကို သွင်း၍ စီမံဖန်တီးကြကုန်၏။ ထိုဖုတ်အတတ်သည်ပင်လျှင် တိုင်းတစ်ပါးသားတို့ကို အံ့ဖွယ်သရဲ ဖြစ်စေလျက် ထူးဆန်းထွေလာ ဖြစ်စေ၏။ ဝိဇ္ဇာအတတ် အမျိုးမျိုးကို တတ်ကျွမ်းသူတို့ပေါများ၍ အသက်ထောင်သောင်း နေနိုင်ကြ၏။ မြေလျှိုး မိုးပျံ အဖြစ်တို့နှင့်လည်း အမျိုးမျိုး တန်ခိုးတို့နှင့် အမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်ကြကုန်၏။ လောကီအဘိညာဉ်ဈာန်ကို အမျိုးမျိုး ရရှိအောင် ကျင့်ဆောင်နိုင်ကြကုန်၏။

'လူ့ခပ်သိမ်းတို့၌လောက်ပင် မမြဲသော သဘော၊ ဆင်းရဲခြင်း အစစ်အမှန်၊ အစိုးမရသော သဘောတို့ကို ထင်ကြ မြင်ကြ၊ သိမြင်ကြ၍ နလုံးပိုက်မိကြသူချည်းသာ ဖြစ်ကြကုန်၏။ မြတ်သော တရားလေးပါးသည်လည်း တည်လျက် ရှိ၏။ ကျိုးကြောင်းပြ သဘောကို ထင်မြင်သူ၊ လေ့လာသူတို့ များကြ၍ဤအရပ်သည် တရားတည်နေသောအရပ် ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏တရားတော်ကို သတင်းစကားအားဖြင့် ကြားနာရရုံနှင့်ပင် မှန်သော သဘောလေးပါး၊ ငြိမ်းချမ်းရာအစစ် လမ်းကြောင်းရှစ်သွယ်တို့ကို ကောင်းစွာ ထင်မြင်

နိုင်ကြကုန်လျက် ပူပန်မှု ကင်းငြိမ်းပြီးသော် အကျွတ်တရားကို ရကြ၍ ပံရဗိုဇ် တို့သည် ရဟန္တာ ဖြစ်နိုင်ကြကုန်၏။ ဝိဇ္ဇာဓိုရ်ပေါင်း များစွာသည် ကျွတ်ကြမည် ဖြစ်၏။ လူပေါင်းများစွာသည် အကျွတ်တရားကို ရ၍ သုနာပရန္တတိုင်းကြီး အတွင်းရှိ ပြည်ကြီး အသီးသီးတို့သည် မှန်သော တရားတော်နှင့် ထွန်းလင်း လတ္တံ့။ များစွာသော လူတို့သည် တရားတော်၌ နားရှိသော သူဂို့ ဖြစ်ကုန် လတ္တံ့။

ဘုရားပွင့်တော်မူမည့် အရပ်ရှိ လူတို့သည် အသိဉာဏ် ကင်းမဲ့ပြီးလျှင် နတ်ဗြဟ္မာတို့ကို ကိုးကွယ်လျက် ရှိနေကြခြင်းကြောင့် ဘုရားသခင် ပွင့်တော် မူလျက်လည်း ဘုရားဟူ၍ မသိနိုင်ကြကုန်။ သုနာပရန္တ တိုင်းသားတို့အားဖြင့် ဆည်းကပ် ကိုးကွယ်ရာ ရတနာနှစ်ပါးကို ပေါ်လွင်ထင်ရှားစေလျက် ဤအရှင် ကား ဘုရားတည်း၊ လူ့ပြည်၌ ဘုရားပွင့်တော်မူပြီဟု ကြွေးကြော်ရပေလိမ့် မည်။ ထိုအခါမှသာ ဘုရားပွင့်တော်မူသော အရပ်သည် ဘုရားပွင့်တော်မူပြီဟု သိရပေလတ္တံ့။ သုနာပရန္တတိုင်းသားတို့သည် မြတ်စွာဘုရား၏ အထံတော်က မှန်ကန်သော သဘောလေးပါး၊ ငြိမ်းချမ်းရာတရား လမ်းရှစ်သွယ်တို့ကို အကျဉ်း မျှပင် နာယူခဲ့၍ ဤတစ်ဆင့်အားဖြင့် သုနာပရန္တတိုင်း၌ ပျံ့နှံ့စေပြီးသော် သုနာ ပရန္တတိုင်း၌ အကျွတ်တရားကို ဖြစ်စေပေလတ္တံ့။ ထို့ကြောင့် ဤအရပ်၌ ဘုရား ပွင့်ရန် မလို၍ မြတ်စွာဘုရားသည် ကျွန်တော်တို့၏ နေမျိုးမှ ဆင်းသက်သော မာဂဓတိုင်း၌ ပွင့်တော်မူပေလိမ့်မည်။ ဘုရားသခင် ပရိနိဗ္ဗာန်ယူပြီး၌လည်း သုနာပရန္တတိုင်း၌သာ ခြသေ့်ဆီတို့မည်သည် သိင်္ဂီရွှေခွက်၌သာ တည်နိုင်ဘိ သကဲ့သို့ ဘုရားသခင် သာသနာတော်သည် ပြည့်စုံစွာ တည်နေ၍ ကမ္ဘာပေါ် တွင် ဘုရားသခင် သာသနာတော် ကုန်ဆုံးသည်တိုင်အောင် တည်နေပေလတ္တံ့။ ဘုရားသခင့် တစ်ဝက်သော သာသနာတော်ကို ဤတိုင်းသားတို့ပင်လျှင် ထွန်း ကားအောင် ကြိုးစားကြဆောင်ကြပေလတ္တံ့။ ဤတိုင်းသားတို့အားဖြင့် ကမ္ဘာတွင် ကျွတ်ထိုက်သောသူတို့ တစ်ဝက်သော သာသနာတော်၌ ကျွတ်ကြရပေလတ္တံ့။ ဤစကားတို့သည် အမှန်သာ ဖြစ်ရမည်ကတည်း'

ငမဲကျွန်သည် ပညာရှိသဘင် အလယ်၌ ပြဆိုခဲ့သော ပြဿနာလေးချက် ကို ဖြေပြသဖြင့် တစ်တိုင်း တစ်နိုင်ငံမှ သံတမန် ပညာရှိကြီးတို့သည် အလွန် နှစ်သက်ကြ၍ မင်းကြီးအထံတော်၌ အထူးထူးသော လက်ဆောင်ပဏ္ဏာတို့ကို ပြုပြီးလျှင် ပြန်ကြကုန်၏။ မင်းကြီးလည်း အလွန် အားရနှစ်သက်၍ ငမဲကျွန် သုခမိန်အား အထူးပြုကာ မြှောက်စား ချီးမြှင့်လေ၏။

လောကသည်ကား ကောက်ကျစ်စဉ်းလဲမှု၌ အားထုတ်လျက် ရှိသဖြင့်

ကိုယ်၏ အကျိုးစီးပွားကိုသာ ရှေးရှုနေသော သူတစ်စုနှင့် ရန်ငြိုးသိုလျက် နေသော သူတစ်စုတို့၏ အခွင့်အရေးသည် ပေါ်ပေါက်လာလေ၏။

ငမဲကျွန်သည်ကား နိမ့်ချတတ်သော ပညာရှိ ဖြစ်သည့်အတိုင်း ကိုယ်၏ အတွက်ပင် ခြွင်းချက်မထားဘဲ ပြဿနာ ဖြေဆိုမှုကြောင့် ပညာရှိလေးဦးနှင့် ၎င်းတို့၏ အပေါင်းပါ ဂိုဏ်းသားတစ်စုတို့သည် ဘုရင်မင်းမြတ်ထံ ဤကဲ့သို့ တစ်စတစ်စ နားသွင်းနေလေ၏။

'ငမဲကျွန်သည် ကာမဂုဏ် စက်ကွင်းထဲမှ လွတ်ထွက်နေသောသူ မဟုတ်။ ထိုမဟုတ်သော သူသည် မြေအထုနှင့် တူသော ပညာရှင် ဖြစ်၏။ ထိုသို့ ဖြစ်သည့်အားလျော်စွာ ကောင်းကင်ကြယ်နှင့်အမျှ ဆန်းကြယ်သော ပရိယာယ် ဉာဏ်သည် ထူးကဲကာ ရှိ၏။ ထို့ကြောင့် လောကမှာ ကြောက်စရာအကောင်း ဆုံးသော သူတစ်ယောက် ဖြစ်ချေ၏တကား။ သူသည် လောကကို မှောက်လှန် နိုင်၏။ သက်မဲ့ ဝတ္ထုတို့ကို သက်ရှိ သတ္တဝါ ဖြစ်စေ၍ စစ်ဆင်နိုင်၏။ ဖုတ် အမျိုးမျိုးကို အသုံးပြုနိုင်၏။ စုန်း၊ ကဝေ၊ တစ္ဆေ အတတ်တို့ဖြင့် လောကကို ချောက်ချားစေနိုင်၏။ ရေမြေရှင် အဖြစ်ကို ယူနိုင်သည်အတိုင်း မုချ ယူမည့်သူ ဖြစ်၏။ မြေပေါ်တွင် မိန်းမလှ ဟူသမျှသည် သူ့အလိုနိုင်ငံမှ လွတ်မည့်သူ ရှိမည် မဟုတ်ချေ။ ငမဲကျွန်သည် ကြောင်လက်သည်းဝှက် သုနာပရန္တတိုင်း လောက၌ တစ်ယောက်တည်းသော သူမျှသာလျှင် ကတည်း'

ထိုသို့သော အခိုက်အတန့်၌ ငမဲကျွန်သည် အတု လုပ်ထားသော ဘုရင် မင်းမြတ်၏ မိဖုရားခေါင်ကြီး ရုပ်လုံးတော်တွင် အင်္ဂါကြီးငယ် လက္ခဏာ အသွယ်သွယ်တို့ကို တစ်စမကြွင်း မချွတ်ယွင်းစေဘဲ စုံစုံလင်လင် ပြုပြင်စီမံ လေ၏။ ထိုရုပ်လုံးတော်သည် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ရောက်သောအခါ မိဖုရားခေါင်ကြီးနှင့် တစ်သဝေမတိမ်း တူနေ၍ ဘုရင်မင်းမြတ်သည် အထူး သဖြင့် အားရ နှစ်သက်တော်မူလေ၏။

မင်းကြီးလည်း ဤသို့ ကြံဆမိ၏။ "ငါ့မိဖုရားခေါင်ကြီး၏ ရုပ်လုံးတော် သည် ပြကတေ့နှင့် မခြားနားလေအောင် ငါ့သုခမိန် ပညာစွမ်းနှင့် ဖြစ်နိုင် သော်လည်း လျှို့ဝှက်အပ်သော အတွင်းသား နေရာတို့၌ကား ချွတ်ယွင်းပေ သတတ်" ထိုသို့ ကြံဆ၍ အဝတ်ကိုလှစ်ကာ ကြည့်လေရာ ညာဘက် ပတာ၏ အောက် ရင်သား၌ မှဲ့နီကလေးတစ်ခုကို တွေ့ရ၍ ရုတ်ခြည်း ဖိုဟိုက်သွားလေ၏။ ထို့နောက် ချက်နှင့် တစ်လက်မခန့် ကျော်ကျော် အကွာ၌ စာဖြူတစ်ကွက်ကို မြင်ရပြန်ရကား သာ၍ တုန်လှုပ်ချောက်ချားသွားပြန်၏။ ထို့နောက် အင်္ဂါဇာတ်၌ မှဲ့ရှင်ကလေး တစ်လုံးကိုပါ စုံလင်စွာ မြင်ရပြန်သောအခါ မင်းကြီး၏ နှလုံးသား

သည် ပြင်းပြစွာ တဖျပ်ဖျပ် တုန်လှုပ်လာပြီးလျှင် မိဖုရားခေါင်ကြီး၏ နေရာတိုင်း၊ အကြောင်းတိုင်းတို့၌ ငမဲကျွန်၏ ရှေ့က ရပ်တန့်ကာ ပြောဆိုသော စကားတို့သည် ပေါ်လာ၍ ဘုရင်မင်းမြတ်အား အမိုက်အတိ ဖုံးလွှမ်းခြင်းကို ဖြစ်စေလေ၏။ ဤသို့လည်း ရုန့်ရင်းသော စိတ်ဆိုးစိတ်ကြမ်းတို့သည် ဖြစ်ပေါ်လာ၏။ "သည်သူယုတ်ဟာ ဘာကြောင့် သည်မျှထိ သိနိုင်သလဲ၊ ငါ အသက်ပေးထားတဲ့ မိဖုရားကြီးဟာ သင်းလက်တွင်းသို့ တစ်စုံတစ်ခုသော အတတ်ကြောင့် အကြိမ်ကြိမ် သက်ဆင်းခဲ့ရသတတ်၊ ဒါကြောင့် ငါ့မိဖုရားကြီးဟာ ငမဲကျွန်ဘက်က တံစိုးပြုကာ အခါခါ လျှောက်တင်ခြင်း ဖြစ်တယ်"

ထိုသို့ အောက်မေ့ယူဆခြင်းဖြင့် ပညာရှိ လေးဦးတို့နှင့် ဂိုဏ်းသားတစ်စုတို့၏ ကုန်းစကားတို့သည် မင်းကြီးထံတွင် အသက်ဝင်လာပြီးသော် ဤသည်တို့ကို အထောက်အထား ပြုရခြင်းကြောင့် မွေ့လျော်မှု၌ စည်းကမ်းမထားဟု ပညာကို နောက်ခံကားချပ်ပြုကာ ယုတ်မာမှုနှင့် သင်း ဖြေဆိုချေပြီ။ စည်းစိမ်ရှင်မိန်းမတို့သည် မွေ့လျော်မှုကို နှစ်သက်လျှင် ရသမျှ ပြုမြဲကတည်း ဟုလည်း လူ့သျှုတ္တရကို မီးတိုင်ပြု၍ ရမ်းကားမှုဖြင့် သင်း ကပြကာ သီချင်းသီတော့ပြီဟု မင်းကြီးသည် သဘောတော် ဝင်ဆုံလာပြီးသော် လွှမ်းမိုးလာသော ကြမ်းကြုတ်ခက်ထန်သည့် အမျက်ကို မချုပ်တည်းနိုင်ဘဲ မျက်နှာတော်သည် မည်း၍ လာလေ၏။ 'ဟယ် ... အာဏာသားများ၊ သူယုတ်မာ ငမဲကျွန်ကို ဖမ်းပြီး ထောင်သွင်းအကျဉ်းထားကြစေ' ဟု အမိန့်တော်မြတ်သည် ရုတ်တရက် ဖြစ်လာလေလျှင် အနီးတွင် ခစားကာ ရှိနေသော ငမဲကျွန်ကို အာဏာသားတို့သည် ညီညီဖြဖြ ထ၍ ဖမ်းဆီးကြကုန်၏။

ငမဲကျွန်လည်း ရုတ်တရက် မြကြုတ်တွင်းမှ လုပ်ရတ်နည်းဖြင့် စီမံထားသည့် မဟူရာ ကျောက်လက်စွပ်ကို ထုတ်ဝတ်ပြီးသော် နန်းရင်ပြင်နှင့် သွားရာလမ်းခရီးကို မြူဖုံးအုပ်ကာ ချက်ချင်း မှောင်အတိ ဖြစ်စေလျက် နန်းတော်ကြီးမှ ထွက်ခွာကာ သွားရှုရာလေသည်။

## လှုပ်ရှားသော ကြာဖူး

ငမဲကျွန် ထွက်ပြေးရ၍ တစ်လမြောက်သောအခါ တောင်ဥယျာဉ်ရှိ ရေကန်ထဲမှ ကြာဖူးကြီးသည် လှုပ်ရှားကာ နေသောကြောင့် မည်သည့် တိတ်နိမိတ်ပေနည်းဟု တစ်မြို့လုံးသည် အုတ်အော်သောင်းတင်း ဖြစ်လျက် ကြည့်ရှုကြကုန်၏။ ထိုအကြောင်းကို ဘုရင်မင်းမြတ် သိတော်မူလတ်သော် ပြဿနာတစ်ရပ် အဖြစ်နှင့် ပညာရှိသဘင်သို့ ချတော်မူရလေ၏။ ကြာဖူးများသည်လည်း တစ်ရက်ထက်

တစ်ရက် ဦးရေတိုး၍ လှုပ်ရှားနေကုန်၏။ ထိုအခါ ပညာရှိသဘင်သည် အမျိုးမျိုးသော အဖြေများကို ဖြစ်စေ၍ တစ်ဦးသော ပညာရှိက ငမဲကျွန်သည် သူ၏ ပယောဂ အတတ်ဖြင့် ထိတ်လန့်တုန်လှုပ်၍ ပြည်ကို ချောက်ချားလေအောင် စီမံခြင်းဟု ဖြေဆိုလေ၏။ တစ်ဦးသော ပညာရှိက မင်းလောင်းပေါ်အံ့သော နိမိတ်ဟု ဖြေဆိုလေ၏။ တစ်ဦးသော ပညာရှိက တိုင်းကြီးပြည်ကြီး၏ ဘေးရန်ဟု ဖြေဆိုလေ၏။ ဤကဲ့သို့ အကြောင်းယုတ္တိကင်းလျက် ထင်မိထင်ရာ ဖြေဆိုသည်ကို မင်းကြီးသည် ကျေနပ်နှစ်သက်ခြင်း မရှိ။ ထိုအခါမှ နောင်တရ၍ မင်းကြီး၏ နှလုံးကို ထိုးကျင့်လျက် ငမဲကျွန်ကို တ သကာ ပေါ်လာစေ၏။ ဤသို့လည်း သတိတော်သည် ဖြစ်ပေါ်လာလေ၏။

"ငါသည် ကာမဂုဏ်ကိုသာ အမွှမ်းတင်၍ လုပ်နေသောသူတို့၏ စကားနှင့် ကာမဂုဏ်ကိုသာ ရသော အမွန်အမြတ်ဟု ငမ်းငမ်းတငင် ထင်မှတ်နေသည့် ငါ၏ စိတ်ယုတ်မာတို့ကြောင့် သုခမိန်သည် ငါနှင့် ကွေကွင်းရချေပြီ။ အကယ်၍ ငါ့သုခမိန်သည် တိုင်းသူပြည်သားများကို မျက်နှာမူ၍ ငါ့အကျိုးကို အစစ်အမှန် လိုလားခဲ့ချေသော် ဤပြဿနာကို သိရှိရက မုချဖြေဆိုပေလတ္တံ့."။ ထိုကဲ့သို့ သတိ ဖြစ်လာ၍ မင်းကြီးသည် လေးပြင်လေးရပ်နှင့် ဇနပုဒ်ပါမကျန် အောက်ပါ အတိုင်း စည်လည်စေလေ၏။

'တောင်ဥယျာဉ်ရေကန်၌ ကြာဖူးများသည် တစ်ရက်ထက်တစ်ရက် ဦးရေတိုးတက်ကာ လှုပ်ရှားနေကြသည်။ ထိုအတိတ်နိမိတ်ကို အဖြစ်အပျက်နှင့်တကွ အတိအလင်း ဖြေဆိုနိုင်သူရှိက ထွက်စေ၊ ဆုတော်ငွေ အသပြာ တစ်ထောင် ပေးသနားတော်မူမည်'

ထိုကဲ့သို့ ရွှေမြို့တော်အလုံး၌ စည်လည်သော်လည်း ပင်ပန်းကာမျှသာ ဖြစ်လျက် မြောက်နိဂုံးသို့ ရောက်သောအခါမှ ရက်တက်ရည် ရောင်းသော သူငယ်မကလေး တစ်ယောက်သည် 'ထိုပြဿနာကို ကျွန်မ ရှင်းလင်းပါမည်။ မင်းရင်ပြင်၌ ပညာရှိများကို စည်းဝေးနှင့်စေပါ' ဟု မှာလိုက်လေ၏။ မင်းကြီးလည်း မင်းရင်ပြင်၌ ပညာရှိများနှင့်တကွ ပရိသတ်တို့ကို ပြည့်စေကာ နေနှင့်သည်တွင်၊ ပြဿနာကို ဖြေအံ့သော ကြာမှုံသည် ရဲရင့်စွာ ပရိသတ်အလယ်သို့ တက်ရောက်လာ၍ မင်းကြီးအား 'ဖရိုးလေ' ဟု နှုတ်ဆက်ဦးတိုက်ကာ ရှိခိုးပြီးသော် တည့်မတ်စွာ ရပ်နေလေ၏။ သဘာဝသည်ကား တိတ်ဆိတ်ကာ ငြိမ်လျက် ရှိ၏။

ကြာမှုံသည် နီစွာသော ပန်းပွင့်ကို ပန်လျက် ပုဆိုးဖြူဖြင့် ကိုယ်ကို လွှမ်းခြုံရစ်ပတ်၍ ပရဗိုဇ်မကဲ့သို့ ဝတ်လာ၏။ ၎င်းသည် နားစွင့်နေသော

ပရိသတ်အလယ်၌ 'မယ်တော် မနုစာရီ' ဟု သုံးကြိမ် ဟစ်ပြီးလျှင် ကိုယ်တွင် ရစ်ပတ် လွှမ်းခြုံထားသော အဝတ်ကို ခွာလိုက်ရာ တုံးလုံး ဖြစ်နေသောကြောင့် မင်းကြီးနှင့် ပရိသတ်သည် 'ဟာ ...' ဟု သောခနဲ ဟာကြကုန်၏။

'ဟဲ့ ... ကောင်မကလေး၊ နင် ပသို့ ပြုသနည်း'

'အရှင်မင်းကြီး၊ ဤသဘာ၌ အစစ်ယောကျ်ား မရှိ၊ မိန်းမဖျင်းတို့နှင့်သာ ပြည့်ဘိသောကြောင့် မိန်းမချင်းကို ကျွန်တော်မသည် မရှက်ပါ။ မိန်းမဖျင်းတို့ မည်သည် ကာမဂုဏ်ကိုသာ ရှေးရှုခြင်းဖြင့် အများအားကိုဆိုသော် မိမိထက် သာသည်ကို မနာလို ဝန်တိုတတ်၏။ ကိုယ်ကောင်းအတွက် စဉ်းလဲတတ်၏။ လက်စားချေတတ်၏။ ကတိုက်ကုန်းချော ပြုလုပ်တတ်၏။ ကတိုက် ကုန်းချော သည်ကို စဉ်းလဲဝေဖန်ခြင်း မရှိဘဲ ကိုယ်ချင်းစာ သဘောနှင့် ယုံကြည်ကာ တုန်လှုပ်တတ်၏။ ထိုသဘောတို့ကြောင့် အလင်းကိုမရ၊ ကြောင်းကျိုးကို မသိဘဲ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်းတို့သာ ရှေ့ပြေးလျက် တွေ့ကြုံ ဆုံဆိုက်လာရာ၌ အကြောင်းအကျိုးကို မထင်နိုင်ဘဲ မကောင်းနိမိတ်ကိုသာလျှင် ထင်မြင် ယူဆတတ်ကြပေသည်။ ကြာဖူးများ လှုပ်ခြင်းကား တစ်စုံတစ်ရာ မျှသော အကောင်းအဆိုးအတွက် နိမိတ် မဟုတ်ချေတော့ တကား'

'အင်း ... လုံမငယ်၊ နင်ဆိုတိုင်း မှန်ပေစွ' ဟု မင်းကြီးသည် မျက်ရည် စိမ့်ဖျန်းလျက် ဆိုလေရာ၊ ကြာမွှံလည်း အဝတ်ကို ဝတ်ပြီးသော် ဤသို့ ဖြေဆို လေ၏။

'ကြာဖူး လှုပ်ရခြင်းကား ကာမဂုဏ်ကိုသာ အလေးထားကာ လိုက်စား နေသော သူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့၏ အရှိန်ကြောင့် ကိုယ့်စည်းစိမ်အတွက် တုန်လှုပ်၍ နိမိတ်ဆိုကုန်သော်လည်း ကာမဂုဏ် ယစ်မူး၍ အလင်းရောင်ကို မရသော သူများကဲ့သို့ ပိတုန်း ဖို မ တို့သည် ကြာပန်း ရည်ကို သောက်သုံးခြင်းဖြင့် ယစ်၍ မိန်းမောကာ နေကြကုန်၏။ ထိုအခါ ညနေချမ်းလျှင် ကြာပန်းတို့မှာ အာ၍ ပွင့်နေကြသော ကြာချပ်လွှာတို့သည် ပိတ်ကုန်၏။ ပိတုန်း ဖို မ တို့သည် အယစ်မပြေကြသဖြင့် မသိကြကုန်။ ကြာပန်း တွင်း၌သာ မိန်းမောလျက် ယစ်နေကုန်၏။ ၎င်းတို့သည် အယစ်ပြေကြသောအခါ အဖိုသည် ထ၍ တစ်ဖက်သို့ ပျံ၏။ အမ သည်လည်း တစ်ဖက်သို့ ပျံ၏။ ကြာချပ်လွှာကား ပိတ်လျက်သာ ပိတ်နေ၏။ ထို့ကြောင့် ကြာဖူးများသည် တောင်ယိမ်း မြောက်ယိမ်းနှင့် လှုပ်ရှားကာ ရှိနေလေတော့သည်။ တစ်စုံတစ်ခု သော အတိတ်နိမိတ် မဟုတ်ပါတကား'

မင်းကြီးသည် ချက်ချင်း မင်းချင်းတစ်ယောက်အား လှုပ်နေသော ကြာဖူး

များကို အခြေမပျက်စေဘဲ အရိုးနှင့်တကွ နတ်ခဲ့စေပြီးလျှင် ကြာချပ်လွှာကို ကိုယ်တိုင် ဖွင့်လှစ်ကြည့်ရှုရာ၊ ပိတုန်း ဖို မ တို့သည် ရုတ်တရက် တစ်ဟုန်တည်း ပြန်ထွက်သွားကြလေသည်။

မင်းကြီးလည်း အလွန် အားရလျက် ဆုတော် အသပြာတစ်ထောင်ကို ပူဇော်၍၊ သန်လျက်ကို ကောက်ယူပြီးသော် ပညာရှိ လေးဦးအား ညိုသော မျက်နှာနှင့် ကြည့်နေပြီးနောက် ဤသို့ ဆိုတော်မူ၏။

'ဟယ် ... လုံမငယ်၊ နင့်အရွယ်နှင့်မလိုက် ဖြေဆိုတတ်ချေပြီ။ အသို့ တတ်ဘိသနည်း'

'အရှင်မင်းကြီး၊ စည်တော်သံဖြင့် အကြောင်းကို သိရလတ်သော် ပညာရှိကြီး သုခမိန်သည် ကျွန်တော်မျိုးမအား ပြဿနာကို ဖြေဆိုရန် ကတိယူစေ၍ ထိုပြဿနာ၏ အဖြေကို ကျနစွာ သင်ပေးပါသည်။ ထိုသို့ သင်ပေးပြီးခဏ၌ "ငါကား သည်အရပ်မှာ မနေသာတော့ပြီ။ ငါသည် သည်အရပ်မှာ ရှိ၏ဟု မင်းကြီး သိအံ့။ သစ္စာကတိ သမာဓိနှင့် ပြည့်စုံသော ငါ့ကို သူ့မိဖုရားနှင့် အထင်မှားသဖြင့် လာ၍ သတ်ပေလတ္တံ့။ ထိုသို့သတ်၍ သေရခြင်းကို ငါသည် မြတ်၏ဟု ယူဆနိုင်သော်လည်း ငါသို့သောသူကို သတ်မိသဖြင့် မင်းကြီးသည် သံသရာဝဋ်၌ မထ၊ မကြွနိုင်အောင် လေးပေလတ္တံ့။ ထို့ကြောင့် ငါသည် စောင်းကောက်ကိုပိုက်လျက် ခရီးဆိုက်ရာ သွားပေတော့အံ့" ဟု ပြောဆိုပြီးသော် အရှင်မင်းကြီး ရှိရာကို မှန်းဆဦးတိုက်ကာ ကျွန်တော်မျိုးမ တို့၏အရပ်မှ ထွက်သွားရှာလေပြီ တကား'

မင်းကြီးကား မဆည်နိုင်ဘဲ မျက်ရည်ယိုစီးလျက် သန်လျက်ကို ဆ, ကာ ဆ,ကာနှင့် ပညာရှိ လေးဦးအပေါ်၌ မကျေနိုင်သော အမူအရာကို ပြနေလေ၏။

## ရေကန် လည်ခြင်း

ဘုရင်မင်းမြတ်၏ မြောက်ဥယျာဉ်တော်ရှိ ရေကန်မှ ရေသည် ပတ်ပတ်လည်လျက် နေသည်ကို လူအများတို့သည် အုတ်အော်သောင်းတင်း ဝိုင်းအုံ တိုးဝေ့ကာ ကြည့်ရှုကြပြီး 'ဤတိုင်းပြည်ကြီး၌ မည်သို့ ဖြစ်သတတ်' ဟု ထင်ရာ မြင်ရာ တို့ကို ပြောဆိုကြလျက် ပြဿနာ ဖြစ်နေလေ၏။

ပညာရှိတို့လည်း တိုင်းပြည် ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီး ဆိုက်မည်၊ ပြည်ကြီး စနောင့်စနင်း ဖြစ်မည်၊ မိဖုရားခေါင်ကြီး နတ်ရွာလားမည်၊ ရန်စစ်ကြီးမည် စသည်တို့ဖြင့် ရေကန်လည်ခြင်း၏ နိမိတ်ကို ဖတ်ကြကုန်၏။ မင်းကြီး

သည်ကား အလွန် စိုးရိမ်ပူပင်လျက် ပညာရှိသုခမိန် ငမဲကျွန်ကိုသာ တတမ်းတတနှင့် တသခြင်းဖြင့် ရေးနည်းတူ စည်လည်စေပြန်၏။ ထိုအခါ တစ်ဆယ့်နှစ်နှစ်သား သူငယ်တစ်ယောက် ပေါ်ပေါက်လာ၍ တာဝန်ယူလိုက်လေ၏။

မင်းကြီးလည်း အချိန်ကိုမှတ်၍ မင်းရင်ပြင်၌ ပညာရှိများနှင့် ပရိသတ်များကို ပြည့်စေလျက်ရှိနေရာ ပြဿနာကို ဖြေဆိုအံ့သော သူငယ်တစ်ယောက်သည် ပုဆိုးကို လည်ဝယ် ရောက်ပြီးသော် ရဲရင့်စွာ ဝင်လာ၏။ ၎င်းသည် ပညာရှိများ၏ ထိပ်ကို ပုတ်ကာ ကျီစယ်ပြီးသော် မင်းကြီးကို ရှိခိုးလျက် 'ဖရိုးလေ' ဟု နှုတ်ဆက်ကာ ရပ်နေ၏။

'အမောင် ... အဝတ်များကို ဝတ်ပါဦး၊ ဘာကြောင့် ပညာရှိများရဲ့ထိပ်ကို ပုတ်ကာ ကစားရသလဲ'

'အရှင်မင်းကြီး၊ သည်သဘာရဲ့ ပရိသတ်မှာ ပညာရှိများ ရှိပါသလား။ ကလေးမျှသာပင် မဟုတ်ပါလား။ ကျွန်တော်ဟာ ကလေးချင်းမို့ ကျီစယ်ပါတယ်။ ကလေး ဆိုတာဟာ လူ့ပြည်ကိုရောက်တဲ့ နှစ်အကြာကို ရေတွက်ပြီး ပြောဆိုလို့ ဖြစ်တာ မဟုတ်ပါ။ ကလေးဆိုတာ ဘာလဲ၊ စဉ်းစားဉာဏ်မဲ့နှင့် ထင်ရာမြင်ရာကို အကြောင်းအကျိုးမဲ့ အဓိပ္ပာယ်မရှိဘဲ ပြောဆိုတတ်ပါတယ်။ ခဏခဏ ရန်ဖြစ်၊ ခဏခဏ တည့်နှင့် ပေါင်းသင်းဆက်ဆံကာ စုရုံးတတ်ပါတယ်။ သည်းခံခြင်း တရား၊ ထောက်ထားညှာတာခြင်းတရား ကင်းမဲ့တတ်ပါတယ်။ လူမိုက်၊ ပညာရှိလို့ ခွဲခြားပြီး မသိ၊ မုန့်ပေးလျှင် တေးဆိုပြီး က တတ်ပါတယ်။ သည်သဘာမှာ လူကြီး ရှိပါသလား'

'အမောင်၊ ပုဆိုးကိုဝတ်ပြီး ရေကန်လည်ခြင်း ပြဿနာကို ဖြေဆိုလော့'

'အရှင်မင်းကြီး၊ ရေကန်လည်ခြင်းကား တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်ပါသည်။ လောကမှာ အကြောင်းမရှိဘဲ မည်သည့် အကျိုးတရားမျှ မရှိနိုင်။ လူတို့သည် ဉာဏ်မမီသဖြင့် အကြောင်းကို မရှာတတ်ခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤရေကန်လည်ခြင်း၌ တစ်စုံတစ်ခုသော နိမိတ်ဟု ယူဆ၍ တစ်စုံတစ်ရာ ဖြစ်သတတ်ဟု အရှင်မင်းကြီးအား လျှောက်ထားကြခြင်းသည် ဆုလာဘ်အလို့ငှာ မျက်မမြင် မှိုနတ်သကဲ့သို့ ဖြစ်ပါသည်။

'အရှင်မင်းကြီး၊ ရေကန်သည် သက်ရှိသတ္တဝါ မဟုတ်ပါသောကြောင့် ဥတု၏ ပြုပြင်တိုင်းကို ခံရပေတော့မည်။ လူနှင့်တကွ ပတ်ဝန်းကျင် အခြေအနေ၏ ပြုပြင်ခြင်းကိုလည်း ခုခံနိုင်လိမ့်မည် မဟုတ်ပေ။ အရှင်မင်းကြီး၊ ပညာမဲ့များ ယူဆသည့်အတိုင်း၊ ကလေးတို့၏ သဘာဝ ထင်ရာမြင်ရာ ပြောဆိုလေ့ ရှိသည့်အတိုင်း နတ်များသည် ရေကန်ကိုမှီ၍ တစ်စုံတစ်ရာ ဖြစ်လတ္တံ့

သော အကျိုးအတွက် ရေကိုလည်ပြီးလျှင် ပြသည်ဟု ဆိုတုံလော့။ ထိုနတ်သည် အမိပွာယ် မသဲမကွဲနိုင်ဘဲ ရှုပ်ထွေးပွေလီခြင်း ဖြစ်အောင် တပ်ရာကျ မသိနိုင်ဘဲ အမျိုးမျိုး ပြောဆိုကြကာ အုတ်အာသရဲ ဖြစ်ရန်သာ ပြုလုပ်သည်ဟု ဆိုသင့်ချေပြီ။ အကင်စင်စစ် နတ်သည် ရှေ့ဖြစ်လတ္တံ့ကို မြင်၍ သိဦးလော့။ အဘယ်ကြောင့် ရေကန်ကို လည်၍ ပြဘိသနည်း။ အရှင်မင်းကြီး၏ နားတွင် မည်သို့ ဖြစ်လိမ့်မည်၊ မည်သို့ ကာကွယ်လော့ဟု ပြောပါတော့လား။ သို့မဟုတ် အိပ်မက်ပေးပါတော့လား။ ဘာကြောင့် ရေကန်လည်၍ ပြရပါသနည်း။

'အရှင်မင်းကြီး၊ တိတ်နိမိတ် ဟူ၍ ထင်ရှားစွာ ပေါ်လွင်မှုသည် အကြောင်းကင်းသောကြောင့် လူညာ့လက်နက်၊ လူလိမ့်ပယောဂ၊ လူရူး၏ အကျိုးအပြစ် ဟောပြောမှု၊ ကလေးများ၏ ထင်ရာ ရေရွတ်မှုမျှသာ ဖြစ်ချေသည်။ အခါခပ်သိမ်း၌ ဉာဏ်မမီ၍ မသိ မမြင်သော်လည်း လောကသည် အကြောင်းအကျိုးနှင့် ကင်း၍ မည်သည့်အခါမျှ မတည်ချေ။

'ရေကန်လည်ရခြင်းကား နေသည် မြေကြီးကို ပူစေ၏။ မြေကြီး၏ မြူမှုန်တို့သည် ဆက်၍ ဆက်၍ ပူသွားရာ၌ အတွင်းသည် အကျဉ်းကျသဖြင့် သာ၍ ပူလေ၏။ အပေါ်မြေလွှာထပ်သည် လေရိုက်ခတ်သဖြင့် ခံဏာချင်းဖြင့် အေးသွားသော်လည်း မြေကြီး အတွင်း၌ကား မအေးသေးချေ။ ပူလျက်ပင် ရှိချေ၏။ အတွင်းသို့ရောက်လေ သာ၍ သာ၍ တိုးပြီးလျှင် ပူလေ ဖြစ်ဘိ၏။ ထိုကဲ့သို့လျှင် ရေမှာလည်း ဖြစ်၏။ ဤရေကန်၌ အရှင်မင်းကြီးသည် ရေးကနှင့် မတူစေဘဲ နေရှိန်ကို ကာကွယ်ထားသည့် သစ်ပင်မှ အကိုင်းများနှင့် ကြာ၊ ရေမှော်၊ ရေညှိတို့ကို သုတ်သင်ရှင်းလင်းစေမှုဖြင့် နေရှိန်သည် ကန်တွင်းမှ ရေကို အကာအကွယ်မဲ့ တိုက်ရိုက်ပူစေ၏။ ထိုအခါ နေပူသဖြင့် ကန်ထဲမှ ရေတို့သည် ပူရမည်။ ရေသည် ဆက်၍ ဆက်၍ တဖြည်းဖြည်း ပူသွားသောကြောင့် ရေအောက်ထပ်မှ ရေသည် ပူလာရမည်။ အပေါ်ယံရေသည် လေအေးနှင့် ရိုက်ခတ်မှုကို ခံရသကဲ့သို့ အောက်ထပ်မှ ရေသည် မခံရသဖြင့် သာ၍ ပူရမည်။ မွန်းတိမ်းသော နေ၏ အပူရှိန်သည် တဖြည်းဖြည်း လျော့ကျသွား၍ ရေအပေါ်ထပ်သည် လေအေးကြောင့် တဖြည်းဖြည်း အေးလာလေသည်။ ရေအောက်ထပ်မှာကား ပူလျက်ပင် ရှိချေသေးသည်။

'မည်သည့်ဝတ္ထုမဆို ပူလျှင် ပြန့်ကားရမြဲသဘော ဖြစ်သဖြင့် ကုဗတုံးကလေးများ ဖြစ်သော ရေသည် ပူ၍ ပြန့်ကားပြီးလျှင် အထက်တွင်ရှိသော ရေကို တွန်းဖယ်၏။ ထိုအခါ ကန်တွင်းရှိ ရေသည် ထွက်ပေါက် မရှိသည်နှင့် တဝဲလည်လည် လည်လျက် အောက်နှင့်အထက် ပြန်ကာ ပူသော ရေသည်

အပေါ်သို့ တက်၍ အေးသော ရေသည် အောက်သို့ ဆင်းကာ ရှိနေလေ၏။ ကန်၏ တည်ရာ ကုန်းမြေသည်လည်း ပူလျက်ပင် အထက်က ပြဆိုခဲ့သည် အတိုင်း ဖြစ်နေ၍ ကန်ထဲမှ ရေတို့သည် နေတိမ်းလေ အပူရှိန် တိုးလေ ဖြစ်သဖြင့် ညနေအချိန်၌ သာ၍ အရှိန်ပြင်းစွာ လည်မည် ဖြစ်၏။ နေဝင်သည်မှစ၍ ညသန်းခေါင်တိုင် တဖြည်းဖြည်း ရေချင်း စပ်မိလာသည့်အတိုင်း လည်နေသော ရေ၏ အရှိန်မှာ လျော့လာပြီးသော် သန်းခေါင်ကျော်သော အခါမှ ရေသည် အလည်ရပ်မည် ဖြစ်၏။ ထို့ကြောင့် ကန်လည်ခြင်းသည်ကား တစ်စုံတစ်ခုသော အတိတ်နိမိတ်ကြောင့် မဟုတ်ချေ။ ကန်တွင်းရှိ ကြာ၊ ရေမှော်၊ ရေညှိတို့ ကင်းရှင်းခြင်းနှင့် ကန်ပေါ်သို့ နေရောင် ပြင်းစွာ များများရောက်အောင် ပြုလုပ်ခြင်းကြောင့် ဖြစ်ချေသည်။ ကန်စောင့် မင်းချင်းတို့ကို စစ်ဆေးတော်မူပါလော့'

မင်းချင်းတို့လည်း ထိုသူငယ် ဖြေဆိုသည့်အတိုင်း မှန်ကြောင်းကို တင်ကြ၍ မင်းကြီးသည် အလွန် နှစ်သက်သဖြင့် အသပြာ တစ်ထောင် ဆုချပြီးသော် ဤပြဿနာကို ဤသို့ဖြေနိုင်ရန် မည်သူ သင်ပေးသနည်းဟု မေးတော်မူလေ၏။

ထိုသူငယ်သည်လည်း ဤသို့ လျှောက်တင်လေ၏။

'အရှင်မင်းကြီး၊ စည်တော်သံအားဖြင့် ပြဿနာကို ပညာရှိကြီး သုခမိန်ငမဲကျွန်သည် သိရသည်ရှိသော် ကလေးများစွာမှ ကျွန်တော့်အား ရွေးချယ်ပြီးလျှင် ဖြေဆိုရန် တပ်အပ်ကျ သင်ကြားပေးပါသည်။ ထိုသို့ သင်ကြားပေးပြီးနောက် "ငါကား ခရီးထွက်တော့မည်၊ တိုင်းပြည် အကျိုးစီးပွားကို လိုလားသောအားဖြင့် မင်းကြီး၏ အကျိုးအား အစစ်အမှန် လိုလားသော ငါ့ကို မင်းကြီးသည် ဤအရပ်၌ ရှိသည်ဟု သိအံ့၊ လာ၍ သုတ်သင်ပေလတ္တံ့။ ထိုအခါသစ္စာရှိသူကို ပြစ်မှားမိသဖြင့် မင်းကြီးသည် သံသရာဝန်၌ မနစ်စေလို" ဟု ကရားမှ ရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြောပြီးသော် ပညာရှိအကျော်၊ ကဝိမော် သုခမိန်သည် စောင်းကောက်ကိုတီး၊ ဖော်မမှီးဘဲ၊ မျက်ရည်စီးယို၊ တ ကာ ငိုလျက် တစ်ကိုယ်တည်း ခရီးဆက်၍ ထွက်သွားရှာလေပြီ တကား'

## မင်းကြီးနှင့် ဝိဇ္ဇာ

မင်းကြီးသည် သုခမိန်၌ တပ်မက်ခြင်း ပြင်းပြစွာ ရှိနေသည်ကို မချုပ်တည်းနိုင်၍ စည်းစိမ်တော်တွင် မပျော်မွေ့ဘဲ တမှိုင်တွေတွေနှင့်သာ နေလေရာ မိဖုရားခေါင်ကြီးသည် ဤသို့ သံတော်ဦးတင်လေ၏။

'ကိုယ်တော်သည် ကိုယ်တော့်အကျိုး၊ တိုင်းသူပြည်သားတို့၏ အကျိုးတို့ အတွက် မိမိ၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမြဲဆောင်ရွက်နေသော ပညာရှိသုခမိန်ကို ဝန်တိုသူများ၏ ကုန်းစကားကြောင့် အထင်တော် မှားပြီးသော် ရာဇမာန် ရှတော်မူခဲ့ချေပြီ။ ကျွန်တော်မတို့၏ အပေါ်၌လည်း အထင်တော်မှားခဲ့ချေပြီ။ သည်းခံခြင်းနှင့် သူတစ်ပါးအပေါ်၌ စေတနာ အမြဲထား၍ သုခမိန်ဘွဲ့ကို အပ်နှင်းခံရသည့် ပညာရှိသည် ယုတ်မာညစ်ညမ်းသောအမှုကို ပြုဝံ့ပါမလား။ သူ၏ အသက်ကိုသာလျှင် အသေခံမည်၊ ယုတ်မာညစ်ကျေးသောချေးညှော်ကို မည်သည့်နည်းနှင့်မျှ အတင်ခံလိမ့်မည် မဟုတ်ပေ။ ဤပညာရှိအားဖြင့် မည်သူသည် အပြစ်ရဘိသနည်း။ ကျေးဇူးတရားမွန်သည်သာလျှင် သူတစ်ပါးအပေါ်၌ တည်စေပါဘိတကား။ လောက၌ သူတစ်ပါး၏ အပေါ်တွင် ချုပ်ချယ်နိုင်စွမ်းရှိသော ဤသုခမိန်သည် မည်သူ့အပေါ်၌မျှ ဝန်တိုစိတ်နှင့် ကုန်းစကားကို သော်လည်းကောင်း၊ ပျက်စီးအောင် သော်လည်းကောင်း တစ်ရံတစ်ဆစ်မျှ မပြွက်ဖူးပါပဲလျက် ပြစ်မှားမိသောသူသည် နောင်တ တရားမှ မကင်းနိုင်လေရကား စိတ်မချမ်းမသာ မရှိသင့်တော့ပါပြီ တကား'

ထိုအခါ မင်းကြီးလည်း သာ၍ ယူကျုံးမရ ရှိလေသဖြင့် မျက်ရည်ကျလျက် 'ရှင်မိဖုရား၊ ငါကား မှားခဲ့ချေပြီ။ အသို့ ပြုရသတတ်နည်း' ဟု မေးတော်မူ၏။ မိဖုရားခေါင်ကြီးလည်း တစ်ကိုယ်တော်တည်း ရုပ်ဖျောက်ပြုကာ သုခမိန်ကို ရှာသင့်ကြောင်းနှင့် မင်းကြီးအား အကြံပေးလေ၏။ မင်းကြီးလည်း မိဖုရားကြီး၏ အကြံပေးချက်ကို နှစ်ခြိုက်တော်မူ၍ ရုပ်ဖျောက်ပြီးသော် ကိုယ်တော်တိုင် လှည့်လည်ရှာဖွေခြင်းဖြင့် အနောက်မဇ္ဈိုင်း၏အဆုံး၊ တစ်ဆောင်သော ဇရပ်တွင် နားနေသည်တွင် ဝတ်ဖြူစင်ကြယ် ဝတ်လျက် လာရောက်သူ တစ်ယောက်နှင့် တွေ့လေ၏။ ထိုလူကား မထင်မရှားသော မင်းကြီးအား ဤသို့သောစကားကို ဆိုလေ၏။

'အရှင်မင်းကြီး၊ အရှင်ကား ငမဲကျွန်ကို မထင်မရှားပြုကာ လိုက်လံရှာဖွေနေတာဟာ မြွေဆိုးကို အိပ်ဖန်စောင့်ထားပြီး မွေးမြူလိုလို့ ရှာဖွေဖမ်းဆီးနေတဲ့ သူနှင့် တူချေပြီ။ နန်းတော်သို့သာ ပြန်ပါ'

'အလို ... ငါ လာခြင်းနှင့် ငါ လာကြောင်းကို ဘယ်သူမှ မသိပါဘဲလျက် သင် ဘယ်လို သိသလဲ'

'ကျွန်ုပ်ကား သံတပ အမည်ရှိတဲ့ ဝိဇ္ဇာ'

'အချင်းဝိဇ္ဇာ၊ သင် ဘယ်လို ဆိုလိုက်သလဲ။ ငါ့သုခမိန်ဟာ ဝိဇ္ဇာမျိုးရဲ့ အတတ်ကို အကြွင်းမဲ့ တတ်ချေပြီ။ မြေကြီးအထုနှင့် ပြည့်စုံတဲ့ ပညာရှင်လည်း

ဖြစ်ချေပြီ။ နေအရောင်ထက် ပြင်းထန်စူးရှပြီး ဖောက်ထွင်းနိုင်တဲ့ အလင်းရောင် ပညာရှင်လည်း ဖြစ်ချေပြီ။ သူတစ်ထူးရဲ့ ကျေးဇူးကို ရှာဖွေပြီး နားလည်ကာ သိတတ်တယ်။ ငါ့ မတောင့်တဘဲ မနေနိုင်၊ မရှာဖွေဘဲ မနေနိုင်။ ငါ့သုခမိန်ကို ငါ တွေ့အောင် ရှာရလိမ့်မယ်။ မသင့်တဲ့စကားကို သင် မဆိုရန် ငါ ပြင်းပြင်း ထန်ထန် တားမြစ်ပါတယ်'

ထိုအခါ သံတပဝိဇ္ဇာသည် တဟားဟားရယ်၍ ပြက်ရယ်ခြင်းဖြင့် ဤသို့ ဆိုပြန်၏။

'မင်းကြီး၊ သင်သည် အဘယ်ကြောင့် မျက်စိကို အမြဲ ပိတ်ထားသနည်း။ ကျွန်ုပ်၏စကားဖြင့် အလင်းရောင်ကို ရငြားပါလော့။ သင် ဆိုတိုင်း ငမဲကျွန်သည် မှန်၏။ ငမဲကျွန် မရှိ၍ သင်နှင့်တကွ တိုင်းပြည်မှာ မည်ကဲ့သို့ အကျိုးဆုတ်ယုတ် နေပါသနည်း။ ငမဲကျွန်သည် သူ၏ ဝိဇ္ဇာဓရ အတတ်နှင့် ဝိဇ္ဇာအပေါင်းအား သူ့အလိုသို့ လိုက်စေနိုင်၏။ သျှတ္တရသဘော အမျိုးမျိုးတို့ကို နားလည်၍ စိတ် အတတ်နှင့် မိန်းမအားလုံးကို ၎င်းအလိုသို့ ပါစေပြီးလျှင် သဘောရှိ မွေ့လျော် ပျော်ပါးကာနေ၏။ နန်းတွင်းသူအားလုံးသည် ငမဲကျွန်နှင့် လွတ်ကင်းသူ မရှိ။ ၎င်းကို သင် သိ၏လော။ သင့် မင်းရင်ပြင်သည် ပညာရှိလေးဦးမှတစ်ပါး ချင်းကို အမြဲထောက်ခံ၍ နေတော့ပြီ။ ယခု မင်းကြီး လာခြင်းသည်လည်း မိဖုရားများ တိုက်တွန်းချက်ကြောင့် လာဟန် ဖြစ်ချေသည်။ သင်သည် ငမဲကျွန် ကို ဘယ်အခါမျှ ဆန့်ကျင်ဘက် မပြုနိုင်။ တစ်ရံသော် သင်သည် ဆန့်ကျင် မိအံ့။ ချင်း၏ မိုးကြိုးလက်နက်ဖြင့် ရုတ်ခြည်း ဖွဲပြာဖြစ်ရမည် ဧကန်ဖြစ်ချေ သည်'

မင်းကြီးသည် စိုက်၍ မတုန်မလှုပ်နှင့် နေ၏။ ဝိဇ္ဇာလည်း ဆက်၍ ဤသို့လျှင် စကားဆိုပြန်၏။......

'ချင်းရဲ့အတတ်ကို မင်းကြီး သိပြီး ဖြစ်တယ်။ ချင်းရဲ့ တုဖက်ကင်းတဲ့ အတတ်မျိုးနှင့် ကမ္ဘာကို အစိုးရတဲ့ တစ်မင်းတည်းရဲ့ စည်းစိမ်ကိုယူပြီး စံစား နေတယ်။ သည်သဘောကို မင်းကြီး သိရဲ့လား။ ယခု သူ ဘယ်မှာနေသလဲ။ သည်သူယုတ်ကို ဝိဇ္ဇာတို့ မတုနိုင်၊ ဇော်ဂျီများလည်း မတုနိုင်။ မင်းကြီးတော့ တုနိုင်ဖို့ ဝေးစွ။ နန်းအဆောင်ဆောင်၌ တစ်ဆောင်ဝင် တစ်ဆောင်ထွက် ပြုလုပ် နေပြီး မိဖုရားငယ်ငယ်၊ ရွယ်ရွယ်၊ လတ်လတ်၊ ကြီးကြီးတို့နှင့် သင့်သလိုနေကာ နတ်ဘောဇဉ်ကိုစားပြီး အမြဲပျော်ပိုက် မွေ့လျော်ခြင်း ပြုနေတယ်လို့ ချင်းကို ကြောက်ကြောက်နှင့် ကျွန်ုပ်လည်း ယိုးစွပ်ပါတယ်။ မင်းကြီး ရှာခြင်းဟာလည်း အချည်းနှီးပဲ။ သူ့နာမည်ကိုပဲ စဉ်းစားစမ်းပါ။ သူ့မယ်တော် ကျေးဇူးရှင် ဆရာ

ပရုပိုဇ်မကိုပင် ပြစ်မှားမိလို့ "ငမဲကျွန်" ဆိုပြီး ဒဏ်ခတ်ထားတယ်။ "ကျွန်" ဆိုတဲ့ စကားတစ်လုံးကို ဖြုတ်တဲ့နေ့ သူ့ကို မိုးကြိုးထိမှာပဲ။ ဒါကိုပဲ မင်းကြီး စဉ်းစားစမ်းပါ။ မြွေဆိုးထက် ဆိုးသော သတ္တဝါကို လိုက်လံရှာဖွေနေခြင်းမှ မင်းကြီး ဦးလည်သုန်ကာ ပြန်ပါ။ အလကား ဆင်းရဲမရောက်ချင်ပါနှင့်'

'အချင်းဝိဇ္ဇာ၊ သင်ဆိုတိုင်း ဘယ့်နှယ် မှန်နိုင်ပါ့မလဲ။ မဟုတ်တမ်း တရား စကားသာပါကလား။ ငါ့နေပြည်တော်ဟာ ငမဲကျွန် ရှိသရွေ့ ကာလ ပတ်လုံး အေးချမ်းသာယာ ရှိတယ်။ ငမဲကျွန်ဟာ ယခု မရှိ။ ငါ့သဘာဟာ တိတ်ဆိတ်ချေပြီ။ နေပြည်တော်ဟာ စနောင့်စနင်း ဖြစ်ယောင်ရှိနေပြီ။ တိုင်းပြည်ဟာ ဘေးသုံးပါး ရောက်တော့မလို ဖြစ်နေလို့ များစွာ စိုးရိမ်နေရပါတယ်။ အမောင်ဝိဇ္ဇာ၊ တိုင်းပြည်နိုင်ငံ ဆိုတာဟာ ရွှေ, ငွေ, ဘဏ္ဍာပစ္စည်း ပေါများလို့၊ စပါးဆန်ရေ ပြည့်စုံတာနှင့် စည်ပင်သာယာ ဝပြောလိမ့်မယ်လို့ ယူဆကာ အမှတ်မဲ့ နေလို့ မဖြစ်ဘူး။ တိုင်းပြည်မှာ တကယ့်ပညာရှိ သုခမိန် မရှိရင်၊ သို့မဟုတ် တကယ့်ပညာရှိ သုခမိန်များ တိမ်မြုပ်နေရင် တိုင်းပြည်ဟာ စနောင့်စနင်း ဖြစ်လာကာ မမှားမယွင်းတန်တဲ့ အမှုဋ္ဌ မှားယွင်းပြီး သူပုန်သူကန်တွေ ပေါ်လာ တတ်တယ်။ အဲသည်လို ပေါ်လာရင် ခုတင်က ပြောခဲ့တဲ့ ပြည့်စုံတာတွေဟာ ဘာမှ အသုံးမဝင်တော့ဘဲ တိုင်းပြည် ပျက်စီးသွားတတ်တယ်။ ဒါကြောင့် ငါ့ပညာရှိကို မတွေ့မနေ ရှာဖို့ ဝတ္တရားရှိတဲ့အတိုင်း တွေ့အောင် ကိုယ်တော်တိုင် ရှာဖို့ လာခဲ့တယ်။ ငါ့ နေပြည်တော်ကို ငါ မပြန်နိုင် မောင်ဝိဇ္ဇာ'

'အရှင်မင်းကြီး သိပ်ကို အယူလွဲနေပါကလား။ နေပြည်တော်သို့ စိတ် အေးအေးကြည်ကြည်နှင့် ပြန်တော်မူ။ မင်းကြီး ဘာကို အလိုရှိသလဲ၊ ဘယ်လို ပြီးစီးခြင်းကို လိုသလဲ။ အလိုရှိသလို ပြည့်စုံစေရမယ်။ ကျွန်ုပ်ဟာ သံတပဝိဇ္ဇာ ဖြစ်တဲ့အတွက် ဘာကိုမဆို တတ်နိုင်ရမယ့် တန်ခိုးရှင် ဖြစ်တဲ့အပြင် ပျက်စီး နစ်မွန်းလတ္တံ့ ဖြစ်တဲ့သူများကို ကယ်ဆယ်မယ်လို့ အဓိဋ္ဌာန်ရှိခဲ့တာနှင့် တန်ခိုးရှင် ဖြစ်တဲ့အတိုင်း ကယ်ဆယ်ဖို့ ဝတ္တရားဟာ ကျွန်ုပ်ရဲ့ ဝတ္တရားပဲ။ မင်းကြီးရဲ့ တိုင်းသူပြည်သားအားလုံး အဆင့်အတန်းမရွေး ရွှေငွေတို့ကို လိုသလောက် ကျွန်ုပ် ပြုလုပ်ပေးမယ်။ ဒါပြင်လည်း မအို, မနာ, မသေ, အစားအစာကို မရှာမဖွေရဘဲ သစ်ရွက်သစ်သီးမျှနှင့်ပင် အာဟာရ ပြီးနိုင်တဲ့ ပြဒါးပြာကို ပြည်သူ ပြည်သား အားလုံးအား ကျွန်ုပ် ပေးမယ်။ ဘာကြောင့် သူယုတ်မာ ငမဲကျွန်ကို လိုက်ပြီး ရှာနေသလဲ။ ဘယ့်နှယ်လဲ၊ သဘောတော်တွေ့ပြီး အလိုတော်ပြည့်မယ် မဟုတ်လား။ ကိုင်း ... ကျွန်ုပ်နှင့်အတူ နေပြည်တော်သို့ ပြန်ကြစို့။ နေပြည်

တော်၌ ဗိုလ်ထုနှင့်သာ တိုင်ပင်ပြီးတော့ အလိုရှိသမျှကို ပြည့်ဝအောင် စီစဉ်ပေတော့'

မင်းကြီးသည် သံတပဝိဇ္ဇာ စကားကို သဘောကျသဖြင့် သံတပဝိဇ္ဇာနှင့် နေပြည်တော်သို့ ပြန်တော်မူလေ၏။

သက်သာပြည်ကြီး၌လည်း "အာဟာရပြီးစီး၍ ရွှေငွေ ဖြစ်နိုင်သော ပြဒါးပြာကို သံတပဝိဇ္ဇာဝိုရ်သည် ခုနစ်ရက်အတွင်း တိုင်းသူပြည်သားတို့အား တစ်ယောက်မကျန် ဝေငှလိမ့်မည်" ဟု နေပြည်တော်တွင် စည်တော်သံ တခြိမ့်ခြိမ့်နှင့် ဖြစ်နေလေ၏။

ထိုကဲ့သို့ စည်လည်၍ သုံးရက်မြောက်သောနေ့ နံနက် ညီလာခံသဘင်၌ သံတပဝိဇ္ဇာသည် ပလ္လင်ထက်တွင် မင်းကြီးနှင့် အတူထိုင်လျက် အသရေတူကို ယူ၍ မင်းမှူးမတ် စုံညီတို့နှင့် ညီလာခံသဘင်ကို ဆင်ယင်ကျင်းပနေလေ၏။

ထိုခဏ၌ တစ်ဆယ့်နှစ်နှစ်သား အရွယ်ရှိ သူငယ်တစ်ယောက်သည် ဝါးတုတ်ကို မြင်းပြုကာစီး၍ တောက်ပြောင်သော သတ္တုကြိုးတစ်မျိုးနှင့် တပ်ထားသော လင်းလေးကို သိုင်းလွယ်လျက် ပုဆိုးကို လည်ဝယ်ရောက်ကာ ရဲရဲရင့်ရင့်ဖြင့် မင်းရင်ပြင်သို့ ရောက်လာလေ၏။ 'သက်သာပြည်ကြီး ပျက်တော့မည်' 'သက်သာတိုင်းပြည်ကြီးဟာ တိရစ္ဆာန်နိုင်ငံကြီး ဖြစ်ရတော့မည်' 'သက်သာပြည်သူတို့ဟာ လူ့ဘဝမှ တိရစ္ဆာန်ဘဝသို့ သက်ဆင်းကြရတော့မည်' တို့ဖြင့်လည်း ဟစ်ကြွေးနေသည်ကို မင်းကြီးနှင့်တကွသော ဗိုလ်ထုသည် ကြည့်နေကြကုန်၏။

ထိုသူငယ်ကား အလွန်ရဲရင့် တည်ကြည်သော အသံနှင့် ဤသို့ ဆိုပြန်၏။

'ဟယ် ... သံတပဝိဇ္ဇာ၊ သင်ဟာ မတူမတန်ဘဲနှင့် ဘဝ၏ တက်သစ်ပွင့်လင်းရာ အဖြစ်ဖြင့် ဘုန်းကံရှင်တို့သာ ထိုက်တန်တဲ့ ရာဇပလ္လင်ပေါ်တွင် မင်းကြီးနှင့် အတူနေလျက် ညီလာခံခြင်းကို ယူနေတယ်။ သင် ... တိုင်းပြည်ကို ကျူးလွန် စော်ကားလှပါကလား။ တိုင်းနေပြည်သူတို့ကို တိရစ္ဆာန်ဘဝသို့ သိမ်းသွင်းနေပြီ။ သင်ဟာ ကာမဂုဏ်ကို နောက်ခံကားချပ်ယူပြီး တိရစ္ဆာန်ဇာတ်ထုပ်ကို ခင်းကျင်းတော့ပြီ။ ဝိဇ္ဇာကား ဝိဇ္ဇာ၊ ဘုရင်ကား ဘုရင်၊ မင်းရာ မချန်၊ သင့်မှာ မင်းဂိုဏ်း သင့်နေချေပြီ။ သင့်ကို ငါ ဆုံးမရတော့မလား။ သင် ရာဇပလ္လင်ပေါ်မှ ခုချက်ချင်း ဆင်းလော့။ သင့်နေရာကို သင် သိ၍ ဒူးနေရာကို ဖြစ်စေလျက် သင် ပျပ်ဝပ် ခ စားလော့'

ထိုအခါ သံတပဝိဇ္ဇာသည် မိမိကား ဓာတ်ပြာအားဖြင့် ရုပ်ကို ပွားများ

တင့်တယ် တည်တံ့ရသူဖြစ်၍ ထိုသူငယ်ကို ရဲရဲမကြည့်ဝံ့ဘဲ ရာဇပလ္လင်ထက်မှ ဆင်းပြီးလျှင် သင့်သောနေရာကို ယူလျက် မင်းကြီးကို ခစားကာ နေရလေ၏။ ဗိုလ်ထုသည်ကား ထိုသူငယ်ကို အံ့အားသင့်စွာနှင့် ကြည့်နေကြကုန်၏။

မင်းကြီးကား ဤကား ငါ့သုခမိန် ပညာရှိ၏ အစီအရင်သာတည်းဟု ရိပ်မိ၍ 'အမောင် .. အဝတ်ကိုသာ ဝတ်ပါလော့' ဟု ဆိုတော်မူ၏။

'အရှင်မင်းကြီး၊ သည်သဘာမှာ ကလေးများသာ ရှိကြပါသည်။ ကလေးချင်းကို ရှိသေကိုင်းညွတ်စရာ မရှိပါ၍ ကျွန်တော် အဝတ်ဝတ်ရန် မလိုပါ'

'အမောင် ပသို့ ဆိုလိုက်ပြန်ဘိသနည်း'

'မင်းကြီး၊ ကျွန်တော်၏စကားသည် မှန်၏။ မရွေ့မလျားဘဲ ကျောက်စာတိုင်ကဲ့သို့ မြဲစွဲတည်နေ၏။ လောကမှာ ကလေး လူကြီး ဟူ၍ ရှိကြ၏။ ကလေး ဆိုသည် ထိုးထွင်းသိမြင်နိုင်၊ သိမြင်တတ်သောဉာဏ် မရှိ။ အချင်းချင်း ရန်ဖြစ်တတ်၏။ ကုန်းစကား ဆိုတတ်၏။ သည်းခံခြင်း မရှိ။ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြုကျင့်ပြောဆို လုပ်ကိုင်တတ်၏။ လူ့ပြည်၌ အနေကြာ၍ အသက် နှစ်အရေအတွက် များသော်လည်း ထိုသဘာဝမှ မလွန်ဆန်ချေသော် ကလေးမျှသာ ဖြစ်ချေသည်။ ကလေး ဆိုသည်ကား ကလေး ဖြစ်၍ ကခြင်း၌သာ လေးစားနေကြ၍ ပျော်ဖို့နှင့် စံစားဖို့၊ ကစားဖို့၊ အလိုအတိုင်း ရဖို့တို့ကိုသာ သိသော သတ္တဝါမျှသာလျှင်ပါ တကား'

'အမောင်၊ အမောင့်စကားကို ငါ နားလည်ပါပြီ။ လူကြီးများ ဘဝကို တစ်စတစ်စ သွတ်သွင်းပါမယ်။ အဝတ်ကိုသာ ဝတ်ပါတော့'

ထိုသူငယ်သည် အဝတ်ဝတ်၍ ဓာတ်ကိုးပါးဖြင့် စီရင်ထားလျက်၊ တောက်ပြောင်လျက် ရှိနေသော ခါးပတ်ကို ပတ်ပြီးလျှင် ဤသို့ ဆိုပြန်၏။

'ဗိုလ်ထုများ၊ သတိကိုဖြစ်စေကြလော့။ သက်သာပြည်ကြီး၌ သံတပဝိဇ္ဇာသည် လူတိုင်း ပြဒါးပြာဖြင့် ချမ်းသာကြွယ်ဝစေမည်ဟု ဆို၏။ သံတပဝိဇ္ဇာသည် သူ့ကိုယ်တိုင်ပင် ချမ်းသာကြွယ်ဝသည် ဆိုခြင်းကို မသိချေ။ ချမ်းသာကြွယ်ဝသည် ဆိုခြင်းကား အစားအသောက် ပေါများခြင်းနှင့် အဝတ် လုံလောက်ခြင်းပါ တကားဟု တိုင်းပြည်သည် မသိသကဲ့သို့ သံတပလည်း မသိချေ။ သိခဲ့လျှင် သံတပသည် လောကကို ပျက်စီးအောင် ပြုသောသူ ဖြစ်ချေမည်။ လူကို တိရစ္ဆာန်ဖြစ်အောင် ပြုမူသူ ဖြစ်ရမည်။ သံတပ ဆိုတိုင်း လူတို့အား ပြာများကို ပေး၍ ပြာဖြစ်လျှင် သစ်ရွက်၊ သစ်သီး၊ သစ်ပွင့်တို့နှင့် ရောကာ အာဟာရ၏ ပြီးမြောက်ခြင်းကို ဖြစ်စေရမည်ဟု ဆိုတော့ အဝတ်ကို ဘယ်သူက ပေးမလဲ။ ပြဒါးပြာသည် အဝတ်ကို မဖြစ်စေနိုင်။ သူကိုယ်တိုင်ပင် အိမ်ဈေး၌

ဈေးသည်မ ကလေး၏ အငေါက်အငမ်းကို ခံပြီးသော် အဝတ်ကို ဝယ်ယူရသည်မှာ မကြာသေးပေ။

'လူအားလုံးသည် ပြဒါးပြာကြောင့် ရွှေရှင်၊ ငွေရှင်တို့ ဖြစ်နိုင်ကြသည်ကား မှန်ပါသည်။ မှန်သည့်အတိုင်း ဖြစ်ကြလော့။ တောင်ယာ၊ ယာတို့ကို မည်သူတို့ လုပ်ကြမည်နည်း။ အဝတ်ဖြစ်သော ဝါကို အဘယ်က ရမည်နည်း။ လူအားလုံးသည် ရွှေရှင်၊ ငွေရှင်ချည်း ဖြစ်ကြ၍ ရွှေငွေတို့ အလို့ငှာ ဝါကို အပိုလုပ်ကြတော့မည် မဟုတ်ပေ။ အခြား အလုပ်အကိုင်တို့ကိုလည်း လုပ်ကြတော့မည် မဟုတ်ပေ။ လူတိုင်းသည် ကိုယ်၏အတွက် ထွန်တုံးကိုင်၍ မြေပေါ်သို့ ဆင်းကြရမည်။ လူတိုင်း နေထိုင်ဖို့ အဆောက်အဦကို ကိုယ်တိုင် ဆောက်ကြရတော့မည်။ သူကြွယ်၊ သူဌေး၊ သူဆင်းရဲ ဟူ၍ မရှိ။ မင်းထံ ခစားမည့် သူများနှင့် မင်းမှုထမ်းတို့သည် ဝမ်းစာအတွက် ရွှေ၊ ငွေတို့သာလျှင် အကြောင်းရင်း ထား၍ ခစားထမ်းရွက်ကြသည်။ အားလုံး ရွှေရှင်၊ ငွေရှင်တို့ ဖြစ်ချေသော် တစ်ဦးကို တစ်ဦးသည် အဘယ်အတွက်ကြောင့် ခစားခြင်း၊ အမှုထမ်းခြင်းတို့ကို ပြုကြတော့မည်နည်း။ ခပ်သိမ်းသော မင်းခစားယောကျ်ားတို့သည် မင်းကို ကြည်ညို၍ ခစားထမ်းရွက်ကြခြင်း မဟုတ်။ ဥစ္စာစည်းစိမ် အလို့ငှာသာလျှင် ဖြစ်ချေသည်။ ခပ်သိမ်းသော သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ လက်မှုပညာသည် စသည်တို့သည်လည်း ဥစ္စာစည်းစိမ် အလို့ငှာသာလျှင် မိမိတို့၏ လုပ်ငန်းဆောင်တာတို့ကို လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်ချေသည်။ သံတပဝိဇ္ဇာ၏ အကြံသည် ထမြောက် အောင်မြင်ချေသော် ရှေးဦးစွာ မင်းထံ ခစားမည့်သူ မရှိ၍ မင်းကြီးသည် မရှိတော့ပြီ။ တိုင်းပြည်အလုံးမှာ ကွပ်ကဲမည့်သူ မရှိခြင်းကြောင့် နိုင်ရာစား ဖြစ်ကြလျက် မိန်းမတို့သည် ပြေးကြရမည်။ ယောကျ်ားတို့သည် ဝိုင်း၍လိုက်ကြတော့မည်။ ကာမဂုဏ်အရာ၌ လူသည် တိရစ္ဆာန်ကဲ့သို့ စည်းမရှိ၍ တိရစ္ဆာန်ထက်ပင် ဆိုးသည်သာ များလေသည်။

'ထို့ကြောင့် အကွပ်အကဲမဲ့သော ဤတိုင်းပြည်၌ မိန်းမချော မိန်းမလှများ ဖြစ်ကြကုန်သည့် မိဖုရားများ၊ မောင်းမမိဿံများ၊ ခပ်သိမ်းကုန်သော မိန်းမများတို့သည် ပြေးလွှားကြရ၍ ယောကျ်ားတို့သည် တရုန်းရုန်းနှင့် လိုက်ကြကုန်တော့မည်။ သက်သာပြည်ကြီးသည် လူ့လောကမှ အဆိုးဆုံးသော တိရစ္ဆာန်လောကသို့ သက်ဆင်းရပေလိမ့်မည်။ သံတပသည် တစ်ဦးတည်း ဗိုလ်ကျ၍ မိန်းမအခြံအရံနှင့် ဓိမ်ယူစံစားဖို့ မင်းကြီးနှင့်တကွသော တိုင်းသူပြည်သားတို့သည် သံတပဝိဇ္ဇာ၏ တိရစ္ဆာန်လောက တည်ထောင်မှုကို အခွင့်ပြုကြတော့မလား။ တိရစ္ဆာန် လောကကို ဖန်တီးနေသော သံတပဝိဇ္ဇာအား ဤနဂါးပတ်

ကျော့ကွင်းနှင့် ဖမ်း၍ ခါးပတ်အင်းနှင့် ချုပ်တည်းပေးပါအံ့။ သံတပကို ဖမ်းကြကုန်။ ခြေ လက် ခေါင်းတို့ကို ဖြတ်ပြီးလျှင် ဝိဇ္ဇာသားကို စားကြကုန်။ သက်သာပြည်ကြီး၌ အတတ်ကို အားကိုး၍ တစ်ကောင်တည်းသော နွားလားအဖြစ်နှင့် မင်းမှုလိုသော သံတပကို မပြေးရအောင် ဝိုင်းကြကုန်၊ ဖမ်းကြကုန်လော့'

ထိုအခါ သံတပဝိဇ္ဇာသည် ငမဲကျွန် စီရင်၍ပေးလိုက်သော နဂါးပတ် ကျော့ကွင်းကို မတုပြိုင်ဝံ့သဖြင့် ညီလာခံသဘင်မှ အလစ်ပြုကာ ထွက်ပြေးလေ၏။

မင်းကြီးကား ထိုသူငယ်အား နေရာပေး၍ 'အမောင့်ဆရာကား ငမဲကျွန် ပညာရှိကြီး မဟုတ်လော' ဟု အမေးတော်ရှိရာ၊ ထိုသူငယ်လည်း 'ဟုတ်မှန် ပါသည်' ဟု လျှောက်ထားလေ၍ ဤသို့ မိန့်တော်မူ၏။

'အင်း ... ငါ့ပညာရှိသည် အဘယ်မှာနည်း။ ငါ့ပညာရှိကို ငါ လိုက်ပြီး သိမ်းယူတော်မူမယ်'

'ကျွန်တော် တင်လျှောက်ပါအံ့'

'အင်း ... လျှောက်တင်'

'တစ်နေ့သောနံနက် နေသာသာ၌ ဘုရင့်သုခမိန် ငမဲကျွန် ဆရာကြီး သည် တံငါသည်တို့၏ နေရာ အရှေ့မှ တစ်ယောက်တည်း ဖိနပ်ကိုမျှ မစီးဘဲ စောင်းကောက်ကိုထမ်းလျက် ကျွန်တော်များ၏ မုဆိုးဘိုရွာသို့ ဝင်လာချေတော့ ပြီ။ မုဆိုးအပေါင်းတို့သည် ပညာရှိ၏ ကျေးဇူးဂုဏ်ကို နားလည်ကြခြင်းဖြင့် သုခမိန်အား မိမိတို့၏ အရှင်သခင်အမှတ်နှင့် ခစားကာ ဝတ်မပျက်ဘဲ လုပ်ကျွေး သမှု ပြုကြပါသည်။

'တစ်နေ့သောအခါ မုဆိုးတို့ကို စည်းဝေး၍ တောနှင့် တိရစ္ဆာန်တို့၏ လှည့်ဖြားမှု အတတ်တို့ကို သင်ပေးနေသည်တွင် တိုင်းသူပြည်သားတို့အား ပြဒါးပြာကို လူစေ့အောင် ဝေငှပေးမည်ဟူသော စည်လည်သံကို ကြားရလတ် သော် သုခမိန်သည် "တိရစ္ဆာန်လောက ဖြစ်ရတော့မှာပါကလား။ မင်းကြီးသည် ငါ့အား အမျက်မပြေ၍ သေစေမည် ဖြစ်သော်လည်း မင်းကြီး၏ ကျေးဇူးတော် သည် ငါ၏ တစ်သက်၌ ချေဆပ်၍ မကုန်နိုင်အောင် ကြီးနေပေ၏တကား။ ငါမှတစ်ပါး မင်းကြီးနှင့် တိုင်းပြည်ကို ကယ်ဆယ်နိုင်မည့်သူ မရှိချေတကား" ဟု ညည်းတွားလျက် ရွှေနှင့် စိန်ပြာကို ရောပြီးလျှင် အင်း စီရင်ကာ ဤခါးပတ်ကို ပြုလုပ်ပါသည်။ ဆေးဒန်း၊ မြင်းသီလာကို သတ္တုချ၍ လေးညှို့ပြုလုပ်လျက် လျှပ်စစ်အားသွင်းထားသော ဤငွေလေးကို မိုးကြိုးဓာတ်လျှင် အပြီးတိုင်သည့် ဤစိန်သွားမြားတို့နှင့် စီမံပြီးသော် ဤနေ့၌ ကျွန်တော့်အားပေး၍ ဤသဘာသို့ ဤသို့ သွန်သင်ပြီးသော် လွှတ်ပါသည်။ ထိုသို့ လွှတ်ပြီး ခဏ၌ "သက်သာ

ပြည့်ရှင် ဘုရင် သမုတိရွှေမှောက်မင်းကြီး ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေ၊ တိုင်းနေပြည်သူအားလုံး ဘေးရန်ကင်းစေ၍ ဆင်းရဲအမျိုးမျိုးမှ လွတ်ကင်းပါစေ”ဟု ဆုတောင်းပြီးလျှင် ဘုရင်မင်းမြတ်ကို မှန်းဆကာ အရိုအသေပြုပြီးမှ “ငါသည် ဤအရပ်၌ ရှိသည်ဟု မင်းကြီး သိငြားအံ့၊ တစ်ဖက်၏ ကုန်းစကားကို မလွန်ဆန်သာ၍ မင်းကြီး၏ သန်လျက်တော်နှင့် ငါသည် သေရလတ္တံ့။ ငါသည် သွားတော့အံ့”ဟု တဘက်ကိုပေါင်း၊ စောင်းကောက်ကိုထမ်း၊ အဝတ်နွမ်းနှင့် မြောက်ဆီသို့ တန်းတန်းမတ်မတ် ထွက်သွားရှာချေပြီ တကား။ ဤနဂါးပတ် ကျော့ကွင်းနှင့် မြား၊ လေး၊ ခါးပတ်တို့ကို သုခမိန်၏ အမှာအတိုင်း အရှင်မင်းကြီးအား ဆက်သခဲ့ပါသည် ဘုရား’

ထိုသို့လျှင် သူငယ်သည် စေ့စပ်စွာ လျှောက်တင်လတ်သော် မင်းကြီးသည် ပညာရှိလေးဦးအပေါ်၌ အမျက်တော် ရတ်တရက် သည်းထန်စွာ ကျလာ၍ ‘ဟဲ့ ... အာဏာသားများ၊ ပညာရှိလေးဦးကား အင်မတန် စဉ်းလဲတဲ့ သူယုတ်မာများ ဖြစ်ကြတယ်။ သင်းတို့ကြောင့် ပညာရှိသူတော်ကောင်း ငါ့သုခမိန်ဟာ ငါနှင့် ကွေကွင်းရပြီး ငါ့တိုင်းပြည်ဟာ စနောင့်စနင်း ရှိလာတယ်။ ဒါကြောင့် ပညာရှိ လေးဦးကို လေးပြင် လေးရပ်၌ မောင်းကြော်ပြီး ကြက်သံတိတ် အရပ်မှာ သင်းတို့ရဲ့ ခေါင်းများကို ဖြတ်စေ။ ကိုယ်များကို ခွေးစာကျွေးစေ။ တစ်ချက်လွှတ် အမိန့်တော်’ ဟု အမိန့်တော် ချမှတ်လေ၏။

ထိုအခါ ထိုသူငယ်သည် မင်းကြီးကို ရှိခိုး၍ ဤသို့ တင်လျှောက်လေ၏။

‘အရှင်မင်းကြီး၊ သမ္မာတော်နှင့်အညီ ဉာဏ်တော်ကြည်၍ သဘာဝ၏ ပလီမှုကို သည်းခံတော်မူပါဘုရား။ အရှင့်သုခမိန်သည် ဤသို့လည်း မင်းကြီးထံ လျှောက်ထားရန် အတန်တန် မှာထားလိုက်ပါသေးသည်။ မင်းကြီးသည် ဤသို့လျှင် တင်လျှောက်၍ ပြည်တော်အား ကယ်ဆယ်ပြီးနောက် ပညာရှိလေးဦး အပေါ်၌ အမျက်တော် သည်းထန်စွာဖြစ်လျက် ရာဇဒဏ်ကို ကြီးစွာ ဖြစ်စေပေလိမ့်မည်။ ဤသည်ကား သဘာဝကို ကျော်ပေးရာ ရောက်၍ မသင့်ချေ။ အခါခပ်သိမ်း၌ လိမ္မာသော ဗိသုကာသည် သစ်နှင့် သံကို မရ၍ အဆောက်အဦကို မဖြစ်စေသော် နေရာသခ်မ်းသည် ဖြစ်ပေါ်နိုင်ခြင်း မရှိသောကြောင့် ဝါးနှီးတို့နှင့် တင့်တယ်သော အရိပ်သခ်မ်းကို ဖြစ်တည်စေတော့ပြီ။ ထိုနည်းအတူ ပညာရှိလေးဦးဖြင့် နေပြည်တော်ကို သာယာတင့်တယ် တည်တံ့စေသင့်သည် ဖြစ်ခြင်းကြောင့် သဘာဝကို မျက်နှာမူသောအားဖြင့် ပညာရှိ လေးဦး၏ အသက်ကို ချမ်းသာပေး၍ တည်မြဲသော စည်းစိမ်ကို မပျက်စီးစေဘဲ ဆက်လက် ချီးမြှင့်ကာ မြှောက်စားသင့်ပါသည်။

'သုခမိန်သည် မင်းကြီးထံ လျှောက်ထားရန် ပြဆိုခဲ့သည့်အတိုင်း မှာထားခဲ့ပါသည်'

မင်းကြီးသည် ထိုသို့ လျှောက်တင်သဖြင့် အမျက်လျှော့ပြီးသော် မျက်ရည်စက်လက်နှင့် ဤသို့ ကျူးရင့်တော်မူလေ၏။

'သူယုတ်မာသည် ကောင်းကျိုးအား ဆောင်နေသည့်သူကို စဉ်လျက် ပျက်စီးအောင် ကြံစည် ပြုမူသော်လည်း ပညာရှိ သူတော်ကောင်းသည်ကား ရန်သူကို စဉ်လျက် ကောင်းသောအကျိုးတို့ ဆောင်ရွက်ချေပြီ တကား'

## လူဝံမနှင့် မင်းသား

သမုတိရွှေမှောက် မင်းကြီး၏ ဒုတိယသားတော် အိမ်ရှေ့မင်းသားသည် ခမည်းတော်သည် သုခမိန်ကြီးအတွက် တစ်နေ့တစ်ရက်မျှ စိတ်ကြည်သာတော် မမူသဖြင့် ပညာရှိကြီးကို တွေ့အောင်ရှာ၍ ပင့်ဆောင်ခဲ့ပါမည်ဟု အာမဝန္တံ ခံယူခဲ့ပြီးသော် နောက်လိုက်ဗိုလ်ပါ အနည်းငယ်နှင့် နေပြည်တော်မှ ထွက်ခဲ့လေ၏။

မင်းသားသည် တစ်တောဝင်၊ တစ်တောင်ထွက်နှင့် ခရီးပြင်းပြုပြီးလျှင် သုခမိန်အား ရှာဖွေပါသော်လည်း ရက်သာကုန်၍ မတွေ့သဖြင့် နောက်ပါတို့နှင့် ခွဲကာ တစ်ဦးချင်း ရှာဖွေကြကုန်၏။ မင်းသားသည် ဤနည်းဖြင့် တောကြီးထဲသို့ ရောက်သွားရာ မျက်စိလည် လမ်းမှားလျက် တဝဲလည်လည် ဖြစ်နေပြီးသော် ရေချမ်းစင်တစ်ခု အနီးရှိ ညို့ပင်ကြီးအောက်၌ အပန်းဖြေကာ နားနေလေ၏။

ထိုအခိုက်အတန့်၌ ဝံမသည် မင်းသားရှိရာသို့ တစိုက်စိုက်နှင့် လာနေ၏။ မင်းသားလည်း ဘေးဥပဒ် ဖြစ်ရသတတ်ဟု အောက်မေ့ကာ ထိုဝံမဘေးမှ ကာကွယ်ရန် ကြံစည်သော်လည်း အချည်းနှီး ဖြစ်မည်ကို တင်ကြိုသိမြင်၍ အနီးရှိ သစ်ပင်ပေါ်သို့တက်ရန် အားထုတ်ဘိ၏။ ထိုခဏစဉ်တွင် ဝံမသည် မင်းသား၏ အနီးသို့ ရောက်လာရာ မင်းသားသည် အလွန် ကြောက်ရွံ့တုန်လှုပ်လျက် ရှိနေ၏။

ထိုအခါ ဝံမသည် ကြည်လင်သော မျက်လုံး၊ ချိုသာသော မျက်နှာတို့ကို ပြ၍ မိုးပေါ်သို့ ညွှန်ပြပြီးလျှင် လက်ကို ဝိုင်းကာပြလေ၏။ မင်းသားကား ဝံမ ဆိုလိုသော အနက်အဓိပ္ပာယ်ကို နားလည်၍ အကြောက်မှ သက်သာရာ ရလေ၏။ ဝံမလည်း သစ်သီး၊ သစ်ဥ၊ သစ်ဖုတို့နှင့် မစုပ်ပျားရည်ကို မင်းသားအား စားရန်ပေး၏။ မိမိကိုယ်တိုင်လည်း ပြုံးသော မျက်နှာပေး အမူအရာတို့နှင့် ထိုသစ်သီး၊ သစ်ဥ၊ သစ်ဖုတို့နှင့် ပျားရည်ကို စားကာ ပြ၏။

ရာပြည့်စာအုပ်တိုက်

မင်းသားသည် ဝံမက ဧည့်ဝတ်ပြုသော အစာတို့ကို စားလေရာ ဝံမသည် ရယ်၏။ ထို့နောက် မကြာမတင်မီပင် မင်းသားသည် ဝံမအားဖြင့် အလွန်ကြီးမြင့်သော သစ်ပင်ကြီးတစ်ပင်ပေါ်ရှိ အသိုက်တွင်းသို့ ရောက်သွားလေ၏။ ဝံမသည်ကား လိမ္မာသော အိမ့်ရှင်မကဲ့သို့ မင်းသား၏ ခြေလက်ကိုယ်တို့ကို ဆုပ်နယ်ပေးပြီးမှ အိပ်လေ၏။ ဤနည်းဖြင့် မင်းသားသည် နေ့အချိန်၌ သစ်ပင်အောက်၌နေရ၍ ညအချိန်၌ သစ်ပင်ပေါ်ရှိ အသိုက်အတွင်း၌ အိပ်ရ၏။ ဝံမသည် အစာရှာထွက်သွားသောအခါ မင်းသားကို သစ်ပင်မြင့်ပေါ်ရှိ အသိုက်အတွင်း၌ တင်ထား၏။ ရှာခဲ့သော အစားအစာများကိုလည်း နေ့မကူးစေဘဲ မင်းသား စား၍ ကျန်လျှင် လွှင့်ပစ်စေ၏။

ဤနည်းဖြင့် သုံးရက် မြောက်လတ်သော် မင်းသားသည် ဝံမကို မြတ်နိုးသော မျက်နှာနှင့် ကြည့်၏။ နူးညံ့သော မွေးညင်းတို့၏ အလယ်၌ ပန်းရောင်နအဆင်းရှိ ဝံမ၏ ဂုဏ်ရည်နှစ်သွယ်ကို စမ်းသပ်၏။ ဝံမသည် ပြုံး၍ နေ၏။ ကြာနီပန်း၏ အသွေးကဲ့သို့ အရောင်အဆင်း အသွေးအရည်နှင့်တကွ လှနေသော သဘာဝ ဓာတ်ကိုလည်း မင်းသားသည် ငမ်းငမ်းတငင်နှင့် ရွှင်လျက်မက်မောနေသည်ဟု ဝံမသည် သိပုံပေါ်၏။ ဝံမသည် မြေ၌ "ဝ" "–" ဟူသောလက္ခဏာ အရေးအကြောင်းကို ရေးပြ၏။ မင်းသားကား လူဖြစ်၍ ကြက်မျိုးတို့ထက် အခွင့်ကြုံက ဆိုးသွမ်းသည်အားလျော်စွာ တွေ့သလို ပျော်မွေ့ချင်သောလက္ခဏာကို ထင်ရှားစေသဖြင့် ဝံမသည် အသိုက်အတွင်းသို့ မင်းသားကိုပိုးကာတင်သွားလေ၏။

မင်းသားသည် ဝါးရုံပင်တို့ ခြံရံလျက်ရှိသည့် သစ်ပင်ကြီး အထက်ရှိ အသိုက်အတွင်းသို့ရောက်ကာလ မွေးနတို့ဖြင့် တင့်တယ်လှပ အိစက် ဝန်းဝိုင်းသော ဂုဏ်ရည်လက္ခဏာတို့ကို သုံးသပ်လျက် မချုပ်တည်းနိုင်သော သဘောကိုပြသည်ရှိသော် ဝံမသည် တရစ်, မာ, ပ, လေ, တူ, သ, မ, ရှ, ဟောင်ဟူသော ၎င်း၏ သဘာဝအလျောက် ခရာလျက်၊ တာလျက် ဗျာပါဖက်ပြီးလျှင်တောင်းပန်ခြင်းကို ပြုရှာ၏။ မင်းသားကား ကာမဂုဏ်မှု၌ ငမ်းငမ်းတငင်ပြု၍ဝံမအား ချစ်ခြင်းကို ပြုလေသော် ဝံမလည်း မင်းသား၏အကြိုက်ကို လိုက်လျက်ငိုက်ပြီးလျှင် မိုက်မှားလျက် သစ်ပင်ထက် အသိုက်ခန်းတွင် ပရမ်းပတာ ပျော်မြူးခြင်း ပြုလေ၏။

ထိုကဲ့သို့လျှင် ချစ်ခင်ကြင်နာ သဒ္ဒါလွန်ကဲ တောကပွဲ၌ နှစ်ပါးသွားအဖြစ်နှင့် နွဲကြပြီးသော် ဝံမသည် ဟင်း, ယစ်, ဟူ, တူ, မ, ဟင်ဟု နှုတ်ခမ်းထူထူနှင့် မူသလို၊ ပူသလို၊ ခရာပိုပြီးသော် ၎င်း၏ ဘာသာအလျောက် စကားကိုဆိုရှာလေ၏။

ထိုတောအုပ်၌ ဝံမ, ကျားမ, ရသေ့ပျက် ဟူ၍ ထင်ရှားစွာ ရှိလေ၏။ ဝံမနှင့် ကျားမသည်ကား မနုစာရီပရဗိုဇ်မထံ၌ သုံးနှစ်သုံးဝါခန့် နေခဲ့၍ ပရဗိုဇ်မ၏ အဆုံးအမ၌ တည်ခဲ့သူများ ဖြစ်ကြ၏။ ၎င်းတို့သည် ထိုတောအုပ်သို့ဝင်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ မိတ်ဆွေကောင်းအဖြစ်နှင့် နေခဲ့ကြရာ၊ ထိုတောအုပ်တွင် ထွက်ရပ်ပေါက် ရသေ့တစ်ပါးနှင့် တွေ့သဖြင့် စုံညီ ခစားကာ လုပ်ကျွေးသမှု ပြုကြကုန်၏။

အခါတစ်ပါး မကာရ ရာသီ၌ ကျားမမှာ ဥတု၏ အခါကြောင့် ကာမဂုဏ်ဓာတ်၏ ထိုးကျင့်ခြင်းဖြင့် ချစ်ခြင်းဓာတ်သည် ပြင်းပြလာ၍ ရသေ့၏ထံ၌ ဝပ်၏။ ကြင်နာ ကြည်နူးဖွယ်သော အသံသေး၊ အသံကြောင်တို့ကို ပြု၏။ အမြီးကို ကြွ၍ လှုပ်ရှားခြင်းကို ပြု၏။ ရသေ့သည် ကျောနှင့် မြီးထူးကို စမ်းသပ်၏။ ကျားမလည်း နှစ်ခြိုက်ခြင်း သဘောကို တိုး၍ပြ၏။ ကရိန့်၊ ကရိန့်၊ အိမ်၊ အိမ်၊ အင် အင် ဟူသော အသံကိုလည်း ပြု၏။ ဤနည်းဖြင့် ကျားမနှင့် ရသေ့သည် တောကြီးအလယ်တွင် ကာမဘုံသားပီပီ သဘောညီညွတ်ခြင်းကို ပြုကာ ပျော်မွေ့ မြူးထူးမိကြခြင်း အားလျော်စွာ တစ်ဦးနှင့်တစ်ဦး အလွန်ခင်မင်နှစ်သက်ခြင်းသည် ဖြစ်ကြလေ၏။

ထိုအခါ ကျားမသည်ကား "သူခိုး သေဖော်ညှိသကဲ့သို့" ဝံမကိုလည်း မိမိကဲ့သို့ ဖောက်ပြန်စေလိုသော သဘောဖြင့် ဝံမနှင့် ရသေ့ကို နှစ်ဦးချင်း တွေ့ခွင့်ပေးလေ၏။ ရသေ့လည်း အကျင့်ပေါက်ကြားခြင်းဖြင့် ဝံမကို နှူး၏။ ဝံမလည်း အကျင့်ကို မယိုယွင်းရအောင် စောင့်ထိန်း၏။ ထို့ကြောင့် ရသေ့သည် ဝံမကို မျက်မုန်းသို၏။ ၎င်း၏ အလိုကျ မရသဖြင့် ဝံမ၏အပေါ်၌ ပျက်စီးရာ ပျက်စီးမှုကို လိုလားလာ၏။

ထိုကဲ့သို့ အဖြစ်အပျက်အတွင်း တစ်နေ့ညဉ့်အယံ၌ ကျားမသည် ဝံမ၏ အသိုက်အောက်သို့ ရောက်လာ၏။ မင်းသားနှင့် ဝံမလည်း အသိုက်တွင်း၌ လရောင်၏ ခြယ်လှယ်ခြင်းကြောင့် တက်ကြွသော အဟုန်နှင့် ကာမဂုဏ်အမှုကို ပျော်ပါးစွာပြုကြကာ နေပြီးနောက် မင်းသားသည် ဝံမ၏ ထက်သောအတွေ့ဖြင့် မေ့မေ့လျော့လျော့ပြုလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ကျားမသည်ကား ဝံမ၏ အသိုက်အောက်တွင် ပြိုးပြောက်ဖြစ်လာသော လရောင်၌ လူ၏ ခြေရာ လက်ရာတို့ကို မြင်လတ်၊ တွေ့ရလတ်သော် ဤသို့သော သဘော ဖြစ်လာ၏။ ဝံမသည် လူသားကို ၎င်း၏အသိုက်တွင်း၌ ယူဆောင်ထားချေပြီ။ လူသား၏ ပျက်စီးခြင်းကို ပြုအပ်သည်ဟု ဝန်တိုမှုဖြင့် ဤသို့ စကားဆိုလေ၏။ [**"ဇာတစ်လုံးခေါင်းကျား" ဝတ္ထု၌ ကြည့်ပါလေ။**]

ဝံမလည်း ၎င်းတို့၏ ဘာသာဘာဝအလျောက် ဤသို့လျှင် အဓိပ္ပာယ်ပါရှိသော အသံကို ပြုလေ၏။

'အရှင်မ၊ ကျွန်မတို့သည် မယ်တော် မနုစာရီထံ၌ ခစား၍ လပေါင်းများစွာ နေခဲ့ကြသဖြင့် စိတ်သဘော နှုးညံ့ပြေပြစ်ခြင်း ရှိခဲ့ကြပြီ။ တစ်ဦး၏သဘောကိုလည်း တစ်ဦး သိခဲ့ကြပြီ။ အရှင်မသည် မယ်တော်ကြီးထံ၌ သူတစ်ပါးကို မညှဉ်းဆဲတော့ပါဟု ကတိပြုခဲ့ပြီးမှ ယခုလို ထိုကတိကို ဖျက်၍ အသို့လျှင်ပြုမည် ကြံရွယ်ပါဘိသနည်း။ ကျွန်မတို့သည် ဤတောအုပ်သို့ ရောက်လာသော မည်သည့် ကိုးကွယ်ရာမဲ့သူကိုမဆို ကာကွယ်စောင့်ရှောက်စောင်မ ရမည် မဟုတ်တုံလော။ ရှင်မသည် ရသေ့ပျက်၏ စကားကို ယုံစားပြီးသော် တရားမဲ့သော အကျင့်အကြံနှင့် ဖောက်လွဲဖောက်ပြန် မပြုသင့်ပါ။ တော်ရာသို့သာ သွားပါလေတော့။ ကျွန်မကား လူသားကို ကယ်ဆယ်၍ လူ့ရွာရပ်ထံသို့ ပို့ရပါတော့မည်'

ဝံမသည် ကျားစေဉ်းလဲမအား ဤကဲ့သို့ ဆိုပြီးသော် တောင်းပန်ကာ လွှတ်လိုက်လေ၏။

ထိုနေ့ည သန်းခေါင်ယံအချိန်သို့ ရောက်လတ်သော် မင်းသားသည် နိုးလာ၍ ဝံသူတော်မလည်း 'ကလား၊ ကလား ... လာ၊ ဟိ၊ သေ၊ စေ၊ ပ၊ လော၊ မ၊ ပရှု၊ ပါ၊ လေ၊ တည်၊ စေ' ဟု မှာထားပြီးသော် မင်းသားအား ယုံကြည်လေးမြတ်စွာနှင့် အသက်ကို နှင်းပြီးလျှင် အိပ်လေ၏။

မင်းသားကား အိပ်ရာက ထ၍ ဝံမနှင့် ကြည်ပျော်ပြီးသော် တောအရေးကို စောင့်စားကြည့်ရှုလျက် လေး, မြားတို့ကို အသင့်စီမံကာ နေလေ၏။ သို့သော် ဝံမ ဆိုသော စကားတို့ကို အရိပ်မျှသာ ထင်၍ တပ်ရာကျ နားမလည်ချေ။

ကျားစေဉ်းလဲမကား သည်ကောင်မဟာ လူသားနှင့် သူ့အသိုက်တွင်းမှာ နှစ်နှစ်ခြိုက်ခြိုက် သဘောကျ စံမွေ့နေချေပြီ။ သင်း သီလနှင့် သင်း နေပါတော့လား။ ဘာကြောင့် လူသားနှင့် ယခုမှ ဖောက်ပြန်ပြီး မွေ့လျော်ရသလဲ။ ငါဟာ သီလကျိုးပေါက်ခဲ့ပြီး ဖြစ်လို့ ငါသာလျှင် လူသားနှင့် မွေ့လျော်စံပယ်ထိုက်တယ်ဟု ကာမဂုဏ်၏ လှည့်စားမှုအတိုင်း ဝန်တိုစိတ်ဖြင့် စဉ်းလဲကာ ရသေ့ပျက်ကို အဖော်ပြုပြီးလျှင် အစ်၍ အစ်၍ တောအလုံးကို ကြင်နာဖွယ်လိလိ လှိုက်ဆူကာ လာလေ၏။ ထိုအသံသည် ဆိတ်ငြိမ်နေသော တောအုပ်အတွင်း၌ တောင်ပိုး၊ တောင်မွှားတို့၏ အသံကို ထွင်းဖောက်လာပြီးသော် ကြင်နာယုယဖွယ်၊ စိတ်နှလုံးကို ညွတ်နူးဖွယ်သည် ပဲ့တင်ဟပ်လာလေ၏။

ရသေ့ပျက်ကား ဤဝံညစ်ယုတ်မသည် ငါ့အလိုသို့ မပါချေ။ ချင်း၏

လင်ကို ကျားစာကျွေး၍ ချင်း၏အလောင်းကို အားရအောင် မွေ့လျော်ပြီးမှ ချင်း၏ ဆူဖြိုးသောအသားကို မီးတွင်ကင်ကာ စားရတော့အံ့ဟု ကျားစဉ်းလဲမ ဆိုဘိသကဲ့သို့ လူတို့၏ ဘာသာဖြင့် ဤသို့ ဆိုလေ၏။

**["စာတစ်လုံးခေါင်းကျား" ဝတ္ထုတွင် ကြည့်လေ။]**

မင်းသားလည်း ဤကျားကား လူတို့၏ ဘာသာစကားကို ကောင်းစွာ တတ်ကျွမ်းလေစွ၊ သာမညကျား မဟုတ်တန်ရာ။ သူတော်ကောင်းတို့ သွန်သင် ပြသထားသဖြင့် လိမ္မာတတ်သိသော ကျားသူတော်ကောင်း ဖြစ်ပေသည်ဟု နှစ်သိမ့်ကာ နားထောင်နေ၏။ ရသေ့ပျက်လည်း ဆက်၍ ဆက်၍ အကွက် ကျကျ မင်းသား၏စိတ်ကို မှောင်ချခြင်းဖြင့် ဆိုလေ၏။

(ရသေ့ကား ထွက်ရပ်လမ်း ပေါက်၍ တန်ခိုးနှင့်တကွ ရသေ့လုပ်နေသူ ဖြစ်၏။ ကျားမနှင့် ဝံမကား မိမိတို့ ရအပ်သော လက်ဆောင်ပဏ္ဏာတို့ကို ယူပြီးလျှင် ထိုရသေ့ထံ ခစားသော ဒကာမများ ဖြစ်ချေသည်။)

မင်းသားသည် ကျားစဉ်းလဲ အဆိုဖြင့် ဆိုရသော ရသေ့ပျက်၏ စကားကို ယုံမှားခြင်းဖြစ်လာ၍ ဤဝံသူတော်မ၏ အပေါ်၌ ကြောက်လန့်သော စိတ်သည် ဖြစ်ပေါ်လာလေရကား အသိုက်တွင်းမှ ဝံသူတော်မကို တွန်းချလေ၏။

ဝံသူတော်မကား ဝါးရုံပင်အကြားသို့ ကျ၍ သတိကို ဖြစ်စေပြီးမှ 'ဟင်း ... ဟင်း ... ဟယ် ... ဟယ် ... ခလော ... ခလော ... သ။ မ။ နတ်။ ရဟိ' ဟူသော ကြိမ်းပသံနှင့် မာန်ဖီလေရာ၊ ကျားစဉ်းလဲမနှင့် ရသေ့ပျက်တို့သည် ပြေးကြကုန်၏။ ဝံမလည်း အသိုက်သို့တက်၍ ကြမ်းကြုတ် ခက်ထန်သော မျက်နှာနှင့် 'ခလော။ သေ။ အိမ်' ဟု ဒေါသသံပါပါနှင့် ဆိုလေ၏။

ထိုအခါ မင်းသားသည် ကြောက်လန့် တုန်လှုပ်ခြင်းဖြင့် ခက်တရော် သော ကိုယ်နှင့် ဝံသူတော်မအား ရှိခိုးတောင်းပန်ခြင်းကို ပြု၏။ ဝံသူတော်မ ကား 'ခံ၊ ပ၊ လု၊ င၊ မ၊ ဟား၊ ရှရီ' ဆိုကာ မင်းသားကို မခတ်သောမျက်တောင် ဖြင့် စိန်းစိန်းကြည့်ကာ နေ၏။

နံနက်လင်းလတ်သော် ဝံသူတော်မသည် မင်းသားအား သ၊ သေ၊ နိ၊ ယာ၊ မ– ဟူသော ဂါထာကိုဆိုလျက် လူတို့သွားရာ ခရီးမသို့ ရောက်အောင် လိုက်ပို့လိုက်ပြီးသော် အလွန် ဝမ်းနည်းကြေကွဲစွာဖြင့် သစ်ခြောက်ကိုင်းကို ချိုးကာပြု၏။ မြေတွင် ဝပ်၍ ငို၏။ ရင်အုံကို စုံထုလျက် အသံမထွက်နိုင်ဘဲ ရှိုက်ကာ ရှိုက်ကာ ငို၏။ ထိုသို့ ငိုယိုပြီးနောက် မင်းသား၏ ခြေကို ဦးတိုက်ကာ ကန်တော့လျက် လက်နှစ်ဖက်နှင့် ပြကာ ပြကာ ခရီးစဉ်ကို ညွှန်ပြီးလျှင် ရုတ် တရက် ကျောခိုင်းလျက် မင်းသားကို ခွာသွားရှာလေ၏။

မင်းသားသည် တိုင်းတော် ပြည်တော်သို့ ပြန်ရောက်လတ်သော် စကားကို အထွေအထူး မပြောနိုင်ဘဲ သ၊ သေ၊ နိ၊ ယာ၊ မ ဟူသော ဂါထာကို အမြဲလောက်ပင် ရွတ်လျက် နေရှာ၏။ တစ်ခါတစ်ခါ နေသာတိုင်း၊ နေညိုတိုင်း၊ မိုးရိပ်၊ မိုးချည်၊ မိုးတိမ်တို့ တက်တိုင်းလောက်ပင် "ဝ။ – ။" ဟူသော အခြစ်အရေးတို့ကို မြေတွင် ခြစ်ရေး၍လည်း နေလေ့ရှိ၏။ တ၊ ရစ်၊ မာ၊ ပ၊ လေ၊ တူ၊ သံ၊ မ၊ ရှဟောင်း။ ။ ဟင်း၊ ယစ်၊ ဟူ၊ တူ၊ မ၊ ဟင်။ ။ ကလား၊ ကလား၊ ကရိ၊ ကရိ။ ။ ကလား၊ ကလား၊ လာဟိ၊ သေ၊ စေ၊ ပ၊ လော၊ မ၊ ပ၊ ရ၊ ဥ၊ ပါ၊ လေ၊ တည်၊ တည်၊ စေ။ ။ ဟင်း၊ ဟင်း၊ ဟယ်၊ ဟယ်၊ ခလော၊ ခလော၊ သမ၊ နတ်၊ ရ၊ ဟိ၊ ခံ၊ ပ၊ လု၊ င၊ မ၊ ဟား၊ ရှု၊ ရီ ဟုလည်း ရေရွတ်ကာ နန်းတော်၊ ဥယျာဉ်တော် များတွင် လှည့်လည်၍ နေလေ၏။

မင်းကြီးသည်ကား သားတော်သည် မည်ကဲ့သို့ တွေ့ကြုံ ဖြစ်ပျက်ရသည်ဟု အစကိုမျှပင် လည်းကောင်း၊ အရိပ်အမြွက်မျှပင် လည်းကောင်း မသိသာနိုင်ချေ။ ပညာရှိလေးဦး ဆိုသူတို့သည်လည်း တစ်စုံတစ်ရာမျှ မသိ၊ မတတ်နိုင်၍ မင်းကြီးသည် "ဩော် ... ငါ့တိုင်းပြည်၌ ပညာရှိ ဆိတ်ချေပြီတကား။ ပညာရှိ ဆိတ်သော တိုင်းပြည်၊ ပညာရှိကို ပြစ်မှားသော တိုင်းပြည်၊ ပညာရှိ တိမ်မြုပ်နေသော တိုင်းပြည်၊ ပညာရှိ မထင်ပေါ်သော တိုင်းပြည်၊ ပညာရှိကို ဦးတင်၍ မလေးစားသော တိုင်းပြည်တို့သည် တကယ့်အရေး၌ နား၊ မျက်စိ ဆိတ်လေပြီတကား။ သူတစ်ပါး၏ အကြောင်းကို မကောင်းဆို၍ သူတစ်ပါး ပျက်စီးအောင် ပြောဆိုသောသူ ဟူသမျှသည် တိုင်းပြည်၏ အဆိပ်ပင်ကြီးပါတကား။ ထိုအဆိပ်ကို ဝါးမျိုမိသောသူ ဟူသမျှနှင့် နောင်တ တရားသည် တွဲလျက် နေချေပြီတကား။ ထိုသူတို့တွင် ငါလည်း အပါအဝင် ဖြစ်ချေပြီ။ ငါ့တိုင်းပြည်သည် နေ့ညမစဲ တူရိယာအသံတို့ဖြင့် ငြိမ့်ငြိမ့်ညောင်းညောင်း ရှိနေသော်လည်း ပညာရှိ၏ သဘာသည် တိတ်ဆိတ်လျက် တစ်ဦးကိုတစ်ဦး မကောင်းဆိုသော သတင်းတို့သာလျှင် ဆူညံနေချေပြီ ဖြစ်၍ ငါတို့ တိုင်းပြည်သည် သေရအုံ့ဆဲဆဲ သူနာပြည်ကြီး ဖြစ်နေတော့တကား" ဟု လက်မှိုင်ချလျက် တိုင်းပြည်သည်လည်း မင်းသားသည် ငမဲကျွန်၏ ပြုစားမှုဖြင့် ရူးရှာလေပြီဟု ပညာရှိလေးဦး၏ သတင်းလွှင့်မှုဖြင့် ထင်ရှားကာ နေလေတော့သည်။

## အခန်း [ ၆ ]

## ပညာရှိနှင့် ပြည့်တန်ဆာမများ

ပြည့်ရှင်မင်းကြီးသည် သားတော်၏ ဖြစ်ပျက်မှု၌ ငမဲကျွန်မှ တစ်ပါး ကုစားနိုင်သူသည် မရှိပြီဟု အယူတော်ရှိလျက် ရှေးနည်းတူ တိုင်းပြည်တွင် စည်လည်စေလေ၏။ ထိုအခါ ငမဲကျွန်သည် သက်သာပြည်ကြီးရှိ တစ်ခုသော စည်ပင်သာယာသည့် ရပ်ကွက်ကြီး၌ အဆင်းအင်္ဂါနှင့် လွှမ်းကာ ဆောင်သော နှင်းရီခေါ် ပြည့်တန်ဆာမ တစ်ဦး အိမ်တွင် မှီခိုနေလေ၏။

နှင်းရီသည်ကား ငမဲကျွန်နှင့် တွေ့သောအခါကစ၍ အလွန်လှပသော အဆင်းအသွေးတွင် ငမဲကျွန်၏ နည်းပေးလမ်းပြ အပြုအမူအားဖြင့် တစ်ဆယ့်ငါးနှစ်အရွယ် အပျိုစင်ကဲ့သို့ ၎င်း၏ နိမိတ်လက္ခဏာတို့သည် တင့်တယ်လျက် နတ်သမီး၏ အတွေ့မျှလောက် ကဲ့သို့သော အတွေ့၏ အရသာကို ဆောင်နေလေ၏။ ထို့ကြောင့် တစ်ကြိမ်လျှင် အသပြာတစ်ထောင် လက်ဆောင်ပြုကာ သွားလာရခြင်းကြောင့် မင်းသား၊ မှူးသား၊ မတ်သား၊ သူဌေးသားတို့သာလျှင် အခွင့်ရနိုင်ကြကုန်၏။ စီးပွားဥစ္စာတို့သည်လည်း မယ်နှင်းရီတွင် တိုးတက်လာ၍ နတ်သမီး၏ စည်းစိမ်အလား တိုးတက်လာ၏။ ကတိသစ္စာလည်း တည်၏။ ပြည့်တန်ဆာ၏ တရား၌လည်း မဖောက်မပြန် တည်၏။ ထို့ကြောင့် တစ်ပါးသော ပြည့်တန်ဆာမတို့သည် နှင်းရီကို မနာလို၊ မရှုဆိတ်ကုန်။ ပျက်စီးရန်အားထုတ်လျက် ရှိနေကြ၏။ နှင်းရီသည် အဘယ်ကြောင့် ယခုကဲ့သို့ ယောကျ်ားတို့ကို တိမ်းယိမ်းရာ ဖြစ်နေရသည်ဟုလည်း အကြောင်းရှာကာ ရှိနေကြကုန်၏။

နှင်းရီသည်ကား ပြည့်တန်ဆာမတို့၏ ဝတ်ကောင်းနှင့်ညီ၍ လိမ္မာလျက် သဘောထား ပြည့်ဝ၏။ ပညာရှိ၏ ဆုံးမ သွန်သင်မှုကို လိုက်နာ၏။ ပညာရှိကိုလည်း နှစ်လို၏။ ထို့ကြောင့် သုခမိန်အား လုံခြုံသော တိုက်ခန်းတစ်ခုကို

ပြုပြင်ပြီးလျှင် ကာမဂုဏ်မှုဖြင့်လည်း လုပ်ကျွေးပူဇော်လျက် ရှိသေစွာ အမှုပြုကာ ထားလေ၏။

နှင်းရီသည် မင်းချင်းတို့ စည်လည်လာသည်ကို ကြားသောအခါ သုခမိန်အား အကြောင်းကြား၏။ သုခမိန်လည်း မင်းသားအား ကုစားရန် ကတိကို ယူလိုက်စေ၍ နက်ဖြန် ညီလာခံ၌ ဖြေကြားလျှောက်ထားမည်ဟု မင်းချင်းတို့အား လျှောက်ထားစေလေ၏။

နှင်းရီသည် ပညာရှိအားဖြင့် ထိုအရေးကို စုံလင်ကျနစွာ တတ်သိကျွမ်းကျင်၍ နတ်သမီး၏ တင့်တယ်ခြင်းကဲ့သို့ ဘယက်တန်ဆာတို့ကို ဆင်ယင်လျက် နောက်တစ်နေ့ ညီလာခံတွင် ပညာရှိ ပရိသတ် ဗိုလ်ပုံအလယ်၌ မင်းကြီးအား ဤကဲ့သို့လျှင် ရဲရင့်စွာ ဖြေကြား လျှောက်ထားလေ၏။

'အရှင်မင်းကြီး၊ "ဝ ...." ဟူသော အရေးအခြစ်တို့ကို မင်းသားသည် မြေ၌ ရေးခြစ်၍နေခြင်းကား အခြားမဟုတ်ပါ။ မင်းသားသည် မျက်စိလည်လမ်းမှား၍ စိတ်အားငယ်လျက်ရှိစဉ် ဝံမ၏ ကယ်ဆယ်ခြင်းကို ရသဖြင့် ငြိမ်းချမ်းစွာ နေရ၏။ ထိုအခါ ဝံမ၏ ရင်အုံမှ ဖွင့်၍ လှပတင့်တယ်သော နှစ်စုံဖြစ်သည့် မ,ဂုဏ်ရည်ကို လည်းကောင်း၊ နှင်းဆီဖြူပန်းကဲ့သို့ အဆင်းအရောင် ပွင့်လန်းလျက် အိအိစက်စက်နှင့် မက်စဖွယ်ဖြစ်သော နိမိတ်လက္ခဏာကို လည်းကောင်း မင်းသားသည် တပ်မက်သဖြင့် ရွှင်ပျသော မျက်နှာကို ပြသောအခါ ဝံမသည် "ဝ" အရေးကိုပြကာ ဤသို့သော သဘောခြင်းရာကို ဆို၏။ "အရှင်မင်းသားကား စိတ်တော်သည် အစအဆုံး မရှိနိုင်ဘဲ ဤအဝန်းအဝိုင်းကဲ့သို့လျှင် ပြည့်ဝသော အသိဉာဏ်ရှိသည့် လူသားပါတည်း။ ကျွန်မကား အရေးကိုပြလျက် တစ်ကြောင်းတည်းသောစိတ်ရှိ၍ ထွေထူးလာလာ စိတ်မများသော တိရစ္ဆာန်မျှသာပါတည်း။ သဘာဝချင်း၊ ဇာတ်ချင်း မတူပါသဖြင့် သည်းခံတော်မူစေလိုပါသည်" ဟု မူကာ မူကာ ပလီတာလျက် ခရာပို၍ ဆိုလိုသော အခြင်းအရာ ပေတည်း'

'အင်း ... သဘောသရုပ် ရှင်း၍ လင်းပေစွ'

'တရစ်၊ မာ၊ ပ၊ လေ၊ တူ၊ သံ၊ မ ဟူသော စကားဖြင့် လည်းကောင်း၊ ရှ, ဟောင် ဟူသော စကားဖြင့် လည်းကောင်း တိရစ္ဆာန်တို့၏ ဘာသာ မာဂဓဖြင့် ဤသို့ တောင်းပန်ခြင်း အဓိပ္ပာယ် ရှိပါသည်။ အို ... အရှင်မင်းသား၊ မင်းသား၏ရုပ်ရည် နတ်တရတည်ကို မြင်သည်ကစ ချစ်လှ၊ ခင်လှ၊ ကြင်နာလှ၍ တရစ်ပတ်ပတ် ချစ်ကြိုးထပ်သည်၊ ဩော် ဝဋ်ကောင်မမှာ မအပ်သည်ကို ကြံမိလေပြီတကား။ ဤသို့ တရစ်ပတ်ပတ် ချစ်ကြိုးထပ်လည်း အကျိုးပေးမနပ် အဟိတ်ဇာတ်မျှသာ ဖြစ်ရပါမို့ မာ၊ ပ၊ လေ၊ ချစ်မှု၊ ခင်မှု၊ သဒ္ဒါမှုကို ပေါ်လွင်

ပေါက်ကြား ထင်ရှားစွာ မပြုဝံ့ပါလေတကား။ အို ... နန်းတော်ထက်မွေး နန်းရည်သွေးနှင့် နတ်ရေးတမျှ ဆင်းတူလှသည့် ရှင်မင်းသား၊ တူ၊ ဆင်းတူ၊ ရုပ်တူ၊ အလှတူ၍ နန်းရှိနန်းရာ နန်းမဟာဖြစ်သော လူမိန်းမတို့နှင့်၊ သံ၊ နှစ်ကိုယ်တူတွေ့ ကြည်ဖြူမွေ့လျက် သံဝါသမှီ ချစ်ခြင်းဖြင့် ပလီပြီးမှ တောသူမတိရစ္ဆာန် ရာမတန်ကို ချစ်မှု၊ ခင်မှု၊ သဒ္ဒါမှုနှင့် ယင်းသို့ ဟဝါပြုလျက် မကြည်ဖြူသင့်ပါတကား။ ရှုဟောင်၊ သနားကြင်နာ တရားနှင့်ရာ၍ ပြုတိုင်းပါရမည်ဖြစ်သော တိရစ္ဆာန်မ အယုတ်ဘဝကို ချစ်ခြင်းမစ သဒ္ဒါခြင်း မမျှဘဲ ကွင်းပကာ ရှောင်ရှားသင့်ပါဘုရား။

'အဲ ... သို့ကလို သနားစဖွယ် အားငယ်ငယ်နှင့် တောသူဘာဝ နည်းလမ်းပြုလျက် ညိုးလျစွာ တောင်းပန်သော်လည်း ယောကျ်ားတို့မှာ ကာမဂုဏ်၌ တွေ့ကြုံက တရားဆိုတာ မရှိ၊ ဇာတ်ဆိုတာ မရှိ၊ အကျင့်ကောင်းဆိုတာ မရှိ၊ ဘာမှ အကောင်းဆိုလို့ မရှိတဲ့ အစားမို့လို့ မင်းသားသည် ကျေးဇူးရှင်ဝံမနှင့် ကိုယ်လက်နီးရင်း တောတွင်းကပွဲ ပြုတဲ့အခါ ဝံမဟာ နှစ်ကြိမ်မြောက်ဂါထာကို ဆိုပြီး ညည်းညူတဲ့ အဓိပ္ပာယ်ကား ဤသို့ပါတကား'

'အင်း ... အဘယ် လုံမငယ် ဆိုဦးလော့'

'ဟင်း ... မေထုန် ... မေထုန် တွေ့မိလို့ ဆုံကြလျှင် အာရုံတင်းလင်း တရားကင်းလျက် ရီးတွင်းစိမ့်ဖျန်း ကိုယ်လုံးမွှမ်းကာ ပရမ်းပတာ ငမ်းငမ်းတက် သထာမိလို့ ပန်းရှာနိုင်ဘဲ သက်ပြင်းကြီးချ အရှက်ကင်းပကာ တရားဗလာနှင့် ချစ်မိပါတော့တကား။ ဟူ၊ နတ်ရည်နတ်လား နတ်သားတမျှ မှတ်လောက်ကာ ထားရသည့် အချင်းလူသား၊ ယစ်မေထုန်အရက် သောက်မူးဖက်လို့ ကာမဂုဏ် မက်ယစ်ခြင်း၌။ တူ။ နတ်များ လူများ အဟိတ်များဟု ဘဝမခြား တစ်သားတည်းထားပြီး ယစ်ငြားစည်းစိမ် အိမြိန်မြိန် သည်ချိန်ညီတူပင် ဖြစ်တော့တကား။ ဟင် ... ကာမစည်းစိမ် သည်ရိပ်ငြိမ်သည် မြိန်မြိန်စံစား လွန်အားရသော် ဟင် အလကားပါတကား၊ အမှားပါတကား၊ ဘာမှ မဟုတ်ပါတကားလို့ တစ်ခဏ ကလေးအားဖြင့်။ မ။ ကာမဘုံသား ဆုံလည်နွားတို့ရဲ့ စွဲလမ်းစရိက် ထုံးအလိုက်ကို သဘောတော်ဆိုက်ပြီး သည်အမိုက်မအား စွန့်သွား ပယ်ရှားရက်စက်တော် မမူငြားပါနှင့် ဘုရား။

'သည်ကဲ့သို့ မင်းသားနှင့် ဝံမသည် ကံဆုံနွဲ့လျက် ဖူးစာဆက်၍ သုံးရက်မြောက် ရှိသောအခါ ဝံမသည် သတိမကင်းသောအားဖြင့် ယနေ့ညကား လ, မိုက်စပြုသော အခါတည်းဟု မိုးပေါ်သို့ လက်ညိုးညွှန်ပြပြီးလျှင် ကလား ... ကလား ... ကရိ ... ကရိ ဟု ပြောဆိုကာ မင်းသားကို အိပ်ခစပါသည်။ ထို

အဓိပ္ပာယ်ကား– အရှင်မင်းသား၊ ယနေ့ညကား မှောင်မိုက်စပြုသော ညတည်း။ ကျားမသည် ကြင်နာစဖွယ် အသွယ်သွယ်သော မာယာကိုပြုပြီးလျှင် လာလတ္တံ့။ ကြည့်၍ ကြည့်၍သာ နေပါလောဟု ဆိုလိုပါသည်။

'ဝံသူတော်မသည် မင်းသားအား အိပ်ဖန်ကို ဖြစ်စေ၍ မင်းသား နိုးသော အခါ... ကလား၊ ကလား၊ လာ၊ ဟိ၊ သေ၊ စေ၊ ပ၊ လော၊ မ၊ ပ၊ ရ၊ ဥ၊ ပါ၊ လေ၊ တည်တည်စေဟု မာဂဓစကားကို ဆိုပြီးလျှင် မှာထားကာ သွန်သင်သည့် အဓိပ္ပာယ်ကား ဤသို့ ပါတည်း။

'ကလား၊ ကလား၊ ကြမ်းကြုတ်ရက်စက် သူ့အသက်ကို ငဲ့ကွက်မညှာ အရှင်လတ်လတ် သူသတ်ဖြတ်၍ သီလကိုချိုးပြီး မျိုးစရိုက်နှင့်အညီ မပြတ် စားကာ ကြည့်လေ့ရှိသော ကျားယုတ်မ စေဥ်းလဲသည်။ လာ။ ဟိ– သိုက်နန်းဘုံ အောက် သည်သစ်ပင်အောက်၌ ချစ်တင်းနှီးနှော ကြည်သည့်သဘောနှင့် အရေယာက်တင် ချစ်ကြိုးအတူငင်သော ခြေရာလက်ရာ မောင်နှင့်ငါ၏ အရေး အရာကို ထင်ရှားစွာ သူ မြင်မိသောကြောင့် ညစ်ချင်သည့်သဘော ဝန်တိုသည့် မနောနှင့် သင်း မာယာနှော၍ လာလိမ့်မည်။ အို ... မင်းသား၊ ဘုံ၏ဝေလ့ မေထုန် ငွေ့နှင့် ချစ်မွေ့ကြည်ကြည် ကျွန်တော်မ တည်၍ အသက်ရှည်သမျှ အပ်နှင်း ပါရသော ရှင်မင်းသား၊ မယ်နှင့်မောင်တူ သစ္စာယူ၍ ကြည်ဖြူသဘော ချစ် သည့်ဇောကို နာလိုမတူ မြင်ပြူစူသည့် ထိုကျားမသည် သေ၊ စေ၊ ပ၊ လော– ဟောသည် ကျွန်တော်မကို သိုက်နန်းဘုံထက် အိပ်စက်ခိုက်မှာ သေစေကြောင်း ထင်ရှားလျက် ပလီပလာ တီတာတာနှင့် မာယာချိုချို သနားသလို ချစ်သလို သဘောဖြင့် သင်း–လော၍လော၍ ပြောပေလိမ့်မည်။ ကျွန်တော်မ၏ ချစ်ခြင်း ဖြင့် အသက်ကို နှင်းပါရသော ရှင်မင်းသား၊ မ–ရ–ဥ–ပါ–လေ၊ ကျားကောင်မ၏ မာယာနှောင် ကလိတိုင်း ရွှေစိတ်တော်ရိုင်း ရွှေဉာဏ်တော် မဆိုင်းဘဲ မတိုင်း မဆ အရိုင်းမကို တွန်းချခြင်း မပြုပါလေနှင့် ဘုရား။ အို ... ကျွန်တော်မ အသက် သခင် ချစ်ကျွမ်းလင် ရှင်မင်းသား၊ တည်–တည်–စေ၊ မင်းသားတို့စိတ်ကို ယိုဖိတ်တော် မမူစေခြင်းဖြင့် ဇာတိတော်မာန် ကြံ့ကြံ့ကြီးသန်လျက် ကုန်းမ၏ စကား ဖန်လှည့်ဖြားကို ယုံမှားမရှိ ရွှေစိတ်တော်မငြိဘဲ အသိဉာဏ်တော် ကြည်ကြည်ဖြင့် ဝသီတော် သန့်သန့်မှာ ဂုဏ်ရည်သွေး ခိုင်ခိုင်နှင့် မယိမ်းမယိုင်ဘဲ အမြဲ တည်တည်တံ့တံ့ ရှိစေတော်မူပါ ဘုရား။

'ဝံမသည် ထိုကဲ့သို့ အတန်တန် မှာထားသော်လည်း မင်းသားသည် ရွှေစိတ်တော် မခိုင်ခြင်းကြောင့် ဝံမကို အသိုက်တွင်းက တွန်းချပါသည်။ ဝံမ လည်း ကံကောင်းထောက်မသဖြင့် အောက်သို့မကျဘဲ "ဟင်း၊ ဟင်း၊ ဟယ်၊

ဟာယ်၊ ခလော၊ သ၊ မ၊ နတ်ရဟိ” ဟု မြည်တွန်ရှာဘိသည်။ ထိုမြည်တွန်ခြင်း၏ အဓိပ္ပာယ်မှာကား ဤသို့ ပါတည်း။

'ဟင်း၊ ဟင်း၊ ဟာယ်၊ ဟာယ်– အိမ်ရှေ့တော်မြတ် ဘွဲ့ချီထပ်၍ နန်းညွှာကက် သို့ သတ်မှတ်ထားသော ထိုမင်းသား၌ ကိုယ်ချင်းစာနာ၊ ချစ်မေတ္တာနှင့်၊ သထာ ယုံကြည် အသက်ကိုပုံ၍ တည်သော ဝံသူတော်မသည် ရစ်ပတ်ယှက်ခွေ၊ ဝါးရုံပင် တွေ၏ အကြားကနေလျက် ဟိန်းကာ ဟိန်းကာ၊ ကြိမ်းကာ ကြိမ်းကာ ဟင်း၊ ဟင်း၊ ဟာယ်၊ ဟာယ် ဒေါသခြယ်လျက် နေလေတော့တကား။ ထိုသို့ စိတ်လျောက် မာန်ပါ ဒေါသထွက်ရှာသော ဝံသူတော်မသည် ဤသို့လည်း ဟစ်၍ ဟစ်၍ အဆစ်ကျကျ ဆိုလိုက်သေး၏။ ခလော– သူ့အသက်ကို ရက်စက်မညှာ နေ့တိုင်း ရှာ၍ သတ်လေ့ရှိသော ဟယ် ကျားယုတ်မ၊ ခလော– ရသေ့ဟုဆို အကျင့်ယိုလျက် မေထုန်ကိုစွဲ၊ အမှုလွဲပြီး၊ ဖောက်လွဲဖောက်ပြန်၊ ကျားမနှင့် အမြဲဆက်ဆံသော ဟာယ် ရသေ့ယုတ်မာ။ ခလော– ကျေးဇူးယုတ်ကမ်း၊ မိုက်ဟော့ရမ်း၍၊ သော့ သွမ်း မူသွေ၊ အကျင့်ပေလျက်၊ နန်းမွေနှင့်မတန်၊ စိတ်ဖောက်ပြန်သော ဟာယ် မင်းသား သူယုတ်မာ။ ခလော– တရားမရှိ၊ အမှားမသိ၊ ကိုယ်စားကိုသာ ကြည့် သည့်၊ လောကနှင့် ပဋိပက္ခဖြစ်သော သူယုတ်မာ။ သ၊ မ၊ နတ်၊ ရ၊ ဟိ– သူတော် ကောင်းကို အမြဲလိုလို လွန်ကြည်ညို၍ သဒ္ဒါပိုကာ စောင့်ကြပ်ပြီးနေပါသော သမ္မာဒေဝနတ်တို့သည် အစဉ်သမှု လောကကို မပြတ်ကြည့်ရှုလျက် စောင်မကာ ရှိလေ၏ တကား'

'အင်း ... လုံမငယ် လျှောက်တင်ဦး'

'ခလော၊ သေ၊ အိမ်– ဆို၍လည်း ဝံတို့၏ စရိုက်အတိုင်း စိတ်ဆိုးလွန်း သဖြင့် အိမ်ဟူသော အသံဖြင့် ကြိမ်းလျက် ဟယ် သူယုတ်မာ၊ နင် သေပေတော့ တကားဟု ဆိုလိုပေတကား။

'သို့ကလို ဝံမသည် ကြိမ်းမောင်းပြီးသော် အသိုက်သို့ တက်ရောက်ကာ ကြောက်ရွံ့ ထိတ်လန့်လျက်နေသည့် မင်းသား၏ မျက်နှာကိုကြည့်လျက်။ ခံ၊ ပ၊ လု– ဝိတက်ကိုပွား စိတ်ထွေပြား၍ ကျင့်မှားလီလီ ယုတ်မာမှုကိုသာ အားထုတ်ကာ ဖန်တီးလျက် အသနားမဖက် သူ့အသက်ကိုပါ ရက်စက်စွာ သတ်စားတတ်သည့် အမောင်လုသား၊ မောင်လုသားအား ကောင်းကျိုးကိုရှာ၊ ကောင်းရာကိုပြု၊ ကောင်းမှုကိုသာ ပွားလိုသော ငါသည်။ ခံ၊ ပ၊ လု– အမျက်မထား သင့်အမှားကို တရားနှင့် သည်းခံခြင်း ပြုတော့အံ့။ င၊ မ ဟား– စဉ်းစားခြင်းပြု၊ မထောက်ရှုဘဲ၊ သားငါး အမဲ၊ အသီးရွဲကို စားကာ စားကာ တောကစားခြင်းကိုပါ ပြုတတ်သော မုဆိုးမင်းသားကို ဘေးမုကယ်တင်

အသိုက်သို့ ငါ ခေါ်ငင်လာခဲ့သည်ကား မှားခြင်းကြီးမက မှားရခြင်းသည် ငါ၏ အမှားသည်သာလျှင်တကား။ ရှရီ– ထိုသို့ အမှား ပြုပြီးငြားကြောင့် စဉ်းစား စဉ်းစား တွေးထောက်ထားတိုင်း ငါသာလျှင် မှား၏ဟု ရက်တိုင်းရက်တိုင်း ဆက်ကာ ဆက်ကာ ရက်လှပါဘိ၏ တကား။

'အရှင်မင်းကြီး၊ ဝံသူတော်မသည် မင်းသားအပေါ်မှာ အပြစ်မထားဘဲ သူ့ကိုယ်ကိုသာလျှင် သူ့အမှား ချကာ ဆဲရေးပြီးနောက်၊ လူတို့သွားရာ ခရီး သာသို့ ရောက်သည်တိုင်အောင် ဘေးကင်းစွာနှင့် ခေါ်ဆောင်လာခဲ့ပြီးနောက် လိုက်လိုက်လှဲလှဲ အသည်းကွဲမတတ် ရှိုက်ကြီးတငင် ပူသောက ဆင်ပြီးလျှင် သမုဒယခင်တွယ် မေတ္တာသည် ရှင်မင်းသားအား။ သ၊ သေ၊ နိ၊ ယာ၊ မ– ချီးသံဟလျက် နှုတ်ဆက်ကာ လွှတ်လိုက်ရှာပါသည်။ အဓိပ္ပာယ်ကား ဤသို့ ပါတည်း။

'သ– ဘေးကိုမမြင်၊ ကြောင်းမထင်ဘဲ အကောင်းပင် စိတ်စွဲလျက် နှစ်သက် မေထုန် ဤဆိုးယုတ်သော ကာမဂုဏ်ကို မက်မောမိသော ငါသည် ယုယုယယ နတ်မင်းသားကလေး တမျှကဲ့သို့ တသသနှင့် ထောက်မကာ နေခဲ့၏တကား။ သေ– မပျက်မကွာ တစ်သက်တာဟု ချစ်ကာကြည်ဖြူ သေတူရှင်ဖက် သဒ္ဒါ ထက်လျက် အသက်နှင်းကာ ယုံကြည်ခြင်းဖြင့် ပတာခင်း၍ ငါ ပေါင်းသင်းမိခဲ့ ပါတကား။ နိ– မျက်စိလည်လမ်းမှား ချောက်ကမ်းပါး၌ ကြောက်ငြားသမို့ တကြော်ကြော် အော်လို့သာနေသော လူမင်းသားကို လှည့်လည်စာရှာ သွားလာ ကာ နေသော အမိုက်မ ငါသည် သမုဒယမခင် သဒ္ဓါစစ်စစ်နှင့် တရားကို ချစ်သဖြင့် အပြစ်ကိုမျှ မမြင်နိုင်ဘဲ။ သက်၊ နိ၊ နက်– ငါ ကယ်တင်ခဲ့လေပြီ။ ယာ– လူတွင် ထင်ရှား သင်မင်းသားသည် ချစ်အားခင်အား ကြင်နာအားနှင့် သနားပိုအောင် မာယာဆောင်၍ တောသူမအရိုင်း အသက်ကို ကယ်ခဲ့သည့် အ,အ၊ အထိုင်းအား ကြင်ရာထားလျက် သိုက်နန်းထက်တွင် မက်မက်ရွှင်ရွှင် အားမရနိုင်သော အသွင်နှင့် အရှင်သည် စံစားခဲ့ချေပြီ။ မ– ထိုကဲ့သို့စံစား အပျော်ကြီးများပြီးမှ တရားမကပ် မင်းသားတို့ ထုံးဒြပ်နှင့် ချစ်ခြင်းကို ဖြတ်ပြီး သော် ကျားမ၏ လက်တွင်းသို့ သက်ဆင်းကာ ကျလေအောင် တွန်းချကာ အပ်ချေပြီ။ ထိုကဲ့သို့ တရားမတည် ကျင့်ဝတ်နှင့် မညီသော်လည်း တောသူမပီပီ ရန်တုံ့ကိုမရှည်ဘဲ အလီလီ ကန်တော့လျက် အသက်မှ ချမ်းသာစေဖို့ လူတို့ သွားရာ လမ်းစသို့ ဘေးဘျမ်းမှန်သမျှ မထိပါးရလေအောင် ကျွန်တော်မ မ၍ မ၍ ကယ်မ ပို့ဆောင်လိုက်ပါသည် ဘုရား။

'အဲ ... သို့မို့ကြောင့် အရှင်မင်းမြတ်၏ သားတော်သည် ဝေဒနာတော်မှ

ပျောက်ကင်းအောင် ဝံမရုပ်ကို ထုပြီးလျှင် မင်းသား၏ ပြာသာဒ်ဦး၌ ထားကာ ပူဇော်သမှု ပြုပါစေ။ ဝေဒနာတော်မှ ချက်ချင်းပင် ပျောက်ကင်းပါလိမ့်မည် ဘုရား' ဟု မိနှင်းရီသည် မင်းကြီးအား လျှောက်တင်၍ ဝံရုပ်ကို ချက်ချင်း ပြုလုပ် ပြီးစီးစေပြီးနောက် ယတြာဆင်ကာ ပြန်သွားလေ၏။

*

မင်းကြီးသည် သားတော်၏ဝေဒနာ ပျောက်ကင်းလေသော် ထိုကဲ့သို့ နက်နဲလှ၊ ခက်ခဲလှသည့် လျှို့ဝှက်နေသော ပြဿနာကို ဖြေစွမ်းပြီးလျှင် ကုမ နိုင်ခြင်းသည် ငါ့သုခမိန် ပညာရှိကြီး၏ အစီအရင်သာ ဖြစ်ရမည်ဟု နှင်းရီကို နန်းတော်သို့ ခေါ်ယူစစ်ဆေးလေရာ၊ နှင်းရီလည်း တစိုးတစိမျှ ထိမ်ချန်ခြင်း မရှိဘဲ ဘုရင်မင်းမြတ်ကို ရှိခိုးလျက် ဤသို့ လျှောက်တင်လေ၏။

'မင်းထက်မင်းခေါင်ဘုရား၊ ပြဿနာအရပ်ရပ်ကို ဖြေရှင်း၍ သားတော်၏ ဝေဒနာတော်ကို ပျောက်ကင်းအောင် ဓာတ်ဆင်ကုသနိုင်ခြင်းမှာ အရှင့်ပညာရှိကြီး ငမဲကျွန် သာလျှင် ဖြစ်ပါသည် ဘုရား။ အကြောင်းကို တင်ပါအံ့။

'သုနာပရန္တတိုင်းကြီး၌ အတုမဲ့သော ပညာရှိ သုခမိန်သည် တန်ဆောင် မုန်းလ လပြည့်နေည လသာသာ၌ ကောင်းကင်ပြင်ရှိ စုံလင်တောက်ပသော နက္ခတ်စုံတို့၏ အသရေကိုယူ၍ တစ်ကိုယ်တော်တည်း စောင်းကောက်ကိုတီးပြီး သော် မထင်မရှားသော ခရီးကွေ့ဖြင့် လမ်းလျှောက်ကာ လာဘိ၏။ ကျွန်တော်မ လည်း တုနှိုင်းမဲ့သော ရတုနှင့်အညီ စောင်းသံနွဲ့ပလီမှုကို ကြားရသည်ကြောင့် လမ်းမသို့ထွက်၍ စောင်းသံကို ခရီးဦးကြိုဆိုနေသည်နှင့် အတုမဲ့ ဆရာကြီးကို ဖူးတွေ့ရပါသည်။ ကျွန်တော်မလည်း ဆရာကြီးသည် အဘယ်ကြောင့် ညခရီး တွင် တစ်ကိုယ်တော်တည်း လာရကြောင်းကို မေးမြန်းတောင်းပန် အသနားခံလတ် သော် ဆရာကြီးသည် တုန်နဲ့သောအသံနှင့် "အဘယ်မည်သော လုံမငယ်၊ ငါကား မင်းကြီးအား အသက်ကိုနှင်း၍ မိမိ၏ ကိုယ်တူရည်မှတ် ကိုးစားမိခြင်းကြောင့် ငါ၏ ပညာစွမ်းကို တစ်စမကြွင်း မထိမ်မချန်ဘဲ ပြသမိခဲ့ပေပြီ။ သဘောထား သေးသိမ်သူအား အတတ်ပညာကို ပြသမိခြင်းသည် အဆိပ်ကို မျိုမိခြင်းနှင့် တူပါသတဲ့။ မင်းကြီးကား တစ်ဖက် ကုန်းစကားကြောင့် သူ့မိဖုရားကြီးနှင့် မသက်ာ၍ ငါ့အပေါ်တွင် ရာဇဝတ်တော် ပြုချေပြီ။ ထို့ကြောင့် ညခရီးပြု၍ ငါသည် တစ်ယောက်အထီးတည်း စောင်းသမား ခရီးသည်အဖြစ်နှင့် ထွက်လာ ခဲ့တော့သည်" ဟု ဆိုပါသည်။

'ကျွန်တော်မျိုးမလည်း အို အရှင် ... အရှင်ကဲ့သို့သော အတတ်ရှင် ဖြစ်ပါလျက် အင်အားမဲ့သော လူညံ့များကဲ့သို့ အဘယ်ကြောင့် အစွမ်းအစတုံး

ပြေးလာခဲ့ရပါသနည်းဟု မေးမြန်းရာ၊ ပညာရှိလည်း "ဟယ် ... ကောင်မကလေး၊ နင် အသို့ ဆိုဘိသနည်း။ ငါသည် သုနာပရန္တ တစ်တိုင်းလုံးကို မိုးကြိုးလက်နက် ဖြင့် ပြာဖြစ်စေနိုင်သော အတတ်ကို တတ်၏။ ငါ့ရန်သူ ဟူသမျှကို လက်ဖျောက် တီးကာမျှဖြင့်လည်း အောင်နိုင်နိုင်၏။ သို့စဉ်လျက် တိုင်းသူပြည်သား ဖြစ်၍ မင်းကြီးတည်း ဟူသော အရိပ်ကို ခိုလှုံရခြင်းကြောင့် ထင်ရှားကျော်စောသော သုခမိန်အဖြစ်ကို ရရှိနေသဖြင့် မင်းကြီး၏ ကျေးဇူးယုတ်ကို မပြုစကောင်း။ တိုင်းကြီးပြည့်ရှင် ဘုရင်မင်းမြတ်နှင့် ၎င်း၏အစိုးရကို တရားဥပဒေနှင့်အညီ အုပ်ချုပ် ထိန်းသိမ်း စောင့်ရှောက်နေသမျှ ကာလပတ်လုံး ကျေးဇူးယုတ်နှင့် ပျက်စီးအောင် ကြံဆောင်သောသူသည် တိုင်းပြည်နှင့် လူမျိုးကို ဆင်းရဲအောင်၊ ပျက်စီးအောင် ပြုလုပ်ရာ ရောက်၍ ငါသည် ပြည့်ရှင်မင်း၏ အကျိုးယုတ်ကို ဆောင်ရွက်ငြားအံ့၊ ထိုတိုင်းပြည်ရှိ ပညာရှိ သူတော်ကောင်းတို့ကို ကျိန်ဆဲရာ ရောက်ပေလိမ့်မည်။

' "အဘယ်လုံမငယ်၊ ထို့ကြောင့် ငါသည် မင်းကြီး၏ ကျေးဇူးတရားမွန် ကိုသာ အောက်မေ့၊ အောက်မေ့လျက် မင်းကြီးအား ကျေးဇူးမွန် ကျေးဇူးလျှာ အထူးကိုသာလျှင် ငါ အသက်ရှည်သမျှ ကာလပတ်လုံး ပြုရာသည်အတိုင်း ပြုတော့မည်။ ငါတို့၏ မင်းကြီးကို စိတ်အားဖြင့်မျှပင်လျှင် မပြစ်မှားစကောင်း" ဟု ပညာရှိကြီး သုခမိန်သည် ကရားမှ ရေလွှတ်ဘိသကဲ့သို့ တတွတ်တွတ် ပြောဆိုရှာချေပြီ။

'ကျွန်တော်မလည်း ရိပ်သာသို့ပင့်၍ လောကီဝတ် အမျိုးမျိုးဖြင့် မညှိုး ရအောင် ရိုသေစွာ ကိုးကွယ်ထားပါသည်။ တစ်နေ့သ၌ အရှင်မင်းမြတ်၏ စည်တော်သံအရ ပညာရှိလည်း လုံးဝဥသုံ အကြောင်းစုံကို သင်ကြားပြသ၍ မင်းကြီး၏အကျိုး၄ာ ကျွန်တော်မအား စေလွှတ်သည့်အတိုင်း ကျွန်တော်မ ဖြေကြား ကုမခြင်း ဖြစ်ပါသည် ဘုရား'

ထိုအခါ မင်းကြီးသည် တုနှိုင်းမဲ့ဖွယ်သော ကြည်လင်ရွှင်ပျသည့် မျက်နှာ ဖြင့် 'ငါ့သုခမိန်ကို ငါ တောင့်တနေတာ ကြာလှပြီ၊ ယခု တွေ့ရပေါ့။ ငါ့သုခမိန်ကို ငါကိုယ်တော်တိုင် သွားရောက် ပင့်ချီမည်။ သူတော်ကောင်းကြီးများ ရထား ပေါင်းချုပ်တို့ကို စီရင်ကြလော့' ဟု အမိန့်တော် ထုတ်ဆင့်ပြီးလျှင် မင်းကြီး သည် ဗိုလ်ထုအပေါင်း ခြံရံလျက် နှင်းရီနှင့်တကွ နှင်းရီ၏ မြရိပ်သာသို့ မြန်းကြွ တော်မူလေ၏။

မင်းကြီးသည် နှင်းရီ၏ရိပ်သာသို့ ရောက်သောအခါ ငမဲကျွန် သုခမိန် သည် စက်ရာထက်တွင် ဘယ်ညာပြန်ကာ အဖန်ဖန် လူးလိမ့်လျက် 'မယ်တော်

မနစာရိ၊ သား ငမဲကျွန်သည် ရှိခိုးကာ အလီလီနှင့် ဆက်ကာ ကန်တော့ခဲ့ပါသည်။ သက်သာပြည့်ရှင် ဘုရင်ဇကရာဇ် မင်းမြတ်၊ ငမဲကျွန်သည် တမလွန် တံခါးဝသို့ ရောက်ရသည်တိုင် ကျေးဇူးတော်ကို မမေ့ဘဲ ရှိခိုးကန်တော့ခဲ့ပါသည်' ဟု ထပ်ကာ ထပ်ကာ သနားစရာနှင့် အခါခါ မြည်တမ်းရှာလျက် နေသည်ကို တွေ့ရလေ၏။

ထိုအခါ နှင်းရီသည် 'ကျွန်မရဲ့ ကိုးကွယ်ရာသခင် အရှင်ကြီး ဘုရား၊ ကျွန်တော်မသည် သူယုတ်မာတို့၏ သဘာဝအတိုင်း ဘုရင်မင်းမြတ်၏ ဆုတော်လာဘ်တော်ကို လိုလားပါ၍ သခင့်ကို ကျွန်မ ထားကာ နန်းတော်သို့ ဝင်မိပါသဖြင့် သခင်ကြီး ဘေးတွေ့ရပေ၊' ဟု ဟစ်ငိုကာ ငမဲကျွန်ကို ပွေ့ထားလေ၏။ ဘုရင်မင်းမြတ်လည်း မျက်ရည်စက်လက်နှင့် ကြည့်နေလေ၏။

'အရှင်မင်းကြီး၊ ကျွန်တော်မျိုး သေရတော့အံ့။ ဟဲ့ ကောင်မလေး၊ ငါကား သေရတော့အံ့။ ငါသည် ဆရာဖြစ်သော မယ်တော်ကို စဉ်လျက် ယုတ်မာသော့သွမ်း ဟော့ရမ်းသော စိတ်ထားနှင့် ပြစ်မှားမိခဲ့သောကြောင့် ယခု ပြည့်တန်ဆာမတို့၏ လက်ချက်ဖြင့် သေရပေတော့အံ့။ အရှင်မင်းကြီး၊ လှည့်လည်နေရသော သံသရာ၌ ကြမ္မာဆိုက်လာခဲ့သည်ရှိသော် ပညာရှိသော်လည်း သတိဖြစ်ခဲသဖြင့် နှင်းရီသည် မင်းကြီး၏ အထံတော်သို့ သွားနေစဉ်အခါ လှပစွာ သနားစဖွယ်သော ပြည့်တန်ဆာမကလေး ငါးယောက်တို့သည် "အရှင် ပညာရှိမင်း၊ ကျွန်မတို့အား နတ်အတွေ့နှင့်တူတဲ့ အတွေ့ကို ရနိုင်စေရန် ဆေးစီရင်ကာ မ စ ပါ" လို့ ချစ်စနိုးစချင့်၊ စနားစချင့် မာယာဆင့်ပြီးလျှင် လာရောက်တောင်းပန်မှုကြောင့် ကျွန်တော်လည်း ပေးမှားလိုက်မိပြီ။ သင်းတို့လည်း ကျေးဇူးကြီးလှပါပေသည်ဟု သံတပဝိစ္ဆာမိုရ် စီရင်သော သူရကန်ကျောက်ပြာနှင့် ရောနှောကာ စီရင်ထားသည့် မုန့်နပ်ကို ပူဇော်ပသကာ ပြန်သွားကြချေပြီ။

'ဟယ် ... ကောင်မကလေး၊ ငါသည် အဆင်အခြင်မဲ့လျက် စုံစမ်းစစ်ဆေးခြင်း လက်လွတ်ကာ မုန့်နပ်ကို စားမိတော့သည်။ စားမိပြီး ခဏ၌ သူရကန်ပြာသည် အသည်းကိုခြေ၊ အဆုတ်ကို ကြေစေလျက် အူကို အခွေခွေပြတ်အောင် လောင်ချေတော့ပြီ။ ငါကား မနေ၊ သေရပေတော့အံ့။

'သက်သာပြည့်ရှင် ဘုရင်မင်းမြတ်၊ လောက၌ ခပ်သိမ်းသော သတ္တဝါတို့၌ သေခြင်းသဘောသည်သာလျှင် ဆုံးချေတော့တကား။ ကျွန်တော်သည် သေမင်း၏တံခါးဝ၌ လူးလဲလျက် အစစ်အဆေးကို ခံကာ ကျေးဇူးရှင် အရှင်မင်းကြီးကို ဖူးမြော်ရ၍ ကျေနပ်ပါပြီ။ အရှင်မင်းကြီးအားလည်း သူတစ်ယောက်က သူတစ်ယောက်အား မကောင်းစကားဖြင့် ကုန်းချောသည်ကို မစောကြောဘဲ

မယုံမှားပါနှင့် ဟု နောက်ဆုံး ပဏ္ဏာပြုရသဖြင့် ငမဲသည် သေရကျိုး နပ်ပါတော့အံ့'

ပညာရှိလည်း ထိုကဲ့သို့သော စကားအစဉ်ဖြင့် နှင်းရီ၏လက်မှ ရှန်းထွက်၍ လူးကာ လိမ့်ကာနှင့် တရားမလွတ်သော စကား တတွတ်တွတ်ကို ရွတ်လျက် သင်္ချာလီထက်တွင် နေ့မှန်ရက်မှန် ကျင့်သုံးနေကျ ကသိဏ်းကွက်ကို ဆင်ခြင်ပေါ်ထင်ကာ ငြိမ်သက်ပြီးနောက် သုခမိန်သည် ခံစားနေရသော ဝေဒနာမှ သက်သာ၍ မထဘဲ စက်ရရှာလေသတည်း။

နှင်းရီကား 'မိနှင်းရီ ဆုလာဘ်ဂုဏ်ကို မက်မိလို့ ကျေးဇူးရှင် သုခမိန် အသက်ကင်းကွာ၍ ဘဝကူးရရှာပေါ့' ဟု တမ်းတလျက် ငိုကာ ကိုယ်ကို သုခမိန် အပေါ်သို့ ပစ်လှဲလျက် မိန်းမောသွားစဉ်တွင် မင်းကြီးလည်း မဆည်နိုင်ဘဲ ချက်ချင်း မိန်းမောသွားလေ၏။

သားတော်နှင့် မှူးတော် မတ်တော်၊ ပညာရှိတို့သည် မင်းကြီးနှင့် နှင်းရီကို ပျားရည်စိမ်၍ သတိရကြစေလေ၏။ မင်းကြီးလည်း မင်းခမ်းမင်းနား ပြု၍ နန်းတော်သို့ ယူဆောင်ပြီးသော် ငမဲကျွန့် အလောင်းကို ကောင်းစွာ ပြင်ဆင်ပြီးလျှင် ခုနစ်ရက်တိုင်တိုင် ထားပြီးကာ မပုပ်မနွမ်းသော ပညာရှိ၏ အလောင်းကို ချီးမြှင့်ပူဇော်ခြင်း ပြုလေ၏။

မင်းကြီးသည် ထိုသို့ ချီးမြှင့်ပူဇော်ပြီးနောက် ငမဲကျွန်၏ အလောင်းကို မင်းခမ်းမင်းနားပြုကာ ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်း ပြုလေသည်။ ထိုသင်္ဂြိုဟ်ရာ အရပ်သည် ဘုမ္မဝတီမြို့နှင့် မဘဲမြို့ အကြားတွင် မောင်မဲရှောင်ကုန်းဟု အမည်တွင်လာ၍ ပြည့်တန်ဆာမ နှင်းရီနှင့် ကျေးဥတို့သည် ရသေ့မ ပြုလျက် ထိုကုန်းတွင် တရားအားထုတ်ကာ နေလေသည်။ မင်းကြီးသည်လည်း သားတော်အား ထီးနန်းကိုလွှဲ၍ ငမဲကျွန်၏ သားကြီးအား သုခမိန်ဘွဲ့ကို ချီးမြှင့်လျက် ပညာရှိ အဖြစ်နှင့် သားတော်မင်းကြီးအား အပ်ခဲ့ပြီးသော် ဥယျာဉ်တော်တွင် ပုရဗိုဇ် ပြုကာ တရားအားထုတ် နေလေတသည်း။ ။

**ငမဲကျွန် ဝတ္ထုကြီး**
**ဤတွင် ပြီး၏။**



## စစ်ကိုင်း ဦးဘိုးသင်း

# မေမဲကျွန်

"… ရှေးလူကြီးများ၏ အရေးအသား ထုံးနည်းတစ်မျိုး ဖြစ်သည့်အပြင် မှတ်သားဖွယ် အများ ပါရှိသည်။ …"

[ဒဂုန်ရွှေမျှား၏ မြန်မာနိုင်ငံ စာပေဆုများ ..မှ]

"ဦးဘိုးသင်းသည် လောကအသိကို အားထားသော စာရေးဆရာ ဖြစ်သည်။ သူ့ဝတ္ထုများသည် လောကအသိ ရှာဖွေရေးကို အဓိက ဦးတည်ချက် ပြုထားသည်ကို တွေ့ရ၏။"

[မလိခ၏ မြန်မာဝတ္ထုအညွှန်း၊ အမှတ် ၃…မှ]

"… (ဆရာ) ဦးဘိုးသင်းသည် ဤဝတ္ထုကြီး (မေမဲကျွန်) ကို ငယ်ရွယ်စဉ်က မင်းတုန်းမြို့ ပေပင်ကျောင်းတိုက်မှ ပေမူတစ်ခုကို ရရှိ ဖတ်ရှုခဲ့၍ ယခု ပြန်လည်ရေးသားခြင်း ဖြစ်သည်။"

[သွေးသောက်မဂ္ဂဇင်း၊ စာတည်း၏ အမှာ…မှ]

